# ရွှေသွေး ဂျာနယ်

## ပေါင်းချုပ်



အတွဲ-၄။ အမှတ်-၂၇ မှ ၅၃ ထိ

အတွဲ–၄၊ အမှတ်–၂၇။

# ကာတွန်းစုံထောက် ဦးဖြူသီး



ခါတ်လမ်း တင့်ဆန်း

သရုပ်ဖော် ဦးစိန်

# ရွှေသွား ဂျာနယ်


၁၃၃၄ ခု၊ ပထမဝါဆိုလဆုတ် ၆ ရက် (၁-၇-၇၂)




တနေ့သောညနေခင်းတွင် ''ကယ်တော်မူကြပါမျို့'' ဟူသော အသံကြီးတခုကို ရွာထဲမှ လူတိုင်း လိုလို ကြားလိုက်ကြလေသည်။





ဦးဖြူသီးနှင့် ဦးရာကျော် တို့လည်း လက်ဖက်ရည် သောက်ရင်း စကားပြောနေကြစဉ်–




ထိုအသံကြီးကို ကြားရသဖြင့် နားစွင့် နေမိကြ လေသည်။


စနေနေ့တိုင်းထုတ်ဝေသည်၊


ကယ်ပါဦး ဆရာကြီးရဲ့ လက်မဲကြီးနဲ့တွေ့ခဲ့လို့
မင်းတို့နှစ်ယောက်စလုံး မှားတယ် - အော်လိုက်တဲ့အသံဟာ ဒီလူ့အသံဖြစ်ရမယ်
နေစမ်းပါဦး လက်မဲကြီးဆိုတာ ဘာလဲ-လက်ကို အိုးမဲ သုတ်ထားလို့လား
နွားပျောက်လို့ တောင်နှစ်လုံးကြား လျှိုထဲကို သွားရှာတော့ လက်မဲကြီး ထွက်လာပြီး ဟောဒီလို ဟောဒီလို
ဒါဖြင့် ကျုပ်တို့ရွာက နွားတွေပျောက်တာ ဘယ်နှစ်ကောင်ရှိပြီလဲ
ဆယ်ကောင်
ဒီလျှိုက သိပ်ကြောက်စရာကောင်းတယ် မှောင်နေတာဘဲ-လက်မဲကြီးရှိတယ်ဆိုပြီး ဘယ်သူမှ မသွားရဲတာ ကြာပြီဗျ


ဗျို့ လှူဒါန်းဆရာ ပုတ်သင်ညိုကြာ ကို မြန်မြန် မောင်း ပေတော့
ဦးဖြူသီးနှင့် တပည့် မောင်ကြာနတို့သည် နွား ပျောက်မှုကို စုံစမ်းရန်ထွက်ခဲ့ကြလေ၏။
ဗျို့ လှူဒါန်း ဆရာ ! ဖြေးဖြေးမောင်းစမ်း ပါဗျ
အခုဘဲ မြန်မြန် မောင်း အခုဘဲ ဖြေးဖြေးမောင်းနဲ့ ကျုပ်တော့ ရူးတော့မှာဘဲ
အမဲသား ပါတယ် ဝယ်ကြဦးမလား
ဗျို့ လှူဒါန်းဆရာ ရပ်ပါဦး
ခင်ဗျားတို့ အမဲသား ဟာ နွားသား စစ် ရဲ့လား
မကြီးမငယ်နဲ့ ဘာ နောက်တောက်တောက် လုပ်ထာလဲ


နောက်ပြောင်တာ မဟုတ်ပါဘူး သိချင်လို့မေးတာပါ ဒီအမဲသားတွေ ဘယ်က ရသလဲ
ကျုပ်တို့ ဦးလေးရဲ့ နွား ရေတွင်းထဲ ကျသေလို့တော့
ပိုတုန်းကလဲ ခင်ဗျားတို့ အမဲသား ရောင်းသေးတယ်မဟုတ်လား
အဲဒီဟာက ကျုပ်တို့ အဘ နွား ဖွဲ့ကိုက် သေလို့တော့
ဝယ်လဲမဝယ်နိုင်ဘဲနဲ့ အရေးလုပ်ပြီး ပြောမနေပါနဲ့ - လာ သွားမယ်
ဟေ့ ကြာနု ..လှည်းသမားကို-ပြန်ခိုင်းပြီး- ဒို့က မိန်းမကြီးတွေကို နောက်ယောင်ခံပြီး လိုက်ကြည့်ဘို့ဘဲ
ဟုတ်ကဲ့
မြန်မြန်လာဟေ့ ကြာနု နောက်ယောင်ခံပြီး လိုက်ကြစို့

ဆက်ရန်



သမီးလိမ္မာ
ဇာတ်လမ်း
ဟံသာဝတီဦးဘရင်
သရုပ်ဖော်
ငါ့သမီးကတော့ကွာ…၊ စာပေဗဟုသုတလိုက်စားတဲ့ နေရာမှာ နှစ်ယောက်မရှိဘူး။ ကြိုးစားသမီးရဲ့ ..ကြိုးစား…၊ ပညာဟူသည် မြတ်ရွှေအိုးတဲ့…..
☆ သာဂလ တိုင်းပြည်ကြီးတွင် ဘုရင် သီလဝ အုပ်စိုးစဉ် ပညာနန္ဒ အမည် ရှိ အမတ်ကြီးတပါးရှိသည်….. ။
☆ ပညာနန္ဒတွင် မာလာ အမည်ရှိ သမီးတယောက်ရှိလေသည်….. ။
တနေ့သော်… ဘုရင်သီလဝသည် အိပ်မက်ဆန်းတခုကို မြင်မက်သည်…..
တယ်ထူးဆန်းတဲ့ အိပ်မက်ပါလား၊
နောက်တနေ့ …ညီလာခံတွင်..
အို ပညာနန္ဒ…၊ ငါကိုယ်တော်မြတ် ညက အိပ်မက်ထဲမှာ အသက်ရှည်ဆေးနည်းတဖုံ မြင်မက်တယ်၊ ဆေးဖော်ရာမှာ အထူးလိုအပ်တာက နွားထီးနို့ရည်ဘဲ…
အဲဒါ… အမတ်ကြီး ခုနစ်ရက်အတွင်း ရအောင်ရှာယူခဲ့ရမယ်…၊ ရှာဖွေမဆက်သနိုင်ရင်တော့ — ထောင်သွင်းအကျဉ်း ချရလိမ့်မယ်..
ဒုက္ခပါဘဲ..
အမတ်ကြီးခမျာ တနေ့တနေ့ မစားနိုင် မသောက်နိုင် ဖြစ်နေရှာသည်
ကြံကြံဖန်ဖန် နွားထီးနို့ရည်တဲ့


နောက်ရက်မြောက်သောနေ့တွင်...
ဘာဖြစ်လို့ ခုလိုစိတ်ဆင်းရဲနေရတယ်ဆိုတာ သမီး သိချင်လှပါတယ် မေမေရယ်၊ သမီး ကူညီချင်လို့ပါ...
သမီး ကူညီချင်လို့မရနိုင်တာမို့ မေမေမပြောတာပါကွယ်၊ ဘုရင်မင်းမြတ်က ကျွဲထီးနို့ရည်ကို မရ ရအောင်ရှာခိုင်းထားလို့ကွယ်၊ မရရင် မေမေကို ကွပ်မျက်မယ်တဲ့
အော်... ဒီအရေးကိုး
ကဲ... မေမေ ဘာမှ ပူပန်မနေနဲ့တော့... ဒီကိစ္စကို သမီး ဖြေရှင်းနိုင်ပါတယ်.. ဖြေရှင်းပေးပါ့မယ်.. မေမေ စိတ်အေးချမ်းသာစွာ သာနေပါ..
မာလာသည် ဖခင်၏ အဝတ်ဟောင်းများကိုယူကာ နန်းတော်ဘက်လေသင့်ရာနေရာတွင် ထိုင်ကာ လျှော်ဖွပ်ရင်း
♪အို... ဘုရင်မင်းတရား ကယ်တော်မူပါ ♫.. ကယ်တော်မူပါရှင် ♪.. ဘုရင်မင်းမြတ် ကယ်တော်မူပါ ♫
·ချိုလှသော မာလာ၏အသံကြောင့်
ငါ့နန်းတော်နားလာ အော်နေတဲ့ ဒီသူငယ်မကို သွားဖမ်းခေါ်ခဲ့ကြစမ်း...
မင်းချင်းတို့နှင့်အတူ မာလာရောက်လာသောအခါ...
အတင့်ရဲလှချည်လား သူငယ်မ...၊ နန်းတော်နားမှာ အဝတ်လာလျှော်ပြီး အော်ဟစ်ငိုကြွေးပြီး ရာဇဝတ်သင့်မှာ သူငယ်မ နဲနဲမှ မသိလေရော့သလား


မာလာသည်ရဲရဲဝံ့ဝံ့ပင် ပြန်လည်လျှောက်တင်လိုက်သည်
ပဍိုသနွေ့အရင် အမာဍ္ဍါကြီး ဖျားချိန်တနန်လျက်မမွေး မွားနိုင် ဖြစ်နေရာတို့ ကျွန်မဖခင်ကို ဥက္ကာကို ဘုန်းတော် အလွန်တကူကြီးမြတ်တဲ့ အရှင်မင်းကြီးသာ ကယ်နိုင်မှာမဟုတ်လား ဘုရား...၊ ဒါကြောင့်...အခုလို
မာလာ၏စကားကြောင့် ဘုရင်ကြီး နှင့်တကွ တနန်းတော်လုံး တဟား ဟားနှင့် ပွဲကျသွားသည်.......
ဒီသူငယ်မ ရူးနေတယ်ထင် တယ်-ဟားဟား ဟားဟား...
ဟား
လောကမှာ ယောကျ်ားဝမ်းထဲ ပဍိုသနွေ့ တည်တယ်ဆိုတာ ကမ္ဘာအဆက်ဆက်ဘယ် မင်းလက်ထက်မှာမှ မကြားဘူးဘူး...၊ ဒီသူငယ်မနဲ့ တွေ့မှဘဲ-ဟားဟား ဟားဟား
ဟား
ဒီလိုဆိုရင်... ဆွားထီးဆိုက နိုင်ငံလဲဘဲ ဘယ်ရနိုင်ပါ့မလဲ...အရှင်မင်းကြီးရဲ့ဆန္ဒကို အရှင်မင်းကြီးကိုယ်တိုင်ဘဲ ဖြည့်ကြည့်တော် မူပါအုံးဘုရား...
အင်း..ဟုတ်သားဘဲ
ဖခင်အမတ်ကြီး၏အခက်အခဲကို မာလာ၏ဖြေရှင်း ချက်က ပြေလည်သွားစေသည်...၊ ထို့ကြောင့်တနန်း တော်လုံးက မာလာအား ချီးကျူးမဆုံး ဖြစ်နေကြသည်၊
ဘုရင်ကြီးကလည်း ဆုလပ်များစွာဖြင့် သမီးလိမ္မာအား ချီးကျူးဂုဏ်ပြုကာ ဖခင်ပညာနန္ဒကိုလည်း ဂုဏ်ထူးမပျက် ဆက်လက်အမှုတော်ထမ်းစေသည်...
ဒီသမီးလိမ္မာ ကြောင့်ငါဂုဏ်ထူး မြဲရပေတယ်

# မြစ်ဝကျွန်း

စိုးလွင်မြင့်




မြစ်ချောင်း ဟူသမျှ အားလုံးပင် မြေမျက်နှာပြင်ကို တဖြည်းဖြည်း ပြုပြင် ပြောင်းလဲ ပေးနေသည်။ တိုက်စားတတ်သော အရာတို့တွင် မြစ်ချောင်းတို့သည် အရေးကြီးဆုံး ဖြစ်သည်။ အမေရိကန် ပြည်ထောင်စု ကော်လရာဒိုမြစ်အတွင်းရှိ တမိုင်ကျော်နက်၍ ခုနစ်မိုင်မျှ ကျယ်ဝန်းသော ဂရင်းကင်ညွန် ချောက်ကြီးကို ကြည့်ခြင်းအားဖြင့် မြစ်တို့သည် မည်မျှအထိ တိုက်စားနိုင်ကြောင်းကို သိရှိနိုင်သည်။ မြစ်တို့သည် တိုက်စားခြင်းဖြင့် အဖျက်သဘော တခုတည်းသာမက မြေသားညှိပေးသော အပြု သဘောကိုလည်း ပြုလုပ်သည်။ မြေတိုက်စား၍ ပါသွားသော မြေသားများကို အခြား နေရာများ၌ စုပေးသည်။ ပင်လယ်၊ သမုဒ္ဒရာ၊ ရေအိုင်များ အတွင်းသို့ ထိုးထွက် တည်ရှိနေသော မြစ်ဝကျွန်းကြီးများသည် မြစ်ချောင်းများ၏ အနည်များ စုပုံကျရောက်ရာမှ ဖြစ်ပေါ်လာကြပေသည်။ ထိုသို့ စီးဝင်ရာ၌ ရေစီးအား လျော့နည်းလာသောအခါ အနည်များကို ဆက်လက် မသယ်ဆောင်နိုင်တော့သဖြင့် ထိုမြစ်ဝတွင် မြစ်ဝကျွန်း ဖြစ်ပေါ်လာသည်။ အနည်များ ဆက်လက်စုပုံကျရောက် ခြင်းဖြင့် မြစ်ဝကျွန်းများ တိုးချဲ့ ကျယ်ဝန်းလာသည်။ မြစ်ကြောင်းများတွင် စုပုံခြင်းကြောင့် မြစ်ကြောင်း သည်လည်း မြစ်ခွဲများဖြင့် ခွဲ၍ စီးဆင်းရသည်။ မြစ်ခွဲများတွင် မူလ မြစ်လောက် ရေစီးအား မရှိသဖြင့် အနည်များ ပိုမို စုပုံ ကျရောက်သည်။






ဤသို့ဖြင့် မြစ်ခွဲများ၏ ထိပ်ဝတွင် တဖန် အနည် စုပုံပြန်သောကြောင့် မြစ်ခွဲမှ တဖန် ထပ်ဆင့်၍ ခွဲဖြာပြန်သည်။ ဤမြစ်ခွဲတို့ကြောင့် မြစ်ကမ်းပါး အသစ်တို့ ဖြစ်စေကာ အကိုင်းအခက်တို့ဖြင့် ခက်ဖြာနေသော သစ်ကိုင်းကဲ့သို့ရင်း၊ ယပ်တောင်ကဲ့သို့ရင်း၊ တြိဂံပုံသဏ္ဌာန်ကဲ့သို့ရင်း ဖြစ်ပေါ်လာသည်။ တြိဂံ ပုံသဏ္ဌာန် ရှိသောကြောင့် မြစ်ဝကျွန်းကို အင်္ဂလိပ် ဘာသာဖြင့် ဒယ်လတာဟု ခေါ်ခြင်းဖြစ်သည်။

မြစ်ဝကျွန်းရှိ မြစ်တို့ သယ်ဆောင်ပို့ချခဲ့သော အနည်များတွင် အများအားဖြင့် သဲနှင့် ရွှံ့နုန်းမြေများ ပါဝင်သည်။ ရေစီး လွန်စွာသန်သော မြစ်ချောင်းတို့သည် အနည်တို့ကို ပင်လယ်ပြင်တိုင်အောင် သယ်ဆောင်သွားသဖြင့် မြစ်ဝတွင် ကျွန်းများ မဖြစ်ပေါ်တတ်ပေ။ နုန်းမြေများပို့ချမှုကြောင့် မြစ်ဝ မြေနုကျွန်းပေါ် ဒေသများသည် မြေဩဇာ ထက်သန်ကောင်းမွန်လှသည်။ ထို့ကြောင့် ကမ္ဘာပေါ်ရှိ များစွာသော မြစ်ဝကျွန်းကြီးများတွင် လူဦးရေထူထပ်ပြီး အားသွန် စိုက်ပျိုးကြသည်။





ဆွစ်ဇာလန် နိုင်ငံတွင် ဂျနီးဗားရေအိုင်



အတွင်းသို့ ရုန်းမြစ် စီးဝင်ရာမှ ဖြစ်ပေါ်လာသော မြစ်ဝကျွန်းသည် ကမ္ဘာ့အကြီးဆုံး ရေအိုင် မြစ်ဝ ကျွန်းများတွင် တခုအပါအဝင် ဖြစ်သည်။ အာဖရိကတိုက်၏ မြောက်ဖက်ရှိ မြေထဲပင်လယ်သည် ကုန်းမြေများ ဝိုင်းရံနေ၍ ရေအိုင်ကြီး တခုပမာ ဖြစ်နေသည်။ ထို့ကြောင့် ရေစီး မသန်တော့ပဲ ယင်းအတွင်းသို့ စီးဝင်သော မြစ်တို့၏ အဝတွင် အနည်များ စုပုံနေ၍ မြစ်ဝကျွန်းများ ဖြစ်နေသည်။ တရုပ် နိုင်ငံရှိ မြစ်ဝါ၏ မြစ်ဝကျွန်းသည် မိုင် ၃၀၀ ကျော်မျှ ကျယ်ဝန်း၍ ယင်းမြစ် သယ်ဆောင်လာသော ရွှံ့နှင့် အနည်တို့၏ အရောင်မှာလည်း ဝါနေသည်။

မြစ်ဝကျွန်းရှိ မြစ်တို့သည် မူလ စီးဆင်းနေရာမှ ရုတ်တရက် မြစ်ကြောင်း ပြောင်းလဲသွားရာတွင် ဘေးအန္တရာယ် ဖြစ်စေသော ရေလျှံမှု၊ ရေလွှမ်းမှုများ ဖြစ်တတ်သည်။ ၁၈၈၇ ခုနှစ်က တရုပ် နိုင်ငံတွင် ဟွမ်ဟိုမြစ် ရေလျှံမှုကြောင့် လူပေါင်း တသန်းခန့် ရေနစ်သေဆုံးပြီး ရွာပေါင်းများစွာ ရေဖုံးလွှမ်းပျက်စီးခဲ့ရသည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ထောင်ပေါင်း များစွာက ပင်လယ်သည် ဧရာဝတီ မြစ်ဝှမ်း အထက်ပိုင်း အထိ တိုးဝင် တည်ရှိခဲ့သည်။ ဧရာဝတီမြစ်၏ အနည် သို့မဟုတ် နုန်းမြေတို့ ပို့ချမှုကြောင့် မြစ်ဝကျွန်းကြီး ဖြစ်ပေါ်လာပြီး ကုန်းမြေဖြင့် ပြည့်လာခြင်း ဖြစ်သည်။ ဧရာဝတီမြစ်သည် နုန်းမြေများကို နှစ်စဉ် ကိုက် ၆၀ ခန့် အထိ ပို့ချလျက်ရှိသည်။






ရှဉ့်ကလေး
တက္ကသိုလ် လှကြွယ်
အင်း- နွေရောက်မှာကဲ အနားယူအပန်းဖြေရင်း အလည်ထွက်ရတော့မယ်
အလို - အလုပ်တွေ ထားပြီး ကယ်များ သွားလည်ချင်သေးလို့ လဲ ငတိုးရဲ့
ဘာအလုပ်လဲ အမေရဲ့ တမိုး လုံးတဆောင်းလုံး လုပ်ခဲ့တာ တောင်-ဒီအလုပ်တွေက မပြီးနိုင်မကုန်နိုင်သေး ဘူးလား
ဟဲ့- သက်ရှိမှန် ရင အလုပ်- လုပ်ရတယ် အလုပ်ရှိမှ အစားရှိတယ်
ဒါဖြင့်သက်ရှိဖြစ်လာ ရင်အလုပ်လုပ်ဖို့ ကလွဲလို့တခြားဘာမှမလုပ်ရတော့ဘူး ပေါ့ဟုတ်လား
ဒီလိုလဲကယ်ဟုတ်မလဲ ငတိုးရဲ့- လုပ်ချိန်လုပ်- လည် ချိန်လည်ပေါ့
ဒီလိုဆိုရင် ဖြစ်ရတာများတာကဲ အတတကိက အခြားသတ္တဝါတွေ ဗိုက်ထဲဝင်လိုက်ရ အကောင်း သား
အံမာ အံမာ- တယ်လာပါလား
မင်းကကြီး ကြီး ကျယ်ကျယ် ကယ်သတ္တဝါများအလုပ်မ လုပ်ကဲ အပျော်ကြူးနေတာ များတွေ့ဘူးလို့လဲ
အမယ်- ဥမ- ဥမဆိုပြီး ပျော်လွန်းလို့ သီချင်းဆိုနေ တဲ့ငှက်ကလေးကိုတွေ့ ရ တယ်- သူအလုပ်လုပ်တာ တခါမှမမြင်ပါဘူး


ပြီးတော့အကောင်မဲမဲကလေး
တွေဟာဖုံ့ ကလေး စားပြီး ပျော်
လည်နေတာသိပ်ပျော်ဖို့ကောင်းတယ်
ဒါတင် ဘယ်ဟုတ်ဦး
မလဲ - ကျွိ - ကျွိဆို
ပြီးလက်ပံ ပွင့်တွေကြား
ထဲပျော်နေတဲ့ငှက်ကလေးတွေ
ရှိတယ် - အားကျဖွယ်ဗျာ -
ဒီမှာတိုး - ငါရှေ့ရှေ့ဝေးဝေးမပြောချင်ဘူး - သူတို့
တွေတကယ်ကဲ တေးဆိုနေသလား - လမ်းသလား နေ
သလား - အပျော်ကြူးနေသလား ဆိုတာမင်းကိုယ်တိုင်
သွားစုံစမ်း - အဲဒီတော့မှ မင်းသဘောပေါက်လိမ့်
မယ်
အမေတကယ်
ပြောတာနော်
ပျော်တယ် - ပျော်တယ်
ဒို့ပျော်တယ်
ခင်ဗျားတို့များ အကျိုးပေးကောင်းတော့ အလုပ်
မလုပ်ရဘဲ သီချင်းဆိုနိုင်တယ်ဗျာ
ဥသြ! ဥသြ!
မနောက်ပါနဲ့ကွာ - ဒို့ဥသြတွေဟာ အတည်တကျ
နေနိုင်သူတွေမဟုတ်ပါဘူး - အလုပ်တကြီးလည်
ပြီး အသက်ရှင်အောင်
နေကြရတာပါ
ဟုတ်ရဲ့လား
ဗျာ


ရှဥ့်ကလေး ငတိုးသည် ပုရွက်ဆိတ်ကလေးများဆီသို့ သွား၍ စုံစမ်းပြန်၏။
အလို - စားစရာကိုပါးစပ်မှာကိုက်ပြီး အပျော်ခရီးထွက်နေလိုက်တာ အားကျဖွယ်ကောင်းတော့ဗျာ
ခင်ဗျားတော်တော်ပေါ့တဲ့ ရှဥ့်ပဲ - ကျုပ်တို့မှာ အပျော်အပါး - ထွက်စရာအချိန်မရှိဘူး - မိုးတွင်း အတွက်အစာစုဆောင်း နေတာဗျ သိရဲ့လား
ဩ ဒီလိုလား မသိလို့ပါ ဗျာ
လက်ပံ ပွင့်ဖတ်လေးတွေစားပြီးပျော် နေလိုက်တာ - ကျုပ်တောင် ငှက်ဖြစ် ချင်လာပြီ - အဟိ
အလို အဆန်း ပါလား
စိတ်ကူးမယဉ်ပါနဲ့ဗျာ - လောကမှာ ငှက် လောက်ပင်ပန်းတာရှိမယ်မထင်ဘူး
မိုးတွင်းအတွက် လဲအသိုက်ဆောက်ရအုံးမယ်
ဟိုက်! ကယ်လိုလဲ
ငါထင်တာတွေနဲ့ တလွဲတွေချည်းပါကလား - ဒီလိုဆိုတယ် မဟန်သေးဘူး
အမေရေ - ကျွန်တော်သဘောပေါက်ခဲ့ပြီဗျာ အမေ့မှာ လုပ်စရာရှိတာတွေသာ ပေးစမ်းပါ - မြန်မြန်ပြီးသွားအောင်
အလုပ်အကြောင်း သဘောပေါက် သွားသော ငတိုးကို သူ့အမေက ဝမ်းသာစွာ ကြိုဆိုသည်။

# နိုင်အာဂရာ ရေတံခွန်




စတုရန်းမိုင် ၂၆၀,၀၀၀ ကျယ်ဝန်းသည့် ရေကန်ကြီး လေးခုမှ စတင်စီးဆင်းလာသော နိုင်အာဂရာမြစ်ကို အမှီပြုပြီး နိုင်အာဂရာ ရေတံခွန် ဖြစ်ပေါ်လာသည်။ ရေတံခွန်၏ အမြင့်ဆုံး နေရာမှာ ၁၆၇ ပေမြင့်ပြီး တစက္ကန့်လျှင် ရေကုဗပေ ၂၀၀,၀၀၀ ကျော် ပုံမှန်စီးဆင်းသည်။ ထိုရေတံခွန်သည် ကမ္ဘာပေါ်တွင် ရေစီးနှုန်းအား အကောင်းဆုံး ရေတံခွန်တခု ဖြစ်သည်။

အမှန်မှာ ပေ ၁၀၀၀ ရှည်လျားပြီး ၁၆၇ ပေမြင့်သော "အမေရိကန် ရေတံခွန်" နှင့် ပေ ၂၅၀၀ ရှည်လျားပြီး ၁၅၈ ပေမြင့်သော "မြင်းခွာရေတံခွန်" နှစ်ခုကို ပေါင်း၍ နိုင်အာဂရာ ရေတံခွန်ဟု ခေါ်ကြခြင်း ဖြစ်သည်။ နိုင်အာဂရာ ရေတံခွန် စီးဆင်းရာ ကျောက်တောင်စောင်း အောက်ဖက်ပိုင်းရှိ ကျောက်သားကို ရေတိုက်စားခဲ့ရာမှ ယခုအခါ နိုင်အာဂရာ ရေတံခွန် အထက်ပိုင်း ကျောက်တောင်စောင်းသည်လည်း တစတစ ရေတိုက်စားခြင်း ခံနေရသည်။ အထူးသဖြင့် မြင်းခွာရေတံခွန်သည် နှစ်စဉ် နှစ်ပေမှ သုံးပေအထိ နောက်သို့ တိုက်စားခြင်း ခံနေရပြီး အမေရိကန် ရေတံခွန်မှာ အောက်ပိုင်း ကျောက်သားကို တိုက်စားခြင်း ခံရ၍ ထိုနေရာ၌ လိုဏ်ဂူကြီးသဖွယ် ဖြစ်လာသည်။ ထိုလိုဏ်ဂူကို "လေမုန်တိုင်းဂူ"ဟု ခေါ်ကြသည်။ ထိုဂူအတွင်းသို့ လူများဝင်ရောက်ပြီး ရေတံခွန်ကို အတွင်းဖက်မှ ကြည့်ရှုနိုင်သည်။

ယခုအခါ အမေရိကန်နှင့် ကနေဒါ နှစ်နိုင်ငံ ပူးပေါင်း၍ နိုင်အာဂရာ မြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ် သုံးစွဲလျက်ရှိသည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)






## ပုတီးကုံး လုပ်မလား

ဦးစွာ စာရွက်တရွက် အကြားတွင် ခဲတံထည့်လိပ်ပြီး စာရွက် အနားကို ကော်သုတ်ကပ်၍ အခြောက်ခံပါ။ ခြောက်သော အခါ ခဲတံကို ဆွဲထုတ်၍ အ လို ရှိသောအရွယ်အတိုင်းကတ်ကျေးဖြင့်ဖြတ်ပြီး ကြိုက်ရာဆေးရောင်စုံ ခြယ်ပါ။ ထိုနောက်ပုံ (၅) တွင် ပြထားသည့် အတိုင်း သီကုံး၍ ဆွဲပါ။

# ကစားလွန်သော ညီညီထွေး

ဦးဦးဆလှဝန်



ညီညီထွေးသည် ကျောင်းတွင် အဖော်များနှင့်ကစားလေ့မရှိ။ အခြားကျောင်းသားများ ပြေးလွှား ကစား သည် ကိုသာ သူကြည့်နေတတ်သည်။

အဖော်များက သူတို့နှင့် ကစားရန် ခေါ်သော်လည်း ညီညီထွေးက မကစားပေ။ လဲကျထိခိုက် မည် ကို ကြောက် နေသည်။ မိန်းကလေးအဖော်များက ကြိုးခုန်ရန် ခေါ် သည်ကိုပင် ခေါ်၍ မရပေ။

ကိုယ်လက်လှုပ်ရှား ကစားမှု သွေးသား ညီညွတ်သည်။ သွေးသား ညီညွတ်မှု ကျန်းမာသည်။ ဦးနှောက်ရှင်သည်။ ဦးနှောက်ရှင်မှ စာများများကျက်မှတ်၍ ရသည်။ စာတော်သူ ဖြစ်နိုင်သည် စသည်ဖြင့် မကြာခဏ ဆရာမ ပြောလေ့ရှိသော စကားများကို ညီညီထွေး သဘောမပေါက်။

"မင်းကလဲ မိန်းကလေးလိုဘဲကွ။ လာပါ သွားကစားရအောင်"

ညီညီထွေး၏ အရင်းနှီးဆုံး သူငယ်ချင်း ကိုကိုတင်က ခေါ် သည် ကို လည်း ညီ ညီ ထွေး က ဂရုမစိုက်။

"ညီလေး လာကွာ၊ ကိုကိုတို့နဲ့ ဆော့ရအောင်။ မိန်းကလေးတွေတောင် ပြေးလွှား ဆော့ကစားနေတာဘဲကွာ"

ညီညီထွေးထက်အတန်းကြီး၍ ရင်းနှီးသော ကိုတင်ဦးက ခေါ် သော်လည်း ညီညီထွေးက မလိုက်။

တနေ့ မုံ့စားကျောင်းလွှတ်ချိန်တွင် အတန်းထဲ၌ ညီညီထွေးတယောက်တည်း ထိုင်နေစဉ် တတန်းတည်းနေ မိန်းကလေးများ ဝင်လာကြရင်း –

"ညီညီထွေးကို ထမိန်ဝတ်ပေးရမယ်ဟေ့"

"နှုတ်ခမ်းနီပါ ဆိုးပေးအုံးမယ်"

ညီညီထွေးကို ဝိုင်း နှောက်ကြသည်။

ညီညီထွေးရှက်လှသည်။ သူတို့ပြောသည်ကို မခံချင်။ သူတို့ကဲ့သို့ပင် ကစားနိုင်ကြောင်း ပြလိုက်မည်။ နက်ဖန် နံနက် သူတို့ အံ့ဩသွားစေရမည်။

နောက်တနေ့နံနက်တွင် ထူးကဲစွာ အခါတိုင်းထက် စော၍ ညီညီထွေး ကျောင်းသို့ လာသည်။ ထို့နောက် ဘောလုံးကန်နေသည့် ကျောင်းသားများကြားသို့ ဝင်ကာ ဘောလုံးကန်ကြည့်သည်။ ဘောလုံး ကန်ရသည်မှာ မဟန်၍ ဒိုးထိုးရာသို့ ဝင် ရောက် ကစား သည်။ ကျောင်းတက် ခေါင်းလောင်းမထိုးသေး၍ ပြေးတန်းလိုက်တန်းပင် ကစားလိုက် သေးသည်။ နေ့လယ် ကျောင်းဆင်းချိန်တွင်လည်း မိန်းကလေးများနှင့်ရော၍ ကြိုးခုန်ကြည့်လိုက်သည်။ ညနေကျောင်းဆင်းချိန်တွင်လည်း အိမ်မပြန်မီ အမောခံ၍ ကစားလိုက်သေးသည်။

ညနေ အိမ်ပြန်ရောက်သောအခါ ညီညီထွေးတယောက် မရှင်မလန်းနှင့်။ ညီညီထွေးအမေက ပျာပျာသလဲ ဆီးကြို၍မေးသည်။

"သားလေး ဘာဖြစ်လာသလဲ။ မျက်နှာတွေလဲ နီလို့"

"သားနေမကောင်းဘူး မေမေ။ ခေါင်းလဲကိုက်တယ်။ ရင်ထဲမှာလဲတုန်သလိုဖြစ်နေတယ်။ မောလဲ မောတယ်"

"သားလေး ကျောင်းမှာ ဘာတွေလုပ်ခဲ့သလဲ"

"ဒီနေ့ သားတနေ့လုံး ဘောလုံးကန်၊ ဒိုးထိုး၊ ကြိုးခုန်၊ စိန်ပြေးခဲ့တာဘဲ မေမေ။ ဟိုကောင်မလေးတွေက သားကို မခံချင်အောင် စတာနဲ့"

"မိုက်လှချည်လား သားရယ်။ကစားတယ်ဆိုတာ အလေ့အကျင့် မရှိဘဲ အရူးထသလို လျှောက်မကစားရဘူးကွဲ့"

နောက် တရက်တွင် ညီညီထွေး ကျောင်းမတက်နိုင်တော့ပေ။ အိပ်ရာတွင် လဲနေချေပြီ။ အိပ်နေလျက် ရင်တုန်သည်။ မောသည်။ ခြေလက်များကိုက်၍ တကိုယ်လုံး ရိုက်ထားသလို ဖြစ်နေသည်။ မည်သည့် အစာကိုမျှလည်း စားချင်စိတ်မရှိပေ။

"သား ခုလို ဖြစ်တာ သိလား"

ညီညီထွေးအမေက ညီညီထွေးအား တယုတယ ပြုစုရင်း မေးသည်။

ညီညီထွေးက ခေါင်းရမ်းပြ၏။

"သားလေး အကစား လွန်တဲ့ဒဏ် ပိတာသားရဲ့။ တခါမှ လှုပ်ရှားကစားလေ့ မရှိတဲ့ သူဟာ ဘယ်တော့မှ တခါထဲကြမ်းကြမ်း တမ်းတမ်း အချိန်အကြာကြီး ပြေးလွှား မကစားရဘူး။ အလေ့အကျင့် မရှိဘဲနဲ့ အတင်းပြေးလွှားကစား၊ အမောခံလိုက်တော့ နုနယ်တဲ့ သားရဲ့ ဟောဒီကိုယ်က မခံနိုင်ဘူးပေါ့"

"သား ဘယ်လိုကစားရမလဲ မေမေ"

"တနေ့မှာ နဲနဲစီ အမောခံနိုင်အောင် ပထမ ကိုယ်လက်လှုပ်ရှားရမယ်။ အဲဒီ နောက်မှ တဆင့် သူ့အချိန်နဲ့သူ တော်သင့်ရုံ ပြေးလွှား ကစားရမယ်ပေါ့။ ကစားချိန်မှာ ကစားပြီး နားချိန်မှာ နားရတယ်။ အချိန်အားတိုင်း ကစားနေယင် ဒုက္ခဖြစ်နိုင်သလို တနေ့လုံး ထိုင်ပြီး နေပြန်ယင်လဲ မကျန်းမမာ ဖြစ်တတ်ပြန်တယ်။ဒါကြောင့် သားနောက်ကို ကျောင်းဆင်းပြီးတဲ့ အချိန် ညနေဖက် နေအေးအေးမှာ တော်သင့်ရုံ မှန်မှန်ဘဲ ကစား။ သားလိုင်ယ်ရွယ်တဲ့အချိန်မှာ အမောလွန်လို့ ကစားဒဏ်ပိတာဟာ မကောင်းပါဘူး သားရယ်။ မေမေ့စကားကို နားထောင်နော်"


"သား နောက်ကို ညနေအေးအေး ကျောင်းဆင်းတော့မှဘဲ မေမေပြောသလို မှန်မှန် ကစားပါတော့မယ်နော်"

ညီညီထွေးက သူ့အမေကို လှမ်းဖက်ရင်း တိုးတိုးလေးပြောလိုက်သည်။

# မောင်မောင့် အရိပ်ကလေး

အရိပ်ကလေး၊ အရိပ်ကလေး၊
မောင်မောင့် အရိပ်ကလေး။
အရိပ်ကလေးရဲ့ ဥပမာ၊
တွေးယင်သိကြမှာ။
ကြည့်စရာ မှန်အရှေ့၊
မင်းနဲ့ နှစ်ယောက်တွေ့။
ကြည့်ပော့ ကြည့်ပော့
ဟောဟိုမှာ၊
မင်းကိုပြုံးနေရှာ။
မင်းမေတ္တာနဲ့ သူ့ကိုပြုံး၊
သူလဲခပ်ပြုံးပြုံး။
သူ့ကိုမုန်းလို့ စိတ်ဆိုးယင်၊
သူလဲမုန်းစိတ်ဝင်။
အရိပ်ထင်တဲ့ သည်သဘော၊
မောင်မောင်သိပြီကော။
ချစ်သောမိတ်ဆွေမောင်တို့ရေ၊
စိတ်ထားတတ်ပါစေ။
မေတ္တာဝေလို့ ဉာဏ်ရှင်မြူး၊
မှန်ရိပ်သူ့ကျေးဇူး။ ။

ပန္တရဝင်



R. 517

ဘီလုံးသည် ငှက်အငယ်စားဖြစ်၍ အလျား ခြောက်လက်မ သာရှိသည်။ အမွေးအတောင်မှာ မြေကြီးရောင်နှင့် တူသော ကြောင့် အဝေးက ကောင်းစွာ မမြင်နိုင်ချေ။ ကွင်းပြင်များတွင် နေထိုင် ကျက်စားသည်။



# ဘီလုံး စိုးလွင်မြင့်

ဘီလုံးသည် အခြား ငှက်များ၏ အော်သံကို အတုခိုးနိုင်သည်။ ပျံသန်းရင်း သီချင်းဆို တတ်သည်။ အောက်တိုဘာလမှ ဧပြီလ အတွင်း တနေ့လုံး လိုလိုပင် ဘီလုံးငှက်၏ သာယာ သော သီချင်းသံကို ကြားရသည်။

မတ်လမှ ဇူလိုင်လအတွင်း ဘီလုံး ငှက်ကလေးများ ပေါက်ပွားလေသည်။ အများအား ဖြင့် ချုံဖုတ်၊ မြက်ဖုတ် အနီးရှိ မြေချိုင့်တွင် မြက်ခြောက်ဖြင့် အသိုက်လုပ်သည်။ တမြုံလျှင် ရှည် မျောမျောဖြစ်သော ဥသုံးလုံးမှ ငါးလုံးအထိ ရှိတတ်သည်။ တဥလျှင် ပျမ်းမျှ အလျား ၀.၈၃ လက်မနှင့် ပြက် ၀.၆၂ လက်မရှိ၏။

လယ်ကွက်များတွင် ပိုးမွှား၊ သစ်စေ့၊ စပါးစေ့များကို ရှာဖွေ စားသောက်သည်။ ဘီလုံး သည် လူကိုတွေ့သည့်အခါ မပြေးဘဲ ဝပ်နေ တတ်သည်။ ယင်းတို့ကို အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာ နှင့် ယိုးဒယား နိုင်ငံ တို့၌ တွေ့ မြင်နိုင်သည်။ မြန်မာနိုင်ငံ၌ အထူးသဖြင့် ခြောက်သွေ့သော အလယ်ပိုင်း ဒေသတွင် တွေ့မြင်နိုင်သည်။



စိုးလွင်မြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ ၄ အမှတ် ၂၀။

# ရွှေသွေး ဂျာနယ်

# အပေါင်းအသင်း

ပန်းချီ - ဦးဘကြည်
ဓါတ်လမ်း - ကျော်မြင့်တင့် (အင်းဝ)

၁၃၃၄ ခု၊ ပထမဝါဆို လဆုတ် ၁၃ ရက် (၈-၇-၇၂)




တောအုပ်တခု၌ ဒေါင်း မောင်နှစ်မ နှစ်ဦးရှိ၏။ အစ်မဖြစ်သူ ဒေါင်းမသည် မောင်ငယ်ကိုခေါ်၍ မကြာခဏ ပညာရှိ ဦးဇီးကွက်ထံသွားကာ ဩဝါဒ ခံယူလေ့ရှိသည်။




သို့သော် မောင်ငယ်ဒေါင်းသည် သစ်ပစ်ပေါ် တက်ဆင်း လုပ်နေသော မျောက်ကိုသာ သဘောကျ၍ ငေးနေလေ့ရှိသည်။




တညနေတွင် မျောက်ထံချဉ်းကပ်၍

စနေနေ့တိုင်း ထုတ်ဝေသည်။


xxxx ကျနော့် သူငယ်ချင်း ဒေါင်း ဆိုတာ - သိပ်လှ တာဘဲ - အကလဲ ကောင်း တယ် - အသံကလဲ အပျံ့စား xxxx
ဒီလိုဆိုယင် - ကြည့်ရအောင် ခေါ်ခဲ့ပါလား
ထိုမျောက်သည် မိမိရပ်ထံ ပြန်ရောက်ချိန်၌ အကြီးအကဲအား ပြောပြရာ
ဟေ့ - လာလေ --- သင်ချင်တယ်ဆို - လါ - ဟိုဘက်တောမှာ သွားကျင့်ရအောင် - ဘယ့်နှဲ့လဲ -
လိုက်မှာ ပေါ့ဗျ
အမ, သိယင်တော့ အလကါး - ဂျီကျ နေမှာဘဲ ---- အသာလစ်မှ ဖြစ်မယ်
နောက်နေ့နံနက်
နှုယ်ကြိုး ဖွဲ့ စီးပြမယ်
မကြောက် နဲ့နော်
ကြောက်ပါဘူး - သိပ် စီးလို့ကောင်း တာဘဲ -
ဟိဟိး
ဟိဟိး
လာ လာ
ကျနော့် မိတ်ဆွေ ခေါ်လာတယ်
အော့ဟော် - တယ်လှ ပါကလား။
အား - အား ---- သစ်သီးလေး ဘာလေး - ညာလေး - ကျွေးပါအုံး
မျောက်တို့ဒေသ တောသို့ ရောက်သွားသော်
အိုးဝေ - အိုးဝေ ဒေါင်းအိုးဝေ
အိုးဝေ - အိုးဝေ - ဒေါင်းအိုးဝေ
ဟုတ်ပြီ - ကွ - ကြိုက်လိုက် -
ဝေးဟေးဟေး ဝေး
အမယ် လေးလေး လှလိုက်တာ - ရှုခဲတာဘဲ အဟီး ...
များမကြာမီ မျောက်များ စုရုံးလာကြပြီး ဒေါင်းလေးကို ကခိုင်းကြလေတော့သည်။


ဟဲဟဲ-ဟဲဟဲ---- ဝေါင်းလိုက်တာမှ လွန်နေတာဘဲ...
ကဲကဲ-နားပါ စေအုံး
မောလှ ရော့မယ်
ဒီဂေါင်လေးကို မြန်မြန်ဖြတ် နဲ့--- ခဏခဏ ကခိုင်းရမယ်
ဒေါင်းလေး မောလောက်သော် မျောက်အကြီးအကဲက အမိန့်ချလေ၏။
ဟော့-မင်းက-တချီထဲနဲ့ နားမယ်တော့သွားပြီ- မျောက်အဖွဲ့က-ဒို့အကယ် ၃ ဓါတောင်ပေးချင်သတဲ့-ဟဲဟဲ
အို-တော်ပါ- လါပင့်နေ ပြန်ပြီ
တကယ်ပါ ကွ
တကယ်နော်- စိတ်ချမ်းသာ လိုက်တာ
မျောက်ငယ်နှင့် အမောဖြေနေကြစဉ်
xxx ခင်းများ မပြန်ရသေးဘူးတဲ့ -- ခဏနေမယ်-တခါ က-ပြရမယ်တဲ့
အမယ်-- ဘာလို့က-ရမှာလဲ- ကိုယ့်သဘော ပြန်မယ်--
မျောက်အကြီးအကဲထံမှ မျောက်တပ်ခွဲတခု ရောက်လာပြီးလျှင်
ဒီလိုဆိုလဲ-အထက်အမိန့်-အတိုင်း ခေါ် သွားရမှာပေါ့မှာ ....
ဟိုကျမှယင် က-ပါလို့ ပြောမယ် က-ပြလိုက်
မျောက်စုတ် မျောက်နာတွေ-ငါ့ကို လွှတ်-လွှတ်ဗျ
မင်းတယ် အက,ကောင်း တဲ့ကို့ တခါ ထပ်က. ပြပါအုံး
က-ဘောင်
မက-ယင် အမွေးတွေ နှုတ်ပစ်မယ်- -က-
က-ဘူး
က-ဘူး
ကဲကွာ- နှုတ်ပြီ
အား----
သေချင်းဆိုးကြီး
နာလိုက်တာ- ကျွတ်-ကျွတ်
ဒီဂေါင်ကို-ကြိုးနဲ့တုပ် ထားလိုက်၊ ခက်ဖြန် က-ယင်-က မက-ယင် အမွေးနှုတ်ပြီး ပြုတ်စားမယ်
ဟားဟား ဟားဟား


ဦးလေးရယ် ------
တတ်နိုင်ယင် ကူညီပါအုံး
ကျမ-မောင်လေး-ခုထိ ပြန်မလာသေးဘူး ရှင်... အားကိုးပါရစေ.....
ညနေ မှောင်စပျိုးချိန်ရောက်သော် ဦးဇီးကွက်ထံသို့ ဒေါင်းမကလေး ရောက်လာပြီး
ကဲလေ--တွေ့လို တွေ့ငြား-မျောက် တောထဲလဲ ဝင်ရှာအုံးမှ
ထိုကြောင့် ဦးဇီးကွက်မှာ မနေသာတော့ဘဲ တတောဝင် တတောထွက် ရှာမရသည့်အဆုံး၌
ဟာ
ဪ ဒေါင်းကဘဲ
ကြိုးတုပ်ထားသကိုး
အမရေ--အမ-- မောင်လေး ဒုက္ခ လာကြည့်ပါအုံး
သစ်ပင်တွင် ကြိုးတုပ်ခံနေရသော ဒေါင်းလေးကို တွေ့လေလျှင်
ဖျတ်
မျောက်တွေနိုးလာနိုင်ယင်-ခက်မယ်-အသံ မပေးနဲ့-အသာလေး-တောင်ပံဖြန့်ပြီး မျောက်ထဲကို-ဝဲပြီး ထိုးဆင်း။
အဝေး ရောက်မှ-ငါနဲ့ အတူပြန်တာပေါ့-
အသာဝင်၍ ကြိုးဖြေပြီး ပြန်ခေါ်သွားလေ၏။
အမ
မောင်လေး-
မသေလို့တွေ့ရတယ်
ဖျတ် ဖျတ်
ကျနော် မိုက်မိပါတယ်
ဖျတ် ဖျတ်
လွှတ်မြောက်လာပြီး ဒေါင်းမောင်နှမ နှစ်ဦး ပြန်တွေ့သော် ဖက်၍ ငိုကြ၏။
မောင်လေး-မှတ်ထား---မမပြောပြမယ်။ သူတပါးကို-အထင်ကြီးပြီးမပေါင်းရဘူး။ အပေါင်းအသင်းဆိုတာ-ပေါင်းသင့် မပေါင်းသင့်-ကိုယ့်စိတ်နဲ့ ဝေဖန်ဆုံးဖြတ်ပြီးမှ ပေါင်းသင်းရမယ်။ အထူးသဖြင့်-ပညာရှိ ဦးဇီးကွက် တို့လို ပုဂ္ဂိုလ်မျိုးကို ရှာဖွေပြီး ပေါင်းသင်းရမယ်ကွဲ့
အကျိုးအကြောင်းသိရသဖြင့် ရင်ထုမနာဖြစ်ပြီးအစ်မက ဆုံးမလေတော့သည်။
ပြီး

ယခင်အပတ်မှအဆက်


ကပ္ပိယ စုံထောက်
ဦးဖြူသီး
ဇာတ်လမ်း
တင့်ဆန်း
သရုပ်ဖော်
ဦးစိန်
မိန်းမကြီးနှစ်ယောက်ကို နောက်ယောင်ခံ လိုက်လာခဲ့ကြရာ တနာရီခန့်အကြာတွင် အင်းချောက်ရွာသို့ ရောက်ခဲ့ကြလေ၏။
ဟော-လမ်း ကြား ထဲဝင်သွား ကြပြီကွ
မှောင်လာပြီဗျ ဖြစ်ပါ့မလား
နောက်က ဆွဲထား တယ်ဗျ
သေသေချာချာ ကြည့်လိုက်တော့ တိုင်ငုတ်နဲ့ငြိနေ တာကိုး
မင်း လုပ်တာနဲ့ မိန်းမကြီးတွေကို မျက်ခြည်ပြတ်သွား ပြီကွ


အရှမ်းမကြောက်ရဘူးကွ ...
အမြဲသတိရှိရတယ်-ကြားရဲ့လား
ကဲ-ဒီလမ်းကြားထဲ ဝင်ကြစို့
ဘာလဲဟေ့
ဝေါာက်! အရေးထဲ
ဒီခွေးက တမျိုး
အိမ်ရှင်လဲ မတွေ့ပါ
လား-ဒီမှာခဏနား
အုံးမှဘဲ
မပြေးနဲ့
အသာနေစမ်း
ဘာ ဘာ ဘာ
လဲလဲလဲ....



အူကြောင်ကြောင် လုပ်မယ် မကြံနဲ့- ဒို့မှာ လေးဂွ ပါတယ်ပေါ့
ဆရာ...
ချာတိတ်ကလေး ပါလား-ငါ ထင် လိုက်သားဘဲ
ဟာ!
တယ် နောက်တဲ့ ချာတိတ်ကိုး--လူကြီး တွေ မရှိကြဘူးလား
ဒုက္ခ! ပါဖျိုး ဒုက္ခ---ဒုက္ခ
ကြာခို ရေ-ပြေးနိုင်မှ လွတ်မယ်ဟဲ့

# ကန္တာရ

စိုးလွင်မြင့် ကူး




အလွန်မိုးပါး၍ အပင်များရှားပါးသောရပ်ဝန်းကို ကန္တာရ သို့မဟုတ် သဲကန္တာရဟု ခေါ်သည်။ အပင်လုံးဝမပေါက်သောကန္တာရဟူ၍ကား မရှိပေ။ အလွန်ညှံ့ဖျင်းကျဲပါးလှသော မြက်ခင်း သို့မဟုတ် ချုံဖုတ်တို့လောက်မူ ပေါက်ရောက်တတ်လေသည်။ သဲကန္တာရများသည် ခြောက်သွေ့လွန်းသဖြင့် ယင်းတို့အတွင်း ကျရောက်လာသော မုန်တိုင်းများသည် အများအား ဖြင့် ပြင်းထန်ကြသည်။ သဲကန္တာရထဲ၌ ပင်လယ်သမုဒ္ဒရာအတွင်းသို့ စီးဝင်သော မြစ်ချောင်းများ မရှိတတ်ပေ။ အကယ်၍ ရှိပါကလည်း သဲကန္တာရ အတွင်း မှာပင် ပျောက်ကွယ်သွား တတ်ကြသည်။ လေ၏ ပြုပြင်မှုကြောင့် သဲကန္တာရတွင် သဲပြင်တို့သည် လှိုင်းထနေပြီး လခြမ်းပုံသဏ္ဌာန် သဲခုံများ ဖြစ်နေတတ်သည်။ ကျောက်ကန္တာရများမှာ လေ၏တိုက်စားမှုကို ခံရသော်လည်း ခိုင်မာသဖြင့် ကြေပျက်မှု နည်းပါးသည်။



ကန္တာရများကို ဥရောပတိုက်မှလွဲ၍ ကျန်တိုက်များတွင် တွေ့မြင်နိုင်သည်။ အစဉ် ရေခဲနေသော အန္တာတိကားတိုက်ရှိ ရေခဲပြင်များသည် အမှန်စင်စစ် ရေခဲကန္တာရများပင် ဖြစ်သည်။


သဲကန္တာရများကို အပူကန္တာရနှင့် အအေးကန္တာရဟူ၍ ခွဲခြားနိုင်သည်။ သဲကန္တာရများတွင် နေ့နှင့်ည အပူချိန်တို့သည်၎င်း၊ နွေနှင့်ဆောင်းအပူချိန်တို့သည်၎င်း အလွန်ကွာခြားသည်။ လေထဲတွင် ရေခိုးရေငွေ့ နည်းပါးပြီး မိုးတိမ်များ မရှိသဖြင့် နေရောင်ခြည်သည် အတား





အဆုံးမရှိပဲ မြေပြင်သို့ ကျရောက်သည်။ အပူကန္တာရတွင် နံနက်ခင်း နေထွက်လာသည်နှင့် တပြိုင်နက် လျင်မြန်စွာ ပူပြင်းလာသည်။ နေဝင်သည်နှင့် တပြိုင်နက် အပူလည်း လျင်မြန်စွာ ပျောက်ကွယ်သွား၍ ညအခါတွင် အေးလှသည်။ ဟာလာဟင်းလင်း ဖြစ်နေသော မြေပြင်မှ ရောင်ပြန်ဟပ်သည့် နေရောင်သည် တောက်ပလှသည်။ လေထု၏ ကြည်လင်မှုကြောင့် ညအခါ၌ ထွက်ပေါ်လာသောကြယ်တို့ကို ပို၍ နီးကပ်စွာနှင့် ပို၍တောက်ပစွာ မြင်ရသည်။

သဲကန္တာရများတွင် ရှားစောင်းပင်ကဲ့သို့သော ရေအနည်းငယ်ရရုံဖြင့် ရှင်သန်နိုင်သော အပင်မျိုးပေါက်သည်။ ယင်းတို့၏ ပင်စည်နှင့်အရွက်တို့သည် တုတ်ခိုင်ထူထဲပြီး ရေကို ကြာရှည်စွာ သိုလှောင်ထားနိုင်လေသည်။



သဲကန္တာရတွင် သဘာဝနှင့် လိုက်လျောသော တိရစ္ဆာန်များကို တွေ့နိုင်သည်။ ဥပမာ ရေလုံးဝမသောက်သော ပိုးမွှားများနှင့် မိမိတို့၏အရေခွံမှတဆင့် အစိုဓာတ်ကို စုတ်ယူနိုင်သော သတ္တဝါများ ဖြစ်ကြသည်။ ကုလားအုပ်သည် ကန္တာရ ခရီးကြမ်း၏ ဒဏ်ကို အခံနိုင်ဆုံးသော တိရစ္ဆာန် ဖြစ်သည်။ ယင်း၏ ကျယ်ပြန့်သော ခြေဖဝါးကြောင့် ပျော့သောသဲတွင် မနစ်မြုပ်ပဲ ကောင်းစွာ လျှောက်နိုင်သည်။ ကျောကုန်းရှိ ပို့ထဲ၌ အစာကိုငင်း၊ ဝမ်းပိုက်ထဲ၌ရေကိုငင်း သိုလှောင်ထားနိုင်သည်။

အိုအေဆစ်ခေါ် မြေသြဇာကောင်း၍ စိမ်းလန်းသော အရပ်များကို သဲကန္တာရများတွင် တွေ့ရှိရတတ်သည်။ ထိုအရပ်တို့တွင် မြေအောက်ရေသည် စမ်းအဖြစ် သဘာဝ အလျောက် ထွက်လာသည်။ရေတွင်းလည်း တူးဖော်နိုင်သည်။

သဲကန္တာရနေ လူအများစုသည် ရောက်ရာ အရပ်တွင် ယာယီတဲများ ထိုးကာ လှည့်လည် သွားလာနေသော လူများ ဖြစ်သည်။ သူတို့သည် သိုးနှင့် ဆိတ်များကို မွေးမြူကာ စားကျက် ကောင်းများကို အမြဲရှာဖွေ နေသူများ ဖြစ်ကြသည်။

ကမ္ဘာတွင် ထင်ရှားသော အပူကန္တာရများမှာ ဆဟာရနှင့် အာရေဗျသဲကန္တာရတို့ဖြစ်၍ ထင်ရှားသော အအေးကန္တာရများမှာ ဂိုဘီနှင့် တာကလာမကန် သဲကန္တာရတို့ဖြစ်လေသည်။





တွင် ဆရာက....
မောင်ထွေးသည် သိပ္ပံ စာအုပ်ကို လှန်ပြီး–
ပြီးမှ ဒီထဲမှာ သိမ်းထားမှ
အိမ်သို့ပြန်ရောက်သော် မောင်ထွေးသည် လွယ်အိတ်ကို ချပြီး –
ဝိုး
နောက်နေ့ ကျောင်းသို့ ရောက်သော်–
မောင်ထွေး-ဆရာကျက်ခိုင်းလိုက်တာ ဘာဖြစ်လို့ ကျက်မလာတာလဲ-ဟင်-
ပြော လေကွာ
ဟို-အဲ-အဲ ဟိုဒင်း ကျနော် စာအုပ်ကို လှန်ကြည့်ဖို့ မေ့ သွားလို့ပါဆရာ
ဟား
ဟား
ဟား ဟား



မြင်းစီးကောင်းလို့
ဂျော်နီနှင့် အောင်အောင်တို့ အမေရိကန်သေနတ်ပစ် ရုပ်ရှင်ကားကြည့်ပြီး ပြန်လာကြစဉ် လမ်းတွင် —
ဓာတ်လိုက်ကသေနတ်ပစ် လျင်သလိုမြင်းစီးဆဲကောင်း တယ်ကွ - နော်
အေး - သူများတော်တာပြောလို့ ဘာလဲကွ - ကိုယ်ကိုယ်တိုင်တတ် အောင်ကြိုးစား
ဟါး - ဟန်ကျသကွာ - ရွာမှာ မြင်းကြီးတကောင် - ဒါပေမဲ့ ဇက်ကြိုးမပါဘူး
မင်းနဲ့ငါဒီမြင်းကြီးကိုတပေါက် တလှဲ့ စီးတမ်းကစားရအောင် ဖမ်းမယ်ကွာ
အေး


ကွင်းထဲမှာအသွားအပြန်
နှစ်ခေါက်ငါစီးပြီးယင်မင်းအလှဲ့
ပေါ့ကွာ - နော်
ကြည့်လဲစီးနော်အာတ်လိုက်ကြီး
မြင်းပေါ်ကကျနေအုံးမယ်
စကါးမှမဆုံးသေးဘူး
အာတ်လိုက်ကြီးကကျ
ပြီကွိုး
မကျွမ်းကျင်တဲ့အလုပ်ကို
မလုပ်တါအန္တရာယ်ကင်း
တယ်ကွ
အိုး
ခုတော့ - မြင်းစီးကေါင်းတဲ့
အာတ်လိုက်ကြီးသွားနှစ်ချောင်း
ကျိုးတါအမြတ်ရတါပေါ့
အီး
ပြီး

# အိန်ဂျယ် ရေတံခွန်




ကမ္ဘာ့ အမြင့်ဆုံး ရေတံခွန်သည် တောင်အမေရိကတိုက် ဗယ်နီဇွဲလား တောနက်ကြီးအတွင်းရှိ အော်ယန်းတေပွီးတောင်ပေါ်မှ စီးကျသည်။ ၃၂၁၂ ပေ အမြင့်ရှိ တောင်နံရံကိုကပ်၍ စီးကျလာသည်။ ထိုရေတံခွန်ကို ၁၉၃၅ ခုနှစ်က အမေရိကန် လေယာဉ်မောင်းသမား ဂျိမ်းအိန်ဂျယ်က စတင်တွေ့ရှိခဲ့သည်။ သူ့ကို အစွဲပြု၍ အိန်ဂျယ်ရေတံခွန် ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ဂျိမ်းအိန်ဂျယ်သည် ထိုနေရာတဝိုက်၌ ရွှေနှင့်စိန်ရှိလိုရှိငြား ရှာဖွေစွန့်စားရင်း ရေတံခွန် အနီးတွင် သူ၏လေယာဉ်ပျံ ပျက်ကျခဲ့သည်။ သူသည် တောနက်ကြီးအတွင်းမှ ကြာမြင့်စွာ ခြေလျင်ပြန်လျှောက်ခဲ့ရပြီး သူ၏ တွေ့ရှိချက်ကို သတင်းပို့ခဲ့သည်။

အစပထမ၌ သူ၏ စကားကို ယုံမှားသံသယ ရှိခဲ့ကြသည်။ သို့သော် လေ့လာရေးအဖွဲ့က ၁၉၄၉ ခုနှစ်တွင် သွားရောက်လေ့လာခဲ့ပြီးနောက် သူ၏ပြောပြချက်ကို အတည်ပြုကာ ရေတံခွန်၏အမြင့်ကိုပါ တိုင်းတာခဲ့ကြလေသည်။

မျိုးညွန့် (ရန်ကုန် တက္ကသိုလ်)





## ချားရဟတ် လုပ်ရအောင်

စာရွက်ထူထူပေါ်တွင် ကြိုက်ရာအရုပ်များ ရေးဆွဲပြီး ညှပ်ယူပါ။ ဝိုင်ယာကြိုးနှစ်ချောင်းကို ပုံအတိုင်း ပူးလိမ်ပြီး အဖျား၌ အရုပ်များကို တွဲလောင်း ဆွဲပါ။ နောက် လေတိုက်ရာနေရာတွင် ကြိုးဖြင့် ချိတ်ဆွဲထားပါ။

# အလှကြိုက်သောနီနီ

မဝင်းနွယ်




နီနီသည် အလှအလှန်ကြိုက်သူဖြစ်သည်။ စတုတ္ထတန်းကိုရောက်မှပိုပြီးအလှပြင်တတ်လာသည်။ နံနက်အိပ်ရာထမျက်နှာသစ်ပြီးသည်နှင့် မှန်ရှေ့မှာထိုင်ကာ အလှပြင်တော့၏။ သူ့ကိုယ်သူ ချောလှအောင်ခြယ်သနေရသဖြင့် ကျောင်းစာကိုဂရုမစိုက်နိုင်တော့ပါ။ ထို့ကြောင့် လပတ်စာမေးပွဲတိုင်းမှာ နီနီကျခဲ့လေသည်။

တနေ့တွင် ကျောင်းအုပ်ဆရာမကြီးက နီနီတို့ အတန်းကိုစာသင်၍ အပြီးတွင် သတင်းတခုလာပြောသည်။

“တပည့်တို့မနက်ဖန်ကျယင် ဒီကျောင်းကို ပညာဝန် လာမယ်။ တပည့်တို့ရဲ့ ပညာအရည်အချင်းကို စစ်ဆေးမယ်။ အဲဒါ တပည့်တို့ အစစအရာရာ အသင့်ဖြစ်အောင် ပြင်ဆင် လာခဲ့ကြပါ”

အားလုံးသော ကျောင်းသားများသည် ပညာဝန်လာမည်ဆို၍ ကြောက်သလိုလို ဝမ်းသာသလိုလို ဖြစ်နေကြသည်။

ပညာဝန် လာမည့် နေ့တွင် စိုးရိမ်စိတ်ပိုနေခြင်းကြောင့် နီနီသည် အစောကြီး နိုးနေသည်။ စောစောထပြီး စာဖတ်မည်ဆိုကာ အိပ်ရာမှထသည်။

မျက်နှာ သစ်ပြီးသောအခါ စာကြည့် စားပွဲတွင် ထိုင်လိုက်သည်။ စာကြည့် စားပွဲပေါ်တွင် ထောင်ထားသော မှန်ကလေးကိုတွေ့၍ နီနီသည် သူ့မျက်နှာကို မှန်ထဲမှာကြည့်မိသည်။ အိပ်ရာထကာစမို့ ခေါင်းမှာ ရှုပ်ပွနေသဖြင့် ကြည့်မကောင်းပါ။ ခေါင်း အရင်ဖီးလိုက်အုံးမှဘဲဟု ဆိုကာ နီနီသည် ခေါင်းကိုအရင်ဖီးနေသည်။

ဒီနေ့ ပညာဝန် လာမယ်ဆိုတော့ ဆံပင်ပုံကို လှလှလေးဖီးသွားမှဘဲဟု စဉ်းစားကာ ဆံပင်ကို ပုံအမျိုးမျိုး ဖီးကြည့်နေတော့သည်။ စာဖတ်ဖို့ပင် သူသတိမရတော့ပါ။

ထိုနေ့က အတန်း ထဲရှိ ကျောင်းသား ကျောင်းသူများအနက် နီနီသည် အလှဆုံးနှင့် အပေါ်လွင်ဆုံး ဖြစ်နေသည်။ နီနီ ဝတ်ဆင်ထားသော အနီရောင်အင်္ကျီလေးမှာ ထင်းထင်းကြီးဖြစ်နေသည်။

ကျောင်းတက်ခေါင်းလောင်းတီးပြီး မကြာမီ နီနီတို့အတန်းထဲသို့ ကျောင်းအုပ်ဆရာမကြီး၊ အတန်းပိုင် ဆရာမတို့နှင့် အတူ ပညာဝန်ပါဝင်လာသည်။ နီနီတို့ တတန်းလုံးက မတ်တတ်ရပ်ပြီး ကြိုဆိုလိုက်ကြသည်။

“ကဲ – တပည့်တို့ကို ဆရာ နဲနဲ မေးချင်တယ်။ မကြောက်ကြနဲ့နော် ရဲရဲဝံ့ဝံ့ဖြေကြ၊ ဟုတ်လား”

ပညာဝန်က စကား ချိုချို သာသာပြောသည်။

“ကဲ–ခလေးမ ကြက်မောက်တောင် ဆည်ဟာ ဘယ်မှာရှိသလဲ”

တတန်း လုံးတွင် အပေါ်လွင်ဆုံး ဖြစ်နေသော နီနီ့ကို ပညာဝန်က လက်ညှိုး ထိုးပြီး မေးလိုက်သည်။ နီနီသည် မတ်တတ် ထရပ်လိုက်ပြီး ပညာဝန်

မေးသော မေးခွန်း၏အဖြေကို စဉ်းစားသည်။ သို့သော် နီနီမသိပါ။ နီနီ မဖြေတတ်ပါ။ နီနီ ကြောင်ပြီး ရပ်နေသည်။

"ကဲ–ကဲ အဲဒါမဖြေနိုင်ယင် နောက်တခု မေးမယ်။ မြန်မာပြည်မှာ ရေနံ အများဆုံးထွက်တာ ဘယ်မြို့လဲ"

ပညာ ဝန်က နီနီ့ ကိုပင် နောက်ထပ်မေးခွန်းတခုမေးပြန်သည်။ သည် မေးခွန်းကိုလည်း နီနီ မဖြေတတ်ပါ။ နီနီမဖြေနိုင်သဖြင့် ပညာဝန်က နောက် တယောက်ကို ထပြီးဖြေရန်လက်ပြလိုက်သည်။ မ သန်း အေး က အလွယ်တကူပင် ထပြီးဖြေလိုက်သည်။

"ရေနံ အများဆုံးထွက်တာ ရေနံချောင်းမြို့ပါ"

နောက် သုံးလေးယောက်ကို ပညာဝန်က မေးခွန်းများ ဆက်မေးသည်။ ကျောင်းသားအားလုံးက အလွယ် တကူပင် ဖြေနိုင် ကြသည်။ ဖြေနိုင်သူများကို ပညာဝန်က ချီးကျူးစကား ပြောသည်။ နီနီ တယောက်သာ မဖြေနိုင် သဖြင့် မတ်တတ်ရပ်နေရသည်။

ယခုမှပင် စာမဖြေနိုင်သည်ကို နီနီရှက်မိသည်။ ရှက်လွန်းသဖြင့် မျက်ရည်များပင် လည်လာသည်။ မနက်က စာမကြည့်ပဲ အလှကိုသာ ပြင်နေခဲ့သည့်အတွက် နောင်တရမိသည်။

ဆရာမကြီးနှင့် ပညာဝန်တို့ အခန်းထဲမှ ထွက်သွားသော အခါ အတန်းပိုင်ဆရာမသာ ကျန်ခဲ့သည်။ နီနီသည် ဆရာမကို မကြည့်ရဲတော့ချေ။ ခေါင်းကိုသာ ငုံ့ထားလိုက်သည်။

"နီနီ"

ဆရာမက ခေါ်သဖြင့် နီနီသည် ဆရာမကို ကြည့်လိုက်သည်။

"နီနီမရှက်ဘူးလား။ ကြည့်စမ်း အားလုံး ဖြေနိုင်ကြတယ်။ နီနီ တယောက်သာ မဖြေနိုင်ဘူး။ နီနီ့ကိုမေးတဲ့ မေးခွန်းတွေကလဲ လွယ်လွယ်လေးတွေဘဲ။ နီနီ စာမဖတ်လို့ပေါ့။ တတန်းလုံးကိုနီနီနဲ့ယှဉ်ကြည့်လိုက်စမ်း။ နီနီအလှဆုံး၊ ဒါပေမဲ့စာကျတော့ နီနီအညံ့ဆုံးဘဲ။ ကျီးအာသီးဟာ အမြင်သာလှတယ် ဘယ်လိုမှသုံးလို့မရဘူး။ နီနီ အမြင်လှပြီး သုံးမရတဲ့ ကျီးအာသီး ဖြစ်ချင်လား။ ပညာရဲရင့်ပွဲလယ်တင့်တဲ့။ ကဲ–နီနီ အလှဘဲဆက်ပြီးပြင်နေမလား။ စာကိုဘဲ ဆက်ပြီးကြိုးစားမလား"

"နီနီ စာ ကြိုးစားပါတော့မယ်ဆရာမ"

နီနီသည် ဆရာမကိုစိတ်ချရကိုယ်ပါ ကတိပေးလိုက်သည်။ နီနီ နောက်ကို အလှ မကြိုက်တော့ပါ။ စာကိုသာကြိုးစားပါတော့မည်။

ဆရာမနှင့် တကွ တတန်းသားလုံးက နီနီကို ဝမ်းသာစွာ ကြည့်လိုက်ကြသည်။

## ရှေ့တန်းစစ်သည်

သေနတ်မောင်းတင်
အသင့်ပြင်၊
လျှိုမြောင်ချောက်ကြားတွင်။

တတောဝင် တတောင်တက်၊
ခြေလှမ်း သူမပျက်။

အဆက်ခန္ဓာ ဖက်ပမာ၊
စွန့်စား လှည့်လည်တာ။

သာယာငြိမ်းအေး
လွတ်လပ်ရေး၊
အစွန့် ရှည်ဖို့လေး။

သွေးချွေးမြေကျ ကျပါစေ၊
မကြောက်မရွံ့ပေ။

ရန်သူဖွေ ချေကာမှုန်း၊
အောင်ပွဲတွေနှင့် တပြုံးပြုံး။ ။

ကျော်စမ်းမင်း (လှိုင်မြေ)



ငှက်ပန်းထိမ်သည် ကုပ်ကလောင်ငှက်နှင့် မျိုးတူဖြစ်သည်။ ကိုယ်အလျား ခြောက်လက်မရှိသည်။ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်၍ မေးစေ့နှင့် လည်ပင်းသည် အဝါရောင်ဖြစ်သည်။ ရင်အုပ်တွင် ပန်းနုရောင်အကွက်ရှိ၍ အောက်ပိုင်းမှာ ဝါကျင့်ကျင့်တွင် အစိမ်းရောင် ကျားနေသည်။

ငှက်ပန်းထိမ်သည် တုံတုံဟု အော်၍ တူထုသံနှင့် တူလေသည်။ အသံကျယ်သော်လည်း ချိုအေးသာယာသည်။

ဖေဖော်ဝါရီလမှ မေလအတွင်း သားငယ်များ ပေါက်ကြသည်။ တမြုံလျှင် သုံးလေးဥရှိတတ်၍ တဥလျှင် ပျမ်းမျှအလျား ၁.၀၀ လက်မ၊ ပြက် ၀.၆၉ လက်မ ရှိသည်။



# ငှက်ပန်းထိမ် စိုးလွင်မြင့်

ငှက်ပန်းထိမ်ကို ကွင်းပြင်များတွင် တွေ့ရတတ်သည်။ မြို့ကြီးများသို့လည်း လာရောက်တတ်သည်။ အစာမျိုးစုံ စားလေ့ရှိသည်။

ငှက်ပန်းထိမ်ကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြား တွေ့ရသည်။ မြန်မာနိုင်ငံတွင် တောင်ခြေနှင့် ကွင်းပြင်များ၌ အထူးသဖြင့် တွေ့ရသည်။ မေမြို့တပိုက်တွင်လည်း တွေ့ရ၏။ သို့သော် တောင်များပေါ်၌ ငှက်ပန်းထိမ်များ နေလေ့ မရှိချေ။

စိုးလွင်မြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ ၄ အမှတ် ၂၉

# ရွှေသွေး ဂျာနယ်

## အာဇာနည်ကြီးများနေ့

ဇူလိုင်လ-၁၉-ရက်

၁၃၃၄-ခု၊ ဒုတိယ ဝါဆိုလဆန်း ၅-ရက် (၁၅-၇-၇၂)




စနေနေ့တိုင်း ထုတ်ဝေသည်။


# အောင်ပွဲ

ပန်းချီ - ဦးဘကြည် / ဇါတ်လမ်း - ဟန်ထွန်းနိုင်




ကဲ - ဒို့လှေနဲ့ ဆွဲသွားရအောင်
ဘာမသိ ညာမသိနဲ့ ဖြစ်ပါ့မလား
ဖြစ်ပါတယ်ကွ- သိဖို့လဲမလို ပါဘူး ---- ရွာကလူကြီးတွေကို အကြောင်းကြားမှ ကောင်းမယ် ..
ဒါဖြင့် - မင်းက လှေလှော် - ငါက ဆွဲသွားမယ်
အင်း -- ငါတော့ ကြောင်ချင်ချင်ဘဲထင်တယ်
ကဲကဲ - သားငွေးတို့ - ကျော်ငအေးတို့ လှည်းပြင်စမ်း ။ ဒီလူနာ ဆေးရုံ ပို့ရမယ် ---
ကမ်းပြန်ရောက်၍ လူကြီးများကို ပြောပြလေသော် ရွာသူကြီးပါ ရောက်လာပြီး —
တနေ့က - ဒေါင်းဖိုရွာလေးကို -သောင်းကျန်းသူတွေဝင်တိုက်တယ် ဆိုဘဲ
ဟင် - ဟုတ်လား
မဖွင့်ရသေးတဲ့ - ဆောက်လုပ်ဆဲ ကျောင်းပါ, ပါသွားပြီထင်တယ် --- ငါ့နဲ့ နော် သေလိုက်ပါတော့
နောက်တနေ့
ဟိုရှေ့မှာ - ရွာကိုမြင်ရပြီ
ဘာမှ မဖြစ်သလိုဘဲ နော် ---
အေးကွ တော်ပါသေးရဲ့
မဖြစ်ပါစေနဲ့ ဘုရား -----
ညနေပိုင်းတွင် ဒေါင်းဖိုရွာသို့ ဦးလေးနှင့်အတူ ကျွန်တော်နှင့် အောင်ထူးတို့ သတင်းမေးရန် သွားကြ၏။
ဟေ့ --- အောင်ထူးနဲ့ ဖိုးတွေးလဲ ပါလာကြသကိုး --- မင်းတို့ နှစ်ယောက်ကို - တရွာလုံးက - ကျေးဇူးတင်နေကြတယ်ဟ ---
ရွာဝသို့ ရောက်သောအခါ —
နေပါအုံး --- ရွာကို-သောင်းကျန်းသူတွေ ဝင်တိုက်တယ် ဆို ---
ဗျာ --- ဘာဖြစ်လို့


အေးလေ -- လာတိုက်တယ်... ဒါပေမယ့် ..... မင်းတို့ နှစ်ယောက် တုံ့စီးချောင်းထဲက ဆယ်ပြီး ဆေးရုံကို ပို့ထားတဲ့ လူ ဟာ - သတ်ပြန်လယ် တောတပ်မတော်က စစ်ဆေးတယ်။ သူ့ဆီက သတင်းရလို့ - ငါ ဒို့ ဒေါင်းဖို့ရွာ ကို လာတိုက် မယ် ဆိုတာ သိနိုင်တာကိုး။ ဒါနဲ့ ပြည်သူ့စစ် တွေနဲ့ တပ်မတော် က ရွာအဝင်က နေ အဆင် သင့် စောင့်နေကြတာ ပေါ့။ လာလဲလာရော ဘာပြောကောင်းမလဲ ချော်ထဲ လိုက်တာ ဒီကောင်တွေ အကျ နာပြီး - ခွေးပြေး ပြေးကြတာဘဲ
အဲ ဒီ လူနာက - ဒီရွာကို ဘယ်တော့ ဝင်စီး မယ်ဆိုတာ - ဘယ့်နှယ် လုပ်သိသလဲ
ဟာ - သိတာပေါ့ သူကလဲ - သောင်းကျန်းသူဘဲ ဟာ .....
ဟင်
--- လက်ဦးတံနေ့က - သူတို့က - ကန်မရွာကို ဆက်ကြေးလာတောင်းကြသကွ။ သူတို့ပြန် အထွက်မှာ - တုံ့စီးချောင်း ကို လှေနဲ့ ပြတ် ကူးမယ်လုပ်နေတုန်း - ကန်မရွာ - ပြည်သူ့ စစ်တွေက ထွက်တိုက်လို့ ရေထဲကျကုန် တယ်လို့ ပြောတယ်ကွ
လှေပေါ်မှာ - ကျနော်တို့ဆယ် ခဲ့တဲ့ သောင်းကျန်းသူ ကို ပြည်သူ့စစ်တွေက မသိဘူး လား ---ဟင်
ဘယ်သိပါ့ မလဲ - တိုက်တဲ့အချိန်က - မိုး မှ မလင်းသေးဘဲ ... နောက်ပြီး - ကန်မ ရွာ ချောင်းစပ်မှာ လှေကလဲ အဆင်သင့် မတွေ့တော့ ချောင်းထဲလိုက်တိုက်တဲ့ ဆီလဲ မရောက်ဘဲ - နောက်ဆုံး - နောက်တနေ့မနက် မှမင်းတို့နဲ့ အဲဒီလှေ တွေ့ကြတာပေါ့ကွ
ဒီလိုဆိုတော့လဲ ကျနော်တို့ရဲ့ - အရေးပါတဲ့ စွန့်စား မှုကြောင့် သောင်းကျန်းသူတွေ အပေါ်လဲ - အောင်ပွဲ ဆင်နိုင်တာ ပေါ့နော်
အေးလေ --- ဒါကြောင့် မင်းတို့ကို ချီးကျူး တင်ကြ တာပ ကွာ
ဟဲ့ - သား --- လူကလေး
မေမေ ဒီတခါတော့ ကျောင်းဖွင့်လို့ ရတော့မယ်
အေး - သားရယ် ကျောင်းဖွင့်ဖို့ အိမ်ကဘဲ စောင့်နေ တာပေါ့။ အောင်ထူးလဲ တလှည့်လာ နေအုံး - ကြားလား
ပြီး


ကပ္ပိယစုံထောက်
ဦးဖြူသီး
သရုပ်ဖော် ဦးမိန်
ဇာတ်လမ်း တင့်ဆန်း
ဦးဖြူသီးနှင့် တပည့် မောင်ကြာနု တို့သည် ခြေဦးတည့်ရာသို့ ပြေးကြလေရာ......
ဘကြီးဖြူသီး ဒီတခေါက်က ဖြတ်ပြေးရအောင်
အရေးထဲ ဘာကြီးပါလိမ့် ကဲ..ဗျာ !
ဟဲ့..ဟဲ့ ငါ့ဟာငါထိုင်နေတာ ဘာဖြစ်သွားတာလဲဟ
ဘာမှလဲ မရှိပါလား သွားရိုင်း ဝင်တိုးသွားတာများ လား ဟဲ့ တခုခုဘဲ
ဒီရွာမှာ ငါ့အသိ ကိုဘိုးရွှယ် ဆိုတာရှိတယ်-သူ့အိမ်ကိုရှာမှ ဖြစ်မယ်-ဖျောင် လာပြီကွ ဟောဟဲ..ဟောဟဲ......
ဟောဟဲ ဟောဟဲ


ဟဲ့ကြာခု--လုပ်ပါအုံး ဟ ငါ အလိုလို အပေါ်ကြွ တက်သွားပြီ
လုပ်ကြပါအုံး ဗျို့ လူတယောက် အပေါ်တက်သွား လို့...
ငါ့ဟာငါ တံခါးဖွင့်တာ လူ တယောက် က ဘာဖြစ်လို့ အပေါ် တက်သွားရတာလဲ
ကဲ..ဒါဖြင့် တံခါးပြန်ပိတ် လိုက်မယ်ကွာ
ဟာ-ဦးဖြူသီးကြီး ပါလား ဆိုင်း သံမကြား ဗုံသံမကြားနဲ့ ဘယ်က ရောက်လာ တာလဲ


ဆိုင်းသံမကြား ဗုံသံမကြား ပေမဲ့ ဘုံး ဆိုတဲ့အသံကြီး ကိုတော့ ကြားမှာပေါ့နော်
ဗြောင်း... ကျုပ်တံခါးကို ဒေါက်ထောက်တုန်းက အပေါ် ပါသွားတာ ခင်ဗျားကိုး... ဟားဟားဟား
ကိုဘိုးရှယ်...ကျုပ်တို့ ဒီည ခင်ဗျားအိမ်မှာဘဲ အိပ်ရ တော့မှာဘဲဗျာ
ကဲ..ဒီအခန်းထဲမှာ ခဏ နားနေကြအုံး
ဟိုမှာ လက်မဲကြီး! လက်မဲကြီး!
ဟာ-မင်းကလဲ အဲဒါ အရိပ်ကွ အရိပ်ထင်တာ
ဖြတ်
!
ဖျော်စမ်းပါအုံး ဦးဖုသီးရဲ့ လက်မဲကြီး ဆိုတာ ဘာလဲ ဒီကောင်လေး စိတ်မနှံ့ဘူး ထင်တယ်


ဆက်ရန်

# ရေခဲကန္တာရ

ဆိုးလွင်မြင့်



တနှစ်လျှင် ဆယ့်နှစ်လခန့် ရေခဲသောဒေသကို ရေခဲကန္တာရဟု ခေါ်ဆိုနိုင်သည်။ ထိုဒေသ၌ နေသည် ဆောင်းဥတု၌ မိုးကုပ်စက်ဝိုင်း၏ အထက်သို့ပေါ်မလာတော့ပေ။ ထို့ကြောင့် ထိုဒေသသည်မည်းမှောင်ကာ အလွန်အေးသည်။ နွေရာသီရောက်သောအခါ နေသည် တနေ့လုံး မဝင်ပြန်တော့ပေ။ သို့သော် နေသည် ကောင်းကင်၏ အနိမ့်ပိုင်းမှနေ၍ ထွန်းလင်းသဖြင့် နေရောင်ခြည်သည် ရွှေစောင်းကာ အားနည်းသော အပူကိုသာ ရရှိသည်။ ဤသို့သော ကန္တာရမျိုးများကို ကမ္ဘာ့မြောက်ဝင်ရိုးစွန်းမှ တောင်ဖက် မြောက်လတ္တီတွဒ် ၆၀° အထိငှင်း၊ ကမ္ဘာ့တောင်ဝင်ရိုးစွန်းမှ မြောက်ဖက် တောင်လတ္တီတွဒ် ၆၀° အထိငှင်း တွေ့နိုင်သည်။ မြောက်ဝင်ရိုးစွန်း အာတိတ်ဒေသရှိ ကန္တာရသည် အေးခဲနေသော သမုဒ္ဒရာရေပြင်ဖြစ်၍ တောင်ဝင်ရိုးစွန်း အန္တာတိကာတိုက်မှာ ရေခဲဖုံး တောင်တန်းများ၊ ရေခဲမြစ်များဖြင့် အတိပြီးသော ကန္တာရဖြစ်သည်။



အန္တာတိကာ တိုက်ကြီးသည် ဥရောပနှင့် အမေရိကန်ပြည်ထောင်စု နှစ်ခုပေါင်းထက်ပင် ကျယ်ဝန်းပေသေးသည်။ လေပြင်းနှင့် ဆီးနှင်းမုန်တိုင်းတို့သည် နေ့စဉ်နှင့်အမျှ တိုက်ခိုက်ကျရောက်လျက်ရှိသည်။ အစဉ် ရေခဲ ဖုံးလွှမ်းလျက်ရှိရာ အချို့နေရာတွင် ရေခဲပြင်၏ အထုသည် ပေ ထောင်ကျော်သည်။ ဤတိုက်၏ ကမ်းခြေတွင် ဝေလငါးဖမ်း စခန်းများရှိသည်။ ယခုအခါ တောင်ဝင်ရိုးစွန်း ဗဟိုချက်သို့တိုင်အောင်ပင် လူများရောက် ရှိကာ သိပ္ပံဆိုင်ရာ စူးစမ်းမှု





များကို စခန်းချ၍ လုပ်ဆောင်နေကြပေပြီ။ အန္တာတိကားတိုက် ပတ်လည်ရှိ ပင်လယ်သည် ငါးပေါများ၍ ယင်းတို့သည် ပင်လယ်ဖျံ၊ ပင်းဂွင်းနှင့် အခြား ပင်လယ်ငှက်တို့၏ အစာများပင်ဖြစ်သည်။ ထိုဒေသ၌ ခရီးသွားလာရာတွင် ထရက်တာများ၊ စက်တပ် စွပ်ဖားများနှင့် လေယာဉ် စသည်တို့ကို အသုံးပြုကြရသည်။

မြောက်ဝင်ရိုးစွန်း အာတိတ်ဒေသရှိ ရေခဲနေသော ပင်လယ်ပြင်သည် ဆောင်းဥတု၌ အမေရိကတိုက်၊ ဆိုဗီယက် ရုရှားနှင့် စကင်ဒီနေဗီးယား နိုင်ငံတို့၏ မြောက်ဖက်ကမ်းခြေသို့



တိုင် ကျယ်ပြန့်လေသည်။ မြောက်အမေရိကနှင့် ဂရင်းလန်းကျွန်းရှိ အက်စကီမိုး လူမျိုးတို့သည် အာတိတ်ဒေသတွင် တနှစ်ပတ်လုံးလိုလို နေထိုင်ကြသည်။ ယင်းတို့သည် ဆောင်းဦး၌ ခွေးတပ်၍ ဆွဲသော စွပ်ဖားများဖြင့် သွားလာပြီး ယုန်နှင့် မြေခွေးများကို ထောင်၍ ဖမ်းလေ့ရှိသည်။ ဆောင်းတွင်းစာအတွက် ပင်လယ်ဖျံကြီးများကို မှိန်းဖြင့် ထိုး၍ ဖမ်းယူတတ်သည်။ ဆောင်းဥတုတွင် ရေခဲဖြင့် ဆောက်လုပ်ထားသော တဲအိမ်ထဲ၌ နေထိုင်၍ ဆီးနှင်းရေခဲတို့ အရည်ပျော်သော နွေဥတုတွင် တိရစ္ဆာန်သားရေဖြင့် ပြုလုပ်ထားသော တဲအိမ်၌ နေထိုင်ကြသည်။

ဥရောပနှင့် အာရှတိုက်ရှိ တန်ဒရာ ခေါ် အအေးကန္တာရတွင် လက်(စ်) လူမျိုးတို့ နေထိုင်ကြသည်။ ရိန်းဒီးယားခေါ် သမင်မှ အသားနှင့် နို့အပြင် ယင်းတို့ ဝတ်ဆင်ရန်နှင့် တဲအိမ်ဆောက်လုပ်ရန်အတွက် သားရေ ရရှိလေသည်။





မေတ္တာ
စေတနာ
တခါတုန်းက ဝေသာလီပြည်၏ လက်အောက်ခံ ဒေါနမြို့စားကြီး၏ တဦးတည်းသော သမီး မယ်ရူပ အား ဝေသာလီပြည်၏ အိမ်ရှေ့စံ ဝဇီရ မင်းသားထံမှ စေ့စပ်ကြောင်း လမ်းလာသည်........
အဲဒီမင်းသားကြီးကို သမီး မယူပါရစေနဲ့...၊ သိပ်ရက်စက်တယ်ဆိုဘဲ
ဒီလောက်တော့လဲ ဆိုးမယ် မထင်ပါဘူး သမီးရယ်..
သရုပ်ဖော်သည်
ဇာတ်လမ်း
· မြသွေး
တကယ်ဆိုးအုံးတော့ ကိုယ့်လက်ထဲရောက်တဲ့အခါ ပြုပြင်ယူယင် ရမှာပေါ့...
သူ့ကိုသမီးလက်မခံယင်တော့ ဒို့ဒေါနမြို့သားတွေရဲ့ဘဝဟာ ပိုဆိုးလာမှာအမှန်ဘဲသမီး
အင်း...ဟုတ်တာဘဲ ငါ့မိဘရော မြို့သူမြို့သားတွေကိုပါ အငြိုးနဲ့ သူနှိပ်စက်မှာ အမှန်ဘဲ..
ထို့ကြောင့်...အိမ်ရှေ့စံမင်းသားကို မယ်ရူပ လက်ခံလိုက်ရလေတော့သည်.....
မယ်ရူပသည် အခါအခွင့်ရတိုင်း ဒေါနမြို့သို့ လှည့်လည်ကာ ဆင်းရဲသားများအား အကူအညီပေးလေ့ရှိသည်...


နှစ်·လ·ရာသီကြာရှည်လာသော အခါ မယ်ရူပတွင်သားတော်လေး တပါး ဖွားမြင်လာသည်.......x
သားဖွားပြီး၍ မယ်ရူပတွင် အဖျားရောဂါက· ပြင်းစွာကျရောက် နှိပ်စက်လာလေသည်...x
ငါမသေခင် ဆင်းရဲသားတွေ အတွက် တခုခု လှူပေးသွား ချင်လိုက်တာ.....x
တနေ့သော်
နှမတော်··အလိုရှိတာ ပြောနော်...ဘာဘဲဖြစ် ဖြစ်·မောင်တော်အရ ဆောင်နှင်း ပေးပါ့မယ်··နေကောင်းအောင်နေပါ
မောင်တော်တကယ်ပြောတာနော်... ဒါ...ဒါဖြင့်··ဒေါနမြို့က·ဆင်းရဲသား တွေအတွက် လယ်မြေအချို့ကိုအလို ရှိပါတယ်မောင်တော်ရယ်
သူ့အားနဲနေတာဘဲ မပေးရအောင် မရှိ ယာယ်နဲ့ပြင်းမှ...
ဒီနေ့ကစလို့နှစ်ရက်အတွင်း မှာ နှမတော်တယောက်ထဲ ပတ်လျှောက် နိုင်သလောက် လယ်မြေတွေကိုယူစေများ··
မယ်ရူပသည် မိမိအားဒေါန မြို့သို့ ချက်ချင်းပို့စေသည်၊ တားမရသောအခါ ဝဇီရ· မင်းသားသည်မယ်ရူပ·လမ်း လျှောက်ရာတွင် မည်သူမျှ မကူညီရဟု အမိန့်ထုတ် ပြန်လိုက်လေသည်.....x



ဤသို့ဖြင့်… ဒေါနမြို့သို့ ရောက်သောအခါ…
ငါ့ရင်ထဲက… တမျိုးကြီးဘဲ နှလုံးရောဂါပြန်ထ လာပြီထင်တယ်..၊ အို… ဘာဘဲဖြစ်ဖြစ်၊ ငါမ သေခင် ရှိသမျှ အားနဲ့ ရအောင်လျှောက်ယူမယ်၊
အင်အားကုန်ခမ်း နှလုံးရောဂါ ကလည်း သည်းလာသည်မို့ မ ကြာခဏ မှိုက်လဲကျသည်…..x
အို
ဟာ
ဝဇီရမင်းသား၏ အမိန့်က ရှိနေ၍ မည်သူမျှ ဖေးကူညီမှု မပေးရကြ..
အဖြစ်ဆိုးလှချည်လား မယ်ရူပကလေးရယ်…
မယ်ရူပသည် မောလွန်းလာ၍ လမ်းမလျှောက် နိုင်သောအခါ၊ လေးဘက်တွားသွားသည်..
အများအကျိုးအတွက် ငါ့အသက်ဆယ်ပြန် ဆုံးပါစေ…၊ အားလျှော့လို့တော့ မဖြစ်ဘူး
နောက်ဆုံး… မိမိကျေနပ်လောက်သော လယ်မြေ ကိုပတ်လျှောက်မိပြီးသည့်အခါတွင်မှ စိတ်လျှော့ လိုက်ရာ အမောဆို့ကာ မေ့မြောသွားလေသည်…
မယ်ရူပ အသက်နှင့်လဲကာ ရယူ ပေးခဲ့သော လယ်မြေမှာ မျက်စိတ ဆုံးရှိ၏။ ဝဇီရမင်းသားလည်း ကတိအတိုင်း ထိုလယ်မှရသော ငွေများကို ဆင်းရဲသားများ အား ခွဲဝေပေးရလေတော့သည်… ဆင်းရဲသားများအပေါ်တွင် ထားရှိသည့်မယ်ရူပ၏ မေတ္တာ စေတနာကား အံ့ဘွယ်သရဲ ထူးကဲပေစွ…..


# ဟူဗာ ရေကာတာ

ဟူဗာ ရေကာတာကို အမေရိကန်နိုင်ငံ ကော်လရာဒို မြစ်ပေါ်တွင် တည်ဆောက်ထားသည်။ အမြင့် ၇၂၆ ပေ၊ အရှည် ၁၂၄၄ ပေရှိ၍ ကမ္ဘာ့ပေါ်တွင် အမြင့်ဆုံး ရေကာတာတခုဖြစ်၏။ ထို ရေကာတာကို ဆောက်လုပ်ခဲ့ခြင်းမှာ မြစ်ရေလျှံခြင်းမှ ကာကွယ်ရေး၊ ရေသွင်း ရေနုတ် စိုက်ပျိုးရေးနှင့် လျှပ်စစ်ဓာတ်အား ထုတ်ယူရေးတို့အတွက် ဖြစ်၏။ နယ်ဗားဒါး၊ အယ်ရီဇိုနာနှင့် ကယ်လီဖိုးနီးယား တောင်ပိုင်းတို့၌ သုံးစွဲနေသည့် လျှပ်စစ်အား၏ တဝက်ကို ထိုရေကာတာမှ ထုတ်ပေး၍ နေ့စဉ် လူပေါင်း ခုနစ်သန်းခွဲက အသုံးပြုလျက် ရှိသည်။ ရေကာတာ၏ ရေလှောင်ရာဖြစ်သော မိဒ် ရေကန်မှလည်း ကယ်လီဖိုးနီးယားနယ်တပိုက်ရှိ မြို့အချို့သို့ သုံးရေကို ပို့ပေးသည်။

ဟူဗာ ရေကာတာကို အမေရိကန် ကွန်ဂရက်မှ အမှူးပြု၍ တည်ဆောက်ခဲ့သည်။ ထိုစဉ်က ၃၁ ယောက်မြောက် သမတဖြစ်သူ ဟားဗတ် ဟူဗာကို ဂုဏ်ပြုသောအားဖြင့် ဟူဗာရေကာတာဟု ခေါ်ဝေါ်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ဗိုလ်ဒါရေကာတာဟု ပြင်ဆင် ခေါ်ဝေါ်ရန် သတ်မှတ်ခဲ့သော်လည်း ၁၉၄၇ ခုနှစ် ရောက်သောအခါ ဟူဗာ ရေကာတာဟုပင် ပြန်လည်ခေါ်ဝေါ်စေခဲ့သည်။ ရေကာတာ၏ တည်ဆောက်စရိတ်မှာ ဒေါ်လာ ၁၆ ကုဋေ ဖြစ်လေသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)





ဝါ၊ နီ၊ ပြာ၊ စိမ်း နှင့် အနက်ရောင် ခြယ်ပါ။

# ယိုးစွပ်ခြင်း လေလား

လှမွန်



“မေမေ၊ သမီးကို ဖောင်တိန်တချောင်း ဝယ်ပေးနော်”

စစ်အေးသည် ကျောင်းမှ ပြန်ရောက်လျှင် ရောက်ချင်း ထမင်းပွဲပြင်နေသော မိခင်အနီးသို့ကပ်ကာ ဖောင်တိန်ဝယ်ပေးရန် ပူဆာသည်။ ယနေ့ စစ်အေး၏ သူငယ်ချင်း ထွေးလှသည် သူ့အစ်မ၏ ဖောင်တိန်ကို ကျောင်းသို့ယူလာသည်။ ထွေးလှ၏စာအုပ်၌ မင်ဖြင့်ရေးထားသောလက်ရေးများကို စစ်အေးမြင်ကတည်းက ဖောင်တိန်လိုချင်စိတ် ပြင်းပြနေသည်။

“သမီးက နှစ်တန်းဘဲရှိသေးတာ၊ ဖောင်တိန်နဲ့ မတော်သေးပါဘူး။ ခဲတံဘဲ သုံးပါအုံး။ ငလေးတန်းရောက်တော့ မေမေ ဝယ်ပေးမှာပေါ့ကွယ်”

စစ်အေးသည် သတင်းစာဖတ်နေသော ဖခင်ထံသွားကာ ဖောင်တိန်ဝယ်ပေးရန် ပူဆာပြန်သည်။ တဦးတည်းသော သမီးအား အမြဲအလိုလိုက်လေ့ရှိသော ဖခင်က ဝယ်ပေးမည်ဟု ကတိပြုသောကြောင့် စစ်အေး ဝမ်းသာနေသည်။

“ဟယ် – စစ်အေး၊ နင့်မှာ ဖောင်တိန် အသစ်ကလေးပါလား။ အရောင်လေးက သိပ်လှတာဘဲ။ ဘာအမျိုးအစားလဲ” ဟု ထွေးလှကမေးသည်။

“ပိုင်းလော့လို့ ဒိုဖေဖေက ပြောတာဘဲ။ တော်တော်ပူဆာရတယ်ကွာ”

“ငါလဲ နင်တို့လို ဖောင်တိန်သိပ်လိုချင်တာဘဲ။ ဒါပေမဲ့ဟာ ဒိုအမေက ဝယ်ပေးမှာမဟုတ်ပါဘူး”ဟု လှကြည်က သနားစဖွယ် ပြောရှာသည်။

ထွေးလှ၊ လှကြည်နှင့် စစ်အေးတို့သည် သုံးယောက်တန်းခုံ၌ အတူတူ ထိုင်ကြသည်။ ထွေးလှနှင့် စစ်အေးတို့ ဖောင်တိန်ကိုယ်စီဖြင့် စာရေးကြသောအခါ လှကြည်ကလည်း သူတို့နည်းတူ ရေးချင်ရှာသည်။ သို့သော် လှကြည်၏ အမေမှာ ဆင်းရဲသောကြောင့် ဖောင်တိန် ဝယ်မပေးနိုင်ပေ။

တနေ့ညနေ ကျောင်းဆင်းချိန်တွင် စစ်အေးသည် ထုပ်ဆီးတိုး ပြိုင်ပွဲ ကစားရန် ရှိ၍ သူ့ဖောင်တိန်ကို လှကြည်အား အပ်ထားသည်။ လှကြည်သည် ဖောင်တိန်ကို သူ့အင်္ကျီတွင်ချိတ်ပြီး စစ်အေးတို့ ကစားနေသည်ကို ကြည့်နေသည်။ မကြာမီ မိအေးက ထွေပစ်ကစားရန်ခေါ်သဖြင့် လိုက်သွားသည်။

စစ်အေးသည် ထုပ်ဆီးတိုးပြိုင်ပွဲပြီးသောအခါ ဖောင်တိန်ပြန်ယူရန် လှကြည်ကို လိုက်ရှာသည်။ ထိုအခါ လှကြည်ပြန်သွားပြီ ဖြစ်ကြောင်း သူငယ်ချင်းအချို့က ပြောသည်။ စစ်အေးသည် လှကြည်ထံတွင် ဖောင်တိန်ပါသွားသဖြင့် စိတ်ပူနေ၏။ ည၌ အိမ်စာလက်ရေးလှလည်း ရေးရမည် ဖြစ်ရာ ဖောင်တိန်ပါသွားသည့်အတွက် လှကြည်ကို စိတ်ဆိုးနေသည်။ လှကြည်၏အိမ်ကို မသိသော

ကြောင့် လိုက်တောင်းရန်မှာလည်း ခက်နေသည်။

နောက်တနေ့တွင် –

"လှကြည်ရေ၊ ငါရောက်နေတာကြာလှပြီ။ နင့်ကို စောင့်လိုက်ရတာဟယ်။ ငါ့မှာ အခုထိ လက်ရေးလှ မရေးရသေးဘူး။ မနေ့က နင့်ဆီမှာ ဖောင်တိန် ပါသွားလို့လေ။ အချိန်တောင် သိပ်မရှိတော့ဘူး။ ဖောင်တိန်ပေး၊ မြန်မြန်ရေးရမှာ"

"ဟို လေ– နင့်– နင့် ဖောင်တိန် ပျောက်သွားလို့"

လှကြည်က မျက် စိ ပျက် မျက်နှာပျက်ဖြင့် ထစ်ထစ် ငေါ့ ငေါ့ ပြန်ပြောသည်။

စစ်အေးသည် ချက်ချင်းပင် ဒေါသထွက်လာသည်။ မနေ့က အပြန် လှကြည်မစောင့်သည်မှာ ဖောင်တိန်ပျောက်မှုကြောင့်ပင် ဖြစ်ပေမည်။တကယ်မပျောက်ပဲ လှ ကြ ည် ခိုး ထား သည် ဟု စစ်အေး ထင်သည်။ အကယ်၍ ဖောင်တိန်ပျောက်ပါက မနေ့က တည်းကပင် ပြောသင့်သည် မဟုတ်လော –

"နင်သူခိုးမ။ နင်ယူထားတာမှုတ်လား။ နင်ခိုးထားလို့ သာ မနေ့က ပြန်ပြေးတာပေါ့"

လှကြည်က မခိုးကြောင်း ငြင်းသော်လည်း မရချေ။

အတန်းထဲသို့ ဆရာမရောက်သည်နှင့်တပြိုင်နက် စစ်အေးက လှကြည် ဖောင်တိန် ခိုးထားကြောင်း တိုင်လေသည်။ ဆရာမက လှကြည်ကို ခေါ်၍ မေးသည်။လှကြည်ကမခိုးကြောင်း၊ ထွေပစ်ကစားရင်း ကျပျောက်သွားကြောင်း၊ စစ်အေးစိတ်ဆိုးမည်စိုး၍ မနေ့က ပြန် သွား ရကြောင်း ပြောပြ၏။ ဆရာမသည် လှကြည်အား ဆုံးမ၏။ ထွေးလှနှင့် စစ်အေးသည် လှကြည်အား မခေါ်ပဲနေ၏။

သုံး ရက် ခန့် ကြာ သော အ ခါ စစ် အေး တို့ အ တန်း ထဲမှ တူးတူးသည် ဆရာမထံသို့ ဖောင်တိန်တချောင်း လာအပ်သည်။ ဖောင်တိန်ကို ကောက်ရသည်မှာ သုံးရက်ခန့်ရှိပြီ ဖြစ်သော်လည်း နေမကောင်း၍ ခွင့်ယူထားသောကြောင့် ယနေ့မှ အပ်ရသည်ဟု ဆို၏။ ထိုဖောင်တိန်ကို လှကြည်နှင့် မိအေးတို့ ထွေပစ်ကစားသောနေရာမှ ကောက်ရခြင်း ဖြစ်သည်။ ထိုဖောင်တိန်ကား စစ်အေး၏ဖောင်တိန်ပင်ဖြစ်သည်။

စစ်အေးသည် ဖောင်တိန် ပြန်ရ၍ ဝမ်းသာသော်လည်း လှကြည်အတွက် စိတ်မကောင်းဖြစ်နေသည်။ သေသေချာချာ မစူးစမ်းပဲ အရမ်း စွပ်စွဲသည့်အ တွက် အ လွန် ချစ် သော သူငယ်ချင်းနှင့် အခင်မင်ပျက်ရသည်ကို ဝမ်းနည်းနေသည်။

ထို ကြောင့် ကျောင်း ဆင်း လျှင် လှ ကြည် အား တောင်းပန်မည်ဟု စစ်အေး၏ စိတ်ထဲမှ ဆုံး ဖြတ် လိုက် လေ သည်။

## အာဇာနည်နေ့

၁၉ ဇူလိုင် မမေ့နိုင်၊
ကမ္ဘည်း မော်ကွန်းဝိုင်။

နိုင်ငံတဝှန်း ပန်းခွေလွှမ်း၊
အာဇာနည်တို့မှန်း။

ဗိုလ်အောင်ဆန်းတဲ့ မျိုးချစ်သူ၊
လွတ်လပ်ရေးကိုယူ။

သွေးကိုလှူ အသက်ပေး၊
တိုင်းပြည် ဒို့အရေး။

ဗိုလ်ချုပ်ပေးတဲ့ မူလမ်းစဉ်၊
ခရီးဆက်ဖို့ပြင်။

ကိုယ့်တာဝန် ကျေပွန်မှ၊
သူ့ကိုချစ်ရာကျ။

မိဋ္ဌာန်ကြစို့ မပျက်တူ၊
အောင်ဆန်းဗိုလ်ချုပ်မူ။

မျှားပြည်သူ လှူဒါန၊
မောင်ငယ်ညီမ ပန်းခွေချ။
သာဓု ဝေအမျှ။ ။

စန္ဒာမြင့်





ပုစဉ်းထိုးငှက်ကို ရခိုင်တိုင်းတွင် မိုးနကြီးဟု၍ ခေါ်သည်။ ကိုယ်အလျား ကိုးလက်မ ရှိသည်။ အမြီးအလယ်မှ အမွေးနှစ်ချောင်းသည် နှစ်လက်မခန့် အပြင်သို့ ထိုးထွက်နေသည်။ တောက်ပသော အစိမ်းရောင်ရှိ၍ ဦးခေါင်းနှင့် အတောင်များမှာ ကြေးနီရောင် ဖြစ်သည်။ မျက်လုံးနီသည်။ ယင်း၏ အသံမှာ သာယာသည်။ သို့သော် ပြောင်းလဲခြင်း မရှိပေ။

သားပေါက်ချိန်မှာ ဖေဖော်ဝါရီလမှ မေလအထိ ဖြစ်သည်။ အသိုက်ကို ပင်လယ်ကမ်းစပ်ရှိ ရေမရောက်သော တွင်းများတွင် ပြုလုပ်လေ့ ရှိ၏။ တဥလျှင် ပျမ်းမျှ အလျား ၀.၇၅ လက်မနှင့် ပြက် ၀.၆၇ လက်မရှိသည်။

# ပုစဉ်းထိုး စိုးလွင်မြင့်



ကြေးနန်းကြိုး၊ သစ်ပင်၊ ချုံဖုတ် စသည်တို့ပေါ်၌ နားလေ့ရှိသည်။ ပျား၊ ပုစဉ်းနှင့် အခြား ပိုးမွှားများကို ဖမ်းယူစားတတ်သည်။

ပုစဉ်းထိုးကို အာရပ်၊ အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာ၊ ထိုင်း စသည့် နိုင်ငံများတွင် တွေ့မြင်နိုင်သည်။

စိုးလွင်မြင့်


၂၁ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ [illegible]လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


# ရွှေသွေး ဂျာနယ်

## အင်ဒါး

ဇာတ်လမ်း - သမ် (ကြက်မွေးရွာ)




၁၃၃၄ - ခု၊ ဒုတိယ ဝါဆိုလဆန်း ၁၂ - ရက် (၂၂ - ၇ - ၇၂)





စနေနေ့တိုင်း ထုတ်ဝေသည်။


ထို့နောက်မှစ၍ ကြက်နှင့်ဘဲတို့ ပိုမိုရင်းနှီးခင်မင်လာကြပြီး၊ မိတ်ဆွေများ ဖြစ်သွားကြလေသည်။
တစ်ညသောအခါ၌ တောခွေးသည် ကြက်နှင့်ဘဲတို့အား လိုက်၍ချောင်းနေပြန်သည်။



တစ်နေ့တွင်
ကြက်မကြီးနှင့်ဘဲမကြီးတို့က သား





ကာပွိယစုံထောက်
ဦးဖြူသီး
ဇာတ်လမ်း တင့်ဆန်း အရုပ်ပေါ် ဦးစိန်
ဦးဘိုးရွှယ်သည် ဦးဖြူသီး တို့အား ညစာ ထမင်းကျွေးရန် ပြင်ဆင်လေသည်။
ရောက်တုန်း ရောက်ခိုက် ဦးဖြူသီး တို့ကို ထမင်း ကျွေး ပါရစေဗျာ
ရှင်မရေ.... ထမင်းပွဲပြင် ခဲ့ပါ ဟေ့
အမဲသား ဆီပြန်ဟင်း ဆိုတော့ ဧည့်သည်တွေ ထမင်းမြိန်ကြ မှာဘဲ
ကိုဘိုးရွှယ်ရဲ့ မိန်း ကျိုးကြောင်းသလိုလို ဘဲ
ဦးဖြူသီး ဟာ ငါ့ ငယ်သူငယ် ချင်း ဘဲကွ
ရှင်တို့ကိုး.. ကျုပ် အမဲသား ရောင်းထွက်တုန်းက လမ်းမှာ မေးလား စမ်းလား လုပ် ထဲ့လူတွေဘဲ
ဦးဖြူသီး တို့က ငါ့ အိမ်ကိုမ သိလို့ မေးတာဖြစ်မှာပေါ့ ရှင်မ ရယ်... ဧည့်သည်တွေ ထမင်း စားပါစေကွာ


အားမနာပါနဲ့ ဦးလိုစားကြစမ်း ပါ -- ဟော့ ချာတိတ် စားပါကွ ဟဲဟဲဟဲ ဟီးဟီးဟီး
ကျေးဇူးပါ ခင်ဗျာ
ဒီအခန်းထဲမှာ အိပ်ကြပေတော့
ဟော
ကျနော်တော့ ဒီလူကြီး ကို မသင်္ကာဘူးဗျ တခုခုဘဲ
ကိုဘဦးရွှယ်ထက် ဘို့ မိန်းမကြီးကို ပို့ပြီး မသင်္ကာစရာကောင်း တယ်
ထိုအတွင်း တဖက်ခန်း၌..........
ရှင့် လူတွေ ကြည့်ရတာ ကျုပ်တော့ မသင်္ကာဘူး မဟုတ်မှလွဲရော့ တခုခုဘဲ
ဦးဖြူသီးထက် - ဖြူးဖြူးပြုံပြုံ ကောင်လေးက - ပို့ပြီး မသင်္ကာစရာကောင်း တယ်


ဒီည မအိပ်ဘူးဗျာ ထပြီး ချောင်းရအောင်-ဘယ့်နှယ်လဲ
ဒါဖြင့် ဒီလိုလုပ်မယ် ဒီည နို့မအိပ်ဘူး-အိပ်ချင်ယောင်ဆောင်နေမယ်
မဆိုးပါဘူး
သူတို့ မရိုးသားဘူး ဆိုယင် ဒို့ကို လာချောင်းမှာ သေချာတယ်ကွ
ဟုတ်ပြီ
ကဲပေါ့ သတိနဲ့သာ နေပေတော့
ထိုနေ့ညတွင်....
ခေါ..ခေါ ချုး...ချုး...ချုး ဂလု...ဂလု ခေါ.....ခေါ
ဆရာချစ်

# လွှင်ပြင်များ



စိုးလွင်မြင့် ကဆု


ကမ္ဘာ့လူဦးရေ၏ အများစုသည် လွင်ပြင်ရပ်ဝန်းများတွင် နေထိုင်ကြသည်။ သယ်ယူပို့ဆောင်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စိုက်ပျိုးရေးတို့တွင် လွင်ပြင်သည် တောင်တန်းနှင့် ကုန်းပြင်မြင့်တို့ထက် ပိုမိုလွယ်ကူပြေပြစ်သည်။ ထို့ကြောင့် လွင်ပြင်များ၌ လူဦးရေပိုမိုသိပ်သည်းထူထပ်သည်။ မြို့ကြီးများနှင့် ယဉ်ကျေးမှုတို့ ထွန်းကားပေါ်ပေါက်ခဲ့လေသည်။


ကမ္ဘာ့လွင်ပြင်ကြီးများ အားလုံးလောက်ပင် တချိန်က ကမ်းဦး ပင်လယ်တိမ်များအောက်တွင် တည်ရှိခဲ့ကြသည်။ အချို့သည် ရှေးပဝေဏီကပင် မြေသားလှုပ်ရှားမှုကြောင့် မြင့်တက်လာခဲ့ကြပြီး သဘာဝ၏ ပြုပြင်ပြောင်းလဲမှုကို ခံခဲ့ကြရသည်။ အချို့တို့မှာမူ မကြာမီကမှ ကြွတက်လာခဲ့ကြသည်။



အိုင်တခု သို့မဟုတ် သမုဒ္ဒရာတွင်းသို့ မြစ်များပို့ချလာသော အနည်သည် အလွှာလိုက် တပြေးညီစွာ ဖြစ်နေတတ်သည်။ ဤအခြေအနေတွင် ရေအိုင်ခန်းခြောက်၍ရင်း၊ သမုဒ္ဒရာအောက်ခင်းသည် တွန့်ခေါက်ခြင်းမရှိပဲ မြင့်တက်လာသောကြောင့်ရင်း ညီညာသော လွင်ပြင်များ ပေါ်ထွက်လာနိုင်သည်။


ကမ်းရိုးတန်း လွင်ပြင်များတွင် လှိုင်းဒဏ်ကြောင့် ပင်လယ်ကမ်းပါးစောက်များမှ ပြတ်ကျသော သို့မဟုတ် မြစ်များသယ်ဆောင်ခဲ့သော ကျောက်ဖြုံးများ ပါရှိသည်။ ရေအောက်ပြေပြစ်သော ဆင်ခြေလျှောကို ကမ်းဦးရေတိမ်ပိုင်းဟု ခေါ်သည်။ ယင်းမြင့်တက်လာသောအခါ ကမ်းလွင်ပြင်ပိုင်းဟု ခေါ်သည်။ ဆိုက်ဘီးရီးယားမြောက်နှင့် အနောက်ပိုင်းသည် ကမ္ဘာ့အကြီးဆုံးသော ကမ်းလွင်ပြင် ဖြစ်သည်။ မြောက်အမေရိကတိုက်သည် ကမ်းဦးရေတိမ်ပိုင်းမှ အဆင့်ဆင့် မြင့်တက်လာသော လွင်ပြင်ဖြစ်သည်ဟု သိရသည်။





မြစ်ရေလျှမ်းသောအခါ မြေနုအနည်များလည်း ပါလာသည်။ မြစ်ကောက်ကွေ့ခြင်းကြောင့် ရေလျှမ်းလွင်ပြင်မှ အနည်ပစ္စည်းများသည် တဆက်တည်းတသားတည်း ညီညာ၍ မနေပေ။ အနုအကြမ်းမတူသော အနည်များဖြင့် ပြည့်နေတတ်သည်။


ရေလျှမ်းလွင်ပြင်နှင့် မြစ်ဝကျွန်းပေါ်လွင်ပြင်များသည် နီးစပ်မှုများစွာရှိသည်။ ယင်းလွင်ပြင်နှစ်မျိုးစလုံးပေါ်တွင် မြစ်များသည် သဘာဝနန်းတာများဖြင့် ရေလျှမ်း လွင်ပြင်ကျယ်များကို တည်ဆောက်ကြသည်။ မြစ်ချောင်းခွဲများ၊ စိမ့်ဗွမ်းများ၊ မြစ်ကျိုးအင်းများ၊ မြစ်လမ်းကြောင်းဟောင်းများကို ထိုလွင်ပြင်များတွင် အများအပြား တွေ့ရှိရသည်။ ထိုဒေသများသည် မြေဩဇာ အထူး ကောင်းမွန်သည်။ သို့သော် ရေလျှမ်းခြင်းအန္တရာယ် ကြီးမားသည်။




မြောက်အမေရိကတိုက် အလယ်ပိုင်းနှင့် ဥရောပတိုက်အနောက်ပိုင်းရှိ ရေခဲလွင်ပြင်ကြီးများသည် ယခင် ရေခဲပြင် မဖုံးလွှမ်းမီက လွင်ပြင်များ ဖြစ်ခဲ့ကြသည်။

ရေခဲမြစ်များသည် ကျောက်မျက်နှာပြင်များကို တိုက်စားပြန့်ပြူးစေခြင်းဖြင့်၎င်း၊ ရေခဲတို့ သယ်ဆောင်လာသော အနည်များက ချိုင့်များကို ပြည့်ဖြိုးစေခြင်းဖြင့်၎င်း ရေခဲပြုပြင်သော လွင်ပြင်များလည်း ဖြစ်ပေါ်သေးသည်။

တခါတရံ အလွန်ကျယ်ဝန်းသော ရေခဲပြုပြင်သည့် အိုင်များသည် သဘာဝအလျောက် ရေစီးဆင်းသွား၍၎င်း၊ အချို့ရေအိုင်များကို လူတို့က စီးပွားရေးနှင့် စိုက်ပျိုးရေးအတွက် ပြုပြင်ဖန်တီးကာ ရေခန်းစေခြင်းဖြင့်၎င်း အိုင်လွင်ပြင်များ ပေါ်ပေါက်လာသည်။




ဇော်မြင့်ဦးသည် တိရစ္ဆာန်များကိုချစ်၏။ မွေးမြူရေးကိုလည်း ဝါသနာပါ၏။
ဟော့ကောင်သွား အခုယူသွားစမ်း
ကြက်ဥစားရအောင်ပါဖေဖေရယ်
အံမာ – မင်းကငါ့ကိုများအင်မြဲတွေဘာတွေ ပေးလို့ဘာမှမမွေးရဘူးကွာ - ကဲ -
နောက်တနေ့
ကြက်ပြီးလို့ခွေးယူလာပြန်ပလား။ဘာဆို ဘာမှမမွေးရဘူး။တယ် -- ငါတီးလိုက်ရ - .
ဘဲဥခိုးမလာ အောင်လို့ပါ ဖေဖေရယ်
ကြာပြီ
ဟော့ ဇော်မြင့်ဦး မင်းသိပ်မွေးချင်တယ် ဆိုလို့ ငါတို့အိမ်ကပေါက်တဲ့ဘဲငန်းလေး နှစ်ကောင် - ရော့
အင်း မွေးတော့ မွေးချင်ပါ့ ဒါပေမဲ့
အံမာ - အလကားရတဲ့ငန်းသွားမြင်ကြည့်နေရသေး မမွေးချင်ယင်ပြန်ပို့ယူသွား မယ်ဟော့
ဟဲဟဲ - ပေး ပေးပါ - ကွာ - အလကားမှော ဟာပါ


ဇော်မြင့်ဦး ကပ်ချွဲနေသည်ကို
ခေါ် - မွေးမယ်နော်
အင်း - မင်းမလဲ
ဒီတိရစ္ဆာန်တွေအတွက်
အိမ်ရှေ့မှ သူ့ဖေဖေကြားသွားလေရာ ....
အင်း - ဒါလဲ - ဘဲ
သားတို့ကျောင်းမှာသင်ဘူးတယ်
တိုက်
ရှေ့မှ မက လို့တကမ္ဘာလုံးလိုဘဲ ကယ်ကယ်ဗျာ -
ဟော်တော်ပြော
ပါဘူး
သို့ဖြင့် ဘဲငန်းများ ကြီးလာကြ၏။
ဟဲဟဲ
ခေါ်
အေး - ဝေး ဝေး
ကိုလဲမလယ်ဘူး
ရယ် .. နော်
လူစိမ်းများ ခြံထဲဝင်လာလျှင် လိုက်ဆိတ်၏။
လို့ . . လေ .
ပါ - ဟဲဟဲ



တညတွင် သူခိုးများ ခြံထဲ ဝင်လာကြစဉ်....
ဂျီးဖြေးဖြေးလှုပ် လူတွေ နိုးကုန် ပါ့မယ်
ငါသိပါတယ် အသာနေ စမ်းပါ
ရုတ်တရက်
ဘဲငန်း ဆော်သံကြောင့် အိမ်ရှင်များ နိုးလာကြပြီး-
ဟာ-သူခိုးနဲ့တူတယ်
ဟေ့-ဘယ် သူလဲကွ
လိုက်ဟ-သူခိုးကွ ပြေးပြီကွ
ဘဲငန်းတွေကြောင့်ဘဲ. ခွေးသာဆိုယင် သူခိုး လက်ချက်နဲ့အမဲတုံးမိလို့ သေနေပြီ.
ဒါပေါ့ ဒါပေါ့
ထို့နောက်
ဟာ-ဖေဖေ ဘဲငန်းတွေ ဥပြီ-ဥကြီးတွေစား ရတော့မယ်-ဟေ့
အေး-ဘဲငန်းမွေးရ ကျိုးတော့နပ်သားဘဲ မဆိုးဘူး

# ဟောတီခံတပ်

ဟောတီကမ်းခြေမြောက်ပိုင်း ပင်လယ်ပြင်အထက် ပေ ၃၀၀၀ အမြင့်၌ ဗစ်ရှော့ဗွန်းနက် တောင်ထိပ်၌ ထီးတည်းမားမား ခံတပ်ကြီး တခုရှိသည်။ ဟင်နရီ ခရစ္စတိုဖီ အမည်ရှိ စစ်ဗိုလ်တဦးက ဟောတီ လွတ်မြောက်ရေးအတွက် ပြင်သစ်တို့အား တိုက်ခိုက်ပြီးနောက် ပြင်သစ်တို့၏ တန်ပြန် တိုက်ခိုက်ခြင်းမှ ကာကွယ်ရန် တည်ဆောက်ခဲ့ခြင်း ဖြစ်၏။ ခရစ္စတိုဖီသည် နောင်တွင် ဟောတီ မြောက်ပိုင်း၏ ပထမ ဟင်နရီ ဘုရင် ဖြစ်လာပြီး ၁၈၂၀ ပြည့်နှစ်တွင် မိမိကိုယ် မိမိ သတ်သေသွားခဲ့သည်။




ခံတပ်ကြီး၏ပုံစံကို ဟောတီအမျိုးသား အင်ဂျင်နီယာ ဟင်နရီဗက်စီက ရေးဆွဲပြီး ၁၈၁၇ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ဆောက်လုပ်စဉ်က ကျွန်အင်အား နှစ်သိန်း သုံးစွဲခဲ့သည်။ ကျောက်တုံးကြီးများနှင့် အမြောက်စိန်ပြောင်းများကို တောင်ပေါ်သို့ ပင်ပန်းတကြီး ခက်ခက်ခဲခဲ သယ်ဆောင် ပေးခဲ့ရသဖြင့် ဒဏ်ရာ အနာတရ အမျိုးမျိုးကြောင့် ကျွန်ပေါင်း နှစ်သောင်း သေဆုံးခဲ့ရသည်။ ခံတပ်ကြီးအတွင်း စစ်သားတသောင်း နေထိုင်နိုင်ပြီး ကြေးစိန်ပြောင်း ၃၆၅ လက် တပ်ဆင်ထားရှိသည်။

ဟင်နရီဘုရင်သည် တောင်ခြေ၌လည်း မိမိအတွက် နန်းတော်ကြီးတခု ကျကျနန တည်ဆောက် ခဲ့သေးသည်။

ယခုအခါ ခံတပ်ကြီးမှာ ပျက်စီး ယိုယွင်းနေပြီ ဖြစ်သော်လည်း ရှေးဟောင်း ဗိသုကာ လက်ရာကောင်း တခုအဖြစ် အထင်ကရ တည်ရှိနေပေသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)



ရှုမျှော်ခင်းပုံ
လုပ်ရအောင်

ရောင်စုံ စက္ကူများမှ လိုရာပုံများကို ညှပ်ယူပြီးနောက်ခံစက္ကူပေါ်၌ ကော်ဖြင့်ကပ်ကာ ရှုမျှော်ခင်းပုံများ လုပ်ကစားကြည့်ပါ။

# ဖျှာင်ခို

နေဝင်းမြင့်



ဆရာသည် မှတ်စုများကို အဆက်မပြတ် ခေါ်ပေး နေပါသည်။ ကျွန်တော်တို့က မြန်မြန် လိုက်ရေးရသည်။ ထိုအချိန်တွင် ကျွန်တော့်ဖောင်တိန်၌ မင်ကုန်သွားပါသည်။

"ဟာ– ဒုက္ခပါဘဲ၊ အရေးထဲကျမှ မင်ကုန်နေပြန်ပြီ"

ကျွန်တော်သည် တခုံတည်း၌ အတူထိုင်သော လှငွေကို လက်တို့ လိုက်ပါသည်။ လှငွေသည် မှတ်စုကိုအမှီလိုက်ရေးနေရသဖြင့် ချက်ချင်းလှည့်မကြည့်ပေ။ နောက်မှ ကျွန်တော့်ဖက်သို့ လှည့်ပြီး မျက်စ ပစ်ပြပါသည်။

"မင်းမှာဖောင်တိန်အပို ပါလားကွ၊ ငါ့ဖောင်တိန် မင်ကုန်သွားလို့"

"ငါ့မှာလဲ ဖောင်တိန် တချောင်းထဲပါတယ်"

ကျွန်တော်တို့ စကားပြောသံကိုကြား၍ ဆရာက ခေါင်းမော် ကြည့်လိုက်သည်။ ကျွန်တော်သည် ဘာမျှမပြောတော့ပဲ၊ မှတ်စုလိုက်ရေးသကဲ့သို့ ဟန်လုပ်နေတော့သည်။ မှတ်စုများကို ပြန်ကူးရမည်ဖြစ်၍ စိတ်ပျက်သွားမိသည်။ ကျွန်တော်သည် ယခုမှကိုယ့်ကိုယ်ကို မှားမှန်းသိလာပါသည်။

ကျောင်းပြန်ဖွင့်စ အချိန်က ဖြစ် ပါသည်။ ကျွန်တော်တို့ ကျောင်းသူ ကျောင်းသားများ အတွက် စာအုပ်၊ ခဲတံ၊ ခဲဖျက်နှင့် မင်အိုးများကို ရပ်ကွက်ထဲရှိ ပြည်သူ့ဆိုင်မှ ထုတ်ရောင်းပါသည်။ သို့သော် သည်အတိုင်း မရောင်းပါ။ ကျောင်းသားမှတ်ပုံတင်ကပ်ပြားကို ပြရပါသည်။ ထိုအခါ ပြည်သူ့ဆိုင်က မှတ်ပုံတင် ကပ်ပြားပေါ်တွင် "ရောင်းပြီး" ဟု ရေးပေး လိုက်သည်။ ကျွန်တော်တို့ ငါးတန်းသားအတွက် မင်အိုးတလုံးရပါသည်။ ထိုစဉ် မင်အိုးများကို လိုက်လံ ဝယ်ယူနေသော လူကြီး တယောက်သည် ကျွန်တော့်နားသို့ ကပ်လာပြီး –

"ကောင် လေး၊ မင်ဘူး ရောင်းမလားကွ။ မင်းကို အမြတ်ပေးမယ်လေ"

ကျွန်တော်သည် "အင်း ငါ ရောင်းလိုက်ယင် အမြတ်ရမယ်။ အိမ်မှာလဲ မင်လက်ကျန်ရှိသေးတယ်။ နောက် ကုန်တော့လဲ ပြန်ထုတ်ယင် ရအုံးမှာဘဲ" ဟု စိတ်ထဲမှ တွေးမိပါသည်။

"ကဲ– ဘယ်လောက် ပေးမှာလဲ"

"နှစ်ကျပ် ပေးမယ်ကွာ။ မင်းမို့လို့ပေးတာနော်။ တခြားလူဆိုယင် ဒီလောက် မပေးဘူးကွ"

ကျွန်တော့်စိတ်ထဲ၌ ထိုလူကြီးသည် ကျွန်တော့်ကို သနား၍ ပိုပေးသည်ဟု ထင်ပါသည်။ သို့သော် ထိုထက်ရအောင် ပိုတောင်းကြည့်ဦးမည်။

"ဦးလေးကလဲဗျာ၊ နည်းတယ်"

"မင်းက 'ဘယ်လောက်နဲ့ရောင်းချင်လို့လဲကွ"

"နှစ်ကျပ်ခွဲရမှ ရောင်းမယ်"

"ဟာ– မလုပ်ပါနဲ့ကွာ။ ဦးတို့မှာ အမြတ် သိပ်မရပါဘူး။ ဒီလိုလုပ်ကွာ၊ နှစ်ကျပ်တမတ် ပေးမယ်၊ ဟုတ်လား။ မင်းမို့လို့ ပေးတာ၊ တခြားလူတွေကို ဒီလောက် ရတယ်လို့ သွားမပြောနဲ့နော်"

လူကြီးသည် သူ့အိတ်ထဲမှ ကျပ်တန်အသစ်နှစ်ရွက်နှင့် မတ်စေ့တစေ့ ထုတ်ပေးပါသည်။ ကျွန်တော်လည်း အချောင်ရသည်ဟု ထင်မှတ်ကာ ရောင်းလိုက်ပါသည်။

ယခုမှ ကျွန်တော် မှားမှန်း သိပါသည်။ ကျွန်တော် ထင်သကဲ့သို့ နောက်ထပ် မင်အိုးမရတော့ပါ။ ကျွန်တော့် ကပ်ပြား၌ "ရောင်းပြီး"ဟု ရေးထား၍ ဖြစ်ပါသည်။ လက်ကျန် မင်လည်း တဖြည်းဖြည်း လျော့လာရာ နောက်ဆုံး ကုန်သွားတော့သည်။

"ဟေ့– ဝင်းလွင် ဘာစဉ်းစားနေတာလဲကွ။ ဆရာ ထွက်သွားပြီ"

လှငွေက ကျွန်တော့်ကိုတွန်းလိုက်မှ ကျွန်တော် အတွေးလွန်နေသည်ကို သတိ ပြန်ရလာပါသည်။

"ဟာ– အိမ်ကို ပြန်သတိရနေလို့ပါကွာ"ဟု စကားလွှဲပြောလိုက်ရပါသည်။

"ကဲ–ရော့၊ မင်း ဖောင်တိန်ဖွင့်။ ငါ့မှာပါသလောက်တဝက်တော့ရမယ်။ မင်းကလဲ မင်တောင်ထည့်မလာဘူးလား"

အိမ် ပြန်ရောက်သော အခါ မင်ဝယ်ရန် မေမေ့ထံမှ ပိုက်ဆံတောင်းလိုက်သည်။ ကျောင်းကိစ္စအတွက် သုံးရန်ဖြစ်၍ မေမေက ရွှောရွှောရှူရှူထုတ်ပေးပါသည်။ ကျွန်တော်သည် လမ်းထိပ်က ကုလား ကုန်စုံဆိုင်သို့ ပြေးသွားသည်။ ဆိုင် နံရံပေါ်တွင် မင်အိုးများ အစီအရီရှိသည်။

"မင်အိုးတလုံးဘယ်လောက်လဲ"

ဆိုင်ရှင်ကလက်လေးချောင်း ထောင်ပြသည်။

"ဟင်– လေးကျပ်တောင်"

"ဟုတ်တယ် ကောင်လေး၊ လေးကျပ်ဘဲ"ဟု ဆိုင်ရှင်ကပြုံး၍ပြောပါသည်။

ကျွန်တော် မင်အိုးရောင်းလိုက်စဉ်က နှစ်ကျပ် တမတ်ရသည်။ ယခု ပြန်ဝယ်သောအခါ လေးကျပ် ဖြစ်နေသည်။ ဈေးကြီးသော်လည်း မဝယ်၍ မဖြစ်တော့ချေ။ ဝယ်လိုက်ရသည်။

ကျွန် တော် သည် လမ်းလျှောက်လာရင်း မင်အိုးကိုဖွင့်ကြည့်ရာ မင် အပြည့် မပါပဲ လျော့နေသည်ကို တွေ့ရပြန်ပါသည်။

ကျွန်ုပ်တော်သာ မှောင်ခို မရောင်းလိုက်လျှင် ဤသို့ နစ်ခါနာမည်မဟုတ်ပေ။

# ဓမ္မစကြာနေ့

မိုးသားတိမ်လိပ် မှိုင်းပြာညို၊
တောအုပ်စိမ်းစိုစို။

မွှေးနံ့သင်းချို တအေးအေး၊
ပန်းညက်ပန်းခိုင်ဖွေး။

ငှက်တေးဆိုကြ သံစာစာ၊
ဘေးမဲ့မှိုင်တောမှာ။

လဝါဆိုပြည့် တညချမ်း၊
ဗုဒ္ဓစံပယ်မြန်း။

ရဟန်းဝဂ္ဂီ ငါးပါးထေရ်၊
လက်စုံဦးနှိမ်ချ၍။

ဟောပမိန့်သာကြည် မြတ်ဘုရား၊
ဓမ္မစကြာတရား။ ။

တက္ကသိုလ် ကြည်မာ



R. 517



ဇီးကွက်သည် နေ့အခါ ပုန်းအောင်းနေပြီး ည အခါမှ အစာရှာထွက်သည်။ ကိုယ်အလျား ရှစ်လက်မ သာရှိသည်။ တကိုယ်လုံးတွင် အညိုရောင်လွှမ်းလျက် အဖြူပြောက်ကလေးများ ရောနေသည်။ ဇီးကွက်မျိုး များ

# ဇီးကွက်

စိုးလွင်မြင့်

စွာရှိ၍ အရွယ်အစား ကွဲပြားသော်လည်း အဆင်းနှင့် သဏ္ဌာန်မှာ အလွန်တူသည်။ ကြီး၍ ဝိုင်းဝန်းသော မျက်လုံးများမှာ ပေါ်လွင်လှသည်။ ဇီးကွက်သည် အသံအမျိုးမျိုး မြည်တတ်သည်၊ သားပေါက်ချိန်တွင် ဖိုသံမသံ ပေးတတ်၏။

ဖေဖော်ဝါရီလမှ မေလအတွင်း သားပေါက်သည်။ အသိုက်ဟူ၍ သေချာစွာ မပြုလုပ်ဘဲ သစ်ခေါင်းပေါက်၊ အိမ်အမိုး စသည့်နေရာများတွင် အုလေ့ရှိ၏။ တမြုံလျှင် သုံးဥမှ ခြောက်ဥ အထိ တွေ့ရ၍ တဥလျှင် ပျမ်းမျှ အလျား ၁.၂၅ လက်မနှင့် ဖြက် ၁.၀၄ လက်မရှိသည်။



ပျံသန်းရာတွင် နှေးကွေး၍ ကိုးရိုးကားရား နိုင်လှသည်။ ပိုးမွှား၊ ချေးထိုးပိုး၊ ကြွက်၊ နို့တိုက်တိရစ္ဆာန်ငယ်များနှင့် ငှက်ကလေးများကို ဖမ်းယူစားသောက်သည်။ အသားကို ဆိတ်ဖွဲ့စားနိုင်သော နှုတ်သီးရှိ၏။

အိန္ဒိယ၊ မြန်မာ၊ ထိုင်း နိုင်ငံများနှင့် ယူနန်နယ်တွင် ဇီးကွက်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၌ အလယ်ပိုင်းတွင် အများဆုံးတွေ့ရ၏။

မိုးပွင့်မြင့်



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်ဌာန အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၁၁၂၈၈ အရ၊ ဘာသာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ခိုင်က ရိုက်နှိပ်သည်။

အတွဲ ၄၊ အမှတ် ၃၁

# ရွှေသွေး ဂျာနယ်


## ပြည်သူ့ ပစ္စည်း

ပန်းချီ- ဦးဘကြည်
ဇါတ်လမ်း ဘိုတထောင် မြင့်သန်း


၁၃၃၄ ခု၊ ဒုတိယ ဝါဆိုလဆုတ် ၄ ရက် (၂၉-၇-၇၂)




စနေနေ့တိုင်း ထုတ်ဝေသည်။


ဟို ပြည်သူ့ဆိုင်ရှေ့မှာ - ကါးကြီး ရပ်ထား လိုက်တာ ကုန်တွေ အပြည့်ပါဘဲလား၊ ဘာတွေ ထုတ်ပေးနေလို့လဲ မသိဘူး - အဟိ
နေအုံးကွ--- ကါးမောင်းတဲ့လူကြီး ကိုကြည့်စမ်း - ဟိုကြည့် ဒီကြည့် နဲ့ - ကုန်းလိုက် ကွလိုက် လုပ် နေတယ်ကွ-
တနေ့တွင် ကျွန်တော်နှင့်ကျော်မြင့်တို့ ကျောင်းမှ အတူ ပြန်လာကြစဉ် –
အေး - ဟုတ်တယ်။ သူ့ တယောက်ထဲနဲ့ဘူတယ်။ ငါတော့ မသင်္ကာဘူး။ ရှုတ်ရှုတ် - ရှုတ်ရှုတ် လုပ်ဖြီထင်တယ်
မင်း - ဟိုသစ်ပင် ကွယ်က - စောင့်ကြည့် နေပါလား။ ငါ - ရဲ စခန်းကိုသွား တိုင်လိုက် မယ်
ကျော်မြင့်က ကျွန်တော့်ကို စောင့်ကြည့်ရန် ထားခဲ့ပြီး ရဲစခန်းသို့ ထွက်သွားသည်။
ဟော - ကါးနောက်ပိုင်းထဲ ကိုဘာများ လုပ်နေပါလိမ့်
ကျွန်တော် စောင့်ကြည့်နေခိုက် –
ထို့နောက် သူထိုင်ခုံကိုလှန်၍ ပစ္စည်း တခုခု အတင်း ထိုးထည့်နေသည်ကို တွေ့ရ၏။
ဟုတ်ပါဖြီ ခိုးတာပါဘဲ
သုံးကြိမ်လောက် ပြုလုပ်ပြီးသော် ဆိုင်ထဲမှ လူတွေ ထွက်လာသည်ကို တွေ့ရလျှင် –
ထိုင်ခုံ၌ သေချာစွာ ထိုင်လိုက်ပြီး ဆေးလိပ်ကိုပင် အေးအေးသောက်နေလိုက်သည်။


ဟဲ - ဖိုးထျူးတို့ - ကိုသောင်းတို့ - မောင်တင်တို့ ... ကါးပေါ်က ပစ္စည်းတွေ - ချိုင်ထဲ သွင်းကြပေတော့ ..
ထို့နောက် လူတွေ ကားနားကို ရောက်လာသော် ခေါင်းဆောင်ဟု ထင်ရသူက —
အလုပ်သမားများသည် ကုန်ပစ္စည်း များကို တပင်တပန်း ထမ်းချကြလေသည်။
ကားသမားကြီးမှာ ကုန်တဝက်ခန့် ချပြီးသည့်တိုင်အောင် ဆူမြွေရရ ထိုင်လျက်ရှိ၏။
ထိုအခိုက် ပြည်သူ့ရဲသားကြီးများနှင့် ကျော်မြင့်တို့ ရောက်လာကြပြီး —
ဒီထဲ-အုပ်ချုပ်တဲ့သူက ဘယ်သူပါလဲ
ကျနော်ပါ
ဒါဖြင့်— ကါးပေါ်ကလူတွေ အားလုံး ဆင်းခိုင်းပါ — ဝရွာများ အရ လာပါတယ်
ရပါတယ်
လူတွေအားလုံး ဆင်းကြသော်လည်း ကားသမားကြီး မဆင်းသေး၍ —
ဟေ့လူ - ခင်များလဲ - ခဏ ဆင်းလေ
ဘာကိစ္စလဲဗျ - ဘာလို့ဆင်းရမှာလဲ
ဘာကိစ္စဆိုတာ နောက်မှပေါ့ - မိတ်ဆွေခင်များသာ အောက်ကို ဆင်းပါ


ဟေ့ – မင်းတို့ အားလုံး ကားပေါ်တက်ရှာ– တယောက်က · အောက်ကစောင့်နေ –
ပထမ ကားနောက်ပိုင်းတွင် တက်ရှာကြပြီး—
ကားရှေ့ပိုင်းကို ဆက်ရှာကြရာ ....
တွေ့ပြီဆရာ - တက်ထရွန်စ, တွေ ဒရိုင်ဘာထိုင်ခုံ အောက်ထဲက.
ကဲ - ကား ဒရိုင်ဘာနဲ့ - ခင်ဗျားတို့ပါ အားလုံး ကျုပ်တို့နဲ့ အတူ - ရဲစခန်း လိုက်ခဲ့ကြပါ
ဟုတ်ကဲ့
ဟေ့ - ရဲဘော် တင်ထွန်း - သက်သေခံ ပစ္စည်း တွေကို ယူခဲ့
စံတင် - မင်းက ဒရိုင်ဘာကို တာဝန်ယူ ခေါ်ခဲ့
တောက်
ဒီကောင် တယ်ဆိုး တာကိုး
ငါ့တူလေးတွေလဲ သက်သေ အဖြစ်နဲ့ ခုက လိုက်ခဲ့ - နော် - ။ မင်းတို့ · ငါတို့ပိုင်-မှုခိုးပစ္စည်းတွေ ကို - ဖိုင်း ကါကွယ်ပေးလို့ - မင်းတို့လို ဖြည့်သူ့သား ကောင်းလေးတွေကို ချီးကျူး ဂုဏ်ယူမိပါ တယ် ကွယ်

ပြီး

ယခင်အပတ်မှအဆက်



ကာပွဲယစုံထောက်
ဦးဖြူသီး
ဇာတ်လမ်း တင့်ဆန်း ☆ သရုပ်ဖော် ဦးခိန်
ဟို မှာတွေ့လား
လာချောင်းတယ်
ပေါ…ပေါ-ပြေး
ပြီပြေးပြီ
ထိုနေ့ညတွင် ဦးဖြူသီးတို့သည် အိပ်ပျော်ဟန် ဆောင်၍ နားစွင့်နေကြစဉ်....
ကျွိ
ချွတ်
ကျွိ
ဒီ့ကလဲ ပြန်ပြီးချောင်း
ရမှာပေါ့ ကွာ-လာဟေ့
ညောင်..


တံခါး ပိတ်သွားပေမဲ့ ကိစ္စမရှိဘူး ဟောဒီ ထရံပေါက်ကချောင်း ကြည့်မယ်
ဘာ မှန်ရသလဲ ဟင် လက်မကြီးလား လက်×@!*
အူး
တခုခု ကြံစည်မဲ့ လူတွေဟာ ဒီလို သိုး နေအောင် အိပ်မှာ မဟုတ်ပါ ဘူး..လူကောင်းတွေပါကွာ
သူတို့ လာတဲ့ ကိစ္စကိုလဲ မေးရအုံးမယ်
သိပါဘူး တော် လူဆိုး-သူခိုးတွေ မှတ်လို့ပါ
အမလေး ခုမှဘဲ ရှင်း သွားတော့တယ်-လာ ငါ ပြောပြမယ်
သူတို့ကလဲ ဒို့ကို လူဆိုး သူခိုး တွေ ထင်နေတယ်ကွ..ဒါကြောင့် လာချောင်းတာကိုး- ဒို့အိပ်နေတာ တွေ့တော့မှ-သူတို့လဲ စိတ်အေး သွားကြပြီ


ကျုပ်တို့ရွာကို လာတဲ့ကိစ္စကိုလဲ ပြောစမ်းပါအုံး - အကူအညီလို တယ်ဆိုယင်လဲ ပြောပေါ့
ဒီလိုဗျို့ - ခင်ဗျားတို့ရွာနဲ့ ကျုပ်တို့ရွာ အကြားမှာ မြို့ကြီးရှိတယ် -- အဲဒီမြို့ကြီး ဝင်သွားတဲ့နွား ဆိုယင် အစပျောက် ထာဘဲဗျို့
မြို့ထဲ - နွားဝင်ရှာတဲ့ လူတွေဆိုယင် တောင်ခေါင်းထဲက လက်မကြီးထွက် လာတယ်ဆိုပြီး - ပြန်ပြေးခဲ့ရပေါင်း များပြီ.. အဲဒါတွေ - စုံစမ်းချင်လို့ လာခဲ့တာဘဲဗျို့
ဒီလိုဆိုယင် ကျုပ်တို့တအိမ် ကျော်က ဘိုးညာက်ကိုခေါ်ပြီး မေးမှာဘဲ - သူက ဂန့်ဂန့်စပ်စပ် သိပ်ရှိတယ်
ဘိုးညာက်ရေ...!! ကိုဘိုးရွှယ်က တိုးတိုး တိတ်တိတ် တိုင်ပင် စရာရှိလို့လာခဲ့ပါ တဲ့ဟေ့
အေးဟေ့ - လာပဟာ လာပဟာ

ဆက်ရန်

# ကျွန်းများ

စိုးလွင်မြင့်
ကဆွဲ



ပင်လယ်သမုဒ္ဒရာ၊ ရေအိုင်မြစ်ချောင်းတို့တွင် ပေါ်ထွန်းနေသော ကုန်းမြေကို ကျွန်းဟု သိရှိကြသည်။

ကမ္ဘာ့မြေလွှာ၏ ရွေ့ရှားမှုကြောင့် သမုဒ္ဒရာကြမ်းပြင် မြင့်တက်လာနိုင်သည်။ ကျူးဗား ကျွန်းနှင့် များစွာသော အနောက်အိန္ဒိယ ကျွန်းစုများသည် ပင်လယ်ရေ ပြင်အထက်သို့ပင်လယ် အောက်ခံမြေ မြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ်လာကြသည်။ ပစိဖိတ်သမုဒ္ဒရာ အတွင်းရှိ သန္တာကျောက်တန်းများ အပါအဝင် ကျွန်းပေါင်းများစွာတို့သည် မကြာသေးမီကမှ ပေ ၃၀၀၀ အထိ မြင့်တက်လာခဲ့ကြသည်။

ဗြိတိသျှကျွန်းစုသည် မြေလွှာနိမ့်ကျမှုကြောင့် ကျန်ဥရောပတိုက်နှင့် ကွဲပြတ်၍ သီးခြား တည်ရှိနေသော ကျွန်းစုဖြစ်သည်ဟု သိရသည်။

ဂရင်းလန်ကျွန်းနှင့် ယင်း၏ အနောက်ဖက်ရှိ များစွာသော ကျွန်းများသည် တခါက မြောက်အမေရိကတိုက်၏ ရွေ့ရှားမှုကြောင့် ပင်မတိုက်မှ အဆက်ပြတ်ကာ ကွဲပြတ်ကျန်ရစ်သော ကျွန်းများဖြစ်ကြသည်။

မီးတောင်ထိပ်ဝမှ ထွက်သော ချော်ရည်ချော်မှုန့်၊ ကျောက်ခဲ စသည်တို့၏ အဆင့်ဆင့်ပို့ချမှုကြောင့် ပင်လယ်ရေမျက်နှာပြင်သို့ ပေါ်ထွက်လာသော မီးတောင်ကျွန်းများကိုလည်း တွေ့ရှိနိုင်သည်။ မြောက်အမေရိကတိုက် အနောက်မြောက်ဖျားရှိ အလူရှန်ကျွန်းစု၊ ဂျပန်ကျွန်းစုနှင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများစွာတို့သည် မီးတောင်ကျွန်းများပင် ဖြစ်သည်။




ရှေးနှစ်ပေါင်းများစွာက ကုန်းတွင်း ရေခဲမြစ်များတိုက်စားပြီး ရေခဲများ အရည်ပျော်ရာမှ ချိုင့်ဝှမ်းများ ရေပြည့်လာခဲ့ကြသည်။ သို့ဖြင့် ရေအိုင်များနှင့် ရေအိုင်များ အတွင်းရှိ ကျွန်းများ ဖြစ်ပေါ်စေခဲ့သည်။ မြစ်ချောင်းတို့သည် စီးဆင်းရင်း ယင်းတို့ သယ်ဆောင်



လာသော နုန်းနုများကို ပုံချထားရာမှ ထိုအစုအပုံတို့သည် ကြီးထွားလာပြီး ကျွန်းများ ဖြစ်လာကြသည်။

သန္တာ ကျောက်တန်းနှင့် သန္တာ ကျွန်းခွေခေါ် ကျွန်းများကို နွေး၍ကြည်လင်သော သမုဒ္ဒရာအတွင်း၌ တွေ့ရှိနိုင်သည်။ ယင်းတို့သည် ပင်လယ်သမုဒ္ဒရာအတွင်း ကျက်စားလျက်ရှိသော သက်ရှိသန္တာကောင်များ၊ သန္တာရုပ်ကြွင်းများနှင့်ရောရှက်တည်ရှိနေသော ထုံးကျောက် အစိုင်အခဲ ကျောက်တန်းနှင့် ကျွန်းခွေများပင် ဖြစ်သည်။ သန္တာကောင်တို့သည် သမုဒ္ဒရာအောက်ခင်း သို့မဟုတ် ကျောက်ဆောင်တို့တွင် တွယ်ကပ်၍ အခြေတည်ကြသည်။ ယင်းတို့သည် အဆင့်ဆင့်ထပ်ကာ တဖြည်းဖြည်း ကြီးထွားလာရာမှ ကျောက်တန်းနှင့် ကျွန်းခွေအဖြစ် ပင်လယ်မျက်နှာပြင်သို့ မြင့်တက်လာကြသည်။ တနှစ်လျှင် တလက်မခန့် ကြီးထွားပြီး အောက်ခြေမှ သန္တာတို့သည် သေဆုံးရာ၌ ယင်းတို့၏ အရိုးတို့သည် ကျောက်ဖြစ်သွားကြသည်။ ကြီးထွားလာရာ၌ ပန်းအဖူးအပွင့်၊ သစ်ပင် အခက်အလက်အရွက်များ၊ ဦးချိုနှင့် သောက်ရေခွက်ပုံသဏ္ဌာန်များ ဖြစ်နေပြီး အရောင်အမျိုးမျိုးဖြင့် လှပနေတတ်သည်။ သန္တာကျောက်တန်း အများဆုံး တည်ရှိသော နေရာမှာ တောင်ပစိဖိတ်သမုဒ္ဒရာ၏ အနောက်ခြမ်းပင် ဖြစ်သည်။ သန္တာကျွန်းခွေသည် ကွင်းပုံသဏ္ဌာန်ရှိသော သန္တာကျောက်တန်းပင် ဖြစ်၍ ကျွန်းခွေအလယ်ရှိ ပင်လယ်ထုံးအိုင်သည် အလွန်ကြည်လင်ငြိမ်သက်၍ သန္တာကျောက်ခက်များဖြင့် လှပနေတတ်သည်။




မိုအောင် နှင့် မိုးကျော်
သရုပ်ဖော်
ဓာတ်လမ်း
မောင်မြတ်မင်း
☆ ကျော်ကျော်နှင့် အောင်အောင် တို့သည် အမြွှာညီအစ်ကိုဖြစ်ကြ၏..
☆ သို့သော်... တဦးနှင့်တဦးသည်း ခံစိတ်၊ ညှာတာစိတ် မရှိကြ၊ မကြာ မကြာရန်ဖြစ်လေ့ ရှိကြသည်.....၊
ကျော်ကျော်တွင် 'မိုးကျော်' အမည်ရှိ ခွေးကလေးတကောင်ရှိပြီး၊ အောင် အောင်တွင် 'မိုအောင်' အမည်ရှိကြောင် ကလေး တကောင် ရှိသည်........
မိုးကျော်နှင့် မိုအောင်တို့သည်လည်း တကောင်နှင့်တကောင် မတည့်ကြပေ၊
ဖေဖေနှင့်မေမေတို့က. မည်မျှပင်ဆိုဆုံး မသော်လည်းမရ...၊ ကြာသော်.. ဖေဖေ နှင့် မေမေတို့ စိတ်ညစ်လာသည်...၊
တညနေတွင်... ကျော်ကျော်တို့အိမ် နှင့်ကပ်လျက်အိမ်၌ မီးလောင်ရာ...


လမ်းတဝက်ခန့်ရောက်မှ...
ဟင်..မိအောင်..
ဟုတ်ပါရဲ့ မိုးကျော်လဲ မပါလာဘူး
သူတို့အိမ်ကိုလည်း မီးစွဲနေပြီဖြစ်၍ အိမ်ထဲပြန်ဝင်ရန် မဖြစ်နိုင်တော့ပေ.....
မိုးကျော်ရေ အီး ဟီး
မိအောင်လေးရေ အီး ဟီး အီး
သို့သော်... မီးသတ်ကားများ အချိန်မီရောက်လာသောကြောင့် သူတို့အိမ်မှာ အနည်းငယ်သာ လောင်ကျွမ်းသည်၊
မီးလုံးဝငြိမ်းသွားသောအခါတွင်မှ အိမ်ပေါ်သို့တက်ကြရသည်။ သူတို့အားလုံး မိုးကျော်နှင့် မိအောင်အတွက် စိတ်မကောင်းဖြစ်ကြရသည်
ထိုစဉ်... မီးဖိုချောင်မှ......
ဟာ
ဂုတ်
ဂုတ်
မမျှော်လင့်သော မြင်ကွင်းကြောင့် အားလုံးအံ့အားသင့်ကုန်ကြသည်.....


ဖိုးကျော်သည် ကြောင်အိမ်ပိနေသော မိအောင်ကို ဆွဲထုတ်နေသည်...×
မိအောင်ကလည်း ဖိုးကျော်၏ စေတနာကို နားလည်သဖြင့်ရုန်းမလုပ်ပဲ ငြိမ်ခံနေသည်
ကျော်ကျော်တို့မိသားစုသည် ကြောင်အိမ်ကိုမ ကာ မိအောင်ကို ဆွဲထုတ်ယူလိုက်ကြသည်...×
မိအောင် ကြောင်အိမ်ပိနေလို့ ဖိုးကျော် ဘယ်မှ မပြေးဘဲနေတာကိုး၊ သိပ်လိမ်မာပါကလား ဖိုးကျော်ရယ်...၊
အေးပေါ့...တိရစ္ဆာန်တွေ တောင်မှ တကောင်နဲ့တကောင် ဒုက္ခရောက်နေရင် ကူညီရမှန်းသိကြတယ်..၊ ရန်ငြိမ်း ပြေကြတယ်...၊
မင်းတို့နှစ်ယောက်က လောလျှာတွေ ဖြစ်ပြီး အမြဲရန်လိုနေတယ်၊ ဖိုးကျော်နဲ့ မိအောင်လောက်မှ ကြင်နာစိတ်မရှိကြဘူး..တောက်..
ကျော်ကျော်နှင့် အောင်အောင် တို့သည် လွန်စွာ ရှက်သွားကြပြီး တဦးကိုတဦး ပြေးဖက်ကြ...
ညီလေး
အကိုကြီး
ပြီး

# ကင်ညွန်ချောက်ကြီး





အမေရိကန် ပြည်ထောင်စု အယ်ရီဇိုနာပြည်နယ်ရှိ ကမ္ဘာပေါ်၌ အကြီးဆုံး ဖြစ်သော ဂရင်း ကင်ညွန် ခေါ် ကင်ညွန် ချောက်ကြီးမှာ အလျား ၂၁၇ မိုင်နှင့် အနံ ၄ မိုင်မှ ၁၈ မိုင်ထိ ကျယ်ပြန့်လေသည်။ ဂျမ်းမျှ အနက်မှာ တမိုင်ရှိသည်။ မြေအမျိုးအစားမှာ ထုံးကျောက်၊ သဲကျောက်နှင့် ကွာလွယ်သော ရွှံ့ကျောက်တို့ ပေါင်းစုနေသော မြေအမျိုးအစား ဖြစ်ခြင်းကြောင့် ချောက်ကမ်းပါး တောင်စောက်များသည် အနီ၊ အပြာ၊ အဝါ၊ အညို၊ ခရမ်း၊ မီးခိုး၊ အနက် စသည်ဖြင့် အရောင်မျိုးစုံ ထွက်နေသည်။ နေရောင်ထိုးသည့်အခါ၌ အရောင်များ ပြောင်းလဲသွားသယောင် ရှိသည်။

ဤချောက်ကြီး ဖြစ်လာရခြင်းမှာ ကော်လရာဒိုမြစ်၏ ရေတိုက်စားမှုကြောင့် ဖြစ်သည်။ ချောက်ကြီး၏ သက်တမ်းမှာ အနှစ်တသန်းခန့်သာ ရှိသေး၍ ဘူမိဗေဒသက်တမ်းအရ သက်နုသေးသည်ဟု ဆိုရပေမည်။

ဂါဆီယာလိုပ့် ဒီ ကာဒီနက် ဆိုသူ စစ်ဗိုလ်တဦးသည် ၁၅၄၀ ပြည့်နှစ်တွင် ကော်လရာဒိုမြစ်ကို ရှာဖွေရင်းမှ ဤချောက်ကြီးကို တွေ့ရှိခဲ့လေသည်။ အမေရိကန်အစိုးရက ၁၉၀၈ ခုနှစ်မှစ၍ နိုင်ငံ၏ အုံ့ဖွယ်တခုအဖြစ် အသိအမှတ်ပြုခဲ့ပြီး ၁၉၁၉ ခုနှစ်တွင် စတုရန်းမိုင် ၁၀၀၀ ပတ်လည်မျှ ကျယ်ဝန်းသော ဂရင်းကင်ညွန် အမျိုးသားဥယျာဉ်ကို ထိုဒေသ၌ ဖွင့်လှစ်ပေးခဲ့လေသည်။

မျိုးညွန့် (ရန်ကုန် တက္ကသိုလ်)





# ကျွန်တော် နောင်တ ရပါပြီ

မောင်မြင့်ဝင်း

ကျွန်တော်၏ နာမည်မှာ ဝင်းတင် ဖြစ်ပါသည်။ တင်မောင်၊ ထွန်းလှ၊ သိန်းထွန်းနှင့် လှဝင်းတို့သည် ကျွန်တော်နှင့် အတွဲဆုံး သူငယ်ချင်းများ ဖြစ်ကြပါသည်။ ညနေ ငါးနာရီ မထိုးမီ ကျွန်တော် တို့သည် လမ်းထိပ်ရှိ မြောင်းကို ကာရံထားသော အုတ်နံရံဘေးတွင် စုရုံးကြ ပါသည်။ ထိုနောက် ကျောင်းသူလေးများ၊ အလုပ်သမလေးများ ဖြတ်သန်း လာလျှင် ထိုနေရာမှနေ၍ နောက်ပြောင်ကြပါသည်။

နောက်ပြောင် ကြသူများ ထဲတွင် ကျွန်တော် အသဲဆုံး ဖြစ်၏။တင်မောင်မှာကျွန်တော့်ကို ကျော်နိုင်ရန် အမြဲ ကြိုးစားနေသူ ဖြစ်ပါသည်။

ကျွန်တော်၏အရည်အချင်းကိုလည်း ကြည့်ပါလေ။ မိန်းကလေးတစု လာလျှင် "ဘယ်ညာဘယ်"ဟု ဟစ်၍ သူတို့၏ခြေလှမ်းကို မှားစေပါသည်။ သနပ်ခါး ပါးကွက်ကျားနှင့် အမျိုးသမီးများကိုမူ "ပါးကွက် ကလေးနဲ့ ကိုယ့်ချစ်သူ၊ ဖိုးဝရုပ်နဲ့တူ"ဟု ရိသဲ့သဲ့ စောင်းချိတ်၍ သီချင်း ဆိုပါသည်။ ထိုအခါ အချို့ မိန်းကလေး များက မျက်စောင်း ထိုးသွားပါသည်။ အချို့က မကြား တကြား ဆဲသွားပါသည်။အချို့က နှုတ်ခမ်းစူ၍ အချို့က ကက်ကက် လန်အောင် ရန်တွေ့ကြ ပါသည်။ ကောင်းကောင်း ဆိုးဆိုး သူတို့ တတွေထံမှ စကားပြန်ရလျှင် ကျွန်တော်တို့ ပျော်ပါသည်။

ပျော်ကြပုံလည်း ရှုပါဦး။ ကျွန်တော်က မရပ်မနား ဟက် ဟက် ပက်ပက် အော်ရယ်ပစ်လိုက်သည်။တင်မောင်နှင့် ထွန်းလှတို့က အသံသေး အသံကြောင်ဖြင့် တေးသီချင်း ဟစ်သည်။ သိန်းထွန်းနှင့်လှဝင်းတို့က တေးသွားအလိုက် ကွေးနေအောင်ကသည်။ ကမ္ဘာကြီး ပျက်သွား၍လူအများ ဆောက်တည်ရာ မရ ဖြစ်နေသကဲ့သို့တည်း။

ထိုအခါရန်တွေ့သောအမျိုးသမီးများမှာ ထပ်မံ၍ အရှက်ကွဲကြရပြန်သည်။ကျွန်တော်တို့သည် မည်သူ့ကိုမျှ လူမထင်။ လောကကြီးတွင် ကျွန်တော်တို့ တသိုက်သာ လူဟူ၍ ထင်မှတ်နေကြပါသည်။

သည်နေ့တော့ ကျွန်တော်သည် အုတ်နံရံအနီးသို့ မသွားဖြစ်ပါ။ နံနက်လေးနာရီမထိုးမီ အချိန်မှ စ၍ သဘော်ဆိပ်သို့ သွားရပါသည်။အဘယ်ကြောင့်ဆိုသော် ရွာမှ ကျွန်တော်၏ အဖိုးနှင့် ညီမဝမ်းကွဲတို့ အလည်လာမည် ဆိုသဖြင့် သွားကြိုရခြင်း ဖြစ်ပါသည်။

အဖိုးက ရောက်ရောက်ချင်း ဘုရားဖူးချင်သည်ဆို၍ဘုရားသို့ လိုက်ပို့ရပါသည်။ညီမလေးကိုမူ တီရစ္ဆာန်ရုံ ပို့ပေးရ ပါသည်။ ညနေ မစောင်းမီ အိမ်ပြန်ရောက်တော့ လူမှာ အတော်ကလေးဖား၍ နေပါပြီ။

အဖိုးသည် အိမ်ရှေ့ ကွပ်ပျစ်

တွင် ထိုင်၍ ကျွန်တော့်ကို စာကြိုးစားရန်နှင့်လုပ်အားတန်ဖိုး ချစ်မြတ်နိုးရန် ပုံတိုပါဠိစများနှင့်ယှဉ်၍ ဆုံးမပါသည်။ အဖေနှင့်အမေက ကျွန်တော့်ကို ဆုံးမ၍မရဟု တိုင်ကြသည်။ ထိုအခါ အဖိုးက ဆူပါသည်။ ကျွန်တော် စိတ်ညစ်သည်မှာ ပြောစရာပင် မရှိတော့ပါ။

စကားကောင်းနေကြတုန်း ကျွန်တော်၏ညီမဝမ်းကွဲ တော်သူသည် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ခြံထဲသို့ ပြေးဝင်လာပါသည်။

အကျိုး အကြောင်း မေးကြည့်သော အခါ လမ်းထိပ်ကုန်စုံဆိုင်မှ ပြန်အလာ အုတ်နံရံအနီးသို့ ရောက်သည်တွင် လူငယ်တစု၏ နောက်ပြောင်ခြင်းကို ခံရကြောင်း၊ သူရှက်၍ငိုပြီး ထွက်ပြေး လာကြောင်း ရှိုက်ကြီးတငင်ငို၍ ပြောပါသည်။ အဖေနှင့် အမေက "လမ်းသူရဲတွေ"ဟု မြည်တွန်နေပါသည်။ အဖိုးကရဲစခန်းသွားတိုင်မည်ဟု ကြုံးဝါးပါသည်။

ကျွန်တော်လည်း ဒေါသကို မချုပ်တည်းနိုင်တော့သဖြင့် ခြံထောင့်ရှိ ထင်းစကိုဆွဲ၍ လမ်းထိပ်ဘက်သို့အားသွန်ပြေးသွားပါသည်။ ကျွန်တော်၏နောက်မှ ကျွန်တော့် မိသားစုက ထက်ကြပ်မကွာ အော်ဟစ်တားမြစ်ရင်း လိုက်ပါ လာကြသည်။ အုတ်နံရံ အနီးသို့ ရောက်လျှင် တင်မောင်၏ ပြုံး ဖြည်း ဖြည်း မျက်နှာကြီးကို တွေ့လိုက်ရပြီး လှထွန်းက "ဝင်းတင်ရေ တင်မောင်က မင်းထက် သာသွားပြီကွ။ သူစလိုက်တာ အမျိုးသမီး တယောက် ငိုတောင် ငိုသွားတယ်"ဟု ဆီး၍ ပြောပါသည်။

ကျွန်တော်မည်သို့မျှမပြောတော့ပါ။ လက်ထဲရှိ ထင်းချောင်းကိုလွှတ်ချ၍ တိတ်ဆိတ်စွာပြန်လှည့်ခဲ့ပါသည်။ အဖေက ကျွန်တော့်ကိုဖက်၍အိမ်သို့ခေါ်သွားပါသည်။

သူများနှမတွေကို နောက်ပြောင်ခဲ့စဉ်က ပျော်တပြုံးပြုံးဖြစ်ခဲ့သော ကျွန် တော် သည် ယခုကိုယ့်နှမအနောက်ခံရသော အခါကျမှ အလွန် ခံပြင်းမိပါတော့သည်။ ကျွန် တော်၏ နောက်ပြောင်ခြင်းကို ခံရသော မိန်းကလေးများ၏ ညီအစ်ကိုမောင်နှမများလည်းကျွန်တော်ကဲ့သို့ပင် ခံစားရမှာဘဲဟု တွေးမိပါသည်။ ကျွန်တော်ကိုယ်ချင်းစာတတ်လာပြီ။ ကျွန်တော်၏ အတွေ့အကြုံကို ကျွန်တော်၏ သူငယ်ချင်းများအား ပြောပြလိုသော ပြင်းပြသော ဆန္ဒတခု ကျွန်တော်၏စိတ်တွင် ဖြစ်ပေါ်လာပါသည်။ သို့သော် ကျွန်တော် သူတို့ကို ပြော၍ရမည် မထင်ပါ။

သို့တစေ တကြိမ်တော့ပြောကြည့်ပါဦးမည်။ မရပါမှ သူတို့နှင့် ကျွန်တော် တွဲစရာ အကြောင်းမရှိတော့ဟု ခိုင်မာစွာ ဆုံးဖြတ်ရပါမည်။

# စာအုပ်ကလေး

စာအုပ်ကလေး သန့်ရှင်းစွာ၊
ရေးကြသားကြပါ။
ဖျက်ရာပြင်ရာ ဘာမရှိ၊
လက်ရေး လှချင်ဘိ။

စာအုပ်ကလေး ရှိသေစွာ၊
ကိုင်ကြတွယ်ကြပါ။
ပြဲရာစုတ်ရာ ဘာမရှိ၊
စုဆောင်း ထားနိုင်ဘိ။

စာအုပ်ကလေး မြတ်နိုးစွာ၊
ဖတ်ကြမှတ်ကြပါ။
အလိမ်မာ စာမှာရှိ၊
လိမ်မာစေချင်ဘိ။ ။

အောင်စည်(ချောက်)



R. 517

# မြေဝပ်

စိုးလွင်မြင့်

မြေဝပ်၊ ငှက်ပျင်း၊ တောင်ဒေါင်း စသည့် ငှက်များမှာ တမျိုးတစား တည်းပင် ဖြစ်သည်။ သို့သော် ယင်းတို့သည် ပေါ်လွင်ထင်ရှားခြင်းမရှိပဲ လူသိ နည်းသည်။ မြေဝပ်၏အလျားမှာ ကိုးလက်မခွဲရှိ၍ အရောင် မှာ အညိုဖြော့ ဖြစ်သည်။ တောက် တောက် တောက် ဟု အော်တတ်သည်။ မြေဝပ်ငှက်မျိုးသည် စရိုက်အားဖြင့် ညဥ့် ၌သာ ကျက်စား၍ နေ့အခါတွင် မျက်စိမှိတ်ပြီး မြေပေါ်၌ ဝပ်နား၍ နေတတ်သည်။ သစ်ကိုင်းပေါ်တွင် အခြားငှက် မျိုးများကဲ့သို့ ခြေထောက်ဖြင့် မနားပဲ ရင်အုပ်ဖြင့် ဝပ်နား၍ နေတတ်သည်။



မြေဝပ်ငှက် သားပေါက်ချိန်မှာ ဖေဖော်ဝါရီလမှ ဧပြီလအတွင်း ဖြစ်သည်။ တမြုံလျှင် နှစ်ဥရှိ၍ ဥမှာ သေး ငယ်သည်။ တဥလျှင် ပျမ်းမျှ အလျား ၁.၀၄ လက်မနှင့် ပြက် ၀.၇၇ လက်မရှိသည်။

တောနက်မှာထက် စိုက်ပျိုးခင်း၊ လယ်ယာမြေများ တွင် ပိုမိုကျက်စားလေ့ ရှိသည်။

မြေဝပ်ကို အိန္ဒိယ၊ မြန်မာနှင့် သီဟိုဠ်နိုင်ငံများတွင် သာ တွေ့ရ၏။ မြန်မာနိုင်ငံတွင် အလယ်ပိုင်း၌သာ ကျက် စားသည်။

စိုးလွင်မြင့်



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၁၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၄၊ အမှတ်-၃၂၊

# ရွှေသွေး ဂျာနယ်

# မလ ငါးတန်


ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-မောင်အောင်ခင် (ထိုက်ကြီး)

၁၃၃၄ ခု၊ ဝါခေါင်လဆန်း ၃-ရက် (၁၂-၈-၇၂)



တခါတုန်းက မြို့တမြို့မှာ မောင်ကာယ၊ မောင်ဘောဓ၊ မောင်ဥာဏ၊ မောင်မိတ္တနှင့် မောင်စာရိတ္တ ဟုခေါ်သော လူငယ်ငါးယောက် ရှိကြသတဲ့။

စနေနေ့တိုင်း ထုတ်ဝေသည်။


ကြွပါ
ကြွပါ
တနေ့တော့ မြို့စားကြီးအိမ်က အလှူမှာ ငါးယောက်သား ဆုံမိကြသတဲ့။
××××× လူ့ဆိုတာ-(အကွပ်မဲ့ကြမ်း-မရမ်းမတဲ့) ဆိုသလို-ကိုယ်ကျင့်တရား-ယဉ်ကျေးမှု မထိန်းသိမ်းနိုင်ပါ၊ ဘုရားမကြိုက်-နတ်မကြိုက်တဲ့ပြုမူ နေထိုင်ပုံ ရှိလာလဲ အပါယ်ငရဲသို့ လားရမယ်ဖြစ်လို့ လူတိုင်းဟာ-ရိုးသား ဖြောင့်မတ်ဖို့ဟာ အရေးအကြီးဆုံး ပါဘဲ.....
စားသောက်ကြပြီး စကား စုပြောနေကြစဉ်
××× ဒါပေမယ့် ကိုစာရိတ္တရယ်-(အများအကျိုးဆောင်-ကိုယ့်အကျိုးအောင်)တဲ့။ ချစ်ခင်ကြင်နာမှုနဲ့ မိတ်ဆွေကောင်းများ ရှိယင် သာရေး-နာရေးနဲ့-လူမှုရေးကိစ္စ အဝဝမှာ အလွယ်တကူ ပြီးမြောက် အောင်မြင်နိုင်ပါတယ်။ ဒါကြောင့် လူတန်းစား အသီးသီးနဲ့ မိတ်ဖွဲ့ဘို့က-လောကမှာ-အဓိက-အရေးကြီးတယ် မဟုတ်လား....
ကိုစာရိတ္တရဲ့ စကားဆုံးတာနဲ့ ကိုမိတ္တက....
×××× ဒီမှာ မိတ်ဆွေ-(ပညာဟူသည်-မြတ်ရွှေအိုး)-(ပညာနဲက-ဝန်ထမ်းရ) လို့ စာပေတွေမှာ ရှိသားဘဲဗျာ။ ဝန်ဖြင်း ဘိုးရာဇ်ဟာ-ပညာရှိကြောင့်-လယ်သမားက-ဝန်ကြီးဖြစ်တာပေါ့.... ဒီတော့-လောကကြီးမှာ ပညာသာလျှင် အဓိကပေါ့-ဟုတ်စ-
ဒီအခါမှာ ကိုဥာဏကလည်း ဝင်စွက်သတဲ့။
××× အမယ်-(အာရောဂျံ-ပရမံ-လာဘံ) တဲ့။ ကျန်းမာခြင်းသည် အဓိက လာဘ်ကြီး ပေတည်း ဆိုတာ ကြားဘူးကြပါလိမ့်မယ်၊ ကျုပ်တို့လို ကျန်းမာပြီး ပိုမိုထွားကြိုင်းယင် သူများထက်-မနိုင်-သယ်နိုင်-ပိုးနိုင်တယ်ဗျ။ ဒီတော့ ကျန်းမာရေးဟာ အဓိကဘဲ...ရှင်းလို့
ကိုကာယကလည်း အဆိုပြုပြန်သတဲ့။
ဒီမယ်-(အဆီရှိမှ-အီးကောင်းသည်)(အမြီးရှိမှ ဖြီးမြောက်သည်)တဲ့။ လောကမှာ-ငွေရှိမှ လူခေါ်ချင်တယ်၊ ရိုသေတယ်၊ ဘယ်ကိစ္စမဆို ပြီးတယ်။ ဒါကြောင့်ငွေကြေး ပေါများအောင် ကြိုးစား ရမယ်ဗျာတို့......
ကိုဘောဂက ငြိမ်နေရာမှ ဝင်ပြောသတဲ့။


နောက်ပြီး - ဟိုမှာကြည့်စမ်း ချက်ပြုတ်နေကြတာ။ ငွေမရှိယင် ကျွေးနိုင် - လှူနိုင်ပါ့မလား။ မလကျိုးတဲ့ လူတွေကို - ငွေပေးနိုင်းတော့ ရတာဘဲ ဟုတ်လား...
ကိုကာယသည် သူ့ကို ထိခိုက်လာ၍
အောင်မယ် - ခင်များက - ဘာလုပ်ပါးဝတဲ့ စကားပြောတာလဲ။ သတ္တိရှိယင် တယောက်ချင်း ချမလား
သည်းခံပါ၊ သည်းခံပါ။ ဒေါသထိန်းပါ
ဘိုမိတ်ဆွေ လူတွေကြား သိက္ခာရှိရှိ လုပ်ကြပါဗျာ
နောင်ကြီး အချင်းချင်းတွေဘဲ ရင်းနှီးမှုတွေ ပျက်ပြားကုန် တော့မှာဘဲ
အားလုံးက ဝိုင်းဆွဲပြီး ဖျောင်းဖျ နေခိုက်
ဒီမှာ မြို့စားကြီးရယ် ကိုဘောဂ - က - လောကမှာ ချမ်းသာဘို့ဟာ အဓိက တဲ့
အမယ် - ကိုကါယက လောကမှာ - ကါယ ဗလ သာ - အဓိက - တဲ့
ကိုမိတ္တက လောကမှာ မိတ်များဘို့သာ အဓိက - တဲ့
ကိုဉာဏက - လောကမှာ ဉာဏ်ပညာသာ အဓိကတဲ့
ကိုစာရိတ္တ - က လောက မှာ - ကိုယ်ကျင့်တရားသာ - အဓိက - တဲ့
အလှူရှင် မြို့စားကြီးရောက်လာရာ....
ဟဲဟဲ - ဟဲဟဲ --- မောင်ရင်တို့ပြဿနာကို - ကျုပ်အနေနဲ့တော့ ဉာဏ်မမှီလို့ - မဖြေလိုဘူး ---- သို့သော် - အတိအကျ သိလိုက - တက္ကသိုလ် ဒိသာပါမောက္ခထံ အဆုံးအဖြတ် ခံရန် သွားကြဘို့ တိုက်တွန်းပါတယ် - ဟဲဟဲ
ကဲ ... - အားလုံးက - သဘောတူမယ်ဆိုယင် အခုဘဲ အငြင်းအခုံရပ်ပြီး - ငါးယောက်လုံး အတူတကွ သွားပြီး မေးကြစို့လား
ကြိုက်တယ်
သဘောတူတယ်
ကြိတ်လိုက်
စိမ်လိုက်
ထို့ကြောင့် တက္ကသိုလ်သွားရန် ဆုံးဖြတ်ကြ၏။


သို့ဖြင့် ခရီးထွက်လာကြလေတော့သည်။
ကဲ - မိုးချုပ်တော့မယ် ၊ ညဆက်သွားရင် သားရဲ တိရစ္ဆာန်ဘေးမကင်း ၊ ဒီတောထဲမှာဘဲ ဖြစ်သလို အိပ်ကြတာပေါ့ ၊
ခင်များတို့ စိတ်ချ လက်ချ အိပ်ကြ ၊ ကျုပ် တညလုံး စောင့်မယ်
အေးဗျာ --
တောတွင်းတနေရာတွင် မိုးချုပ်ပြီဖြစ်၍—
ညဉ့်သန်းခေါင်ယံတွင်—
အား
ဒုတ်
ဟာ - ကျားကြီး
ကျားလောက်တော့ ဘာရမလဲ ၊ ကျုပ် - ဓားကြီးတောင် ဓါးနဲ့တွေ့ကြတာပေါ့ ၊ ကျုပ်သာ မလိုက်လာရင် ခင်များတို့ သေကုန်ဖြစ်
နံနက်မိုးလင်းမှ ကျားသေကိုတွေ့ရပြီး—
ဟာ - ခုတွေ့ပါဘဲ ၊ ဒီချောင်း ဘယ်လို လှုပ်ကူးရမှာလဲ ...
အေးကွ - ရေကလဲ မကူးတတ်
နောက်တဖန် ခရီးဆက်ကြပြန်သော် ချောင်းစပ်တခုသို့ ရောက်သွားကြသည်။
မိတ်ဆွေတို့ - စိတ်မပျက်ကြပါနဲ့ - ကျုပ်ပြောသလိုသာလုပ်ကြစမ်းပါ
ဘာလုပ်ရမှာလဲ
ဝါးတွေခုတ် - နွယ်တွေဖြတ် ယူခဲ့ကြစမ်းပါ
ကောင်းပြီ ရမယ်

- ဆက်ရန် -

ယခင်အပတ်မှအဆက်


ကပ္ပိယ စုံထောက်
ဦးဖြူသီး
ဇာတ်လမ်း ဇော်သန်း ☆ သရုပ်ဖော် ဦးစိန်
ဦးဖြူသီးတို့သည် လက်ခဲကြီး၏ ရန် ကို စုပေါင်းကာကွယ်ရန် တိုင်ပင်ကြလေ၏။
ဟာ-ဟုတ်တာပေါ့ ဦးဘိုးရွှယ်သာ မသိတယ် ဒီရွာက သွားတွေလဲ အဲဒီ လျှို-နားရောက်ယင် ပျောက်တာဘဲ
ဒီလို ဆိုယင် ကျုပ်တို့ဘာ လုပ်ကြမလဲ
ဘာ ခက်တာ မှတ်လို့ ..အခု ရွာမှာ ပြည်သူ့စစ်အဖွဲ့ ရှိနေပြီဘဲ - စုပေါင်း ပြီး ကာကွယ်ကြ တာပေါ့
ကျုပ်တို့ရွာက- ပြည်သူ့စစ်အဖွဲ့ ကိုသွားပြောပြီး - ဒီလူကြီးကို ရှင်းပစ်မယ်ဗျာ
အဲဒီ အကြံ အကောင်းဆုံးဘဲ ဗျို့ - ပြည်သူ့စစ်အဖွဲ့ကို အမြန်ဆုံးသွားကြစို့
ဒီလူကြီးကို လူအင်အား ခပ်များများနဲ့ ရှင်းမယ်


အကြောင်းက ဒီလို ပါခင်ဗျာ
လက်ခဲကြီး သူခိုးဂိုဏ်းကို အမိဖမ်းနိုင်ရန် တရွာလုံး စုပေါင်းတိုင်ပင် ကြလေ၏။
လျှိုထဲမှာ ခိုအောင်းပြီး ကျုပ်တို့ရွာက နွားတွေကို ခိုးနေတဲ့ လက်မဲကြီး သူခိုး ဂိုဏ်း ကို ဝိုင်း ဖမ်းဘို့ပါဘဲ
အရမ်းမလုပ်ကြနဲ့ ဗျို့ လက်မဲကြီး ဆိုတာ သူခိုး မဟုတ်ဘူး သရဲဗျ သရဲ....
ဟား ဟားဟား-ကျုပ် ရှိုး လေး နဲ့ တွေ့မဲ့ သရဲဘဲ... ဟား ဟား ဟား
ချစ်တီး ကုလား သေပြီး သရဲ ဖြစ်သွားတာတဲ့-ကုလားသရဲ ကုလားသရဲ
ဘာဘဲဖြစ်ဖြစ်-နွားသူခိုးတွေ ရဲ့ရန် ကိုတော့ စုပေါင်း ကာ ကွယ်ရမှာဘဲဗျ


ဖြင်းခုံနေလို့ အချိန်ကုန်ရုံဘဲရှိ မယ်-ကျုပ်တို့လုပ်ရမှာက.. ဒီ "လက်မဲကြီး" ဆိုတာကို-ဝိုင်းပြီး ရှင်းလင်းပစ်ဖို့ဘဲ-ဒီတော့....
ကိုဘိုးညွှက်က စီစဥ်ထားတဲ့အတိုင်း နွားအုပ်ကိုလျှို့ထဲမောင်းသွင်းသွားရမယ်
စိတ်ချပါ ကျုပ်လုပ်ရပါတယ်
ဟဲ့ နွား..... တယ်..ဒီနွား.. ဟဲ့နွား
ဟဲ့နွား ခို..ဒီနွား
ကိုဘိုးညွှက်တော့လျှိုထဲဝင်သွားပြီဗျို့.... နောက်ကလိုက်ကြစို့
ဟို..ချုံထဲက လက်မဲမဲကြီးထွက်လာမှာလား

# ညွှန်အိုင်

စိုးလွင်မြင့် ကဆွဲ



ညွှန်အိုင်များကို မိုးများသောဒေသ၊ အောက်ခံမြေမာပြီး ရေဝပ်သောဒေသများတွင် တွေ့ရှိနိုင်သည်။ တချိန်က ရေခဲဖုံးလွှမ်းခဲ့သော ဒေသများတွင် ညွှန်အိုင်များဖြစ်နေတတ်သည်။ ထိုဒေသများကို လူတို့သည် ဖြတ်ကျော်သွားလာရင်း ညွှန်အိုင်တွင်နစ်ကာ သေဆုံးကြရသော အဖြစ်အပျက်များ ရှိခဲ့ဘူးသည်။

ညွှန်အိုင်တွင် အရောင်လက်တတ်သော ဆန်းကြယ်သည့် အရောင်တခု၏ ဖြားယောင်းမှုကြောင့် ခရီးသည်များ နစ်ကာ သေဆုံးကြရသည်ဟု အချို့က ယုံကြည်ကြသည်။ ညွှန်အိုင်နှင့် သာမန်မြေမာတို့သည် တစပ်တည်းဆက်နေသဖြင့် ထိုဒေသမျိုးသို့ သွားလာရာတွင် များစွာ ဂရုပြုရလေသည်။ ညွှန်အိုင်သည် သာမန်မြေပြင်ထက် အနည်းငယ် မို့မောက်နေတတ်သည်။ ယင်းတွင်ပေါက်သော သစ်ပင် မြက်ပင်တို့သည် မည်းမှောင်တောက်ပြောင် နေတတ်သည်။ ကြီးကြားကြီးကြား ရေကွက်တို့မှ အရောင်လက်နေတတ်ပြီး ကျူချုံတောများလည်း တည်ရှိနေတတ်သည်။



ရွှံ့ပုပ်၊ ညွှန်အိုင်၊ ညွှန်ပျောင်း တို့သည် တစားတည်း ဖြစ်၍ ယင်းတို့ကို ရေဝပ်သော နေရာများတွင် တွေ့ရှိနိုင်သည်။ ဝပ်သော ရေတို့သည် ဆားငန်ရေ သို့မဟုတ် မိုးရေ ဖြစ်နိုင်သည်။ ညွှန်အိုင်သည် မြေမြင့်ရော မြေပြန့်မှာပါ၊ ချိုင့်ဝှမ်းလွင်ပြင် မဟူ၍ တည်ရှိနိုင်သည်။ ညွှန်အိုင်တို့မှ ရေကို စစ်ထုတ်ပြီး စိုက်ပျိုးမြေ အဖြစ် ပြုပြင်နိုင်သည်။ သို့သော် စစ်ထုတ်၍ ကုန်ကျသော စရိတ်နှင့် စိုက်ပျိုးဖြစ်ထွန်းသောအကျိုးတို့မှာမကာမိသဖြင့်၍ရေဝပ်




ညွှန်အိုင်များကို မပြုပြင်ပဲ ကျေးငှက်တိရစ္ဆာန်တို့အတွက် ဘေးမဲ့တောများအဖြစ် ထားရှိကြသည်။

အိုင်ယာလန်ကျွန်း၏ ခုနစ်ပုံ တပုံခန့်သည် ညွှန်အိုင်များဖြစ်သည်။ ယင်းတို့ရှိ သစ်ဆွေးမြေများကို တိုင်းရင်းသားတို့သည် ခုတ်ဖြတ်၍ အခြောက်လှန်းပြီး ထင်းမီးအဖြစ်အသုံးပြုကြသည်။

ရေအိုင်ရေကန်တို့ ရေဆင်းညံ့ပြီး ညွှန်၌ပေါက်သောအပင်များ များပြားလာရာမှ ညွှန်အိုင်နှင့် ညွှန်ပျောင်းများ ဖြစ်လာနိုင်ပေသည်။ ရေအိုင် ရေကန်တို့၏ ကမ်းခြေများနှင့် မြစ်ချောင်းတို့ စီးဆင်းရာ အောက်ပိုင်းတို့တွင် အဆိုပါ ညွှန်အိုင်များကို တွေ့ရှိနိုင်သည်၊ မြစ်ဝကျွန်းပေါ်ဒေသတို့တွင် ယင်းတို့သည် အထူထပ်ဆုံးဖြစ်သည်။ ဥပမာ အီရက်နိုင်ငံရှိ ယူဖရေးတီးနှင့် တိုက်ဂရစ်မြစ်တလျှောက်တွင် ညွှန်အိုင်နှင့် ညွှန်ပျောင်းတို့၏ ဧရိယာသည် စတုရန်းမိုင် ၆၀၀၀ မျှပင် ရှိလေသည်။ ယင်းတို့တွင် ပေ ၂၀ ကျော်မြင့်သော ကျူပင်ကြီးများ ပေါက်ရောက်၍ တိုင်းရင်းသားတို့သည် ဤကျူပင်များဖြင့် ရေထဲ၌ ပေါလောမျောနေသော ကျွန်းမျောများနှင့် အခြားနိမ့်သော ကျွန်းများပေါ်တွင် အိမ်ဆောက်လုပ်၍ နေထိုင်ကြသည်။

မြန်မာနိုင်ငံ ရှမ်းပြည်တောင်ပိုင်း အင်းလေးဒေသ၌ နေထိုင်သူများသည် ရေအောက်မှ ရေညှိ ရေမှော်ပင်နှင့် ရွှံ့မြေများကို ဆယ်ယူပြီး ကျွန်းမျောများအဖြစ် အသုံးပြုကြသည်။ ထိုကျွန်းမျောများပေါ်၌ နေအိမ်ဆောက်လုပ်၍၎င်း၊ သီးနှံများ စိုက်ပျိုး၍၎င်း နေထိုင်ကြရာ အထက်ပါဒေသနှင့် သဘာဝချင်း တူလှပေသည်။




ကျောင်းအားသော နေ့တနေ့တွင် မိုးမိုး၊ စိုးစိုး၊နီနီနှင့် မာမာတို့သည် ဖေဖေနှင့်အတူ ဒေါ်ဒေါ်တို့ အိမ်သို့ အလည် ရောက်လာကြသည်။
ဖွားဖွားနဲ့တူလို
ရေး.. မျိုးမြင့်မြတ်
ကာတွန်း..
ဟာ မိုးမိုးတို့ပါလား၊ လာ..လာ-
နံနက်စာ စားသောက်ပြီးသော် ဒေါ်ဒေါ်က မုံ့ဖိုးတမတ်စီ ပေးသည်။
မတည့်တာတွေ ဝယ်မစားကြနဲ့နော်၊ ဒီအနီးအနား နေရိပ်ထဲမှာဘဲ ကစားကြ-
သူတို့သည် ဒေါ်ဒေါ်တို့အိမ်နှင့် သိပ်မဝေးသော ကလေး ကစားကွင်းထဲတွင် ကစားကြလေသည်။
မိုးမိုးရေ..ဒီနေရာက နေရိပ်တယ်ဟေ့-
မမမာရေ..နီနီတို့နဲ့ အေးချောင်းဝယ်စါးကြမယ်နော်၊ နို့အေးချောင်းသည် လာပါအုံး
ဆယ်ပြားတန် တချောင်းစီပေးပါ၊ တော်ပြီး နောက်ထပ် ဘာမှ ဝယ်မစါးကြနဲ့တော့..နောက်ကျရင် တို့ပိုက်ဆံ သိမ်းထား၊ ညစာကျက်မှ ပျော်ပွဲစားကြမယ်-


ဟယ်-ဟိုမှာ သူတောင်းစား အမယ်အိုကြီး တယောက် ပါလား-
ဟဲ့-မိုးမိုး သွားမကြည့်နဲ့လေ-
မိုးမိုးသည် အမေအိုကြီးကို ကြည့်၍ သနား သွားမိလေသည်။
ဒုက္ခိတ အမယ်အိုကြီးမို့ ထမင်းဖိုးလေး တပြားတချပ်လောက်စွန့်ကြဲခဲ့ကြပါဗျယ်
အင်း ဒို့ဖွါးဖွါး နဲ့ဆို ရွယ်တူ လောက်ရှိမှာဘဲ
အမေကြီး အသက် ဘယ်လောက်ရှိပြီ လဲ··ဟင်··
အမေကြီး အသက် ခုနှစ်ဆယ်ကျော်ပါ ပြီကွယ်·
အင်း·ငါထင်တဲ့အတိုင်း ဖွါးဖွါးနဲ့ ရွယ်တူပါဘဲလား·
အမေကြီး နေတော့ ဘယ် မှာနေသလဲ- ဟင်··
အမေကြီး ဇရပ်မှာ နေပါတယ်-
အမေကြီးမှာ သားသမီး ရှိ သလား၊ဟင်·
သားသမီးမရှိလို့ ခုလို ဇရပ်မှာ နေပြီး အိုကြီးအိုမ ဒုက္ခိတ ဘ၀နဲ့ ကိုယ့်ဝမ်း စာ ကိုယ်တောင်းရမ်းစားနေရတာ ပေါ့ ခလေးရယ်·
ဒို့ဖွါးဖွါးက ကျွေးမွေးပြုစုမဲ့ သားသမီး ရှိတော့ အိမ်မှာ မပူမပင်နဲ့ စားသောက် နေနိုင်တယ်၊ ဒီအမေကြီးကျတော့ ဖွါး ဖွါးနဲ့ ရွယ်တူ ဖြစ်ပေမဲ့ ကျွေးမွေးပြု စုမဲ့လူမရှိလို့ အေးအေးဆေးဆေး မနေနိုင်ဘူး၊ ကိုယ့်ဖါသာ ဒုက္ခခံပြီး တောင်းစားနေရတယ် သနားစရာဘဲ··



မိုးမိုးသည် စိုးစိုး၊ နီနီနှင့် မာမာတို့ ရှိရာသို့ ပြန်ပြေးလာပြီး—
မိုးမိုးသည် မာမာတို့အား ပြောမရသည့် အဆုံး အမေဒေါ်ကြီးထံသို့ပြန်လာ၍ ရှိသမျှ ပိုက်ဆံ ဆယ့်ငါးပြားကို ထည့်လိုက်သည်။
ည စာကျက်ချိန်တွင်....
ဖေဖေက ကြားသဖြင့် အကြောင်းစုံမေးရာ—

## မာချူးပိချူး

ပီရူးနိုင်ငံ အင်ကာလူမျိုးတို့၏မြို့တော် ကူးဇကိုမြို့၏ အနောက်ဖက် မိုင် ၇၀ အကွာတွင် ရှေးဟောင်း ရက်အင်ဒီးယန်းလူမျိုးတို့၏ ခံတပ်မြို့ပျက်ကြီးတခုရှိသည်။ ထိုမြို့ပျက်ကြီးမှာ မာချူးပိချူး တောင်ထွတ် နှစ်ခုကြား ပေ ၆၇၅၀ အမြင့်၌ ဆောက်လုပ်ထားခြင်းကြောင့် မာချူးပိချူးမြို့ပျက်ကြီးဟု ခေါ်ဝေါ်ကြသည်။ မာချူးပိချူး၏အဓိပ္ပါယ်မှာ ကိုကိုးရွက်အစည်းကြီးဟူ၍ဖြစ်သည်။ ကိုကိုးရွက်ကို ကျွန်ုပ်တို့ဆေးရိုးဝါးသကဲ့သို့ တောင်အမေရိကမှ ရက်အင်ဒီးယန်းတို့ကလည်း တမြုံ့မြုံ့ဝါးသော အလေ့အထ ရှိသည်။


မာချူးပိချူး တောင်အောက်တည့်တည့် ပေ ၂၀၀၀ လောက်တွင် အူရူဗန်းဗားမြစ်သည် အလျင်ပြင်းစွာ စီးဆင်းလျက်ရှိပြီး တောင်ကြားပတ်ပတ်လည်၌ ဆီးနှင်း ဆောင်းထားသော တောင်တန်းများကိုတွေ့ရသည်။ တောင်တန်းများ၏ အဆုံးတွင် မျှော်စင်တခု ဆောက်လုပ်ထားပြီး ထိုမျှော်စင်မှနေ၍ ရန်သူများကို ဆီးကြိုမြင်နိုင်သည်။

စတုရန်းကိုက် ၁၃၀၀ ပတ်လည်ရှိ မြို့ပျက်ကြီးထဲတွင် ဗိသုကာလက်ရာ အလွန်မြောက်သည့် ကြီးကျယ်ခမ်းနားသော နန်းတော် ကြီးနှင့် ဘုရားကျောင်းများ၊ ပစ္စည်း သိုလှောင် ခန်းများ၊ အဆောက်အအုံငယ်လေးများ အများအပြားရှိသည်။ အဆောက်အအုံများ၏ သက်တမ်းကို မခန့်မှန်း နိုင်စေကာမူ အကောင်းဆုံးလက်ရာများသည် ၁၄ ရာစုအလွန်ပိုင်းတွင် နေထိုင်သွားသော ရက်အင်ဒီးယန်းတို့၏ လက်ရာများနှင့် ဆင်တူသည်ကို တွေ့ရှိရသည်။




ပျောက်ဆုံးနေသော ထိုမာချူးပိချူးမြို့ပျက်ကြီးကို ၁၉၁၁ ခုနှစ်တွင် ယေး တက္ကသိုလ်မှ ဒေါက်တာ ဟီရမ်ဗင်ဂမ်က ပြန်လည် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

## ငှက်ရုပ်လုပ်မလား



# ကိုယ့်အား ကိုယ့်မာန်

ဝိုးရွှေရည်



ကျွန်တော်သည် မူလတန်းကျောင်းသားတယောက် ဖြစ်ပြီး အတန်းထဲတွင် စာညံ့သူတယောက်ဖြစ်ပါသည်။ စာကိုကြိုးစား၍ ကြည့်သော်လည်း မရပါ။ ကျွန်တော့် စိတ်ထဲတွင် သင်ခန်းစာများသည် ခက်လွန်းလှသည်ဟု ထင်မိသည်။ မင်နီရဲသည့် ပညာရည်မှတ်တမ်းကို ပြတိုင်း မမကြီး၏အဆူကို ခံရသည်။ ထို့ကြောင့် ကျွန်တော်သည် စာရနိုင်မည့် နည်းလမ်းများကို ရှာဖွေခဲ့၏။

"ဟော့ကောင် စိုးငြိမ်း၊ ဒီသစ်ရွက်ကလေး မလှဘူးလား"

ကျွန်တော့် သူငယ်ချင်း မောင်ထွန်းပြသော အရွက်ကလေးကို ကြည့်လိုက်မိသည်။ သစ်ရွက်ကလေးသည် ကျောက်ခက်ကဲ့သို့ လှပါသည်။

"ဘာရွက်လဲကွ"

"ဘာရွက်လဲတော့ ငါမသိဘူး။ ဒီအရွက်ကို စာအုပ်ကြားထဲညှပ်ထားပြီး စာဖတ်ရင် စာတတ်တယ်တဲ့ကွ"

"ဟုတ်လား"

ကျွန်တော် ဝမ်းသာသွားပါသည်။ ထို့ကြောင့် သစ်ရွက်ကလေးကို ငါးပြားပေး၍ ဝယ်ပြီး ကျွန်ပော့် စာအုပ်ကြားတွင် ညှပ်ထားလိုက်ပါသည်။

ထိုသစ်ရွက်ကလေး ဝယ်ပြီးနောက် တလ ကြာသောအခါ ကျွန်တော်၏ ပညာရည် မှတ်တမ်းတွင် မင်နီ ကင်းလာပါသည်။ တချိန်က ခက်သည်ဟု မှတ်ထင်ခဲ့သော သင်ခန်းစာများမှာ လွယ်လာသည်ဟု ထင်မိသည်။ ကျွန်တော့်အစ်မ မမကြီးကပင် ကျွန်တော်၏ တိုးတက်မှုကို အံ့သြသွားသည်။

"အစိုး သိပ်ဟုတ်နေပါလားဟေ့"

မမကြီးက ချီးကျူးစကားဆိုသောအခါတွင် ကျွန်တော်သည် သစ်ရွက်ကလေးကို ဝမ်းသာအားရ ထုတ်ပြမိသည်။

"ကျွန်တော်တော်လို့မဟုတ်ဘူး မမကြီး၊ ဒီသစ်ရွက်ကလေးက ကယ်တာ။ ကျွန်တော့် သူငယ်ချင်းကရောင်းလို့ ဝယ်ထားတဲ့ စာတတ်တဲ့ အရွက်ကလေးလေ"

ပထမတွင် ကျွန်တော့်စကားကြောင့် မမကြီးသည် ကြောင်နေသည်။ နောက်မှ ပြုံးလာသည်။

"နောက် မဝယ်နဲ့၊ မမကြီး ယူခဲ့မယ်"

နောက်နေ့တွင် မမကြီးသည် သစ်ရွက်ကလေးတွေ အတော်များများ ယူလာသည်။ မမကြီးကိုယ်တိုင် စာအုပ်ကြားထဲတွင် ထည့်ပေးပါသည်။

ထိုနေ့မှစ၍ ကျွန်တော်သည် စာကို မှန်မှန် ကြိုးစားလာခဲ့သည်။ အရှိန်လည်း အတော်ရလာ၍ အတန်းထဲတွင် ပထမနေရာကို ရောက်ခဲ့သည်။ တလတကြိမ် ပေးသော ပညာရည်မှတ်တမ်းကိုလည်း မမကြီးလက်ထဲသို့ ရဲရဲဝံ့ဝံ့ပေးအပ်နိုင်ခဲ့သည်။ သည်အချိန်အထိ သစ်ရွက်ကလေး၏ အစွမ်းဟု ကျွန်တော်ယူဆနေဆဲဖြစ်သည်။

"အစိုး မမကြီးနား လာပါအုံး"

တနေ့တွင် မမကြီးသည် ကျွန်တော့်ကို ခေါ်ပါသည်။

"အတန်းထဲမှာ ပထမရတာ သစ်ရွက်ကြောင့်လို့ ထင်နေသလား။ သစ်ရွက်ကြောင့်မဟုတ်ဘူး၊ အစိုးကြိုးစားမှုနဲ့ အစိုး ရတာ။ လမ်းဘေးက ပေါက်တဲ့ သစ်ရွက်က ဘာလုပ်နိုင်မှာလဲ အစိုး"

"ဟာ သစ်ရွက်ကလေးက ကယ်တာပါ မမရဲ့။ ဒီသစ်ရွက် မရှိခင်က ကျွန်တော် စာမရဘူး မဟုတ်လား"

"အစိုးအမြင်မှားနေပြီ။ ဟိုတုန်းက အစိုးစိတ်ထဲမှာ သင်ခန်းစာတွေဟာ ခက်တယ်၊ ကျက်လို့မှတ်လို့ ရမှာမဟုတ်ဘူးလို့ စွဲနေတယ်။ ဒီအစွဲက အစိုးကို လူညံ့ဖြစ်အောင် လုပ်ခဲ့တယ်။ ဟော သစ်ရွက်ကလေးလဲရရော သစ်ရွက်ကို အားကိုးပြီး ငါလုပ်ယင် ဖြစ်ရမယ်ဆိုတဲ့ အတွေးလေး ဝင်လာတယ်။ ဒီတော့ ခက်ခဲသမျှတွေကို လွယ်တယ်လို့ ထင်ခဲ့တဲ့လူဟာ စာကျက်ယင် စာရ လွယ်တာပေါ့။ စာရတော့ စာကျက် မပျင်းတော့ဘူး ပေါ့။ ကဲ သစ်ရွက်ကလေးကို မဆောင်ဘဲနဲ့ ဒီပုံစံအတိုင်းကြိုးစားကြည့်စမ်း ရကို ရစေရမယ်"

"မမက ဒီသစ်ရွက်ကို အသုံးမကျမှန်း သိရဲ့နဲ့ ဘာကြောင့် ပေးရတာလဲ"

"အစိုးရဲ့ အစွဲကို ချွတ်ပြီး စိတ်ခိုင်အောင် လုပ်ပေးတာပါ။ ဟော ခုတော့ အစိုးစိတ်လဲ ခိုင်လာပြီမို့ အသုံးမကျတဲ့သစ်ရွက်အကြောင်းကို မမ ဖွင့်ပြောတာ။ တကယ်တော့ အစိုးစိတ်ထဲမှာ ငါလုပ်ယင် ဘာမဆိုဖြစ်ရမယ်ဆိုတဲ့အစွဲမျိုးကို စွဲထားရမယ်၊ ဒါမှ လုပ်တဲ့အလုပ်တိုင်း အောင်မြင်မှာ။ သဘောပေါက်ပြီလား အစိုး"

မမ၏ စကားအဆုံးတွင် ကျွန်တော် ခေါင်းညိတ်လိုက်မိသည်။ မမ၏ ရှင်းပြချက်ကို ကျွန်တော်သဘောပေါက်ပါပြီ။

သတင်းစာထဲတွင် ကျွန်တော်တို့ လူသားတွေသည် ကမ္ဘာနှင့် အလှမ်းဝေးကွာသည့် လပေါ်သို့ ရောက်ခဲ့ကြောင်းကို ကျွန်တော် ဖတ်ဘူးပါသည်။ ရောက်လိမ့်မည်ဟု မမြော်လင့် မမြော်မှန်းရဲသည့် နေရာသို့ ကျွန်တော်တို့လူသားတွေခြေချနိုင်ခဲ့ပေပြီ။

လပေါ်သို့ပင် လူရောက်နိုင်ခဲ့လျှင် လူသားတယောက် ဖြစ်သော ကျွန်တော်သည် လည်း ပညာကို ရအောင် အဘယ်ကြောင့် မကြိုးစားနိုင် ရမည်နည်း။ ကျွန်တော်သည် လူသာ အရာရာကို လွှမ်းမိုးနိုင်ကြောင်း သဘောပေါက်ခဲ့ပါပြီ။ ကျွန်တော့်ကိုယ်ကျွန်တော် အားကိုးရပါပြီ။ နောင်ဆိုလျှင် ဘာမျှမလုပ်နိုင်သောသစ်ရွက်ကလေးကို အားကိုးဖို့ မလိုတော့ပါ။

# အိမ်နောက်ဖေးမှာ ဈေးဆိုင်တည်

ပဲလင်းမြွေသီး အရပ်ရှေ၊
တွဲလဲ ခိုလို့နေ။

ရွှေဖရုံက ရသာထူး၊
ဆွတ်လို့ ကုန်နိုင်ဘူး။

ဘူးသီးကြီးက ပုတိုတို၊
ဖိုးဝရုပ်ကြီးလို။

ဟင်းရည်ချိုတဲ့ ဆူးပုပ်ရွက်၊
ဘူးညွန့် ဖရုံရွက်။

ကြက်ဟင်းခါးနဲ့ ခရမ်းချဉ်၊
ငရုတ် နံနံပင်။

ဗိတာမင် ပေါကြွယ်ဝ၊
သီးရွက် အာဟာရ။

ဝင်ငွေရလို့ အကျိုးရှိသည်၊
အိမ်နောက်ဖေးမှာ
ဈေးဆိုင်တည်။

ညီညီညာညာ တမိသား၊
စုပေါင်း ဒို့လုပ်အား။ ။

မောင်တင်စိုး(သစ်ရာကောက်)



R. 517

# ဘုတ် စိုးလွင်မြင့်


ကျီးကို ဘုတ်ရှိသေ ဘုတ်ကို ကျီးရှိသေ ဟူသော စကားကို ကြားဘူးကြမည် ဖြစ်သော်လည်း ဘုတ်ကို သေချာစွာ မြင်ဘူးသူကား နည်းပေမည်။ ဘုတ်သည် အလျား ၁၈ လက်မခန့် ရှိသည်။ ကိုယ်မှာ မည်းနက်ပြီး အတောင်မှာ အုန်းခွံရောင် နီကျင့်ကျင့် ဖြစ်သည်။

ဘုတ်သည် အသံကို မြှင့်လိုက် နှိမ့်လိုက်ဖြင့် ပျင်းရိလေးတွဲစွာ အော်တတ်သည်။

ဘုတ်ငှက်တို့၏ သားပေါက်ချိန်မှာ မိုးဥတုတွင် ဖြစ်သည်။ အသိုက်ကို ချုံဖုတ်၊ မြက်ဖုတ်၊ သစ်ကိုင်းခွများတွင် ပြုလုပ်သည်။ တမြုံလျှင် သုံးဥမှ ငါးဥအထိ ရှိတတ်ပြီး ဥမှာ ရှည်မျော မျောဖြစ်သည်။ တဥလျှင် ပျမ်းမျှအလျား ၁.၄၀ လက်မနှင့် ပြက် ၁.၂၀ လက်မ ရှိသည်။

ဘုတ်ကို စိုက်ပျိုးခင်းနှင့် မြေကွက်လပ်များတွင် အတွေ့ရ များသည်။ စိုစွတ်သော နေရာများတွင် နေတတ်၏။ ပုန်းလျှိုး ကွယ်လျှိုးနေ၍ မြေပေါ်တွင် အစာရှာဖွေ စားသောက်သည်။ ဘုတ်၏ အစာသည် ချေးထိုးပိုး၊ နံကောင်၊ အိမ်မြှောင်နှင့် မြွေများ ဖြစ်သည်။

ဘုတ်ကို အရှေ့တိုင်း နိုင်ငံများတွင် တွေ့ရသည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် ပေ ၄၀၀၀ အမြင့် ဒေသအထိ တွေ့မြင်ရသည်။



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၄။ အမှတ် ၃၃။

# ရွှေသွေး ဂျာနယ်

# ဗလ

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-မောင်အောင်ခင် (ကိုက်ကြီး)

၁၃၃၄ ခု ဝါခေါင်လဆန်း ၃ ရက် (၁၂-၈-၇၂)




ရလာသော ဝါးများ နွယ်ကြိုးများဖြင့် မောင်ဥက္ကာသည် ဖောင်ဖွဲ့စေပြီး တဖက်ကမ်းသို့ကူးရန် ခတ်တက် ခတ်တိုင်များ စီစဉ်လေတော့သည်။

စနေနေ့တိုင်းထုတ်ဝေသည်။


ပစ္စည်းတွေတင်ကြ
ကဲ - တပြိုင်နက် - ရေထဲ တွန်းချ - ဟုတ်ပြီ - တွန်း
ကဲ - တက်ကြတော့ ကျုပ်ကိုင်ထားမယ်
ခါးထောင်းကျိုက် ခတ်တက်မြင်
ဟုတ်ပြီ - ခတ်....
တစ်.......နှစ်.........သုံး
တစ်.......နှစ်.........သုံး
မောင်ဥက္ကာလည်း ဖောင်ပေါ်တက်ပြီး—
ရဲရဲတင်းတင်း ဆင်းကြ....- ကျုပ်ဆွဲထားမယ်
ကိုမလ အားနဲ့ - ကြိုးနိုင်ရိုင်တုတ် ပါလား
အမြန်ခရီးကျယ်င ဒီဖောင် - သုံးရအုံးမယ်
အား
တဖက်ကမ်းသို့ ရောက်လျှင် မောင်ဥက္ကာ ပထမဆုံး ခုန်ချလိုက်ပြီး....
ကုန်းပေါ်သို့ ရောက်ကြသောအခါ—



အမယ်လေးလေး –
အေးကွ
နောက်တနေ့ ခရီးဆက်ကြပြန်သည်။
ငါ့မလဲ အတူတူဘဲ ပါလား
နားချိန်ရောက်၍ နားကြသောအခါ–
ဟာ – အရီး ... ကျွတ် ကျွတ် ...
ဖြစ်မှဖြစ်ရလေ ... ဘယ်နား နာသွားသလဲ
အား ကျွတ် ကျွတ်
ရွာအဝင်သို့ ရောက်သော် အဒေါ်ကြီး တယောက် လဲကျနေသည်ကို တွေ့သဖြင့်–
သာဓု – တော် – သာဓု ...
မောင်ရင်နဲ့ တွေ့ပေလို့
ဒါနဲ့ – မောင်ရင်က – ဘယ်သွားမလို့လဲ
ရပါ့တော်
အရီးနဲ့ လိုက်ခဲ့ပေါ့
ကြွကြပါ – သုံးဆောင်ကြပါ
အလှူအိမ်သို့ရောက်လျှင် ကိုမိုက္ကက သွက်လက်စွာ ပိုင်းကူလုပ်နေတော့၏။


ထိုသို့ ဝိုင်းကူလုပ်ပေးသဖြင့် အလှူရှင်နှင့် ရွာသားများ၏ ခင်မင်မှုကိုရကာ
မကြာမီ တောစခန်းသို့ ပြန်ရောက်လျှင်
ခရီးဆက်ကြပြန်သော် နေဝင်ချိန်၌ တောနက်ထဲတွင် တဲတလုံးတွေ့ရ၏။
တဲထဲတွင် တောရသေ့တပါးကို တွေ့ရသဖြင့် ကိုစာရိတ္တက လျှောက်ထား၏။
နံနက်မိုးလင်း၍ ခရီးဆက်ကြပြန်ရာ—


မာရာကာသီ ရောက်ပြီ
အင်း... ကောင်းပေစွ
ဒီတခါတော့ မြို့ထဲမှာ လူလို-သူလို အိပ်ရပါပြီ
မိုးချုပ်တော့မှ ဗာရာဏသီမြို့သို့ ရောက်ကြ၏။
ဟောဗျ- မြို့တံခါး-ပိတ်သွားမှ ကိုး
ဒုက္ခပါဘဲဗျာ
မြို့ပြင်မှာ-ရန်များတယ်
နေကြပါဦး ကျုပ်ကြံကြည့်ပါဦးမယ်
သို့သော် နေဝင်ပြီဖြစ်၍ မြို့တံခါးပိတ်လေပြီ။
တောက် တောက် တောက် တောက်
ဟဲ့-ဘယ်သူလဲ- ဘာလုပ်တာလဲဒါ- အချိန်မတော်
မောင်ဘောဂသည် မရောင်မလည်နှင့် မြို့တံခါးကြီးအနီး ကပ်သွားပြီး မလွယ်ပေါက်မှ....
တံခါးငယ် အသာလေး ဟလာလေသော်
များမကြာမီ မလွယ်ပေါက်ပွင့်လာပြီး—
အေးပါ- ကိုဘောဂ-ရယ်
မောင်မင်းကြီးသား ကျေးဇူးပါဘဲ
မြို့တွင်းရှိ ဇရပ်တဆောင်တွင် အိပ်ကြရသည်။



နံနက်တွင် တက္ကသိုလ်သို့ သွားကြလေသည်။
မောင်ရင်တို့ငါးဦး ဤတက္ကသိုလ် နယ်မြေသို့လာကြ သည့် အကြောင်းရင်း ကို - ပြောပြစမ်း ပေါ့....
တက္ကသိုလ် ဆရာကြီးရှေ့သို့ ရောက်လေလျှင်
xxxx ကျွန်တော်များ တယောက်တယောက်စီတွင် - ကာယ - ဉာဏ - ဘောဂ - မိတ္တ - စာရိတ္တ အသင့်အတင့် ရှိသူများ ဖြစ်ပါတယ်။ တနေ့တော့ - မြို့စားကြီး၏ အလှူငွေ့ခံပွဲမှာ - ဆုံမိကြပြီး xxxxxx ထိုနောက် လမ်းခရီးတွင် xxxxxxxx ထို့ကြောင့် - မည်သူက - အမိက - ဆိုတာကို - ဆရာကြီး၏ အဆုံးအဖြတ် ခံရန် - ရောက်လာရခြင်း ဖြစ်ပါတယ် .......
ထိုအခါ လူငယ်တို့က အကြောင်းစုံကို အစီရင်ခံပြီး ဆရာကြီး၏ အဆုံးအဖြတ်ကို တောင်းရာ—
....မောင်ရင်တို့ တဦးစီရဲ့ - အရည်အချင်းနဲ့ လမ်းခရီးမှာ တွေ့တဲ့ ဒုက္ခတွေကို ဖြေရှင်းနိုင်ကြ၍ - ဆရာထံရောက်လာကြတယ်ဆို။ ဒီတော့ - အဖြေပေါ်နေပါပြီ မဟုတ်လား ------
---ဉာဏ်မမှီ၍ - ရှင်းလင်းပြပါရန် - ပန်ကြားအပ်ပါသည် - ကဝိထိပ်သီး ဆရာကြီးခင်များ




.... မောင်ရင်တို့ ပြောပြတဲ့ အထဲမှာ ......
လမ်းခရီးမှာတုန်းက ........
ညတာကျော်လာ့ လဲတော့ - မောင်ကါယ - ပါပေလို့-
ချောင်းဖြတ်ကူးတော့ - မောင်ဉာဏ - ပါပေလို့-
အစာရေစာပြတ်တော့ - မောင်မေတ္တ - ပါပေလို့-
ရသေ့ကြီးထံ ရောက်တော့ - မောင်စာရိတ္တ-ပါပေလို့-
မြို့တံခါးပိတ်ထားတော့ - မောင်ဘောဂ - ပါပေလို့-
ဖွင့်တယ်ဆိုတာ -
အဖွဲ့ရဲ့တော့ -
အားလုံးကောင်းတဲ့
စွမ်းရည်တွေကြီး
တဲ့ကွဲ -----
ဒီတော့ .....
လူတိုင်း - လူတိုင်း မှာသာ - ဒီလိုစွမ်းရည်
ငါးမျိုးလုံး ရှိယင် - မကောင်းနိုင်ပဲ ဘယ်နေရာ
ဆရာ - ဥပမာ တခု - ပုံစံအားဖြင့်ပြမယ် ....
နားထောင် ....
ရန်သူကို တွန်းလှန်ရန် - ဓါးကိုဆွဲယင် - ဟောဒီ
လက်ချောင်းကလေး - ငါးချောင်းလုံး တ - တညီ
တညွတ်တည်း - မြဲမြဲမြံမြံ - ဆုတ်ကိုင်နိုင်မှ
တွန်းလှန်လို့ရတယ် ........
အကယ်၍ - လက်ချောင်း
ကလေးတွေ ဖစ်ယင်
မြဲမြဲ ဆုတ်ကိုင် နိုင်မှာ
မဟုတ်ဘူး။
အဲ ဒီလိုဘဲ - ကါယ၊ ဉာဏ၊ ဘောဂ၊ မေတ္တ၊ စာရိတ္တ - ဆိုတဲ့
ဗလငါးတန်
ကိုယ်စီကိုယ်ငှ
ရှိကြရမယ်။
ဒီတော့မှ သာလျှင်
နိုင်ငံ့ အကျိုး
လူမျိုးအကျိုး - သာသနာ့ အကျိုးတို့ကို
ကောင်းကောင်း - ဆောင်ရွက် နိုင်ကြမှာပေါ့-
ဟုတ်ကဲ့လား ..
နားရှင်းလှပါဘိ - ဆရာကြီး ခင်ဗျား ...
ကျေးဇူးတော်ကြီး လှပါပေသည်။
ကျွန်တော်များ ပါလာမှု -
အသပြာ များကို - ရ၍
ဉာဏ်ပူဇော်ခြင်းကို
နည်းသည် များသည်
ပ မာန - မထားဘဲ
ခွင့်လွှတ်၍ ---
လက်ခံ တော်မူပါ
ဆရာကြီး ---
-----
အိမ်း -
သာဓု
သာဓု
ငါတို့အားလုံး
အဓိကကျတဲ့
အတူတူ
ဘဲ
သို့ဖြင့် မိတ်ဆွေငါးဦးတို့မှာ မိမိတို့ ရပ်ထံသို့
ပျော်ပျော်ပါးပါး ပြန်ခဲ့ကြလေသတည်း။
ပြီး

# မြေတွင်းရေ


ဆိုးလွင်မြင့် ကဆွဲ











ရိုးရိုးရေတွင်း တူးနေသည်ကိုဖြစ်စေ၊ အဝီစိတွင်း တူးနေသည်ကိုဖြစ်စေ တွေ့မြင်ဘူးကြပေမည်။ အဝီစိတွင်းတူးရာ၌ လွန်ပါရှိသည့် ပိုက်လုံးသည် မြေတွင်းရှိ မြေပျော့၊ မြေမာ၊ ကျောက်သားမရွေး တဖြည်းဖြည်း ထိုးထွင်းစူးဝင်သွားသည်။ မြေအောက်အနက် ပေ ၂၀ မှ ၅၀ သို့မဟုတ် ၁၀၀ ကျော်သို့ ရောက်ရှိသောအခါ ထိုပိုက်လုံးသည် မြေတွင်းရေကို ထိတွေ့ပေတော့သည်။

ကမ္ဘာပေါ်၌ ခြောက်သွေ့သော သဲကန္တာရများ အပါအဝင် မည်သည့် အရပ်ဒေသတွင်မဆို မြေတွင်းရေကို တူးဖော်ရရှိနိုင်ပေသည်။ ကမ္ဘာ့မြေလွှာသည် အမှန်စင်စစ် ရေများကို စုတ်ယူထားသော အလွှာပင်ဖြစ်သည်။ မြေစိုင်မြေခဲနှင့် ကျောက်စိုင်ကျောက်သားများ အကြားရှိ နေရာလွတ်ကလေးများတွင် ရေဝပ်နေတတ်သည်။ အချို့ဒေသများ၌ ဤသို့သော ကြားနေရာလွတ်ပေါင်းများစွာ စုပေါင်း၍ နေတတ်သည်။

ကမ္ဘာ့မြေလွှာပေါ်ရှိရေနှင့် မြေတွင်းရေတို့သည် မြေအောက် နက်သောနေရာရှိ ရေကန်တို့မှ ထွက်ပေါ်လာကြသည်ဟု ရှေးကယူဆခဲ့ကြသည်။ ယခုအခါ မြေအောက်၌ မြေတွင်းရေ အနည်းငယ်သာ မာတ်သဘောအရ ဖြစ်ထွန်းကြောင်း သိရှိရပေသည်။

နေ၏အပူရှိန်ကြောင့် ကမ္ဘာ့မြေထုနှင့် ပင်လယ်သမုဒ္ဒရာရှိ ရေများစွာသည် နွေးစဉ်နှင့်အမျှ အငွေ့ပျံလျက်ရှိသည်။ ရေခိုးရေငွေ့မှ တဖန် မိုးရေနှင့် ဆီးနှင်းအဖြစ် ပြန်ကျလာသည်။ တနှစ်အတွင်း ကမ္ဘာပေါ်သို့ ကျရောက်သောထိုရေ၏ထုထည်သည် သုံးပေခွဲမျှ ထုလေသည်။ ရေသည် မြေလွှာပေါ်၌ စီးဆင်း


ရင်း စိမ့်ဝင်သွားသည်။ မြေတွင်း၌ အစဉ်လှုပ်ရှားကာ ရွေ့ကောက် တိုးဝင်သွားသော ရေတို့သည် နောက်ဆုံး၌ အက်ကွဲကြား နေရာမှန်သမျှ ရေများဖြင့် ပြည့်နေသည့်အပိုင်းသို့ ရောက်သွားသည်။ ရေဖြင့်ပြည့်နေသော ထိုအပိုင်းကို အောက်ခံရေပြင် သို့မဟုတ် ရေသိုပြင်ဟု ခေါ်လေသည်။




အောက်ခံရေပြင်သည် အမြဲတည်မနေဘဲ အတက်အကျ ရှိသည်။ ခြောက်သွေ့သော ရာသီတွင် ယင်းသည် နိမ့်ကျသွား၍ အချို့သော ရေတွင်းများ ခန်းခြောက်သွားတတ်သည်ကို တွေ့ရပေသည်။ စိုစွတ်သောရာသီ၌မူ ယင်းအောက်ခံရေပြင်သည် မြင့်တက်လာသည်။ မြေမျက်နှာပြင်နှင့် အောက်ခံရေပြင်တို့ တွေ့ဆုံသော နေရာများတွင် စိမ့်၊ စမ်း၊ ရေအိုင်နှင့် မြစ်ချောင်း စသည်တို့ကို တွေ့ရပေသည်။

မြေတွင်းရေတွင် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ ပျော်ဝင်နေ တတ်သည်။ထိုရေသည် မြေအောက်ရှိထုံးကျောက်တို့၏ အက်ကွဲကြောင်းများအတွင်းစိမ့်ဝင်တိုက်စားရာမှ နှစ်ပေါင်းသိန်းသန်း ကြာမြင့်သောအခါ လိုဏ်ခေါင်းကြီးများနှင့် ဂူကြီးများဖြစ်လာနိုင်သည်။ အမေရိကန်ပြည်ထောင်စု ကင်တပ်ကီပြည်နယ်ရှိ မန်းမောက် ဂူသည် ဤသို့ဖြစ်ပေါ်လာသော ဂူကြီးပင် ဖြစ်သည်။ ထိုဂူကြီး အတွင်း၌ ဂူငယ်ပေါင်းများစွာ ရှပ်ရှက်ခတ် ဖြစ်နေ၏။ ထိုဂူကြီး၏ အောက်ခံရေပြင်သည် ယခုအခါ နိမ့်ကျနေပြီဖြစ်၍ အမြင့်ပိုင်းရှိ ဂူများအတွင်းသို့ လူများ ဝင်ရောက်လေ့လာနိုင်သည်။ ထိုဂူများအတွင်း၌ ကျောက်ခက်ပန်းဆွဲနှင့် ကျောက်စက်မိုးမျှော်များ လှပစွာဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရပေသည်။

ပင်လယ်အောက်ခံ ကြမ်းပြင်၏အောက် နက်သောနေရာ၌ ကျောက်သားများအသွင်ပြောင်းရာမှ ရေတို့သည် အခန်းဖွဲ့၍ နှစ်ပေါင်းများစွာ တည်နေတတ်သည်။ ရေကို သိမ်းဆည်းထားသော ထိုအခန်းတွင်းရှိ ရေကိုကျောက်တွင်းနဂိုပါရေဟု ခေါ်လေသည်။



ယခင်အပတ်မှအဆက်


ကပ္ပိယစုံထောက်
ဦးဖြူသီး
ဇာတ်လမ်း၊ တင့်ခန်း ☆ သရုပ်ဖော် ဦးစိန်
ကိုတိုးညွှက်သည် ဦးဖြူသီးတို့ စီစဉ်သည့် အတိုင်း နွားအုပ်နှင့်အတူ လျှိုထဲသို့ တိုးဝင်ခဲ့လေ၏။
ဦးဖြူသီး ပြောတဲ့ နေရာကိုတော့ ရောက်ပြီ ဘာမှလဲ မထူးခြား သေးဘူး
အမလေး
လက်ဖါကြီး
ကိုဘိုးညွှက် အော်သံ ကြားတယ် ဗျို့---- ထိုင်းဘို့ အချက်ပေး ကြဗျို့
ထိုင်းကြာပေါ့ ထိုင်းကြာ


ဝေါ
ပစ်!
ဘာမှ မကြောက် ကြနဲ့-အလ ကား ဟာကြီးကွ-ပစ် ချလိုက်
ထိ တယ်ပေါ့-ပစ်ကွ အလကား ဥစ္စာကြီးကွ
ဟင်..လက်ဖါကြီး ဆိုတာ နွားနက် သားရေတခုကို လို့လက် သဏ္ဍာန် လုပ် ထား တာကိုး
ဒီ အပေါ်မှာ..သူတို့ အခေါင် တယောက်ရှိမယ်ဗျ-သွား နဲ့ ဝင်လာတဲ့လူကို-လက်ဖါကြီးနဲ့ ချောက်ပြပြီး..တောင်ခေါင်း ထဲက ကောင်တွေက-ကျဉ် ခဲ့တဲ့ မြှား ကိုဝင်ဆွဲ တာဘာ



တောင်ခေါင်းထဲမှာ နွားသူခိုးတွေ ရှိမယ်..ဒါတော့ ကျုပ်တို့ ရှေ့က ဝင်မယ်· ခင်ဗျားတို့က-လူဖြန့် ပြီး လိုက်ခဲ့ကြပေတော့
အထဲမှာ သိပ် မှောင်မဲနေမှာမို့ ဝါးလုံးခြောက်တွေကို မီးတုတ် လုပ်ပြီး ဝင်မှဘဲ-လာဗျို့
ဖြစ်ပါ့မလား ဦးဖုန့်သီး ရဲ့-အထဲမှာ တခုခု နဲ့ တိုးနေယင်
ဘီလူး ရှိတယ်လို့များ ထင်နေသေးလို့ လား
နွားသူခိုး တွေတော့ ထွက်ပေါက်ပိတ် နေပြီ
ခြေသံကြားတယ် သတိထားဗျို့
ဟော့ ကောင်တွေ လက်မြှောက်လိုက် မင်းတို့ကို ဝိုင်းထားပြီ

ဆက်ရန်

# ရီအိုဒီ ဂျနီးရိုး

ဗရာဇီးနိုင်ငံ၏ မြို့တော်ဟောင်း ရီအိုဒီဂျနီးရိုးမြို့ကို ကမ္ဘာတွင် အခမ်းနားဆုံးနှင့် အလှပဆုံးမြို့အဖြစ် အများက သတ်မှတ်ကြသည်။ ထိုကဲ့သို့ နာမည်ကြီးရခြင်းမှာ ကမ္ဘာ့အကြီးဆုံးနှင့် အကောင်းဆုံး ဆိပ်ကမ်းများရှိခြင်းကြောင့်တကြောင်း၊ သင်္ဘောကြီးများ ကမ်းကပ်သောတန်တားအထိ ဝင်နိုင်ရန် ရေနက်ခြင်းကြောင့်တကြောင်းတို့ကြောင့် ဖြစ်လေသည်။

မြို့မှာ ရီအိုဒီဂျနီးရိုးပင်လယ်အော်ခေါ် ဂါနာဗားရား ပင်လယ်အော်၏ အနောက်ဖက်ခြမ်းတွင် တည်ရှိသည်။ ပင်လယ်အော်မှာ ၁၈ မိုင် ရှည်လျားပြီး အကျယ်ဆုံး နေရာမှာ ၁၂ မိုင်ရှိသော်လည်း အတ္တလန္တိတ် သမုဒ္ဒရာသို့ဝင်ရာ ရေကြောင်း၌ တမိုင်မျှသာ ကျယ်သည်။ အကြီးဆုံး




ကမ်းခြေမှာ ကိုပါကဗားနားကမ်းခြေဖြစ်၏။

ကမ်းခြေနှင့် ကပ်လျက် မြို့ပတ်ပတ်လည်၌ ချွန်ထက်မြင့်မားသော တောင်တန်းများက ဝန်းရံထားသည်။ မြို့၏အနောက်ဖက်တွင် ပေ ၂၃၁၀ မြင့်သော ခါးကုန်းကြီးတောင် ခေါ် ကော်ကိုဗားဒိုးတောင် ရှိသည်။ ထိုတောင်ထိပ်၌ ခရစ်တော်ယေရှု၏ အင်တေရုပ်တုကြီးကို သွန်းလုပ်ထားပြီး ညဥ့်အခါ မီးမောင်းများဖြင့် ထိုးထားခြင်းကြောင့် ပင်လယ်ထဲမှ ထိုရုပ်တုကြီးကို လှမ်း၍ မြင်သာလေသည်။

ရီအိုဒီဂျနီးရိုးမြို့၏ အစည်ကားဆုံး နေရာမှာ ကမ်းခြေတလျှောက် ဖောက်ထားသော အဲဗနီဒါ ဗီရာမားခေါ် သုံးမိုင်ရှည်သော လမ်းကျယ်ကြီးတလျှောက် ဖြစ်သည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)



# အသိ

ညိုညိုယဉ်(ဒိုက်ဦး)



"အိမ်ရှင်တို့ – – အိမ်ရှင်တို့ ခင်ဗျာ"

ကျောင်းပိတ်ရက် နေ့တနေ့ ဖြစ်ပါသည်။ ဖေဖေနှင့် မေမေ တို့က အိမ်နောက်ဖေးတွင်ကော် ဖီသောက်နေကြပါသည်။ ကျွန် တော်က အိမ်ရှေ့တွင်ကစားနေ ပါသည်။ ထိုစဉ် လူကြီး တ ယောက် အိမ်တံခါးဝသို့ လာရပ် ပြီးအသံပြုလိုက်၏။ လူကြီး၏အ ဝတ်အစားမှာ ဟောင်းနွမ်းနေ ပါသည်။ ရုပ်ရည်မှာမူ သနား ကမား အသွင် ဆောင်နေ ပါ သည်။

"ဖေဖေရေ– ဟောဒီမှာ လူ ကြီးတယောက်"

ကျွန်တော့် အသံ ကြောင့် ဖေဖေ ထွက်လာပါသည်။

"ဘာကိစ္စလဲ ဦးလေး"

"ဖေဖေက အိမ်ထဲမှ နေ၍ လှမ်းမေးလိုက်၏။

"ဦးလေးကိုကြိုက်ရာအလုပ် တခု ခိုင်းပါကွယ်။ ပြီးတော့ ထမင်းဘိုးလေး သနားပါ"

ထိုလူကြီး၏အသံသည် တုန် တုန်ရီရီနှင့် သနားစရာ ကောင်း လှ၏။ ဖေဖေက တံခါးဖွင့်ပေး လိုက်ပြီး အိမ်ထဲဝင်ထိုင်ရန်ခေါ် လိုက်သည်။

"ကဲ–သား ကိုစိုး၊ မေမေ့ဆီ မှာ ငွေတကျပ် သွားတောင်း စမ်း"

ဖေဖေက ကျွန်တော့်ကိုခိုင်း လိုက်၏။

"ဦးလေးက သူတောင်းစား မဟုတ်ပါဘူးကွယ်။ အစက ဈေး ထဲမှာ ကုန်ထမ်းပါတယ်။ အခု မထမ်းနိုင်လို့ ဒီလိုဘဲအလုပ်လေး တွေကို လိုက်ရှာတာပါ။ အိမ်က အမယ်ကြီးကလဲ မကျန်းမာဘူး ကွယ်"

"ဦးလေးတို့မှာ သားသမီး မရှိဘူးလား"

"မရှိပါဘူးကွယ်"

"ဦးလေး ဒီလို အလုပ်လိုက် လုပ်နေတာ ကြာပါပြီလား"

"ကြာပြီပေါ့ကွယ်။ ဦးလေး တို့က ခွန်အားနဲ့အလုပ်လုပ်ရတဲ့ အလုပ်ကြမ်း သမား မဟုတ် လား။ အရင်ကဆို သူများနည်း တူ ထမ်းနိုင်ပိုးနိုင်တာပေါ့။ ပင် ပန်းတယ် မထင်ဘူး။ အသက် ကြီးလာတော့ မထမ်းနိုင်တော့ ဘူး။ လုပ်ကိုင်ကျွေးမဲ့သားသမီး ကလဲ မရှိ၊ အလုပ် မလုပ်ယင်လဲ မဖြစ်တော့လို့ ဒီလိုဘဲ လျှောက် လုပ်နေရတယ်"

"ဦးလေးက ဘာ အလုပ် များ လုပ်နိုင်ပါသလဲခင်ဗျာ"

"ရေခပ်၊ ထင်းခွဲ၊ ထရံတွေ ဘာတွေရက်ပေါ့။ သိပ်ပြီးမပင်ပန်းတဲ့အလုပ်ဘဲ လုပ်နိုင်တော့တယ်။ ဦးလေးကလဲ သူများဆီက ပိုက်ဆံကို အလကား မယူချင်ဘူးကွယ်။ အခုလဲ ဦးလေးကို တခုခု ခိုင်းစမ်းပါ။ တတ်နိုင်သလောက် လုပ်ပါရစေ"

ကျွန်တော့်အဖို့ ထိုစကားမှာအဆန်းဖြစ်နေသဖြင့်စိတ်ဝင်စားစွာနားထောင်နေမိသည်။

"ဒီတခါတော့ ယူပါဦးလေးရယ်၊ ဦးလေးကို မခိုင်းရက်လို့ပါ။ ကုသိုလ် ပြုတယ် လို့ဘဲ အောက်မေ့ပါ"

ထိုလူကြီးသည် ဖေဖေ့ စကားကို ရုတ်တရက် လက်မခံလိုပေ။ အလုပ် လုပ်ရန်သာ ပြောနေ၏။ ဖေဖေက တောင်းတောင်းပန်ပန်နှင့် ပြောမှ အားနာနာနှင့် လက်ခံလိုက်သည်။

ဖေဖေသည် မေမေ့ထံမှ ငွေနှစ်ကျပ် တောင်း၍ ပေးလိုက်သည်။ လူကြီးက ဆုများပေးကာ ထွက်သွားသည်။

ပိုက်ဆံပေးတိုင်း မယူသော ထိုလူကြီးကို ကျွန်တော်က အံ့သြမိ၍ မျက်စိတဆုံး ကြည့်နေမိ၏။

ဖေဖေက

"တွေ့လား ကိုစိုး၊ အဲဒီ လူကြီးက ကိုယ့်လုပ်အားနဲ့ရတဲ့ငွေမှ တန်ဘိုး ထားတယ်။ အလကားပေးတာကို မယူချင်ဘူး။ ဘယ် လောက် ချီး ကျူးဘို့ကောင်းသလဲကြည့်စမ်း။ ဒီစိတ်ဓာတ်မျိုးကိုအတုယူသင့်တယ်"

"ကြည့်စမ်း ကိုစိုး၊ အလုပ်မလုပ်ဘဲ ပိုက်ဆံကို အလကား မယူချင်ဘူးတဲ့။ သားကတော့ အိမ်မှာ ဘာမှ ခိုင်းလို့မရဘူး။ ပိုက်ဆံတောင်းပြီး မုန့်ဝယ်စားဖို့ဘဲတတ်တယ်။ ဒီလူကြီးလို စိတ်မျိုး ရှိယင် မေမေတို့က သာတောင် မုန့်ဘိုးပေးအုံးမယ်"

မေမေကပါ ကျွန်တော့်ကို ပြောနေပါသည်။

ကျွန်တော်သည် အိမ်တွင် ဘာမျှမကူညီပဲ မုန့်ဘိုးကိုသာ အများ ကြီး တောင်း ခဲ့ သည် ကို သတိပြုလိုက်မိသည်။ ကျွန်တော်သည် ထိုလူကြီးနှင့်နှိုင်းစာလျှင် အလွန် ငယ်သေးသည်။ အိမ်ရှိ အလုပ်များကို ကောင်းစွာလုပ်ကိုင်နိုင်သော အရွယ်ဖြစ်လျက် ဘာမျှမလုပ်ပဲနေခဲ့သည်။ ကျွန်တော့်ကိုယ်ကျွန်တော် ရှက်မိ၏။ ကျွန်တော့်တွင် ကျွန်တော့်လုပ်အားကြောင့်ရရှိသော ငွေသာလျှင် တန်ဘိုး အရှိဆုံး ဖြစ်ကြောင်း "အသိ" ဝင်လာပါသည်။ ကျွန်တော်သည် ဖေဖေ့ကိုပြေးဖက်၍ လျှင်မြန်စွာကတိပေးလိုက်ပါသည်။

"ကျွန်တော် အိမ်အလုပ်ကို ကူလုပ်ပါတော့မယ် ဖေဖေ။ မုန့်ဘိုးလဲ အရမ်း မတောင်းတော့ပါဘူး"

# တောင်ကျ ချောင်းကလေး

ချောင်းကလေး၊
ချောင်းကလေး၊
ခရီး ကောက်ကွေ့ကွေ့။

ပန်းကုံးဖွေးဖွေး ပန်ဆင်ကာ၊
သီချင်း တစာစာ။

တွေ့ရာကျောက်ဆောင်
ဖြတ်ကျော်လွှား၊
အမြဲ မရပ်နား။ ။


ချောင်းကလေး၊
ချောင်းကလေး၊
တောင်ကျ စမ်းရေအေး၊
ပြေးလွှားခုန်ပေါက်
သန်မြန်စွာ၊
တိုက်စား စီးဆင်းလာ။

ဘယ်ရပ်ဘယ်ရွာ ခရီးသွား၊
လယ်ထဲ ယာထဲလား။ ။

မင်း(မန်းတက္ကသိုလ်)



R. 517



ပျံလွှားငှက်မျိုးတွင် ထင်ရှားသော ငှက်တမျိုးမှာ မိုးစာဖြစ်သည်။ အလျား ငါးလက်မခန့်ရှိ၍ တကိုယ်လုံးတွင် ကျပ်ခိုးရောင် လွှမ်းနေသည်။ ပျံသန်းရာတွင် အခြားသောပျံလွှားများလောက် မမြန်လှချေ။ မိုးစာ၏ အော်သံမှာ အနည်းငယ် တုန်သံပါသော်လည်း အခြားပျံလွှားငှက်မျိုးတို့၏အသံထက် သာယာပေသည်။

# မိုးစာ

စိုးလွင်မြင့်

မတ်လမှ ဩဂုတ်လအထိ မိုးစာများ သားပေါက်သည်။ ထန်းလက်တွင် အသိုက်ကို အမွေးအတောင် ရေညှိတို့ဖြင့် ပြုလုပ်လေ့ရှိသည်။ ထန်းပင်ရှားပါးသော ဒေသတို့၌ အိမ်ခေါင်မိုးများပေါ်တွင် ပြုလုပ်လေ့ရှိသည်။ တမြုံလျှင် သုံးဥမှ ငါးဥအထိ ရှိတတ်သည်။ ဥမှာ ရှည်မျော၍ ဖြူသည်။ သို့သော် မချောမွတ်လှချေ။ တဥလျှင် ပျမ်းမျှ အလျား ၀.၆၇ လက်မနှင့် ပြက် ၀.၄၆ လက်မရှိသည်။

ထန်းပင်ပေါများသော ရွာနီးချုံစပ်၌ အများအပြား တွေ့ရသည်။ ဥယျာဉ်ပန်းခြံနှင့် မြို့ကြီးရွာကြီးရှိ ဝင်းခြံများသို့လည်း မကြာခဏ လာရောက်ကျက်စားသည်။ မှက်ယင်ရဲမျိုးကို အများဆုံးစားသည်။ ပိုးဖလံနှင့် အခြားသော ပိုးမွှားများကိုလည်း စားသည်။



မိုးစာကို အာဖရိကတိုက်နှင့် အာရှတိုက်တောင်ပိုင်းတွင် အနှံ့အပြား တွေ့ရ၏။ မြန်မာနိုင်ငံတွင် ပေ ၅၀၀၀ အမြင့်ရှိ ဒေသတိုင်အောင် အနှံ့တွေ့ရသည်။

၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၄၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၄၊ အမှတ်-၃၄။

# မောင်သံ နှင့် မဆား

ဇာတ်လမ်း - ကြွယ်ကြွယ်
သရုပ်ဖော်-

# ရွှေသွေး ဂျာနယ်

၁၃၃၄ ခု၊ ဝါခေါင်လဆန်း ၁၀-ရက် (၁၉-၈-၇၂)




စနေနေ့တိုင်း ထုတ်ဝေသည်။


မောင်သံသည် ဦးသံမှို ပန်းပဲဖိုသို့ ရောက်သောအခါ သံနှင့်ပြုလုပ်ထားသော ပစ္စည်းအမျိုးမျိုးကို တွေ့ရ၏
ဦးကြီး၊ ဒါတွေကို ဘာလို သံနဲ့ လုပ်လဲ ဦးကြီး
သံက မာလဲ မာတယ်၊ ပေါလဲ ပေါတယ်၊ တခြားပစ္စည်းတွေက သံလိုလဲ မမာဘူး၊ ပေါလဲ မပေါဘူးကွဲ့
သံသာမရှိရင်၊ ဓါးတွေ ဂျဲ့တွေ၊ တံစဉ်တွေ၊ ပေါက်တူးပေါက်ပြားတွေ၊ ရှူးဆောက်တန်ဆာပလာတွေ၊ မော်တော်ကား မီးရထားတွေ မီးသင်္ဘော လေယာဉ်ပျံတွေ လုပ်လို့ရမှာ မဟုတ်ဘူးကွဲ့
သံဟာ၊ ထမင်းဟင်းချက်ကမှာလဲ သုံးရတယ်၊ လယ်လုပ်ကမှာလဲ သုံးရတယ်၊ အိမ်ဆောက်ကမှာလဲ သုံးရတယ်၊ လမ်းဖေါက် တံတားဆောက်ကမှာလဲ သုံးရတာပဲ။ ကုန်ကုန်ပြောမယ်ကွာ ဘုရားစေတီတွေ တည်ကမှာလဲ သံဟာ သုံးရတာပဲကွဲ့
ဒါကြောင့်၊ သံဟာ ပစ္စည်းတွေအားလုံးထဲမှာ အသုံးဝင်ဆုံး ပစ္စည်းပဲပေါ့ကွဲ့
ဟုတ်ကဲ့ ခင်ဗျာ
ဦးသံမှို၏ စကားကို ကြားရသောအခါ မောင်သံသည် သူ၏နာမည်ကို သူအလွန်သဘောကျသွားလေတော့၏။


မဆားသည် ဒေါ်သဲမှုန်အိမ်သို့ ရောက်လာသောအခါ ဆားဝယ်သူများနှင့် ပြည့်နေသည်ကို တွေ့ရလေ၏။
ယက်ကန်းသည် မဝါနုကလည်း ချည်ဆိုးရာတွင်ထည့်ရန် ဆားလာဝယ်၏။
လယ်သမား ဦးမြကြီးကလည်း မျိုးစပါးကို ဆားရေ စိမ်ရန် ဆား လာဝယ်၏။
ဝိုးသည် ဒေါ်အိမ်ကလည်း ဝိုးထိမ်ရန် ဆား လာဝယ်၏။
ရွာလယ်က မယ်ပိုကလည်း မုန့်လုပ်ရန် ဆားလာဝယ်၏။
တနေ့တွင် ဒေါ်သဲမှုန်သည် ဆားရေနှင့် မျက်စဉ်းခတ်နေသည်ကို တွေ့ရပြီး
တညတွင် ခြေဖဝါးကို ဆားနှင့် ပွတ်နေသည်ကို တွေ့ရသဖြင့်
ဆားဟာ နေ့ရာတိုင်း မှာဘဲ အသုံးဝင်တာဘဲလား အဘိုး ဂွ
အေးပေါ့၊ နေ့ရာတိုင်းမှာအသုံးဝင်တာဘဲပေါ့


ဆားဟာ ထမင်းဟင်းချက်ဖို့မှာလဲ ပါရတယ်၊ မုန့်ပဲလုပ်ဖို့မှာလဲ ပါရတယ်၊ ငပိတွေ ငါးခြောက်တွေလုပ်ဖို့မှာလဲ ပါရတယ်
လယ်လုပ်ဖို့မှာလဲ ပါရတယ်၊ ကြက်ဘဲမွေးဖို့မှာလဲ ပါရတယ်၊ ဆေးဝါးဖော်ဖို့မှာလဲ ပါရတယ်
ဆားဟာ နေ့စဉ်တိုင်းမှာ ပါရတာဘဲ။ ကုန်ကုန်ပြောမယ် ဖွတ်ဥတောင်မှ ဆားမပါယင် အရသာမရှိဘူးတဲ့ တူမကြီးရဲ့
ဒေါ်သဲမှုန်ကြီး၏ စကားကြောင့် မဆားသည် သူ၏နာမည်ကို အလွန် သဘောကျသွားလေတော့၏။
သို့နှင့်
အဖေ အဖေ၊ ကျွန်တော်တို့ရဲ့ နာမယ်တွေကို ကျွန်တော်တို့ သဘောကျကြပါပြီ အဖေ
အေး၊ သဲတို့ဆားတို့ဟာ တန်ဘိုးနည်းကြပေမဲ့ အသုံးဝင်ဆုံးပစ္စည်းတွေဖြစ်ကြသလို၊ သားနဲ့သမီးဟာလဲ ဆင်းရဲသားသားသမီးဖြစ်ပေမဲ့ အသုံးဝင်ဆုံးလူတွေ ဖြစ်လာအောင် အဖေက ဒီနာမယ်တွေကို တမင်ပေးထားတာဘဲကွဲ့
ဟုတ်ကဲ့
ဟုတ်ကဲ့



ကပ္ပိယစုံထောက်
ဦးဖြူသီး
သရုပ်ဖော်
ဇာတ်လမ်း တင့်ခန်း ☆ ဦးစိန်
တောင်ခေါင်းထဲသို့ ဝင်ခဲ့ကြရာ ဓား မြှောင်ကို ကိုင်ထားသော လူဆိုးတ ယောက်ကို တွေ့လေသော်....
ဟေ့-မေး နေတာ မကြား ဘူးလားဗျ
လွယ်လွယ်နဲ့ဖမ်း လို့ရမယ်ထင် လို့လား
အမလေးဗျ သေပါပြီ
ကျနော်တယောက်ထဲ မဟုတ်ပါဘူး-နောက် သုံးယောက် ကျန် ပါသေးတယ်



အား
ဟား ဟား ဟား လူဆိုးတယောက်တော့ နဲ့လေးအကြောင်းသိ သွားပြီ
အမလေး-ဗိုင်းထား တဲ့ လူထုကလဲ မနဲ ပါကလား-ခံရွပါဘ်
ဘိုက်
အဲ့
ကျုပ်လဲဘ်-လူဆိုး တယောက်လောက် တော့ ဖမ်းချင်ပါ တယ်ဗျာ
ဒိုး
သေပေတော့


မင်း သေချင်လို့ ဝင်ရှုပ်တာလား
ကဲကွာ
ဘုန်း
ဟာ.. ကိုဘိုးရွှယ်ကြီးကလဲ လူဆိုးတယောက်ကို ဖမ်းထားတယ်ဗျ
စုပေါင်းပြီး ညီညီညွတ်ညွတ်နဲ့ ပူးလုပ်လိုက်တဲ့အတွက် ဓားသူခိုးတဖွဲ့လုံး ကို..ဖမ်းမိတာဘဲ
စုပေါင်းဆောင်ရွက်ကြလို့ လက်မဲကြီး ဆိုတာလဲ ရှင်းသွားပြီ.. ဦးပုံသိးတို့ ဆရာတယည့် ကိုလဲ ကျေးရွာ တင်တယ်ဗျာ
မြန်ပြီ မျှ ဦးဘိုးရွှယ်

# ပင်လယ်ကမ်းရိုးတန်း ကမ်းမြှင့်



စိုးလွင်မြင့်
ကဆွဲ


အသံမြည်ဟည်းပြီး တလိန့်လိန့် တက်လာသော ရေလှိုင်းတို့သည် ပင်လယ်ကမ်းခြေ ရေစပ်၌ ရပ်နေသူအား လာရောက်ရိုက်ခတ်ကာ ပြန်၍ လိန့်ဆင်းသွားသည်ကို တွေ့မြင်ဘူးကြပေမည်။



ရေလှိုင်းတို့သည် ကမ်းခြေ သို့မဟုတ် ကမ်းပြင်သို့ လှိမ့်၍ တက်လာစဉ် သဲ၊ ခရုခွံ၊ ကျောက်စရစ် စသည်တို့ပါလာတတ်သည်။ ရေလှိုင်းတို့ ကမ်းခြေသို့ ရိုက်ခတ်ဖန်များလာလေ ယင်းတို့နှင့်အတူပါလာသော ပင်လယ်မှ ပစ္စည်းများ ကမ်းပြင်၌စုပုံကျန်ရစ်လေ ဖြစ်သည်။ ထိုပစ္စည်းတို့သည် အနည်အဖြစ် တနှစ်ပြီးတနှစ် ဆက်လက်စုပုံရာမှ ကြာမြင့်သော် ကမ်းပြင်သည် မြင့်တက်လာသည်။ ပင်လယ်ရေလှိုင်းမရောက်ရှိသောနေရာများမှ သဲတို့သည် ခြောက်သွေ့ပေါ့ပါးသဖြင့် လေနှင့်အတူ ပါသွားပြီး ကမ်းရိုးတန်းနောက်တွင် သဲခုံများအဖြစ် စုပုံနေပေသည်။

ရေလှိုင်းတို့နှင့်အတူ ပါလာသော အနည်အနှစ်တို့ ကျန်ရစ်ခဲ့ခြင်းဖြင့် ကမ်းပြင်ရှိ ချိုင့်ကလေးများပြည့်လာသည်။ ကြမ်းတမ်းသောမျက်နှာပြင်တို့သည်လည်း ချောမွတ်လာသည်။ မြန်မာနိုင်ငံ ငပလီကမ်းခြေနှင့် မောင်းမကန် ကမ်းခြေတို့ရှိ ရှည်လျားသော သဲသောင်ပြင်များသည် ဤကဲ့သို့သော ပင်လယ်ကမ်းပြင်များပင် ဖြစ်လေသည်။

လေပြင်းထန်စွာ တိုက်ခတ်ရာ၌ ပင်လယ်ရေလှိုင်းတို့သည် တမိနစ်လျှင် ဆယ့်နှစ်ကြိမ်မျှ ဖြစ်ပေါ်ပြီး လှိုင်းခေါင်းတို့သည် အလွန်မြန်စွာ






ကြေပျက်သဖြင့် ရေလှိုင်းတခုစီသည် ယင်းတို့၏ ပုံမှန်လှုပ်ရှားမှုကို ပြီးဆုံးအောင် မလုပ်ဆောင်နိုင်တော့ပေ။ ရေလှိုင်းတခုသည် ပြန်လည် ကျဆင်းရာ၌ မြန်စွာတက်လာသော နောက် ရေလှိုင်းတခုနှင့် တိုးမိသည်။ သို့ဖြစ်ရာ၌ ကျဆင်းသော ရေ၏ အင်အားသည် ပိုမိုသဖြင့် ကမ်းပြင်ရှိ သဲနှင့် အနည်များသည် ရေဆင်းနှင့် အတူပါသွား လေတော့သည်။ တိုက်ခတ်သော လေမုန်တိုင်းများကြောင့် များစွာသော သဲတို့သည် ပင်လယ်ပြင်သို့ ပါသွားတတ်ရာ ကမ်းခြေတပိုက်တွင် မြုပ်နေသော အပျက်အစီးများ ပေါ်လာတတ်ပေသည်။

အချို့လေမုန်တိုင်းများကြောင့် ဖြစ်ပေါ်လာသော ရေလှိုင်းကြီးများကြောင့် ကမ်းခြေရှိ နံရံကြီးများပြိုပျက် သွားရတတ်ပေသည်။ ကမ်းရိုးတန်းတလျှောက်ရှိ ကျောက်ဆောင် တို့လည်း ကြေကွဲပြိုလဲကြရပေသည်။ ရေလှိုင်းတွင်ရေလုံးအင်အားသာမက ပါလာသော ကျောက်တုံးများနှင့် ကျောက်စရစ်များ၏ အထပ်ထပ် ရိုက်ခတ်မှုအင်အားတို့လည်း ပါဝင်သေးသည်။ ကျောက်ဆောင်၏ အက်ကွဲကြောင်းများအတွင်း လေနှင့်ရေ တိုးဝင် နေရာမှ အက်ကွဲကြောင်းသည် ပိုမို ကြီးမားလာပြီး ကျောက်ဆောင်၏အောက်ခြေသည် ယိုင်နဲ့လာသည်။ အတန်ကြာသော် အောက်ခြေသည် ကြေပျက်၍ ပြိုကျရတော့သည်။ နှစ်များစွာက ဖြစ်ပေါ်တည်ရှိခဲ့သော အချို့ ကျောက်ဆောင်ကြီးများသည် သမုဒ္ဒရာရေလှိုင်းများ၏ ပုတ်ခတ်မှုဒဏ်ကို ကြာရှည်ခံစားခဲ့ရာမှ ဆန်းကြယ်လှပသောကျောက်စွန်း၊ ကျောက်တိုင်များ ဖြစ်လာကြသည်။ ပျော့သော သို့မဟုတ် ပွသော ကျောက်သားများသည် ပင်လယ်ရေ၏တိုက်စားမှုကြောင့် ဂူများဖြစ်သွားကြသည်။ တခါတရံ ထိုဂူမျိုးသည် ကုန်းတွင်းမျက်နှာပြင်တနေရာသို့ပင် ရောက်ရှိပေါက်ရောက်နေတတ်သည်။ တခါတရံတွင်လည်း ဂူသည် တဖြည်းဖြည်း ကျယ်လာရာမှ ကျောက်ပေါင်းကူး ဖြစ်လာနိုင်လေသည်။





မောင်သတ္တိနှင့် ကျားဘို
လက်ကို မတုန်စေနဲ့ သေသေချာချာ ချိန်..ဟုတ်ပြီ
သရုပ်ဖော်......
ဇာတ်လမ်း/ခင်နုစိန်(ဒဂုံမြေ)
☆ မောင်သတ္တိသည် သူ၏အဖိုးဖြစ်သူ မုဆိုးကြီး ဦးဖိုးလုံးနှင့်အတူ တောစပ်တွင်နေထိုင်သည်...၊ ☆ တောလိုက်မုဆိုး မျိုးရိုးဖြစ်သည့်အားလျော်စွာ မုဆိုးတို့တတ်အပ်သည့် ပညာဟူသမျှ အဖိုးထံမှ အကုန်သင်ယူသည်...၊
မောင်သတ္တိသည် အရွယ်နှင့် မလိုက်အောင် ဖျတ်လတ်သည်၊ သတ္တိရှိသည်၊ ကြိုးစားသည်...
သူ့ဘဝ သူ့အခြေအနေကလည်း ကြိုးစားမှ ဖြစ်မည်...။
ဒါမှ ငါ့အဖေကို ကိုက်သတ်သွားတဲ့ ကျားတွေကို မျိုးဖြုတ်ပစ်နိုင်မှာ...
ကျားဆိုလျှင် အရှင်မထားချင်၊ ဖေ့ကို သရိုင်းစီးမဆိုင်း အဆုံးစီရင်ပစ်ချင်သည်
ဝေါင်း!
သို့သော်...တစ်နေ့တွင် ကျားကလေး တစ်ကောင်ကို ဖိုးဖိုး ဖမ်းမိလာသည်.....။
သူ့ကို ကျားဘိုလို့ နာမယ်ပေး မယ်ကွာ...


မောင်သဇ္ဇိသည် ကျားသငယ်ကို သတ်မည်ဟု တကိုက်ကိုက်လုပ်နေရာ ဦးဖိုးလုံးက အတန်တန် တားမြစ်ပေးနေရသည်....
အပြစ်မဲ့ ကျားကလေးကို ဘာကြောင့် သတ်ချင်နေရတာလဲ...
မင်းအမေကို ကိုက်သတ်တာက တခြားကျားကြီး တကောင် မင်းပြန်ကလဲ့စားချေမှာက အပြစ်မဲ့တဲ့ ကျားကလေး...ဒါတရားသလား...၊ စဉ်းစားစမ်း
အမေ့ကို ကိုက်သတ်တာ ဒီကျားကလေးရဲ့ အမေ...ဒါမှမဟုတ် 'အဖေ' ဖြစ်နိုင်တယ်ဗျာ....၊ အဲဒါကြောင့်
အေးပါ... အဲဒီလို ဟုတ်ချင်ဟုတ်ပေါ့၊ သူ့မိဘပြုခဲ့တဲ့ အပြစ်ကို ဒီကျားကလေးက ဘာမသိညာမသိ ခံရမယ်ဆိုတာ တရားနည်းလမ်းမကျတာ အမှန်ဘဲ ငါ့မြေး....။
ဖိုးဖိုးကြီးပြောကြားသော ကျားသငယ်ချမ်းသာပေးထားရသည်၊ စိတ်ထဲကမူ လုံးဝမကျေနပ်...
သွား...ငါ့အနားမကပ်နဲ့
ဟား ဟား ဟား...ကျားသငယ် မင်းကိုချစ်လို့ပါ ငါ့မြေးရယ်
ရက်သတ္တတွေသာ ပြောင်းခဲ့သည် ကျားသငယ်အပေါ် မုန်းတီးစိတ်ကား မပြောင်းလဲ
သွား...ငါ့နောက်မလိုက်နဲ့ မင်းကို အလိုမရှိဘူး...


ကျားဘိုသည် မောင်သတ္တိစကားကို နားထောင်ရှာသည်၊ သွားဆိုလျှင်သွား၏၊ နေခဲ့ဆိုလျှင် နေခဲ့၏...
တနေ့သော်...တောထဲသို့တကိုယ်တည်းအမဲလိုက်အသွား တောတွင်း တနေရာတွင်.....
အလို...မြွေသံ
ရှပ်
ရုတ်တရက်မို့ ကြောင်နေစဉ်.....
မြွေကြီးပါလား...
ဟာ...ကျားဘို.....ကျားဘိုလိုက်လာပြီးငါ့အသက်ကို ဝင်ကယ်တာပါကလား...
ဝေါင်း
ကျားဘိုသည် မြွေကြီး၏ဦးခေါင်းကို အလျှမ်းဖမ်းခဲကာ ဆွဲခါသောကြောင့် မကြာမီ မြွေကြီးမှာ လုံးဝငြိမ်ကျသွားလေသည်...
မင်းသိပ်တော်ပါလား ကျားဘိုရယ် သိပ်တော်တာဘဲကွာ
ထိုနောက်
ငါ့ရဲ့အဖေကိုသတ်မှန်း သိ၍နာကျည်းစိတ်တွေကို မင်းရဲ့ ကြီးမားလှတဲ့ မေတ္တာစိတ်က လုံးဝအနိုင်ယူသွားပါပကောလား ကျားဘိုရယ်...ငါ့ကိုခွင့်လွှတ်ပါကွာ။

# နော်ဝေမှ ပင်လယ်ကွေ့ရှည်များ


ရေအောက်သို့ တမိုင်ခန့်နက်၍ ရေပေါ်တွင်တမိုင်ခန့်မြင့်ပြီး ကုန်းတွင်းပိုင်းသို့ မိုင်ပေါင်း များစွာ ကျယ်ပြန့် သွားသော ကျောက်တောင်ကြီးများကို နော်ဝေနိုင်ငံတွင် အများဆုံး တွေ့ရသည်။ ထို ကျောက်တောင်ကြီး များသည် မြစ်ရေတိုက်စားမှု၊ ရေခဲပြင်ကြီးများ တိုက်စားမှုတို့ကြောင့် နှစ် သန်းပေါင်းများစွာကပင် ဖြစ်ပေါ်နေခဲ့၍ ထိုကျောက်တောင်ကြီးများအကြား၌ ပင်လယ်ကွေ့ရှည်များ ဖြစ်ပေါ်လျက်ရှိပေသည်။

ပင်လက်ကွေ့ ရှည်များကို အခြားဒေသများ၌လည်း တွေ့နိုင်သော်လည်း နော်ဝေနိုင်ငံတွင် အများဆုံး တွေ့ရသဖြင့် နော်ဝေနိုင်ငံကို ''ပင်လယ်ကွေ့ရှည်များနိုင်ငံ'' ဟုပြောစမှတ်ပြုကြသည်။ နော်ဝေနိုင်ငံတွင် ပင်လယ်ကွေ့ရှည်များ ရာပေါင်းများစွာရှိပြီး အပျော်စီးသင်္ဘောများ ဆန်တက်နိုင်သည်။ အရှည်ဆုံးနှင့်အနက်ဆုံး ပင်လယ်ကွေ့ရှည်မှာ ၁၁၂ မိုင်ရှည်သော ဆွန်ဂနေ ပင်လယ်ကွေ့ရှည်ဖြစ်၏။ ပင်လယ်ကွေ့ရှည်ပေါင်း များစွာရှိခြင်းကြောင့် နော်ဝေနိုင်ငံကမ်းခြေသည် အကွေ့အကောက်မြောက်မြားစွာဖြင့် မိုင် ၁၂,၅၀၀ ပင် ရှိနေလေသည်။ ရေတံခွန်များ၊ နှင်းဖုံးတောင်ထိပ်များနှင့် ပင်လယ်ကွေ့ရှည်များကြောင့် နော်ဝေနိုင်ငံသည် အလွန် လှပကြည်နူးစရာကောင်းသော ဒေသအဖြစ် ကမ္ဘာတွင် ကျော်ကြားသည်။



**မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)**

## အပျင်းပြေ



လိပ်ပြာလေးရဲ့ အတောင်တဖက်မှာဘဲ ရောင်စုံရှိနေပြီး ကျန်တဖက်မှာတော့ မရှိဘဲ ဖြစ်နေတယ်ကွဲ၊ အဲဒါ ကလေးတို့က မရှိတဲ့ဖက်ကို ဟိုဖက်ကလိုဖြစ်အောင် အရောင် ခြယ်ပေးပါလားကွယ်။

ဇော်ဝင်း

# လျှပ်သောလက်များ

နွယ်ဝါမော်



ရီရီသည် တခါမျှ ဤမျှလောက် မရှက်ခဲ့ဘူးသေးချေ။ ယခုမူ ရှက်လိုက်သည့်ဖြစ်ခြင်း။ မျက်နှာကိုပင် ဓားဖြင့် လှီးပစ်လိုက်ချင်တော့သည်။

မနေ့က ရီရီတို့အိမ်မှာ ရီရီ၏ မွေးနေ့ပွဲလုပ်သည်။ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မဟုတ်။ မွေးနေ့ပွဲ တက်ရောက်သူတို့မှာ ရီရီ၏သူငယ်ချင်း ငါးယောက်နှင့် ရီရီတို့မိသားစု သုံးယောက်သာဖြစ်သည်။ သို့သော် ရီရီပျော်သည်။ ဖေဖေ ငှားလာခဲ့သောတိတ်ခွေကို ဖွင့်ပြီး ကွေးနေအောင် ကသည်အထိ ရီရီ ပျော်ခဲ့သည်။

သို့ဖြင့် ထမင်းစားချိန်သို့ ရောက်လာ၏။ ရီရီ၏ အထူးဧည့်သည်များအဖို့ ထမင်းစား၍ မြိန်မည်မှာ သေချာသည်။ ဟင်းကလည်း စုံလှသည်။ ဖေဖေ မကြာခဏ ချီးမွမ်းသော မေမေ၏ လက်ရာ ဖြစ်သည်။ နောက် မေမေကိုယ်တိုင် ထမင်းပွဲ ဟင်းပွဲ လိုက်ပေးသည်။ ထို့ကြောင့် ရီရီ ကိုယ်တိုင် စားကောင်းလိုက်သည် ဖြစ်ခြင်း။

"စားကြနော် – အဝသာ စားကြ"

သူငယ်ချင်းများ ပျော်ပျော်ပါးပါး အားမနာ တမ်း စားဝင်နိုင်စေရန် ထမင်းဝိုင်းတွင် လက်ဆုံ ဝင်စားနေသော ရီရီ၏ အသံလေးသည် မြူးမြူး သွက်သွက် ပေါ်ထွက်နေ၏။

ဤအချိန်တွင်မေမေရောက်လာ၏။ မေမေသည် ကြက်သားလိုက်ပွဲတပွဲကို ရီရီတို့ စားပွဲပေါ် သို့ လာချပြန်၏။ နောက် ပြုံးလျက် –

"စားကြနော် – သမီးတို့၊ အားမနာကြနဲ့၊ ဝအောင်သာ စားကြ"

"ဟုတ်တယ်ကွ၊ ဒီဟင်းတွေ အားလုံးဟာ မေမေ့ လက်ရာချည်းဘဲကွ။ မေမေက လက်ရာကောင်း...."

"ဟင်"

ရီရီ၏ စကားပင် မဆုံးသေးချေ။ ရီရီ့သူငယ်ချင်းငါးယောက်၏ အထိတ်တလန့် သံများက ပေါ်ထွက်လာ၏။ သူတို့သည် မေမေ၏ ညာဘက်လက်ကို စူးစူး စိုက်စိုက် ကြည့်နေကြ၏။

ရီရီသည် အစပထမတွင် နားမလည်နိုင်သလို ကြောင်နေသည်။ သူ့မေမေကိုကြည့်လိုက်၊ သူငယ်ချင်းများကို ကြည့်လိုက်နှင့် ပါးစပ်အဟောင်းသား ဖြစ်နေသည်။ သို့သော် ချက်ချင်းပင် သူနားလည် သဘောပေါက်သွားတော့၏။

ဤအချိန်တွင် –

"မြမြတို့ပြန်တော့မယ်ရီရီ"

သူငယ်ချင်း ငါးယောက်သည် ရီရီကို နှုတ်ဆက်၍ ထွက်ခွာသွားကြသည်။

ရီရီနှင့် မေမေသည် တယောက်ကို တယောက် ကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။ သို့သော် ရီရီသည် ချက်ချင်းပင် လှုပ်ရှားလာသည်။ လက်ချောင်းကလေး ငါးချောင်း

စလုံး ငုံးတိတိ ပြတ်နေသော မေမေ၏ ညာလက်ကို ရှုတည်တည် စိုက်ကြည့် လိုက် သည်။ နောက် ငိုသံပါကြီးဖြင့် –

"ရှက်လိုက်တာမေမေရယ်။ မေမေ့ လက်တွေကြောင့် သမီး ရှက်လိုက်တာ"

× × ×

မေမေ၏ ညာဘက်လက်ကို ရီရီ မြင်တွေ့နေရသည်မှာ ကြာပြီ။ ယခု ဆယ် နှစ် အ ရွယ် သို့ ရောက်သည်အထိပင်။ သို့သော် ရီရီ သတိမထားမိခဲ့ချေ။ ဤမျှ အရုပ်ဆိုးလိမ့်မည် ဟုလည်း မထင်မိခဲ့ချေ။ မေမေ့ကို ချစ်စိတ်ကြောင့် ဖြစ်ပေလိမ့်မည်။

တပတ်မျှ ကြာသောအခါတွင် မိသားစုထမင်းဝိုင်း၌ ရီရီသည် သူ၏ဆန္ဒကို အတိအလင်း ဖွင့် ဟ ကျေ ညာ လိုက် တော့သည်။

"ဘာပြောတယ်သမီး၊ ထပ်ပြောစမ်း"

ဖေဖေက ရီရီကို ဒေါသသံဖြင့် မေးလိုက်သည်။ ဖေဖေ့ မျက် နှာ သည် ကြောက် ဖွယ် ကောင်းလောက်အောင် တင်းမာနေသည်။

မေမေကား စားလက်စ ထမင်းကို လက်စသတ်၍ အိမ်ခန်းထဲသို့ ပြေးဝင်သွားပေပြီ။

ရီရီသည် ဖေဖေကို မဝံ့တဝံ့ လှမ်းကြည့်လျက် –

"သမီး မေမေနဲ့အတူထမင်း စားရမှာ ရှက်တယ်။ မေမေ့လက်တွေက...."

"တော်စမ်းသမီး၊ ရပ်လိုက်စမ်း"

ဖေ ဖေ က ဒေါ သ တ ကြီး အော်လိုက်ပြီး –

"သမီးအသက်ကိုကယ်ခဲ့တဲ့ မေမေ့လက်တွေကို သမီးက ရှက်သတဲ့လား"

"ဟင်– ဘာပြောတယ် ဖေဖေ"

"ဘာပြောရမလဲ ဟဲ့ – အမိုက်မလေးရဲ့။ သမီးနှစ်နှစ်သမီး အရွယ် တုန်းကလေ။ ဟောဒီ နေရာက အိမ်ဟောင်းကို မီးလောင်တုန်းကလေ။ မီးစွဲနေတဲ့ အိမ်ပေါ်ကို အတင်း ပြေးတက်ပြီး သမီးအသက်ကို အသက်စွန့် ကယ် ခဲ့ တဲ့ သမီး မေ မေ လေ လက်ကို မီးအလောင်ခံပြီး...."

"ဟင်– ဟုတ်လား ဖေဖေ"

ရီရီသည် ရုတ် တ ရက် ထ၍ မေမေရှိရာ အိမ်ခန်းထဲသို့ ပြေးဝင် သွား ပြီး အိပ် ရာ ပေါ် တွင် ငုတ်တုတ်ထိုင်နေသော မေမေ့ ရှေ့တွင် ပဆစ်တုပ် ထိုင်လျက် ကန်တော့ချလိုက်သည်။ နောက် မေမေ၏ ရင်ခွင်ထဲသို့ တိုးဝင်လိုက်ရင်းမှ မေမေ၏ ညာလက်ကို သူ့ပါးပြင်တွင် တယုတယ ကပ်ထားလိုက်၏။ နောက် ရှိုက်ကြီးတငင်ငိုချလိုက်တော့သည်။

"သမီးကို ခွင့်လွှတ်ပါ မေမေရယ်။ မေမေ့ရဲ့ လက်ချောင်းလေးတွေဟာ ကမ္ဘာ ပေါ် မှာ အလှဆုံး လက်ချောင်းတွေပါလို့ သမီးမိုက် ဂုဏ်ယူဝံ့ပါပြီ မေမေရယ်...."

## ခရေပင်

ဗို့ကျောင်းရှေ့က ခရေပင်၊
စိမ်းစိမ်းစိုစို ဝေဝေလွင်။

သူ့အသွင် တည်ငြိမ်သား၊
နွေနေပူတော့ ညှိုးမသွား။

ရွက်ခြောက်ကလေးများ
ကြွေပါလျှင်၊
ရွက်သစ်ရွက်နု ကိုက်ညှိနှိုင်းဆင်။

မိုးသခင်က နှုတ်ဆက်တော့၊
ခရေပန်းတွေ ပွင့်တာပေါ့။

တကျော့နှစ်ကျော့
လေပြင်းလာ၊
ခရေပန်းတွေ ကြွေရရှာ။

ခဏကြာတော့ ခရေဖူး၊
သည်ပင်ထက်မှာလန်းကာမြူး။

ပွင့်လိုက်ကြွေလိုက် အလှဆင်၊
လေပြင်းမုန်တိုင်း ထိ မထင်။

ခရေပင်လို ဇွဲသတ္တိ၊
ညီလေး ရှိချင်တိ။ ။

မောင်ကံတင်



R. 517

# ပန်းအိ



မိုးရာသီ စတင်သည်မှစ၍ ပန်းအိများ အချိန်အတော်ကြာအောင် ဖူးပွင့်နေကြလေသည်။ အဖူးအပွင့်များဖြင့် အဆုပ်အခဲဖြစ်နေသော ပန်းခိုင်များသည် အကိုင်းအလက်များ အဖျားမှ ထွက်ကြသည်။ ပန်းအိဆိုသည်နှင့်အညီ အပွင့်များကလည်း နုနုအိအိကလေးဖြင့် လှပသည်။ ပျဉ်းမပွင့်နှင့် ဆင်ဆင်တူသော်လည်း ရိုးတံရှည်သော ဇွန်းပုံသဏ္ဍာန် ပွင့်ချပ်များက ပျဉ်းမပွင့်ထက်ဇာနားတွန့် ပိုများပြီး တွန့်လိမ်နေလေသည်။ အပွင့်မှာ တလက်မခန့်ရှိ၍ ပွင့်ချပ်ခြောက်ခု၊ အစိမ်းရောင်ပွင့်ဖတ် ခြောက်ခုနှင့် အလယ်တွင် အဝါရောင်ဝတ်ဆံ သေးသေးမျှင်မျှင်ကလေးများအတော် များများရှိသည်။ အဖူးများက အသီးကလေးများနှင့် တူသည်။ အရောင်အသွေးမှာ ပန်းရင့်၊ ခရမ်းရင့်၊ ပန်းနု၊ ခရမ်းနုနှင့် အဖြူရောင်တို့ဖြစ်သည်။

ပန်းအိပင်သည် နှစ်ကြာခံချုံပင်ကြီးမျိုးဖြစ်သည်။ ခြောက်ပေမှ ရှစ်ပေအထိမြင့်သည်။ အရွက်များမှာ တလက်မသာသာခန့်ရှိပြီး အနည်းငယ် အရင်းရှူးသော ဘဲဥပုံအရွက်မျိုး ဖြစ်သည်။ နွေနှောင်းပိုင်းတွင် အရွက်များကြွေ၍ မိုးမကျမီ ရွက်သစ်များဖြင့် ဝေစီလာပြီးလျှင် မကြာမီ အဖူးအပွင့်များဖြင့် ဝေဝေဆာဆာ ဖြစ်လာလေသည်။



အာရှ၊ အာဖရိကတိုက်များအပြင် အမေရိကန် ပြည်ထောင်စု တောင်ပိုင်း အပူပိုင်းဒေသများ၌ ပန်းခြံနှင့် ပန်းဥယျာဉ်များတွင် ပန်းချုံပင်အဖြစ် အလှစိုက်ကြသည်။ ကမ်းရိုးတန်း ဒေသများနှင့် ပို၍ သင့်မြတ်သည်ဟု ဆိုကြလေသည်။

တင့်တင့်



ခိုင်ပန်းစုံ


၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။



# ရွှေသွေး ဂျာနယ်

၁၃၃၄ ခု ဝါခေါင်လဆုတ် ၂ ရက် (၂၆–၈–၇၂)




စနေနေ့တိုင်းထုတ်ဝေသည်။


ဖိုးထူးတို့သည် ထိုတိုက်ပျက်ကြီးထဲတွင် အမြဲကစားကြသည်။ အုတ်ခဲပုံများ၊ ခါးလယ်ခန့်မြင့်သော နံရံအကျိုးနှင့် ချုံများမှာ အပြေးကစားပုန်းကွယ်သော နေရာများ ဖြစ်၏။
ဒီတိုက်ပေါ်ထပ်ကို ကြည့်တော့ လှေကားပေါ်မှာ မတွေ့ဘူး။ သူတို့ အလုပ်များ ထားတာဖြစ်မှာပေါ့။ သွားကြည့်ပါလား။
ဟေး ကျော - သွားကြည့် ကြမယ်
ဖိုးထူးတို့ လှုပ်ရှားလိုသောအခါ တစ်နေ့ကတွင် ... နေသော ခွေးကလေးတစ်ကောင်သည်လည်း ... ထိုခွေးကလေး ... မိလုံးဖြစ်၏။ မိလုံးသည် ... ဖိုးထူးတို့ကို အကဲခတ်နေသည်။
ဖိုးထူးတို့ တံခါးဝသို့ သွားသောအခါ မိလုံးလည်း ထလိုက်သွားလေသည်။
ဟုတ်တယ်ကွ၊ လှေကားပေါ်မှာ မတွေ့ဘူး။ ဝင်ကြည့်ကြရအောင်။
ဒီချုံတွေကိုတော့ မရှင်းသေးဘူးကွ၊ တို့ပြန်ခေါ်လာမိလို့လားမသိဘူး။
မိလုံး ဘာလို့ဟောင်နေသလဲမသိဘူးကွ။
ဟေးကွ-သွားကြည့်ကြအောင်-
ဝုတ် ဝုတ် ဝုတ်


ဟိုမှာကွ - မြင်လား - - ဟေ့ -
လူတစ်ယောက်တွေ့တယ်ကွ။
အိမ်ဆောက်တဲ့အဖွဲ့ကဖြစ်မှာပေါ့။
မဟုတ်ဘူးထင်တယ်ကွ။ ဘာရှာနေတာလဲ မသိဘူး။
သူ့လက်ထဲမှာလဲ စာရွက်တရွက်ကိုင်ထားတယ်ကွ။
အေး - ဟုတ်တယ် တခုခုရှာနေတာကွ။
ဟေ့ ဟေ့ကောင်လေးတွေ - ဘာလုပ်နေတာလဲ။ ထွက်ခဲ့ကြ - ထွက်ခဲ့ကြ -
ဟေ့ - ခြံဝမှာ ကားတစီးပါဆိုက်လာပါလား - ဟိုလူကြီးတွေလဲ ကားဆီကို ထွက်သွားကြပြီကွ။
အေးကွ - မြန်မြန်ပြေးသွားနေပါလား။
ဟေ့ - ဖုန်ဖုန်လူကြီးလက်ထဲက စာရွက်တရွက်ကျကျန်ခဲ့ပြီ။


ဟေး...ကွ - တချွန်တော့တချွန်ကွ။ မင်းဒီမှာနေခဲ့၊
အဲဒီစာရွက်ကို၊ ငါသွားကောက်ခဲ့မယ်
ဘာတွေရေးထားသလဲကွ။
ပုံတွေဆွဲထားတာကွ။
ဟေ့ကောင်လေးတွေ - ထွက်ခဲ့ကြလေ -
ဟုတ် - ဟုတ်ကဲ့ - လာပါပြီ -
မင်းတို့ဘာဝင်လုပ်တာလဲ။
ကစားမလို့ပါ။
ဒီမှာနောက်မကစားရတော့ဘူး - သိလား။
ဟုတ်ကဲ့ -
ဟေး - ပြေးကြ - ပြေးကြ -
လာ - လာ - မြန်မြန် လစ်ကြစို့။



ဆက်ရန်

အပျင်းကြီးတဲ့

# ဝက်ဝံ

သိပ္ပံမောင် ရေး

*

သရုပ်ဖော်

ဇော်ဂျီ... 









ကဲဟေ့… ကုန်းပေါ်က ငါးတွေ ငါ ယူမယ်
ဒီအခိုက် တခြားချုံထဲက ဝက်ဝံရွာသားတွေ ထွက်လာတယ်။ ငပျင်း မတရားအမြဲလုပ်နေတာကို မခံချင်တဲ့ ဝက်ဝံတွေပေါ့။
မင်း မောင်ဝီရိယ အပေါ် ခေါင်းပုံဖြတ်ပေါင်းများလှပြီ ဒီတခါတော့ မင့်အလှည့်ဘဲ..
ဗျာ..
ဒို့ အားလုံး အဝစား နိုင်အောင် ရေထဲဆင်းပြီး ငါးတွေဖမ်းပေးရမယ် ကဲ.. ဆင်းပေတော့..
အာဟီး.. ကိစ္စလေး တခုရှိလို့သွားလိုက်ပါဦးမနော်..
ဝက်ဝံတွေဟာ ငပျင်းကိုဝိုင်းချုပ်ပြီး ရေထဲပစ်ချလိုက်ကြတယ်။




ပျောင်းဟာ ဘာမျှမတတ်သာတဲ့ ငါးဖမ်းပေးရတော့တာပေါ့။ သူတပါးပေါ် အမြဲအနိုင်ကျင့်တာ ဒီတခါ သူခံရတာပေါ့။ ရတဲ့ငါးတွေကို ကုန်းပေါ်ပစ်တင်ပေးရတယ်။ ဒါပေမယ့်....












# တွင်းထွက် သတ္တု (၁)

ကဆ.


စိုးလွင်မြင့်



ကမ္ဘာဦးသစ်တောရှုခင်း

လူတို့သည် မိမိတို့၏ အဓိကလိုအပ်သော စားဝတ် နေမှုအတွက် မိမိတို့ နေထိုင်ရာ ဤ ကမ္ဘာမြေကြီးကိုပင် မှီခို အားထား ကြရ လေသည်။ လူတို့အသက်ရှင်သွားလာလှုပ်ရှား နိုင်ရန် ကမ္ဘာ့မြေလွှာပေါ်ရှိ စိုက်ပျိုးသီးနှံ ပင်တို့သည် အရေးပါသကဲ့သို့ မြေတွင်းရှိ သယံဇာတ သတ္တုပစ္စည်းတို့သည်လည်း မရှိ လျှင် မဖြစ်ပေ။

ထိုသတ္တုပစ္စည်းတို့၏ မူလအစမှာ လွန်ခဲ့သော နှစ်သန်းပေါင်းသုံးရာခန့်မှ သစ်တောများ ရေညှိပင်များမှဟု ဆိုရပေမည်။ ထိုအချိန်က ပူသောစိမ့်မြေတို့တွင် ထိုသစ်တော ရေညှိပင်များ သည် ဖုံးလွှမ်းခဲ့ရာမှ ကာလကြာရှည်သော် သစ်တောတို့သည် ရင့်ရော်ညှိုးနွမ်းပြီး ညွန့် အတွင်းသို့ လဲကျနစ်မြုပ်သွားလေတော့သည်။ ဤသို့ဖြင့် နှစ် ရာထောင်ပေါင်းများစွာ အပင် တို့သည် တပင်ပေါ် တပင်ထပ်ကာ ညွန်အိုင်ကို ပြည့်ကျပ် သိပ်သည်း စေသည်။ ထို့နောက် ကမ္ဘာ့မြေလွှာသည် တဖြည်းဖြည်း ပြောင်းလဲ သွားသည်။ ညွန်အိုင်သည် နုံးမြေများ ဖုံးလွှမ်း ကာ နုံးမြေသည် ကျောက်သားဘဝသို့ ပြောင်း လဲသွားပြန်သည်။ ဤ အနေအထားရှိရာမှ မြေ လွှာမြေထုတို့သည် ပင်လယ်ရေထုလွှမ်းခြုံသွား သည့်တိုင် အောက်သို့ ကျုံ့ကျသွားသည်။




ကမ္ဘာ့မြေထုသည် အစဉ်အမြဲ တည်ငြိမ်၍ မနေပေ။ နှစ် သန်းပေါင်းများစွာ ကြာသော် တောင် ကုန်း များ၊ လွင် ပြင်မြင့်များအဖြစ် ပင် လယ်သမုဒ္ဒရာ အောက်ခင်းမှတဖန် မြင့်တက် လာပြန်သည်။ ထိုအခါ တချိန်ကသစ်တို့ဖြင့်ပြည့် နေသောညွန်အိုင်သည်မျက်နှာပြင်အောက်ပေ

ထောင်ပေါင်းများစွာ ထုထပ်သော ကျောက်သား တို့၏ အလယ်၌ ကျရောက် တည်ရှိ နေပေသည်။ မြေထုအတွင်း ဖိအားကြောင့် ညွန်အိုင်အတွင်းရှိ သစ်ပင် ရေညှိပင်နှင့် အခြား အသီးအရွက်တို့သည် ဓာတ်သဘောအားဖြင့် ပြောင်းလဲသွားကာ မည်း၍ ထူပစ်သော အရည်များ ဖြစ်လာသည်။ ယင်းသည် ရေနံစိမ်းပင် ဖြစ်တော့သည်။



ကျောက်မီးသွေးတုံးပေါ်တွင် ထင်ကျန်နေသော သစ်ရွက်ရုပ်ကြွင်း

လွန်ခဲ့သည့် နှစ်တရာခန့် တိုင်အောင်ပင် လူတို့သည် ရေနံစိမ်းကို တူးဖော်ပြီး ဓာတ်ဆီ၊ ရေနံဆီနှင့် ချောဆီအဖြစ် ပြုပြင်၍ အသုံးမပြုကြသေးပေ။ သို့သော် ယခုအခါ၌မူ ယင်း သည် ကျွန်ုပ်တို့၏ အသုံးဝင်သောလောင်စာ ဖြစ်နေပေပြီ။


လူတို့သည် ရေနံစိမ်းတို့ကို လွန်ပိုက်လုံးဖြင့် ထိုးဖောက်၍ တူးဖော်ရယူကြသည်။ ထိုရေနံ စိမ်းရှိရာအခန်းတွင် သဘာဝ ဓာတ်ငွေ့တို့ဖြင့် ပြည့်ဝနေပြီး ရေနံစိမ်းတို့သည် ကျောက်တွင်း နဂိုပါရေ သို့မဟုတ် ရေကန်ပေါ်၌ မျောလျက်တည်ရှိသည်။ မြန်မာနိုင်ငံသည် ရေနံပေါ ကြွယ်ဝသောနိုင်ငံတနိုင်ငံ ဖြစ်သည်။

၎ရေနံကဲ့သို့ပင် ကျောက်မီးသွေးသည်လည်း ညွန်အိုင်များအတွင်းသို့ သစ်ပင် ဝါးပင် အသီးအရွက်တို့ ကျရောက်ရာမှ စတင်ဖြစ်ပေါ်လာလေသည်။ ဆွေးမြည့်သွားသော ထိုအရာ များပေါ်သို့ နောင်တွင် ကျောက်ဖြစ်မည့် ရွှံ့မြေနှင့် နုန်းမြေတို့သည် ဖုံးဖိလေသည်။ ကျောက် ဖြစ်ပြီးနောက် ရေနံဖြစ်စဉ်အတိုင်းပင် ကျောက်မီးသွေးဖြစ်ပေါ်လာလေသည်။

သင်ပုန်းကျောက်နှင့် ယွေလကျောက်တို့၏အကြား၌ ရှည်လျားသော ကျောက်မီးသွေး ကြောကြီးများ တည်ရှိနေပေသည်။ တခါတရံ ကွဲထွက်သွားသော ကျောက်မီးသွေးတို့တွင် သစ်ပင်ဝါးပင်တို့၏ သစ်ရွက်ရုပ်ကြွင်းများ ထင်၍နေသည်ကို တွေ့ရှိရတတ်သည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မီးသွေး အတော်များများမှာ အပျော့မျိုးဖြစ်သည်။ မော်လိုက်ခရိုင် ကလေးဝဖက်တွင် အများအပြားတွေ့ရ၍ ကလော၊ လျှိုင်ကော်နှင့် မြိတ်ဖက်တွင်လည်း တွေ့ရှိရသည်။

ကျောက်မီးသွေးတွင်း




ခေါင်းကြီး
တခါတုန်းက ပညာရှိပြီး ဖြတ်ထိုးဉာဏ် အလွန်ကောင်းသော ဉာဏ်ကြီးရှင် တယောက်ရှိ၏။ သူ့ကို လူအများက ဦးခေါင်းကြီးဟု ခေါ်ကြလေသည်။
သူသည် ခရီးသွားလျှင် သူအလွန်ချစ်သော မြင်းကိုစီး၍ သွားလေ့ရှိ၏။
တခါသော် မြို့တမြို့မှ ပညာရှင် သုံးဦးသည် သူလာမည့်သတင်းကို ကြားသိရ၍ အစီအစဉ် တခုကို တိုင်ပင်နေကြ၏။
အေးဒို့နိုင်အောင်ပညာပြိုင်ပြီး ဒီမြို့က နှင်ထုတ်ကြမယ်ကွာ
သို့ဖြင့် ဦးခေါင်းကြီးနှင့် ဆုံမိကြလျှင်—
ရှုံးသူက ဒီမြို့က ထွက်သွားရမယ် နော်
ကောင်းပြီ - ခင်ဗျား သာထွက်ဖို့ပြင်ထား ပေတော့
ပထမ ပညာရှင်က မေးခွန်းတခု မေးသည်။
ကမ္ဘာရဲ့အလယ်ဗဟိုဟာ ဘယ်မှာလဲခင်ဗျာ
ဟော! - ဒီ လွယ်လွယ်လေးပါ
ဟားဟား



ဦးခေါင်းကြီးက သူမြင်း၏ ရွှေညာခြေထောက် ရှိရာသို့ တုတ်ဖြင့်ညွှန်ပြပြီး
ဟောဒီနေရာပါဘဲဗျာ
ဟင်၊
ခင်ဗျားကိုဘယ်သူပြောသလဲ - ဒါလို - ဘယ်လိုသိတက်သေးတုန်းလဲ
ဒါလား ဟဲဟဲ
ကျုပ်ကိုမယုံယင် ခင်ဗျားတို့ တိုင်းကြည့်ပေါ့ ပြီးတော့ ဟုတ်မဟုတ်ကို ပြောပေါ့
ဟား ဟား ဟား ဟား
ဟိုက်
ပရိသတ်က ဝိုင်းရယ်သဖြင့် ထိုသူမှာ စကား ပြောရပ်ကာ ဘေးကပ်သွား၍ ဒုတိယ ပညာ ရှင်က ဝင်မေးပြန်၏။
ကောင်းကင်မှာကြယ်ဘယ်နှစ်လုံး ရှိသလဲဗျာ.
ကျုပ်မြင်းရဲ့ ကိုယ်ပေါ်မှာ အမွေးရှိသလောက် ကောင်းကင်မှာ ကြယ်အလုံးပေါင်းရှိပါတယ်
ဘယ်လိုစစ်ဆေး မလဲဗျာ
လွယ်ပါတယ် ကျုပ်မြင်းရဲ့ အမွေးတွေကို - ရေတွက်ကြည့်ပြီး မှားယင်ဆက်ပြောကြသေး တာပေါ့.
ဟား ဟား
ဟား ဟား ဟား
မလွယ်ပါလား


တတိယလူက မေးပြန်၏။
ကျွန်တော့်မှတ်ဆိတ်မွေး ဘယ်နှစ်ပင်ရှိသလဲဗျာ.
ဟင်!
ခင်ဗျားမှတ်ဆိတ်မွေးကို သိချင်ယင် ကျုပ်မြင်းရဲ့ အမြီးမှာ အမွေး ဘယ်နှစ်ပင်ရှိသလဲ အဲဒီလောက်ဘဲ
ဟို ဟို ဟိုး
ဟုတ်တယ် မဆိုးဘူး
ခင်ဗျားအဖြေဟာ မှားသလား မှန်သလား ဘယ်လိုသက်သေ ထူမလဲဗျာ.
ဟုတ်တယ် တိတိကျကျ လိုချင်တယ်
လွယ်ပါတယ် ခင်ဗျားရဲ့ မှတ်ဆိတ်မွေး ရော- ကျုပ်မြင်းရဲ့ အမြီးက အမွေး ရောတပင်စီ တွဲနှုတ်ကြည့်လေ
လွဲယင် ကျုပ်မှားတယ်ပေါ့ မရှုံးဘူးလား
ဟား ဟား ဟား ဟား
လုပ်သားပြည်သူများက ဦးခေါင်းကြီး၏ အဖြေကို သဘောကျ၍ ဝိုင်းရယ်ကြသဖြင့် ပညာဖြိုင်သူသုံးဦးမှာ အလွန်ရှက်ပြီး ထိုမြို့မှ လျင်မြန်စွာ ထွက်ခွာသွားကြလေသတည်း။
ဟီး
ရှက်ချာကြီး
ပြီး

## ဒိန်းမတ်မှ အယ်စီးနိုးရဲတိုက်


ကမ္ဘာကျော် စာရေး ဆရာကြီး ရှိတ်စပီးယား၏ ''ဟင်းမလက်'' ပြဇာတ်ထဲမှ ရဲတိုက်ကြီးအဖြစ် အယ်စီးနိုးရဲတိုက်ကို အများက သိနေကြသည်။ ရဲတိုက်ကြီး၏ မူလအမည်မှာ ကရောင်းဗေ့ ရဲတိုက်ဖြစ်၏။ ၁၅၇၀ ပြည့်နှစ်တွင် ဒုတိယ ဖရက်ဒရစ်ဘုရင်က ဆောက်လုပ်ခဲ့ပြီးနောက်၌ မီးထဲပါသွားခဲ့ကာ ၁၇ ရာစုတွင် စတုတ္ထ ခရစ္စတီယန် ဘုရင်က ပြန်လည်ဆောက်လုပ်ခဲ့သည်။ ရဲတိုက်မှာ လေးထောင့်ပုံသဏ္ဌာန်ဖြစ်ပြီး မျှော်စင်မြင့်ကြီးများကြောင့် ၁၆ ရာစုဥရောပ၏ မိသုကာလက်ရာ အမြောက်ဆုံး အဆောက်အအုံတခုအဖြစ် အသိအမှတ်ပြုခြင်း ခံရသည်။

အယ်စီးနိုးသည် ဒိန်းမတ်နိုင်ငံ၏ မြို့တော် ကိုပင်ဟေဂင်မှ ၂၄ မိုင်သာ ကွာဝေးသည့် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည်။ အယ်စီးနိုးမြို့တွင် ဆောက်လုပ်ထားခြင်းဖြစ်၍ အယ်စီးနိုးရဲတိုက်ဟု တွင်သည်။ ရဲတိုက်ကြီးမှာ အောရီဆန်ရေလက်ကြား အစွန်းပေါ်တွင် ဆောက်လုပ်ထားပြီး ရေလက်ကြားမှ ဖြတ်သန်းသွားလာသော သင်္ဘောများကို အခွန်ကောက်ရန် အကောက်ရုံးအဖြစ် နှစ်ပေါင်း ၄၀၀ကျော် အသုံးပြုခဲ့သည်။ ထို့ပြင် အကျဉ်းထောင်အဖြစ်လည်း သုံးခဲ့သေးသည်။ ယခုအခါ ရဲတိုက်ကြီးကို ရေကြောင်းပြတိုက်အဖြစ် ပြုလုပ်ထားပြီး ရှိတ်စပီးယား၏ ဟင်းမလက်ပြဇာတ်ကို ရဲတိုက်အလယ် မြက်ခင်းပြင်၌ မကြာခဏ တင်ဆက်ကပြလျက်ရှိသည်။



မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

## ဘီဒိုကလေးလုပ်ရအောင်







မီးခြစ် ဗူးလွတ် ၆ ဗူးယူ၍ ပုံ(၁)မှာကဲ့သို့ တဖက် ၃ ဗူးစီတပ်ပြီး ကော်ဖြင့်ကပ်ပါ။ ပုံ(၂)အတိုင်း တေးတဖက်စီကို ကော်သုတ်ပြီး ပူး၍ကပ်ပါ။ အံများကိုဖြုတ်၍ ပုံ(၃)မှာကဲ့သို့ ကြေးနန်းကြိုးကလေးဖြင့် လက်ကိုင်များလုပ်ပါ။ ပြီးလျှင် နောက်ကျောနှင့် ဘေးပတ်လည်ကို ရောင်စုံစက္ကူဖြင့်ကပ်၍ ဖုံးအုပ်လိုက်ပါက ဘီဒိုကလေး ရပါမည်။

(ဘဏ်) အောင်မြင့်




ကျွန်မ၏ ဘဝတခြမ်းသည် အမှောင်ဖုံးလျက် ရှိပါသည်။ အကယ်၍သာ ကျွန်မသည် နားလည်း မကြား၊ စကားလည်းမပြောနိုင်ပါက ဤလောကကြီးတွင် နေ၍ဖြစ်တော့မည် မဟုတ်ပါ။ ကျွန်မသည် အမိဝမ်းတွင်းမှ လွတ်ကတည်းကပင် မည်သည့်အရာကိုမျှ မမြင်ရပါ။

လူမှန်းသိသည့်အရွယ်မှစ၍ ပတ်ဝန်းကျင်ကို အကြားနှင့် ထင်မြင်ရပါသည်။ ကျွန်မတွင် မွေးချင်းပေါက်ဖော်မရှိ။ အဖေသည် ကျွန်မကို မမွေးမီကပင် အမေနှင့် ကွဲ၍ ထွက်သွားကြောင်း သိရပါသည်။ အမေက ငါးရောင်းပါသည်။ အဖိုးက ငါးမျှားပါသည်။ အဖွားကား အိမ်တွင် ထမင်းဟင်း ချက်ပါသည်။ ကျွန်မတို့ အိမ်ရှိ အိမ်သားများသည် ညရောက်မှ ဆုံမိကြပါသည်။ နေ့တွင်ကား အဖွားနှင့် ကျွန်မသာ အိမ်တွင် ရှိပါသည်။ အဖွားက သူ့အလုပ်နှင့်သူ အလုပ်ရှုပ်နေတတ်၏။ ကျွန်မမှာ တယောက်တည်း ပျင်း၍နေပါသည်။ လမ်းပေါ်မှ ကလေးများ ဆူဆူညံညံမြူးတူးစွာ ဆော့ကစားသည်ကို ကြားရသောအခါ ကျွန်မသည်လည်း ကစားချင်စိတ်များ တဖွားဖွား ပေါ်ပေါက်မိပါသည်။ သူတို့သည် ကျွန်မနှင့်ရွယ်တူတန်းတူများဖြစ်လိမ့်မည်ဟုလည်းတွေးမိပါသည်။

"ဖွားဖွား၊ မီးမီးလဲ သူတို့လို ကစားချင်တယ်။ မီးမီးကို လိုက်ပို့ပါ"

အိမ်ထဲမှ အပြင်သို့ ထွက်ရလျှင် ကျွန်မသည် အလွန်ပင် လန်းဆန်းလာမည်ဟု တွေးမိပါသည်။ သို့သော် –

"ငါ့မြေးက သူတကာနဲ့မှ မတူဘဲ။ သူတို့လို လိုက်ကစားယင် လဲကွဲကုန်မှာပေါ့။ အိမ်ထဲမှာ အေးအေးဆေးဆေး နေပါကွယ်။ ငါ့မြေး ဘာစားမလဲ၊ ဖွားဖွား ယူပေးမယ်လေ"

ဖွားဖွားက ကျွန်မအား အပြင်ထွက်၍ ကစားခွင့် မပြုပါ။ ကျွန်မ ဆီသို့လည်း လာ၍ ကစားမည့်သူ မရှိပါ။ ကျွန်မ အလွန်ပင် အားငယ်ဝမ်းနည်းမိပါသည်။

တအိမ်လုံးကပင် ကျွန်မ၏ ဘဝကိုသနား၍ အလိုလိုက်နေကြောင်း သိရပါသည်။ ဖိုးဖိုးသည် ညအခါတွင် ပုံပြင်များ ပြောပြပါသည်။ ကျွန်မအိပ်မှ ဖိုးဖိုးလည်း ပုံပြောရပ်ပါသည်။ ဖွားဖွားက ကျွန်မစားလိုသော အစာကို အချိန်မရွေး ဝယ်၍ ကျွေးပါသည်။ သူတို့မစားဘဲ ခြိုးခြံ၍ ကျွေးသည်ကို သိရ၍ ကျွန်မလည်း စားချင်တိုင်း မတောင်းပါ။ အမေကား ကျွန်မ အတွက် ကစားစရာ အရုပ်များကိုဝယ်၍ပေးပါသည်။ သို့သော် ကျွန်မမှာ ကစားစရာ အရုပ်များကို မမြင်ရသောကြောင့် လက်နှင့်စမ်းကာ ကျေနပ်နေရပါသည်။

နေ့စဉ်နှင့်အမျှပင် ကျွန်မသည် တယောက်တည်း ပျင်းရိ

ငြိုးငွေ့နေပါသည်။ ကြာသော အခါ ဖိုးဖိုး၊ ဖွားဖွားနှင့် မေမေ တို့က ကျွန်မအတွက် ကစားဖော် ရှာ ပေး သည်။ မြောက်ဖက်အိမ်မှ ထွေးမြသည် ကျွန်မ နှင့်အတူလာ၍ ကစားပါသည်။ သို့သော် ထွေးမြသည် ကျွန်မ နှင့်ကစားရသည်ကို ပျော်ဟန် မတူပါ။ ကျွန်မကား ထွေးမြ နှင့် ကစားရသည်ကို ကျေနပ်ပါသည်။ ကျွန်မအဖို့ တယောက် တည်း နေရခြင်းထက် ရွယ်တူ ကစားဖော်နှင့် နေရသည်မှာ ပို၍ စိတ်ချမ်းမြေ့ပါသည်။ သို့ အတွက် ကျွန်မသည် ထွေးမြ အား ချော့မော့နေရပါသည်။

"ထွေးမြရယ် — ငါနဲ့ နေ့တိုင်း လာကစားပါနော်။ ငါ တယောက်ထဲနေရတာ ပျင်းလို့ပါ။ နင့်ကို မုန့်လဲကျွေးပါမယ်။ ကစားစရာလဲ ပေးပါမယ်နော်"

ထွေးမြသည် ကျွန်မဆီက မုန့်များကို စား၍ အပြန်၌ ကစားစရာများကို ယူ၍သွားပါသည်။ ကစားစရာတွေ ကုန်သောအခါ ထွေးမြလည်း ကျွန်မဆီသို့ လာမကစားတော့ပါ။ ထွေးမြ လာမကစားသောအခါ ကျွန်မသည် ယခင်အတိုင်းပင် ပျင်း၍နေပါသည်။

တနေ့တွင် အဖိုးနှင့် အသိ ဖြစ်သူ လူကြီးတယောက် ကျွန်မတို့ အိမ် သို့ ရောက် လာ ပါ သည်။ ထိုလူကြီးက ကျွန်မ အား မျက်မမြင်ကျောင်းသို့ပို့ ရန် ပြောပါသည်။ အဖိုးကတော့ ကျွန်မကို ပို့ချင်ဟန် တူ ပါသည်။ အဖွားနှင့် အမေက မျက်မမြင်ကျောင်းသို့ မပို့ရန် ကန့်ကွက်ကြပါသည်။ ကျွန်မ လည်း ထိုကျောင်းသို့ မသွား လိုပါ။ ကျွန်မသည် အဖိုး၊ အဖွား၊ အမေတို့နှင့် မခွဲလိုပါ။ ဧည့်သည်လူကြီးက ကျွန်မကို မျက်မမြင်ကျောင်းသို့ ပို့ပေး ရန် အဖိုး၊ အဖွားနှင့် အမေတို့ အား နားချနေပါသည်။ အမေတို့၏ စီးပွားရေး အခြေအနေ မှာ သိပ်မပြည့်စုံလှ။ ကျွန်မ အတွက် နောင်ရေးခက်မည်ဟု ဆိုပါသည်။ သို့ဖြစ်၍ ကျွန်မ သည် မျက် မမြင် ကျောင်း သို့ စိတ်မပါပဲ ရောက် သွား ရ ပါ သည်။

ကျောင်း၌ ကျွန်မနှင့်ရွယ် တူ ကျောင်းသား ကျောင်းသူ များ ရှိကြပါသည်။ သူတို့သည် ကျွန်မကဲ့သို့ပင် မျက်စိမမြင်ကြ ပါ။ သူ တို့ နှင့် ကျွန် မ သည် ကစားချိန်၌ အတူတူ ကစားရ သည်။ အတူတူ စားရသည်။ အတူတူစာသင်ရသည်။ သို့ဖြင့် ကျွန်မသည် ကျောင်း၌ ပျော် လာပါသည်။ ကျွန်မ စာတတ် လာသျှင် အဖိုး၊ အဖွားနှင့် အမေတို့အား ဖတ်ပြမည်ဟု စိတ်ကူးထားပါသည်။ ကျွန်မ ဝမ်း သာမိပါသည်။

ကျွန်မ၏ ဘဝမှောင်တခြမ်း အား ပညာအလင်းရောင်တန်း က ဝင်းလက်လာစေတော့မည် ဖြစ်ပါသတည်း။ ။

## ဥယျာဉ်မှူး

အိမ်ခေါင်းရင်းက ပန်းဥယျာဉ်၊
စိန်ချယ် ဒေါန ကြိုင်ရှင်ရှင်။

အိမ်ရှေ့တွင် ဟင်းရွက်ခင်း၊
မုန်လာ နံနံ စိမ်းနုံ့သင်း။

အကင်းအငုံ သီးပွင့်စုံ၊
အိမ့်ခြေရင်းက ဗူး ကင်းပုံ။

ရွှေဖရုံ မြေမှာလူး၊
အိမ့်နောက်ဖေးက မြေပုံ့မျူး။

မျိုးတူးပျော်ရွှင် ပေါင်းမြက်သင်
လူလေး လုပ်ငန်းဝင်။

ရေစင်မြမြ လောင်းပါရ၊
ချစ်မေမေကို ကူညီပါ့။ ။

ကျိုက်လတ် — မောင်ညိုသွေး



R. 517



# ခိုင်ပန်းစုံ

## ပုဏ္ဏရိက်



ရာသီမရွေး ဖူးပွင့် နေတတ်သော်လည်း ပုဏ္ဏရိက် ပန်းများအပွင့်များချိန်မှာ မိုးရာသီဖြစ်သည်။ မျိုးစိတ်ပေါင်း အတော်များများရှိ၍ အားလုံးမှာ ချုံပင်နှင့် အပင်ငယ် များသာဖြစ်သည်။ အသွေးအရောင်မှာ အနီ၊ ကြက်သွေး၊ ပန်းရောင်၊ အဝါ၊ အဖြူဟူ၍ အတော်ကလေးစုံသည်။

ပုဏ္ဏရိက် ပန်းခိုင်တို့သည် အကိုင်းအလက်များ၏ အဖျားတွင် အဆုပ်လိုက် ထွက်ပွင့်သည်။ ပန်းဆုပ်တခုတွင် အပွင့်ငယ်ကလေးများ တော်တော်များများ ပါဝင်သည်။ အဖူးအပွင့်များသည် ထီးခရိုင်သဖွယ် ဖြာ၍ထွက်သည်။ ပြွန်ချောင်းနှင့်တူသော သေးငယ်ရှည်လျားသည့် လည်တံ၏ ထိပ်ဝတွင် တဲဥပုံပွင့်ချပ် လေးခုရှိ၍ ဝတ်ဆံ တခုသည် ထိုလည်တံဝမှ ထွက်ပြူနေသည်။ ပုဏ္ဏရိက်အဖြူ တမျိုးမှလွဲလျှင် ပုဏ္ဏရိက်ပန်း မျိုးတို့သည် ရနံ့မမွှေးပေ။ ပုဏ္ဏရိက်အဖြူ မျိုးကို အချို့က ဇကွဲပန်းဟုလည်း ခေါ် သည်။ မျိုးစိတ်ကွဲပြား၍ အပွင့်အရွက်တို့၏ အရွယ်အစား ခြား နားမှု အနည်းငယ်ရှိသော်လည်း အပွင့်ပုံပန်းမှာမူ အတူတူပင် ဖြစ်သည်။ ပုဏ္ဏရိက်ပန်းတို့သည် ခူးဖြတ်ပြီး ပန်းအိုးထိုးလျှင် ရက်အတန်ကြာအောင် ခံလေသည်။



အာရှတိုက်နှင့် အာဖရိကတိုက်တွင် မူလဇာတိဖြစ်သော ပုဏ္ဏရိက်ပင်တို့သည် နှစ်ကြာခံ အပင်မျိုးဖြစ်လေသည်။ ညွှာတံ တိုသော အရွက်တို့သည် အနည်းငယ်ထူ၍ အပေါ်ယံချောပြီး အောက်ဖက်၌ အကြောများပေါ်နေသည်။ အနားညီ၍ ထိပ်တုံး သည်။ အကိုင်းအလက်များ ရှုပ်ရှက်ခပ်အောင် များပြား၍ အရွက်များကလည်း အမြဲစိမ်း၍ သိပ် သည်း ထူထပ်သဖြင့် အလှစိုက် ပန်းရုံများအဖြစ်ထက် ခြံစည်းရိုးအဖြစ် အစိုက်များ သည်။ ပုဏ္ဏရိက်သီးကလေးများသည် အစေ့မြုပ် အသားပျော့ အသီးမျိုးဖြစ်၍ အသီးမှည့် နီရဲရဲကလေးများမှာ ချိုတိုတို အရသာရှိလေသည်။

တင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ဒုံးက ရိုက်နှိပ်သည်။

အတွဲ – ၄၊ အမှတ် – ၃၆၊

# ရွှေသွေး ဂျာနယ်

၁၃၃၄ ခု၊ ဝါခေါင်လဆုတ် ၉ ရက် (၂–၉–၇၂)




ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - တင့်ထားဆွေ



သူတို့တိုင်ပင်နေကြသော ကိစ္စထူးတခု ဖြစ်ပေါ်လာပုံကား ....

စနေနေ့တိုင်း ထုတ်ဝေသည်။



တခါတုန်းက ရွာတရွာမှာ အလွန်ရိုးအ ညံ့ဖျင်းသော လူငယ်သုံးယောက်ရှိ၏။
သူငယ်ချင်းရယ် အားမငယ်ပါနဲ့! ငါတို့မင်းကို-ကူညီမှာပေါ့!
မင်းအဖေ မရှိတော့ပေမယ့် - ငါတို့ ရှိပါသေးတယ်ကွယ်
တနေ့တော့ မောင်အ၏ဖခင် ရုတ်တရက် သေဆုံးသွား၍ စိတ်အားငယ်နေစဉ် ....
မောင်အ-ရယ်-ဒီလောကလဲ ပူပင်သောက ရောက်မနေပါနဲ့ကွယ်။ လူ့ဆိုတာ တနေ့ကျ သေရမှာဘဲ။ ဘယ်သူမှ သေမင်းကို-မလွန်ဆန်နိုင်ဘူး။ ငါတို့လဲ-တနေ့ကျယင်-သေမင်းခေါ်ရာ လိုက်ရမှာဘဲ။ တရားနဲ့သာ ဖြေပါ - ငါ့တူရယ်။
မကြာမီ ရွာသူကြီးလည်း ရောက်လာပြီး အားပေးစကား ပြောဆိုလေသည်။
သေမင်း ဆိုတာ ဘယ်သူများပါလိမ့်၊ ဘယ်မှာနေပါလိမ့်၊ သေမင်းနဲ့တွေ့ယင် ငါတို့တတွေကို မခေါ်ပါနဲ့အုံးလို့-တောင်းပန်ရယင် ကောင်းမှာဘဲ
ရွာသူကြီးထွက်သွားပြီးနောက် မောင်အမှာ တွေး၍ ကျန်ရစ်လေသည်။
မောင်နု-နဲ့-မောင်ဝ-ရယ်။ ငါတော့ တခုလုပ်ချင်နေတယ်။ သေမင်းကိုလိုက်ရှာပြီး xxxxx x
ငါတော့-မင်းဘာလုပ်လုပ် ကူညီမယ်။
ငါလဲ သဘောတူတယ်
နောက်တနေ့မှစ၍ သူတို့သည် တရွာဝင် တရွာထွက် သေမင်းကို မေးမြန်းစုံစမ်း ကြသော်လည်း မည်သို့မျှ သတင်းမရချေ။


အဘိုးခင်ဗျာ -- ဒီရွာမှာ - သေမင်းဆိုတာ ရှိယင် - သူဘယ်မှာနေပါသလဲ - ညွှန်ပြပါခင်ဗျာ....
ခရီးအတော်ဝေးသော်ရွာတရွာအဝင်၌ အဘိုးအိုတဦးကို မေးမြန်း၏။
ဟားဟား - ဟားဟား -- သေမင်းဆိုတာ - ရှိမှ မရှိဘဲဟဲ့။ မင်းတို့ ရူးနေကြသလား ..... မရှိတဲ့ - သေမင်းကို ဘယ်လိုလုပ်ရှာလို့ရပါ့မလဲ ... ဟဲဟဲ --
မရှိပါနဲ့ အဘိုးရယ်--- သေမင်းနဲ့ တွေ့ယင် ဆွေးနွေးစရာ ရှိလို့ပါ။ သေမင်း ရှိတတ်တဲ့ နေရာသာ ညွှန်ကြားပါခင်ဗျား
အိမ်း - တယ်ခက်ပါလား။ သူတို့ စိတ်ကျေနပ်အောင်တော့ တခုခု - လုပ်ပြောရလိမ့်မယ်.... ဦးလွန်းတော့ အ,တာပေါ့လေ
ဒီလိုဆိုလဲ - ပြောမှရဒါပကျယ် ..... ဟိုးရှေ့က ညောင်ပင်ကြီးနားမှာ - ရှိတယ်လို့ ပြောသံကြားဘူးတယ်
အဲဒီနား တဝိုက် - ရှာကြည့်ယင်တော့ - တွေ့ချင်တွေ့မယ်ထင်တယ်
ဟား - - - ဒီအပင်ကြီးဘဲ ဖြစ်မယ် .... ကဲ - တယောက် တဖက်စီ - ရှာကြမို့
သူငယ်ချင်းသုံးယောက်တို့သည် ညောင်ပင်ကြီးအောက်ရောက်သော် တိုင်ပင်ကြပြီး
တယောက်တဖက်စီ ရှာဖွေကြလေ၏။
သေမင်း ရေ-----
ဟေ့ -- သေမင်း --
သေမင်း - ရေ --
ထွက်ခဲ့ ဟေ့ ..


သေမင်း - ဘုရား - - - - -
ထွက်တော်မူလာ သော့
အရှင်သေမင်း
ဘုရား
ဟီး ...... ရွှေတွေ
ငွေတွေ .........
အများကြီး ...
မောင်အ မှာ ညောင်ပင် အနီးတဝိုက် လိုက်ရှာရင်း ချောက်ထဲကြည့်လိုက်ရာ ....
ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားဖြင့် ပြည့်နေသော ရတနာတွင်းကို တွေ့ရလေ၏။
မောင်ဝ - ရေ.....
မောင်နု - ရေ......
မြန်မြန်လာကြဟေ့
ဟင်...မောင်အ
အသံဘဲ - - -
သေမင်းကို
တွေ့နေပြီ
နဲ့တူတယ်
ဟား
ဟား
ဟိ
ဟိ
ဟိ
မောင်အထံရောက်၍ ရတနာတွင်းကိုပြလိုက်သောအခါ....
x x x
x x
x x x x
x x x
x x x
x x x
ထိုနောက် ထိုပစ္စည်းများကို မည်သို့မည်ပုံ ပြုလုပ်ရန် တိုင်ပင်ကြလေတော့၏။
ဆက်ရန်







မ - လို့ရမယ် ထင်တယ်ဗျ၊
ဟုတ်ပြီကွ၊
တိုး-တိုး-ကွ - လူတွေ ကြားကုန်မယ်၊
လာ - မြန်မြန်ပြန်ကြမယ်၊


# တွင်းထွက် သတ္တု - (၂)

ဆိုးလွင်မြင့်



ကျွန်ုပ်တို့၏ စားဝတ်နေထိုင်ရေးနှင့် သွားလာရေးတို့တွင် သံသည် မရှိမဖြစ် လိုအပ်သောသတ္တုဖြစ်လာပေပြီ။ နေအိမ်အဆောက်အအုံများ၊ မော်တော်ယာဉ်၊ သင်္ဘော၊ ရထား၊ လက်နက်ကရိယာများ၊ စက်ရုံ အလုပ်ရုံ၊ စက်ပစ္စည်းများ၊ မီးဖိုဆောင် အသုံးအဆောင် စသည်တို့တွင် သံနှင့် သံမဏိသည် လိုအပ်လှပေသည်။

တွင်းထွက် သတ္တုတို့တွင် သံသည် အပေါများဆုံး ဖြစ်၏။ ကမ္ဘာ့ ဗဟိုအတွင်းပိုင်း တခုလုံးလိုလိုပင် သံသတ္တုချည်းသက်သက် ဖြစ်သော်လည်း တူးဖော်ရာ၌ သံကိုသန့်သန့် အစိုင်အခဲလိုက် မရရှိတတ်ပေ။ အခြား သတ္တုများနှင့် ရောနှောနေတတ်ပေသည်။ သံသတ္တုကို မြန်မာနိုင်ငံတွင် ရှမ်းပြည်မြောက်ပိုင်းနှင့် မန္တလေးခရိုင်တို့၌ တွေ့ရှိရသည်။ ဗြိတိသျှ ကျွန်းစုသည် သံသတ္တုပေါကြွယ်သော ကျွန်းစု ဖြစ်သည်။




သံသတ္တုပြီးက ကြေးနီသည် ကျွန်ုပ်တို့အတွက် အသုံးဝင်ဆုံး သတ္တု ဖြစ်လေသည်။ လျှပ်စစ်ပစ္စည်းနှင့် အခြား အသုံးအဆောင်များ ပြုလုပ်ရာ၌ ကြေးနီကို များစွာလိုအပ်ပေသည်။ ဒန်သတ္တုကို ကမ္ဘာ့ မြေလွှာတွင် အစိုင်အခဲလိုက် တွေ့ရသည်။ ပေါ့ပါးပြီး ခိုင်မာသောသတ္တုကြောင့် လေယာဉ်ပျံများ၊သိပ္ပံပညာဆိုင်ရာပစ္စည်း ကရိယာများနှင့် အခြား စက်ပစ္စည်းများပြုလုပ်ရာ၌ အသုံးဝင်လေသည်။ လူတို့အတွက် အသုံးဝင်သော ခဲမဖြူ၊ ရွှေ၊ ငွေ၊ ကရိုမီယမ်၊ ယူရေနီယမ် စသည်တို့လည်း ရှိသေးသည်။ရွှေကို လက်ဝတ်တန်ဆာအလို့ငှာ တန်ဖိုးထား၍ အသုံးပြုသည်က များလေသည်။




ရှေးကပင် လူတို့သည် ရယူရန် ခက်ခဲရှားပါး၍ လှပတောက်ပြောင်သော ကျောက်တို့ကို အဖိုး ထိုက်တန်သော ကျောက်မျက်

ရတနာများအဖြစ် သတ်မှတ်ခဲ့ကြသည်။ ယင်းတို့အနက် စိန်၊ ပတ္တမြား၊ နီလာနှင့် မြတို့သည် ထင်ရှားပေသည်။



တွင်းထွက်သတ္တုတို့တွင် စိန်သည် အမာကျောဆုံး ဖြစ်သည်။ သို့ကြောင့်ပင် စိန်အပေါ်အဝင် အခြားမာကျောသော အရာတို့ကို စိန်ဖြင့်ပင် ဖြတ်တောက်ကြရလေသည်။ ကမ္ဘာ၌ စိန်အများဆုံးထွက်သော ဒေသမှာ အာဖရိကတိုက်ဖြစ်၏၊ အိန္ဒိယ၊ မြောက် နှင့် တောင်အမေရိက တိုက်တို့၌လည်း စိန်တွင်းများစွာရှိသည်။ တောင်အာဖရိကတွင် လယ်သမားတယောက် တွေ့ရှိခဲ့သော ကူလီနန်ခေါ် လက်သီးဆုပ်အရွယ်ခန့်ရှိ စိန်တုံးသည် တွေ့ရှိသမျှ စိန်တို့တွင် အကြီးဆုံး ဖြစ်လေသည်။




မီးလျှံကဲ့သို့ နီရဲပြီး တန်ဖိုးရှိလှသော ပတ္တမြားသည် မြန်မာနိုင်ငံ မိုးကုတ်မြို့နယ်မှ ထွက်ရှိကာ ကမ္ဘာတွင် ထင်ရှားသည်။ ပတ္တမြား၏အရည်အသွေးကို ခိုသွေး လတ်လတ်ဆတ်ဆတ်၏ အရောင်ဖြင့် နှိုင်းယဉ်စံတင်ခဲ့သည့် ရှေးကာလမှစ၍ ယင်း ရတနာကို ခိုသွေးပတ္တမြားဟု အသိအမှတ် ပြုခဲ့ကြသည်။


နီလာသည် အရောင်အမျိုးမျိုး ရှိသော ကျောက်မျက် ဖြစ်သည်။ နီလာတွင် အဖိုးတန်ဆုံးမှာ အတွင်း၌ ကြယ်သဏ္ဍာန် အလင်းဖြင့် တောက်ပနေသော အပြာရောင်နီလာမျိုးဖြစ်၍ ယင်းကို ကြယ်နီလာမျိုးဟု ခေါ်သည်။ မြန်မာနိုင်ငံတွင် မိုးကုတ်မြို့နယ်မှာပင် တွေ့ရှိနိုင်သည်။

အရွယ်အစားကြီး၍ အနာအဆာကင်းသော မြသည် စိန်ထက်ပင် တန်ဖိုးကြီးမားလေသည်။ အရောင်အဆင်းမှာ အစိမ်းရင့်ဖြစ်၍ တောင်အမေရိကတိုက် အက်ကွေဒေါ်၊ ပီးရူးနှင့် ကိုလံဘီးယားနယ်တို့မှ အများဆုံး ထွက်သည်။

ဤ ထင် ရှား သော အ ဖိုး တန် ကျောက်မျက် ရတနာများအပြင် အခြား လှပသော မဟူရာ၊ ဂေါ်မုတ်၊ ကျောက်သလင်း၊ ဆီးကျောက် စသည့်တွင်းထွက်ကျောက် များလည်း များစွာ ရှိပေသေးသည်။





ခဲတံတို
တချောင်း
ရေး ★ တာလေး
ရုပ်—
ဆရာတို့ဌာနမှာ လစ်လပ်တဲ့အလုပ် ရှိယင်ကျွန်တော် လုပ်ချင်ပါတယ်
အခု အလုပ်ခန့်စရာနေရာ မရှိသေးပါဘူးကွယ်
တနေ့တွင် အလုပ်ပိုင်ရှင်ထံ လူရွယ်တဦး အလုပ်လာလျှောက်လေသည်။
ဒါဖြင့် ကျွန်တော် ပြန်ပါအုံးမယ်
နောက် အလုပ်ခန့်ယင် ခေါ်ပါမယ်
ဦးတို့ အလုပ်ဌာနမှာ အလုပ်ရှိယင် ကျွန်တော့်ကို ခန့်ပါ
နောက်တယောက် အလုပ်လာတောင်း ပြန်ပြီ
ထို့နောက် အခြားလူရွယ်တဦးရောက်လာပြန်ပြီး—
ဦးတို့ အလုပ်ဌာနမှာ အလုပ်ခန့်ဖို့ နေရာမရှိသေးပါဘူး-ကွယ်
ကျွန်တော် ပြန်ပါအုံးမယ်
အလိုရှိတဲ့အခါ ခေါ်ယူပါမယ်


ခဲတံတိုတချောင်းပါလား၊ ယူပြီးသိမ်းထားအုံးမှဘဲ
ဟေ့-သူငယ်ခဏ ဒီနားလာပါအုံး-ကွဲ့
ခဲတံတိုတချောင်း ကောက်ယူလိုက်သော လူရွယ်ကို အလုပ်ရှင်မြင်လျှင်—
အဖိုးမတန်တဲ့ ခဲတံတိုတချောင်းကို ဘာဖြစ်လို့ အမြတ်တနိုး ကောက်ယူထားရတာလဲ
အဖိုးတန်ပစ္စည်းတခု အနေနဲ့ ကောက်ယူတာ မဟုတ်ပါဘူး
ဒါဖြင့် ဘာကြောင့်လဲ
ဒီခဲတံဟာတိုပေမဲ့ ရေးလို့ရပါသေးတယ် ခဲတံတချောင်းဖြစ်ဖို့ လုပ်ရတာ မလွယ်ပါဘူး
အမြော်အမြင်ရှိတဲ့ သူငယ်ဘဲ၊ သူ့ကို အလုပ်ခန့်ရင်၊ ငါ့ အလုပ်မှာ အကျိုး ရှိမယ်.
ဒီနေ့ကစပြီး မင်းကိုငါ အလုပ်ခန့်လိုက်တယ်

ပြီး


အထင်မှားသော်
ဂျစ်တူးနှင့် လတ်ဇော်သည် အလွန်ခင်ကြ၏။
ငါထမင်းသွားစား ဦးမယ်ကွာ... မြန်လာခဲ့မယ်
အေး အေး
ငါ့မော်တော်ကားလေးမရှိတော့ဘူး၊ ခုလေးတင် တွေ့မိသားနဲ့
ဂျစ်တူး ကားခိုးသွားသည်ထင်၍ လတ်ဇော် ဒေါပွနေခိုက်
ဘာဖြစ်ရမှာလဲကွ
ဘာဖြစ်နေလဲ
ဒိုး-ဘာလို့ခိုးရမှာလဲ
သားတို့ရေ
မင်း ငါ့ကားလေး ခိုးသွားတယ်-မဟုတ်လား မြန်ပေး
သားကလဲ-ကိုယ့်သူငယ်ချင်းကို အရမ်း စွပ်စွဲရသလား၊ ကားလေးကို မေမေ သိမ်းထားတာ
ဟင်း-တွေ့လား
အထင်မှားလို့ ပါကွာ-စိတ် မဆိုးပါနဲ့
ဆိုးပါဘူးကွာ
ထိုနေ့မှစ၍ လတ်ဇော်သည် ဘာလုပ်လုပ် အရမ်းမစွပ်စွဲတော့ပေ။



လန်ဒန်မြို့၏ အနောက်ဖက်ခြမ်းတွင်တည်ရှိ မြင်းကြောင့် ဝက်စမင်စတာ အက်ဗေးဟု ခေါ်ဝေါ်ခဲ့ဟန် ရှိသော ဤဘုရားရှိခိုးကျောင်းကြီး၏ တရားဝင်အမည်မှာ စိန့်ပီတာကောလီးဂျိတ် ဘုရားရှိခိုးကျောင်း ဖြစ်၏။ ၁၀၆၆ ခုနှစ်တွင် တကြိမ်၊ ၁၂၄၅ ခုနှစ်တွင် တကြိမ် ပိုမိုကောင်းမွန်အောင် တိုးချဲ့ပြင်ဆင်ဆောက်လုပ်ခဲ့ကြပြီး၊ သတ္တမမြောက် ဟင်နရီဘုရင်က ၁၆ ရာစုတွင် ကြီးကျယ်ခမ်းနားသော ဘုရားရှိခိုးကျောင်းဆောင်ကြီးတခု ထပ်၍ တွဲဖက်ဆောက်လုပ်ခဲ့သည်။ ၁၇၃၉ ခုနှစ်တွင် ၂၂၅ ပေစီရှိသော အမြင့်ညီ ရဲတိုက်နှစ်ခုကိုပါ ထပ်ဖြည့်ခဲ့ကြပြန်ရာ ယခုအခါ ဘုရားရှိခိုးကျောင်းကြီးသည် အလျား ၅၁၃ ပေ၊ အနံပေ ၂၀၀ ထိ ကျယ်ဝန်းလာခဲ့သည်။


အတွင်း၌ ဗြိတိသျှသမိုင်းဝင် စွန့်စားသူများ၊ စစ်သည်တော်များ၊ ဘုရင်မင်းမြတ်များ၊ ကဗျာဆရာများနှင့် ပန်းချီဆရာများ၏ အထိမ်းအမှတ်ရုပ်တု၊ ကျောက်တိုင်၊ သင်းချိုင်းဂူ စသည်တို့ အများအပြားရှိသည်။

ဝီလျံ-သာ-ကွန်းကားရား လက်ထက်မှစ၍ ယနေ့တိုင် နန်းတက်ခဲ့သော အင်္ဂလိပ်မင်းဆက်တလျှောက် ဘုရင်နှစ်ပါးမှအပ ကျန်ဘုရင် ဘုရင်မ အားလုံးသည် ဤဘုရားရှိခိုးကျောင်း၌ တိသိက်ခံခဲ့ကြလေသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

## ဝက်စမင်စတာဘုရားရှိခိုးကျောင်း

## ပန်းလေးပွင့်



# ဖြောင့်မတ်စိတ်ထား

ဆေးမောင်လေး ရေးဖွဲ့သည်



ကျော်သင်းမောင်နှင့်အောင်ဝင်း တို့သည် အစိုးရမူလတန်း ကျောင်း၌ တတန်းတည်းသား များ ဖြစ်ကြသည်။

ကျော်သင်းမောင်က မိဘ များ ချမ်းသာသဖြင့် အပူအပင် မ ရှိ ကျောင်း တက် နိုင် ၏။ အောင်ဝင်း၏ အဖေမှာ လစာ နည်းသော အလုပ်သမားတဦး ဖြစ်သည်။ မိသားစုကလည်း များသည်။ ထို့ကြောင့် တဖက် တလမ်းမှ ဝင်ငွေရရှိရန် သူ၏ အမေက ပဲပြုတ်ရောင်းရသည်။ အောင်ဝင်းက နံနက်ကျောင်း သို့ မသွားမီ အကြော်စုံ ရောင်း ရသည်။

တနင်္ဂနွေနေ့က ဖြစ်ပါသည်။

အောင်ဝင်းသည် အကြော် စုံများ ရောင်းရင်း ကျော်သင်း မောင်တို့ လမ်းထဲသို့ ရောက် လာသည်။ လမ်းနှင့် ကပ်လျက် ရှိသည့် ကစားကွင်းထဲ၌ ကျော် သင်းမောင်တို့ ဘောလုံးကန်နေ ကြသည်။ ထိုစဉ် ကျော်သင်း မောင် အ မြောက် ကန် လိုက် သော ဘောလုံးသည် အောင် ဝင်း၏ အကြော်ဗန်းပေါ်သို့ တည့်မတ်စွာ ကျလာသဖြင့် အ ကြော်များ ရေထဲသို့ လွင့်စဉ် ကျသွား၏။

ကျော်သင်းမောင် တို့လည်း ကမန်းကတန်း ပြေးလာကြ၏။ အောင်ဝင်းက စိုးရိမ်ညှိုးငယ် သော မျက်နှာဖြင့် –

"ဆယ့် ငါးခုထဲ ကျန် တာ အားလုံး ရေထဲ ကျကုန်ပြီ။ အ မေဆူတော့မှာဘဲကွာ။ ဘယ်လို လုပ်ရမှန်း မသိတော့ဘူး"

ကျော်သင်းမောင်က လျော် ပေးရမည်ကိုလည်း ကြောက် သည်။ အမေဆူမှာလည်း စိုး သေးသည်။ ထို့ကြောင့် –

"ငါ တမင်တကာ ကန် လိုက်တာ မဟုတ်ဘူးကွနော်။ မတော်တဆ ဖြစ်သွားတာ။ ပြီး တော့ ဒို့ကလဲ ကစားကွင်းထဲ မှာ ကစားတာ။ ဒါကြောင့် ဒို့နဲ့ ဘာမှ မဆိုင်ဘူး"

ဤသို့ ပြောအပြီး သူ့အမေ ကို အနီးတွင် တွေ့လိုက်သော အခါ ကျော်သင်းမောင်သည် အတော်ပင် ထိတ်လန့်သွား၏။ သူ့အမေသည် ဗန်းမှောက်သည် ကို မြင်ကတည်းက အိမ်ပေါ်မှ အမြန် ဆင်းလာခဲ့သည်။

သူ့အမေသည် မျက်ရည်ဝိုင်း နေသော အောင်ဝင်းအား –

"သူငယ် မင်း အကြော် ဘယ်နှစ်ခု ကျသွားသလဲကွဲ့"

"ဆယ့်ငါးခုပါ ကြီးကြီး"

"ဒါဖြင့် ရော့ကွယ်၊ မင်း အကြော်ဘိုး တကျပ်ခွဲ"

"အို– အမေကလဲ ဘာလို့ ပေးရတာလဲ။ သားက တမင် တကာမှ...."

"မင်း ဘယ်လို ပြောလိုက် တာလဲ ကျော်သင်းမောင်"

အမေ က ဒေါသ သံဖြင့် ပြောလိုက်သဖြင့် ကျော်သင်း မောင်သည် အိမ်ပေါ်သို့ တက် သွားသည်။

အောင်ဝင်းက ကျော်သင်း မောင် အမေထံမှ ငွေတကျပ်ခွဲ ကို တွန့်ဆုတ်သော လက်များ

ဖြင့် လှမ်းယူလိုက်သည်။ ပြီးနောက် နေ့ကွေး လေးလံစွာဖြင့် လာလမ်းအတိုင်း ပြန်သွားသည်။ သို့သော် သူသည် ဆုံးဖြတ်ချက် တခုကို ချလိုက်သည်။ သူ၏ မျက်နှာသည် ညှိုးငယ်နေရာမှ တင်းမာလာသည်။

ကျောင်းတွင် ကျော်သင်းမောင်သည် အောင်ဝင်း အား အပေါင်းအသင်း မလုပ်တော့ပေ။ အောင်ဝင်းကမူ ပုံမှန်အတိုင်း ဆက်ဆံသည်။

နှစ်လနီးပါး ကြာသွားပြီးနောက် တနံနက်တွင် အောင်ဝင်းသည် ကျော်သင်းမောင်တို့အိမ်သို့ ဝင်လာပြီး –

"ဟော့– ကျော်သင်းမောင်၊ မင်းအမေကောကွ"

"အမေရေ၊ ဟောဒီမှာ အောင်ဝင်းက အမေ့ကို တွေ့ချင်လို့တဲ့"

အမေ သည် အိမ် ရှေ့ သို့ ထွက်လာ၍ –

"ဘာဖြစ်လာပြန်သလဲ သူငယ်ရယ်"

အောင်ဝင်းသည် သံဗူးဟောင်းလေးထဲမှ ကျပ်တန် တရွက်နှင့် ငါးပြားစေ့ ဆယ်စေ့ကို ထုတ်ယူလိုက်သည်။ ပြီးနောက် ကျော်သင်းမောင် ၏ အမေအား လက်နှစ်ဖက်ဖြင့် လှမ်းပေးရင်း –

"အရင်တခါ ကျနော့်ကို ပေးလိုက်တဲ့ ပိုက်ဆံတကျပ်ခွဲကို ပြန်ယူပါကြီးကြီးရယ်"

ကျော်သင်းမောင်၏ အမေသည် များစွာ အံ့ဩသွားပြီး –

"အို– မဟုတ်တာ သူငယ်ရယ်၊ ကြီးကြီးက မင်းကို သနားလို့ ပေးလိုက်တာဘဲကွဲ့"

"မဟုတ်ပါဘူး ကြီး ကြီးရယ်၊ အမှန်က ကျော်သင်းမောင်တို့ မတော်တဆ ကန်မိလို့ မှောက်သွားရတာပါ။ ကျနော်လဲ အမေဆူမှာကြောက်လို့ ယူသွားရပေမဲ့ စိတ်ထဲကတော့ ပြန်ပေးဘို့ ဆုံးဖြတ်ထားပါတယ်။ ဒါကြောင့် တနေ့ ငါးပြား စုစုထားတာ ဒီနေ့မှာဘဲ တကျပ်ခွဲပြည့်လို့ ကြီးကြီးကို လာပေးနိုင်တာပါ"

"ပြန်သာ ယူသွားပါကွယ်၊ ကြီးကြီး မင်းဆီက ဘယ်နည်းနဲ့မှ မယူရက်ပါဘူး"

အောင်ဝင်းက အကြိမ်ကြိမ်ပေးသော်လည်း ကျော်သင်းမောင်၏ အမေက မယူသဖြင့် နောက်ဆုံးတွင် အနီးရှိ စားပွဲပေါ်၌ ပိုက်ဆံကို တင်ခဲ့၍ အိမ်ပေါ်မှ အမြန်ဆင်းသွား၏။

"ကဲ– ကျော် သင်း မောင်၊ မင်းနဲ့များတော့ ကွာလိုက်တာကွယ်"

အမှားကို ဝန်မခံရဲခြင်း၊ ကိုယ်ချင်း စာစိတ် မရှိခြင်း၊ ကောက်ကျစ်ခြင်းတို့ အတွက် များစွာ ရှက်မိသော ကျော်သင်းမောင်မှာ ခေါင်းငုံ့၍သာ နေမိလေတော့သည်။

# မြင်းစီး သူရဲကောင်း

ခနိုခြံကို ငါတို့ဆင်းစို့၊
သူငယ်ချင်းတို့ လာကြကွယ်။

ခနိုလက်တွေ ကိုယ်စီခုတ်လို့၊
မြင်းရုပ်လုပ်ကာ စီးကြမယ်။

ပခုံးပေါ်မှာ ကြိုးလွယ်သိုင်းနဲ့၊
ခနိုကိုင်းကို ခွလို့ရယ်။

ဇက်ကြိုးကိုင်ကာကြိမ်သံပေးလို့၊
ကဆုန်ပြေးစို့ မှိုင်တောလယ်။

ခွာသံပေးကာ
တဖြောင်းဖြောင်းနဲ့၊
မြင်းစီးကောင်းတဲ့ တို့လူငယ်။

တို့တိုင်းပြည်ကို
လာစော်ကားတဲ့၊
ရန်သူများကို တိုက်ဖို့ရှယ်။

တိုက်မယ်–တိုက်မယ်။ ။

သူရဇော်



R. 517

# ခေါင်ရမ်းပန်း



ဆည်း လည်း (ဆွဲလဲ)

ပန်း ဟုလည်း ခေါ် သော ခေါင်ရမ်း တမျိုး၏ ပန်းအရောင်သည် သန္တာသွေးကဲ့သို့ နီမြန်းနေသည်။ ခေါင်းလောင်း (ဆည်းလည်း) ကဲ့သို့ တွဲလောင်းကျပြီး ပွင့်ပုံကို အစွဲပြုခေါ်ဝေါ်ဟန် တူပေသည်။ အနားတွန့်သော ပွင့်ချပ်ငါးခုတို့သည် ကော့လန်နေပြီးလျှင် ယင်းတို့၏အလယ်မှ ရှည်လျားသော ဝတ်ဆံတံက ထိုးထွက်နေလေသည်။ အပွင့်များသည် ၃–၄ လက်မခန့်ရှိ၍ တပွင့်ချင်း ပွင့်သည်။

ခေါင်ရမ်းမျိုးစိတ်ပေါင်း ၁၅၀ ကျော်ရှိ၍ နှစ်ကြာခံအပင်မျိုး ဖြစ်သည်။ မျိုးစပ်၍ ဖြစ်ထွန်း အောင်မြင်သဖြင့် ဟာဝိုင်အီကျွန်းတွင် မျိုးစပ်ထားသော ခေါင်ရမ်းကပြားမျိုးပေါင်း ၁၀၀၀ ကျော်ရှိသည်။ ဆည်းလည်းပန်းလို တထပ်ချင်း၊ နှင်းဆီလိုအထပ်များများ စသည်ဖြင့် ပုံပန်းသဏ္ဌာန်နှင့် အသွေးအရောင်ကလည်း လှပ ဆန်းပြား စုံလင်လှသည်။ ခေါင်ရမ်းမျိုးသည် ရန့်ကင်းသော်လည်း ရန့်သင်းသောခေါင်ရမ်းမျိုး အနည်းအကျဉ်း ရှိသည်။ မျိုးစိတ်မျိုးကွဲ များပြားသော်လည်း ဝတ်ဆံထွက်ပုံမှာ အနည်းနှင့်အများ ပုံစံတူသည်။ ဆည်းလည်းပန်းမျိုး၏ဇာတိသည် အာဖရိကတိုက်ဖြစ်သည်။ တရုပ်နှင်းဆီနှင့် ရှုနှင်းဆီ ခေါ် လှပသော ခေါင်ရမ်းမျိုးတို့သည် အာရှတိုက်ဇာတိများ ဖြစ်ကြလေသည်။

## ခိုင်ပန်းစုံ



ချုံပင်မျိုးဖြစ်သော ခေါင်ရမ်းပင်များကို ခြံဥယျာဉ်များ၌ အလှစိုက်ကြသည်။ အရွက်များပြား အကိုင်းအလက်ရှုပ်ထွေးသဖြင့် ခြံစည်းရိုးပင် အဖြစ်လည်း သုံးကြသည်။ ဆည်းလည်းပန်းသည် ဧပြီမှ စက်တင်ဘာလအထိ များများပွင့်သော်လည်း ခေါင်ရမ်းမျိုး များစွာတို့သည် ဂရုတစိုက်စိုက်နိုင်လျှင် နှစ်လုံးပေါက် ဖူးပွင့်သည်။ အရွက်များသည် အရင်းကား၍ အဖျားချွန်သည်။ အနား၌ ခွေးသွားစိတ်များရှိသည်။ ဆည်းလည်းပန်းသည် ပဉ္စငါးပါး ဆေးဖက်ဝင်သည်။

ရုံးပတီ၊ ချဉ်ပေါင်အမျိုးမျိုး၊ ဝါပင်နှင့် လျှော်ပင်အမျိုးမျိုးတို့သည် ခေါင်ရမ်းနှင့် မျိုးရင်းတူကြလေသည်။


တင့်တင့်



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ—၄။ အမှတ် ၃၇၊

# ရွှေသွေး ဂျာနယ်




၁၃၃၄ ခု၊ တော်သလင်းလဆန်း ၂-ရက် (၉-၉-၇၂)

ပန်းချီ - ဦးဘကြည်
ဓါတ်လမ်း - တင့်ထားဆွေ





သူတို့သည် ရတနာတွင်းပိုင်ရှင်များ ဖြစ်သွားကြ၍ သေ
မင်းကို လိုက်ရှာနေသည့် ကိစ္စကိုပင် သတိမရတော့ပဲ
အပျော်ကြီး ပျော်ကြပြီးသည့် အဆုံး၌ ယူလာသော
အစားအစာများကုန်နေသည်ကို တွေ့ရသဖြင့် တယောက်
ကို အစာရှာထွက်စေ၏။

စနေနေ့တိုင်း ထုတ်ဝေသည်။




အင်း - ဒီကောင်တွေ လုပ်ပုံက တော့ - မဟန်ဘူး၊ ငါ့ကိုတော့ အစာရှာခိုင်းပြီး - သူတို့က တော့ အတူတူ - ပစ္စည်း စောင့်မယ်တဲ့။ ကောင်း သူတို့ - အပိုင်စီးချင်တာနဲ့ - အကွက်ဆင် တာများလားမသိ ဘူး။ အခြေအနေ မဟန်ရင်တော့ လက်ဦးအောင် လုပ်ရလိမ့်မယ်။
မောင်နသည် အစာရှာထွက်လာစဉ် လမ်း၌ အမျိုးမျိုးတွေးမိ၏။
မောင်အ - ရေ... ဒီရတနာတွေကို ဒို့နှစ်ယောက်ထဲသာ ခွဲဝေယူရရင်... ဟီး... သူဌေးကြီးတွေ ဖြစ်ကြမှာပဲနော်..
အေးကွ၊ ငါကလဲ - နေ - အကဲကြည့်ရတာ - တယ်မဟန် လို့ - အစာရှာဘို့ တွန်းလွှတ်ရတာ
ရတနာတွင်း၌ စောင့်ကျန်ရစ်ခဲ့သောမောင်အနှင့် မောင်ဝတို့ကလည်း -
သို့ဖြင့် နှစ်ယောက်သား အကြံပြုကြ၏။
မဖြစ်သေးပါဘူး၊ တကယ်လို့ - သူတို့နှစ်ယောက် ပြောပုံ-ဆိုပုံ - အကဲခပ်ရတာ - မဟန် ရင် -- ကိုယ်က - လက်ဦးအောင် တော့ကြံ ရုံ မှာပဲ ---- ----
မောင်နသည် ထမင်းထုပ်များယူလာရင်း -
---ကြာပါတယ်လေ -- ထမင်းထုပ်တထုပ်ကို ဗိုဆေး ခတ်ထားပြီး - အမှတ်အသားလုပ် ထားမယ်။ အခြေအနေ မကောင်းရင် - အဲဒီ အထုပ်ကျွေး မယ်.-----
အခြေအနေ ကောင်းရင် - အကောင်း ထုပ်ကျွေး မယ်---
----ပဲ-
ဟီး -----
ရတနာတွေက အများကြီး ----
လိုက်ရှာရုံ မှာပဲလေ --
အနားရောက်သော် မောင်အနှင့်မောင်ဝတို့ကို မတွေ့ရ၍ စိတ်ပူပြီး ပထမ ရတနာတွေကို ပြေးကြည့်၏။


မောင်အ - ရေ
မောင်ဝ - ရေ
ဟေ့ ... မောင်အ ... မောင်ဝ ...
ထို့နောက် ထကြော်ကြော် အော်ခေါ်ကာ လိုက်ရှာလေတော့၏။
နေအုံးကွ။ ငါတော့ မသေကော ဘူး။ သူ ရောက်လာတာနဲ့ ချက်ချင်း - ရတနာ တွင်းကို သွား ကြည့်တယ်
အေးဆော်
မောင်အနှင့် မောင်ဝတို့သည် သစ်ပင်ကွယ်မှ ပုန်း၍ ချောင်းကြည့်နေကြ၏။
ဟောဗျ -- ဘာသံမှ - မကြားပါလား --- ကျားဘဲဆွဲသွားပြီလား၊ လူဘဲ ဖမ်းသွားပြီလား၊ ဒီလောက် အော်ခေါ်သို့မှ မကြားမှင်တော့
တောထဲ - မနေရဲ လို့ - နိုင်ငံပေါက် ယူပြီး ပြန် ကြပြီထင် ပါရဲ့ ---- ထို့ - သတ္တိကလဲ နဲ့လိုက်တဲ့ ကောင်တွေ
အေးလေ၊ ငါ့ကောင်းတာဘဲ။ ငါတယောက် ထဲ သူဌေးဖြစ်ချင်လို့နဲ့တူတယ်။
ကဲလေ - လမ်းချော်ရ - အော်ခေါ်ရ - လိုက်ရှာရ နဲ့ မောပြီး - ဆာလည်းမွန်ပြီ။ ထမင်းထုပ်ဖြေစားပြီးမှ အားကောင်းကောင်း နဲ့ - ရတနာတွေ သယ်ရတာ ပေါ့ လေ ----
သို့ဖြင့် တွင်းအထက်နားတွင် ထိုင်စားနေ၏။
ကြည့်ပါလား၊ ငါမပြောဘူးလား၊ ဒီကောင်က - သူတယောက်ထဲ အပိုင်စီးချင်တာ --- ကွ ---
ထိုအခိုက်
နောက်မှ ခြေဖျားထောက်ထွက်လာပြီး အသင့် ဆောင်ထားသော ကျောက်တုံးများဖြင့် -


ဒုန်း
အွတ်
မောင်နမှာ ထမင်းထုပ်ပါ ရတနာတွင်းထဲသို့ ကျပြီး သေဆုံးသွားလေသည်။
ဒီက - လက်ဦး ပေလို့သာ ။ မဟုတ်ရင် - ခက် သွားတဲ့ ။ ခုတော့ စိတ်ချရပါပြီ ။ ဒို့နှစ်ယောက် စိတ်တူ သဘောတူ ဘဲ ဆက်လုပ် ကြရတော့မယ် ....
အေး အေး - ဆေးဆေး ပေါ့ကွ ..... ဆာပြီကွ ... ငနဲ - ယူခဲ့တဲ့ ထမင်း ထုပ် ကို စားပြီးမှ စီစဉ်တာပေါ့
အေး - ဒါ အကြံ မဆိုးဘူး
ဟင်းတွေ - တယ်စားကောင်း ပါလား ...
ကောင်းဆို ... သူ့ ငွေ - ပုံပုံ ရွှေ ရွှေ တွေ စားတဲ့ ထမင်းဘဲ ... ဟဲ-ဟဲ
အေး - ဟုတ်သဟ - အထုပ်ကြီး ချည်ပုံကလဲ - ကမျာဆံတယ်
ကျန် ထမင်းထုပ်ကို ဆာဆာနှင့် စားကြရာ-
အမယ်လေးဗျ - သေရချေရဲ့ ... မိုက်ထဲက - ထိုးထိုး နာတယ်ဗျ အား ....... အမေ့
ဘုရား - ဘုရား အူတွေ ပြတ် ကုန်ပြီထင်တယ်...
အဆိပ်သင့်ပြီး လူးလှိမ့်ကာ သေကြရ၏။
ဟာ .... ရှုးရှုး ရှိုက်ရှိုက် လေးတွေ - သေ ကုန် ရှာကြပြီပါလား ... ကျွတ် - ကျွတ် - ဒုက္ခ - ဒုက္ခ ။ ဒီနေရာ အေးများပုံ ရတယ် ။ ငါလဲ သွားမှဘဲ ...
ထိုအချိန်တွင် အဘိုးအိုသည် မိမိလုပ်ကြံပြော လိုက်ရသည်ကို စိတ်မလုံသဖြင့် နားလည် အောင် ချော့မော့ပြောရန် လိုက်လာပြီးရာ-
အေးလေ ...... သေဖင်းလိုက်ရှာတဲ့ သူတွေ သေဖင်းနဲ့ တွေ့သွားကြပြီပေါ့
ပြီး



မြန်မြန်လာပါကွ၊ တော်တော်ကြာ ဟိုလူကြီးတွေ မြင်သွားအုံးမယ်၊
ဘာထုပ်လဲဟေ့ -
ဘာထုပ်မှန်းမသိဘူး
ဟာ - ရွှေတွေဗျ - ရွှေတွေ -


လက်စွပ်တွေ- ဆွဲကြိုးတွေ--
ပုလဲပုတီးတွေ-



မြန်မြန် လုပ်ပါကွ၊ ဟိုကုလားထိုင်အောက် သွားပုန်းကွာ၊
ဟာ-တွေ့သွားမှာ ပေါ့ကွ၊
ဒေါက် ဒေါက်
ဟော-တံခါးခေါက်နေပြီ၊ မြန်မြန် ပုန်းကြပါကွ၊
ကယ်သူနဲ့တွေ့ ချင်လို့ပါရှင်၊
မင်းတို့နဲ့တွေ့ ချင်လို့ပါ၊
ဟင့်အင်း..မသွားပါဘူး၊ ဘာအိတ်မှလည်းမတွေ့ပါဘူး၊
ပြန်ပေးပါ၊


ဆက်ရန်

# သိမှတ်ဖွယ်ရာ




ကမ္ဘာ့ပေါ်တွင် အသေးငယ်ဆုံးသော ငွေစက္ကူမှာ တရုပ်နိုင်ငံ ချီကီယန်းပြည်နယ်ဘဏ်မှ တခါက ထုတ်ဝေခဲ့ဘူးသော ငါးဆင့်တန် ငွေစက္ကူဖြစ်၏။ အထူးထုတ် တံဆိပ်ခေါင်းအရွယ်ခန့် အလျား ၂.၁၆ လက်မ အနံ ၁.၁၈ လက်မသာ ရှိသည်။

''မင်''မင်းဆက်ကာလ ၁၃၆၈-၉၉ ခုနှစ် အတွင်းက ထုတ်ဝေခဲ့သော တရုပ် ငွေစက္ကူကြီးများမှာမူ အလျား ၁၃ လက်မ အနံ ၉ လက်မ ရှိသဖြင့် အကြီးဆုံး ဖြစ်လေသည်။



ဇဂျာနီ အက်ဇာ အမည်ရှိ ကုလားဘုန်းကြီးသည် ၁၉၆၉ ခုနှစ်က ဩစတြေလျနိုင်ငံ ဆစ်ဒနီမြို့တွင် ခြောက်လက်မ သံများကို နှစ်လက်မစီခွာ၍ စိုက်ထားသော သံဆူးအိပ်ရာပေါ်၌ အိပ်ပြခဲ့လေသည်။



အင်္ဂလန်နိုင်ငံမှ ယုန်နားရွက်ရှည်မျိုး၏ နားရွက်များသည် အဖျားတဖက်မှ တဖက်သို့ နှစ်ပေခန့် ရှည်သဖြင့် သဘာဝအတိုင်း ထောင်မနေပဲ တွဲလွဲကျနေသည်။ လမ်းလျှောက်သည့်အခါ ထိုနားရွက် ရှည်ကြီးများကို မကြာခဏတက်နင်းမိ၍ အခက်တွေ့ရသည်။ ယနေ့အထိ နားရွက်အရှည် ကမ္ဘာ့စံချိန်မှာ ၂၇ လက်မဖြစ်၏။




အနောက် အာဖရိကတိုက်မှ ဂျင်မနာချူးခေါ် ငါးတမျိုးသည် မိမိကိုယ်မှ လျှပ်စစ်အားများကို ထုတ်လွှတ်ပြီးနောက် ပြန်ဝင်လာသော လျှပ်စစ်အားကို ခံယူခြင်းဖြင့် ပတ်ဝန်းကျင်ရှိ ရန်သူနှင့် ကျောက်ဆောင်စသည့် အတားအဆီးများကို သိနိုင်ပြီးလျှင် ရှေ့သို့ဖြစ်စေ နောက်သို့ဖြစ်စေ လျင်မြန်စွာကူးခပ်ရှောင်တိမ်းနိုင်လေသည်။

# အတိုအထွာ

ရေးသူ မြတင်ရည်
ပန်းချီ




ဗြိတိန်ပြည်တွင် အသက်အရွယ်နှင့် စာလျှင် စာအမြန်ဆုံးဖတ်နိုင်သူမှာ ဗာဂျီး နီးယား ဟောဲ့ဖ္ဖို ဆိုသူ ၁၂ နှစ်အရွယ် မိန်းကလေးဖြစ်၏။ သူသည် တမိနစ်လျှင် စာလုံးရေ ၁၀၀၀ ခန့်ကို ဖတ်နိုင်မှတ်နိုင် စွမ်းရှိသည်ဟု ဆို၏။



အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဆာဗွိုင်း ဗာတ်ရုံ နောက်ဖက်ရှိ လမ်းမီးတိုင်သည် နေ့ရောညပါ အမြဲလင်းလျက်ရှိသဖြင့် စိတ်ဝင်စားဖွယ် ဖြစ်ခဲ့သည်။ ထိုမီးတိုင်သည် လမ်းအောက်ရှိ မိလ္လာ ပိုက်ကြီးများ အတွင်း ဖြစ်ပေါ်လာသော မက်သိန်း ဓာတ်ငွေ့ကို သုံး၍ ထွန်းညှိ ထားခြင်းဖြစ်သည်။ ထိုဓာတ်ငွေ့ကို ထိုကဲ့သို့မှ မီးရှို့၍ ဖျက်ဆီးမပစ်လျှင် ပေါက်ကွဲနိုင်သည်ဆို၏။





စကော့တလန်ပြည် ရှက်တလန် ကျွန်းရှိ စကောလဝေး ရဲတိုက်ကို လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ ကျော်က နယ်စားကြီး ပက်ထရစ်က ချွေးတပ်ဆွဲ စနစ်ဖြင့် ဆောက်လုပ်ခဲ့သည်။ ထိုစဉ်က ကြက်ဥအကာဖြင့် နယ်စပ်ထားသော အင်္ဂတေကို သုံးခဲ့ပြီး ထိုအတွက် လူတိုင်းထံမှ ကြက်ဥနှစ်လုံးစီ တောင်းယူခဲ့သည်ဆို၏။





ကမ္ဘာပေါ်တွင် အသန်မာဆုံးသော သွားပိုင်ရှင်မှာ ဗယ်လဂျီယန် နိုင်ငံသား ဂျွန် မက်စစ် ဆိုသူဖြစ်၏။ သူသည် ၁၉၆၉ ခုနှစ်က ၃၆ တန်လေးသော ရထားတွဲကို မိမိသွားဖြင့် ကိုက်ထားသော ကြိုးဖြင့် သံလမ်းတလျှောက် ဆွဲပြခဲ့လေသည်။


ကျော့ခင်ခင်
ဟာသဥာဏ်
တခါတုန်းက ဘုရင်တပါးမှာ ဟာသဥာဏ်ရွှင်ပြီး ရယ်ရွှင်ဘွယ် များကို ပြောင်မြောက်စွာ တင်ဆက် နိုင်လို့ ဘုရင်ရဲ့ အရေးပေး မြှောက်စားခြင်း ခံရတဲ့ ပျော်တော်ဆက်တဦး ရှိသတဲ့။
မကြာခဏ ဆုတော်ငွေများ ချီးမြှင့်ခြင်းခံရလို့ အခြားနန်းတွင်းသားများက ပျော်တော်ဆက် လေးကို မနာလို အမုန်းပွားကြသတဲ့။
တနေ့ .... ပျော်တော်ဆက်လေးဟာ ဘုရင်ကြီးကို ခွင့်ပန်ပြီး သူ့ရွာနေကို ခေတ္တ ပြန်သွားတယ်။
မွေးရပ်မြေဆီ
ပျော်တော်ဆက် မရှိတုန်း ဒင်းကို ချောက်တွန်းရအောင်


အခါအခွင့်စောင့်နေတဲ့ နန်းတွင်းသားများဟာ ဘုရင်ကြီးကို ပျော်တော်ဆက်အပေါ် အထင်လွဲအောင် အမျိုးမျိုး လျှောက်တင်ကြတယ်။
အင်း.... ဟုတ် မဟုတ် ခေါင်း ကြည့်ရသေးတာပ..
တနေ့မှာပျော်တော်ဆက်လေးဟာ နန်းတော်ကြီးကို ပြန်လည် ရောက်ရှိလာတယ်။
နန်းတွင်းသားတွေ ဂုန်းချောထားချက်အရ ဘုရင်ကြီးဟာ ပျော်တော်ဆက်လေးကို သံသယ ရှိနေတုန်း ပျော်တော်ဆက်လေးဟာ အမှားတခုကိုတင်လျှောက်မိတယ်။
ဒီတင် ဘုရင်ကြီးဟာ အမျက်တော်ပွားပြီး....
ပျော်တော်ဆက်အား
သတ်စေ...
အမိန့်တော်...


ဘုရင့်အမိန့်တော်ကိုကြားတဲ့ နန်းတွင်းသားတွေဟာ အားလုံးပျော်ရွှင်ကြတာပေါ့။
ပျော်တယ်
ပျော်တယ်ဗျ...
ငြိပျော်တယ်
ပျော်တော်ဆက်လေးဟာ ချမ်းသာခွင့်ပေးတို့ အတန်တန် တောင်းပန်တယ်။ ဒီတော့....
မောင်မင်းကိုမှချမ်းသာရ ပေမည်. သို့သော် မောင်မင်း ကြိုက်နှစ်သက်ရာ သေလိုသည့် နည်းလမ်းကို ရွေးခွင့်ပြုသည်
အသက်ကြီးရင့်၍ အိုမင်းကာ သေရသည့် နည်းလမ်းကိုသာ ပေးသနားတော်မူပါ ဘုရား..
ပျော်တော်ဆက်လေးရဲ့ ပိုင်နိုင်တဲ့ လျှောက်တင်ချက်ကို ကြားရတော့ ဘုရင်ကြီးဟာ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ပြီး....
လွတ်စေ

# အက်ဖယ်မျှော်စင်

ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ ဒေါ်လာ တသန်းခန့်တန်သော အက်ဖယ်မျှော်စင်ကြီးကို ပြင်သစ် အင်ဂျင်နီယာ အယ်လက်ဇန္ဒာဂပ်စတပ် အက်ဖယ်က ၁၈၈၉ ခုနှစ်တွင် ကျင်းပခဲ့သော ပြင်သစ်နိုင်ငံ ကမ္ဘာ့ ကုန်စည်ပြပွဲအတွက် အထူးဆောက်လုပ်ပေးခဲ့သည်။ ၉၈၄ ပေ မြင့်ပြီး အလေးချိန် တန် ၇၀၀၀ ရှိ ဤမျှော်စင်၌ သံချောင်း ၁၂,၀၀၀ ကို ရစ်ဗက်သံမှိုပေါင်း ၂,၅၀၀,၀၀၀ ဖြင့် ထိန်းထားပြီး ရာဇမတ်ကွက်ပုံစံချ၍ ဆောက်လုပ်ထားသည်။ လေးထောင့်ပတ်လည် ၃၁ ကိုက်စီရှိသော အောက်ခြေတိုင်ကြီး လေးတိုင်သည် ပေ ၆၂၀ အမြင့်တွင် သွားရောက်ဆုံကြသည်။

လူအများ လေညှင်းခံရန်အတွက် မျှော်စင်တွင် စင်္ကြံသုံးဆင့် ပြုလုပ်ထားပေးပြီး ပထမနှင့် ဒုတိယ စင်္ကြံများတွင် စားသောက်ဆိုင်များ ဖွင့်ထားပေးသည်။ မျှော်စင်၏ ထိပ်သို့ လှေခါးဖြင့်၎င်း၊ ဓာတ်လှေခါးဖြင့်၎င်း တက်နိုင်ပြီး မျှော်စင် ထိပ်၌ မိုးလေဝသ တိုင်းတာရေး စခန်းနှင့် အသံလွှင့်ဌာနတို့ရှိသည်။ ထို့ပြင် အက်ဖယ် မျှော်စင်ကို ရုပ်မြင်သံကြား လွှင့်ရန်လည်း အသုံးပြုသေးသည်။


မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)





# မိတ်ဆွေသစ်

မဝင်းနွယ်



ကျောင်းပိတ်သော စနေနေ့တနေ့တွင် ခေါင်းရင်းအိမ် ရှေ့သို့ လော်လီကားကြီးတစီးထိုး ရပ်လိုက်ပြီး၊ ကားရှေ့ခန်းမှ လူကြီးတယောက်၊ မိန်းမကြီး တယောက်နှင့် ကောင်လေး တယောက် ဆင်းလာကြပါသည်။ ထို့နောက် အလုပ် သမားကြီး နှစ်ယောက်က ပစ္စည်းများကို အိမ်ထဲသို့ သယ်သွင်းကြသည်။

ကျွန်တော်တို့ မောင်နှမသုံးယောက်သည် တံခါးပေါက် ဝတွင်ထိုင်ပြီး တဖက်အိမ်ကို စိတ်ဝင်စားစွာ ကြည့်နေမိပါသည်။ မမတို့ နှစ်ယောက်က အိမ်ထောင်ပရိဘောဂ ပစ္စည်းများကို စိတ်ဝင်စားပြီး ပြောဆိုနေကြသော်လည်း ကျွန်တော်ကမူ ကျွန်တော်နှင့် ရွယ်တူလောက်ပင်ရှိမည့် ကောင်ကလေးကိုသာ ကြည့်နေ မိပါသည်။

နောက်တနေ့တွင် နံနက်စာ စားပြီးသော အခါ မမကြီးနှင့် မမလေးတို့က ကာတွန်းစာအုပ် ဖတ်နေ ကြစဉ် ကျွန်တော်က ခေါင်းရင်းအိမ်မှကောင်ကလေးကို မသိမသာ ချောင်းကြည့်နေမိပါသည်။ ခဏ အကြာတွင် ကောင်ကလေးသည် ဘောလုံးလေးပိုက်ပြီး အိမ်ရှေ့မှထွက်လာပြီး မြေညီတနေရာတွင် ဘောလုံးလေးကို ပုတ်ကာ ပုတ်ကာ ကစား နေပါသည်။ သူ့ဘောလုံးမှာ ကျွန်တော်တို့ကန်နေကျ ပလပ်စတစ် ဘောလုံး ရာဗာဘောလုံးမျိုးမဟုတ်ပဲ လူကြီးများ ကန်သော တကယ့်ဘောလုံးများအတိုင်းဖြစ်ပါသည်။

ကျွန်တော်သည် အိမ်ပေါ်မှ တိတ်တိတ်ကလေး ဆင်းပြီး ခြံစည်းရိုးနားမှာ သွားရပ်ကာ –

"ဟေ့" ဟု ခေါ် လိုက် ရာ ကောင်ကလေးက ကြားသွားပြီး ကျွန်တော့်ကို လှည့်ကြည့်သည်။ ကျွန်တော်က မိတ်ဆက်လိုက်သည်။

"မင်းနာမယ်–ဘယ်လိုခေါ်လဲ"

ကောင် က လေး က ကျွန်တော့ဖက်သို့တိုးလာရင်း –

"ငါ့နာမယ် ဝင်းအောင်။ မင်းနာမယ်ရော"

"ငါ့နာမယ် မောင်မျိုးတဲ့။ မင်း ဘောလုံးလေးက လှတယ်နော်။ ငါ့ကို ခဏပြပါလား"

ကောင် ကလေး သည် ခြံစည်းရိုး အနီးသို့ ကပ်လာပြီး ဘောလုံးကို ကမ်းပေးပါသည်။ ကျွန်တော်ကလှမ်းယူပြီးနောက်

"သိပ်ကောင်းတာဘဲနော်"

"မင်း ကန်ချင်လား"

"ကန်ချင်တာပေါ့"

"ကန်ချင်ယင် ငါနဲ့ အတူလာကန်လေ"

ကောင်ကလေးက ဖိတ်ခေါ်သဖြင့် ကျွန်တော်သည် ခြံစည်းရိုး ကာထားသော သံဆူးကြိုးများကို ဆွဲဟပြီး တဖက်ခြံသို့ ကူးသွားပါသည်။

ဝင်းအောင်နှင့် ကျွန်တော်သည် အုတ်ခဲများကို ဂိုးတိုင်အဖြစ် ထားပြီး ဂိုးသွင်းတန်း

ကန်ကြပါသည်။ အတန်ကြာ သောအခါ အိမ်ထဲမှ မိန်းမကြီး တယောက် ထွက်လာပြီး ကျွန်တော်တို့အနီးသို့လာကာ –

"အော် – သားက သူငယ်ချင်းတွေတောင် ရနေမှကိုး"

"ဟုတ်တယ် မေမေ။ သူက မောင်မျိုး တဲ့။ ဟိုဖက်အိမ်က"

"အေး အေး – သား တို့ ကောင်းကောင်း ကစားကြ။ ရန်မဖြစ်ကြနဲ့ဟုတ်လား။ရော့– သကြားလုံးလဲ စားကြ"

ဝင်း အောင် တို့ အမေက ကျွန်တော် တို့ကို သကြားလုံး နှစ်လုံးစီ ပေးပါသည်။ သကြားလုံးစား၍ ကုန်သွားသောအခါ ဘောလုံး ဆက်ကန်ရန် ပြင်ကြပါသည်။

"ဘောလုံးကန်တာ လူအများကြီးနဲ့ ကန် မှ ပျော် ဘိုကောင်းတာ" ဟု ကျွန်တော်က ပြောလိုက်သည်။

"ဒို့မှာ လူမှမရှိဘဲ"

"ငါ့မှာ သူငယ်ချင်းတွေ အများကြီး ရှိတယ်။ သူတို့ကိုပါ မင်းပေးကန်မလား"

"ပေးကန်မယ်လေ"

"ဒါဖြင့် မနက်ဖန်ကျောင်းဖွင့်ယင် ငါသူတို့ကို ပြောလိုက်မယ်။ နောက် ကျောင်းပိတ်တဲ့နေ့ကျယင် ဒို့လူစုပြီး ကန်ရအောင်"

"အေး – ကန်မယ်"

"ဒါနဲ့ ဒို့ကို ဘောလုံးပေးကန်ယင် မင်းတို့ဖေဖေကဆူမှာလားဟင်"

"ဟင့်အင်း – မဆူပါဘူး။ ဒို့ဖေဖေက ပြောတယ်၊ ငါတို့ဒီကိုပြောင်းလာတာ ဒီမှာဆွေမျိုးမရှိဘူးတဲ့။ အိမ်နားနီးချင်းမိတ်ဆွေတွေကိုဘဲကိုယ့်ဆွေမျိုးမောင်နှမလို သဘောထားပြီး နေရမယ်တဲ့။ အားလုံးနဲ့ သင့်မြတ်အောင်နေရမယ်တဲ့"

"ဟုတ်လား။ မင်းတို့ဖေဖေရော၊ မေမေရော၊ မင်းရော သိပ်သဘောကောင်းတာဘဲနော်"

"ဒို့ ဖေဖေက ပြောသေးတယ်၊ နောက်အပတ် တနင်္ဂနွေနေ့ကျယင် ဒို့အိမ်မှာ ဒီအရပ်ကလူတွေကို ဖိတ်ပြီး လက်ဖက်ရည်တိုက်မယ်တဲ့။ အဲဒီအခါကျယင် ဒီအရပ်ကလူတွေ အားလုံးဟာ ကိုယ့်မိတ်ဆွေ ကိုယ့်သူငယ်ချင်းတွေ ဖြစ်လာမယ်တဲ့။ အားလုံးကို ခင်ခင်မင်မင်နဲ့နေရမယ်တဲ့။ အဲဒီနေ့ကျယင် မင်းရော မင်း သူငယ်ချင်းတွေရော ဒို့အိမ်မှာ လက်ဖက်ရည် လာသောက်ကြနော်"

ဝင်းအောင်က ကျွန်တော့်ကိုကြုံပြီး ဖိတ်လိုက် ပါသည်။ ကျွန်တော် ဝမ်းသာ စွာဖြင့် ယနေ့မှသိရသော မိတ်ဆွေသစ် ဝင်းအောင်ကို ကြည့်နေမိပါသည်။ မနက်ဖြန် ကျောင်းတွင် ကျွန်တော့် သူငယ်ချင်းများကို ကျွန်တော့်မှာ အင်မတန် စိတ်သဘော ထား ကောင်း သော မိတ်ဆွေသစ်တယောက် ရနေပြီ ဖြစ်ကြောင်း ကြွားပြီး ပြောရပါအုံးမည်။

## စွယ်စုံကျမ်း

သိချင်ကျွမ်းချင် ဖတ်ပါစမ်းကွဲ့၊
စွယ်စုံကျမ်းပေါ့ ညီထွေးရယ်။

စွယ်စုံကျမ်းဟာ လူငယ်တိုင်းရဲ့၊
စာပလိုင်းကြီး ကဲ့သို့နှယ်။

ကြောင်းရာစုံစုံကမ္ဘာလွှမ်းသမို့၊
အဆန်းဆန်းလဲ ဖတ်စဖွယ်။

ပထဝီသိပ္ပံ သမိုင်းအကြောင်းနဲ့၊
ဘာသာပေါင်းလဲ စုံလှတယ်။

သုတလဲကုံ ပညာရသမို့၊
လောကရေးလဲ သိနားလယ်။

ဖတ်ယင်မှတ်ပါ သိဉာဏ်ပွားလို့၊
အကြားအမြင် ကြွယ်လိမ့်မယ်။

ဖတ်ကွယ် မှတ်ကွယ်။ ။

သံတွဲ အောင်ကြည်ဇင်



# ခိုင်ပန်းစုံ

ရွှေရောင်အဆင်း ဝါဝါဝင်းနေသော ရွှေဝါပန်းပွင့်ကြီးများနှင့် စိမ်းစိုပြောင်လက်နေသော အရွက်များသည် ပန်းသင့်လှသည်။ အတော်ပင် ကြီးမားသော ချုံကြီးရုံကြီးများအထိ ရှင် သန်ကြီးထွားနိုင်သော ရွှေဝါပန်းပင်ကို ရွှေပန်းနွယ်ဟု ခေါ်ကြသည်။ မူလက အမေရိကတိုက် အပူပိုင်းဒေသ၌ ပေါက်ရောက်ခဲ့သော်လည်း အိန္ဒိယ မြန်မာ စသော အရှေ့တိုင်း အပူပိုင်းဒေသများတွင် တချိန်က ခေတ်စားခဲ့သော ပန်းနွယ်ပင်တမျိုး ဖြစ်လေသည်။

အပွင့်ကြီးများသည် သုံးလက်မခွဲခန့်ရှိ၍ တထပ်တည်းဖြစ်သော်လည်း ချောမွတ်ပြီး တောင့်သည်။ ပွင့်ချပ်အုံမှာ အရင်းပိုင်းတွင် ရှည်သွယ်သော လည်တိုင်သည် တဖြည်းဖြည်း ဖောင်းပွလာပြီး အဝတွင် ထိပ်ပိုင်းသော ပွင့်ချပ်ငါးခုဖြင့် ပွင့်အာသည်။ လည်တိုင်ဝ တလျှောက်မှာ လိမ်မော်သွေးဖြစ်သည်။ ပန်းခိုင်သည် အကိုင်းအခက်၏ ထိပ်ဖျားမှ အထွက်နည်း၍ အကိုင်းဘေးမှ အထွက်များသည်။ ပန်းခိုင်များက တိုသည်။ အဖူးလေးငါးဆယ်ဖူးခန့် ပါသော်လည်း တချိန်တည်းတွင် တပွင့် နှစ်ပွင့်ခန့်သာပွင့်သည်။ အဖူးများက တမျိုးလှသည်။ အာနေသော အစိမ်းရောင်ပွင့်ဖတ်အုံမှ လည်တံရှည်ဖြင့် ထိုးထွက်လာသော အဖူး ချွန်ချွန်ကြီးများသည် ကြေးညိုရောင်နှင့် စိမ်းဖြော့ရောင်ရောနေသည်။ ပွင့်ချပ်တို့က ခရုပတ် ခွေနေသည်။ အပွင့်တို့သည် မွှေးသည်ဟု မဆိုနိုင်သော်လည်း တခါတရံ သင်းသော ရနံ့မျိုးထွက်သည်။




ရွှေဝါပန်းတို့သည် အပွင့်နည်းသည့်အခါ ရှိတတ်သော်လည်း အပွင့်မပြတ်လှ။မိုးအခါ ပို၍ အပွင့်များသည်။ အရွက် ကြီးများသည် လေးလက်မခန့်ရှည်၍အဖျားချွန်သည်။ အသားအနည်းငယ်ထူ၍ ချောမွတ်သည်။ အလယ်တွင် ထင်ရှားသော ခေါက်ရိုးကြောင်း ရှိသည်။ နှစ်ရွက်ဆိုင်၍၎င်း၊ လေးရွက်ဆိုင်၍၎င်း ထွက်သည်။ အပွင့်လည်းသေး အရွက်လည်းသေး၍ နွယ်ပင် မဟုတ်ပဲ ချုံပင်ဖြစ်သော ရွှေဝါပန်း တမျိုးလည်းရှိလေသည်။

တပွဲတပွဲ

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၄ အမှတ် ၃၈

# ရွှေသွေး ဂျာနယ်

၁၃၃၄ ခု၊ တော်သလင်းလဆန်း ၉ ရက် (၁၆-၉-၇၂)

## ခွယ်စုံရသူ

ပန်းချီ · ဦးဘကြည်
ဇါတ်လမ်း · ဥဖွေး




လက်သမားဆရာ တယောက်နှင့် ခွယ်စုံရသူဟု ဆက်စပ်နေပုံကား....

စနေနေ့တိုင်း ထုတ်ဝေသည်။



တခါတုန်းက မြို့တမြို့မှာ လက်သမားဆရာ
တယောက် ရှိလေသည်။ သူသည် —
တနေ့ရှာဖွေ၍ရသော လုပ်ခကြေးငွေကို တနေ့
အတွက်သာ သုံးလေ့ရှိသည်။
သို့သော် သူများကဲ့သို့ ပြင်ပ၌ အရက်သောက်
ခြင်း၊ လောင်းကစားခြင်း မပြုလုပ်ပေ။
နေ့စဉ်နေ့တိုင်း မိသားစုနှင့် ပျော်ရွှင်စွာ စား
သောက်၍သာ နေထိုင်လေ့ရှိသည်။
ဘယ်သူပါလိမ့်- ဘာကိစ္စရှိလို့ပါလဲ.. လာ-လာ- အတော်ဘဲ.. ထမင်းဝင်စားသွား အုံးလေ...
တနေ့သ၌ ထိုကဲ့သို့ စားသောက်နေစဉ် လူစိမ်း
တယောက် ရောက်လာသဖြင့် —
ဟိုဘက်ပိုင်းကပါ -- ဘာကိစ္စမှ မရှိပါဘူး၊ အလကား လျှောက်လည်တာဘဲ
ဒါဖြင့် - ကြုံကြိုက်တဲ့အခါ ပျော်ပျော်ပါးပါး ဝင်စားသွားပါအုံး
ညွှဝတ်ကျေပြွန်စွာ မေးမြန်းပြီး ထမင်းစား
ပင် ဖိတ်ခေါ် လိုက်သေး၏။


ခင်ဗျားတို့က - အလုပ်ရက် အားမဟုတ်ဘဲ ဘာလို့ ပျော်ပွဲစား နေကြတာလဲ
ကျုပ်က - လက်သမားဆရာ၊ တနေ့တာ - ရတဲ့ ငွေကို တနေ့ထဲ အကုန် - ပျော်ပျော် ပါးပါး စားလိုက်တာဘဲ
အမှန်မှာ ထိုသူသည် ရုပ်ဖျက်လာသော ရှင်ဘုရင်ကြီးဖြစ်လေသည်။
ခင်ဗျား လုပ်နေတာ - မဟုတ်သေးဘူး ထင်တယ် တကယ်လို့များ - ရှင်ဘုရင်က - အလုပ် ပိတ်လိုက်ရင် - ခင်ဗျား ဘယ်လိုလုပ်မလဲ ----
ဟာဗျာ .... ဒီလို အဖြစ်မျိုးကို - ကျုပ်ရဲ့ အမုန်းဆုံး ရန်သူကိုတောင်မှ မဖြစ်စေချင်ဘူး
တိုင်းသူပြည်သား - လူအများတို့ လေး ...... တိုင်းပြည် သခင် - အရှင်ဘုရင်မင်းကြီး က - အမိန့်တော် ချမှတ်တော်မူသည်။ ယနေ့မှစ၍ ဈေးများ - အလုပ်ရုံများကို - နောက်ထပ် အမိန့် တစုံတရာ - မထုတ်မချင်း - ခေတ္တ ပိတ်ထားရမည် ----- အမိန့်တော် ...
နောက်တနေ့တွင်ဘုရင့်အမိန့်ထွက်လာလေ၏။
ဟို့ ဆရာကြီး ---- ဒီနေ့လဲ - ပျော်ပျော်ရွှင်ရွှင် စားသောက်လို့ပါဘဲကလား၊ တယ်ဟုတ်ပါလားဗျ၊ ခင်ဗျား - ဘယ်ကများ ငွေ ရှာရခဲ့ပြန်သလဲ ----------
ထိုညဦး၌ လက်သမားဆရာအိမ်သို့ ထိုသူသည် ရောက်လာပြန်လေသည်။
------ ဘုရင်ကြီးက ဈေးတွေနဲ့ အလုပ်ရုံတွေ ခေတ္တ ပိတ်ထားဘို့ အမိန့် ထုတ်ထား တယ်မဟုတ်လား
တယ်ဆိုးတဲ့ ဘုရင် ပါဘဲဗျာ၊ ဒီလို အမိန့် ထုတ်ထားတော့ - ကျုပ်တို့လို - ရရ စားစား လူတွေ - ဘယ်က ဝင်ငွေရှိတော့မှာလဲ ... ငတ်ကုန်ကြမှာ ပေါ့ - မဟုတ် ဘူးလားဗျာ ---
--------------
ဒီတော့ ကျုပ်က အလုပ်ထဲမှာ ---


----- ရေကလေးထမ်း ----
...ထင်းကလေးခွဲ -----
..မြေကလေးပေါက် ---- -----
---- ဒီလိုနဲ့ .တနေ့အတွက် -ဝင်ငွေလေး ရလို - စားနေကြတာဘဲ။ လာမျာ -ဝင်စားသွား ပါအုံးလေ..... ဟဲဟဲ ---
(လျှထွင်းတဲ့ခံတွင်း မဟုတ်ဘူး- ခုတ်ထွင်းတဲ့ ခံတွင်း) ဆိုတာ -တယ်မှန် တာဘဲ ----- လာပါ - အားနာစရာမဟုတ်ပါဘူး ... ဝင်စားသွားပါအုံး
---------
နေပါစေမျာ -သွားစရာလေး ရှိသေးလို - နောက်မှား ကြုံတော့မှဘဲ - စားပါရစေ။ ကျုပ် ကလေ- ငါးများ နိမိတ် ဖတ် လိုက် မိလို့များ - အမိန့်တော် ထွက် လာတာများ လားလို့ - စိတ်မကောင်း တောင်ဖြစ်မိသေးတယ်၊ သွားအုံး မယ်နော် ---
အင်း -ခုတ္တပါဘဲ-
ဒီဘုရင် ရူးကြောင် ကြောင်က - ခိုင်းထား တော့ - ဒီကနေ့ ဝင်ငွေ ဘယ်ရှိတော့မှာလဲ၊ ဒီညနေ - ဘာမှလဲ စားစရာမရှိဘူး၊ မိန်းမနဲ့ - ကလေးတွေ တော့ - ခုတ္တပါဘဲ
နောက်တနေ့တွင် ဘုရင်ကြီးအမိန့်ဖြင့် လက်သမားဆရာမှာ တံခါးစောင့်နေရ၏။



ဟဲ -- မောင်မင်း အိမ်ပြန်နိုင်ပြီ။ မနက်ဖြန် ကျယင်လဲ - ဒီလိုဘဲ လာပြီး - အမှုတော်ထမ်း ရမယ်။ ကြားလား။
တော်သေးရဲ့ --- ဒီလူ - ငါ့ကို - မှတ်မိပုံမရဘူး
မှန်ပါ ဘုရား
တနေကုန်အစောင့်ကျပြီး ညနေဘက်တွင်
---- မောင်ရယ် - ဘာလို့ - ဒီလောက်တောင် - စိတ်ဆင်းရဲ - ခံနေရတာလဲ ---။ သူများတွေ ဆိုယင် - ရက်ပေါင်းများစွာ - ထမင်းမစားဘဲ နေနိုင်တာဘဲ။ ကျမတို့က - ဒီတခါသာ - ညစာ မစားရလို့ - ဘာဖြစ်မှာလဲ --။ ဒီလောက်တော့ ခံနိုင်ပါသေးတယ်ရှင် ----
ငါကတော့ - အလုပ်ခွင် မှာစားရပြီ - ရှင်မတို့ မစားရတော့ --- ဘယ်စိတ်ကောင်း ပါ့မလဲကွယ် -- ----
စိတ်ပျက်လက်ပျက်ဖြင့် အိမ်ပြန်ရောက်သော်
ဟဲလေ - ဒီလောက်တောင် ပျင်းစရာကောင်းတဲ့ အလုပ် --- ဒီသစ်သားချောင်း နဲ့ ဆော့မှဘဲ ---
တော်တော်လေး လုပ်ကြည့်တော့ --- ဓါးလိုလိုဖြစ်လာတယ် ---- စိတ်ဝင်စားစရာ ကောင်းသားဘဲ ..
နောက်တနေ့၌ ဘာမျှမလုပ်ရပဲ တံခါးစောင့်နေရ၍ ပျင်းရိလာကာ....
အတန်ကြာသော်
... ဟဲ ---- တူလိုက်တာမှ --- ဟီး ------ အမှတ်တမဲ့ - ဓါး အိမ်ထဲ - ထဲ့ထားယင် - ဓါးအစစ် မဟုတ်မှန်း - ဘယ်သူမှ သိမှာ မဟုတ်ဘူး
ဟဲ - ဒီလိုဆိုတော့ ဘယ်သူသိမှာလဲ
အိမ်ပြန်ရောက်သော် သစ်သားဓားကို ဓား အိမ်တွင်စွပ်ထားလိုက်ပြီး ခဏ....
ရှင်မရေ --- ရော့ - တနေ့စာ - ဝင်ငွေ ---- ခါတိုင်းလို - ပျော်ပျော်ပါးပါး - စားကြရအောင်
ဟင် - ဘုရင်ကြီးက ဆုတော်ငွေ - ချလိုက်တာလား
ဟယ် --- တောက်တီး - တောက်တက် - --- အသာ နေစမ်းပါ ----
အပြင်ထွက်သွား၍ ပြန်လာသောအခါ....


ဟာ - မိတ်ဆွေပါလား - လာလေ - ဝင်စားစမ်းပါဗျာ၊ တခါတလေဘဲဟာ - - အားမနာပါနဲ့
ဒါနဲ့... ခင်ဗျားကို - ဘုရင်ကြီးက ခေါ်ပြီး - ခိုင်းထားတယ်ဆို၊ ဒီနေ့တော့ - ဘယ်က များ ဝင်ငွေရလာပြန်လဲဗျ - - -
ညဦးပိုင်းတွင် မိသားစု ပျော်ပျော်ပါးပါး စားနေစဉ် ယခင်ဧည့်သည် ပေါ်လာပြန်၏။
ဟာ - - မပြောပါနဲ့တော့ဗျာ။ မနေ့က - ဘုရင်ပေါ်ချာကြီးက - ခေါ်သာ ခိုင်းတယ်၊ ထမင်းတနပ်ဘဲ ကျွေးပြီး - ဆုလေး-ဘာလေးမှ မချတော့ - အိမ်က လူတွေ - ညစာ ငတ်ကြရတာပေါ့။ ဒီနေ့လဲ တခါ - အရူးကြောင်ကြောင်နဲ့ ခိုင်းပြန်တယ်။ သံမဏိ - ဓါးကြီး ထမ်းပြီး - လူသတ်ခိုင်းတာ လဲ မဟုတ်ဘဲနဲ့ဗျာ - -
ဒီတော့ - ဘာရမလဲ ... သစ်သား ဓါးလုပ်ပြီး - ဓါးအိမ်ထဲ မှာထဲ့ - - - - ဓါးအစစ်ကို ရောင်းစားလိုက်တော့ - - - - ဟဲ ... စားဘို့သောက်ဘို့ဖြစ်လာတာပေါ့ - - - - - ကြည့်သွားအုံးလေ - - -
လက်သမားဆရာသည် ပြောပြောဆိုဆိုနှင့်
မဆိုးဘူး
တော်တော် တွက်တာဘဲ
ဒီလူဟာ - အလုပ် မရွေးလဲ လုပ်တယ်
ဉာဏ်လဲ ရှိပုံရတယ်
ရှင်းရှင်းလဲ ပြောတတ်တယ် -- လူသတ်ခိုင်းတာလဲ မဟုတ်ဘဲနဲ့ - - - တဲ့
သစ်သားဓါးကို ထုတ်ပြမိရာ....
နောက်တနေ့ အလုပ်ခွင်ရောက်လျှင် လက်သမားဆရာ တွေ့ရသည်ကား....
ကြောက်လှပါပြီ ဘုရား
အော် ... တံခါးစောင့် ရောက်နေမှ ကိုး - - - - နင့်ဓါးနဲ့ - ဒီလူကို လာရက်သတ် လိုက်။
သည်းခံတော်မူပါ ဘုရား - အာဏာ ဖီဆန်လို့ ချိုဖြလုပ်ခြင်း မဟုတ်ဘဲ - မှားယွင်း လုပ်မိခြင်းသာ ဖြစ်နိုင်ပါ၍ - အသက်ကိုတော့ ချမ်းသာပေးရန် လျှောက်ထားဝံ့ ကြောင်းပါ


သယ် ..... သစ္စာဖောက်ကို - ဘာလို သနားရမှာလဲ ။ ချက်ချင်း - ငါ၏ရှေ့တော်မှာ - သင့်ဓါးဖြင့် ခုတ်သတ်လျှင် သတ် - - - မသတ်ယင် - နင့်ကိုငါ သတ်မယ်
လက်သားဆရာသည် - တုန်လှုပ်ချောက်ချားလျက် - ဘာလုပ်ရမည် - ဘာလျှောက်တင်ရမည်ကို မသိဘဲ - ခဏ - တွေဝေနေရာမှ - သစ်သားဓါး အကြောင်းလည်း ပေါ်သွားမည်ကို စိုးရိမ်ကာ ကြံမိကြံရာ ကြံပြီး - သက်ပြင်းကြီးတချက် ... ချလိုက်ရင်း ----- ဓါးကို မြှောက်၍ - - -
ဘုရားရှိခိုးပါ၏ - တရားရှိခိုးပါ၏ - သံဃာရှိခိုးပါ၏ - အထက်နတ်မင်းကြီးများ အထက်ဆရာကြီးများ ခင်များ ----- အကျွန်ုပ်သည် - တသက်ပတ်လုံး ကောင်းရောင်း - ကောင်းဝယ် - ပြုလုပ်၍ - တနေ့တာ ရသောငွေကို - တနေ့သာ သုံး၍ ပျော်ပျော်ရွှင်ရွှင်နေထိုင်ခဲ့ပါသည်။ ဟော့ရမ်း - ဆိုးသွမ်းခြင်းမှ - ကင်းခဲ့ပါသည် - ကျွန်ုပ်မှန်သော သစ္စာစကားကြောင့် - ယခုရှေ့တွင် ရှိသော ကံမကောင်းသူ့တွင် အပြစ်မရှိပါက - ယခုကိုင်ထားအပ်သော - သံခေတ်ဓါးသည် - သစ်သား - ပကတိသာဖြစ်ပါစေသတည်း။
ဟားဟား - ဟားဟား ------ မောင်မင်း - တော်ပါပေသည်။ စွယ်စုံရတဲ့ သူကဘဲ။ အိမ်း --- မောင်မင်းထံ - မကြာခဏ အလယ်အပတ်လာသူကား - ငါကိုယ်တော်မြတ်သာ ဖြစ်တော့သည် သင်၏ နေပုံထိုင်ပုံကို အကဲခပ် လို၍ ဉာဏ်စမ်းခြင်းသာ - ဖြစ်တော့သည်။ မောင်မင်းသည် --- အလုပ်မရွေး လုပ်ခြင်း၊ မှင့်လင်းစွာ ပြောတတ်ခြင်း၊ ပီတိယရှိခြင်း၊ စိတ်ကျေးဉာဏ်ရှိခြင်းတို့ကြောင့် ယခုစေခိုင်းထားသော - တံခါးစောင့် အဖြစ်မှ - အနားယူ၍ - ငါ၏ထံပါး၌ မှူးမတ် အဆောင်အယောင်ဖြင့် ယနေ့မှ စ၍ ခန့်အပ်တော်မူသည် - - -
ကျေးဇူးတော် ကြီးမားလှကြောင်း ပါဘုရား
ထိုအခါမှ
ပြီး

# ရယ်စရာ

မောင်မောင်သက်



ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်က ဂရိ နိုင်ငံတွင် နာမည်ကျော် လူသန်ကြီး "မိုင်လို" သည် နွားထီးကြီး တကောင်ကို မပြီး ကွင်းတပတ် လှည့်၍ ပြခဲ့လေသည်။



တခါက ချီကာဂိုမြို့တွင် အလွန်ဝသော အကျဉ်းသားတဦးကို အချုပ်ခန်းတွင်းသို့ သွင်းရာ တံခါးပေါက် မဆန့်သဖြင့် အခန်းလွတ်တခုကို ငှားပြီး ချုပ်ထားခဲ့ရလေသည်။



အာဖရိကတိုက် ကွန်ဂို တောနက်ပိုင်း ဒေသများ၌ ကြေးဝါကွင်းများကို ငွေကြေး အဖြစ် ယနေ့တိုင် သုံးစွဲလျက်ရှိ၏။ လူတဦး၏ ချမ်းသာမှုကို သူ၏ ခြေနှစ်ဖက်တွင်ရှိသော ကြေးကွင်းများကို ကြည့်ခြင်းဖြင့် သိနိုင်သည်။



ဥရောပတိုက် အလယ်ပိုင်း ဆီလီးရှားနယ်တွင် တခါကဆပ်ပြာမှုန့်တင်ဆောင်လာသော မော်တော်ကားတစီးမှောက်သွားရာ ထိုအချိန်၌ မိုးသည်းထန်စွာ ရွာနေသဖြင့် ဆပ်ပြာမှုန့်များ အမြှုပ်ထပြီး လမ်းပေါ်တွင် ပေပေါင်းများစွာ ဖုံးသွားလေသည်။



အမေရိကန်နိုင်ငံ၌ တခါက "ဗိုဗီလုံ" ဆိုသူသည် မြေပဲတတောင့်ကို သူ၏နှာခေါင်း ဖြင့် ပေ ၁၄,၀၀၀ ကျော်မြင့်သော "ပိုက်" တောင်ထိပ်သို့အရောက် လောင်းကြေးဖြင့် တွန်းပို့နိုင်ခဲ့သည်။



၁၇၇၀ ပြည့်နှစ်က ပြင်သစ်နိုင်ငံ၌ တီထွင်သူတဦးသည် ပင့်ကူမျှင်များဖြင့် ခြေအိတ်ရက်လုပ်ကြည့်ရာ အောင်မြင်ခဲ့ဘူးသည်။



ရှေးရှေးတုန်းက လူတဦးအား အခြားတဦးက ရာဇဝတ်မှု ကျူးလွန်ကြောင်းစွပ်စွဲလျှင် တရားသူကြီးသည် ထိုသူနှစ်ဦးကို တုတ်တချောင်းစီပေးပြီး အချင်းချင်းရိုက်ခိုင်း၍ တရားခံ နိုင်က အပြစ်မရှိဟု ဆုံးဖြတ်ပေးတတ်လေသည်။

အလက်စကာ ပြည်နယ်ရှိ ရက်အင်ဒီးယန်း လူမျိုးအချင်းချင်း ရန်ဖြစ်သောအခါ အရှုံးအနိုင်ကို ဆုံးဖြတ်ရာ၌ စောင်အများဆုံးကို အပိုင်းအစများ ဖြစ်အောင် ကိုက်ဖြတ်ဖျက်ဆီးနိုင်သူက အနိုင်ရလေသည်။



တခါက ပြင်သစ် လယ်သမားတဦးသည် ဂျုံရိပ်စက်ရှေ့၌ လဲကျသွားရာ စက်ထဲသို့ ပါသွားပြီးနောက် ထိခိုက်ဒဏ်ရာ မရရှိပဲ ဂျုံစည်းတခုအတွင်း ချည်နှောင်မိပြီး ပြန်ထွက် လာလေသည်။





ဂျပန်နိုင်ငံတွင် ရှေးက ဦးစွာ အသုံးပြုခဲ့သော ဆေးတံများမှာ အလွန်ကြီးမားရာ အချင်းချင်း ရန်ဖြစ်သောအခါ ထိုဆေးတံကြီးများကို တုတ်သဖွယ် အသုံးပြု၍ ရိုက်နှက်ခဲ့ကြလေသည်။


ဦးဂျီ.အိတ်-ကာကယ်
ဟုတ်လို့လား။
ဟုတ်ပါတယ်ကွာ၊ အဲဒီတိုက်ကြီးမှာ ဦးနေခဲ့တာပေါ့၊
မိုးထိတော့ ဦးမနေကြတော့တာ၊ အဲဒီထဲမှာ
ရှက်ထားတဲ့အိတ်ပါကွယ်၊
အဲဒီတိုက်က လူတွေ အားလုံး သေသွားကြလို့
မေမေပြောတယ်၊
ဟုတ်တယ်-ဖေဖေကလဲ
ပြောတယ်၊
ခက်ားမကြူကြနဲ့ကွာ၊ အဲဒီဒါအိတ်-
ကာယ်မှာထားတဲ့ မြန်မြန်ပေးကြ၊
လိုင်း-မင်းတို့မပေးဘူး၊ ငါဝင်ရှာယူမယ်
မယ်ကြ၊
မလုပ်ကြီး မလိုက်ဘဲ အိမ်ထဲကို
ဘတ်မှ မဝင်ပါနဲ့
ဦးကြယ်၊


ဝင်မယ်ကွာ-ဝင်မယ်-- အမယ်-အမယ်...
ဝုတ်-ဝုတ်-
ဟမ်း-ဟမ်း..
ဟဲး-ဟဲး-ဟဲး-တယ်ဟုတ်ပါလား..ကဲ-အဲဒါဆို မှုတ်ပေးကြစမ်း။
ဟမ်း-ဟမ်း..
ခင်ဗျား ဟိုဟာ၊ ခင်ဗျား မှုတ်ပါလား။ မမှုတ်ပေး နိုင်ဘူး။
ကြွေး-မင်းတို့က ဒီလိုပါ။
ဟဲ့-ခွေး
အင်း-ခွေးလေးကြည့်ရတာ တကယ်ငံပေါ်မို့ခွေးလေး နဲ့တူတယ်။
ဟမ့်-ဟမ့်-
ဟာအား--သိပ်ကြေလေးတာပေါ့ကွာ။
ဟေ့-မိန်းလေးနဲ့ခွေး ဒီကိုလာကြစမ်း-



အင်း - ဟိုကြက်ကြီးတော့ မလာခင်
ပြန်ပြေးလည်းမှာကို၊
ဟာ - ဟိုကောင်ကြက်ယူပြေးပြီ
ဟေ့ - ဖိုးနိုင်လေး - သူ့နောက်က မြန်မြန်လိုက်ကြစမ်း၊
ဒါဖိုးနဲ့ ကာကွယ်မယ် - ခုလိုက်ကြ၊


ဆက်ရန်

ပြင်သစ်၊ အီတလီနှင့် ဆွစ်ဇာလန်နိုင်ငံတို့ဆုံရာ အဲလပတောင်တန်းများ၌ မိုင်ပေါင်း ၃၀ ခန့်ရှည်ပြီး ပေ ၁၅,၇၈၁ မြင့်သည့် မွန့်ဗလန့်တောင်ကို တွေ့ကြရမည်။ မွန့်ဗလန့်မှာ တောင်ဖြူဟု အဓိပ္ပါယ်ရသည်။ မွန့်ဗလန့်၏ ထိပ်ပိုင်းသည် တနှစ်ပတ်လုံး ဆီးနှင်းဖုံးလျက်နေခြင်းကြောင့် ရေခဲပြင်လျှောစီးသမားများနှင့် တောင်တက်သမားများအတွက် စိတ်ကြိုက်နေရာပင် ဖြစ်၏။




မွန့်ဗလန့်၌ တောင်ပေါ် ရေခဲပြင်ကြီးပေါင်း ၄၈ ခုရှိသည့်အနက် အကြီးဆုံးမှာ စတုရန်းမိုင် ၁၆ မိုင်ခန့်ကျယ်ပြန့်သည့် ဆီး-အော့ဖ်-အိုက်ခေါ် ရေခဲပြင် ပင်လယ်ဖြစ်၏။

မွန့်ဗလန့်တောင် အနိမ့်ပိုင်း၌ သစ်တောကြီးများနှင့် မြစ်ချောင်းများ ရှိသည်။ တောင်စောင်းနှင့် တောင်ခြေတလျှောက်၌ ရွာငယ်များ၊ ဟော်တယ် တည်းခိုစခန်းများရှိပြီး ကေဗယ်ကားခေါ် လျှပ်စစ်ဓာတ်ဖြင့် သွားသော လူစီးတွဲများကို တောင်ဆင်း တောင်တက်တွင် အသုံးပြုသည်။

မွန့်ဗလန့်သည် မိုင်ပေါင်း ၆၈၀ ရှိသော အဲလပ တောင်တန်းရှည်ကြီး၏ တစိတ်တပိုင်းဖြစ်ပြီး တောင်တက် အဖွဲ့တဖွဲ့က ထိုတောင်ကို ၁၇၈၆ ခုနှစ်တွင် ပထမဆုံး တက်ရောက်ခဲ့လေသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

## တောင်ဖြူ



# ဝမ်းသာမဆုံး

မောင်ကြည်သင်း



ကျောင်းတက်ချိန် နီးပါပြီ။ အမေ ပဲပြုတ်ရောင်း သွားရာမှ ပြန်မလာသေးပါ။ ကျွန်တော်သည် ပဲပြုတ်နှင့် ထမင်းချမ်း စားပြီး ကျောင်းဆီသို့ထွက်လာခဲ့ပါသည်။ အမှန်ဆိုရလျှင် သည်နေ့ ကျွန်တော် ကျောင်းမသွားချင်ပါ။ သို့သော် အမေပြောဘူးသည့် စကားကို ကြားယောင်မိသောအခါ ကျောင်းသို့ မသွားဘဲလည်း မနေချင်ပါ။ တခါက ကျွန်တော် ကျောင်းပြေးရာ အမေက "မင့်အဖေလို စာမတတ်ပေမတတ်နဲ့ လူများ အခိုင်းအစေ ဖြစ်ချင်ယင် ကျောင်း မတက်နဲ့ပေါ့" ဟု ပြောဘူးပါသည်။

ယနေ့ ကျောင်းသွားချင်စိတ် မရှိသည်မှာ မနေ့က ကျွန်တော် ထွန်းထွန်းထံမှ ပိုက်ဆံဆယ်ပြား ချေးထားသောကြောင့် ဖြစ်ပါသည်။ မနေ့ကလည်း ပဲပြုတ်ရောင်းသွားသော အမေသည် အိမ်ပြန် နောက်ကျပါသည်။ ထမင်းချမ်းလည်း မကျန် သဖြင့် ကျွန်တော် ဘာမျှ မစားခဲ့ရပါ။ ထို့ကြောင့် မုန့်စားဆင်းချိန်တွင် ထွန်းထွန်း ထံမှ ပိုက်ဆံဆယ်ပြား ချေး၍ မုန့်ဝယ်စားခဲ့ရပါသည်။

ယနေ့လည်း အမေ နောက်ကျပြန်သဖြင့် ပိုက်ဆံဆယ်ပြား မတောင်းခဲ့ရပါ။ နက်ဖြန် ဆက်ဆက် ပြန်ပေးမည်ဟု ကတိ ပြုထားလျက် မပေးလျှင် ကျွန်တော့်ကို ကတိမတည်တဲ့ကောင် ဟု အပြောခံရမှာ ရှက်ပါသည်။

ဆရာမကလည်း "ကတိ မတည် သစ္စာမရှိတဲ့လူကို ဘယ်သူကမှ အထင်မကြီးတော့ဘူး။ ဒါကြောင့် လူ့တန်ဖိုးကို သိတဲ့ လူတိုင်းဟာ ကတိ တည်ရမယ်၊ သစ္စာရှိရမယ်" ဟု ပြောဘူး ပါသည်။

ကျောင်း တက် ခေါင်း လောင်း မထိုးမီ အတန်းထဲသို့ ရောက် လာ သော် လည်း ကျွန်တော် စိတ်ပျက် အားငယ်နေမိပါသည်။ တခြားလူများ ကစားကွင်းထဲ၌ ကစားနေ ကြ သော်လည်း ကျွန်တော့်တွင် ကစားချင်စိတ် မရှိပါ။ အကြွေး ဆယ်ပြားအတွက်သာ တွေး၍ ပူနေမိပါသည်။

အကြွေး ဆယ်ပြားအတွက် တွေး၍ တယောက်တည်း ငေးနေမိစဉ် ကျွန် တော် ထိုင် နေသည့် ခုံ၏ရှေ့ခုံ၌ ကွန်ပါဗူးလေး တဗူးကို မြင် လိုက် ရ ပါ သည်။ ထို ကွန်ပါဗူးမှာ မြမြအေး ၏ ကွန်ပါဗူး ဖြစ်ပါသည်။ မြမြအေးသည် ကွန်ပါဗူးထဲတွင်အမြဲတမ်း ပိုက်ဆံ ထည့်ထားတတ်သဖြင့် ပိုက်ဆံရှိမည်ဟု ထင်ပါသည်။

"မြမြအေး ဗူးထဲက ပိုက်ဆံ ဆယ်ပြား ယူပြီး ထွန်းထွန်းကို ပြန်ပေးရယင် ကောင်းမယ်"

ကျွန် တော် သည် ဤ သို့

တွေးလိုက်ပြီး ကွန်ပါဗူးအနီးသို့ လှမ်းသွားခဲ့ ပါသည်။ သို့သော် တခါက ဆရာမ ပြောခဲ့သည့် စကားကို ကြားယောင်မိသဖြင့် ကျွန်တော်၏ လက်များ တုံ့နှေးနေပါသည်။

"သူတပါး ပစ္စည်းကို ပိုင်ရှင် မသိအောင် ယူတဲ့လူဟာ သူခိုးဘဲ။ ငယ်ငယ် ရွယ်ရွယ်မှာ အသေး အဖွဲ့ ပစ္စည်း ကလေးတွေကို ခိုး လို့ရ ယင် ကြီးတော့လဲ အဖိုးတန်တဲ့ ပစ္စည်းတွေကို ခိုးချင်လာမယ်။ ခိုးယင်လဲ ရာဇဝတ်ဘေးကပြေးမလွတ်နိုင်ဘူး။ ထောင်ကျမယ်။ မိဘ ဆွေမျိုး သားချင်းများနဲ့ ဝေးကွာနေရမယ်။ ဒါကြောင့် ငယ်ငယ်ကတဲက ခိုးတဲ့ အကျင့် မလုပ်ကြဖို့ ဆရာမ ပြောချင်တယ်"

ကွန်ပါဗူး ဆီသို့ လှမ်းနေသော ကျွန်တော့် လက်ကို ရုပ်သိမ်းလိုက်စဉ်မှာပင် ကျောင်းဘက် ခေါင်းလောင်း ထိုးသံ ကြားလိုက်ပါသည်။

ကျောင်းသားများ တဝုန်းဝုန်း ဝင်လာပြီး အတန်ကြာသော် ဆရာမ ဝင်လာပါသည်။ ဆရာမက စာသင်နေသော်လည်း ကျွန်တော် စာထဲ တွင် စိတ်မဝင်စားပါ။ ထွန်းထွန်းသည် ကျွန်တော်၏ ညှိုးငယ်နေသော မျက်နှာကို မြင်သွားပါသည်။ ဆရာမ ဆင်းသွားသော အခါ ထွန်းထွန်းက မေးပါသည်။

"ဟေ့ကောင်– အောင်နိုင်၊ မင့် မျက်နှာကြီးက ဘာလို့ ဒီလောက် ညှိုး ငယ်နေရ တာလဲကွ။ ပျော်ပျော်ရွှင်ရွှင်လဲ မရှိပါလား"

"ထွန်းထွန်းရာ– မင်း ငါ့ကို ကတိမတည်တဲ့ကောင်လို့ ပြောချင်လဲ ပြောတော့ကွာ။ မနေ့က မင့်ဆီက ချေးထားတဲ့ ပိုက်ဆံ ဆယ်ပြား ဒီနေ့ပါမလာလို့ စိတ်ညစ်နေတာပါ။ အမေ ပဲပြုတ်ရောင်းသွားတာ ပြန်မလာသေးလို့ မတောင်းခဲ့ရဘူးကွာ"

"ဟာကွာ – မင်းကလဲ ဒါများ အရေးလုပ်လို့၊ ဟောဒီမှာ ပိုက်ဆံ ငါးမူးတောင် ပါပါသေးတယ်ကွ။ ဒီနေ့ အဖွား ကလဲ တမတ် ပေး လိုက် သေး တယ်။ မင်းချေးထားတဲ့ ပိုက်ဆံ မင့်မှာရှိမှ ပေးပေါ့ကွာ။ မုန့်စား ဆင်းချိန်ကျတော့လဲ ငါနဲ့မုန့်စားလိုက် ခဲ့ပေါ့"

ထွန်း ထွန်း ၏ စကား ကို ကြားရသော အခါ ကျွန်တော် အလွန် ဝမ်းသာ သွားပါသည်။ "တကယ်လို့ မြမြအေးရဲ့ ပိုက်ဆံကိုများ ခိုးမိယင်...." ဟု တွေး၍ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားသော်လည်း ကျွန်တော်၏ ဝမ်းသာမှုကို ထိုစိုးရိမ်စိတ်က မဖုံးလွှမ်းနိုင်ပါချေ။

## ကွမ်းကြိုက်သူ


ဘကြီးမောင် ကွမ်းအစ်က
ယွန်းအစစ် မောင်ခွေးရေ၊
ဟောင်းနွမ်းလို့နေ။
ဝါးနှီးကိုခွေ၊ သုတ်လေတဲ့
သစ်စေး။
ရှေးပန်းချီ လက်ရာဟောင်းမို့၊
ကောင်းတယ်ကွဲလေး။ ။
ဗုဒ္ဓဝင် အရုပ်ရေးလို့၊
စုတ်ဆေးနဲ့ အသားခြယ်၊
ပန်းရွှေရေးနွယ်။
ဟောကြည့်ပါကွယ်၊ အရွယ်က
ခပ်သေးသေး။
ဒိုပုဂံ မြန်မာမှုကို၊
တနိုင်ဖို့ဝေး။ ။
ဘယ်လိုပင်ဘာတွေပြောတော့၊
နားကြောက်လေမဝင်၊
ကြားနိုင်ဘူးထင်။
ကွမ်းဖတ်ကိုမြင်၊ စားချင်သည့်
စိတ်ဇော။
ဘကြီးမောင် ဝါးကာပေးမှ၊
မေ့အိပ်ပြီကော။ ။

ဗန္ဓုရခင်း



R. 517

## စည်းရိုးပန်း



အမည်ကလည်းမလှ၊ ခြံစည်းရိုးစိုက်ပင်အဖြစ်လည်း အသုံးပြု ခံနေရစေကာမူ စည်းရိုးပန်းပင်၏ အပွင့်က လေးများသည် ချစ်စဖွယ် ကောင်းသည်။ လှပသော ခရမ်းနုရောင် အပွင့်ကလေးများသည် လက်မဝက်ခန့် သာရှိသည်။ အကိုင်းအခက်များမှထွက်သော ပန်းခိုင် များတွင် ပန်းခိုင်ကလေးများ ထပ်ဆင့်ပါသည်။ အပွင့် သည် အော်လံပုံဖြစ်သည်။ ပွင့်ကားနေ သော ထိပ်ဝတွင် အဟိုက် သုံးခုကတ ဖက်၊ နှစ်ခုကတဖက်ဖြစ်နေပြီ အလယ်မှ လည်တိုင်ဝသည် အဝါရောင် ဖြစ်သည်။ ပွင့်ဖတ်အုံက စိမ်းသည်။ ပန်းခိုင် တခိုင် တွင် အပွင့် အတော်များများ ပါသည်။ ရနံ့မရှိချေ။

နွေရာသီတွင် အရွက်များ ကြွေတတ်သော်လည်း မိုးမကျမီ ရွက်သစ်များ လူလာ၍ မိုးကျ သည့် အချိန်တွင် အရွက်များ ထူထပ်သိပ်သည်းနေလေပြီ။ ထိုအချိန်တွင် အပွင့်များဖြင့် လေးလံ ငိုက်ကျနေသော ပန်းခိုင်ကြီးငယ် တို့ကိုလည်း တွေ့ရသည်။ အပွင့်ကြွေပြီးသော ပန်းခိုင်များတွင် မကြာမီ အသီးအလုံးကလေးများ အစီအရီထွက်လာသည်။ တပင်တည်းမှာပင် ပွင့်သည့်နေရာက ပွင့်နေဆဲတွင် သီးသည့် နေရာကလည်း သီးနေသည်။ ပွင့်သလောက် အသီး တင်တတ်သဖြင့် မှည့်သည့်အခါ ဝင်းဝါသော အသီးခိုင်များကို အတွဲလိုက် တွေ့ကြရလေသည်။

စည်းရိုးပန်းပင်သည် အမေရိကတိုက်အလယ်ပိုင်း အပူပိုင်းဒေသများမှ မျိုးပွားလာသော ချုံပင် မျိုးဖြစ်သည်။ အရွက်များသည် ငယ်၍ အဖျားချွန်သော ဘဲဥပုံရှိသည်၊ အချို့အရွက် အနားသည် ခွေးသွားစိတ်ယောင်ယောင် ပါသည်လည်း ရှိသည်။ အချို့ကမူ ခပ်လိမ်လိမ်တွန့်တွန့် ဖြစ်နေ သည်လည်း ရှိသည်။ အဖြူပွင့်များပွင့်သောမျိုး၊ ပွင့်ချပ်ခရမ်းနု အလယ် အဖြူရောင်ပါ၍ အကိုင်း အလက်များတွင် ဆူးရှိသော မျိုးကွဲများလည်း ရှိလေသည်။

တပွဲတပွဲ

# ခိုင်ပန်းစုံ

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံး၈၊ ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်

# အလုပ်လုပ်သော လက်

၁၃၃၄ ခု၊ တော်သလင်းလဆုတ် ၁ ရက် (၂၃-၉-၇၂)




စနေနေ့တိုင်း ထုတ်ဝေသည်။



တနေ့တော့
နောက်ဆုံးတော့ မောင်သူရက ပူဆာလွန်းတာနဲ့ သူ့ဖခင်ကြီးကို အရဲစွန့်ပြီး ဖွင့်ပြောလိုက်မိတယ်။
မငယ်ကလေးဟာ သူ့ဖခင်ကြီးကို လဲ မပြောရဲရှာဘူး။
မငယ်လေးရဲ့စကား ကြားတော့ မြေပိုင်ရှင်ကြီးဟာ သိပ်ပြီး ဒေါသဖြစ်သွားမိတယ်။
အမတွေကလဲ မငယ်လေးကို ဝိုင်းပြီးကဲ့ရဲ့ကြသတဲ့။


နောက်ဆုံးမှာ မြေပိုင်ရှင်ကြီးက ရွာနဲ့မလှမ်းမကမ်း မှာရှိတဲ့ သူပိုင်ကုန်းမြင့်မြေရိုင်းတနေရာမှာ သွားလုပ် ကိုင်စားချေလို့ ပြောပြီး နှင်ပစ်လိုက်သတဲ့။
သူ့ဖခင် ရက်စက်တဲ့ အကြောင်းကို ပြောပြီး ငိုရှာတယ်။
မကြာမီ မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်းပြီး ထွန် ယက်စိုက်ပျိုးလိုက်တာ သီးနှံပင်တွေ စိမ်းလမ်းဝေဆာ လာကြတယ်။
ရွာမှာကျန်ခဲ့တဲ့ မကြီးနဲ့ မလတ်တို့ လင်မယားတွေကတော့ အပျော် အပါးတွေနဲ့သာ အချိန် ကုန်ကြ သတဲ့။



တနေ့တော့ အဲဒီရွာမှာ လေမုန်တိုင်းကျပြီး —
သူတို့ စုဆောင်းထားတဲ့ ရိက္ခာ တွေကိုလဲ ဝေငှပေးတယ်။
မောင်မင်းကြီး သားတို့လင်မယား ကျေးဇူးကြီးမှ ပါပေတယ်-
သူကိုယ်တိုင်ခေါင်းဆောင်ပြီး ရွာသားများနဲ့ ရွာကို တည် ဆောက်ကြတာ မကြာမီ ရွာကလေးဟာ ပြန်ပြီး သာသာ ယာယာ ဖြစ်လာသတဲ့။
ပြီး


ယခင်အပတ်မှအဆက်






ဒါကသူ့ကို ပစ်သတ်လိုက်မှာပေါ့။
သူကသိပ်မြန်တာ-ညီလေး။ ပြန်လာတော့မှာပါ။ အဲဒီအခါ တွေ့ရမှာပေါ့။
နို့ချေးကသိပ်ကိုက်တာပဲနော် နီတွတ်
ဟုတ်တယ်
မိတူး-ကိုပြေးဖို့ မင်းအချက်ပေးကြောင်း ပြောနေပါသမျှ။
ဟိုမှာ- ဟိုမှာ မင်း လာပြီ-
ဟေ
ဟဲ့-ကောင်မလေး ထွက်ပြေးပြီ-
ဟေ့-ကောင်မလေး ငါပစ်လိုက်မယ်နော်-ပြန်လာခဲ့-
အောင်မယ်-ဒီလူကလည်း ဘယ်ပြေးမလို့လဲ-မပြေးနဲ့-
နီတွတ်တို့အိမ်ကနေပြီး စခန်းကို မြန်မြန်အကြောင်းကြားမှဘဲ။
သော်ရှင်

# ထူးဆန်းသော
# သတ္တဝါများ
## ရဲမြင့်/စံတိုး



အိန္ဒိယနိုင်ငံတွင် တွေ့ရတတ်သော သစ်ရွက်ပိုးခေါ် ပိုးတမျိုးဖြစ်သည်။ အတောင်များမှာ တကယ့်သစ်ရွက်နှင့် တူနေခြင်းကြောင့် သစ်ရွက်ပေါ်၌ နားလိုက်ရုံဖြင့် ကိုယ်ပျောက်သွားလေ့ ရှိသည်။ ယင်းသည် သစ်ရွက်ကဲ့သို့ တုန်ခါနေတတ်သည်။




ပုတ်သင်အမျိုးပေါင်း များစွာရှိသည့်အနက် ဤပုတ်သင်မျိုးသည် ပိုးမွှားများကို စားသောက်ပြီး အသက်ရှင်နေထိုင်သည်။ ကိုယ်ထည်နီးပါး ရှည်လျားသော လျှာဖြင့် ပိုးမွှားများကိုဖမ်းယူသည်။ လျှာ၏အဖျားတွင် စေးကပ်သော ဖုလုံးကလေးရှိ၍ ယင်းဖုလုံးဖြင့် ပိုးမွှားကို တို့ထိဖမ်းယူခြင်းဖြစ်သည်။ ကိုယ်ရောင်ပြောင်းနိုင်စွမ်းရှိ၍ ပတ်ဝန်းကျင်ကို လိုက်က ကိုယ်ရောင် ပြောင်းနေတတ်သည်။ မျက်လုံးများမှာ ပတ်ချာလည်နိုင်သော မျက်လုံးအိမ်ပေါ်တွင် တည်ရှိသဖြင့် အဖက်ဖက်မှ လာသော အန္တရာယ်ကို ကြိုတင်မြင်နိုင်စွမ်း ရှိသည်။




တောင်အာဖရိကတိုက်ရှိ ပုရွက်စားကောင်ကြီး များသည်လည်း ထူးဆန်းသည်။ ခေါင်းမှ အမြီးဖျားအထိ ခြောက်ပေခန့် ရှည်သည်။ ရှေ့ခြေထောက်ရှိ သန်မာသော လက်သည်းများဖြင့် ခြအိမ်များ၊ ပုရွက်ဆိတ်ကျင်းများကို တူးဖော်စားသောက်သည်။ ယင်းတွင်လည်း ခြနှင့် ပုရွက်ဆိတ်များကို ဖမ်းယူရန် သေးငယ် ရှည်လျားသော လျှာ ရှိသည်။

သစ်ဆွေးများ တပိုက်တွင် လည်ပင်း ရှည်ရှည်နှင့် ယင်ကောင် သဏ္ဍာန်အကောင်တမျိုးကို တွေ့ရတတ်သည်။ ယင်းကို မြွေယင်ဟု ခေါ်သော်လည်း ယင်အစစ်မဟုတ်ပေ။ ဥများကို သစ်ဆွေးထဲ၌ အုထားပြီး၊ ဥမှပေါက်လာသော လောက်ကောင်များသည် သစ်ခေါက်များအတွင်းရှိ အခြားပိုးမွှားငယ်များကို စားသောက်ကာ ကြီးပြင်းလာကြသည်။







ဩစတေးလျ၊ ဥရောပနှင့် မြောက်အမေရိကတိုက်တို့တွင် တွေ့မြင်နိုင်သော "ကင်းမြီးကောက်ယင်"တမျိုးဖြစ်သည်။ အသွင်သဏ္ဍာန်ကို ကြည့်လျှင် ကြောက်စရာ ကောင်းလှ၏။ သို့သော် လူကို မည်သို့မျှ အန္တရာယ်မပြုတတ်ပေ။



ဂျပန် နိုင်ငံတွင် အမြီးရှည် ကြက်တမျိုး ရှိသည်။ ထိုကြက်မျိုး အချို့၏ အမြီးများသည် ၃၆ ပေခန့် အထိပင် ရှည်လျားလေသည်။ အမြီးမှာ သဘာဝအလျောက် ရှည်ခြင်းကား မဟုတ်ပေ။ လူတို့က အတင်းဖန်တီးယူခြင်းသာ ဖြစ်သည်ဟု ဆိုသည်။ ယင်းသို့ အမြီးရှည်မျိုး ဖြစ်လာရန် နှစ်ပေါင်းများစွာမှစ၍ မျိုးစပ် မွေးမြူလာခဲ့ကြခြင်း ဖြစ်ပေသည်။



မြေခွေးခေါ် ပုရစ်တမျိုး ဖြစ်သည်။ မြေအောက်တွင် အမြဲ ကျင်းတူးနေတတ်သဖြင့် တခါတရံသာ မြင်တွေ့နိုင်သည်။ ရှေ့လက်အစုံတွင် မြေတူးရန် လက်နက်ကရိယာ အစုံပါပြီး၊ ကနန်းလက်မ ကဲ့သို့သော သွားနှစ်ချောင်းဖြင့် သစ်မြစ်များကိုကိုက်ဖြတ်နိုင်သည်။



အလင်းပေါက် အတောင်များရှိသည့် ယင်တမျိုးဖြစ်သည်။ ယင်း၏ထူးခြားချက်မှာ သစ်ကိုင်း သစ်ရွက်များပေါ်၌ အမျှင်တန်းကလေးများပြုလုပ်ပြီး ထိုအမျှင်တန်းများ၏ အဖျားတွင် ဥအုခြင်းပင်ဖြစ်သည်။ ယင်စိမ်းများ ခဲပါများရာတွင် အနေများပြီး ယင်စိမ်းများကို ဖမ်းယူ စားသောက်လေ့ရှိသည်။


ပျင်းပါတယ်
ဟဲ့ သံလုံး..လမ်းထိပ်မှာ လက်ဖက်ရည်သွားဝယ် ပေးစမ်းကွဲ့...
ဟာ... သွားရမှာပျင်းတယ် ညာမောအုံးမှ....
ကျွန်တော် အိမ်စာတွေ အပြီးတွက်နေရလို့ မအားသေးဘူး မေမေ.. ညီလေးကိုဝယ်ခိုင်းပါလား
အေးအေး.. သားမအားယင် သံချောင်းကိုဝယ်ခိုင်းမယ်
ဟဲ-ဟဲ.. လိမ်လိုက်တာ ယုံသွားပြီ
ကဲ..ကဲ သောက်ကြ..မနက်ဖြန် ကျောင်းဆင်းစောစောပြန်လာ ကြကွဲ့..အိမ်သန့်ရှင်းရေး လုပ်ကြရအောင်..
ဟာ ဒုက္ခပဲ
ဟုတ်ကဲ့ဖေဖေ
နောက်နေ့
ညနေ..သန့်ရှင်းရေး မလုပ်ရအောင်ကြံအုံးမှပဲ
ကျောင်းဆင်းချိန်
ဟေ့..သံချောင်း..ငါတို့ အခု ဆရာဦးလှဦးအိမ်မှာ အင်္ဂလိပ်စာအပိုသင်ရမယ်ကွ.. မင်းပြန်ပြီး အိမ်ကိုပြောလိုက်ကွာ နောက်ကျမယ်လို့..
အေး.. ဟုတ်တယ် သံချောင်းရ


ဟဲ..ဟဲ ဒီလို ချိမ့်လိုက်ယင်
ပြီးတာဘဲ ကဲ မောနေတယ်
ရုပ်ရှင်ရုံဘက်လျှောက်ရအောင်
လာ ပါကွ...
မကြာမီ
ဟေ့ သံလုံး-ဟိုမှာ..
မင်းအဖေနဲ့မင်းဦးပါလားကွ
ဟေ
ဟာ...မမြန်ဘူး
တွေ့ယင်ဆူလိမ့်မယ်
ပုန်းနေကြစို့လာ...
ဟော..လက်မှတ်ဝယ်
နေကြတယ်..သူတို့ရုပ်ရှင်
ကြည့်ကြမလို့ ကွ
ဟင်
မင်းအဖေကတော့
သန့်ရှင်းရေးလုပ်ရမယ်ဆို
အေး ကွာ
ဘယ်လိုလဲမသိဘူး
ကဲ..မိုးချုပ်ပြီ
မြန်မြန်ပါစို့ကွာ
လာ...
ငါ့ကိုမခေါ်တာ
မကျေနပ်ဘူးကွာ


အိမ်အရောက်
မေမေတို့ ဖေဖေတို့ မကောင်းဘူး
ဟဲ့..ဒေါသတကြီးနဲ့ ဘာဖြစ်လာတာလဲ
သန့်ရှင်းရေးလုပ်မယ် ဆိုပြီး အခု ဖေဖေတို့ ဘယ်သွားသလဲ
နင့်ဘယ်သူ ပြောသလဲ
ကျွန်တော် သိတာပေါ့
အေးလေ-အခုက တော့ လုပ်မလို့ဘဲ..နင်မပါတာနဲ့ မလုပ်တော့ဘူး..သူတို့ ဥပ်ရှင် သွားကြတယ်လေ...
ဒါပေမဲ့ ကျွန်တော့်ကို ခေါင်ဘို့ ကောင်းပါတယ်
နင် က နောက်ကျ မယ် ဆို...
နောက်ပြီး..ညနေက ဆရာဦးလှဦးနဲ့ လမ်းမှာတွေ့လို့ မင်းတို့ ကိုအတူးသင်တန်း မပေးဘူး ဆိုတာ သူသိသွားတာပေါ့
ဗျာ
အိမ်အလုပ် လုပ်ရမှာပျင်းသော သံလုံးမှာ ဘာမှ မပြောနိုင်တော့ပဲ---/
ဒုက္ခပါဘဲ မှန်လိုက်ယင် တော့....
ပြီး

## ပီစာမျှော်စင်

အီတလီပြည် ပီစာမြို့၏ အထင်ကရ အဆောက်အအုံ တခုမှာ လှေခါးထစ်ပေါင်း ၂၉၆ ထစ်ရှိပြီး အထပ်ရှစ်ထပ်ရှိ ပီစာမျှော်စင်ဖြစ်၏။ ကျောက်သားအဖြူဖြင့် ဆောက်လုပ်ထားသော ဤမျှော်စင်၏ အောက်ခြေမှာ ၅၂ ပေရှိပြီး ပေ ၁၇၀ မြင့်၏။ လွန်ခဲ့သော နှစ်ပေါင်း ၃၅၀ ခန့်က သိပ္ပံပညာရှင်ကြီး ဂယ်လီလေအိုဂယ်လီလေအီသည် အလေးချိန်ချင်းမတူသော အရာဝတ္ထုတို့၏ ကျနှုန်း တူညီမှုကိုပြရန် ထိုမျှော်စင်ထိပ်မှ အလေးချိန်မတူသော အရာဝတ္ထုနှစ်ခုကို ပစ်ချ ပြသခဲ့ဘူးလေသည်။

ပီစာမျှော်စင်၏ ထိပ်ဆုံးအထပ်တွင် ခေါင်းလောင်းများ ချိတ်ဆွဲထားခြင်းကြောင့် ပီစာမျှော်စင်ကို ခေါင်းလောင်းမျှော်စင်ဟုလည်း ခေါ်သည်။ ထိုမျှော်စင်ကို ၁၁၇၄ ခုနှစ်တွင် စတင်ဆောက်လုပ်ရာ အောက်ခြေမှာ မြေပျော့ဖြစ်၍ ဆောက်လုပ်ဆဲကာလ၌ပင် မျှော်စင်မှာ တဖက်သို့ ယိုင်သွားသည်။ ဆောက်လုပ်ရေးဆိုင်ရာ ဗိသုကာဆရာများက ဆက်မဆောက်ဝံ့ပဲ ခေတ္တရပ်ဆိုင်းထားပြီးနောက်မှ ဆက်လက်ဆောက်လုပ်ခဲ့ရာ ၁၃၅၀ပြည့်နှစ်ကျမှပြီးစီးသည်။ တဖက်သို့ ၁၄ ပေကျော်ယိုင်နေခြင်းကို နည်းအမျိုးမျိုးဖြင့် ပြုလုပ်ပြင်ကြည့်သော်လည်း မရပဲ မျှော်စင်မှာ ယိုင်မြဲယိုင်လျက် ရှိပေသည်။



သို့ဖြစ်၍ ၂၀၃၅ ခုနှစ် (လာမည့်နှစ်ပေါင်း ၆၀ ကျော်) လောက်တွင် ထိုမျှော်စင်ကြီး ပြိုကျသွားလိမ့်မည်ဟု အချို့က ယုံကြည်ထားသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)


## မီးခြစ်ဆံမျက်လှည့်




မီးခြစ် ဗူးလွတ် တခုကို ကိုင်ထားပါ။ အဆံ ပါသော ဗူးကို အင်္ကျီလက်ခေါက် အတွင်း ထည့်ထားပြီး လက်ကိုလှုပ်ပြ၍ ဘယ်နှစ်ဆံပါသလဲ မေးပါ။ ဖြေလိုရာဖြေပါစေ။ နောက်-ဗူးလွတ်ကို ဖွင့်ပြလိုက်ပါ။

# ဖိနပ်ပြတ်ကလေးတဖက်

သိန်းဝင်းနိုင်



ကျွန်တော့်နာမည် ဖိုးသိန်း ပါ။ လွန်ခဲ့သည့်နှစ် အတဆုံးပြီး ကတည်းက ဒုတိ ယ တန်း နှင့် ကျောင်းထွက်ခဲ့ရပါသည်။

အမေက အိမ်တကာ လှည့်ပြီး အဝတ်လျှော်ရသည်။ ကျွန်တော့်နှမ မမြကအငယ်လေးတွေကို ထိန်းရင်း အိမ်တွင် ထမင်းချက်ရသည်။ ကျွန်တော်က ထမ်းပိုးတချောင်းတွင် ဂုံနီအိတ်စုတ်နှင့် ခြင်းကြားတလုံး ဆွဲ၍ထမ်းကာ ကော်ရုပ်၊ ကော်ခွက်၊ ပလပ်စတစ် အကျိုး အပျက်များကို ပဲလျှော်နှင့် လိုက်လဲရပါသည်။ ချိန်ခွင်နှင့် ချိန်၍လည်းဝယ်သည်။ အမှိုက်ပုံများတွင် တုတ် တ ချောင်းဖြင့် မွှေနှောက်ရှာဖွေ၍လည်း ကောက်ယူသည်။ ရသမျှကိုစုပြီးတဆင့်ပြန်ရောင်း ရသည်။ တနေ့လျှင် တကျပ်ခွဲ၊ နှစ်ကျပ်မှ သုံးကျပ်အထိ ကျန်ပါသည်။

နံနက်တိုင်း ထမင်းချမ်းနှင့် ငပိရည် ဆမ်းစားပြီး ထမ်းပိုး ထမ်းကာ ထွက်ရသည်။ လမ်းထိပ် ညောင်ပင် အောက်တွင် ဇော်ကြီးကစောင့်ကြိုနေသည်။ ဇော် ကြီး မှာ ကျွန် တော် နှင့် ရွယ်တူ၊ ဘဝတူ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း ဖြစ်၍ တယောက်နှင့် တယောက် ညီအစ် ကို ရင်း ပမာ ချစ် ခင် ကြသည်။

"ပလပ်စတစ်၊ ကော်ရုပ်၊ ကော် ခွက် တွေ ပဲလျှော်နဲ့ လဲတယ်၊ ပိုက်ဆံနဲ့ ဝယ်တယ်"

တလမ်းဝင် တလမ်းထွက် အ ရပ် တ ကာ လှည့် ၍ တ ယောက် တလှည့်စီ တကြော်ကြော် အော်ကြသည်။ ဝယ်ကြသည်။ အမှိုက်ပုံ တွေ့လျှင် အပြေးအလွှားသွားပြီး လှန်လှောမွှေနှောက်၍ ရှာကြသည်။

× × × ×

အ မေ အ အေး မိ၍ နေမကောင်းသည်မှာ နှစ်ရက်ရှိပြီ။ ကျွန်တော် ပိုက်ဆံအပိုရနိုင်ပါမှ မိသားစု ထမင်းစားကြရမည်။ ကျွန်တော့် အဖို့ ပလပ်စတစ် များများရမှဖြစ်ပေမည်။

နေ က လည်း ခြစ် ခြစ် တောက် ပူသည်။

လမ်းဘေး ရေအိုးစင်တွင် ရေသောက်ရင်း အပန်းဖြေကြသည်။ ဗိုက်ထဲက ဂလု-ဂလုနှင့် မြည်အောင် ဆာနေပြီ။ ဗိုက်ဆာလွန်း၍ ရေသာ ဖိသောက်ရတော့သည်။ ဇော်ကြီးကထိုင်ရင်း ကောက်ရပြီးသား ပလပ်စတစ် အိတ်များမှ ရွှံများ၊ သဲများ ခါချနေသည်။

ထိုစဉ် ခပ်လှမ်းလှမ်းရှိ အမှိုက် ပုံးထဲ သို့ မိန်း မ ကြီး တ ယောက် အမှိုက်တောင်း လာ သွန်ရာတွင် ပလပ်စတစ် ဖိနပ်ပြတ်တဖက် ပါလာ သည်ကို နှစ် ယောက် သား တွေ့ လိုက်ရသည်။ နှစ်ယောက်သား ပြိုင်တူထပြေးကြရာ အမှိုက်ပုံးသို့ ပြိုင်တူရောက်ကြပြီး ဖိနပ်ပြတ်ကို ပြိုင်တူဆွဲမိကြသည်။

"ဖိုးသိန်း၊ ငါအရင်မြင်တာ ငါ့ကိုပေးကွာ"

"မရဘူး၊ ငါအရင်မြင်တာကွ"

ကျွန်တော်က ပြောပြော

ဆိုဆို ဇော်ကြီးကို တွန်းပစ်လိုက်သည်။ ဇော်ကြီး ဖင်ထိုင်လျက်သား ကျသွားသည်။ သူက ပြန်ထပြီး ကျွန်တော့်ကို ဝင်လုံးသည်။ နှစ်ယောက်စလုံး လုံး ထွေး ၍ ကျ သွား သည်။ ကျွန်တော်တို့ သတ်နေသံကြား၍ အမှိုက်သွန်ခဲ့သည့် မိန်းမကြီး ပြန်လှည့်လာပြီး –

''ပေး ပေး။ ငါ့ဖိနပ် ပြန်ပေးစမ်း။ အမှိုက် တောင်းထဲ ရောက်နေမှန်း မသိလို့။ အိမ်က အကောင်းတဖက်နဲ့ ပေါင်းပြီး ရောင်းစားရမယ်။ တယ်–ဒီသူတောင်းစားလေးတွေ၊ဖိနပ်စုတ်များသတ်ပုတ်ပြီးလုနေရတယ်''

ပြောပြောဆိုဆို ကျွန်တော့် လက်ထဲမှ ဖိနပ်ပြတ်ကလေးကို ဆွဲယူပြီးထွက်သွားတော့သည်။

ကျွန်တော်အလွန်ရှက်သွားသည်။ ဇော်ကြီးကို ဒေါသဖြင့် ဘုကြည့် ကြည့်ပြီး အထမ်းဆွဲကာ အရှေ့ဖက်သို့ ထွက်ခဲ့၏။ ဇော်ကြီးက အနောက်ဖက်သို့ ထွက်သွားသည်။ ဖိနပ်ပြတ် တဖက်ကြောင့် သူငယ်ချင်း နှစ်ယောက် လမ်းခွဲခဲ့ကြပြီ။

သည်လိုနှင့် သုံးလေးရက် ကြာသွားသည်။

သည်မနက်၊ ကျွန်တော် ထမင်းစားနေစဉ် အမေက –

''ဟဲ့သား၊ ဇော်ကြီး တယောက် နေများ မကောင်းလို့လား။ ခုတလော မင်းနဲ့ သွားတာ ပြန်တာ မတွေ့ပါလား''

''ကျွန်တော်တို့ ရန်ဖြစ်ထားတယ် မခေါ်ကြဘူး''

ကျွန်တော်က ဇာတ်စုံရှင်းပြလိုက်ရာ အမေသည် မျက်ရည်ဝဲလာပြီး –

''မင်း မှားတာပေါ့ သားရယ်....ဒီ ဖိနပ် စုတ်ကလေး တဖက်ဟာ ဘယ်လောက် တန်လို့လဲ။ အလွန်ဆုံး ဆယ်ပြား ငါးပြားပေါ့။ မင်းနဲ့ ဇော်ကြီးဟာ ညီအကိုရင်းတွေလို သွားအတူ၊ လာအတူ၊ လုပ်ဖော် ကိုင်ဖက်ချင်းတွေဘဲဟာ၊ ဒီတန်ဖိုးမရှိတဲ့ အရာလေးနဲ့ မင်းတို့ရဲ့ မွန်မြတ်တဲ့သူငယ်ချင်းစိတ်၊ ချစ်ခင်စိတ်တွေကို အဖိုး ဖြတ် လိုက် ရော လားကွယ်။ ဘဝ တူ ချင်း ဟာ တယောက်အပေါ် တယောက် သာစေ၊ နာစေ သဘောမထားရဘူး။ သွား–သွား၊ မင်းကဘဲ ဇော်ကြီးကို သွားခေါ်ပြီးတော့ ကြေရာကြေကြောင်း တောင်းပန်လိုက်''

ကျွန်တော့်အမှားကို ကျွန်တော် မြင်ပါပြီ။

ထမင်းကို ကမန်းကတန်း စားပြီး အထမ်းဆွဲကာ ဇော်ကြီးတို့ အိမ်ဖက်သို့ ပြေးထွက်ခဲ့ရာ လမ်းထိပ်ညောင်ပင်အောက်တွင် ဇော်ကြီးကို တွေ့ရသည်။ ယခင်က ကဲ့သို့ ကျွန်တော့်ကို စောင့်ကိုနေဟန်တူသည်။

တယောက်ကို တယောက် ကြည့်ပြီး ပြုံး လိုက် ကြ သည်။ ပြီး တော့ ရယ် မိ ကြ သည်။ နောက်–''ဒို့မှားသွားတယ်''ဟု ပြိုင်တူဆိုမိကြလေသည်။

# ဆေးလိပ်မသောက်ရ

ချာတိတ်ငယ်ငယ်
ဇီးရွက်လောက်က၊
စီးကရက်သောက်တာ
မတင့်တယ်။

လူကြီးတွေကို အတုယူမခိုးနဲ့၊
ပြုမူဆိုးမို့ ရှောင်သင့်တယ်။

ပန်းလိုနုနယ် တကာယ်တွေးယင်၊
ငယ်ပါသေးရဲ့ ဒို့အရွယ်။

ဆေးလိပ်သောက်ယင်
ရောဂါဆိုးတွေ၊
ပေါကာတိုးလို့ အမြစ်တွယ်။

နီကိုတင်ခေါ် အဆိပ်မျိုးက၊
သိပ်ဆိုးတာမို့
ကြောက်သင့်တယ်။

ကင်ဆာရောဂါ ဆေးမရှိမို့၊
ဘေးမထိအောင်
ရှောင်ကြမယ်။

ရှောင်ကြမယ်-
ရှောင်ကြမယ်။ ။

ကနောင်-မောင်သင်းမိုး






အကိုင်းအခက်ငယ်များ၏ အဖျားမှ ထွက်သော ထိန်ထိန်ဝါနေသည့် စိန်တံချူပန်းခိုင်များသည် စိမ်းဖြော့ဖြော့ ရွက်အုပ်များအကြားတွင် အဆုပ်ကြီးများဖြင့် ဖူးပွင့်ကြသည်။ အပွင့်များဖြင့် လေးနေသော ပန်းခိုင်များသည် ငိုက်ကျနေကြသည်။ အပွင့်သည် နှစ်လက်မခန့်ရှည်သော ခေါင်းလောင်းပုံဖြစ်၍ သည် တံသည့် စိမ်းဖြော့ဖြော့ပွင့်ဖတ်အုံမှ ဖေါင်းပွ၍ ထွက်ကာ အဝတွင် အဟိုက်ငါးခု ဖြစ်လာသည်။ အဟိုက်သုံးခုက ခပ်မတ်မတ်နေ၍ နှစ်ခုက ကော့နေသည်။ လည်တံဝ၏အတွင်းပိုင်းတွင် လိမ္မော်ရောင် အရေး အကြောင်းများ ရှိသည်။ အပွင့်သည် အချင်း ၁½ လက်မခန့် ရှိသည်။ အပွင့် အများဆုံးပွင့်ချိန်မှာ မိုးနှင့်ဆောင်းဥတုဖြစ်သော်လည်း အခြားအချိန်တွင်လည်း အနည်းအကျဉ်းပွင့်နေတတ်သည်။ အပွင့်များမနွမ်းမီ ကြွေလေရာ အပင်အောက်တွင် အဝါရောင်လွှမ်းနေတော့သည်။ အသီးတောင့်များ အတွဲလိုက်သီးရာ အစေ့မှ ကျပေါက်သော အပင်ပေါက်များကို အပွင့်ကြွေများနှင့်အတူ တွေ့နိုင်ပေသည်။

စိန်တံချူပင်၏ ဇာတိမှာ တောင်အမေရိကတိုက်နှင့် အနောက် အိန္ဒိယကျွန်းစု ဖြစ်သည်။ အခြား အပူပိုင်း ဒေသများသို့လည်း မျိုးပွါးခဲ့ရာ အပွင့်မပြတ်၍၎င်း၊ ရွက်အုပ်လှ၍၎င်း ပန်းခြံနှင့် ဥယျာဉ်များတွင် အတွေ့ရများသော အပင်မျိုးဖြစ်လာခဲ့လေသည်။ ချုံပင်မျိုး ဖြစ်သော်လည်း သစ်ပင်ငယ်နီးပါး မြင့်မား၍ အကိုင်းအခက်ကလည်း များသည်။ မြေနှင့်နီးကပ်နေသော အကိုင်းအခက်များရှိသည်။ ရွက်ပေါင်းရှိ၍ ရိုးတံရှည်သော ရွက်လက်တခုတွင် ရွက်မြွှာငါးခုမှ ၁၁ ခုအထိ ပါသည်။ ရွက်လက်များက မျက်နှာချင်းဆိုင် ထွက်သည်။ ရွက်မြွှာတခုသည် ၂–၇ လက်မအထိရှည်၍ အရင်းရှူးပြီး ထိပ်ချွန်သည်။ ခွေးသွားစိတ်များရှိသည်။ စိန်တံချူမြစ်သည် မြွေဆိပ်၊ ကင်းဆိပ်၊ ကြွက်ဆိပ်အတွက် ဆေးဖက်ဝင်သည်ဟု ဆိုကြလေသည်။

## ခိုင်ပန်းစုံ

တင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ဝ၁၂ဝ၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ဝဝ၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၄၊ အမှတ် ၄၀၊

# ရွှေသွေး ဂျာနယ်

## ဦးကြီး ဉာဏ်စွမ်း


ပန်းချီ- ဦးဘကြည်
ဇါတ်လမ်း - ဒေါ်စန်းရင်

၁၃၃၄ ခု၊ တော်သလင်းလဆုတ် ၈-ရက် (၃၀-၉-၇၂)




လယ်ယာဦးကြီးအား သူဌေးကြီးဦးရွှေဝက ထမင်းပွဲကြီးဖြင့် ဧည့်ခံနေသည့်အကြောင်းကား....

စနေနေ့တိုင်း ထုတ်ဝေသည်။


ရွာကြီးတရွာ၌ လယ်ယာဦးကြီးတို့စကားဝိုင်းသို့ ကိုလူကြွားတယောက်ပေါက်လာပြီး —
xxxxx ရွာထိပ်က - ကျုပ်တို့ - သူဌေးကြီး ဦးရွှေဝ - ပေါ့ - ကျိုကျိုတက်ချမ်းသာတာဘဲ။ ကျုပ်တယောက်ထဲ ကိုဘဲ - လူယုံတော်ပွဲစား ခန့်ထားတယ်xxx
xxx ကျန်ကျန် ပြောရယင် အလျှံအတန်းများမှာ တောင်မှ - ရွာသားတွေနဲ့ - တဝိုင်းထဲ ထမင်း မစားဘူး --- ချမ်းသာလွန်းတော့ အဝင် မြင့်တာပေါ့လေ။ ဘယ်သူ့ကိုမှ - မယုံဘူး၊ အဲ --- ကျုပ်တယောက် ကိုဘဲ - နဲနဲ စိတ်ချတယ် xxxxxxxxx xxxx
ထိုအထဲတွင် အဆင်းရဲဆုံးဦးကြီးက ထိုကြွားလုံးကို မခံချင်၍ လေအေးအေးဖြင့်—
ဒီမှာ - လူယုံတော် - ကိုပွဲစားရဲ့ - ခင်များသူဌေးနဲ့ ကျုပ် အချိန်မရွေး ထမင်း တဝိုင်းထဲ လက်ဆုံ စားလို့ရပါတယ်၊ အလွယ် ကလေး ပါဗျာ။
ဟား ဟား
ဟား ဟား
သေတာ တောင် မဖြစ်နိုင် ပါဘူးဗျာ...
ဒါလောက်တောင် ဆိုယင် - ကဲဗျာ .. ကျုပ်က ခင်များသူဌေးနဲ့ ထမင်း လက်ဆုံစားပြနိုင်ယင် ခင်များရဲ့ - နွားထီးနှစ်ကောင်နဲ့ - ဝါးတပုတ်ထဲက - စပါး အကုန်ပေးမလား ------
တကယ်လို့ ကျုပ်က - မစားပြနိုင်ယင် ... ခင်များ အိမ်မှာ တသက်လုံး ကျွန်ခံမယ်လေ - ဘယ့်နဲ့ လဲ ---
အမယ် - စိန်လိုက် -----
ခင်များ နိုင်ယင် - လှည်းယာဉ်ကလေးပါ အဆစ်ထဲ့ပေးလိုက်အုံးမယ် ---
ဟားဟား – ဟားဟား


ဘယ်က-ရုတ်ရုတ်ဖြတ်ဖြတ် ဝေါင်လာနေသလဲ မသိဘူး၊ မသိချင်ဟန် ဆောင်နေမှဘဲ--
ထို့ကြောင့် ဦးကြီးသည် သက်သေများထား၍ နောက်တနေ့တွင် သူဌေးကြီးထံ သွားလေ၏။
သူဌေးကြီးက အဖက်မတန်သလိုလုပ်ပြီး ဂိုက်ပေးနေစဥ်မှာပင် အနားသွား၍—
သူဌေးကြီး ခင်ဗျာ- ပြောစရာလေး ရှိလို့ပါ ။ ဟောဒီ-ကျနော့်ရဲ့- ခမောက်လောက်ရှိတဲ့-ရွှေတုံးကြီး တတုံး ဆိုယင် ဘယ်လောက်တန်ဘိုးရှိပါသလဲ ခင်ဗျာ....
အလို
ထိုအသံကြားသော် သူဌေးကြီး၏ ပုပ်ထားသော မျက်နှာမှာ ရွှင်တက်လာပြီး —
ဟော
ဪ -ဟုတ်လား --အေးအေး- နေအုံး -ဘါတဲ့--- ခမောက်လောက်ရှိတဲ့ ရွှေတုံး-ဟုတ်လား- တန်ဘိုး သိချင်တာကိုး... သိရမှာပေါ့--- အေးအေး ဆေးဆေး ပြောကြရအောင်----- ဟဲ.. လါပါ--- ထိုင်ပါအုံးလေ
ဟေ့--ဟောဒီလူနဲ့-ငါနဲ့စားဘို့ ထမင်းပွဲပြင်စမ်း-မြန်မြန်--- ဟင်းဖျိုးစုံပေ့စေ--- အချိုပွဲ ကိုပါ - အသင့်လုပ်ကြစမ်း ---
စားစမ်းပါဗျာ------ အားရပါးရ-တဝကြီး-စားစမ်းပါ၊ အားမနာပါနဲ့၊ စေတနာ အပြည့်နဲ့ ကျွေးတာပါ - ဟဲဟဲ



သူဌေးကြီးသည် ဦးကြီးနှင့် ထမင်းစားရင်း ရွှေတုံးကြီးကို စိတ်ကူးယဉ်လျက်ရှိ၏။
ရွှေတုံးကြီး
ထမင်းစားသောက်ပြီးကြသောအခါ ငွေရှင် ကျေးရှင်ပီပီ ပြောလိုက်သည်ကား —
ဪ - ခင်ဗျားရဲ့ - ရွှေတုံးကြီး - မြန်မြန်သာ သွားယူခဲ့ပေတော့။ ကျုပ် - ခင်ဗျားကို ဆန်သုံးအိတ်နဲ့ - ငွေတထောင်ပေးမယ်.....
ဆန်
ဗျာ---- ကျနော်က - ဟောဒီခမောက် လောက်ရှိမယ့်ရွှေတုံးဆိုယင် - တန်ဘိုး ဘယ်လောက်ရှိမလဲ - လို့သာ - သိချင်လို့ မေးရုံသာ မေးကြည့်တာပါဗျ----
ဟဲ့ကောင် - သွား - သွား - ခုထွက်သွား... တောက် — လူ ပါးဝလို့
လူမိုက်... ဘယ်...... သွားဆို - မသွားသေးဘူးလား
သူဌေးကြီးဦးရွှေဝမှာ ဒေါသတကြီးဖြင့် ဆွေဆွေခုန်နေတော့၏။
ဘယ်နှယ် ကျုပ်က - လူမိုက်ဖြစ်ရမှာလဲ... ကျုပ်လေ.. သူဌေးနဲ့လဲ - ထမင်းလက်ဆုံစားရတယ်။ ခင်ဗျာ့ - လျှို့ဝှက်နဲ့ လောင်းထားလို့ - နွားနှစ်ကောင် - လှည်းတစီးနဲ့ ဝမ်းစာ စပါးတပုတ်လဲ - ရအုံးမယ်. ဟားဟား
ဟားဟား
ဟား ဟား
နောက်တနေ့တွင် —
ဒါမှ - ဒို့ဦးကြီးကွ - လှည်းယာဉ်ရှင်ကြီးကွနော်
ပြီး




ဟေ့လူ
မပြေးနဲ့ -
အွင့်



ဆက်ရန်




# ထူးဆန်းသော သတ္တဝါများ

ရဲမြင့် စံတိုး


ကမ္ဘာ့အရှေ့ဖျား ရေချိုပိုင်းတွင် တွေ့ရသော ငါးတမျိုး ဖြစ်သည်။ လေးပစ်ငါးဟု ခေါ်သည်။ ပိုးမွှားများကို ထူးဆန်းသောနည်းဖြင့် ဖမ်းယူ စားသောက်လေ့ရှိသည်။ ကမ်းစပ်ရှိ သစ်ပင်ပေါ်၌ နားနေသော ပိုးမွှားတကောင်ကိုမြင်ပါက ယင်း၏ပါးစပ်မှ ရေပန်းဖြင့် ပစ်ခတ်လိုက်သည်။ ထိုအခါ ပိုးမွှားသည် ရေထဲသို့ လိမ့်ကျသွားပြီး ငါး၏ ဖမ်းယူ စားသောက်ခြင်းကို ခံရသည်။

အမြင်အရ ထူးဆန်းသော အပင်ပိုးတမျိုးဖြစ်သည်။ ယင်းတွင် သစ်ရွက် ပုံသဏ္ဍာန် ခြေထောက် များ ရှိသည်။ ယင်း ခြေထောက် များဖြင့် ရန်သူကို လှည့်စားနိုင်သည်။



အရှေ့အာဖရိကတွင် တွေ့ရသော ဂျယ်ရယ်နွတ် ခေါ်သော ဆိတ်တမျိုး ဖြစ်သည်။ ယင်း၏ ထူးခြားချက်မှာ ခြေလက်များ ရှည်လျားပြီး လည်ပင်းလည်း အလွန်ရှည်ခြင်းပင် ဖြစ်သည်။ ဘေးအန္တရာယ်ကြုံတွေ့ပါက လည်ပင်းကို အလျားလိုက်ထား၍ ပြေးလေ့ရှိ၏။ ထိုအခါ ရှည်လျားသော မြက်တောအတွင်း၌ ရန်သူက အလွယ်တကူ မမြင်နိုင်တော့ပေ။ မြေပြင်မှ အမြင့်ခြောက်ပေခန့် အထိ အစာများကို လှမ်း၍ကိုက်ဖြတ်စားသောက်နိုင်သည်။






ဥရောပတိုက် သဲကန္တာရများအတွင်း တွေ့ရသော ပုရွက်ဆိတ်ခြင်္သေ့ခေါ် လည်ပင်းရှည်ပုရွက်ဆိတ် တမျိုးဖြစ်သည်။ သချိုင်းဂူများအကြားတွင် အနေများသည်။ ယင်း၏လည်တံကို အသုံးချလျက် ကျောက်တုံးများအကြားရှိ ပိုးမွှားများကို ဖမ်းယူစားသောက်လေ့ရှိသည်။ ကိုယ်အလျား လက်မဝက်ခန့် ရှိသည်။


အိုးပုံသဏ္ဌာန်အိမ် ပြုလုပ်တတ်သော နကျယ်ကောင်တမျိုးသည် သဲမှုန့်ကလေးများကို ယင်း၏ ကိုယ်မှထွက်သော အရည်တမျိုးဖြင့်ရောစပ်ကာ အိမ်ဆောက်လုပ်သည်။ အိမ်ထဲ၌ မိမိဖမ်းယူလာသော ပေါက်ဖတ်တကောင်နှင့် ဥတလုံးကို ထည့်ပြီးလျှင် အိမ်အဝကို လုံစွာ ပိတ်လိုက်သည်။ ထို့နောက် အဝေးသို့ ပျံသွားလေတော့သည်။ အချိန်တန်၍ ဥမှ ပေါက်လာသော အကောင်ငယ်သည် အသင့်ထည့်ထားသော ပေါက်ဖတ်ကိုစား၍ ကြီးပြင်းလေသည်။






မက္ကဆီကိုနှင့် အမေရိကန်တောင်ပိုင်း ပြည်နယ်များတွင် တွေ့ရသော ဖွတ်ပုတတ်တမျိုးဖြစ်သည်။ ခေါင်းပေါ်၌ ဦးချိုလိုလို အချွန်အတက်များပေါက်နေ၍ ဖားပြုပ်ချိုပေါက်ဟု ခေါ်သည်။ ရန်သူ၏ အတိုက်အခိုက်ခံရပါက ယင်း၏ မျက်လုံးမှ သွေးစက်များ ပန်းထုတ်နိုင်သည်။ ဤနည်းဖြင့် ရန်သူကိုဟန့်တားနိုင်သည်၊ ဆောင်းတွင်း၌ သဲအောက်သို့ဝင်ကာ ဆောင်းအောင်း၍ နေလေ့ရှိသည်။

အနောက်အိန္ဒိယကျွန်းစုနှင့် အမေရိကတိုက် အပူပိုင်းဒေသများတွင် တွေ့ရသော ဟာကျူလီပိုးခေါ် ပိုးတောင်မာတမျိုး ဖြစ်သည်။ အဖိုများတွင် ကြီးမားသောညှပ်လက်မများရှိပြီး၊ယင်းတို့ဖြင့် တိုက်ခိုက်လေ့ရှိသည်။ ကိုယ်အလျား ငါးလက်မကျော်ကျော်ရှိ၍ ကမ္ဘာတွင် အကြီးဆုံး ပိုးတောင်မာမျိုး ဖြစ်လေသည်။




ယုံလွယ်သူ
ဇာတ်လမ်း-မြေလတ်
သရုပ်ဖော်- ကဆု
ရွာတရွာတွင် အလွန်ယုံလွယ်သူ ကိုဖိုးယုံ တယောက် ရှိလေ၏။
တနေ့တွင် ခြံဝင်းထဲ၌ ရေတွင်းတူးရာ -
ဆယ်တောင်ခန့် တူးမိသော်လည်း ရေမထွက်ပဲ ဖြစ်နေ၍ စိတ်ပျက်နေစဉ် -
ခင်ဗျားတူးနေတဲ့နေရာက ရေဘယ်ထွက်မလဲဗျ- ဟော ဟိုနေရာမှာတူးမှ ရေထွက်မှာပေါ့ဗျ
ကိုဖိုးယုံသည် ထိုသူညွှန်ပြနေသော နေရာတွင် အားကြိုးမာန်တက် တူးလေ၏။
ဆယ့်ငါးတောင်ခန့် တူးသော်လည်း ရေမထွက်၍ စိတ်ပျက်နေစဉ် လူတဦးရောက်လာပြီး -
မြေအကြောင်းနားမလည်ဘဲနဲ့ ဆရာလုပ်ချင်ကြတဲ့လူတွေကြောင့် ခင်ဗျား သက်သက်မဲ့မောနေရတာဗျ၊ ရေထွက်မယ့်နေရာကို ကျုပ်ပြမယ် လာ- ကျုပ်နဲ့လိုက်ခဲ့----


ဟောဒီမြေထောင့်မှာတူး၊ ရေမ ထွက်ယင် ကျုပ်ကိုပြောချင်သလိုပြော
ဟုတ်ကဲ့၊ ကျေးဇူး တင်ပါတယ်ခင်ဗျာ
ကိုဖိုးယုံသည် ဒုတိယလူ ညွှန်ပြခဲ့သော နေရာတွင် တူးပြန်ရာ -
အတောင်နှစ်ဆယ်ခန့် နက်သော်လည်း ရေ မတွေ့ပဲရှိ၍ စိတ်ပျက်လာကာ -
တော်ပြီ၊ ဆက်မတူး တော့ဘူး-ဗျို့
ထိုစဉ် လူတဦး ရောက်လာပြန်၍ -
ကျုပ်စကားကိုယုံယင်တော့ တတောင် နှစ်တောင်လောက်စမ်းပြီးတူးကြည့် ပေါ့ဗျာ၊ မြေကြီးကိုက အစိုဓါတ် လိုက်လာတာတွေ့ရလိမ့်မယ်
တတောင်နှစ်တောင်လောက်ဘဲဆိုယင်တော့ စမ်း ပြီးတူးကြည့်ရသေးတာပေါ့ခင်ဗျာ
ကိုဖိုးယုံသည် တတိယလူညွှန်ပြသွားသော နေရာတွင် စမ်းပြီး တူးပြန်၏။


နှစ်ဆယ့် ငါးတောင်မျှ နက်လာသော်လည်း ရေမထွက်ပဲ ဖြစ်နေသဖြင့် —
ဖေဟာ ဖေဟာ
မြေကုန်လက်ပန်းကျကာ ပက်လက်လန်၍ လဲနေလေတော့၏။
ထိုအခါမှ
အင်း-သူများတွေပြောတိုင်း ယုံပြီးလုပ်မိလို့၊ မောလဲမောပြီ အချိန်တွေလဲကုန်ပြီ
အခုငါတူးပြီးခဲ့တဲ့ရေတွင်းလေးတွင်းရဲ့ အနက်တွေကိုသာပေါင်းလိုက်ရင်၊ အခုဆို ပေါင်း အတောင်ခုနှစ်ဆယ်တောင်ရှိ သွားပြီ- ရေကတော့မထွက်သေး ဘူး-ဟူး
တကယ်လို့ငါဟာငါစပြီးတူးခဲ့တဲ့နေရာကို သာငါဆက်ပြီးတူးနေရင်၊ အခုလောက်ဆို ငါတူးတာမလိုဘူး၊ ရေလဲထွက်တာ ကြာလှပြီ- အခုတော့-ဟင်း----
တော်ပြီ၊ တော်ပြီ၊ သူများတွေပြောတိုင်း ငါယုံပြီးမလုပ်တော့ဘူး၊ ငါဟာငါ စဉ်းစားပြီးမှ လုပ်တော့မယ်
ပြီး

# ဗီဆူးဗီးယပ်မီးတောင်

ဥရောပတိုက်တွင် ယနေ့တိုင် တောက်လောင်နေဆဲဖြစ်သော မီးတောင်ရှင်တခုကို အီတလီတောင်ပိုင်း နေပယ်မြို့မှ ရှစ်မိုင်ကွာအရပ်၌ တွေ့ရှိနိုင်သည်။ ထိုတောင်မှာ ဗီဆူးဗီးယပ်မီးတောင်ဖြစ်၏။ လူနေထူထပ်သော ဝန်းကျင်တွင်တည်ရှိနေခြင်းကြောင့် ယင်းကို လူတို့ ပိုမို ဂရုစိုက်ခဲ့ကြသည်။ မီးတောင်ဝမှ မီးခိုးများ အမြဲလိုလိုထွက်နေတတ်ပြီး တခါတရံ ချော်နှင့်ပြာများလည်း အန်ထွက်တတ်သည်။ ချော်များ စုပုံရာ မီးတောင်ခြေရင်း၌ မြေဩဇာ အလွန်ကောင်းသောကြောင့် ယာခင်းများ၊ သပျစ်ခြံများ အလွန်အောင်မြင်သည်။

တောင်ခြေရှိ မြို့များမှာ မီးတောင် ပေါက်ကွဲသည့်အခါတိုင်း များစွာ ပျက်စီးရသော်လည်း နေထိုင်သူတို့က ပြန်လည်ဆောက်လုပ်၍ နေထိုင်မြဲ နေထိုင်လျက်ရှိကြသည်။ ယနေ့အထိ မီးတောင်ပေါက်ကွဲသည့် အကြိမ်ပေါင်းမှာ ၅၀ ခန့်ရှိပြီး ၁၆၃၁ ခုနှစ်၌ ပေါက်ကွဲစဉ်က လူပေါင်း ၁၈,၀၀၀ မျှ သေကျေခဲ့ရ၏။

ယခုအခါ ကမ္ဘာ့လှည့် ခရီးသည်များ လာရောက်ကြည့်ရှုနိုင်ရန် မီးတောင်၏ အောက်ခြေပတ်လည်တွင် မီးရထားလမ်း ရှိသည့်ပြင် မီးတောင်ဝအနီးသို့ သွားနိုင်ရန် ကေဗယ်ကားခေါ် လျှပ်စစ် ဓာတ်ဖြင့် သွားသော လူစီးတွဲများလည်း ပြုလုပ်ပေးထားသည်။



မီးတောင်၏ ခါးလည်၌ သိပ္ပံ စူးစမ်းရေးစခန်းတခုကို ၁၉ ရာစုက ဆောက်လုပ် ထားရှိခဲ့သည်။

မျိုးညွန့် ရန်ကုန် တက္ကသိုလ်

## ပုံတူဆွဲတာ မခက်ပါ



# အရူးလှယ်ဒိတ်

မောင်သန်းဆိုး



အဘဖိုးပညာသည် ပုံပြောအလွန်ကောင်းသူ တယောက်ဖြစ်ပါသည်။ ရွာထဲက လူကြီးလူငယ်အားလုံး အဘဖိုးပညာကို လေးစားကြပါသည်။ ချစ်ခင်ကြပါသည်။ အဘစကားပြောလျှင်လည်း ပုံတိုပါဠိစကလေးများဖြင့် ဥပမာပေး၍ ပြောတတ်ပါသည်။ အဘပြောသောပုံတိုင်းသည် မရိုးပါ။ ကျွန်တော်တို့ ကြားကြရသမျှ အသစ်အဆန်းချည်း ဖြစ်ပါသည်။ ထို့ကြောင့် အဘဖိုးပညာ စကားပင်ပြောပြော၊ ပုံပင်ပြောပြော မည်သူမျှ နားမငြီးကြပါ။ စိတ်ဝင်စားစွာ ဂရုတစိုက် နားထောင်ကြပါသည်။

ကျွန်တော်တို့ကျောင်းဆင်းလာလျှင် အဘဖိုးပညာ အနီးမှာ ဝိုင်းဖွဲ့ထိုင်ကြပါသည်။ ထိုအခါ အဘသည် ဟိုရှေးရှေးတုန်းက ရှင်ဘုရင်တွေ၊ မင်းသမီး မင်းသားတွေ၊ လူကြီးသူမတွေ၊ အလုပ်သမားတွေ အကြောင်း ပြောပြပါသည်။ ရှေးတုန်းက လူတွေကို မမြင်ဘူးသော်လည်း အဘကျေးဇူးကြောင့် ကျွန်တော်တို့မျက်လုံးထဲမှာ မြင်ယောင်နေပါသည်။

အဘပုံပြောလျှင် ရယ်စရာလည်းပါသည်။ သနားစရာလည်းပါသည်။စိတ်ဝင်စားစရာအကြောင်း ကလေးများလည်း ပါသည်။ နေ့တိုင်း နေ့တိုင်း ပြောပြသည်များမှာ ရိုးသည်ဟု မရှိပါ။

အဘကို ရွာထဲမှလူတိုင်းက "တကယ်တော်တဲ့ အဖိုးကြီးပဲ" ဟူ၍ ချီးမွမ်းကြပါသည်။ အချို့က "နာမည်နဲ့လိုက်အောင် ပညာရှိပါပေတယ်" ဟူ၍ ပြောကြသည်။ ဤသို့ တော်အောင် သူအဘယ်ပုံကြိုးစားလာခဲ့သည်ကိုကား မသိကြပါ။

ကျွန်တော်လည်း အဘကို ချီးမွမ်းမိပါသည်။ အဘကဲ့သို့ စကားပြောကောင်းသူ တယောက် အလွန်ဖြစ်ချင်နေပါသည်။ အဘကဲ့သို့ စကားတွေ လှိုင်လှိုင် ပြောတတ်ချင်ပါသည်။ စကားဥပမာတွေ၊ ပုံပြင်အကြောင်းတွေ များများသိချင်ပါသည်။ သို့သော် အဘဖိုးပညာကဲ့သို့ မဖြစ်လာပါ။

တနေ့တွင် ကျွန်တော်တို့ ကျောင်းမှာ ဆရာက ကျွန်တော်တို့ကို နည်းပေးလမ်းညွှန် တခု ပြောပါသည်။

"မင်းတို့တွေ ငယ်ငယ်က စပြီးတော့ တွေ့မြင်သမျှ အတတ်ပညာ ဗဟုသုတ တွေကို လေ့လာ မှတ်သားသွားတတ်ရမယ်။ ဒါမှ မင်းတို့ကြီးလာတဲ့ အခါမှာ အရာရာမှာ တတ်သိနားလည်တဲ့ လူတော် လူကောင်းတွေဖြစ်လာမယ်" ဟူ၍ ဖြစ်ပါသည်။ ဆရာ့စကားကို ကျွန်တော် မှတ်ထားပါသည်။

အိမ်သို့ ရောက်သောအခါ ဆရာက မှာလိုက်သည်များကို အဖေ့အား ပြန်ပြောပြမိပါသည်။ အဖေက ကျွန်တော့် ခေါင်းကို လက်နှင့်သပ်၍ –

"ဟုတ်တာပေါ့ လူလေး။ ဘယ်ပညာဘဲဖြစ်ဖြစ် ကိုယ်နဲ့မဆိုင်သလို မနေရဘူး။ လက်

လှမ်းမှီသမျှ မေးစမ်းပြီး လေ့လာရမယ်။ ဥပမာကွယ်– ကုလားထိုင်တို့၊ စားပွဲတို့၊ အိမ်တို့ဆောက်လုပ်တဲ့ လက်သမားပညာပေါ့။ လူလေး မလေ့လာယင် မတတ်ဘူး။ လေ့လာထားယင် တနေ့မှာ ကိုယ့်အတွက် အသုံးဝင်တယ်။ သူများကိုဘဲဖြစ်ဖြစ် နည်းပေးလမ်းပြ လုပ်နိုင်တယ်။လူဆိုတာ ပညာကောင်းကိုစုံနိုင်ရမယ်။ အရှုးလွယ်အိတ်လိုဖြစ်ရမယ်”ဟု ပြောပါသည်။

ကျွန်တော်က အဖေ့စကားများထဲမှ အရှုးလွယ်အိတ် ဆိုသောစကားကို နားမလည်ပါ။ မည်သည်ကို ရည်ရွယ်ပြောကြောင်း မသိပါ။ ထို့ကြောင့် အဖေ့ကိုပြန်မေးလိုက်ပါသည်။

“အရှုးလွယ်အိတ် ဆိုတာဘာလဲအဖေ”

“အရှုးဆိုတာ စိတ်မနှံ့ဘူး။ တွေ့ရာမြင်ရာတွေ အစုံကောက်ပြီး သူ့လွယ်အိတ်ထဲမှာ ထည့်ထားတယ်။ အစားအစာတွေ၊ ဆေးလိပ်တိုတွေ၊ စက္ကူစတွေ၊ ဖက်ရွက်အမှိုက်သရိုက်တွေ စုံလို့ပေါ့ကွယ်။ သူလိုချင်တဲ့ပစ္စည်းဘာဘဲရှာရှာ အိတ်ထဲမှာရှိတယ်။ အဲဒီလိုဘဲ လူဆိုတာ ပညာရှာတဲ့ နေရာမှာ အကောင်းအဆိုး ဘာဘဲဖြစ်ဖြစ် တွေ့ရာမြင်ရာ ဗဟုသုတတွေကို မှတ်သား စုဆောင်းတတ်ရမယ်”

အဖေ့စကားကို ကျွန်တော်ကောင်းစွာ နားလည်သွားပါသည်။

အဖေက ဆက်၍ –

“လူလေး နားလည်အောင်ပြောမယ်။ အဘဖိုးပညာကို ကြည့်စမ်း ဘယ်လောက်တော်တဲ့အဘိုးကြီးလဲ။ ရာဇဝင်ရော၊ ပုံတိုပါဠိစရော၊ မှတ်စရာ သားစရာတွေ အကုန် သူသိတယ်။ အဲဒီဖိုးပညာလဲ ငယ်ငယ်ကတဲက စာပေ ဗဟုသုတတွေကို လေ့လာမှတ်သားထားလို့ အခုလို လူလေးတို့ကို ပြန်ပြောနိုင်တယ်။ လူတိုင်းက လေးစားအထင်ကြီးခြင်းခံရတယ်။ အဖေတို့ကတော့ သူလိုမလေ့လာမဖတ်ကြားခဲ့လို့ သူ့ဆီမှာ တဆင့် ကြားနာရတယ်။ သူ့ကို ဆရာတင်ထားကြရတယ်”


ဤသို့ အဖေက စီကာပတ်ကုံးပြောသွားသောအခါ ကျွန်တော် အားတက်သွားမိပါသည်။ စာပေ ဗဟုသုတကို အရှုးလွယ်အိတ်ကဲ့သို့ ဖြစ်အောင် လေ့လာကြိုးစား မှတ်သားလျှင် အဘဖိုးပညာကဲ့သို့ တနေ့တွင် ဖြစ်လာရမည်ဟု ယုံကြည်သွားမိပါသည်။ အဘဖိုးပညာကဲ့သို့ ပုံပြောကောင်း၊ စကားပြောကောင်းချင်သော ကျွန်တော်သည် မိမိကိုယ်ကိုမိမိ ပြန်ပြောမိပါသည်။

“ငါဟာ အဘဖိုးပညာလိုတော်အောင် စာပေဗဟုသုတတွေကို အရှုးလွယ်အိတ်လို စုံအောင် လေ့လာထားရမယ်”

## ပင့်ကူကလေး


ကိုယ်တိုင်ချည်ငင် အိမ်ဖွဲ့ဆင်၊
ပင့်ကူကလေးက အိမ်ပိုင်ရှင်။
သူ့အိမ်ပျက်လျှင် သူပြင်ဆောက်၊
ဘယ်သူ့ကိုမှ ဒူးမထောက်။
မကြောက်မရွံ့ ရဲဝံ့စွာ၊
သူ့အိမ်မှာဘဲ သူနေတာ။
ကျူးကျော်လာတဲ့ ရန်သူများ၊
ဦးနှောက်ကိုမှ သူဖောက်စား။
စကားမပြော ဆိတ်ဆိတ်နေ၊
အလုပ်ရှိက သူလုပ်ပေ။
တို့တတွေ သူ့ကိုတု၊
တိုင်းပြည်ကောင်းကျိုး
အမြဲပြု။ ။

ကိုလေးအောင်(ဇီးဖြူကုန်း)



R. 517

# ခိုင်ပန်းစုံ



တနှစ်ပတ်လုံး အဖူးအပွင့်တို့ဖြင့် ထူးတင့်ဝေဆာနေသော ပန်းပင်တမျိုးမှာ ဒေါင်းဆုပ်ပန်း၊ ဇော်ကလေးအနီဟုလည်း ခေါ်သော စိန်ပန်းကလေးဖြစ်သည်။ စိန်ပန်းကြီးနှင့် အရောင်အဆင်း ပုံပန်းသဏ္ဌာန် တူယောင်ယောင်နှင့် ကွဲပြားမှုများရှိပေသည်။

စိန်ပန်းကလေးသည် အဝါရောင်နှင့် လိမ်မော်ရောင်သွေး ပါသော အနီရောင်ဟူ၍ နှစ်မျိုးရှိသည်။ အကိုင်းအလက်များ အဖျားမှထွက်သော ပန်းခိုင်ကြီးများတွင် ပန်းခိုင်ကလေးများ ထပ်ဆင့်ထွက်သည်။ အဖူးများသည် စိန်ပန်းကြီးကဲ့သို့ လုံးလုံးမဟုတ်ပဲ ဘဲဥပုံဖြစ်သည်။ ပွင့်ညှာတံကလည်း ပို၍ ရှည်လျားသည်။ အနီမျိုး၏ပွင့်ချပ်အနားသည် ပထမတွင် ဟင်္သပြဒါးရောင်၌ အဝါအစက်အပြောက်များ နှောနေသည်။ နောက်တွင်မှ ပွင့်ချပ်တခုလုံးနီသွားသည်။ ဇွန်းပုံသဏ္ဌာန် ပွင့်ချပ်ငါးခုအနက် တခုသည်ငယ်၍ ပုံစံထူးခြားသည်။ ပွင့်ချပ်၏ အရောင်ရှိသော ဝတ်ဆံတံဆယ်ခုတို့သည် ရှည်ရှည်လျားလျား တိုးထွက်နေသဖြင့် အပွင့်များမှာ အမွေးစုတ်ဖွားနှင့်လို ထင်ရသည်။ ပွင့်အာစတွင် ပန်းငုံကလေးများသည် တွန့်လိမ်နေလေသည်။

ချုံပင်မျိုးဖြစ်၍ ဆယ်ပေခန့်အထိ မြင့်သည်။ ရှပ်ရှက်ခတ်နေသော အကိုင်းအခက်များတွင် အရွက်အလက်များကလည်း ဝေဝေဆာဆာရှိသည်။ စိန်ပန်းကြီးကဲ့သို့ အရွက်မကြွေ။ ရွက်ပေါင်းပင်ဖြစ်သော်လည်း ရွက်မွှာကလေးများမှာ စိန်ပန်းကြီးရွက်ထက် ပို၍ကြီးသည်။ အစိမ်းရောင် ဖြော့သည်။

အနောက် အိန္ဒိယကျွန်းစု ဇာတိဖြစ်သော စိန်ပန်းကလေးမျိုးသည် အိန္ဒိယ၊ မြန်မာစသော အပူပိုင်းဒေသများသို့ မျိုးပွားခဲ့၍ အဖူးအပွင့် မပြတ်သဖြင့် ပန်းခြံ၊ ဥယျာဉ်များတွင် ယခုအခါ အတွေ့ရများသော ပန်းချုံပင်တမျိုး ဖြစ်နေလေသည်။




တင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ဒုံးက ရိုက်နှိပ်သည်။

အတွဲ-၄ အမှတ်-၄၁

ရွှေသွေး ဂျာနယ်

# ဦးမုန်း

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-ရန်အောင်

၁၃၃၄ ခု၊ တော်သလင်းလဆုတ် ၁၅ ရက်(၇-၁၀-၇၂)



တနေ့သ၌ ဦးမုန်းဆိုသူသည် တွေးရင်း တွေးရင်း လူများကို မုန်းစိတ်ဝင်လာသဖြင့်....

စနေနေ့တိုင်း ထုတ်ဝေသည်။


မိမိနေအိမ်မှ အမှတ်တမဲ့ ထွက်လာပြီး မြို့နှင့် အတော်ဝေးလာသော်—
စိတ်အေး ချမ်းသာ ရှိတော့ မယ်
ငါ မုန်းတဲ့ လူတွေနဲ့ ဝေးရတော့ မယ်
မြို့နှင့်ဝေးသည်ထက် ဝေးအောင် မနား မနေ သုတ်သုတ်လျှောက်လာရာ တောထဲသို့—
—ရောက်သွားပြီး အရှေ့ အနောက်ကိုလည်း မသိနိုင်၊ လူတွေနေသောမြို့သည် ဘယ်ဆီတွင် ရှိသည်ကိုပင် မသိရတော့ပဲ တောနက်ကြီး ထဲတွင်—
ကျေးငှက်သံတွေက သာတယ်။ လူတွေက လောဘ-စကား၊ ဒေါသ စကားချည်း..ပြော ကြတယ်..
ငှက်များမြူး၍ သီဆိုသံများကြားတော့မှ—
ဟင်း ...
သဘာဝ-ဓါတ်မီးကြီး ...
ထိန်လင်းတယ်-ငွေကြေးမကုန် ဘဲ
အလကား-သုံးရတယ်
များမကြာမီ မိုးချုပ်သွားပြီး လမင်းကြီးထိန် လင်းလာပြန်သောအခါ၌—
ခေါ် ခေါ် ခေါ်
ဦးမုန်းသည် အကျေနပ်ကြီး ကျေနပ်ကာ လွယ် အိတ်ထဲပါလာသော အစား အစာများကို စားပြီး သစ်ပင်အောက်၌ ခြေဆွလှဲနေစဉ် အိပ်ပျော်သွား၏။


ဆိတ်ငြိမ်နေသော ညဥ့်သန်ကောင်အချိန်တွင် ကျယ်လောင်သောအသံတခုကြောင့်–
အာမယ်.. ကျားဟိန်းသံပဲ
ဝုန်း
ဝုန်း
သူထင်သည့်အတိုင်း မကြာမီ ကျားကြီးတကောင် သစ်ပင်အောက် ရောက်လာ၏။
ကျားရန်က - ရှောင်လို့လွတ်တယ်-.- - လူတွေရန်က - ရှောင်လို့မလွတ်ဘူး
တောထဲ၌ စိတ်ချမ်းသာစွာနေ၍ ရက်အနည်းငယ် ကြာသွားသောအခါ–
အလို--- သောက် ရေ - ကုန်ခဲ့ ပြီကိုး
ချောင်းရှာ ရတာပေါ့လေ
ရေရှာရင်း စမ်းချောင်းတခုသို့ရောက်သွားရာ-
ရေကို - အချိန် မရွေး - လိုချင်တိုင်း ရတယ်။ဘယ်လောက် ကောင်းသလဲ -
ရက်အတန်ကြာသောအခါ ပါလာသောစားစရာများကုန်၍ တော သစ်သီးများကို ရှာဖွေစားသောက်ရလေ၏။
လူတွေနဲ့ နေတုန်းက .. ငွေပေးမှ -စားစရာရတယ်၊ အခုများ - အလကား ရတယ်၊တယ်ဟုတ် ပါလား
ဦးမုန်းသည် တောထဲ၌ တယောက်တည်း နေရခြင်းကို အကျေနပ်ကြီး ကျေနပ်နေလေသည်။




တနေ့တွင် လေမုန်တိုင်းကြီး တိုက်ခတ်လာရာ တတောလုံး ဆူညံတုန်ဟည်းနေလေ၏။



ထို့နောက် မိုးကြီးရွာချ၍ ဦးမုန်းတကိုယ်လုံး စိုရွှဲလျက် ခိုက်ခိုက်တုန်နေစဉ် စဉ်းစားမိသည်မှာ-



လမိုက်ရက်ဖြစ်၍ လ ကလည်းမသာ၊ မိုးမှောင်ကလည်း ကျနေသဖြင့် တွေးမိပြန်၏။



သစ်သီးများကို ငြီးငွေ့လာပြန်သော်-




ဦးမုန်းသည် တောကြီးထဲတွင် မျက်စိလည်နေသဖြင့် သောက်ရေခပ်ရန် စမ်းချောင်းကို တပင်တပန်း ရှာနေရစဉ် သတိဖြစ်မိ၏။



မိုးဒဏ်လေဒဏ်မိ၍ အအေးမိကာ အဖျားဝင်လာသဖြင့် အောက်မေ့မိပြန်၏။


ခုမှဘဲ အိမ်တလုံးရဲ့ တန်ဘိုးကို သိရတော့ သကိုး
မိုးလေဒဏ်မှ ကာကွယ်ရန် သစ်ပင်ပေါ်တွင် အမိုးအကာ ကြံဖန်လုပ်ရတော့မှ....
အွတ်
အို
အား
ဘာလဲ ဒါ
အေးစက်စက်
ချော ကျိကျိနဲ့
ညဘက်၌အိပ်နေစဉ် လည်ပင်းတွင် တင်းကျပ် လာသဖြင့် စမ်းကြည့်ရာ....
ဟာ - မြွေထင်တယ်... ဘုရား - ဘုရား .... သူ့ခေါင်းကို ကိုင်မိပေလို့
မြွေငယ်လေးမို့ တော်သေးတာပေါ့
ကဲဟါ - ကဲဟါ
အမယ်လေး.... အားနဲ့နေရတဲ့ အထဲ... ဟင်း....
အင်း - လူတွေက - မတရားလုပ်ယင် - ရဲတို့ - တရားသူကြီးတို့က - အရေးယူပေးတယ်.... ဒီတော့ တိရစ္ဆာန်ရိုင်းတွေကို - အရေးယူ ပေးမယ့်သူ မရှိ ပါကလား
နောက်နေ့တွင်ကား ဦးမုန်းသည် စား ဝတ် နေရေးနှင့် လုံခြုံရေးကို ဆောင်ရွက်ပေးကြ သည့် လူတွေ၏ကျေးဇူးကို သိလာပြီး....
ငါ မြို့ကို ပြန်မှဘဲ.. တောထဲ နေနေယင် တနည်း နည်းနဲ့ သေရော ဘဲ
နောင်တတရား ရကာ မြို့သို့ ပြန်ရန် လမ်းရှာ တော့၏။ ရှာမတွေ့ပဲ တနေရာတည်းသို့သာ ပြန်ရောက်နေ၍ မော့ကြည့်လိုက်ရာ....


နွားကောင်ကြီး
ငါ့ကိုသတ်စား တော့မှာဘဲ...
ဦးမုန်းသည် လန့်ပြီး ခြေဦးတည့်ရာပြေး၏။
ငါနဲ့အတူ - လူတွေသာရှိယင်
ဒီမြွေကြီးကို
သို့သော် မူလနေရာသို့သာ အဖန်ဖန် ပြန်ရောက်နေသဖြင့် အကြောက်လွန်ပြီး စိတ်ဂယောင်ချောက်ချား ဖြစ်သွားလေတော့၏။
ကျေးဇူးရှင် လူတွေ--
ကယ်ကြပါအုံး
မျိုး
ထိုခဏ၌ တောဆင်အုပ်ကြီးပေါ်လာပြန်ရာ-
ရှူး
ရှူး
ရှူး
ကယ်ကြပါ
ကယ်ကြပါ
ကယ်ကြပါ
ကယ်ကြပါ
ကယ်ကြပါ
ကယ်ကြပါ
ဦးမုန်းမှာ ဘဝင်တုန်ပြီး သတိလစ်ကာ လဲကျသွားလေတော့၏။
ဒိုန်း
ဝုန်း
ဂျုန်း
ထိုင်း
ထုံး



ဆင်တွေ ပြေးကုန်ပြီ
သေနတ်သံ ပိုင်းပေး နိုင်လို့သာ ပေါ့
အရေးထဲမှာ ဆင်အုပ်ရဲ့ မှ ထိုးမိတာကိုး
ဒီတာတွေသာ လူစုနည်းယင်.. ဆင်နင်းခံရမှာ
အေးဗျ
ဦးမုန်းကို တောနင်းပြီး လိုက်ရှာနေကြသော လူအုပ်ကြီးမှာ မကြာမီရောက်လာကာ—
ကြည့်ကြစမ်း - ဟိုမှာလူတယောက် လဲကျနေတယ် - မဟုတ်လား
အေး - ဆင်နင်းလို့ ပြားနေရောပေါ့
သွားကြည့်ပါအုံး
ဦးမုန်းများဖြစ်နေသလား လို့
အသက်ရှိသေးယင်တော့ ကပ်တခု လုပ်ပြီး တင်ယူသွားကြတာပေါ့
ဟုတ်တယ်
သတိလစ်နေသော ဦးမုန်းကိုတွေ့၍ မြို့သို့ ထမ်းခေါ်သွားရာ သတိလည်လာသောအခါ သူ၏ မျက်စိထဲ၌ ပိုးတိုးဝါးတားဖြင့် ....
ကျနော် - လူတွေကို - မုန်းမိတာ - မှားပါပြီ လူတွေဟာ - ကျနော့် အသက်သခင် ကျေးဇူးရှင် တွေပါ
ဒါဖြင့် .. ဒီနေ့ကစပြီး ဦးမုန်းကို ဦးချစ်လို့ နာမယ် ပြောင်းလိုက် မယ်.......
ဟုတ်ပါတယ် - ဟဲဟဲ --- ကျနော် - တသက်လုံး လူတွေကို ချစ်ပါတော့မယ် ..........
ပြီး

# ထူးဆန်းသော သတ္တဝါများ


ရဲမြင့်၊ စံတိုး



တောင်အမေရိကတိုက်တွင် တွေ့ရသော ဖါးတမျိုး ဖြစ်သည်။ အသွင်သဏ္ဌာန်ကို ကြည့်ခြင်းအားဖြင့် လှပသော်လည်း အန္တရာယ်ပေးနိုင်၏။ ယင်းသည် ပြင်းထန်သော အဆိပ်တမျိုးကို ထုတ်လုပ်နိုင်သည်။ အင်းဒီးယန်းလူမျိုးများက ယင်း၏အဆိပ်ကို မြှားဆိပ်အဖြစ် အသုံးပြုကြသဖြင့် မြှားဆိပ်ဖါးဟု အမည်တွင်သည်။ ဖါးငယ်တကောင်၏ ကိုယ်မှပင် မြှားအစင်း ၅၀ ခန့်အတွက် လုံလောက်သော အဆိပ်ရနိုင်သည်။ ဖါးကို မီးဖုတ်ခြင်းဖြင့် အဆိပ်ကို ထုတ်ယူရရှိသည်။



ပိုးဖလံတစသို့ မရောက်သေးမီ ခူကောင် (ပေါက်ဖတ်) ဘဝ၌ရှိစဉ် တကောင်နောက် တကောင်လိုက်ကာ စီတန်း လမ်းလျှောက်လေ့ရှိသော ခူကောင်တမျိုးရှိသည်။ ယင်းတို့သည် ကြီးမားသော အသိုက်အအုံတခုကို ဆောက်လုပ်ပြီး အတူတကွ နေထိုင်ကြသည်။ အစာရှာရာတွင်လည်း အတူတကွ ရှာဖွေကြသည်။



ဗြိတိန်နိုင်ငံတွင် တွေ့ရသော လိပ်ပြာတမျိုးဖြစ်သည်။ အတောင်နှစ်ဖက်ပေါ်တွင် တွေ့ရသော ပုံသဏ္ဌာန်များမှာ ၁၈ ရာစုခန့်က ဗြိတိန်နိုင်ငံ၌ ပေါ်ပေါက်ခဲ့ဘူးသော မာသာရှစ်တန်အမည်ရှိ စုန်းမ၏ ဦးခေါင်းကို ဘေးတိုက်မြင်ရပုံနှင့် ဆင်တူသောကြောင့် ယင်းကို မာသာရှစ်တန်လိပ်ပြာ ဟူ၍ ခေါ်ဝေါ်ကြသည်။



အပူပိုင်းနိုင်ငံများတွင် တွေ့ရတတ်သော ကြံပိုးခေါ် ပိုးတောင်မာတမျိုးဖြစ်သည်။ ဟာကျူလီပိုးမျိုးနှင့် ဆင်ဆင်တူသည်။ အသွင်အပြင်အားဖြင့် ကြောက်စရာကောင်းသည်ဟု ထင်ရသော်လည်း မည်သို့မျှအန္တရာယ်မပေးနိုင်ပေ။ အထီးများတွင်သာ ဦးချိုပါပြီး၊ ယင်းဦးချိုမှာလည်း မည်သို့မျှ အသုံးမကျပေ။



ပုရွက်ဆိတ်နှင့် ပိုးမွှားများကို စားပြီး အသက်ရှင် နေထိုင်သော သတ္တဝါတမျိုးမှာ သင်းခွေချပ်ဖြစ်သည်။ ယင်း၏ ထူးခြားချက်မှာ အစာကို ဖမ်းယူစားသောက်စဉ် ကျောက်စရစ်ခဲကလေးများကိုပါ ရော၍ မျိုချခြင်းဖြစ်၏။ ယင်းတွင် ကိုက်ဖြတ် ဝါးချေရန် သွားများလုံးဝမရှိခြင်းကြောင့် ဝမ်းပိုက်ထဲ၌ အစာကျေစေရန် ကျောက်စရစ်ခဲကလေးများကိုပါ မျိုချရခြင်းဖြစ်သည်။ ပုရွက်စားကောင်ကဲ့သို့ပင် ယင်း၏ စေးကပ်သော လျှာဖြင့် ပိုးမွှားများကို ဖမ်းယူစားသောက်သည်။



အာဖရိကတိုက်တွင် တွေ့ရသော ယင်တမျိုးဖြစ်သည်။ အာရှတိုက်နှင့် အမေရိကတိုက်တွင်လည်း တခါတရံတွေ့ရသည်။ ယင်း၏ ထူးခြားချက်မှာ ဦးခေါင်းဘေးတဖက်တချက်သို့ ကားထွက်သော အတံတခုစီပေါ်၌ မျက်လုံးတလုံးစီရှိနေခြင်းပင်ဖြစ်၏။ ရေကန်များအနီးတွင် နေထိုင်ပြီး အပင်နှင့် တိရစ္ဆာန် အသေကောင် အဆွေးအမြည့်များကို စားသောက်သည်။



ကိုယ်ထည်နှင့် နှိုင်းစာလျှင် ခြေထောက်များမှာ ကြီးမားလွန်းလှသည်။ ကြာဖက်နင်းငှက်ဟု ခေါ်သည်။ ကြာဖက်များပေါ်တွင် နင်း၍ လျှောက်သွားနိုင်ရန် သဘာဝက ဖန်တီးပေးထားပေသည်။ အတောင်တဖက်စီပေါ်၌လည်း ထူးခြားသော ဆူးတက်ချွန်တခုစီပါရှိ၏။ တကောင်နှင့်တကောင် တိုက်ခိုက်စဉ် ယင်းအတက်များကို အသုံးပြုဟန် တူသည်ဟု ယူဆရပေသည်။




ဘယ်လိုကားမျိုးလဲဆိုတာ မင်းသိသလား။
ထိုအချိန်တွင်


ဟား-ဟား-တော်ပါသေးရဲ့။ လူဆိုးကြီးကား မီးနီနဲ့ တိုးနေလို့၊ နောက်ကျကျန်ရစ်ခဲ့ပြီ။
အလို-ဟိုမှာ ခွေးလုံးပါးလား။ ငါ့ကို ပြေးလိုက်လာတာနဲ့ တူတယ်၊ ဒေါ်လီ ကားကြီး ဖြေးဖြေး မောင်းနေတုန်း၊ ဆင်းလိုက်မယ်၊ ဟိုလူဆိုးတွေ တွေ့မှာ မဟုတ်ဘူး။
အလို-ဆန်လှိုဒေါင်ဝင်းနားရောက်နေပါကလား။ မထူးတော့ပါဘူးလေ၊ ဆန်လှိုဒေါင်ဝင်းထဲရောက်မှကို ကြားလမ်းတွေ ဖြတ်ပြီး၊ အိမ်ကို ပြန်တာကောင်း ပါတယ်။ ဒီလမ်းတွေ ငါသွားနေကျကွ။
အင်း-ခုမှပဲ စိတ်အေးရတော့တယ်။ လူဆိုးတွေ ရောက်မလာခင်၊ မြန်မြန် ဆင်းပြီး လစ်မှပဲ-ဟဲ-ဟဲ...
ဟေ့ ကောင်လေး မပြေးနဲ့-
အမယ်မယ် လေးဗျာ-

ဆက်ရန်



အခရော့ပိုလစ် တောင်ပေါ်ရှိ ပါသီနန်ဘုရားကျောင်းကို ဂရိ ဥာဏ်တော်ရှင်ဘုရားမ "ပါသီနိုး"အား ရည်စူး၍ ဘီစီ ၅ ရာစု အလယ်လောက်က ဆောက်လုပ်ခဲ့သည်။ မူလ အကျယ် အဝန်းမှာ အလျား ၂၂၈ ပေ၊ အနံ ၁၀၁ ပေနှင့် အမြင့်ပေ ၆၀ ဖြစ်သည်။ ကျောက်သားဖြင့် ဆောက်လုပ်ထားပြီး ရွှေနှင့်ကြေးနီကို အနားကွပ်တန်းဆာ ဆင်ထားသည်။ ပတ်လည်တွင် အမြင့် ၃၄ ပေရှိ ကျောက်တိုင်ပေါင်း ၄၆ တိုင်ရှိသည်။ အတွင်း၌လည်း အရှေ့ခြောက်တိုင် အနောက်ခြောက်တိုင် ရှိသေးသည်။ ယခုအခါ ထိုဘုရားကျောင်းကြီးမှာ များစွာ ပျက်စီးနေပြီဖြစ်သော်လည်း ရှေးဂရိလူမျိုးတို့၏ အကောင်းဆုံး အတိကျဆုံး ဗိသုကာလက်ရာအဖြစ် သက်သေထူလျက် ရှိပေသည်။


ပုံစံရေးဆွဲသူ ဗိသုကာများမှာ အစ်တိုင်းနပ်နှင့် ကယ်လစ်ကရားတီးတို့ ဖြစ်သည်။ ဆောက်လုပ်ရေးတာဝန်ခံမှာ ဖစ်ဒီးယပ်ဖြစ်၍ သူ၏ တပည့်ပေါင်း အမြောက်အမြားက ကူညီခဲ့သည်။ ဘီစီ ၄၄၇ တွင် စတင် ဆောက်လုပ်ရာ ဘီစီ ၄၃၂ (၁၅ နှစ်အကြာ)တွင် ပြီးစီးသည်။

ခေတ်အဆက်ဆက် အုပ်ချုပ်သူများ ပြောင်းလဲခဲ့ပြီး ၁၆၈၇ ခုနှစ်တွင် အုပ်ချုပ်သူ ဗီနီသျှန်လူမျိုးတို့က ပါသီနန်ကို ခဲယမ်းမီးကျောက်သိုလှောင်ရန် အသုံးပြုခဲ့ရာမှ အဆောက်အအုံမှာ မီးလောင်ပေါက်ကွဲ ပျက်စီးခဲ့ရ၏။ ထို့ကြောင့် ယခုအခါ ကျောက်တိုင်ကြီးများနှင့် ပန်းပုလက်ရာ အချို့လောက်သာ ကျန်တော့သည်။


မျိုးညွန့် (ရန်ကုန် တက္ကသိုလ်)


## ပါသီနန်ဘုရားကျောင်း

# နာရီလက်ဆောင်





ပုံများကို စက္ကူခပ်ထူထူတွင် ကပ်ပြီး အစက်ပြထားသည့် အတိုင်းဖြတ်ပါ။ လက်ပတ်ကြိုး အမှတ် (၁) ၏ ညာဘက်စွန်းကို အမှတ် (၂) ၏ အနက်ရောင် ခြယ်ထားသော နေရာတွင် ကပ်ပါ။ လက်ပတ်ကြိုးကို ညာဘက်ရှိ ပုံအတိုင်း တပ်ဆင်ပါ။ လှပသော နာရီလေး ရပါလိမ့်မည်။





# ဘကြီးအေးနှင့်အရုပ်ကလေး

မောင်ဝင်းလှိုင် (ရေနံ)



ဘကြီးအေးသည် မောင်ဝင်းတို့ မြို့တွင် အလွန် နာမည်ကြီးသော ပန်းပုဆရာကြီးတဦး ဖြစ်၏။ သူ တုလုပ်သော အရုပ်များသည် လက်ရာ အလွန်ကောင်းသဖြင့် လူကြီးရော ကလေးပါ ကြိုက်ကြ၏။ ထိုအထဲတွင် မောင်ဝင်း၊ ကျော်အေး၊ တင်အေး၊ သောင်းညွန့်တို့ လူစုလည်း ပါဝင်လေသည်။

မောင်ဝင်းတို့သည်ကျောင်းအားချိန်တွင် ဘကြီးအေး၏ အိမ်သို့ အမြဲ ရောက်လေ့ ရှိကြသည်။ တနေ့တွင် ဘကြီးအေးသည် အလွန်လှပသော ဆင်ရုပ်ကလေးတရုပ်ကို ထုလုပ်နေ၏။ ထိုအရုပ်ကလေးကို မောင်ဝင်းတို့လူစု မြင်လိုက်ရာ အလွန် လိုချင်ကြ၏။

"ဒီမယ်ဘကြီး၊ ဒီအရုပ်လေး ကျွန်တော်တို့ကို ပေးပါလား" ဟု မောင်ဝင်းက ဆိုလိုက်၏။

ဘကြီးအေးသည် သူ့အလုပ်ကို ခေတ္တမျှရပ်နားကာ –

"အေး–မင်းတို့ လိုချင်ယင်တော့ မင်းတို့အိမ်ကပစ္စည်းတခုခုနဲ့ လဲမယ်" ဟု ပြောလေ၏။

"ကောင်းပါပြီ" ဟု မောင်ဝင်းတို့က ပြိုင်တူဆိုကြကာ မိမိတို့အိမ်သို့ပြန်လာကြလေသည်။

မောင်ဝင်းသည် အိမ်သို့ပြန်ရောက်လျှင် ထိုအရုပ်ကလေးကိုသာ ရယူလိုသဖြင့် အမျိုးမျိုး တွေးနေမိ၏။ အိမ်မှ ပစ္စည်းကို မည်သို့ ယူရပါမည်နည်းဟု တယောက်တည်း စဉ်းစားနေ၏။ ထိုသို့စဉ်းစားနေစဉ်အိမ်နောက်ဖေးဘက်မှ –

"ဟဲ့သား–ထမင်း စားမယ်လေ" ဟု ခေါ်လိုက်သော အမေ့အသံကိုပင် မကြားမိပေ။ သူ့အမေက ဒုတိယ အကြိမ် ခေါ်ပြန်၏။ မောင်ဝင်းမှာ စဉ်းစားနေဆဲပင် –

"ဒီကောင်လေး ဘာဖြစ်နေတာတုန်း၊ ခေါ်တာမကြားဘူးလား" ဟုထပ်မံအော်ပြောလိုက်မှ မောင်ဝင်းလည်း စဉ်းစားခန်းကို ဖြတ်ကာ –

"လာပါပြီ မေမေ" ဟု ပြန်ထူးပြီး၊ နောက်ဖေးဖက်သို့ ဝင်လာ၏။ ထမင်း ကိုလည်း စားချင် စိတ် မရှိပါ။ မေမေ့ကို ကြောက်၍သာ သွားရလေသည်။

ထို့နောက် မောင်ဝင်းသည် တညနေလုံး ထိုအရုပ် အကြောင်းကိုသာ စဉ်းစားနေ၏။ ညဖက် ရောက်၍ အိပ်ရာဝင်ချိန်၌လည်း တွေးနေပြန်၏။ အိမ်မှ ပစ္စည်းကိုလည်း မယူဝံ့။ ထိုည တညလုံး မောင်ဝင်းမှာ အိပ်၍ မပျော်ပေ။

နောက်နေ့တွင် ကျော်အေးတို့ လူစုက သူတို့အိမ်မှ ပစ္စည်းများကို လူကြီးများမသိအောင် ယူလာပြီး ဘကြီးအေးထံ ပို့ကြသည်ဟု သိရ၏။ မောင်ဝင်းမှာမူ ကြောက်၍ နေဆဲပင် ဖြစ်သည်။

"ဟယ်–ဒီအရုပ် ငါနဲ့မတန်ယင်မယူတော့ပါဘူး" ဟုဆိုကာ ဘကြီးအေး၏အိမ်သို့ ထွက်လာ

လေသည်။ သူ့လက်ထဲတွင် ဘာပစ္စည်းမျှ မပါလာချေ။

ဘကြီးအေး၏ အိမ်ပေါ်တွင် အခြားသူငယ်ချင်းများ ပစ္စည်းကိုယ်စီဖြင့် ရောက်နှင့်နေကြသည်ကို အဝေးမှလှမ်း၍မြင်ရလေသည်။ ထို့နောက် မောင်ဝင်း ရောက်သွားသော အခါ ဘကြီးအေးက လှမ်း၍ –

"ဟေ့–မောင်ဝင်း၊လာလာ၊ မင်းကော ဘာယူလာခဲ့သေးသလဲ။ မင်းသူငယ်ချင်းတွေတော့ ငါမှာတဲ့အတိုင်း ပစ္စည်းတွေ ယူလာကြတယ်ကွဲ့။"

"ဟင် – မင်း လက်ထဲမှာ ဘာမှမပါပါလား။ ဘာကြောင့် မယူလာတာလဲ။ မင်း ဒီအရုပ်လေးကို မလိုချင်ဘူးလား" ဟု မေးလိုက်ရာ –

"ဘကြီးရာ – ဘကြီး ပြောသလို ကျွန်တော် ယူလာရမှာ သိပ်ကြောက်တယ်။ တခါမှလဲ ဒီလိုမယူဘူးဘူး။ ဒီအရုပ် မရလဲ နေပါစေတော့"ဟုပြန်ဖြေလိုက်၏။

ဘကြီးအေးသည် မောင်ဝင်း၏ စကားကိုကြားလျှင် အလွန်နှစ်သက်မိသည်။ထို့ကြောင့် မောင်ဝင်း၏ ရိုးသားမှုကို ချီးကျူးလို၍ ပစ္စည်းများ ယူလာကြသော ကျော်အေးတို့ လူစုအား –

"ကဲ – ငါ့မြေးတို့၊ လာကြအုံး။ ဘကြီး တခုပြောပြမယ်။ မကောင်းမှု ဆိုတာကို ဘယ်တော့မှ မလုပ်ကြရဘူး။ မင်းတို့ ယူလာတဲ့ ဒီပစ္စည်းတွေဟာ အိမ်က လူကြီးတွေ မသိဘဲ ယူလာကြတာ မဟုတ်လား။ ခိုးတယ်ဆိုတာကို ငါမကြိုက်ဘူး။ ဒါကြောင့် ဒီပစ္စည်းတွေကို မင်းတို့အိမ်မှာ ပြန်ထားလိုက်ကြ" ဟု ဆိုကာ ဆုံးမလိုက်လေ၏။

ဘကြီးအေးသည် ကွမ်းအစ်ကို လှမ်းယူရင်း ဆက်၍ –

"မောင်ဝင်းကို ကြည့်၊ သူဟာ ရိုးသားတယ်။ အိမ်က ပစ္စည်းကို မယူလာဘူး။ကောင်းတဲ့အကျင့် သူ့မှာရှိတယ်။ ဒါကြောင့် ဘကြီးက သူ့ကိုဘဲ ဒီအရုပ်လေးကို ပေးလိုက်မယ်။ ဘကြီး မင်းတို့အတွက် နောက်တခါ ဒီထက်လှတဲ့ အရုပ်တွေ အများကြီး ထုပေးမယ်နော်။ မင်းတို့လေးတွေ ရိုးသားကြပါကွယ်။

"ကဲကဲ–မင်းတို့ အိမ်တွေက မျှော်လှတော့မယ်၊ ပြန်ကြ ပြန်ကြ" ဟု ဆိုပြီး မောင်ဝင်းအား အရုပ်လေးကို လှမ်းပေးလိုက်လေ၏။

မောင်ဝင်းလည်း အရုပ်ကို လှမ်းယူပြီး –

"ကျေးဇူး တင်ပါတယ် ဘကြီးရာ၊ ဘကြီးကို ဘယ်တော့မှ မမေ့ပါဘူး" ဟု ဆိုလေ၏။

ဤသို့ဖြင့် မောင်ဝင်းသည် ရိုးသားသော ဂုဏ်ကြောင့် သူလိုချင်လှသော ဆင်ရုပ်လေးကို ရရှိလိုက်လေသည်။

## မေ့သားပန်းချီဆရာ

ခဲတံရောင်စုံ အညီထားလို့၊
ပန်းချီကားများ ဆွဲချင်တယ်။
စာရွက်ပေါ် ဝယ်
အာရုံစိုက်ပေါ့၊
ဘာပုံကြိုက်သလဲ
သားမျက်ခြယ်။
အစိမ်းအပြာ ခြယ်ကာနှောလို့၊
လယ်ယာတောပုံ ဆွဲချင်တယ်။
နက်ညိုအရောင် ဘက်စုံပြီးတဲ့၊
စက်ရုံကြီးလဲ ဆွဲချင်တယ်။
တိုက်တာအိမ်ခြေ
တည်ကာသုံးတော့၊
ပြည်ရွာအားလုံး ရောင်စုံခြယ်။
ခဲတံအဝါ ရွှေရည်ထားလို့၊
စေတီဘုရားလဲ ဆွဲချင်တယ်။
မေ့သား ကြီးလာ
ပန်းချီဆရာဖြစ်တော့၊
ပြည်ရွာသစ်ကို လှအောင်ခြယ်။
ဆွဲမယ် – ဆွဲမယ်။ ။

တောသားကြီး မြသိန်းအောင်



R. 517

# မဥ္ဇူပန်း



ညနေ လေးနာရီခန့်တွင် ပွင့်သဖြင့် မဥ္ဇူပန်းကို လေးနာရီပန်းဟုလည်းခေါ်သည်။ အပွင့်သည် ကြာကြာမခံ၊ နောက်တနေ့နံနက်တွင် ငုံသွားသည်။ အနံ့သင်း၍ နူးညံ့သော မဥ္ဇူပန်းပွင့်၏သဏ္ဌာန်မှာ အော်လံပုံနှင့်တူသည်။ အော်လံ၏ထိပ်ဝတွင် အဖိုက်ငါးခုရှိ၍ အော်လံ၏အဝမှ ဝတ်ဆံများ ပြူထွက်နေကြသည်။ အပွင့်များ၏ အရောင်မှာ အနီ၊ အဝါ၊ အဖြူ၊ ခရမ်းနှင့် အရောင်စပ်၊ အရောင်ကျားများလည်း ရှိသည်။ တပွင့်ချင်းဖြင့် တပင်လုံးဝေဝေဆာဆာ ဖူးပွင့်လေသည်။ အပွင့်၏ အရွယ်မှာ လက်မဝက်သာသာမျှရှိ၍ တနှစ်လုံးလိုလို အပွင့်မပြတ်လှချေ။





မဥ္ဇူပင်သည် နှစ်ပေ သုံးပေခန့်သာ မြင့်သော အပင်ပျော့ အပင်ငယ်မျိုး ဖြစ်သည်။ အမြစ်များ၌ ဥရှိသည်။ အပင်တပင် ဖြစ်ထွန်းမိလျှင် နောင်အခါ မျိုးပြတ်အောင်ဖျက်ဆီးရန်မလွယ်လှချေ။ ဥကြွင်း ဥကျန်များမှ အပင်သစ်များ ပြန်၍ပြန်၍ ပေါက်နိုင်သည်။ အစေ့ပျိုး၍လည်း စိုက်နိုင်သည်။ အစေ့သည် ငရုတ်ကောင်းစေ့နှင့် အလွန်တူသည်။ မဥ္ဇူရွက်တို့သည် ခပ်ပါးပါး ပျော့ပျော့ ဖြစ်သည်။ ညောင်ရွက်ပုံနှင့် ဆင်ဆင် တူသော်လည်း ထိပ်မချွန်လွန်းလှချေ။



မဥ္ဇူရွက်နှင့် ဥတို့သည် ဆေးဖက်ဝင်သည်ဟု ဆိုကြလေသည်။ သို့သော် ဥကို များများစားမိလျှင် အဆိပ်ဖြစ်တတ်သဖြင့် သတိထား သုံးရသည်။

ရိုးရိုးယဉ်ယဉ်နှင့် လှပသော မဥ္ဇူပန်း၏ နိုင်ငံခြားအမည်မှာ ပီရူးဂုဏ်ရောင်ဟူ၍ ဖြစ်သည်။ ပီရူးသည် တောင်အမေရိကတိုက်မှ နိုင်ငံတခုဖြစ်လေသည်။

## ခိုင်ပန်းစုံ

တင့်တင့်



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၄၊ အမှတ် ၄၂၊

# ရွှေသွေး ဂျာနယ်

## မိဘ လုပ်ကျွေးသူ

ဇာတ်လမ်း - ထွန်းမင်းထွန်း
သရုပ်ဖော် - ကဆု

၁၃၃၄-ခု၊ သီတင်းကျွတ်လဆန်း ၇-ရက် (၁၄-၁၀-၇၂)





မောင်မိတ္တ လမ်းမလျှောက်နိုင်၍ အနီးရှိ ယာတဲသို့သွားပြီး—
ကျွန်တော်တို့ကို တညလောက်တည်းခွင့် ပြုပါခင်ဗျာ
ယာ ရှင် လင် မယားသည် သူတို့တွင် ငွေပါမည်ကို အကဲခပ်မိ၍—
တည်းပါ၊ တည်းပါ ကြိုက်သလောက်တည်း နိုင်ပါတယ်
ကျေးဇူးတင် ပါတယ်ခင်ဗျာ
မောင်မိတ္တ၏အနာကို ဆေးထည့်ပြီးနောက်
ခေါ်- ခေါ်- ခေါ်- ခေါ်-
ထိုညဉ့်တွင် ညီအစ်ကိုနှစ်ဦးသည် ခရီးပန်း လာသဖြင့် အိပ်မောကျသွားကြလေ၏။
နံနက်လင်းသော် မောင်မိတ္တ၏ ခြေနာ သက်သာလာသဖြင့် ခရီးဆက်ခဲ့ကြ၏။
ဟုတ်ကဲ့
နေမပူခင် သုတ်သုတ်လျှောက် ညီလေး
ခရီးတထောက်နားခိုက် ပစ္စည်းများကို စစ်ဆေးသောအခါ....
ဟောဗျ- ကျွန်တော်တို့ ငွေထုပ်မရှိတော့ဘူး ဘယ်လိုလုပ်မလဲ
အေးကွာ၊ ရှေ့ကကျောက်တော့ သူကြီးကို ဝင်တိုင်ကြရတာပေါ့


ရွှေရွာရောက်သော် ရွာသူကြီးထံဝင်တိုင်ကြလေ၏။
ကောင်းပြီကွယ် စစ်ဆေးပေးမယ်
ရွာသူကြီးက ယာရှင် လင်မယားကို ခေါ်၍ စစ်ဆေးသောအခါ—
ကျွန်တော်တို့မခိုးပါဘူး သူတပါးပစ္စည်းကိုလဲ မတရားမယူတတ်ပါဘူး
မင်းတို့ကလဲ ငွေထုပ်ပျောက်တယ်ပြောတယ်၊ ယာရှင်လင်မယားကလဲ မခိုးဘူးပြောတယ်၊ သက်သက်အမှုရှုပ်အောင်လုပ်ကြတယ်၊ မင်းတို့လေးယောက်စလုံးကို ဒဏ်ပေးရမယ်
မင်းတို့လေးယောက်သလုံး ငါ့အမိန့်နဲ့ ဟောဒီကျွန်းသေတ္တာကြီးနှစ်လုံးကိုထမ်းပြီး-ရွာကိုးတပတ်လျှောက်ကြရမယ်
ကောင်းပါပြီခင်ဗျာ
ကျွန်းသေတ္တာကြီးမှာ လေးလွန်းလှသဖြင့်
အကိုရယ်-ကျွန်တော်တို့မှာ ငွေထုပ်လဲ အခိုးခံရသေးတယ်၊ ဒဏ်လဲ အပေးခံရသေးတယ်၊ ခြေလဲနာလှပြီ၊ ဆက်လဲမထမ်းနိုင်တော့ဘူး...
ညီလေးရာ၊ အမှန်တရားဆိုတာ မသေပါဘူး၊ ငွေထုပ်လဲ ပြန်ရမှာပါ၊ ရောက်လဲရောက်ခါနီးနေပါပြီ၊ အားမလျှော့ပါနဲ့ကွာ၊ ယောက်ျားဘဲ
ဟုတ်ကဲ့


လင်မယား နှစ်ယောက်မှာလည်း ကျွန်းသေတ္တာ ကြီးက လေးလွန်းလှသဖြင့်....
တော်ပါပြီတော်၊ မောလဲမော လှပြီ၊ ဒီငွေထုပ်လဲမလိုချင်တော့ဘူး၊ ကျမတော့ဆက်လဲမထမ်းနိုင် တော့ပါဘူး
ဟောဟဲ ဟောဟဲ
ဟာ-ရှင်မကလဲကွာ၊ ငွေတကဆိုတာ နည်းတာမှမဟုတ်ဘဲ၊ ဒို့ရှိနည်းနည်းလေး ထမ်းပြီးအပင်ပန်းခံလိုက်ပြီးယင်း၊ ဒီ ရတော့မှာဘဲ ဟာ၊ စိတ်မပျက်ပါနဲ့ ထမ်းပြီးကြိုးစားလိုက်ပါဦး---
ဟောဟဲ ဟောဟဲ
အားလုံး ပြန်ရောက်ကြသော်
တော်တော်လဲမောခဲ့ကြပြီနဲ့တူတယ်၊ ကဲ-အားလုံးနားထောင်ကြ၊ အမှုကိုအမှန်အတိုင်းဖြစ်အောင် ကျုပ်စီရင်တော့မယ်
ကိုင်း-ကျွန်းသေတ္တာကြီးနှစ်လုံးထဲက တပည့်နှစ်ယောက် ထွက်ခဲ့ကြတော့ ဟေ့---
ဟုတ်ကဲ့၊ ထွက်လာပါပြီခင်ဗျာ
ဟား - ဟင်း - ဟော - ဟယ်
အမှုကို နားထောင်နေကြသော ရွာသားများပါ အံ့အားသင့် သွား၏။
တပည့် နှစ်ယောက်က မိမိတို့ကြားသိခဲ့ကြသည့်အတိုင်း ရွာသူကြီးကို အစစ်ခံလိုက်ကြသောအခါ—
အဲဒီလိုပြောကြတာကြားရပါတယ် ခင်ဗျာ---
အိမ်း
ကျွတ်---
မိဘလုပ်ကျွေးသူ ညီအစ်ကိုနှစ်ဦးမှာ ငွေထုပ်ပြန်ရပြီး သူတပါးပစ္စည်းမတရားယူလိုသူ လင်မယားမှာ အပြစ်ဒဏ် ခံကြရလေသတည်း။


စွန့်စားခန်း
ဇာတ်လမ်း
သရုပ်ဖော်
ငါတို့လကကြီး မင်းပေးလို့ လွှတ်မယ်မှတ်သလား။
ဟဲ့မြန် ကိုအထုပ်-ပေးစမ်း-
ဟေ့-မလုံး-ဒီအထုပ်
ယူပြေးအိမ်ပြန်-
မလုံး-မလုံး-အိမ်ကိုပြန်-အိမ်ကိုပြန်---
ဟဲ-ခွေးစုတ်လေး-ဂုဏ်နာအထုပ်ယူပြေး
ပေးပြီ မြန်မြန်
လိုက်မှဘဲ၊
ဒါမှ ဒို့မလုံးကွ၊
သိပ်လိမ္မာတဲ့မလုံး
ပါကွ-


ဟေ့-ချာတိတ်-ဒီလိုကြီး ခဲတွေ ပေါက်နေတာလား။ ကျွန်ုပ်ရဲ့ ခြံထဲကို ပေါက်နေတာလား။
ကျ-ကျ-ကျနော်...
အင်း-ကြီးသမားကြီးကို ရှင်းပြနေမယ်ဆိုတော့ နားလည်နိုင်မှာ မဟုတ်ဘူး။
မင်းငါ့ကြီးနောက်ဖေးကို ခိုးတက်လာတယ်မှတ်လား။
မဟုတ်ပါဘူး-ကျနော်.. ဟိ-
ဟေ့-ဟေ့-ကာယဗလမရှိရင် မင်းကျွန်ုပ်ကိုသိလား။ မှတ်မှတ်ထားစမ်း။
ကျနော်ကြွမှမလုပ်ပါဘူး- ကျနော်ကိုလွှတ်ပါဗျ- လွှတ်ပါဗျ
ဒီမှာဗျာ ဒီမှာ-အဲဒီကလေးလေးကို၊ ထမ်းထားပေးပါ။



ဆက်ရန်

# ထူးဆန်းသော သတ္တဝါများ

ရဲမြင့်/စံတိုး



ရှိခိုးကောင် (မောင်းထောင်းကောင်)သည် ရှေ့လက်နှစ်ဖက်ဖြင့် လက်အုပ်ချီရှိခိုးဟန် ပြု၍ နားနေတတ်သည်။ အမှန်မူ ယင်းကို ရှိခိုးကောင်ဟု မခေါ်သင့်ပေ။ အမဲလိုက်မုဆိုးဟု သာခေါ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် တွေ့သမျှပိုးမွှားများကို တိုက်ခိုက်သတ်ဖြတ် စားသောက်လေ့ ရှိခြင်းကြောင့် ဖြစ်သည်။ ရှိခိုးကောင်အမများသည် ရှိခိုးကောင်အထီးများ ကိုပင် တိုက်ခိုက်သတ်ဖြတ်စားသောက်တတ်သည်။ တခါတရံအချို့ ရှိခိုးကောင်များသည် ကိုယ့် အသားကိုပင် ကိုက်ဖြတ်စားသောက်ရင်း သေဆုံးသွားတတ်သည်။

ရှေးခေတ် ဂရိလူမျိုးတို့က ရှိခိုးကောင်တွင် တန်ခိုးရှိသည်ဟု ယူဆခဲ့ကြသည်။ တူရကီ နှင့် အာရပ်တို့ကမူ ရှိခိုးကောင်သည် မက္ကာမြို့ဖက်သို့ အမြဲမျက်နှာမူ၍ ရှိခိုးသည်ဟုဆိုကြသည်။ ရှိခိုးကောင်၏ အလျားမှာ လေးလက်မခန့် ရှိသည်။

ရွံ့နွံထူထပ်သော ရေငန်ချောင်းကမ်းစပ်များနှင့် ရေအိုင်များတွင်တွေ့ရတတ်သည့် ငပုံ ခေါ် ငါးကလေးတမျိုးဖြစ်သည်။ လက်သဏ္ဌာန်ရေယက်များဖြင့် တွယ်တက်နိုင်စွမ်းရှိသဖြင့် တ ခါတရံ ကုန်းပေါ်သို့တက်နေတတ်သည်။ ယင်းသည် ရေထဲတွင် အသက်ရှူနိုင်ရုံမက လေထဲတွင် လည်း အသက်ရှူနိုင်သည်။ ရွံ့နွံအတွင်း တွေ့ရတတ်သော ပိုးမွှားသတ္တဝါကလေးများကို စား သောက်၍ အသက်ရှင်နေထိုင်သည်။





တောင်အမေရိကတိုက်တွင် တွေ့ရသော ဓားရှည်ကဲ့သို့ နှုတ်သီးရှိသည့် ပိတုန်းငှက်တမျိုးဖြစ်သည်။ နှုတ်သီးသည် ခေါင်းနှင့်ကိုယ်ထည် အလျားထက်ပင် ပို၍ရှည်သေးသည်။ ပန်းပွင့်များအတွင်းမှ ဝတ်ရည်ကို ယင်းနှုတ်သီးရှည်ဖြင့် ထိုးနှိုက်စုတ်ယူနိုင်သည်။ နံနက်အရုဏ်ဦးနှင့် ညနေဆည်းဆာအချိန်များတွင် အစာရှာများသည်။ ယင်းတို့သည် ပန်းများ မျိုးဆက်ပြန့်ပွားရန်များစွာ အထောက် အကူပြုသည်။



ဩစတြေးလျတိုက်တွင် တွေ့ရသော သားပိုက်ကြွက်တမျိုးဖြစ်သည်။ မြေကြွက်နှင့် ဆင်တူ၍ နှုတ်သီးပို၍ချွန်သည်။ သွေးဆာသော သားစားသတ္တဝါ ဖြစ်၍ ပိုးမွှားတိရစ္ဆာန်များကို ဖမ်းယူ စားသောက်သည်။ အစားလည်းကြီးသည်။ ထူးခြားချက်မှာ မျက်နှာကြက်များပေါ်၌ တွယ်ကပ်၍ပြေးလွှားနိုင်စွမ်းရှိသည်။





အသွင်အားဖြင့် အိမ်ထောင်ပရိဘောဂပစ္စည်းတခုနှင့်တူသည်။ သစ်ကုလားအုပ်လည်တိုင် ဆင်ပိုးဟုခေါ်၍ လည်ပင်းရှည် ပိုးတောင်မာ တမျိုးဖြစ်သည်။ အရာဝတ္ထုများနှင့် လူတို့၏ အစားအစာများကို ထိုးဖောက်တတ်သည်။ အဖိုများက အစာအတွက် အပေါက်ဖောက်ကြပြီး၊ အမများက ဥအုရန် ဖောက်ကြသည်။ ယင်းတို့၏ ဦးခေါင်းမှာ ရှည်မျောမျော ဖြစ်၍ သန်မာသော သွားများရှိသည်။

ပုရစ်မျိုးပေါင်း များစွာရှိသည့် အနက်ဤပုရစ်မျိုးမှာ အသွင်ထူးဆန်းလှသည်။ ဆူးများရှိခြင်းကြောင့် ဆူးပုရစ်ဟု ခေါ်ကြသည်။ အာဖရိကတိုက်တွင် တွေ့နိုင်သည်။ သစ်ပင်များပေါ်တွင် အနေများသဖြင့် သစ်တက်ပုရစ်ဟု လည်းခေါ်နိုင်သည်။ သစ်ကိုင်း သစ်ခက်များပေါ်၌ နားနေလျှင် တွေ့မြင်ရန် မလွယ်ကူပေ။




ဦးလေးသိုးရဲ့အိမ်
ရေးဆွဲသူ ကာတွန်း မြေဖြူ —
ဦးလေးသိုးသည် အိမ်တလုံးဆောက်ဖို့ စဉ်းစား နေလေသည်။
ထိုအချိန်တွင် ဦးဝက်ရောက်လာပြီး –
ခင်များ အိမ်ကို ကျုပ်ကူဆောက် ပေးပါ့ရစေ
နေပါစေ နေပါစေ
ကျုပ်အား ကျုပ်ကိုးတယ် ကျေးဇူးဘဲ –
တဖန် ဖိုးရွှေယုန်ရောက်လာပြန်၍ –
ဦးလေးသိုး အိမ်ဆောက် မလို့ဆို – ကျနော်ကူပါ့ရစေ
ကျနော့်သွားဟာ သစ်တွေဝါးတွေ ဖြတ်ဖို့အသုံး ဝင်ပါတယ်ဗျ
နေပါစေ နေပါစေ - ငါ့ဖါသာ ငါဆောက်မလို့


ဦးလေးသိုး ငြိမ်းနေစဉ် ခင်မောင်ဘဲ ရောက်လာပြန်လေသည်။
ဦးလေးသိုးရဲ့ အိမ်ကို ကျွန်တော်ကူဆောက် ပေးပါရစေ-
ကျွန်တော့်ရဲ့ နှုတ်သီးတွေနဲ့ ဘိလပ်မြေကို ဖျော်ပေးနိုင်ပါတယ်
နေပါစေ - နေပါစေ ဒါလောက်တော့ ငါလုပ်တတ်ပါတယ်
ထိုအချိန်တွင် ဖလပ်ဖလပ်နှင့် ဖိုးကြက်ဖ ရောက်လာ၏။
ဦးလေးသိုး အိမ်ဆောက်ယင် ကျွန်တော်တခု ကူချင်တယ်—
အချိန်မှန်မှန် အလုပ်လုပ်နိုင်အောင်ကျွန်တော်က အချိန်သတ်မှတ်ပေးမယ်
ဟား- ဟား-ဟား ငါသာလျှင်ပဓါန ပါကွာ- ငါ့အလုပ်ချိန် ငါ့ဖါငါကန့်သတ် နိုင်ပါတယ်ကွ
ဦးလေးသိုးသည် ကိုယ့်အားကိုယ်ကိုးမည် ဆိုပြီး ကိုယ့်ဖာသာကိုယ် အိမ်ဆောက်တော့၏။
သို့သော် ဤမျှ ကြီးမားသည့် အလုပ်ကို သူတယောက်တည်းလုပ်၍ ဘယ်နိုင်ပါ့မလဲ။
အမလေး ပင်ပန်းလိုက်တာ ဟောဟဲ-ဟောဟဲ


ဦးလေးသိုး၏ လှုပ်ရှားမှုကို မိတ်ဆွေ လေးဦး က စောင့်ကြည့်နေလေသည်။
ဟားဟား မနိုင်ဘဲနဲ့ လုပ်ချင်တဲ့ ငနဲတွေ - ဒီအိမ် ရှေ့ကြကွ -
နောက်ဆုံး၌ ဦးလေးသိုးသည် အပေါင်းအဖော်တွေကို အကူညီတောင်းရလေတော့၏။
ငါ့ကို ကူကြပါကွာ - ငါတယောက်ထဲ မနိုင်တော့ဘူး
မိတ်ဆွေ လေးဦးလည်း သူ့တာဝန်ကိုယ့်တာဝန်ခွဲပြီး တက်ညီလက်ညီနှင့် ပိုင်းလုပ်ကြရာ....
နှစ်ရက်ထဲ ကြာလိုက်ပြီး လှပခန့်ညားသည့် အိမ်လေးတလုံး ပြီးသွားလေ၏။
သည်တော့မှ ဦးလေးသိုးကြီးလည်း အသိတရားများ တိုးပြီး ....
ကျုပ်တို့ကိုယ်ကျုပ် အထင်ကြီးပြီး စုပေါင်းအားကို ပစ်ပယ်မိတာ ခွင့်လွှတ်ကြပါနော်

# ပင်လယ်သေ


ဂျော်ဒန်နှင့် အစ္စရေး နယ်ခြားရှိ ဆားငန်ကန်ကြီးကို ပင်လယ်သေဟု ခေါ်သည်။ ပင်လယ်သေသည် ၄၅ မိုင် ရှည်ပြီး ၁၀ မိုင် ကျယ်သည်။ ပင်လယ်ရေမျက်နှာပြင်အောက် ပေ ၁၃၀၀ နီးပါးနိမ့်သည်။ ရေအနက်မှာ အချို့နေရာများ၌ ပေ ၁၃၀၀ ကျော်သည်။ ပင်လယ်သေထဲသို့ ဂျော်ဒန်မြစ်၊ ဇာကူမြစ်၊ အာနွန်မြစ်တို့ စီးဝင်သည်။


ပင်လယ်သေရှိ ဆားငန်ရေ အချိုးအစားသည် သာမန်ပင်လယ်ထက် ခြောက်ဆ ပိုသဖြင့် အပင်ငယ်များမပေါက်နိုင်ပေ။ သို့သော် ပင်လယ်သေ၏ဆားငန်ဓာတ်သည် အချို့သော ရောဂါဝေဒနာများကို ပျောက်ကင်းစေနိုင်သောကြောင့် ပင်လယ်သေကမ်းခြေရှိ ကယ်လိယမြို့တွင် ဗဟို ကျန်းမာရေးဌာနတခု ဖွင့်လှစ်ထားလေသည်။


ပင်လယ်သေတွင် ငါးမရှိပေ။ ရေပြင်မှထွက်သော ဓာတ်ငွေ့များ၏ အနံ့မှာလည်း အလွန်ပုပ်စော်နံသည်။ ထိုရေထဲမှ ပိုတက်၊ ဗရိုမိုက်နှင့် အခြား ဓာတ်သတ္တုများ ထုတ်ယူရရှိသည်။

ဤနေရာ တပိုက်သည် ရှေးက ဆိုဒမ်နှင့်ဂိုမော်ရာ မြို့ကြီးနှစ်မြို့၏ တည်နေရာဖြစ်ခဲ့ပြီး၊ ပင်လယ်သေကို ''ဆားပင်လယ်''ဟု သမ္မာကျမ်း၌ဆိုသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)





# တာဝန်ဆိုတာ

တင့်ရှုး (ဓေယျဝတီ)

ကျွန်တော်သည် အဋ္ဌမတန်း ကျောင်း သား ဖြစ် ပါ သည်။ ကျွန်တော့် အစ်ကိုလည်း ကျွန်တော် နှင့် အတူ တ ကျောင်း တည်း တ တန်း တည်း ဖြစ် ပါ သည်။

သို့ သော် ကျွန် တော် နှင့် ကျွန်တော့်အစ်ကိုမှာ မတူသော ခြားနားချက်တွေရှိနေပါသည်။ ကျွန်တော်က စာပေဘက်တွင် အပတ်တကုတ် ကြိုးစားသူ ဖြစ်၍ အပျော် အပါးဖြင့် အချိန် မကုန်တတ်ပါ။ အစ်ကိုကတော့ ကျွန်တော်ကဲ့သို့ မဟုတ်ပါ။ အပေါင်း အသင်းများဖြင့် ပေါး လား ဝါးလား နေတတ်ပြီး စာကို ဟုတ်တိ ပတ်တိ ကြိုးစားလိုသူ မဟုတ်ပါ။

နှစ်စမှ စ၍ ကျွန်တော် အတန်း ခေါင်းဆောင်အဖြစ် တာဝန် ယူရပါသည်။

တနေ့တွင် ကျွန် တော် တို့ အတန်းထဲမှ ကျောင်းသူ အချို့၏ စာအုပ်ဘိုးငွေများ ပျောက်ဆုံးပါသည်။ ကျွန်တော်လည်း တာဝန်အရ မေးမြန်း ရှာဖွေရာ အချည်းနှီးသာ ဖြစ်ခဲ့ရပါသည်။

နောက်တလခန့်အကြာတွင် မောင်မောင်၏ လွယ်အိတ်ထဲမှ စာ အုပ် ဘိုး ငွေ ဆယ့်ငါးကျပ် ပျောက်ဆုံးပြန်ပါသည်။ ဤတကြိမ်တွင်မူ ကျောင်းအုပ် ဆရာကြီး၏ ဆူပူ ကြိမ်းမောင်းခြင်းကို ခံကြရပြီး၊ အခြား အတန်းသား များ ကပါ ကျွန်တော်တို့ အတန်းကို သူခိုးတန်းဟု ကင်ပွန်း တပ်ကြပါတော့သည်။

ကျွန်တော်လည်း သူခိုးကို မိအောင်ဖမ်းရန် ဆုံးဖြတ်လိုက်တော့ပါသည်။

တ နေ့ တွင် ကျောင်းသားများ စုဝေးခန်းမသို့ သွားနေခိုက်တွင် ကျွန်တော်လိုက်မသွားပဲ ကျွန်တော်၏ အတန်းဘေးရှိ အခန်းတနေရာမှ ပုန်းကွယ်ကာ အခြေအနေကို ချောင်းမြောင်း အကဲ ခပ်နေခဲ့ပါသည်။ ထိုစဉ် အတန်းထဲ၌ ခြေသံကြားသဖြင့် ကြည့် လိုက် သော အခါ ကျွန်တော်၏ အစ်ကိုသည် အတန်းတွင်း ရှိ ကျောင်း သူ များ ၏ လွယ်အိတ်များကို မွှေနှောက်ရှာဖွေ နေသည်ကို တအံ့တသြ တွေ့မြင်ရပါသည်။

ဒေါသဖြစ်ခြင်းနှင့် ရှက်စိတ်များသည် ကျွန်တော်၏ စိတ်တွင် တဖွားဖွား ပေါ်ထွက်လာပါသည်။

ကျွန်တော်လည်း ပုန်းကွယ်နေရာမှ အတန်းတွင်းသို့ ခြေဖော့နင်း ဝင် ရောက် သွား ပြီးလျှင် ကျွန်တော်၏ အစ်ကိုအား ရုတ်တရက် မေးလိုက်ပါသည်။

"ဘာလုပ်နေတာလဲ အကို"

အစ်ကိုသည် နေရာတွင် ရပ်တန့်သွားပြီး–

"အကို ပျင်း – ပျင်းတာနဲ့ စုဝေးခန်းကို မသွားဘဲ ပုန်းနေတာပါကွာ"

"မလိမ်ချင် စမ်းပါနဲ့ အကိုရာ၊ အကို ဘာတွေလုပ်နေတယ်ဆိုတာ ကျွန်တော် အားလုံးမြင်ပြီးပါပြီ။ အကို ဒီလို လုပ်တာ ဘယ်ကောင်းမလဲ။ ကျွန်တော်

တို့ တတန်းလုံး နာမယ် ပျက်အောင် အကိုမို့ လုပ်ရက်တယ်”

“အေးကွာ – အကို မှားပါတယ်။ အကို ငွေနဲ့ လိုနေလို့ ဒီလို လုပ်မိတာပါ။ နောက်ကို ဒီလို အလုပ်မျိုး မလုပ်တော့ပါဘူးလို့ ကတိပေးပါတယ်”

အစ်ကိုက လွယ်လွယ်နှင့် ကတိ ပေးခဲ့ပေမဲ့ ကျွန်တော်၏ စိတ်တွင် အမျိုးမျိုး တွေးတောနေမိပါသည်။

အစ်ကိုမို့ငဲ့ညှာပြီး ဆရာကြီးကို အသိမပေးပဲနေခဲ့လျှင် ကျွန်တော်၏ တာဝန် ကျေပါမည်လော။ မထောက်မညှာ ဆရာကြီးအား အသိ ပေးလိုက်ပြန်လျှင်လည်း အစ်ကိုအတွက် ဒုက္ခလှလှကြီး တွေ့ပေတော့မည်။

တဖန် အတန်းသားများက ကျွန်တော်၏ ရိုးသား တည်ကြည်မှုကို ယုံကြည်ကိုးစားပြီး၊ အတန်း ခေါင်းဆောင် တင်မြှောက်ခဲ့သည် မဟုတ်ပါလော။ အဖြစ်မှန်ကိုကွယ်ဝှက်ထားလျှင် တာဝန် မကျေသည့်အပြင် အစ်ကိုအတွက် မကောင်းမှု ကျူးလွန်ရန် လေပင့်ပေးသည်နှင့်သာ တူနေပေမည်။

“အို–ဘာဘဲ ဖြစ်ဖြစ်၊ ငါ့ကို ယုံကြည်လို့ အတန်း ခေါင်း ဆောင် တင်မြှောက် ထားတာဘဲ။ ငါ့အကို၊ ငါ့ဆွေမျိုး၊ ငါ့သူငယ်ချင်းရယ်လို့ ငဲ့ညှာစရာ မလိုဘူး။ ဒီလိုသာ ငဲ့ညှာနေယင် ငါဟာ ခေါင်းဆောင်ကောင်း တယောက်ပီသပါတော့မလား။ ငါ့တာဝန်ကို ငါလေးစားရမယ်။ ငါဘယ်သူ့ကိုမှ မငဲ့တော့ဘူး”

ကျွန်တော်သည် ယတိပြတ် ဆုံးဖြတ်လိုက်ပြီးနောက် ဆရာကြီး၏ ရုံးခန်းသို့ ဝင်ကာ ကျွန်တော် မနက်က မြင်တွေ့ခဲ့ သမျှကို တလုံးမကျန် ပြောပြလိုက်ပါတော့သည်။

ဆရာကြီးလည်း ကျွန်တော့် အစ်ကိုကို ခေါ်ယူ စစ်မေးရာ မဖုံးမကွယ်သာပဲ ဟုတ်မှန်ကြောင်း ဝန်ခံရလေသည်။

ညနေ ကျောင်းမဆင်းမီ ကျောင်းသားများအား စုဝေးခန်းသို့ ခေါ်ပြီးလျှင် ဆရာကြီးက ကျွန်တော်၏ တာဝန်လေးစားမှုနှင့် ညီအစ်ကိုချင်းပင် ဖြစ်သော်လည်း တာဝန်အရ အမှန်ကို ဖော်ထုတ်တတ်သည့် ကျွန်တော့် စိတ်ထားကို လေးစားဂုဏ်ယူကြောင်း၊ ကျောင်းသူကျောင်းသား များအားလည်း ကျွန်တော့် စိတ်ထားမျိုး အစဉ်မွေးကြဘို့ တိုက်တွန်းကြောင်း ဆုံးမစကား ပြောကြားပါသည်။ ကျွန်တော့် အစ်ကိုက ကျောင်းသူကျောင်းသား အားလုံး၏ ရှေ့တွင် အမှားကို ဝန်ချရပါသည်။ ကျွန်တော်၏ မိဘများက အစ်ကိုအတွက် အားလုံးကို တောင်းပန်ကာ တာဝန်ယူသွားကြပါသည်။

ကျွန်တော်လည်းကျွန်တော်၏ တာဝန်ကျေခဲ့ပုံကို ပီတိဖြစ်ကာ ကျောင်းမှ ပျော်ရွှင်စွာ ပြန်ခဲ့ပါတော့သည်။

# ညီငယ်တို့ခေတ်

**မပို့တပိ ပို့တပိ၊**
**နှုတ်က ဆိုသံမြည်။**

**ထမင်းဆီဆမ်း ရွှေလင်ပန်း၊**
**လကို မော့လို့တမ်း။**

**မတမ်းတနဲ့ ညီလေးခင်၊**
**မောင်တို့ ခေတ်ရောက်လျှင်။**

**ဒုံးယာဉ်ဆင်လို့ လပေါ်တက်၊**
**ရောက်ဖို့ ဘယ်မခက်။**

**တိုးတက်နေတဲ့ လူသားတွေ၊**
**အမြဲ ကြံဆောင်နေ။**

**ကြယ်တွေဆီတောင် သွားဖို့မှန်း၊**
**သိပ္ပံပညာ အံ့မခန်း။ ။**

သော်စမ်းမင်း (လှိုင်မြေ)



R. 517

# ခိုင်ပန်းစုံ

နွယ်သာကီပန်းတို့သည် တထပ်တည်းလည်းရှိသည်။ အထပ်များသည်လည်းရှိသည်။ တထပ်တည်းမျိုး၏ အပွင့်သည် ကလပ်ပုံဖြစ်၍ အချင်း နှစ်လက်မခန့် ရှိသည်။ ကလပ်၏ ထိပ်ဝတွင် ချောမွတ်၍ ထိပ်ကားသော ပွင့်ချပ်ငါးခု ရှိသည်။ ကလပ်အိုး၏အဝမှ ဝတ်ဆံများ အကန့်လိုက် ထွက်နေသည်။ အထပ်များသော နွယ်သာကီအပွင့်သည် နှင်းဆီပွင့်နှင့် ဆင်ဆင်တူသည်။ ပွင့်ညွှာတံ အလွန်တိုသဖြင့် ပန်းခိုင်တွင် အပွင့်များ စုခဲနေသည်။ နှစ်မျိုးလုံးပင် အဖြူ၊ ပန်းနု၊ ပန်းရင့် ဟူ၍ အသွေးအရောင် သုံးမျိုးသာရှိသည်။ နွယ်သာကီသည် အနံ့သင်း၍ အဆင်း လှသော်လည်း အဆိပ်ပြင်းသော အပင်မျိုးဖြစ်သည်။ နွား၊ မြင်းများကိုပင် သေစေနိုင်သဖြင့် ဆေးကျမ်းများတွင် မြင်းသေပင်ဟုခေါ်သည်။ သို့သော် ဆယ့်နှစ်ရာသီ စိမ်းလန်းနေကာ အဖူးအပွင့် မပြတ်လှပေ။ အထူးသဖြင့် မိုးရာသီတွင် ဝေဆာဖြိုင်ဆိုင်စွာ ဖူးပွင့်သဖြင့် နွယ်သာကီပင်တို့ကို အိမ်ဝင်း ပန်းခြံတို့တွင် အတွေ့ရ များလေသည်။

ဆယ်ပေခန့်အထိ မြင့်သော ချုံပင်မျိုးဖြစ်သော်လည်း တောင့်တင်းတည့်မတ်၍ အကိုင်းအလက်များလည်း အပေါ် ထောင်နေကြသည်။ ရှည်၍ချွန်ပြီး တောင့်နေသော အစိမ်းရင့်ရောင် အရွက်များကလည်း တမျိုး ထူးခြားသည်။ မူလဇာတိမှာ မြေထဲပင်လယ်ဒေသတဝိုက်နှင့် အာရှမိုင်းနား ဖြစ်သည်။ ခြောက်သွေ့၍ နေရောင် များများရသော ဒေသများကို ပို၍ နှစ်သက်သည်။ အသီးတောင့်သည် ရှစ်လက်မခန့် ရှည်၍ အထဲ၌ ပိုးရောင် တောက်နေသော အစေ့ညိုညိုများ ရှိလေသည်။




အဆိပ်ရှိသော အပင်မျိုးဖြစ်သော်လည်း အပွင့်နှင့် အမြစ်တို့သည် ဆေးဖက် ဝင်သည်။ အမြစ်သည် မြွေဆိပ်ကို နိုင်သည်ဟု ဆေးကျမ်းများတွင် ဆိုလေသည်။

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၄၊ အမှတ် ၄၃၊


# ရွှေသွေး ဂျာနယ်

၁၃၃၄ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက် (၂၁–၁၀–၇၂)




သီတင်းကျွတ်စာစောင်

စနေနေ့တိုင်း ထုတ်ဝေသည်။




မေတ္တာ စေတနာ
ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - လူလူ
မြို့လေးတမြို့၌ အလွန်ကြွယ်ဝ ချမ်းသာသော ဦးသုခ ဆိုသူရှိသည်။ သူ့တွင် သား သမီး ဇနီး ကျောထောက်နောက်ခံ မရှိချေ။
ဦးလေး - ထန်းလျက်မုန့်ဆုပ် ယူပါဦးလား။ လက်လှန်း ချိုပါ
ကောင်းသားဟဲ့ ဆုံးပြီးသာ ထိုးခဲ့လေ။ ဘယ်လောက်ကျသလဲဟေ့
မေမေက - ငှက်ပျောသီး ပို့ခိုင်းပါတယ်
စိတ်နှလုံးကောင်းပြီး စေတနာ ပြည့်ဝသောကြောင့် အားလုံးက ချစ်ခင်လေးစားကြသည်။
အသက်ငါးဆယ် ပြည့်သောနေ့တွင် ဦးသုခသည် မိမိအိမ်၌ အလှူကြီးပေးသည်။
ဦးသုခ - အသက်ရာကျော် ရှည်ပါစေလို့ ဆုတောင်းပါတယ် - မြန်လိုက်ပါဦးမယ်....
သာရေး ပါမျှား သာရှုပါ။ ဒီလို ကြွရောက် အားပေးတာ - ကျေးဇူးတင်ပါတယ် - ဟဲ ဟဲ
ဆွေမျိုး မိတ်သင်္ဂဟ များစွာ လာရောက်ရာ အပြန်တွင် လက်ဆောင်များပင် ပေးလိုက်သေး၏။
နေလည်း အတော်မြင့်သွားပြီ။ ဧည့်သည်များလည်း အလာကျဲသွားပြီ။ ဦးသုခသည် ခေတ္တ အနားယူရန် အိမ်ပေါ်ထပ်သို့တက်၍ —
အိမ်ခန်းကို ဖွင့်လိုက်ရာ သူ၏မီးခံသေတ္တာကို လူငယ်တယောက်က ကြိုးစားဖွင့်နေသည်ကို တွေ့ရလေ၏။


ဟောင်ရှင် - ငွေ အတော်လို နေလို့လား၊ ဘယ်လောက် လိုချင်သလဲ
လူငယ်သည် တံခါးဖွင့်သံကြား၍ ရုတ်တရက် လှည့်ကြည့်ပြီး အံ့အားသင့်နေစဉ် ဦးသုခက လေအေးလေးဖြင့် မေးလိုက်သည်။
ကျ - ကျေးဇူး - များ ပါဗျာ...... ငွေ - ၅၀၀ိ - လောက် အရင်လိုနေလို့ - တာပါ..... ဦးပေးသမျှ အမြန်ကို - ခံ ပါမယ်... ဦးရယ် - သနားပါ
လူငယ်က တုန်ရီစွာဖြင့် ဝန်ခံ၏။
အေး အေး - ဒီလိုဆို မင်း အောက ပြောရောပေါ့
ရော့
အောက်မှာ ထမင်းစားသွား အုံး
မစားပါရစေနဲ့တော့ ပြန်ခွင့်သာပြုပါ
ဦးသုခသည် သေတ္တာထဲမှ ငါးကျပ်တန် ငွေ တထုပ်ကို လူငယ်လက်သို့ ပေးလိုက်၏။
xxxx တော်ပါသေးရဲ့... ဒီလို သူတော်ကောင်းကြီးနဲ့ တွေ့ပေလို့၊ မဟုတ်ရင် ထိုင်းရိုက်ခံရပြီး အချုပ်ထဲ ရောက်နေမှာပဲ xxxx
ကဲ-လာလာ
ဟေ့ - ဒီလူငယ်ကို လက်ဆောင် ပေးလိုက် ကြပါအုံး ကွယ်
ဟုတ်ကဲ့ ယူလာပါပြီ
ထို့ပြင် လူငယ်အား သူများနည်းတူ အလှူ လက်ဆောင်ပေး၍ အိမ်ပြင်သို့ ကိုယ်တိုင်လိုက် ပို့သည်။
ဟင်း....ငါလဲ ဘာလိုလိုနဲ့ - အသက် - ၇၅ - နှစ် တောင် ရှိလာပြီ။ လူကလဲ - တယ်ပြီး မမာချင်ဘူး ။ စီးပွားကလဲ ပြောလာပြီ။ xxxx x မသေခင်လေး ရန်ကုန်မြို့သွားပြီး လေးဆူဓါတ်ပုံ ရွှေတိဂုံ - စေတီ တော်ကြီး - ဖူးမြော် ရယင်း - ကောင်းမှာပဲ။ နောက်နောင်ကို ဆိုယင် ခရီး သွားနိုင်တော့မှာ မဟုတ်ဘူး xxxxx
ဦးသုခသည် ထိုကဲ့သို့ လှူလိုက်တန်းလိုက်နှင့်နေခဲ့ပြီး နောက် နှစ်ဆယ့်ငါးနှစ်ခန့် ကြာလေသော်—


ဦးသုခသည် ရန်ကုန် ရောက်လာ၍ ရွှေတိဂုံ ဘုရားဖူးပြီး လှည့်ပတ်ကြည့်ရှုနေစဉ် —
ဦးသုခ-ဟုတ်လား- ဝမ်းသာလိုက်တာ ဦးရယ်
ဟုတ်တယ်- မင်းက-ဘယ်သူလဲ
လူတယောက် သူ့အနားကပ်လာပြီး....
ဟေ--- ဟုတ်လား-- သာဓု-သာဓု
ဟက်ပီ ဘတ်ဒေး တူးယူ
ဟက်ပီ ဘတ်ဒေး တူးယူ
ဟက်ပီ ဘတ်ဒေး ဘဘကြီး
ဟက်ပီ ဘတ်ဒေး တူးယူ
အိမ်ရောက်ပြီး မကြာမီပင် အိမ်ရှင်မဏီတောင်း ဆို ချက်ကို —
လက်ခံလိုက်ရပြီး ၇၅ နှစ်မြောက် မွေးနေ့ သဘင်ကိုပင် နွှဲနိုင်ခဲ့လေသတည်း။
ပြီး



စွန့်စားခန်း
ဇာတ်လမ်း
သရုပ်ဖော်
မြလေး








# ထူးဆန်းသော သတ္တဝါများ

ရဲမြင့်/စံတိုး

ပစိဖိတ် သမုဒ္ဒရာတွင် တွေ့ရသော ငမြွေပွေးခေါ် ငါးတမျိုးဖြစ်သည်။ ရှည်လျားသော သွားများ အစွယ်များ ရှိသည်။ အရောင်တောက်နေသော် အာရုံမှုင်ဖြင့် သားကောင်များကို မြှူဆွယ်၍ ကြီးမားသော အစာများကိုမျိုနိုင်သည်အထိ ပါးစပ်ကျယ်သည်။



လီမာမျောက်မျိုးထဲမှ ဖြစ်သော မျောက်လှောင်ခေါ် မျောက်မောင်းမဖြစ်သည်။ အာရှတိုက် တောင်ပိုင်းတွင် တွေ့ရသည်။ ရှဉ့်ထက်သေးငယ်သော်လည်း နူးညံ့သော အမွေးနှင့် ပြူးကျယ်သော မျက်လုံးများကြောင့် အလွယ်တကူ မြင်တွေ့နိုင်သည်။ သစ်ပင်ထိပ်များ အကြားတွင် နှေးကွေးစွာ သွားလာကာ ငှက်ဥများ၊ ငှက်ပေါက်ကလေးများ၊ နို့တိုက်သတ္တဝါ အငယ်စားများနှင့် ပိုးမွှားများကို ဖမ်းယူ စားသောက်သည်။ ခြေလက်များ၏ သဏ္ဌာန်မှာလူလက်နှင့်တူသည်။ သို့သော် ခြေညှိုးများတွင် ခြေသည်းရှည် တချောင်းစီရှိ၍ ယင်း ခြေသည်းဖြင့်အမွေးများကို သန့်ရှင်းအောင် ပြုလုပ်သည်။



ခရုမျိုးတွင် ပါဝင်သော သတ္တဝါတမျိုးဖြစ်သည်။ အပြာရောင်ရှိပြီး ပင်လယ်မှိုကောင်နှင့် ဆင်တူသည်။ ထူးခြားသည်မှာ ယင်း၏ အသက်ရှူကရိယာများပင်ဖြစ်သည်။ ကိုယ်၏ ဘေးတဖက်တချက်တွင်ရှိသော ပန်ပွားများမှ အသက်ရှူသည်။ ပင်လယ်ရေပြင် တခွင်တွင် ကျက်စား၍ ပင်လယ်ခူအမျိုးမျိုးကို စားသောက်သည်။



ဩစတြေးလျတိုက် တွင် တွေ့နိုင်သော ဖွတ်ပုတတ်တမျိုး သည် ရန်သူများကို ထူးဆန်း သော နည်းဖြင့် ခြောက်လှန့် တတ်သည်။ ယင်း၏ လည်ပင်း ပတ်လည်၌ အကြေးခွံ များဖြင့် ပြီးသော ကြာယပ် တခုပါရှိ သည်။ ကြာယပ်မှာ သာမန် အ ချိန်တွင် ကိုယ်နှင့် ကပ်လျက်ရှိပြီး ရန်သူကို ခြောက်လှန့် လိုသော အခါ လျှာမှ အကြောများကိုကျုံ့စေခြင်းဖြင့် ကြာ ယပ် ကိုထောင်ထ လာစေသည်။ ထိုအခါ၌ ယင်း၏ ကိုယ်သည် ရှိရင်းထက်ပို၍ ကြီးလာသည်ဟု ထင်ရသည်။



နယူး ဂီနီကျွန်းတွင် တွေ့ရ သော နန္ဒဝန် ငှက်တမျိုး ဖြစ်သည်။ ငှက်ထီးသည် ငှက်မရှေ့၌ မိမိ၏အဝါ ရောင် အမွေးများ ဖုံးအုပ်လျက် ရှိ သော ရင်ပုံကို မို့မောက် စေလျက် လှပစွာကပြလေ့ရှိသည်။ က မပြမီ အချင်း ၁၅ ပေ ပတ်လည်ရှိ နေရာတဝိုက်မှ သစ်ရွက် သစ်သီး များ ကို လိုက်လံဆိတ်ဖဲ့ပစ်လေ့ရှိသည်။ ခုနစ်လက်မခန့် အရွယ်သာရှိသော ငှက်တကောင်က ယင်းသို့ ပြုမူနိုင်သည်မှာ အံ့ဩဘွယ်ကောင်းသည်။

သစ်အယ်စေ့ပိုးဟုခေါ်သော ပိုးတောင်မာ တမျိုးဖြစ်သည်။ ယင်း၏ အသွင် အပြင်မှာ သစ်အယ်စေ့နှင့် သဏ္ဍာန်တူသည်။ ယင်း၏ နှာယောင်မှာ ယင်း၏ ကိုယ်ထည် အလျားခန့် ရှည် လျားသည်။




နှာယောင်၏ အဖျားတွင် ညှပ်လက်မ တစုံပါရှိ၍ ယင်းညှပ်လက်မဖြင့်သစ်စေ့များ ကိုငုံး၊ ပင်စည်နှင့် အကိုင်းအခက်များကို ငုံး ဖောက်ထွင်းနိုင်သည်။


# ပညာရှိ ညီနောင် သုံးဦး

ရေး–စောဝင်းမောင်

ကာတွန်း
မောင်မောင်သက်




ကဲ-ဒီအမှုကို ရွှေဘုရင်ကြီး သိသွားပြီး၊ အမှုဆိုင်မှ ဖြစ်မယ်၊ လာလိုက်ခဲ့ကြ-
ပိုင်ရှင်မပြောဘဲ သိနေတယ်ဆိုတော့ မင်းတို့ခိုးတာဘဲ
ကျွဲအိုကြီးကို ကျွန်တော်မျိုးတို့ညီ အကိုသုံးဦး-လုံးဝမမြင် ဖူး၍ပါဘုရား
မမြင်ဖူးဘဲဘာကြောင့် အကုန် သိရတာလဲ
သို့ဖြင့် ဘုရင်ကြီးထံ ရောက်ကြလေသော်—
သေဆုံးသွားတဲ့ ဖခင်ကြီးရဲ့မှာ ကြားခဲ့တဲ့စကား အရ-အစဉ်စဉ်ကို လေ့လာမှတ်သား ခဲ့လို့ပါဘုရား
ဘုရင်ကြီးသည် သူတို့၏ ပညာ စွမ်းကို စမ်းလိုသဖြင့် အစီ အစဉ်တခု ပြုလုပ်လေသည်။
ကဲ-ဒီသေတ္တာထဲမှာဘာရှိလဲ-မှန်မှန်ဖော်စမ်း၊ မဖော်နိုင်ရင် ဒဏ်ခတ်ခံရမယ်
လုံးဝိုင်းတဲ့ပစ္စည်းတခု အထဲမှာရှိပါတယ်
သရက်သီးပါ အကိုကြီး-ရဲ့
သရက်သီး အမှည့် မဟုတ်ဘူး၊ အစိမ်းပါ
ဟာ-ဖော်တာ မှန်တယ်ဟေ့
သရက်သီး အစိမ်းတလုံး ဆိုတာ မှန်တယ်-
သေတ္တာကို ဖွင့်ကြည့် သော အခါ—


အကြောင်းစုံ လျှောက်ကြား ကြစမ်း
လမ်းရဲ့ဘယ်ဖက်ကမြက် တွေကိုမစားဘဲ၊ ညာဖက် ကမြက်စားထားလို့ဘယ် ဖက်မျက်စိကန်းကြောင်း သိရပါတယ်
လမ်းမှာရေစက်ကျ ရာတွေ့လို့၊ အင်းလျှ ရာကလာကြောင်း သိရပါတယ်
ခြေရာကြီးကြီးတွေ့လို့ ကျွဲအိုကြီးလို့သိရပါတယ်၊ ခရီး သည်ဟာဟိုဟိုဒီဒီကြည့်လို့ကျွဲပျောက် ရှာကြောင်းသိရပါတယ် - ဘုရား -
နောက်တနေ့ညီလာခံတွင် ညီအစ်ကိုသုံးဦးအား ဘုရင်ကြီးက ချီးကျူးပြီး သူတို့၏မှတ်ဉာဏ်ကို မေးမြန်းလေတော့သည်။
အင်း - စိတ်ကူးဉာဏ်ကောင်း ကြပါပေတယ်၊ ဒါနဲ့ - သရက် သီးလို့ ဘယ်လိုသိသလဲ.
သေတ္တာကိုလူနှစ် ယောက်သယ်ယူပြေးရဲ့၊ ပေါ့ပါးတဲ့အသွင် ကိုမြင်ရပြီး၊ သေတ္တာ ချတဲ့အခါအထဲကတခု တရာ လိမ့်သွားတဲ့ အသံကြား ရကြောင်း ပါဘုရား
ကျွန်တော်မျိုးအမြင်မှာ သေတ္တာကိုဥယျာဉ်ဘက်မှ သယ်လာပါတယ်၊ ဥယျာဉ် ထဲမှာသရက်ပင်တွေရှိ တာမို့ သရက်သီးလို့ မှန်းရပါတယ်
ဒီရာသီမှာ သရက်သီး မမှည့်သေးပါ၍ - သရက် သီးစိမ်းကြောင်းသိ ရပါတယ်ဘုရား
အင်း - ရွှေငွေမချမ်းသာကြပေမဲ့၊ ပညာဉာဏ်ချမ်းသာ ကြလို့၊ ငါ့ထံ၌ပညာရှိသုခမိန်များအဖြစ် အမှုတော်ထမ်းစေ -
ပြီး

တိဗက်နှင့် နီပေါ နှစ်နိုင်ငံနယ်ခြားရှိ ဧဝရက်တောင်သည် ၁၉၅၄ ခုနှစ် တိုင်းတာချက်အရ ပေပေါင်း ၂၉,၀၂၈ ရှိ၍ ကမ္ဘာတွင် အမြင့်ဆုံး ဖြစ်၏။ ၁၈၃၀ ပြည့်နှစ်တွင် အိန္ဒိယ မြေတိုင်း ညွှန်ကြားရေး ဝန်ဖြစ်ခဲ့သူ ဗြိတိသျှ မြေတိုင်း အရာရှိ ဆာ ဂျော့ ဧဝရက်ကို အစွဲပြု၍




## ဧဝရက်တောင်

ဧဝရက်တောင်ဟု ခေါ်ဝေါ်ခဲ့ခြင်းဖြစ်၏။ တိဗက်လူမျိုးတို့က ထိုတောင်ကို “ချိုမိုလွှန်းဂမား”ဟု ခေါ်ကြ၏။ “မယ်တော်ဘုရားမ”သို့မဟုတ်“နှင်းဘုရားမ”ဟု အဓိပ္ပာယ်ရသည်။

ဧဝရက်တောင်သည် မိုင် ၁၅၀၀ ခန့် ရှည်လျားသော ဟိမဝန္တာတောင်တန်း၏ တစိတ်တဒေသ ဖြစ်၏။ တနှစ်ပတ်လုံး ဆီးနှင်းထုထပ်စွာကျပြီး လေပြင်းများ တိုက်ခတ်ခြင်း၊ မတ်စောက်ချွန်ထက်သော ကျောက်ဆောင်များရှိခြင်း၊ မကြာခဏ မုန်တိုင်းများကျခြင်း၊ မြူဆိုင်းခြင်း၊ တောင်ထိပ်ပိုင်း၌ အောက်ဆီဂျင်ဓာတ် နည်းပါးခြင်းတို့ကြောင့် တက်ရန် ခက်ခဲလှသော တောင်အဖြစ် ကျော်ကြားခဲ့သည်။

တက်ရောက်ရန် ကြိုးစားခဲ့ကြသော တောင်တက်အဖွဲ့ များစွာအနက် ကာနယ်ဟန့် ခေါင်းဆောင်သော ဗြိတိသျှတောင်တက် အဖွဲ့ဝင်နှစ်ဦးသာလျှင် ၁၉၅၃ ခု မေလ ၂၉ ရက် နေ့တွင် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။ ထိုနှစ်ဦးမှာ နယူးဇီလန်နိုင်ငံသား အက်ဒမန် ဟီလာရီနှင့် နီပေါအမျိုးသား တင်ဇင်း နော်ကေးတို့ ဖြစ်လေသည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)



ဝါ၊ နီ၊ ပြာ၊ နက် ဆေးရောင်ခြယ်ပါ။

# ဘယ်ခါမရှိ

အာငြိမ်း(မနော)



စိုးစိုး၏ ဖေဖေသည် သကြားစက်မှ အင်ဂျင်နီယာချုပ် ဖြစ်၍ တာဝန်အရ ရန်ကုန်မှ ကချင်ပြည်နယ် သကြား စက် သို့ ပြောင်းခဲ့ ရသည်။ ထို့ကြောင့် စိုးစိုးတို့ တအိမ်သားလုံး ဖေဖေရှိရာသို့လိုက်ပြောင်းခဲ့ကြသည်။

ဖေဖေက အလျင်ပြောင်းနှင့်ပြီး စိုးစိုးတို့ကို နောက်မှ လာခေါ်သည်။ စိုးစိုးတို့ ရောက်စနေ့က မျက်နှာတွင် အမာရွတ်အပြည့်နှင့် ကောင် က လေးတယောက်က ခြံဝင်း နားတွင် လာချောင်းကြည့်သည်။ စိုးစိုးမှာ လန့်ပြီး ဖေဖေ့ဆီပြေးသွားမိသဖြင့် ဖေဖေက ရယ်နေရသေးသည်။

စိုးစိုး ကျောင်းသို့ ရောက်စနေ့၊ အမာရွတ်နှင့် ကောင်ကလေးကို တွေ့ရ ပြန်သည်။ သူ့နာမည်က ''အုံးဖေ'' ဖြစ်သည်။ စိုးစိုးတို့ အိမ်နား ကပင် ဖြစ်ကြောင်း သိရသည်။ စိုးစိုးတို့ တတိယတန်းတွင် ကျောင်းသား ၅၀ ခန့်ရှိသည်။ သူတို့က စိုးစိုးကို ကြည့်၍ စကားတိုးတိုးပြောကြသည်။ သူတို့စကားကို စိုးစိုးနား မလည်ပါ။

ကျောင်းတက်ချိန်တွင် နိုင်ငံတော် သီချင်း ဆိုကြသည်။ သို့သော် သူတို့ ဘာဆိုနေကြသည်ကို စိုးစိုးမသိ။ နိုင်ငံတော်သီချင်းနှင့် တူသော်လည်း ဗမာဘာသာဖြင့် မဟုတ်။ စိုးစိုးက ဘေးမှ ကျောင်းသူ တယောက်ကို မေးကြည့်ရာ သူက ''နိုင်ငံတော်သီချင်း ပအေး။ နင်တို့ဆီမှာမဆိုဘူးလား။ငါတို့ကျောင်းမှာ နေ့တိုင်းဆိုရတယ်'' ဟု ပြန်ပြောသည်။

ညနေကျောင်းဆင်း၍ အိမ်ပြန်ရောက်လျှင် စိုးစိုးက သည်ကျောင်းတွင် မနေချင်၊ ဖွားဖွားတို့ထံ ပြန်ပို့ပေးရန် ဖေဖေကို ပြောမိသည်။ ဖေဖေက အချိန်ကြာလျှင် သမီး ပျော်သွားလိမ့်မည်ဟု ပြောပါသည်။

စိုးစိုး မပျော် သော်လည်း ကျောင်း ဆက်တက် ရသည်။ အချိန် ကြာလာသောအခါ စိုးစိုးမှာ သူငယ်ချင်း တယောက် ရလာသည်။ သူသည် ကချင်မလေးဖြစ်၍ သူ့နာမည်မှာ ''ဖော်ဒဲကော့''ဖြစ်သည်။ဖော်ဒဲကော့ကြောင့် စိုးစိုးမှာ နိုင်ငံတော်သီချင်း တပိုင်းတစပင် ရနေပြီဖြစ်သည်။ နိုင်ငံတော်သီချင်းကို ကချင်ဘာသာဖြင့် သီဆိုထားကြောင်းပါ သိလာရသည်။

ဖော်ဒဲကော့မှာ ကျောင်းနှင့် နီးသောကြောင့် စိုးစိုးနှင့် ကျောင်း ရောက် မှ တွေ့ရလေသည်။ စိုးစိုးသည် ကျောင်းသို့ စက်ဝင်းမှ နေ၍ တယောက်တည်း လာ ရ သည်။ စိုးစိုး ကျောင်းသွားချိန်တွင် အုံးဖေလည်း ကျောင်းသွားချိန်ဖြစ်၍ စိုးစိုးကို စကား လာပြောလေ့ရှိသည်။ သို့ရာတွင် စိုးစိုးက သူ့မျက်နှာမှ အမာရွတ်များကို ကြောက်၍ စကား ပြန်မပြောမိ။ ဖော်ဒဲကော့အား အုံးဖေကို ကြောက်ကြောင်းပြောပြမိလေသည်။ ဖော်ဒဲကော့က အုံးဖေအကြောင်း ပြောပြသည်။သူတို့အိမ်တွင် သူအကြီးဆုံး ဖြစ်၍

ထမင်းဟင်းချက်စဉ် မီးလောင်သဖြင့် သူပါ မီး လောင် ခံ ရ ကြောင်း ပြောပြသည်။ သည်တော့ သူ့ကို စိုးစိုး သနားသွားသည်။ သူစကားလာပြောတိုင်း ပြန်မပြောမိသည်များကို နောင်တ ရမိသည်။

စိုးစိုးတို့ ပထမအစမ်း စစ်လေသည်။ ဘာသာတိုင်းတွင် အမှတ် ကောင်း သော် လည်း သင်္ချာတွင် အမှတ် နည်းနေသဖြင့် စိုးစိုးစိတ်မကောင်း ဖြစ်မိသည်။ အုံးဖေက တတန်းလုံးတွင် ပထမ ရသည်။ သင်္ချာအမှတ်ပြည့်ရသည်။ စိုးစိုးသည် ဝမ်းနည်းလွန်း၍ ညနေအိမ်ပြန်ရောက်သောအခါ ခြံထောင့်မှ သရက်ပင်အောက်တွင် သွား၍ ထိုင်နေမိသည်။

"စိုးစိုး"

ခေါ်သံကြား၍ လှည့်ကြည့်လိုက်ရာ အုံးဖေကို တွေ့ရသည်။ သည်တခါတော့ အုံးဖေကို စိုးစိုး မကြောက်တော့ပြီ။

"နင် ဘာဖြစ်လို့လဲဟင်"

"သင်္ချာမှာ အမှတ်နည်းလို့ ဝမ်းနည်းတာပေါ့"

"ဒါများဝမ်းနည်းစရာလားဟယ်။ နင်နဲ့ငါ အတူတွက်ကြတာပေါ့။ နင် မသိတာတွေ ငါ ပြပေးမယ်လေ။ ဒါဆိုယင် နင် သင်္ချာ တော်လာမှာပေါ့။ ဝမ်းမနည်းပါနဲ့ဟယ်"

စိုးစိုးက သဘောတူလိုက်သည်။ ထိုနေ့မှစ၍ စိုးစိုးတို့အိမ်တွင် ညနေတိုင်း အုံးဖေနှင့် အတူ သင်္ချာတွက်ကြသည်။ စာကျက်ကြသည်။ အိမ်ချင်း နီးသဖြင့် ကျောင်း သွား တိုင်း အုံးဖေက စိုးစိုးကို ဝင်ခေါ်လေ့ရှိသည်။ စိုးစိုးကစောလျှင်လည်း အုံးဖေကို ဝင်ခေါ်သည်။

ကျောင်းတွင် ဖော်ဒဲကော့နှင့် ဆုံကြသည်။ စိုးစိုး၊ အုံးဖေ၊ ဖော်ဒဲကော့တို့သည် အခင်ဆုံး သူငယ်ချင်းများ ဖြစ်လာကြသည်။ သည်ကျောင်းမှာ နေရသည်ကိုလည်း စိုးစိုး ပျော်လာသည်။

တနေ့ မုန့်စားဆင်းချိန်တွင် စိုးစိုးတို့ သုံးယောက် ကျောင်းရှေ့ရှိ ချယ်ရီပင်အောက်၌ ထိုင်ကြသည်။ စိုးစိုးက အုံးဖေနှင့် ဖော်ဒဲကော့အား

"ငါလေ ကျောင်းရောက်စက လေ– နင့်ကို သိပ်ကြောက်တာဘဲ။ ကျောင်းမှာပျော်လဲမပျော်ဘူး။ နေလဲမနေချင်ဘူး။ အခုတော့ နင် တို့ နှစ် ယောက်ကြောင့် ငါ သိပ်ပျော်တယ်။ ဒီကျောင်းမှာ အမြဲ နေတော့မယ်။ နင်တို့နဲ့ငါ မခွဲတော့ဘူး"

အုံးဖေက အမာရွတ်များ ကြားမှ ပြုံးသည်။ ဖော်ဒဲကော့ကလည်း

"ငိုင်မုန်း နန်းဟယ်ငဲ့ အင်ခနာအင်ငိုင် ငါ နင်တို့နဲ့ မခွဲပါဘူးဟယ်"တဲ့။

# သီတင်းကျွတ်ချိန်

သီတင်းကျွတ်လျှင်၊
ရွှေကြာပန်းတို့၊
ဝေဆာတင့်ဆန်း ပွင့်ကြပြီ။
ဗုဒ္ဓရှင်တော်၊ ဝတီ နန်းက၊
လူ့ပြည်စခန်း မြန်းကြွချီ။
မြူနီပြာဝါ၊ ကုသိုလ်မီးတို့၊
ရှုလို့မညီးထိန်ဝေစီ။
ကျင့်မြတ်သံဃာ၊
ထေရ်ရဟန်းတို့၊
လိုရာခရီးလမ်း မြန်းနိုင်ပြီ။
မိဘနှစ်ဖြာ၊ ဆရာသမားကို၊
ပူဇော်မှုများ ပြုကြသည်။
ကောင်းကျိုးရည်မြှော်၊
ဆုံးမစကားတို့၊
မှတ်သားကျန လိုက်နာမည်။
လိုက်နာမည်၊ လိုက်နာမည်။ ။

မောင်တင်စိုး (သစ်ရာကောက်)



R. 517

# ခိုင်ပန်းစုံ

ပင်ယံထက်၌ ရွှေကော်ဇောကြီးလွှမ်းခြုံထားသည့်ပမာ ပန်းမဲဇလီပင်တို့ ပင်လုံးကျွတ် လှပဝေဆာစွာ ဖူးပွင့်ကြသည်။ ဧပြီလတွင် တကြိမ်၊ စက်တင်ဘာလတွင်တကြိမ် တနှစ်လျှင်နှစ်ကြိမ် ဖူးပွင့်ကြသည်။ သို့သော် အပင်အားလုံး တပြိုင်နက်တည်း ပွင့်ကြသည် မဟုတ်ပေ။ အုပ်စုတစုတွင် ဖူးနေဆဲ၊ အခြားအုပ်စုက အပွင့်များဖြင့် ဝေဆာနေ၍ တခြားအုပ်စုကမူ သီးကင်းများပင် ထွက်စပြုနေတတ်လေသည်။ တနည်းအားဖြင့် ဆိုရလျှင် တနှစ်ပတ်လုံး ပန်းမဲဇလီပင်တို့သည် တပင်မဟုတ် တပင် အနည်းနှင့်အများ ဖူးပွင့်နေလေသည်။

ဖေဖော်ဝါရီလမှစပြီး ပြာသာဒ်၏ပုံအဆင့်ဆင့်နှင့်တူ၍ အဖူးအများအပြား ပါရှိသော ပန်းခိုင်များ ပေါ်ထွက်လာသည်။ သံချေးရောင်ကတ္တီပါလုံးကလေးများနှင့် ဆင်သော အဖူးများသည် အရင်းပိုင်းမှစ၍ တဖြည်းဖြည်းပွင့်အာကြသည်။ အဝါရောင်ရှိ၍ ခပ်တွန့်တွန့်နေသော ပွင့်ချပ်ငါးခု ပါရှိသည့် အပွင့်များသည် အရင်းပိုင်း၌ နီညိုရောင်အကွက်ပါသည်။ ထိုးထွက်နေသောဝတ်ဆန်တံများသည် လိမ်မော်သွေး ဖြစ်သည်။ သို့သော် အနံ့သင်းသော အပွင့်များသည် ကြာကြာမခံ။ မနွမ်းမီပင် ကြွေကျ၍ မြေပြင်ထက်ဝယ် ရွှေကော်ဇောကြီး ဖြန့်ထားသည့်နှယ်။




ဒီဇင်ဘာနှင့် ဇန္နဝါရီလများတွင် ကြေးနီရောင် အသီးတောင့်များကို သီးလေသည်။ တပင်လုံး အရွက်များ ကြွေသွား၍ မကြာမီ ရွက်သစ်နုများ ထွက်လာပြီး ရက်သတ္တ တပတ်ခန့် ကြာလျှင်ပင် စိမ်းလန်းစိုပြေလာတော့သည်။ အရွက်အလက်များမှာ ရွက်ပေါင်းဖြစ်၍ မဲဇလီရွက်နှင့် ဆင်ဆင်တူသော်လည်း ပို၍ သေးငယ်သည်။

ပန်းမဲဇလီပင်တို့သည် မလေးကျွန်းဆွယ်နှင့် သီဟိုဠ် (သီရိလင်္ကာကျွန်း) တို့၌ မူလ ပေါက်ခဲ့သည်။ ရှင်သန်ကြီးထွားလွယ်၍ ပေ ရှစ်ဆယ်ခန့်အထိ မြင့်နိုင်သော သစ်ပင်ကြီးမျိုး ဖြစ်လေသည်။

တင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
...ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
...စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၄ အမှတ် ၄၄။

# ရွှေသွေး ဂျာနယ်


၁၃၃၄ ခု၊ သီတင်းကျွတ်လဆုတ် ၆ ရက် (၂၈-၁၀-၇၂)

ကိုယ့်အတတ်နှင့်......

## ကိုယ်ရှူး

ပန်းချီ - ဦးဘကြည်

ဇါတ်လမ်း - မန်းချောင်း



သူဌေးကြီးနှင့်
လုပ်သားလေး
ဘာဖေးနေကြ
သနည်းဟုဆို
လျှင်........

စနေနေ့တိုင်း ထုတ်ဝေသည်။



တခါက အလွန်ကောက်ကျစ်သောဦးလောဘ ဆိုသူ မြေပိုင်ရှင်ကြီးတဦး ရှိလေသည်။
ဘယ်ဖြစ်ပါ့မလဲ -- သူ့အဖိုးဘဲ - သူသိတယ်... တယ် - တင်းစီးတာဘဲ...
အေးကွာ- ဒီလောက် တောင် မတရားတော့လဲ - ငါတော့မှငါရော - သူ့ဆီမှာ တော့ မလုပ်ချင်ဘူး
နှမြောတတ် လွန်းပြီး လောဘ ကြီးသော ကြောင့် နှစ်စဉ်နှစ်တိုင်းပင် သူ၏လယ်မြေများ တွင် သူရင်းငှားအလုပ်သမားများသည်လည်း လုပ်ငန်းမပြီးဆုံးမီ ထွက်ပြေးကြလေ့ရှိ၏။
တောက်! စပါးရိတ်တဲ့ အချိန်ကျမှ - သူရင်း ငှါး - တယောက်မှ မရှိတော့ပါလား၊ တော်တော် ခွကျတဲ့ အလုပ် သမား တွေဘဲ။ xxxxx xxxxx
တနေ့တွင်
xxxx အခကြေးငွေ ပိုပေးမယ်လေ --- လာလုပ်ကြပါအုံးကွ
စိတ်မရှိပါနဲ့ - ဦးရယ် ကျနော်တို့ကို ရွှေတပိဿာ ပေးမယ်ဆိုယင် တောင် ဦးရဲ့ လယ်မှာတော့ မလုပ်နိုင်ပါ ဘူး ----
ယခင်က လုပ်ကိုင်ဘူးသူများထံသွား၍—
လူပါးဝ-လို့
ရသေး တာပေါ့
ပြောမရသည့်အဆုံး၌ -
ကြော်ငြာစာ
လယ်သူရင်းငှါး အလိုရှိသည်၊
တနေ့လုပ်ခ - ၅/- အပြင်
ထမင်း - သုံးနပ်ပါကျွေးမည်
(ပုံ)လောဘ
အကြံတခုထုတ်၍ စီမံလိုက်လေသည်။



ဟားဟား - ဟားဟား ရီချင်လိုက်တာ
ဦးလောဘ - ကို - တချောင်းငင် လိုက်တော့ - ဦးလောဘ ဖြစ်သွားပြီ ဟီးဟီး
ရွာသားများသည် ကြော်ငြာစာကို တွေ့လျှင် ဝိုင်းဖတ်ကြပြီး ပြက်ရယ်ပြုကြကုန်၏။
ရက်ပိုင်းအတွင်းတွင်
ဦးလောဘ ရှိပါသလား ခင်ဗျား
ဘယ်ကလာ ဦးလောဘ - ရမှာလဲ - - ဦးလောဘ - တွ - လောဘ
ဟင် - - နေအုံး
မင့်ကို - မမြင်ဘူး ပါလား - တရွာသားနဲ့ တူတယ်
မှန်ပါတယ်ခင်ဗျာ
လာရင်း ကိစ္စက.....
ဦးမင်း ကြော်ငြာကို တွေ့လို့ သူရင်းငှါး လုပ်ဖို့ လာရတာပါ
ဆောင်ရင် တယောက်ထဲ - ကျုပ်လယ်ကွင်း ထဲက - စပါးတွေ အားလုံးကို - တပတ်အတွင်း ရိတ်နိုင်ပါ့မလား....
ရိတ်နိုင်ပါတယ်
အေး - ကောင်းပြီ၊ ဘယ်နေ့က,စ - အလုပ် ဆင်းမလဲ -
ဒီနေ့မနက်က,စပြီး အလုပ်ဆင်းပါ့မယ် ခင်ဗျာ.
ကိုင်း - ကြိုက်ပြီ — ဒီလိုဆိုယင်.. အရင်ဘဲ - မနက်စာ စားပေတော့
ဟုတ်ကဲ့ - ခင်ဗျာ
အမယ်.. သူဌေးအိမ်က - ထမင်း ဟင်းများ - တယ် - စားကောင်း ပါလား ---- မိုက်ကါး အောင် စားမှ ဘဲ.. ---
ဦးလောဘသည် ထမင်းဟင်းကို ကောင်းစွာ ကျွေးမွေးလေတော့သည်။
သူဌေးမင်း ... ကျနော် စားပြီး ပါပြီ ---- သူဌေးမင်းရဲ့ စပါးခင်းသာ လိုက်ပြ ပါတော့


လိုက်ပြတာက - မကြာပါဘူးကွယ်၊ အခု-စပါးဆင်းရိုက်ပြီး-နေ့လယ်စာ ပြန်စားယင်-အလုပ် ဖင့်နွဲ့မှာစိုးလို့ နေ့လယ်စာကို-အခု တခါထဲ-စားထား လိုက်ပါ......
ငါက-စေတနာဆိုလဲ-မလဝ-ဘဲ။ လုပ်ငန်းကျတော့လဲ-ကျကျနန-မှာကြားတယ် ရှင့်။
ခုကျွေပါဘဲ။ ဝ,နေမှတော့-ဘယ်ထပ်စား နိုင်ပါတော့ မလဲ -----
တတ်နိုင်ဘူးလေ --- အရွှဲ့မရှိအောင် ညှစ်ပြီး စားရမှာဘဲ
ဗိုက်လဲ-မခံတော့ဘူး၊ ထမင်းတွေ-ဟင်းတွေကိုတောင် မကြည့်ချင်တော့ဘူး
ဒီလူ-တော်တော် ပုတ်မှာ တာဘဲ--- ------ ----- ဟင်း -----
နောက်တဖန် ဦးလောဘက အလုပ်မတွင်ကျယ်မည်ကို အကြောင်းပြ၍ ညစာကိုပါ တဆက်တည်းစားခိုင်းပြန်၏။
ကောင်း-ဆောင်ရင်-ငါ-ကတိထားတဲ့ အတိုင်း-မင့်ကို-ထမင်း သုံးချပ်-ကျွေးပြီးပြီ။ အလုပ်ထဲ-ဆင်း ပေတော့...
လုပ်ခ-၅-ကျပ်ပါ တခါထဲပေးပါခင်ဗျာ..
ကဲ - ရော့မှား
စားပြီးသောအခါ
ကျေးဇူးတင်ပါတယ် - ဦးရယ်----- အလုပ်သမား တဦး အဖို့ ညစာ စားပြီးယင် အိပ်ဖို့ဘဲ-ကျန် ပါတော့တယ်-- အလုပ်မဆင်း ရတော့ ပါဘူး
ဟောဗျ---
ကောင်းကွာ
တောက်
ပြီး



ရှေ့ကကားကို ဦးလေးခဏဆင်းပြီး စကားပြောဦးမယ်၊ ကားပေါ်မှာခဏနေခဲ့နော် ခလေး
ဟုတ်ကဲ့


ဒါ့ ဂုတနာ့အိတ်ကို မင်းဘယ်မှာ ဝှက်ထားသလဲ၊ မှန်မှန်ပြောစမ်း။ ဒါနောက်ဆုံး မေးတာဘဲ။
ဟေ့- ဘာဖြစ်နေတာလဲ မေးနေတာ မကြားဘူးလား။
ကျ- ကျ- ကျနော့်ခွေးကို ပစ်ပေးလိုက်တယ်။
ဘာပြု- ဘာလုပ် -လိုက်တယ်-
မင်းတကယ်လား၊ ဒါ့ကို တပတ်ကိုက်တာလား၊ မှန်မှန်ပြောစမ်း။
ဒါဖြင့် ဖင်သေလျှာဆောင် ပြန်သွားကြည့်ပါလား။
မကြည့်ရသေးဘူး၊ အေး-လေ- သေလျှာဆောင် ငါသွားကြည့်အုံးမယ်၊ ဒါပေမဲ့ မင်းပါ ငါနဲ့ လိုက်ခဲ့ရမယ်။


ဟဲ့- ဒီအခန်းထဲ ဝင်နေစမ်း။
ဟဲ့ ခုတင်ပေါ်မှာ ထိုင်နေ၊ ထွက်ပြေးမယ်တော့ မကြံနဲ့နော်၊ ငါ့သေနတ်က လူရှူးတာ မဟုတ်ဘူး။


# ထူးဆန်းသော
# သတ္တဝါများ
ရဲမြင့်/စံတိုး



အောက်တိုပတ်ခေါ် ဘဲသည် ပုံသဏ္ဍာန်အားဖြင့် အခြား မည်သည့်အကောင်နှင့်မျှ မတူပေ။ ကိုယ်အလျား ရှစ်လက်မရှိသော ဘဲတွင် ၁၈ လက်မ ခန့်စီရှည်သော လက်တံရှစ်ချောင်း ပါရှိသည်။ ပင်လယ်ရေတိမ် ကျောက်ကြားများတွင် နေထိုင်လေ့ရှိသည်။နေ့အချိန်တွင် အပြင်သို့မထွက်ပဲ ညအချိန်မှ အစာရှာထွက်လေ့ ရှိသည်။ ရေအောက်မြေပြင်တွင် လက်တံများဖြင့် ထောက်၍သွားတတ်ပြီး တခါတရံ ရုတ်တရက် လျင်မြန်စွာ သွားလိုပါက ကိုယ်တွင်ရှိသောပြွန်မှ ရေပန်းထုတ်၍ သွားတတ်သည်။ အစာကိုလိုက်လံရှာဖွေနေစဉ် ကိုယ်ရောင်ကို အမျိုးမျိုးပြောင်း၍ ကိုယ်ဖျောက်နေနိုင်သည်။ ဒေါသထွက်သောအခါ ကိုယ်အရောင်ညိုပုပ်သွားတတ်သည်။ ဘဲအမတကောင်သည် တရာသီအတွင်း ဥပေါင်း ၅၀,၀၀၀ ခန့်အထိ အုနိုင်သည်။ ဥများသည် အကောင်ပေါက်သည်အထိ ကျောက်တုံးများတွင် တွယ်ကပ်၍ နေကြသည်။

ဤသတ္တဝါကား နှာခေါင်းရှည်သော ဖြူငယ်တကောင် မဟုတ်ပေ။ ယင်းသည် ဩစတြေလျတိုက်တွင်သာရှိသော ဆူးတောင်ရှိ ပုရွက်စားကောင်တမျိုးဖြစ်သည်။ လက်တင်အမည်မှာ အီခစ်နာဖြစ်သည်။ အခြား ပုရွက်စားကောင်များနှင့်မတူပဲ ဥအုရ၍ သားကောင်ပေါက်ကလေးများကို ကိုယ်တွင်ပါရှိသော အရေပြားအိတ်ဖြင့် သယ်ဆောင်သွားလာလေ့ ရှိသည်။ ပေါက်ဖွားစ သားပေါက်ကလေးမှာ လက်မဝက်ခန့်သာ ရှည်သော်လည်း ခြေလက်အင်္ဂါစုံပါသည်။ ဆူးကလေးများမှာ အလွန်ပျော့နေပြီး ကြီးထွားလာသောအခါ မာလာသည်။အရွယ်ရောက်ပြီးအကောင်တကောင်သည် ကိုယ်အလျား ၁၈ လက်မခန့်ရှိသည်။






(က) မှာ လိပ်ပြာတမျိုးမှ ပေါက်ပွားလာသော ကြောင်ကလေး ဥပေါက်ဖတ်ဖြစ်သည်။ အမြီးသဏ္ဍာန် အမွေးမှင်ကလေးရှိသောဖက်က ကိုယ်ရှေ့ပိုင်းဖြစ်ပြီး ဦးခေါင်းနှင့်တူသောဖက်က နောက်ပိုင်းဖြစ်သည်။ (ခ)မှာ ပုစွန်ပေါက်ဖတ်ဖြစ်သည်။ အညိုရောင်ပုစွန်ကလေးနှင့် ဆင်ဆင်တူသည်။ (ဂ) မှာ အိန္ဒိယ မြောက်ပိုင်းနှင့် သီဟိုဠ်နိုင်ငံတွင် တွေ့ရသော မြဟ္မဏာပေါက်ဖတ်ဖြစ်သည်။ ယင်းတွင် ရှည်လျားသော အာရုံမှင်များရှိသည်။



အမေရိကအလယ်ပိုင်းနှင့် တောင်ပိုင်းသစ်တောများတွင် တွေ့ရသော ကြီးမားသည့် လင်းတဘုရင်ငှက်ဖြစ်သည်။ တခါတရံ အကောင် ၂၅-၃၀ ခန့်ကို တစုတဝေးတည်း တွေ့ရတတ်သဖြင့် အလွန်ကြည့်၍ကောင်းပေသည်။ ခေါင်းပေါ်၌ အရောင်တောက်ပသော အသားဖုများပါရှိသည်။ လည်ပင်းပတ်လည်တွင် ကော်လံသဏ္ဍာန် ညိုမွဲမွဲ အမွေးဖွားများရှိသည်။ ကိုယ်အမွေးအရောင်မှာ အဖြူနှင့်အနက် ဖြစ်သည်။ လေပွန်အောက် အသံအိုးမပါရှိသဖြင့် အသံမမြည်နိုင်ပေ။ လှပမြင့်မားစွာ ပျံဝဲနိုင်သည်။ ရောဂါပြန့်ပွားစေနိုင်သော အသေကောင် အပုပ်အစပ်များကို စားသောက်ပေးသဖြင့် ယင်းတို့ကို ကျေးဇူးတင်ရပေမည်။



ဤသတ္တဝါကား အမြင်အားဖြင့် ကြောက်စရာကောင်းလှသည်။ ဤကြောက်စရာ့ အသွင်ဖြင့်ပင် ဘေးအန္တရာယ်ကို ကာကွယ်ရရှာသည်။ အမှန်မှာ ယင်းသည် မည်သို့မျှ အန္တရာယ်မပြုနိုင်သော အမေရိက အလယ်ပိုင်း၌ တွေ့ရသည့် ပိုးကောင်တမျိုးသာ ဖြစ်လေသည်။

ခြဘုရင်မနှင့် ခြဘုရင်ဖြစ်သည်။ ကိုယ်ထည်ကြီးမားသော အကောင်မှာ ခြဘုရင်မ ဖြစ်သည်။ ကိုယ်ထည် ဤမျှကြီးမားနေရခြင်းမှာ မြောက်မြားစွာသောဥများကို သယ်ပိုးထားရခြင်းကြောင့် ဖြစ်သည်။ အတောင်နှင့် အကောင်ငယ်မှာ ခြဘုရင်ဖြစ်သည်။ ယင်းတို့နှင့်အတူ ဒုဘုရင်များ၊ ဒုဘုရင်မများအပြင် အခြားဥအုသော ခြအမများလည်းရှိသည်။ ယင်းတို့ကို ခြလုပ်သားများက အစာရှာကျွေးသည်။




# စည်းကမ်းဆိုတာ

ဇာတ်လမ်း — မနှင်းမွန်




ဆရာကန်တော့ပွဲမှာ ဝတ်ဖို့အင်္ကျီအသစ် ချုပ်ပေးပါ မေမေ..
ချုပ်ပေးလဲ စည်းကမ်းတကျဝတ်တာမဟုတ် ဖုး-ရှိတာဝတ်သွား
ဒါကြောင့် ဆရာကန်တော့ပွဲမှာ မောင်ပေတူးဟာ တခြားလူတွေလို အင်္ကျီအသစ် မဝတ်လာနိုင်ဘဲ အင်္ကျီအဟောင်းလေး ကိုဘဲ ဝတ်လာရရှာတယ်။
တနေ့လဲ ကျောင်းသွားခါနီး ထီးရှာမတွေ့တာနဲ့–
မေမေ့မေးယင် အဆူခံထိမယ်
ထီးမပါဘဲ ကျောင်းတက်လာခဲ့ရတယ်။ နေကလဲ သိပ်ပူနေတယ်။ မောင်ပေတူးဟာ နေပူထဲမှာ လျှောက်ခဲ့ရတာမို့....
ညနေ ကျောင်းဆင်း အိမ်ပြန်ရောက်တော့ အကြီးအကျယ် ခေါင်းကိုက်ပြီး ဖျားပါလေရော။
ထီးကိုတွေ့အောင် မရှာဘဲ နေပူထဲ သွားတာကိုး
ဆေးက ခါးလိုက်တာ


တနင်္ဂနွေ
တနေ့မှာ—
ရေချိုး အဝတ်လဲပေါ့
ညီလေးနဲ့သားကို မေမေ
တိရစ္ဆာန်ရုံ လိုက်ပို့မယ်
မောင်ပေတူးဟာ တိရစ္ဆာန်ရုံသွားရမယ်
ဆိုလို့ သိပ်ပျော်နေတယ်။
ရေချိုး၊ အဝတ်လဲပြီး ဖိနပ်စီးဘို့ လိုက်ရှာတော့
ဖိနပ်တဖက်ပြတ်နေတာတွေ့ရတယ်။
ခွေးကိုက်တာဖြစ်မှာပေါ့
ဖိနပ်ကို အိမ်ပေါ်မှာ
သိမ်းပါလို့ပြောတာ
ဂရုမှ မစိုက်ဘဲ
ဖိနပ်မှ မရှိတာ
အိမ်စောင့်နေခဲ့တော့
အဲဒါ ငါ့သား စည်းကမ်း
မရှိလို့ဖြစ်ရတာဘဲ
ဒါနဲ့ မောင်ပေတူးဟာ အိမ်မှာနေခဲ့ရပြီး၊ တိရစ္ဆာန်
ရုံက တိရစ္ဆာန်လေးတွေကို စိတ်ကူးနဲ့ဘဲ တမ်းတနေ
ရတယ်။ ဒီနေ့ကစပြီး စည်းကမ်းရှိရှိ နေတော့မယ်လို့
သူ ဆုံးဖြတ်လိုက်တယ်။



ရှေးက မာယာလူမျိုး၊ တောလတက် လူမျိုးနှင့် အက်ဇတက်လူမျိုးတို့ ဆောက်လုပ်ခဲ့သော. မြို့ဟောင်းများ၊ အဆောက်အအုံ အထိမ်းအမှတ် ကျောက်တိုင်များကို မက္ကဆီကို နိုင်ငံအနှံ့တွင် တွေ့ရှိ နိုင်ပေသည်။ အကောင်းဆုံးလက်ရာများကို မက္ကဆီကို အရှေ့တောင်ပိုင်း ယူကာတန်ကျွန်းဆွယ်၌ တွေ့ရသည်။


ယူကာတန်ကျွန်းဆွယ်နှင့် ပြည်မတို့ အကြား၌ နက်ရှိုင်းသောတောကြီး ခြားနေခြင်းကြောင့် ယူကာတန်ရှိ မာယာခေါ် လူမျိုးတစုသည် မိမိတို့ကိုယ်ပိုင် ယဉ်ကျေးမှုတရပ်ကို ဖော်ထုတ် နိုင်ခဲ့ကြသည်။ မာယာတို့သည် လှပသောမြို့များ ဆောက်နိုင်ခြင်း၊ နေကြတ်သည်ကို ကြိုတင်၍တွက်ချက်နိုင်ခြင်း၊ အလွန်တိကျသော ပြက္ခဒိန်စနစ်ကို တီထွင်နိုင်ခြင်း စသည်တို့ကြောင့် ကျော်စောထင်ရှားခဲ့သည်။

## မာယာတို့၏ ရှေးဟောင်း လက်ရာများ

နောင်တွင် ရှေးဟောင်း သုတေသနသမားတို့ ကြိုးပမ်းချက်ဖြင့် မာယာတို့၏ ရှေးဟောင်းမြို့ကြီး နှစ်မြို့ကို ကောင်းမွန်စွာ ပြန်လည်ဖော်ထုတ်နိုင်ခဲ့သည်။ တခုမှာ ယူကာတန်မြို့တော် ချီချင်းအစ်ဇာဖြစ်၍ ထိုမြို့ရှိ အဓိက အဆောက်အအုံမှာ ၉၆ ပေမြင့်သော အယ်လ်ကက်စတီးလိုခေါ် ရဲတိုက်ကြီးဖြစ်၏။ ရဲတိုက်ကြီး၏ ပုံသဏ္ဍာန်မှာ အီဂျစ်နိုင်ငံမှ ပိရမစ်များနှင့် အလွန်တူလေသည်။ စစ်သည်များ ဘုရားကျောင်း၊ ကျောက်တိုင်တထောင်နှင့် အားကစား ရုံကြီးများမှာလည်း ထင်ရှားပေသည်။ သံဆောက် ကရိယာတန်ဆာပလာများ မပေါ်မီခေတ်က ဆောက်လုပ်ခဲ့သော ဤကျောက်ထွင်း လက်ရာများမှာအံ့ဩရလောက်အောင် ကောင်းမွန် နေသည်ကို တွေ့ကြရပေသည်။


မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

## ဝလုံး နှစ်လုံး ပန်းချီ



# ဆံရှည်ကိုယ်တော်

နန်းခမ်းအေး



ဖိုးကျော်သည် အသက်တဆယ့်သုံးနှစ်သာ ရှိသေးသည်။ သူသည် အလှအပကို လွန်စွာ ကြိုက်နှစ်သက်၏။ ဆံပင်ရှည် ထားခြင်းကိုလည်း အလှအပတခုဟု ထင်မြင်ယူဆနေပုံရသည်။ သူသည် သူငယ်ချင်းများများစားစား ပေါင်းသင်းခြင်းမရှိပေ။ ရုတ်ရုတ်သဲသဲ အလုပ်များကိုလည်းမလုပ်တတ်ပေ။ အိမ်တွင် စာဖတ်နေခြင်းဖြင့်သာအချိန်ကုန်လေ့ရှိသည်။ သို့သော် ဖိုးကျော် ဆံပင်ရှည်ထားခြင်းကိုမူ သူ့ မိဘများက သဘောမကျချေ။ ထို့ကြောင့် တနေ့တွင် ဖခင်က –

"ဟဲ့ – ဖိုးကျော် မင်းဆံပင်သွားညှပ်စမ်းကွာ"

"ဟုတ်ကဲ့ ဖေဖေ၊ ဒီတပတ်မှာ ညှပ်ပါ့မယ်"

ဖိုးကျော်သည် မေ့နေဟန်ဖြင့် တပတ်မှ နှစ်ပတ်သုံးပတ်အထိ မညှပ်ဘဲ နေနေသည်။ ဖခင်ပြန်လာတတ်သော အချိန်တွင် အိပ်ရာထဲ၌ စာဖတ်နေပြီး ဖခင်ကို ရှောင်နေသည်။ ထို့ကြောင့် မိခင်က –

"ကြည့်စမ်း ဖိုးကျော် ဆံပင်ရှည်လှပြီ၊ သွားညှပ်ပါတော့"ဟု ဆိုကာ ငွေတကျပ် ထုတ်ပေးသည်။ ဖိုးကျော်ကမူ –

"အမလေး – မေမေ ရယ် ဒီဆံပင်များရှည်သလားအတန်းထဲမှာ ဒီထက်ရှည်တာချည်းဘဲ။ မယုံရင် လာကြည့်ပါလား" ဟု ငြင်းဆန်ပြီး နေသည်။

ဤအတွင်း ဖခင်ကလည်း အလုပ်ကိစ္စဖြင့် ခရီးထွက်နေရသဖြင့် ဖိုးကျော်အဖို့ အကြိုက်တွေ့နေတော့သည်။

တနေ့တွင် ဖိုးကျော်သည် ကျောင်းတက်ရန် သွားစဉ် အမှတ် ၈ ဟီးနိုးကားပေါ်၌ ဆံပင်ရှည်များနှင့် လမ်းသရဲတစုပါလာသည်ကိုတွေ့ရသည်။ သူတို့သည် ကားပေါ်တွင် အော်ကြ ဟစ်ကြ နောက်ပြောင်ကြဖြင့် ဆူညံနေသည်။ ကားစပယ်ယာက –

"မဆူပူကြပါနဲ့ ညီလေးတို့ရာ"ဟု ချိုသာစွာ တားမြစ်ပြောဆိုသည်။ ဤတွင် တယောက်က–

"ခင်ဗျားအပူ တပြားသားမပါပါဘူးလေ ဟဲ – ဟဲ – "ဟု ပြောင်ချော်ချော်နှင့် ဘုပြောသည်။ ကျန်လူများက –

"ဟေး– ဟေး"ဟု ညာသံပေးကာ ကားစပယ်ယာကို ရန်စကြသည်။

ဤတွင် ကားစပယ်ယာက လှမ်းပြောလိုက်သဖြင့် ကားမောင်းသူသည် ဟီးနိုးကားကြီးကို နီးရာရဲစခန်းသို့ မောင်းဝင်သွားပြီး ရဲအကူကို တောင်းခံလေတော့သည်။ ထိုအခါ ဆံပင်ရှည်လမ်းသရဲတစုတို့သည် မျက်လုံးမျက်ဆံ ပြူးကာ ကားမရပ်ခင်ပင် ကားပေါ်မှ ခုန်ချ ထွက်ပြေး သွားကြ တော့သည်။ ဖိုးကျော် အပါအဝင် ကျောင်းသား လေးငါးယောက် မှာမူ

ကားပေါ်တွင်မူလအတိုင်း ထိုင်လျက် ကျန်ရစ်ခဲ့သည်။

ရဲမှူးက ထွက်ပြေးသွားသူများကို ဂရုမပြုတော့ပဲ ကားပေါ်တွင် ပါလာသူ ဆံရှည်ကိုယ်တော်လေးများကို ခေါ်ချသွားသည်။ ကားလည်း စခန်းအတွင်းမှ မောင်း ထွက် သွားတော့သည်။

ရဲစခန်းတွင် စခန်းမှူးက –

"ကဲ–ကိုယ်တော် ဆံရှည်တို့ ဆိုကြစမ်း။ ဘာအရှုးထကြပြန်တာလဲ"

ဖိုးကျော်မှာ တခါမျှဤကဲ့သို့ မတွေ့ကြုံဘူး သဖြင့် အလွန်ကြောက် လန့် နေ ရှာ သည်။ ကျောင်းသား တဦးက သူမြင်သမျှကို ပြောပြသည်။ ရဲမှူးကမူ မကျေနပ်ပေ။

"မင်းတို့က ခုမှ သူတော်ကောင်းယောင် ဆောင်မနေကြစမ်းပါနဲ့ကွာ။ ကိုင်း ပြောကြစမ်း နာမည်တွေ၊ ကျောင်းပါပြော"

ဖိုးကျော်တို့ အသိုက် မှာ နာမည်၊ မိဘနာမည်၊ ကျောင်း၊ အတန်း အားလုံးကို စုံအောင် ပြောပြကြရသည်။ ရဲမှူးသည် ဖိုင်တွဲတခုတွင် ရေးမှတ်လိုက်ပြီး သူတို့ အားလုံးကို အခန်းငယ်တခုအတွင်းသို့ သွင်းထားလိုက်သည်။ ထို့နောက် စခန်းမှူးသည် တယ်လီဖုန်းဖြင့် ဖိုးကျော် တို့ ကျောင်းကို ဆက်ပြီး အကျိုးအကြောင်း ပြော ပြ နေ ပေ သည်။

မကြာမီပင် ကျောင်းအုပ်ကြီး ကိုယ်တိုင် အတန်းပိုင်ဆရာနှင့်အတူ လိုက်လာပြီး ဆရာကြီးက–

"ဒီခလေးတွေဟာ ကျွန်တော့် ကျောင်းကပါဘဲ။ ဒါက သူတို့ အတန်းပိုင်ဆရာပါ"

"ဒါပေမဲ့ ဒီခလေးတွေက လူအေးလေးတွေပါ။ ဒါမျိုး မလုပ်တတ်ကြပါဘူး"

အတန်းပိုင်ဆရာကဝင်ပြောသည်။

"အင်း – ဆရာကြီးတို့ အာမခံလို့သာဘဲ။ သူတို့ ဆံပင်ရှည် ပုံစံတွေနဲ့ဆိုယင် ယုံ နိုင် စ ရာ တောင် သိပ်မရှိဘူး ခင်ဗျ" ဟု စခန်းမှူးက ထပ် ကွန့် ပြန် ရာ ဆရာကြီးမှာ ဖိုးကျော်တို့ခေါင်းခဲတွေကို ကြည့်ပြီး–

"အခု ကျောင်း ရောက် ရောက်ချင်း သူတို့ ဆံပင်တွေကို ညှပ်ခိုင်းပါမယ်" ဟုဆိုကာ လက်မှတ် ထိုး၍ ခေါ်လာခဲ့ရသည်။

ကျောင်းရောက်သော် ဆံပင် ညှပ်သမားကို ခေါ်၍ ဆရာကြီး ကိုယ်တိုင် စောင့်ကြပ်ကာ ဆံပင် ညှပ်စေသည်။

"နောက်တခါဒီဆံပင်ပုံမျိုး ထား ယင် တော့ မင်း တို့ ကို ကျောင်းက အထုတ်ဘဲ"

ဖိုးကျော်သည်အလွန်အမင်း ရှက်သွားသည်။ ကြောက်လည်း ကျောက်မိသည်။ နောက်ကိုယခုလို မဖြစ် ရအောင် ပြု ပြင် နေ မည်ဟု စိတ်ကို ဆုံးဖြတ် လိုက်လေသည်။

## ကုလသမဂ္ဂနေ့

မိုးကုပ်စက်ကုံး မြေခုံးခုံး၊
လူသားကမ္ဘာလုံး။

တလုံးတစည်း သရုပ်ထင်၊
ဒို့များဤမြေပြင်။

ချစ်ကြည်ရှင် ခင်မင်မှု၊
သာယာလှမည်ပ။

သူမျှားပြည်ရေး မကျူးကျော်၊
လက်နက်လျှော့ဘို့မြော်။

စစ်မီးညှော် မလိုလား၊
ကမ္ဘာ့ခေါင်းဆောင်များ။

အားလုံးတက်ကြွ ဝင်အပါ၊
ငြိမ်းချမ်းရေးကိုရှာ။

အောက်တိုဘာ နှစ်ဆယ့်လေး၊
ဖွဲ့စည်းတိုင်ပင်တွေး။

သာယာအေးဘို့ အဖွဲ့ထူ၊
လူတိုင်းချစ်ကြည်ဖြူ။

ကမ္ဘာ့ပြည်သူ ဘယ်မမေ့၊
ကုလသမဂ္ဂနေ့။ ။

စန္ဒာမြင့်



R. 517

# မုလေးပန်း



မုလေးပန်းသည် ပန်းတကာတွင် အမြတ်ဆုံးအဖြစ် ကျမ်းဂန်များတွင် ဆိုထားသည်။ မုလေးပန်း၏ အနံ့သည် အခြားမွှေးသော ပန်းတို့၏ အနံ့ကိုလွှမ်းမိုးနိုင်သည်ဟုလည်း ဆိုကြသည်။ ဘုရားအစရှိသော. ကြီးမြတ်သူတို့အား ပူဇော်ရာ၌ တံခွန်၊ ကုက္ကား၊ မုလေးပွားတို့သည် ပါစမြဲ။ ယင်းတို့အနက် မုလေးပွားဟူသည်မှာ မုလေးပန်းဆိုင်းကို အမြဲတစေ မရနိုင်သောကြောင့် စက္ကူ၊ စသည်တို့ဖြင့် မုလေးပန်းဆိုင်း အတု ပြုလုပ်ထားသည်ကို ခေါ်ဆိုခြင်း ပေတည်း။



မုလေးပန်းကို မလေးပန်းဟူ၍၎င်း၊ မြတ်လေးပန်းဟူ၍၎င်း ခေါ်ကြသေးသည်။ ဝတ်ဆံမဲ့၊ တထပ်တည်းသောပန်းမျိုးဖြစ်၍ ပုံပန်းသဏ္ဌာန်မှာ စံပယ်ပွင့်နှင့်တူသည်။ သို့သော်အပွင့်အရွယ်က အနည်းငယ်ပို၍ ကြီးပြီးလျှင် တလက်မ သာသာခန့်ရှိသည်။ ကဆုန် နယုန် စသော မိုးဦးကာလတွင် မုလေးပန်းများလှိုင်လေသည်။

မုလေးပန်း၏ မူလဇာတိသည် ဟိမဝန္တာတောင်၏ အနောက် မြောက်ဖက်ဒေသ ဖြစ်သည်။ ချုံပင်နွယ်ပင်နှစ်မျိုးရှိ၍ မျိုးစိတ်ပေါင်း ၁၀၀ ကျော်လေသည်။ အလွန်မွှေး၍ ဆေးဖက်ဝင်သည် ဆိုသော မုလေးပန်းကို မြန်မာမုလေး (မြတ်လေး) ဟုအခေါ်များသည်။ မန္တလေး၊ စစ်ကိုင်း စသော မြန်မာနိုင်ငံအထက်ပိုင်း၌ ပို၍ ဖြစ်ထွန်းသည်။

သီဟိုဠ်မုလေး ခေါ် မုလေးပန်းတမျိုးမှာ ပွင့်ချပ် ထိပ်ချွန်၍ စံပယ်ပန်းကဲ့သို့ အရောင်ဖွေးသည်။ မြန်မာမုလေးကဲ့သို့ပင် အနံ့ မွှေး၍ ယင်းပန်းမျိုးကို ရန်ကုန်မြို့၌ အတွေ့ရများလေသည်။

တင့်တင့်

# ခိုင်ပန်းစုံ

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၄၊ အမှတ် ၄၅။

# ရွှေသွေး ဂျာနယ်

၁၃၃၄ခု၊ သီတင်းကျွတ်လဆုတ် ၁၃ ရက်(၄-၁၁-၇၂)

ပန်းချီ-ဦးဘကြည်
ဒါတ်လမ်း-ဖိုးမြင့်အေး



တာတူးဟာ အရွယ်နဲ့မလိုက်အောင် ဟန်များလွန်းသတဲ့။ သူကိုယ်သူ တကယ့်လူကြီး တယောက်လို ရှိုးထုတ်နေတယ်။ နိုင်ငံခြားရုပ်ရှင်တွေ ကြည့်ကာ အထိုးအကြိတ် အသတ် အပုတ်တွေကို အားကျပြီး —

စနေနေ့တိုင်း ထုတ်ဝေသည်။


ဟာ – တယ်လှပါကလား ကွ
အို-ဘာလုပ်တာလဲ-ဒါ၊ တီချာ့ကို တိုင်ပြောမယ်
ကျောင်းတွင် ကလေးများကို စ,လိုစ
ဟား-ဟား- မုံ့ဆိုတာ များများမစားရဘူး၊ တော်တော်
အင်
ဗရုတ်ကျလိုကျ
ကဲ ကွဲ့ -ငါပြောတာနားမလည်ယင် - မင်းနားကို လည်အောင် လှည့်ပေးမယ်
အား
ညှင်းဆဲလိုဆဲ
သရဲကြီး၊ ကိုက်စားမယ်......ဟီး --
ချောက်ပြလိုပြ—
ဒိုင်
ဒါက- ချမ်းစဘွန်း လက်သီး
ရွယ်တူချင်းများကိုပင် ရန်လုပ်လိုလုပ်—
ဒါက - ဖလင့် လက်ဝါးစောင်း
အနိုင်ကျင့်လိုကျင့်နဲ့ ဗိုလ်ကျနေသတဲ့။


ဆရာကြီး- ဒီကလေး ဟာ××× ×××
အင်း-ဒီလိုဆိုယင် ကျုပ် ရုံးခန်းကို လွှတ်လိုက် ပါ××× ×××
ခံရတဲ့ကျောင်းသားများက တန်းပိုင်ဆရာမကို တိုင်ဖန်များတော့ ဆရာမက
ဆရာကြီးထံတဆင့် တင်ပြရတာပေါ့။
××× နောက်ကို-ဒီလိုဘဲ အတိုင်ခံရယင်
တိုင်ရလိမ့်မယ်။ သတိ.ကောင်း ကောင်း ထားလိုက်ပါ-- ကြားလား
ဆရာကြီးက တာတူးကိုခေါ်စစ်သတဲ့–
တိုင်လို့ ငါအဆူ ခံရတယ်
နောက်တခါ တိုင်ယင် အသေဘဲ မှတ်×× ××××× ××
ဒီလို အဆူအကြိမ်း ခံရတော့ တိုင်တဲ့ကျောင်းသားတွေကို တာတူးက ကြိမ်းသတဲ့။
ထောက်
ဟယ်
ဟာ
ရက်များမကြာမီ တာတူးဟာ ကျောင်းကို ဓားမြှောင်ယူလာပြီး သစ်ပင်ကို ဓားပေါက်ပြတယ်။
အဲဒါကို ခါးမြှောင်လို ခေါ်တယ်။ ခါးဖျားကို မြဲမြဲကိုင်ပြီး ပစ်ရတယ်။ ကြည့်ကွ- ဟော ဒီလို ပစ်ရတယ်
ကျောင်းသားတွေ ဝိုင်းကြည့်တော့ စိတ်ကြီး ဝင်သွားပြီး ဓားတဝင့်ဝင့်နဲ့ ဟန်ပြနေသတဲ့။


ဒုတ်
ဓားပေါက်လိုက်တာ ဓားဟာ သစ်ပင်ကို ဓား
နှောင့်နဲ့ထိလို့ ပြန်ကန်ထွက်သွားပြီး–
အနားမှာကြည့်နေတဲ့ ကျောင်းသားတွေထဲက
ဖိုးခွေးရဲ့လက်ကို မှန်သွားတယ်။
နာသေးလား
သက်သာသွားပါပြီ
တာတူးလဲ လန့်ဖျပ်ပြီး အံ့အားသင့်နေစဉ်
ကျောင်းသားတွေက ကျောင်းမှ ကြက်ခြေနီ
ဆေးခန်း ခေါ်သွားပြီး ဆေးထည့်ပေးကြ
သတဲ့။
အား
ကြောက်ပါပြီ
ဆိုးအုံး
တေအုံး
ဆရာကြီး သိသွားတော့ တာတူးကို ခေါ်ဆူ
ပြန်တာပေါ့။ ဓားကိုလဲသိမ်းပြီး ဆုံးမတယ်။
ဒီလို အရိုက်ခံရတော့ တာတူးဟာ နာလဲနာ
ရှက်လဲရှက်သွားလို့ –
နောက်နေ့မှာ ကျောင်းမတက်ဘဲ စိတ်အလို
လိုက်ကာ ရုပ်ရှင်ရုံဖက် ထွက်ခဲ့သတဲ့။


ရှပ်ရှင်ရုံရောက်တော့ သူလိုပဲ ကျောင်းပြေးကလေးတွေနဲ့တွေ့ပြီး ပေါင်းမိသွားသတဲ့။
လာကြဟေ့ - ရုပ်ရှင် - ဝင်ကြည့်ရအောင်.
အေး - အထဲမှာစားဘို့ - ကွာစိတို့ သရက်သီးစိမ်းတို့ - ဆိတ်သားကင်တို့ ဝယ်သွားရအောင်
... ဒီအဲတွေ - တယ်-ဝက်ထော ပါလား ၊ ငါက ဖြုံ့ ဘိုးတောင် မတောင်းခဲ့မိဘူး
မကြာမီ တချို့က ရုပ်ရှင်ကြည့်ဘို့ဆွယ်။
ကန်တော်ကြီးမှာ - ရေသွားကူးမယ် ဘယ်သူလိုက်မလဲ။
လိုက်မှာပေါ့ - ငါက - လိုလိုမယ်မယ် - အိမ်က ထွက်လာကထဲက-ရေကူး စလစ် - ထပ်ဝတ်ခဲ့တာပဲ
တောင်... ရေမကူးတတ် တာ-နာတာပဲ၊ ငါ -ဘာမှ မစွန့်သေး ပါလား
တချို့က ရေသွားကူးဘို့ တိုင်ပင်တယ်။
ဒို့တော့ - ရထား သွားခိုစီးမယ်ကွာ
ရထား ခိုစီးတာ ပျော်စရာလဲကောင်း တယ်။ စွန့်စားခ န်း လဲပါတယ်။
မင်းလဲ စီးရဲ ယင် လိုက်ခဲ့ပေါ့။ ဘယ့်နှဲ့လဲ..
တချို့က မီးရထားခိုးစီးဘို့ ကြံတယ်။
အောင်မယ်၊ ငါက - အားလုံး လုပ်ရဲတယ်။
ဒို့ကျောင်းမှာ ငါမိုလ်ပဲ။ ကျောင်းသား တယောက်ကို ခါးမြှောင်နဲ့ ထိုး ခဲ့တာကွ ၊ ရထားစီးတာက အသေး အဖွဲ့ပါ



အာလျှာလာ မပေးနဲ့ လေ - နဲနဲလျှော့
ဟား ဟား
ကဲပါ - လိုက်ခဲ့ပေါ့ - သတ္တိ ပြ ရတာ ပေါ့
စိန်လိုက်
ဒီလိုနဲ့ ရထားခိုးစီးအဖွဲ့နဲ့ ပါသွားပါရော-
ရွှီ
ဘူတာကြီးသို့ ရောက်သွားစဉ် မြို့ပတ်ရထား
တစီးထွက်ဘို့ ဂတ်ဗိုလ်က ဝီစီမှုတ်လိုက်ရာ
ဟေ့ကောင် --- လာလေကွာ၊ ဘာကြောင်နေတာလဲ တက်လေ၊
ရထားဘီးလိမ့်ပြီး ထွက်စပြုစဉ် အဖွဲ့သားများ
က တွယ်ကပ်ပြီး ပါသွားသတဲ့။
ဟင် - ငါဘယ်ဆိုးလို့လဲ ပါလုပ်ယင် - ရပါတယ်...
ခင်းတို့လို - ငါလဲ တက်နိုင်ပါတယ်ကွ
ဒီတော့မှ တာတူးဟာ သတိရပြီး ကြောက်
ကြောက်နဲ့ ခုန်တက်လိုက်တယ်။
ခဏနေတော့ ရထားအရှိန်လဲယူရော အဖွဲ့
သားများဟာ အလိုက်သင့် တယောက်ပြီး
တယောက် ခုန်ချကြတယ်။
ဆင်းတော့လေကွာ
ဟား ဟား သတ္တိ မရှိတဲ့ကောင် - ငကြောက်
ရပါတယ်ကွ ...
ရတော့ ရတယ် အကျင့်ရော့ ဒီလို မကြောက်နဲ့
ဟား ဟား
တာတူးက မဆင်းသေးတော့....


ဟဲ့-ဂျလေး မဆင်းနဲ့
ခုန်မချနဲ့ သေလိမ့်မယ်
တာတူးဟာ အဲဒီလို ဟားတိုက်တာကို မခံချင်လို့ ပိုင်းပြောနေတဲ့ကြားထဲက—
ဟာ
သွို
တင်
သေပါပြီ
စွန့်စွန့်စားစား မျက်စိမှိတ်ပြီး ခုန်ချလိုက်တော့ရာ—
အသက်ရှိသေးရဲ့လား
တယ်ရိုက်သကိုး
သတိမေ့နေမှုရှိတယ်
လက်ကျိုးပြီထင်တယ်
ခေါင်းလဲကွဲသွားတယ်
ကျောင်းသားရှုပ်ဘဲ
ဆေးရုံကိုဖုန်းဆက်မှ ပါ
ပြောနေတဲ့ကြားထဲက-အတင်းချီဆင်းတာ ဘဲ
ဂတ်မိုလ်က မြင်လိုက်လို့ ရထားကိုရပ်စေပြီး ဆင်းကြည့်ရတာပေါ့။
ဒေါက်တာရယ် ကျမ သားလေး ဘယ်နှယ်နေသေးသလဲ
မစိုးရိမ်ရပါဘူး။ နဲနဲပါးပါးတော့ ချုပ်ရတာပေါ့။ မကြာမီ ကျောင်းပြန်တက်နိုင်မှာပါ။ အကျလော်မေလို့ပေါ့ -------
ဆေးရုံရောက်လို့ ဆိုင်ရာမှ အကြောင်းကြားချက်အရ မိဘဆရာများလိုက်လာပြီး—
ခင်များကိုသား-တာတူးဟာ ××××× အဲဒီတော့-နောက်ကို-အိမ်မှာလဲ ဆုံးမပါအုံး
ကျမကို-မသိလို့ပါ ဆရာကြီးရယ---ဆုံးမပါ့မယ်
တာတူးအခြေအနေကို လာကြည့်ကြတယ်။
....မင်းပါ-မကောင်းတဲ့ အလေ့တွေရှိ။ မဟုတ်တဲ့နေရာမှာ သတ္တိနဲ့-မခံချင်စိတ်ကို အသုံးမှားမိလို့-ခုလိုခံရတာဘဲ..
ဟုတ်ကဲ့ ဆရာကြီး---- ကျနော်မှားပါပြီ။ နောက်ကို-မလုပ်တော့ပါဘူး..
အခုလိုဒုက္ခရောက်ပြီးမှ တာတူးဟာ နောင်တရပြီး တောင်းပန်ဝန်ချတော့သတဲ့။
၉၆

# စူးစမ်းရှာဖွေသူများ
## မုံရွာဝင်းဖေ ဖျော်ဖျော်



## ပီဇာ့ရိုး

ပီဇာ့ရိုးသည် မထင်ရှားသော အမျိုးအနွယ်မှဆင်းသက်၍ ပညာလုံးဝ မသင်ခဲ့ရသော စပိန်အမျိုးသားတဦး ဖြစ်၏။ သူသည် သေသည့်တိုင်အောင် သူ၏နာမည်ကိုပင် မရေးတတ်ခဲ့ပေ။ ထိုသို့စာမတတ်သော်လည်း အကြံအစည် ကြီးမားသူ ဖြစ်၏။ သူသည် ၁၅၁၃ ခုနှစ်က ဗာလ်ဗိုးအား ဆိုသူနှင့်အတူ ပစိဖိတ်ကမ်းခြေသို့ ရောက်ခဲ့ဘူး၏။ ထိုအခါမှစ၍ တောင်အမေရိကတိုက်သို့ သွားရောက်ရန်ဆန္ဒသည် ပီဇာ့ရိုး၏ရင်တွင် ကိန်းအောင်းနေခဲ့လေသည်။

၁၅၁၉ ခုနှစ်တွင် ပီဇာ့ရိုးသည် ပနားမားနိုင်ငံတွင် မြေကွက်တကွက် ဝယ်ယူရရှိသဖြင့် ထိုနေရာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရာ တောင်အမေရိကသို့ သွားနိုင်ရန် ပို၍ နီးစပ်လာတော့သည်။ ၁၅၂၆ ခုနှစ်တွင် ပီဇာ့ရိုးသည် ပီရူးနိုင်ငံကို တိုက်ခိုက်သိမ်းယူရန် ရည်ရွယ်ချက်ဖြင့် နောက်လိုက်နောက်ပါများနှင့်အတူ ပနားမားဆိပ်ကမ်းမှ တောင်အမေရိက ကမ်းရိုးတန်းတလျှောက်အတိုင်း သင်္ဘောလွှင့်လာခဲ့လေသည်။ သို့သော် နှစ်နှစ်ခန့် ကြာသည့်တိုင်အောင် ပီရူးနိုင်ငံသို့ ရောက်ရှိခြင်းမရှိပဲ အစာရိက္ခာလည်း ပြတ်လပ်သွားသဖြင့် ပနားမားသို့ ပြန်လှည့်ခဲ့ရ၏။



ထို့နောက် ပီဇာရိုးသည် နောက်လိုက်အနည်းငယ်နှင့်အတူ တောင်အမေရိကသို့ ဒုတိယအကြိမ် ခရီးထွက်ပြန်သည်။ ဤအကြိမ်တွင်ကား တောင်အမေရိကတိုက် ကမ်းခြေပေါ်တွင် ခြေချမိကြ၏။ သို့သော် အဓိက ရည်မှန်းချက်ဖြစ်သည့် တောင်အမေရိကရှိ ပီရူးနိုင်ငံကို သိမ်းပိုက်နိုင်ရေးအတွက်ကား ပီဇာရိုးတွင် လူအင်အား အလွန်နည်းပါးနေပေသေးသည်။ သို့ဖြစ်ရာ ပီဇာရိုးသည် ပနားမားဘုရင်ခံထံ လူစေလွှတ်၍ အကူအညီတောင်း၏။ ပနားမားဘုရင်ခံက အကူအညီမပေးသဖြင့် ပီဇာရိုးကိုယ်တိုင် စပိန်သို့သွား၍ စပိန်ဘုရင်ထံ အကူအညီ တောင်းခံလေသည်။ ဘုရင့်ထံမှ အကူအညီရသဖြင့် ၁၅၃၀ ပြည့်နှစ်တွင် စပိန်မှ ပနားမားသို့ ပြန်လာခဲ့၏။ ၁၅၃၁ ခုနှစ်တွင် လူ ၁၈၀၊ မြင်း ၂၇ ကောင်ပါသော သင်္ဘောသုံးစင်းဖြင့် ပနားမား ဆိပ်ကမ်းမှ ပီရူးနိုင်ငံရှိရာသို့ ထွက်ခွာလာခဲ့၏။



မကြာမီ တောင်အမေရိကတိုက်၏ ကမ်းခြေသို့ရောက်၍ မြစ်ဝတခု အနီးတွင် မြို့တည်ကာ နားနေကြ၏။ စပိန်လူမျိုးအချို့သည် ထိုမြို့တွင် နေခဲ့ကြပြီး ပီဇာရိုးမှာကား လူ ၁၇၇ယောက်၊ ဘုန်းကြီးသုံးပါးနှင့်အတူ ပီရူး နိုင်ငံတည်ရှိရာ အန်းဒီးတောင်ထိပ်ဆီသို့ ခရီးပြင်း နှင်ခဲ့ပေသည်။ ဘေးတဖက် တချက်တွင် ချောက်ကမ်းပါးကြီးများ ရှိသော တောင်တက် လမ်းများပေါ်တွင် အသက်ဆံဖျား စွန့်စားသွားရပြီး နောက်ဆုံးတွင် ပီရူးနိုင်ငံသို့ ရောက်ရှိကြ၏။ ပထမတွင် ပီရူးဘုရင်က အသာတကြည် လက်ခံသော်လည်း နောက်ဆုံးတွင် ဘာသာရေးနှင့် ပတ်သက်ပြီး ပီရူးဘုရင်၏ စစ်တပ်နှင့် ပီဇာရိုး၏ နောက်လိုက်များ တိုက်ခိုက်ကြရသည်။ ပီဇာရိုးဖက်မှ အနိုင်ရသဖြင့် ပီဇာရိုးသည် ပီရူးနိုင်ငံ၏ ဘုရင်ဖြစ်လာလေသည်။

သို့သော် များမကြာမီ ၁၅၄၁ ခုနှစ်တွင် ပီဇာရိုးမှာ တိုင်းရင်းသားလူမျိုးများ၏ လက်ချက်ဖြင့် အသက်ဆုံးရလေတော့သည်။

စွန့်စား သွားလာမှုနှင့် တိုက်ခိုက်မှုတွင် အထူးကျွမ်းကျင်သော ပီဇာရိုးကား တောင်အမေရိကတိုက်သို့ ရောက်ရှိရုံမျှမက ပီရူးနိုင်ငံကိုပင် သိမ်းပိုက်နိုင်ခဲ့၏။ သို့သော် စွန့်စား ရှာဖွေစူးစမ်းရုံမျှနှင့် အားမရပဲ မတရား နယ်ချဲ့လိုသော စိတ်ဆန္ဒကြောင့် အသက်ဆုံးရှုံးရခြင်း ဖြစ်ပေတော့သည်။









နိုင်မောင် ရှိလို့ ပြန်ပါသလား
မရှိ သေးဘူး၊
မတွေ့သေးဘူး၊ ခင်ဗျားတို့ သူ့ကို မမြင် သေးဘူးလား၊
ခလေးမလေးကော ခင်ဗျားတို့နဲ့လား၊
ခလေးမလေးလား - ဟုတ်အင်း - မနက်တုန်းကမှ ထင်တယ်
ဖိုးထူး ကျွန်တော့်မှာလဲ မသိဘူး၊ နိုင်မောင်နဲ့လို့ ထင်တာပဲ၊ ဒီလိုဒါဆိုရင်တော့ လိုက်ရှာရတော့မှာပဲ၊
ဖိုးထူးကော ဦးလေး၊
မိတ်ဆွေနှင့် ဂျာနယ်ကျော်တို့သည် မြန်မာ့ဟင်းချက်စာကြည့်ဖို့ မိုးမခင်မှ အကို ပြန်လာကြောင်း ကြားရသောကြောင့် ပြဿနာပိုကြီးလာကြောင်း မသိကြသေးပါတည်း။
ကားနံပါတ် (၇) ပါ - ဟုတ်ကဲ့ - ဘာဖြစ်နေတာလဲ သိတယ်၊ ခုကဲ့ သဲဒီလို သွားလိုက်မယ်လေ၊
၇
ဒီသတင်း ခုတော့ ဂျာနယ်တွေ ကြားပြီ၊ ခိုင်မောင် တစ်ခါတစ်ခါ နေတဲ့ အခန်းကနေပြီ၊ လှေကားပေါ်က တယ်လီဖုန်းဆက်တယ်တဲ့၊ ကဲဘယ်သွားသလဲ သွားကြည့်မယ်

# ကရင်မလင် နန်းတော်




ရုရှနိုင်ငံ မော်စကိုမြို့တော်ရှိ ကရင်မလင်နန်းတော်သည် ဧက ၁၀၀ ကျယ်သော သုံးမြှောင့် မြေကွက်လပ်ကြီးပေါ်တွင် အမြင့်ပေ ၅၀၊ အထု ၁၅ ပေ၊ အရှည် တမိုင်ခွဲရှိသည့် အုတ်တန်တိုင်းအတွင်း ခန့်ညားစွာ တည်ရှိသည်။ တန်တိုင်းပတ်လည်၌ မျှော်စင် ၂၁ ခုရှိသည်။ ရုရှ ဇာဘုရင်များသည် ကရင်မလင်နန်းတော်တွင် ၁၇၀၉ ခုနှစ် အထိ နေထိုင်ခဲ့ကြသည်။ ၁၉၅၅ ခုနှစ်တွင် ကရင်မလင်ရှိ အဆောက်အအုံများကို ဆေးပြန်သုတ်ပြီး ပြည်သူလူထုအတွက် ပြတိုက်အဖြစ် ပြုလုပ်ပေးခဲ့သည်။

အလျား ၃၉၅ ပေ အမြင့် ၉၂ ပေရှိသည့် ဂရန်းပဲလေ့ (မဟာနန်းတော်) သည် ကရင်မလင်၏ အကြီးဆုံး အဆောက်အအုံဖြစ်သည်။ ဂရန်းပဲလေ့ဘေးတွင် လက်နက်နှင့် အနုပညာပြတိုက်ရှိ၍ ဇာဘုရင်များ၏ အဆောင်အယောင်၊ ရွှေ၊ ငွေ၊ သရဖူစသည်များ ပြထားသည်။ ကရင်မလင်ရှိ ဘုရားရှိခိုးကျောင်းကြီးများအနက် ဇာဘုရင်များ ဘိသိက်ခံသည့် အုစပင်စကီး ဆိုးဗော ဘုရားရှိခိုးကျောင်းမှာ အကြီးဆုံးဖြစ်၏။ အမြင့်ပေ ၃၀၀ ခန့်ရှိ အိုင်ဗန်ဘုရင်၏ ခေါင်းလောင်းမျှော်စင်ကြီးအတွင်း၌ တန်ချိန် ၂၀၀ နီးပါးရှိသည့် ကမ္ဘာ့ အကြီးဆုံး ခေါင်းလောင်းကြီးထားရှိသည်။

၁၈၁၂ ခုနှစ်က ရုရှကို လာတိုက်သည့် နပိုလီယံတပ်ကြီးမှ ရရှိလိုက်သော အမြောက် ၉၀၀ နှင့် ရုရှ ဇာဘုရင်၏ တန်ချိန် ၄၀ ရှိ ကမ္ဘာ့အကြီးဆုံး အမြောက်ကြီးကို နန်းတော်အပြင်ဖက်၌ ခင်းကျင်းပြသထားသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)




✱ဖလေးဖမောင်းဖမောင်

## ပြဇာတ်စင်လေး လုပ်ရအောင်

စက္ကူဖူးလွှတ် တခုကို ပုံပြပါအတိုင်း ဖေါက်ပြီးခေါက်လိုက်ပါ။ ထို့နောက်ပေးထားသောပုံကို ဖိတ်စာကပ်ပြားတွင်ကပ်၍ ညှပ်ပြီး အစက်ရာများ အတိုင်းခေါက်၍ ထောင်ထားနိုင်ပါသည်

# စည်းကမ်းတန်ဖိုး

အညာ ဂမ္ဘာ



မောင်ညိုလုံး လက်ထဲတွင် ကြီးသောလှသော နှင်းဆီအဖြူ၊ အနီ၊ အပွင့်ကြီးများ ကိုင်ထားသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်သည် ရုံးခန်းထဲသို့ မရဲတရဲ ဝင်လာသော မောင်ညိုလုံးကို မမြင်သေး။ ကလောင်တချောင်းနှင့် ရေးမှတ်ခြင်းဖြင့် အလုပ်ရှုပ်နေသည်။

"ဆရာမကြီး"

မောင်ညိုလုံးကခပ်ကြောက်ကြောက်ဖြင့် ခေါ်လိုက်သည်။ ဆရာမကြီးသည် မျက်မှန်ကို လက်မဖြင့် အသာပင့်တင်လိုက်ပြီး –

"ဘာကိစ္စလဲကွယ်"

"မေမေက ဆရာမကြီး အတွက် ပန်းတွေ အပေးခိုင်းလိုက်ပါတယ် ခင်ဗျာ"

မောင်ညိုလုံးသည် နှင်းဆီပွင့်များကို ဆရာမကြီးသို့ လက်နှစ်ဖက်ဖြင့် ရိုသေစွာ ပေးလိုက်သည်။ ဆရာမကြီးက ပန်းများကို ယူ၍ စားပွဲပေါ်၌ အသာအယာ တင်ထားသည်။

"မင်းမေမေက ဝယ်ပေးလိုက်တာလား"

"မဟုတ်ပါဘူး။ ကျနော်တို့ခြံထဲမှာရှိတဲ့ အပင်တွေက ခူးပေးလိုက်တာပါခင်ဗျာ"

"အေး ဒီတခါတော့ ရှိစေတော့။ နောက်ဆို ဆရာမကြီး အတွက် ဘာလက်ဆောင်မှ ယူမလာခဲ့နဲ့၊ ဟုတ်လား။ မင်း မေမေ ကိုလဲ ပြောလိုက်၊ ကျေးဇူးတင်ပါတယ်လို့။ ကဲ - မင်းပြန်နိုင်ပြီ"

ဆရာမကြီး၏ ရုံးခန်း ထဲမှ ထွက်လာသော မောင်ညိုလုံးမှာ စိတ်လက် ပေါ့ပါး ရွှင်မြူး၍နေသည်။ ကျောင်းတက်ရန် စောသေးသည်နှင့် ဈေးဆိုင်များ ရှိရာဖက် လာခဲ့ပြီး ရေခဲချောင်း တချောင်း ဝယ်စားသည်။ ရေခဲချောင်း တဝက် ကုန်လုလုတွင် မောင်ညိုလုံး လက်ကို တစုံတယောက်က တိုက်သွားသဖြင့် မြေကြီးပေါ် သို့ ကျသွားသည်။ မောင်ညိုလုံးလက်ကို တိုက်သွားသူမှာ ဖိုးတေ ဖြစ်သည်။ သူ၏ အမည်ရင်းမှာ ဇော်ဝင်းဖြစ်၏။ တေပေလွန်း၍ ကျောင်းသားများက ဖိုးတေဟု ခေါ်ကြခြင်း ဖြစ်သည်။

"မကျေနပ်ဘူးလားကွ"

ဖိုးတေက မောင်ညိုလုံးကို မေးလိုက်သည်။

"ကျေ နပ် ပါ တယ် ကွာ၊ မတော်လို့ထိမိတာဘဲ"

"မတော်လို့ထိတာ မဟုတ်ဘူးကွ။ တမင်လုပ်တာ။ မင်း မကျေပ်နပ်လဲ ဂရုမစိုက်ဘူး"

ဖိုးတေက ရုပ်ရှင်ထဲမှ လူကြမ်း အမူအရာဖြင့် မဲ့ကာ ရွဲ့ကာ ပြောသည်။ မောင်ညိုလုံးသည် ခေါင်းငုံ့ခံမည်ဟု စိတ်ကူးထားသည်။သို့သော်ရယ်သံများ ကြားလိုက်ရသဖြင့် မောင်ညိုလုံး ရှက်သွားသည်။ ထို့ကြောင့် ဖိုးတေ၏ အင်္ကျီစကိုဆွဲပြီး လက်တဖက်ဖြင့် ဖိုးတေ မျက်နှာကို ထိုးလိုက်သည်။ ဖိုးတေက ပြန်ထိုးသည်။ လူများ ဝိုင်း လာသည်။ မောင်ညိုလုံး ခမျာ

ခံပြင်းလွန်း၍ ဘာတခုမျှ မပြင် ရတော့။

"ကျောင်း သား ဆို တာ ကျောင်းစည်းကမ်းကို ရိုသေရ တယ်ကွ"

ဆရာမကြီး၏ အသံ ကြား ရမှ မောင်ညိုလုံး သတိရ စိတ် ဝင်လာသည်။ ဖိုးတေ သည် ဆရာမကြီး ရှေ့၌ ခေါင်းငုံ့၍ လက်ပိုက်ပြီး ရပ်နေသည်။

"မောင်ဇော်ဝင်း၊ မင်းမှာ အပြစ်ရှိတယ်လို့ မင်းရဲ့အတန်း ပိုင်ဆရာမနဲ့ ကျောင်းသားတွေ က ပြောနေပြီ။ မင်း ဝန်ခံ သလား"

"ကျနော့်မှာ အပြစ် ရှိပါ တယ် ဆရာမကြီး"

ဖိုးတေက အသံတိုးတိုးဖြင့် ဝန်ခံလိုက်သည်။

"အပြစ်ရှိတဲ့ အတွက် မင်း မုံ့စားဆင်းချိန်မှာ ကျောင်းဝင်း ထဲမှာရှိတဲ့ အမှိုက် သရိုက်တွေ ကောက် ရ မယ်။ တံမြက်စည်း လှဲရမယ်။ နားလည်ရဲ့လား"

ဆရာမကြီးသည် မောင်ညို လုံးကို ကြည့်ပြန်သည်။ မောင် ညိုလုံး အနည်းငယ် ထိတ်လန့် သွားသည်။ ဆရာမကြီးကို မရဲ တရဲ ကြည့်မိသည်။ ဆရာမကြီး ၏ ခေါင်းတွင် နီရဲသော နှင်း ဆီပန်းပွင့်ကြီး ပန် ဆင် ထား သည်။ မောင်ညိုလုံး အားတက် သွားသည်။ ဆရာမကြီးကို နှင်း ဆီပန်းများ ပေးခဲ့ခြင်းအတွက် ဆရာမကြီး သူ့အပေါ်မှာ ညှာ လိမ့်မည် ထင်သည်။

"မင်းမှာ အပြစ် ရှိသလား မောင်ညိုလုံး"

"ကျနော့်မှာ အပြစ်မရှိပါ ဘူး ဆရာမကြီး၊ သူ့ရန်စလို့ ကျ နော် ထိုးမိတာပါ"

ဆရာမကြီးက ပြုံးရွှင်စွာ နားထောင်လျက် -

"ကောင်းပြီ။ မင်းကို ရန်စ တဲ့ အကြောင်း ဆရာမကြီးကို ဘာလို့ လာပြီး မတိုင်ရတာလဲ"

မောင်ညိုလုံး အဖြေရ ခက် သွားသည်။

"ကဲ – မင်းမှာ အပြစ်ရှိ သလား မောင်ညိုလုံး"

ဆရာမကြီးက ထပ် မေး သည်။

"ဟုတ်ကဲ့-ဆရာမကြီး။ အ ပြစ် ရှိပါတယ်"

မောင် ညို လုံး က ပြန်ဖြေ သည်။

"မင်း က တော့ ညနေ ကျောင်းဆင်းယင် ကျောင်းဝင်း ထဲမှာရှိတဲ့ ပန်းပင်တွေကို ရေ လောင်းရမယ်။ ကဲ – မင်း အ တန်း မင်းပြန်နိုင်ပြီ"

မောင်ညိုလုံး အသိ နှစ်ခု ရလာသည်။ ရန်ကိုရန်ဖြင့် တုန့် ပြန်ခြင်း မပြုပဲ ဆရာမကြီးကို သာ တိုင်ခဲ့လျှင်....ဟူသောအသိ နှင့် ဆရာမကြီးသည် မျက်နှာ မလိုက်၊ ကျောင်းသားအားလုံး အပေါ် ရင်ဝယ်သားကဲ့သို့ ချစ် ခင် ဆုံးမသည်ဟူသော အသိတို့ ပင်တည်း။

# ပုပ္ပါးတောင်

ပုပ္ပါးတောင်ကလပ် ပေမြင့်စွန်၊
နှစ်ထောင်လေးရာ တင်းသွဲ့ခွန်။

ဆေးမွန်တောင်က ပိုမြင့်ဘိ၊
လေးထောင်ရှစ်ရာ ပေမြင့်ရှိ။

တောင်မကြီးက မိုးတိမ်စွန်၊
အမြင့်စွင့်စွင့်ချွန်။

အလွန်မြင့်တဲ့ တောင်ကြီးဖြစ်၊
လေးထောင်ကိုးရာ ရှစ်ဆဲ့တစ်။

စကားဝါပန်း ဆေးပင်စုံ၊
ငှက်ပျောပိန္နဲ သရက်ဖုံ။

ပုံပြင်ထဲက မယ်တော်ကြီး၊
ပုပ္ပါးတောင်၌ သူပျော်မှီး။ ။

ရတနာပုံ ဒါလီ ဆွေ



R. 517

# ခိုင်ပန်းစုံ

''ဝတ်ဆံရွှေခဲ၊ ပုလဲချပ်စီ'' ဟု သရဖီပန်းများ၏ ဝတ်ဆံကို ရွှေအစု အခဲ ကလေးများနှင့်ဍင်း၊ ပွင့်ချပ်များကို ပုလဲချပ်ကလေးများနှင့်ဍင်း။ ရှေးစာဆိုကြီးများက ခိုင်းနှိုင်း၍ ဖွဲ့ဆိုကြသည်။ အပွင့် ကလေးများ၏ ပုံသဏ္ဌာန်မှာ ကံ့ကော်ပွင့်နှင့် တူသယောင်ယောင်။ ပုန်းညက်ပန်းနှင့်လည်း ဆင်သလိုလို။ အပွင့်တပွင့်တွင် ပွင့်ချပ်လေးခုပါရှိ၍ အပွင့်၏ ပမာဏမှာ လက်မဝက်သာသာမျှသာ ရှိလေသည်။

တပေါင်းလတွင် သရဖီပန်းများ ဖူးပွင့်သဖြင့် ရှေးစာဆိုတော်များ၏ တပေါင်းလဖွဲ့များတွင် သရဖီပန်းသည် ပါစမြဲဖြစ်သည်။ များပိတုန်းများ နှစ်သက်သော အလွန် သင်းပြန့်သည့် အနံ့ရှိသဖြင့် သရဖီပန်းများကို နေမထွက်မီ ခူးကြရသည်။ သို့မဟုတ်လျှင် များပိတုန်းများ အုံခဲနေတတ်သည်။




သရဖီပင်သည် ပုန်းညက်ပင်နှင့် ဆင်ဆင်တူသည်။ သို့သော် အပင်အနေအထားပို၍ ဖြောင့်မတ်သည်။ ပေ ၅၀-၆၀ ခန့်အထိ မြင့်နိုင်သော အပင်အလတ်စားဖြစ်သည်။ အပူပိုင်းဒေသများ၌ ဖြစ်ထွန်းသည်။ အရွက်များမှာ ပုန်းညက်ရွက်နှင့် ဆင်သော်လည်း အနည်းငယ်သေး၍ ထိပ်တုံးသည်။ ပုန်းညက်ရွက်ကဲ့သို့ပင် အနားညီ၍ အရွက်ချောပြီး သားရေကဲ့သို့ ခပ်ပျဉ်းပျဉ်းဖြစ်သည်။ အပွင့်ပွင့်ပုံမှာမူ ပုန်းညက်နှင့် ခြားနားသည်။ ပုန်းညက်ကဲ့သို့ အခိုင်လိုက် မပွင့်ပဲ ရိုးတံတလျှောက်ပွင့်ညှာတံ ခပ်တိုတိုဖြင့် ခပ်ကျဲကျဲတပွင့်ချင်း ပွင့်သည်။ အဖူးများကလည်း လုံးလုံးကလေးများ ဖြစ်သည်။ အသီးများမှာ ပုန်းညက်သီးကဲ့သို့ပင်အခွံမာ၍ လုံးလုံးဝန်းဝန်းဖြစ်ပြီးလျှင် ပုန်းညက်သီးအရွယ်ခန့်ပင်ရှိလေသည်။

တင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ခိုင်က ရိုက်နှိပ်သည်။

အတွဲ ၄၊ အမှတ် ၄၆။

# ရွှေသွေး ဂျာနယ်

မကြောက်

ဇာတ်လမ်း-ဖိုးချစ်ကြိုင်

သရုပ်ဖော်-ဂဇ

၁၃၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၆ ရက်။ (၁၁-၁၀-၇၂)




စနေနေ့တိုင်း ထုတ်ဝေသည်။



ဩ – မလွယ်ပါလား
ဒေါက်တာဦးမိုးသည် မေမြို့တွင် နေထိုင်ရန် အိမ်လိုက်ရှာရာ ငါးရက်မြောက်သော်လည်း စိတ်ကြိုက် မတွေ့ပဲ ဖြစ်နေစဉ်–
ဆရာ အလိုရှိတာကို ကျွန်တော် ကူညီနိုင်ပါတယ် ခင်ဗျာ၊ ကျွန်တော့်အိမ် ကိုသာ လိုက်ခဲ့ပါ
ဟုတ်ကဲ့ လိုက်တာပေါ့
အိမ်သို့ ရောက်ကြသောအခါ–
ဒီဓါတ်ပုံထဲက အိမ်က ငါးသောင်းဈေး ခေါ်ပါတယ်၊ ဒီဓါတ်ပုံထဲက အိမ်က ခြောက်သောင်းခွဲ ခေါ်ပါတယ်
ကျုပ်က နှစ်သောင်းလောက်ပဲ တတ်နိုင်တာ
ဒါဖြင့်၊ ဟောဒီအိမ်ကတော့ နှစ်သောင်းတထောင်ပဲ ဆရာ
နှစ်သောင်းတထောင် ဟုတ်လား၊ ဒီဈေးနဲ့ ဒီအိမ် - ကျုပ်တော့ ကြိုက်နေပြီ၊ ဘယ်တော့ သွားကြည့်ရမလဲ၊
မနက်ဖြန်ပဲ သွားကြည့်နိုင်ပါတယ်၊ ဒါပေမဲ့–
ဒီအိမ်က တခြေ ချောက်လို့၊ ဆရာ တညလောက် အိပ်ကြည့်ပြီးမှ - ဝယ် သင့်ဝယ်ပါ ဆရာ – – –
ကောင်းပြီလေ အိပ်ကြည့်ဆိုလဲ ကြည့်တာပေါ့–


နောက်နေ့ညနေတွင် အိမ်ပွဲစားသည် ဒေါက်တာ ဦးမိုးကို ထိုအိမ်ကြီးသို့ လိုက်ပို့ပေးသည်။
အိမ်ကြီးမှာ ပြုပြင်ခြင်းကင်းမဲ့နေသဖြင့် ချုံများထူနေပြီး ချောက်ချားဘွယ်ဖြစ်နေ၏။
ညကျယင် သတိနဲ့ အိပ်ပါဆရာ
ဟုတ်ကဲ့ သိတ်ချပါ
ကျွန်တော်ကိုလဲ ဒီမှာကြာကြာ မနေရဲလို့ ပြန်ခွင့်ပြုပါအုံး ဆရာ
ကောင်းပါပြီဗျား ကောင်းပါပြီ
ဒေါက်တာဦးမိုးသည် တယောက်တည်း ကျန်ရစ်ခဲ့သောအခါ ဆေးကျမ်းတစောင်ကို ဖွင့်ဖတ်ပြီး အချိန်ဖြုန်းနေလေသည်။
ည ၁၂ နာရီ ထိုးသော်....
တယ်ဒီမီးကလဲ အရေးထဲ---
လျှပ်စစ်မီး အလိုလိုငြိမ်းသွား၍ တအိမ်လုံး မှောင်အတိ ကျသွားတော့၏။



ဦးမိုးသည် ဖယောင်းတိုင်ထွန်းပြီး ဆေးကျမ်းကို ပြန်၍ဖတ်နေစဉ်....
အောက်ထပ်မှ အသံများကြားရသည်။
ဒုံး ဗလုံး ဘုံး ဂျိန်း
အသံများ တိတ်သွားသောအခါ လှေကားမှ တက်လာသည့်ခြေသံကို ကြားရပြန်သည်။
ချွတ်-ချွတ်-ချွတ်-ချွတ်
ခြေသံဆုံးသွားသောအခါ တံခါးဝ၌ လူဖြူဖြူကြီးတဦး ပေါ်လာတော့၏။
လူဖြူကြီးသည် ရှေ့သို့ တလှမ်းပြီး တလှမ်း တိုးလာလေသည်။
ဦးမိုးသည် သတ္တိကောင်းသူဖြစ်၍ မတုန်မလှုပ်ဝဲ လူဖြူကြီးကိုသာ မျက်ခြည်မပြတ်ကြည့်နေ၏။


မိမိအနီးသို့ ရောက်သောအခါ စာအုပ်ကြီးဖြင့် တအားပေါက်ထည့်လိုက်လေ၏။
အမယ်လေး:ဗျ
အောင်မယ်၊ တစ္ဆေကဘဲ-အမယ်လေး တ,ဂု,တယ်လို့၊ကဲ-မှတ်ကရော့---
ဒေါက်တာဦးမိုးသည် လူဖြူကြီးကို လွှားခနဲ ခုန်အုပ်လိုက်ပြီး—
ခေါင်းစွပ်ကို ဆွဲချွတ်ပစ်လိုက်ကာ ခွဲစိတ်ဓားဖြင့် ထောက်ထားလိုက်လေ၏။
မင်းဘယ်သူလဲ မှန်မှန်ပြော
ချမ်းသာပေးပါ ဆရာ၊ ချမ်းသာ ပေးပါ-
ဟား-ဟား---ဟား-ဟား ဒီမိမ်ပွဲစားကြီးကိုး၊ တော်တော် နောက်တဲ့လူဘဲ-ဟား-ဟား-ဟား
ဟုတ်-ဟုတ်-- ဟုတ်ပါတယ် ဆရာ
ကျုပ်ဓါးအုပ်နဲ့ပေါက်တာ အတော်နာသွားလားဗျ
သိပ် မနာပါဘူး မြန်းခနဲ မို့ ကျွန်တော်လဲ ယောင်အော် မိတာပါ ဆရာ
ဒါနဲ့ ခုဝိစမ်းပါအုံး၊ ပွဲစားကြီးက ကျွန်တော့်ကို တစ္ဆေလုပ်ခြောက်တာ ဘာဖြစ်လို့လဲဗျ


ဆက္ကူကို - ဒီအိမ်မဝယ်စေ့ချင်လို့ပါဆက္ကူ-
ဗျာ -- ဗျာ ---
ကျုပ်ကိုဒီအိမ်မဝယ်စေ့ချင်လို့--
ဟုတ်ပါတယ်ဆက္ကူ၊ ဒီအိမ်ကို ကျွန်တော် ကိုယ်တိုင်ဝယ်ချင်နေလို့ပါဘဲဆက္ကူ
ခင်ဗျားကိုယ်တိုင်ဝယ်ချင်နေယင်လဲ အခုကတည်းကဝယ်လိုက်ရောပေါ့ဗျ၊ အခုတော့-ကျုပ်ကိုခပ်ပြီးမှ---
ဝယ်ဆို၊ ကျွန်တော့်မှာငွေကမပြည့်ဘဲ ဖြစ်နေလို့၊ ဒီအိမ်ကြီးနောက်ထပ် ငွေ သုံးထောင်လောက်ထပ်ပြီးဈေးကျ သွားမှကျွန်တော်ကဝယ်နိုင်မှာ ဖြစ်နေပါတယ်ဆက္ကူ
ဪ - ဪ - သိပြီ - သိပြီ ဒီအိမ်ကြီးတစ္ဆေခြောက်တဲ့အကြောင်း ကျုပ်ကလျှောက်ပြောယင်၊ ဒီအိမ်ဈေး ထပ်ကျအုံးမယ်ဆိုပါတော့--
ဟုတ်ပါတယ်ဆက္ကူ ဒီအတိုင်းပါပဲဆက္ကူ
ကောင်းပြီလေ၊ ဒီအိမ်တစ္ဆေခြောက်တဲ့ အကြောင်းကျုပ်လျှောက်ပြောပေး ပါ့မယ်၊ ဒါပေမဲ့ကျုပ်ကတော့သိမ် ပြီးမပြောတတ်ဘူးဗျနော်---
ဟား-ဟား-မပြောပါနဲ့တော့ဆက္ကူ၊ ဒီအိမ် ကိုလဲဆက္ကူဘဲယူလိုက်ပါတော့၊ ဆက္ကူလျှောက် ပြောတာနဲ့ ကျွန်တော်နာမည်ပျက်ပြီးထမင်း တော်ပေါက်တိုးနေပါအုံးမယ်ဆက္ကူ---
ဟား:ဟား:ဟား:
ပြီး



နေရာယူ
ဇာတ်လမ်း — မြတင့်ရှည်
သရုပ်ဖော် —
ကျောင်းပိတ်ရက် တရက်တွင် နီသွေးသည် ရုပ်ရှင်ကြည့်ရန်အလာ လူအများတန်းစီ နေသည်ကိုတွေ့ရ၏။
ဟာ ! လူတွေကောင် တော်တော် များနေပြီ— ထုံးစံအတိုင်းဝင်စီလို့ကတော့ ငါ လက်မှတ်ရဖို့မျှော်လင့်ချက်တော့ဘူး
ထို့ကြောင့် လူတန်းကြီး၏ ရှေ့ဆုံးတွင် ခပ်တည်တည်ဖြင့် ဝင်စီလိုက်ရာ....
ဥူး ပညာပေးလိုက်ဦး
ကျွန်တော့် ဦးထုပ် ပေးပါဗျ
သူ့နောက်မှ လူတယောက်သည် ဘာမျှမပြောပဲ သူ့ဦးထုပ်ကို ချွတ်ယူပြီး—
နောက်လူများသို့ လက်ဆင့်ကမ်းလိုက်၏။ ဦးထုပ်သည် တယောက်တလက်ဖြင့် တန်းနောက်ဆုံးလူ၏ လက်သို့ ရောက်ရှိသွားလေသည်။
ထိုအခါတွင်မှ..
သဘောပေါက်လာသော နီသွေးသည် တန်းနောက်ဆုံးသို့ အပြေးသွားကာ နေရာယူလိုက်တော့၏။




# စူးစမ်းရှာဖွေ သူများ

မုံရွာဝင်းဇေ
ကျော်ကျော်

## ဝီလျံအဒမ်

ဝီလျံအဒမ်သည် အင်္ဂလန်နိုင်ငံ ချာသမ် ရေတပ်စခန်းမြို့ အနီးရှိ ကင့်မြို့၌ ၁၅၆၀ ပြည့်နှစ်တွင် ဖွားမြင်သည်။ ငယ်စဉ်ကပင် ပင်လယ်နှင့် ရင်းနှီးကျွမ်းဝင်ခဲ့သူဖြစ် အသက် ၁၂ နှစ် အရွယ်တွင် သင်္ဘောဆောက်လုပ်ရေး ဌာနတခု၌ အလုပ်သင်အဖြစ် ဆောင်ရွက်ခဲ့၏။ ထို့နောက်တွင် ရေတပ်သို့ ဝင်ရောက်အမှုထမ်းခဲ့ပြီး ရေကြောင်း ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်များ ရရှိခဲ့သည်။

၁၅၉၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံနှင့် ကူးသန်းသွားလာသော သင်္ဘော ကုမ္ပဏီတခုသို့ မာလိန်မှူးအဖြစ် ဝင်ရောက် အမှုထမ်းခဲ့၏။ သူသည် သင်္ဘောသား ၁၁၀ ပါရှိ၍ တန်ချိန် ၁၆၀ လေးသော "ချယ်ရတီ" အမည်ရှိ သင်္ဘောတွင် တာဝန် ထမ်းဆောင်ရလေသည်။ ဝီလျံအဒမ်သည် ဇွန်လ ၂၄ ရက်နေ့တွင် အခြားသင်္ဘောများနှင့် အတူတကွဆဲ ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့၏။ မျှားမကြာမီ သင်္ဘောသားအချို့ ဖျားနာကုန်ကြသဖြင့် စိတ်ဓာတ်ကျဆင်းလာကြ၏။ သို့သော် ဝီလျံအဒမ်က အားပေးတွန်းကန်ပြီး ဆက်လက် ခရီးနှင်လာခဲ့ရာ နှစ်လအကြာတွင် အနောက် အာဖရိက ကမ်းခြေရှိ ကိပ်ဗာ့ကျွန်းများသို့ ရောက်ရှိလေသည်။ ထိုနေရာတွင် ရက်သတ္တ သုံးပတ်ခန့် နားနေပြီးနောက် ဂီနီ ကမ်းခြေဆီသို့ ဆက်၍ ထွက်ခွာလာခဲ့သည်။ ဂီနီတွင် နှစ်လခန့် နားနေပြီးနောက် ဆိုးရွားသော ရာသီဥတုဒဏ်ကို ရှောင်တိမ်းရန် အတွက် တောင်အမေရိကတိုက်ရှိ ဗရာဇီးသို့ ဦးတည် ထွက်ခွာလာခဲ့ကြသည်။




လမ်းခရီးတွင် လေမုန်တိုင်း ကျသဖြင့် ခရီး မတွင်ကျယ်ဘဲ ၁၅၉၈ ခုနှစ် နိုဝင်ဘာလလယ်မှ ၁၅၉၉ ခုနှစ် ဧပြီလဆန်း



ထိ အတ္တလန္တိတ် သမုဒ္ဒရာထဲ၌ သံသရာလည်နေရသည်။ ထို့နောက် မဂျယ်လန် ရေလက်ကြားအတွင်း ဝင်ရောက်မိပြန်သော်လည်း ဆောင်းဥတုနှင့် ကြုံနေသဖြင့် စက်တင်ဘာလအထိ မဂျယ်လန် ရေလက်ကြား အတွင်း စတည်းချနေရ၏။ ထိုစဉ် ပြင်းထန်သော လေမုန်တိုင်း ကျရောက်လာသဖြင့် သင်္ဘောများမှာ တကွဲတပြားစီ ဖြစ်ကုန်ကြသည်။ ဝီလျံအဒမ် စီးနင်းကွပ်ကဲသည့် ချယ်ရတီ သင်္ဘောနှင့် ဟုပ် အမည်ရှိသင်္ဘောနှစ်စင်းသာလျှင် ချီလီကမ်းခြေတွင် ပြန်ဆုံမိကြ၏။ သို့သော် တိုင်းရင်းသားများ၏ တိုက်ခိုက်ခြင်းကို ခံရသဖြင့် သင်္ဘောသား အမြောက်အမြား ကျဆုံးကုန်ရာ ဝီလျံအဒမ်၏ညီ သောမတ်အဒမ်လည်း သေဆုံးသည့်အထဲတွင် ပါဝင်သွားလေသည်။

ထို့ကြောင့် ဘေးအန္တရာယ် ကင်းရှင်းရာ ဂျပန်နိုင်ငံသို့သွားရောက်ရန် ဆုံးဖြတ်ပြီး နိုဝင်ဘာလကုန်တွင် အနောက်မြောက်ဆီသို့ ဦးတည်ရွက်လွှင့်လာခဲ့၏။ လမ်းခရီးတွင် လေမုန်တိုင်း ကျပြန်သဖြင့် သင်္ဘောနှစ်စင်း တကွဲတပြားစီ ဖြစ်သွားပြီး ဟုပ်သင်္ဘောမှာ ပျောက်ဆုံး သွားတော့သည်။ သို့ဖြင့် ချယ်ရတီ သင်္ဘောတစင်းတည်း ခရီးဆက်ခဲ့ရာ ၁၆၀၀ ပြည့်နှစ် ဧပြီလတွင် ဂျပန် နိုင်ငံ တောင်ဖက်ဆုံး ကျူးရှူးကျွန်း တနေရာရှိ ဗန်ဂိုကမ်းခြေသို့ ရောက်ရှိသွားသည်။

ပထမတွင် ဂျပန်ဘုရင်ခံ အိယေးယာဆုနှင့်တွေ့ဆုံရပြီး ထိုဘုရင်ခံက ဝီလျံအဒမ်ကို မနှစ်မြို့သဖြင့် အကျဉ်းချထားလိုက်၏။ နောက်ဆုံးတွင် ဝီလျံအဒမ်က ဥရောပလုပ် ပစ္စည်းအသင် အဆန်းများကို လက်ဆောင်ပေးပြီး၊ သင်္ဘောတည်ဆောက်နည်း များကိုပါ သင်ကြားပြသပေးသဖြင့် အကျဉ်းမှ လွှတ်လိုက်၏။ မကြာမီ ဝီလျံအဒမ်သည် ဂျပန်စစ်ဘုရင်ခံ၏ အကြံပေး အရာရှိသဖွယ် အရေးပါလာလေသည်။



ဝီလျံအဒမ်သည် ဂျပန်သို့ ပထမဆုံး ရောက် ရှိသော အင်္ဂလိပ်လူမျိုးဖြစ်ပြီး၊ ဂျပန်အမျိုးသမီး နှင့် လက်ထပ်ကာ သေသည်အထိ ဂျပန်နိုင်ငံ မှာပင် ဆက်လက်နေထိုင်ခဲ့လေသည်။



စွန့်စားခန်း
ဇာတ်လမ်း
သရုပ်ဖော်
မြသွေး
မကြာမီ
ဟုတ်ကဲ့


ဘုရား-ဘုရား-ကိုဖေတွေတော့
အိမ်ကိုဝိုင်းကုန်ကြပြီ၊ သိုးကြီး
မိန်းမတော်သွား ဖိုးထူးနဲ့၊ ဒီအိမ်ပျက်
ကြီးထဲမှာ ရှိကြပြီ၊ ကိုဖေတွေနဲ့ ပစ်လိုး
ခတ်လိုး လုပ်ကြမယ်၊ ဖိုးထူး တတွက်
နဲ့ ကိုမိခဲ့တာကိုး၊
ဒေါက်-ဒေါက်-ဒေါက်
ဟုတ်တယ်- ဟုတ်တယ်- အဲ့ဒီလူကြီးကွာ၊
အလို- ငါ့အိမ်ကို၊ ကိုဖေတွေ ဝိုင်းထားပါလား၊
ဘာကိစ္စရှိကြလို့လဲ
ဘာကိစ္စလဲ ဖမ်းမလို့ ပါနဲ့ဗျာ ခင်ဗျားအိမ်ထဲမှာ ဖိုးထူးလေး တစ်ယောက် ရှိတယ် မဟုတ်လား၊
မ-မ-မရှိ-ဘူး-ဘူး...
ဟုတ်ကဲ့-ကျနော့်အိမ်ထဲမှာပါ၊





လီနင်ဂရက်မြို့ရှိ ဟာမိတိတ် ပြတိုက်သည် ကမ္ဘာကျော် အနုပညာပြတိုက်တခု ဖြစ်သည်။ ကမ္ဘာ့အရပ်ရပ်မှ ကျော်စောထင်ရှားသည့် ယဉ်ကျေးမှုလက်ရာများစွာကို ခေတ်အသီးသီး ခွဲခြား၍ ပြသထားသည်။ ပြတိုက်အဆောက်အအုံမှာ ရုရှားဘုရင်မကြီး ဒုတိယကက်သရင်း တည်ဆောက် ခဲ့သည့် ဆောင်းရာသီ စံနန်းတော်၏ တစိတ်တပိုင်းဖြစ်ပြီး အခန်းကြီးငယ်ပေါင်း တထောင်ကျော် ရှိသည်။


ပြတိုက်တွင် ဆလာဗစ်လူမျိုး (ရုရှ၊ ပိုး၊ ချက်)တို့၏ ယဉ်ကျေးမှုရေးရာအဖုံဖုံကို ပြသထားရာ ရုရှတို့၏ အနုပညာသမိုင်းကို အဓိကထား၍ ပြသသည်။ တရုပ်နိုင်ငံမှ အကောင်းဆုံး အနုပညာ လက်ရာများအပြင် ရှေးဟောင်း အီဂျစ်၊ဗိုင်ဇင်ရှန်၊ ပါးရှား၊ ဂရိနှင့် ခေါမလူမျိုးတို့၏ လက်ရာများလည်း ပြသထားသည်။

## ဆိုဗီယက်မှ ဟာမိတိတ်ပြတိုက်

ပန်းချီခန်းမကြီးတွင် ဥရောပမှ ထင်ရှားကျော်ကြားသော ပန်းချီဆရာကြီးများဖြစ်သည့် လီယိုနာဗို ဒါဗင်းချီ၊ ရက်ဖီယယ်၊ တစ်ရှန်၊ ရူဗင်၊ ရမ်းဗရန့် တို့၏ ပန်းချီလက်ရာများနှင့် မိုက်ကယ်အန်ဂျီလို၊ လော်ရင်ဇိုဗာနီနီ၊ အန်တိုနီယို ကာနိုဗာ စသည့်တို့၏ ပန်းပုလက်ရာများပြသထားသည်။ ဆင်စွယ်ပန်းပုများ၊ ပန်းပြောက်များ၊ ကြွေထည်များ၊ အိမ်အသုံးအဆောင်ပစ္စည်းများနှင့် ရွှေထည် ငွေထည်လက်ရာများကိုလည်း အထူး စုဆောင်းထား သေးသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

## ပုံတူကူးမလား






စက္ကူတရွက်ကို ဖယောင်းနှင့်တိုက်ပြီး ကူးလိုသောပုံပေါ်၌ မှောက်လျက်ထပ်ပါ။ နောက် လက်သည်းစောင်းဖြင့်ဖိ၍ပွတ်တိုက်ပြီး တဖြည်းဖြည်းဆွဲခွာပါ။ ဖယောင်းတိုက်ထားသော မျက်နှာပြင်၌ ပုံထင်နေသည်ကို တွေ့ရပါလိမ့်မည်။

ဏင်မောင်ပင်း

# နှောင်းခဲ့လေပြီ

ဗညားဦး



သံချောင်းကို တရပ်လုံးက "မျောက်ရှုး"ဟု ခေါ်ကြ၏။ အလွန် လက်ဆော့သဖြင့် ထိုသို့ ခေါ်ကြခြင်းဖြစ်သည်။ သူလက်ချက်ကြောင့် အရပ်ထဲရှိ ခေါတ်မီးတိုင်မှ မီးလုံးလည်း ကွဲဘူးပြီ။ သူ့အိမ်နံဘေးမှ ခြံစောင့်ကြီးဦးတုတ်လည်း သူပစ်လိုက်သော လောက်စာလုံး မှန်၍ ခေါင်းပေါက်ခဲ့ဘူးပြီ။ တခါကလည်း လမ်းထောင့်ရှိ ပဲလှော်သည် အဒေါ်ကြီးကို နောက်မှ ဗျောက်အိုးနှင့်ထုပြေးသည်။

ဤသို့ လက် ဆော့ တတ်မှုကြောင့်ပင် သံ ချောင်း သည် မကြာခဏအတိုင်ခံရ၍အရိုက်ခံရပေါင်းလည်းများပြီ။ သို့သော် သံချောင်းက အမှတ်မရှိ။ သူ့အကျင့်ကို သူမပြင်။ လက်ဆော့မြဲတိုင်း ဆော့၏။ လက်တွင်မက ခြေပါဆော့တတ်သေးသည်။

ကျောင်းသွားလျှင် လမ်းပေါ်မှာ တွေ့သည့် နို့ဆီဗူးခွံကို တလမ်းလုံး လျှောက်ကန်သွားတတ်၏။

သည်နေ့လည်း အိမ်က ကြံရည် ဝယ်ခိုင်းသဖြင့် သံချောင်းသည် လက်တဖက်က ချိုင့်ကို ကိုင်၍ ကျန်တဖက်က တုတ်တချောင်းဖြင့် မြေကြီးကို ခြစ်လျက် လမ်းလျှောက်ထွက်လာသည်။ လမ်းတွင် အဒေါ်ကြီးဆိုင်မှ ပဲကြီးလှော် တထုပ်ကိုဝင်ဝယ်၍ ပဲလှော်များကို အင်္ကျီအိတ်ထဲသို့ သွန် ထည့် လိုက်သည်။ ကတော့ခွံကိုမူ အမှိုက်ပုံးထဲသို့ မထည့်ပဲ လမ်းမပေါ်သို့ လွှင့်ပစ်လိုက်သည်။ ထို့နောက် ပဲလှော်များကို ရှိုးရှိုးမစားပဲ တစေ့ချင်း အပေါ်သို့ မြှောက်ပစ်လိုက်၊ အောက်မှ ပါးစပ်ဖြင့် ခံလိုက် လုပ်၍ စားရင်းလျှောက်ခဲ့သည်။

"ကြံရည်နှစ်ခွက်ပေးပါ ခင်ဗျာ။ ရေခဲများများထဲ့ပေးပါ"

"အေး–အေး ရမယ်၊ ခဏစောင့်အုံး၊ ဒီက ငါးခွက်ပေးလိုက်အုံးမယ်"

ကြံရည်သည်ကြီးသည် ဤသို့ပြောရင်း ကြံကြိတ်စက်ထဲသို့ ကြံ ချောင်း များကို ထိုးသွင်းလိုက်၊ ဘီးကြီးကိုလှည့်လိုက်နှင့် အလုပ်ရှုပ်နေသည်။ သံချောင်းသည် တဝုန်းဝုန်းလည်နေသော ဘီးကြီးနှင့်တဗျစ်ဗျစ်မည်လျက်ရှိသော ကြံဖတ်များကို စိတ်ဝင်စားစွာ ကြည့်နေမိသည်။ ကြံချောင်းငါးချောင်းမျှ ကုန်သွားသောအခါ ကြံရည်သည်ကြီးသည် ကြံရည်ဖြင့်ပြည့်နေသော ခွက်ကြီးကို စားပွဲဆီသို့ ယူသွားလေသည်။

အရှိန်မသေသေးသော ကြံရည်စက်ကြီးကတော့ တဝုန်းဝုန်းနှင့် လည်နေတုန်းပင်ဖြစ်၏။ သံ ချောင်း သည် စက်ကြီးကို ကြည့်လိုက် ကြံချောင်းများကို ကြည့်လိုက်နှင့် လက်ယားလာသည်။

ကြံရည်သည်ကြီးသည် သူ့ကို ကျောပေး၍ ဖန်ခွက်များထဲသို့ ကြံရည်များကို လောင်းထည့်နေသည်။ ဤသည်ကို အခွင့်ကောင်း ယူ၍ သံချောင်း

သည် ကြိတ်ပြီးသား ကြံဖတ်တခုကို ဖြတ်ကနဲ လှမ်းယူလိုက်ပြီး လည်နေသေးသော စက်ကြီးထဲသို့ ကြံဖတ်ကို နှစ်ခေါက်ချိုး၍ ထိုး ထည့် လိုက်သည်။ ကြံဖတ်သည် ရုတ်တရက် မဝင်နိုင်ဘဲ တစ် နေ သည်။ သံချောင်းက အားအနည်းငယ် စိုက်၍ တွန်း ထည့်လိုက်၏။ အရှိန်လွန်သွားလေပြီ။ သံချောင်း၏လက်သည် ကြံဖတ်နှင့်အတူ စက်ကြီးထဲသို့ လျှောကနဲ ပါသွားသည်။ သံချောင်းသည် သူ၏ လက်ကို အမြန်ရုပ်လိုက်၏။ သို့သော် အရှိန်မသေသေးသောဘီးများက သူ၏ လက်ချောင်းကလေးများကို ကြိတ်မိသွားလေတော့သည်။

"အောင်မယ်လေးဗျ –လုပ်ကြပါအုံး"

ငယ် သံ ပါ အောင် အော်လိုက်သောသံချောင်း၏ အသံသည် တဆိုင်လုံးကို လွှမ်းသွားလေ၏။

"ဟာ– လုပ် ကြ ပါ အုံး၊ ကလေးလက်စက်ထဲဝင်နေပြီ"

ဆိုင်ထဲမှ လူတယောက်က အော်ပြောလိုက်ပြီး၊ ဆိုင်တွင်းရှိ လူအားလုံးပင် သူ့ဆီသို့ပြေးလာကြလေသည်။

ကြံကြိတ်သည့်ဒလိမ့်တုံးနှစ်ခုကြားထဲသို့ ရောက်နေသော သံချောင်း၏ လက်ကို လူများသည် အတော် ကြိုးစား၍ ခက်ခက်ခဲခဲ ထုတ်ယူကြရ၏။ ကျေသွားရှာပြီဖြစ်သော သံချောင်း၏ လက် ချောင်း က လေး များ သည် သွေးအလူးလူးဖြင့် မမြင်ဝံ့စရာ ဖြစ်နေတော့သည်။ နာကျင် လွန်း အား ကြီး ၍ သံချောင်း လည်း မေ့မျောသွားရှာသည်။

သံ ချောင်း ဆေး ရုံ ပေါ် ရောက် နေ လေပြီ။ သတိရ၍ မျက်စိဖွင့်ကြည့်လိုက်သောအခါ ကုတင်ဘေးတွင် ရပ်နေသော မေမေကို တွေ့လိုက်ရသည်။

"သံ ချောင်း ရယ်– မေ မေ အ တန် တန် မှာ လိုက် ရဲ့သားနဲ့ ဆော့မိအောင် ဆော့လို့ မင်းခုလိုဖြစ်ရပြီ"

"ကျွန်တော့် အပြစ်ပါ မေမေ။ ကျွန်တော် နောင်တရပါပြီ။ နောက်ဆို မေမေတို့စကားကို နားထောင် ပါတော့မယ်လို့ ကတိပေးပါတယ် မေမေရယ်"

သံချောင်းသည် ဤသို့လှိုက်လှဲစွာ ပြောလိုက်ရင်း ငိုနေလေသည်။ မေမေလည်း သူနှင့်အတူ ရော၍ ငို နေ မိ လေသည်။ ဆရာဝန်ကြီးက သူတို့သားအမိကို အားမငယ်ရန်၊ မစိုးရိမ်ရန် အားပေးစကားလာပြောသည်။

သံချောင်း နောင်တ ရခဲ့ပါလေပြီ။ ဆေးရုံကဆင်းလျှင် သူသည် လူကြီးမိဘစကား နားထောင်သော လူမှန်လူကောင်းကလေးတယောက် ဖြစ်လာပေတော့မည်။ သို့တစေ ကျေသွားပြီဖြစ်သော သူ၏ လက်ချောင်းကလေးများမှာမူ ပကတိ အတိုင်း ပြန် ကောင်း လာ တော့မည် မဟုတ်ပါတကား။

# အရုပ်ဆိုင်

ရွှေဇီကွက်ကြီး ထုံပေပေ၊
ချောင်မှာကုပ်လို့နေ။

ဖိုးဝမောင် ပါးကွက်ကျား၊
ပြောင်ပေ့မျက်နှာထား။

နွားညိုကြီး ဝစိုစို၊
ကျုန်းမာလှသကို။

ဂေါက်ဂက်ဂေါက်ဂက် ခွါသံပြင်း၊
ပြည့်ရွှေဘိုကမြင်း။

လှည်းယဉ်လေး ဦးကော့ထောင်၊
ဒုန်းပြေးတော့မယောင်။

ပြိုးပြိုးပြောင်ပြောင် ခန့်ခန့်ညား၊
ရန်တိုင်းအောင်မှဲ့ဓား။

ပွဲတော်ဈေးက အရုပ်ဆိုင်၊
ဝယ်လို့မကုန်နိုင်။

သားသားကို လိုက်ပို့ပေး၊
စိတ်ကြိုက်ရွေးမယ်လေး။ ။

ကျော်ဝင်းမောင်
ရန်ကုန်တက္ကသိုလ်



R. 517

# မြင်းကျား



ကိုယ်ခန္ဓာတွင်ဖြစ်ပေါ်နေသော အစင်းကျားများကြောင့် မြင်းကျားဟု ခေါ်သည်။ မြင်းကျားသည် မြင်းရိုင်းတမျိုးဖြစ်ပြီး အာဖရိကတိုက်တွင် နေထိုင်ကျက်စားကြသည်။ ကိုယ်ပေါ်၌ အနက်နှင့် အဖြူ သို့မဟုတ် အညိုနှင့်အဖြူ အစင်းကျားများ ဖြစ်ပေါ်လျက် ရှိသည်။ ယင်းသို့သော အစင်းကျားများကြောင့် မြင်းကျားကို ရန်သူများ အလွယ်တကူ မြင်တွေ့နိုင်လိမ့်မည်ဟု ထင်မှတ်ရသော်လည်း ယင်းအစင်းကျားများမှာ ပတ်ဝန်းကျင်နောက်ခံမြင်ကွင်း၌ မြုပ်နေတတ်ပေသည်။

မြင်းကျားသည် ပခုံးထိပ်အထိ လေးပေမှ ငါးပေခန့် မြင့်သည်။

ယနေ့ မျိုးဆက်တည်ရှိနေသော မြင်းကျားများမှာ သုံးမျိုးသုံးစားဖြစ်သည်။ အာဖရိကတိုက် တောင်ပိုင်းရှိ တောင်များထူထပ်ရာ အရပ်ဒေသတွင် နားရွက်ရှည်ရှည်နှင့် တောင်မြင်းကျားတို့ နေထိုင်ကျက်စားကြသည်။ ဆာဟာရသဲကန္တာရမှ အာဖရိက တောင်ပိုင်းအထိ တွေ့နိုင်သော မြင်းကျားများမှာ ရိုးရိုးမြင်းကျားများဖြစ်သည်။ အာဖရိက အရှေ့မြောက်ပိုင်းတွင် တွေ့ရသော မြင်းကျားများကို ဂရေဗီမြင်းကျားဟု ခေါ်သည်။ ဂရေဗီမြင်းကျားမျိုးမှာ အရပ်အထည် အကြီးမားဆုံးမျိုးဖြစ်သည်။

မြင်းကျားများသည် အထီးကြီးတကောင်က ခေါင်းဆောင်ကာ အုပ်စုကလေးများဖွဲ့၍ နေထိုင်သွားလာသည်။ ယင်းတို့သည် အလွန်မိုင်း၍ တကောင်နှင့် တကောင် အသေအကျေ ကိုက်ခိုက်တတ်သည်။ သို့သော်ငယ်ရွယ်စဉ် ဖမ်းယူပြီး ယဉ်ပါးအောင် မွေးမြူ၍ အသုံးချနိုင်သည်။

ရဲမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၄ အမှတ်-၄၇၊

# ရွှေသွေး ဂျာနယ်

ပန်းချီ · ဦးဘကြည်
ဇာတ်လမ်း ဟန်ထွန်းနိုင်

၁၃၃၄-ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် (၁၈-၁၁-၇၂)



တခါက မြိုင်ရွာလေးတွင် ဒေါ်စာအိနှင့် မသူဇာ အမည်ရှိ မြေးအဖွား နှစ်ယောက်ရှိ၏။ အလွန်ရိုးသား၍ တရွာလုံးက ချစ်ခင်ကြသည်။ ကိုယ်ပိုင်အုန်းခြံတွင် နေထိုင်၍ ဒေါ်စာအိက အုန်းသီးရောင်း၏။ မသူဇာက ပဲပြုတ်ရောင်းသည်။

စနေနေ့တိုင်း ထုတ်ဝေသည်။


တနေ့သော်- မသုဇာသည် ဝယ်နေကျ ဘကြီးချိုအိမ်သို့ ပဲပြုတ်ဝင်ရောင်းရာ....
ဘကြီးချို- အင့်-ပဲပြုတ်...
ဟင်-ဘကြီးချို-ဘာဖြစ်နေလဲ၊ နေမကောင်းဘူးလား - ကြီးကြီး နဲ့ ရန်ဖြစ်ထား လို့လား။ မျက်နှာကြီးက အိုလို့
မဟုတ်ပါဘူး -ခလေးမရယ် ဟို-သူဌေးကြီး-ဦးငွေဖြိုး ကို ငွေတိုး-မဆပ်နိုင်လို့ ငါ့နွား တရှဉ်း သိမ်းသွား တယ်ကွယ်။ အဲဒါလေး စိတ်မကောင်း ဖြစ်နေတာပါ
ပြော်-ကျွတ်-ကျွတ်- ဖြစ်မှဖြစ်ရလေ.... ပဲပြုတ်ဖိုး-မယူတော့ ပါဘူး၊ ကျမ-က ကန်တော့ တာပါ.
စေတနာကို-ဘကြီး-ချီးကျူးပါတယ် သာဓု-သာဓု- မင်းတို့က-သဘော ကောင်း သလောက်- ဦးငွေဖြိုး ကတော့ သဘောထား ယုတ်သကွဲ့.
မသုဇာသည် ပဲပြုတ်ကုန်၍ အိမ်ပြန်လာစဉ် လမ်းပေါ်၌ အထုပ်တခုမြင်၍ —
ဟယ်-ဘာထုပ်လေး ပါလိမ့်၊ နေလဲမြင့် လှပြီ၊ အိမ်ကျမှ ဖွင့်ကြည့်ရ မယ်။
အမှန်မှာ မသုဇာလာနေသည်ကိုမြင်၍ သူဌေး ဦးငွေဖြိုးက ထိုအထုပ်ကို တမင်ပစ်ထားပြီး အိမ်ထဲမှ ချောင်းကြည့်နေ၏။
ဟဲ-အကွက်တော့-ဝင်သွားပြီ ဒီကောင်မလေး က-ရိုးသား တော့-ငါ့အထုပ်-ငါ့မြန်ရ မှာပါပဲ..... အရေးကြီးတာက- သူတို့ အုန်းမြဲကို-ငါ ပိုင်-လှမ ရိုးအဲ - ဟဲဟဲ-
မသုဇာသည် အိမ်ပြန်ရောက်သောအခါ အဖွား ဒေါ်စာအိအား ပြောပြလေသည်။
အဖွါးရယ်-- ဘကြီးချိုကြီး -သနား ပါတယ်။သူ့နွားတွေ - ဦးငွေဖြိုး - သိမ်း သွားလို့တဲ့ ....
တယ်-ဒီ-ငွေဖြိုး - ဟာ တယ်ဆိုးတယ်။ ငွေတိုးတွေ အဆမတန်ယူ။ သူများပစ္စည်း တွေ - မတရား သိမ်းလိုသိမ်း - ခက်ပါတယ်
အထုပ် တထုပ်လဲ -လမ်းမှာ ကောက်ရလာတယ်-ကြည့်ပါအုံး-အဖွါး
ဟင်-ငွေထုပ်ကြီးပါလား - ငွေကလဲမနဲဘူး၊ သုံးထောင်တောင်။ ပျောက်တဲ့လူကတော့ နှမြောရှာမှာပဲ။
ဟါ-ဒီလိုဆို သူ့ဓါ-လိုက် မေးမယ်လေ
မြေးလေး-မော လှရောပေါ့၊ အိမ်နားနီးချင်း တွေကို-သတင်းလွှင့်ထားလိုက်ပေါ့ ....


နောက်တနေ့တွင် ဦးငွေဖြိုးရောက်လာ၏။
ဒေါ်စာအိ - ခင်များမြေးလေး - ကျုပ်ငွေထုပ် ကောက်ရထားတယ်ကြားလို့ လာခဲ့တယ်
ဟုတ်တယ် - သူဌေးမင်းရှင့် ရော့ - ယူသွားပါ
ငွေထုပ်ကို ဖြေကြည့်ပြီးသော် ....
ဟင် - ကျုပ်ငွေ ပျောက်တာ - ငါးထောင်ဘဲဗျ။ ခု - သုံးထောင်ဘဲ ကျန်တော့ပါလား၊ ခင်များတို့ - ယူသုံးထားတယ် ပေါ့လေ...
အောင်မယ်လေး - မသုံးရပါဘူးတော် ကောက်ရတာ ဒီလောက်ဘဲ တော့
ဟာ - ဒီလိုတော့ မတရားမလုပ်နဲ့ဗျာ ... သူကြီးနဲ့တိုင်ယင် - ခင်များတို့ ဒုက္ခရောက်ကုန်မယ်။ အေးအေးဆေးဆေး ဖြစ်ချင်ယင်တော့ - ခင်များတို့ ဒုနှီးခြံကို ကျုပ်လက်ထဲမှာ ခဏ သိမ်းထားရလိမ့်မယ်။ ငွေပြန်ဆပ်တဲ့နေ့မှာ ဒုနှီးခြံကိုပြန်ပေးမယ်။ ဘယ့်နှယ်လဲ - ဒေါ်စာအိ စဉ်းစားပါဗျာ...
ကျုမကို - စဉ်းစားစရာ မလိုဘူး။ ဒါ - သူဌေးမင်းက - မတော် မတရားစွပ်စွဲတာ၊ သူကြီးနဲ့လဲ - တိုင်ချင် - တိုင်နိုင်တယ်တော့
ကောင်းပြီလေ၊ ဒါဖြင့် ကျုပ်ပြန်မယ်
နောက်တနေ့၌ အမှုဆုံးဖြတ်ပေးရန် သူကြီးအား တိုင်ထားသဖြင့် ရွာသူရွာသားများစုရုံး ရောက်လာပြီး နားထောင်နေကြစဉ် —
ဦးငွေဖြိုး အခုနေနဲ့လဲ - မှန်သောစကားကို ပြောစေချင်ပါတယ်၊ အမှန်ကိုသိရမှသာ - တရားနည်း လမ်းကျကျ - ဆောင်ရွက်နိုင်လိမ့်မယ်
ကျုပ်က - လူကြီး လူကောင်းဘဲ - မတရား - မပြောတတ်ပါဘူးဗျ - ဟဲဟဲ - ဟဲဟဲ
မသူဇာ ကလဲ - မှန်တာကို ပြောနော် ....
ဟုတ်ကဲ့ရှင့်
အမေ့ - ကြောက်စရာ - မရှိဘူး - မြေးရဲ့ မငိုနဲ့၊ တရားကို နတ်စောင့် ပါတယ်အေ


ဦးငွေဖြိုးကို စပြီးမေးမယ်။ ခင်ဗျား ပျောက်တဲ့ငွေဟာ ငါးထောင် ဆိုတာ အမှန်ဘဲလား ဗျာ
အမှန်ပါဘဲ သူကြီး ရယ်။ ကျုပ်က မမှန်တာ ဘာလို့ ပြောရမှာတုံးဗျာ
ကောင်းပြီလေ
မသူဇါကိုမေးဦးမယ်။ ခလေး မ ငွေထုပ် ကောက်ရပြီး တခြားတနေရာမှာ ကော ဖွက်ထားသေးသလား။
မဖွက်ထားရပါဘူးရှင် မဖွက်ပါဘူး
မလိမ်ပါနဲ့ ကွယ် မှန်မှန်ပြောပါ
မလိမ်ပါဘူး အမှန်ကိုဘဲ ပြောတာပါ
ကောင်းပြီ၊ ဒါဖြင့် ဆုံးဖြတ်ချက်ပေးမယ်၊ ဦးငွေဖြိုးရော မသူဇါရော သဘောတူ ကြရဲ့လား
တူပါတယ်
တူပါတယ်
ယခု ရောက်လာကြတဲ့ ရွာမိ ရွာဖ ရွာသူ ရွာသားများကို သက်သေ ထားပြီး စစ်ဆေးရာမှ ထွက်ဆိုချက်များအရ ကျုပ် ဆုံးဖြတ်လိုတာက ဒီလိုပါ ---
ဦးငွေဖြိုး ပျောက်တဲ့ငွေက ငါးထောင် တဲ့၊ မသူဇါ ကောက်ရတာက သုံးထောင်တဲ့၊ ဒီတော့ ဒီသုံးထောင်ထုပ်ဟာ ဦးငွေဖြိုး ပိုင်ငွေ မဖြစ်နိုင်ဘူး။ သူ့ပျောက်တဲ့ ဟာ ငါးထောင် ကိုးဗျ။ ဒါကြောင့် မသူဇါကို အပိုင် ပေးပါတယ်။
ဖြောင်း ဖြောင်း
ဖြောင်း ဖြောင်း
ဖြောင်း
ဖြောင်း
ဖြောင်း
ဖြောင်း
ဖြောင်း ဖြောင်း
ဖြောင်း
ရွာသူရွာသားများက သူကြီး၏ ဆုံးဖြတ်ချက်ကို ကောင်းချီးပေးနေစဉ်....
သူဌေးကြီး ဦးငွေဖြိုးမှာ ခေါင်းငိုက်စိုက်နှင့် ထပြန်သွားလေသတည်း။
ပြီး




ထိုအချိန်တွင်—
ကျွန်တော်တို့ ဘာဖြစ်နေတယ်ဆိုတာ သိအောင်မလုပ်နိုင်ဘူးလားဗျာ၊



# စူးစမ်းရှာဖွေသူများ


မုံရွာဝင်းဖေ ဧကျော်ကျော်



## ဂျက်ကားတီယေး

ပြင်သစ်နိုင်ငံ စိန်မာလိုမြို့၌ ၁၄၉၁ ခုနှစ်တွင် ဂျက်ကားတီယေးကို မွေးဖွားခဲ့သည်။ စိန်မာလိုမှာ သင်္ဘောသားကောင်းများ ထွန်းကားရာ ဒေသဖြစ်ရာ ဂျက်ကားတီယေးမှာလည်း အရွယ်ရောက်သောအခါ သင်္ဘောသားကောင်း တယောက် ဖြစ်လာလေသည်။ ရေကြောင်းဆိုင်ရာ စွန့်စားသွားလာမှုများကိုလည်း ပြုလုပ်ခဲ့လေသည်။

ဂျက်ကားတီယေး အသက် ၄၃ နှစ် အရွယ်တွင် သူ့ကို ပြင်သစ်ဘုရင် ပထမ ဖရန်စစ်က တိုင်းသစ် ပြည်သစ်ရှာဖွေရန်အတွက် သင်္ဘောများဖြင့် မြောက်အမေရိကတိုက်သို့စေလွှတ်လိုက်လေသည်။ ၁၅၃၄ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ဂျက်ကားတီယေးသည် ပြင်သစ်မှ ထွက်ခွာလာခဲ့၏။ ရက် ၂၀ ခန့်ကြာသော် အတ္တလန္တိတ်သမုဒ္ဒရာ၏ တဖက်ကမ်းဒေသသို့ ရောက်ရှိသွား၏။ အလွန် အေးသောမြောက်အမေရိက ကမ်းခြေများကို ကျော်ဖြတ်ကာခရီးပြင်း နှင်ပြီးနောက် မြစ်ဝ တခုသို့ရောက်ရှိကြသည်။ ထိုမြစ်အတိုင်း ဆန်တက်သွားပြီး ခရီး အတန်ပေါက်သော်မျက်နှာကို ဆေးနီဆိုးထားကာဆံပင်တွင် ငှက်မွေး ငှက်တောင်များထိုးပြီးဒူးလေးကိုယ်စီကိုင်ဆောင်ထားကြသော တိုင်းရင်းသားများကို တွေ့ရလေသည်။ ကိုင်းရင်းသားများမှာ ရန်မူလိုဟန်ရှိသော်လည်း ဂျက်ကားတီယေးတို့လူစုက လက်ဆောင်ပစ္စည်းများ ပေးကာ မိတ်ဆွေဖွဲ့လိုက်သဖြင့်ရင်းနှီးသွားကြသည်။



ရာသီဥတု ပြင်းထန်လာသော အခါတွင် ဂျက်ကားတီယေးသည် တိုင်းရင်းသား လူရိုင်းနှစ်ယောက်ကို ခေါ်ဆောင်ကာ ပြင်သစ်သို့ ပြန်လာခဲ့၏။ ထိုလူရိုင်းနှစ်




ယောက်ကို ပြင်သစ်ဘုရင်ထံ ဆက်သပြီး မိမိစွန့်စား သွားလာခဲ့ပုံကို လျှောက်ထားလေသည်။

၁၅၃၆ ခုနှစ်တွင် ဂျက်ကားတီယေးသည် သင်္ဘောသုံးစင်းဖြင့် မြောက်အမေရိကသို့ပင် ခရီးထွက်ပြန်သည်။ ဤအကြိမ်တွင် ရာသီဥတု မကောင်းသဖြင့် လေမုန်တိုင်းဒဏ်များကို ကြုံကြိုက်ခံကာ ခက်ခက်ခဲခဲသွားရပြီးနောက် ပထမ အကြိမ်တုန်းက တွေ့ခဲ့သော မြစ်ဝသို့ပင် ရောက်ရှိသွားလေသည်။ ထိုမြစ်ဝသို့ ရောက်သောနေ့သည် ပြင်သစ်လူမျိုးတို့ ကျင်းပလေ့ရှိသော စိန့်လောရင့်ပွဲတော်နေ့ ဖြစ်သဖြင့်ထိုမြစ်ကို "စိန့်လောရင့်မြစ်" ဟု အမည်ပေးခဲ့၏။

စိန့်လောရင့်မြစ်အတိုင်း ဆန်တက်သွားကြရာ နောက်ဆုံးတွင် ရေလယ်ကျွန်းတကျွန်းသို့ ရောက်သွားကြ၏။ ထိုကျွန်းတွင်ရှိသော တောင်တတောင်ကို "မွန်ထရီအောတောင်" ဟုအမည်ပေးခဲ့၏။ ထိုအမည်ကိုအစွဲပြု၍ ရေလယ်ကျွန်းပေါ်တွင် တည်ရှိသောမြို့ကို "မွန်ထရီအောမြို့" ဟု ယနေ့ခေါ်ကြ၏။ မွန်ထရီအောကား ကနေဒါနိုင်ငံ၏ အရေးပါသောမြို့ကြီးတမြို့ဖြစ်နေပေပြီ။

ထိုနေရာသို့ ရောက်၍များမကြာမီ ဆောင်းရာသီဝင်ရောက်လာရာ ဂျက်ကားတီယေးနှင့် သူ၏ သင်္ဘောသားများသည် မြစ်ကမ်းပါးတနေရာတွင် ခံတပ်ဆောက်ကာ ခိုအောင်းနေကြရလေသည်။ ထိုအရပ်၏ ဆောင်းရာသီမှာအလွန်ဆိုးရွားလှ၏။ ပတ်ဝန်းကျင်တွင်အမြဲရေခဲလျက်ရှိပြီး ဆီးနှင်းများ အခဲလိုက်အခဲလိုက် အဆက်မပြတ်ကျနေ၏။ ထိုအချိန်တွင် စကာဗီခေါ် ရောဂါဆိုး ဖြစ်ပွားလာသဖြင့် သင်္ဘောသားအများအပြားမှာ သေဆုံးကုန်ကြသည်။ အလောင်းများကို ဆီးနှင်းများ အောက်တွင် မြှုပ်နှံကြရ၏။




ဆောင်းရာသီ ကုန်ဆုံးသောအခါ ဂျက်ကားတီယေးသည် တိုင်းရင်းသား အချို့ကို ခေါ်ဆောင်ကာ ပြင်သစ်သို့ ပြန်လာခဲ့သည်။ အသက်ကြီးပြီဖြစ်၍ မိမိစွန့်စားသွားလာခဲ့ပုံများကို ရေးသားရင်း အနားယူစဉ် ၁၅၅၇ ခုနှစ်တွင် ကွယ်လွန်သွားလေသည်။


ရွှေလက်စွပ်ကလေး
ရေး…မျိုးမြင့်မြတ်
ကာတွန်း
တနင်္ဂနွေနေ့ ကျောင်းအားရက် နံနက်ဖြစ်သဖြင့် ကိုဝင်းတို့လူသိုက်သည် ထုံးစံအတိုင်း လမ်းတွင်း သန့်ရှင်းရေးလုပ်ကြသည်။
ဟေ့ကောင်-ဖိုးလပ္ပ အနားကထိုးပါကွ..
အမှိုက်တွေအများကြီးဘဲဟေ့.
မြောင်းထဲကို ရေတွေများများသာ လောင်းပေးဟေ့၊ ဒါမှ အညစ်အကြေးတွေ ရေစီးထဲ မျောပါကုန်မှာ..
လမ်းပေါ်က အမှိုက်တွေကို ကျုံးပြီး ထိပ်က အမှိုက်ပုံးမှာ သွားပုံကြဟေ့
ဟေးကို..
ကိုဝင်းသည် ရေဘုံပိုင်အနီးရှိ အမှိုက်များကို ကျုံးနေစဉ်—
ဟာ ရွှေလက်စွပ်ကလေး တကွင်းပါလား.



ထိုနောက် ကိုဝင်းသည် လမ်းကော်မီတီ လူကြီး ဦးအေးဖေအိမ်သို့ ရောက်လာကာ
ထိုနောက်-
ညနေတွင်ကိုဝင်းသည်အိမ်၌စာဖတ်နေစဉ် ဦးအေးဖေအိမ်မှ လာခေါ်သည်။
ဟေ-ဟုတ်လား
ဦးအေးဖေ အိမ်သို့ ရောက်သော်-











ဦးအေးပေ အိမ်မှအပြန် လမ်းတွင် သူငယ်ချင်းများကိုအကြောင်းစုံ ရှင်းပြီး—






ဗိတိုရိယ ရေတံခွန်သည် အာဖရိကတိုက် တောင်ပိုင်းတွင် ရှိသည်။ အမေရိကတိုက်မှ နိုင်အာဂရာ ရေတံခွန်ထက်ပို၍ ကြီးမားခြင်းကြောင့် ကမ္ဘာ့တွင် သဘာဝ အံ့ဘွယ်တခု ဖြစ်ခဲ့သည်။ ၁၈၅၅ ခုနှစ်ဝင်ဘာလ၌ ဒေးဗစ်လစ်ဗင်းစတုန်းက စတင်တွေ့ရှိခဲ့ပြီး အင်္ဂလိပ်ဘုရင်မကြီး ဗိတိုရိယကို အကြောင်းပြု၍ ဗိတိုရိယရေတံခွန်ဟု မှည့်ခေါ်ခဲ့သည်။



ဇမ်ဘီဇီမြစ်ပေါ်ရှိ ဤရေတံခွန်၏ အထူးခြားဆုံး လက္ခဏာမှာ ပတ်ဝန်းကျင် မြေအနေ အထားသည် ရေတံခွန်တလျှောက် အများအားဖြင့် တပြေးညီနေခြင်းပင် ဖြစ်သည်။


## ဗိတိုရိယ ရေတံခွန်

ဇမ်ဘီဇီမြစ်၏ အကျယ်ဆုံးနေရာသည် ပေ ၁၈၆၀ ကျော် ရှိပြီး ထိုမှ အောက်ပေ ၄၀၀ ရှိ ကျဉ်းမြောင်းသည့် တောင်စောက်နှစ်ခုကြားသို့ အရှိန်ပြင်းစွာဖြင့် စီးဆင်းသဖြင့် အထက်သို့ ရေမှုန်များလွင့်စဉ်တက်လာသည်။ ရေမှုန်များ အမြဲပိတ်ဖုံးနေပုံမှာ ရေနွေးအိုး ပွက်ပွက်ဆူနေသည်နှင့် သဏ္ဍာန် တူသောကြောင့် ထိုတောင်စောက်ကြားကို ''ရေဆူအိုး'' နေရာဟု ခေါ်ဝေါ်ကြသည်။

ဗိတိုရိယ ရေတံခွန်ရှိရာ ဒေသ တပိုက်ကို ရိုဒီးရှား အစိုးရက စောင့်ရှောက်ထိန်းသိမ်းပြီး လူထု အပန်းဖြေ ဒေသအဖြစ် ပြုလုပ် ပေးထားလေသည်။

မျိုးညွန့် (ရန်ကုန် တက္ကသိုလ်)

## စာပွဲတင် လူပြက်ရုပ်ကလေး




ပုံ (၁)နှင့် (၂)ကို စက္ကူ ခပ်ထူထူတွင် ကပ်၍ ညှပ်ပြီးမြ ထားသည့် အတိုင်း ကပ်ပါ။ ဘဲဥခွံတခု ကို ပုံ(၃)ကဲ့သို့ လူပြက်ရုပ်ဆွဲပြီး ပုံအတိုင်း တပ်ဆင်ပါ။ စာပွဲတင် လူပြက်ရုပ်ကလေးရမည်။

လှမြင့်

# ကျောင်းသွားပေါ့

သံလွင်မြေ ထွန်းထွန်း



"သား သား ကို ဖေဖေတို့ မေမေတို့က ပညာတတ်စေချင်လို့ ကျောင်းထားတာပါ သားရယ်။ သားသားက ကျောင်းမနေချင်ဘူးဆိုလို့ ဘယ်ဖြစ်ပါ့မလဲ။ သားသား ကြီးလာယင် ဆရာဝန်ကြီးတို့ အင်ဂျင်နီယာကြီးတို့ ဖြစ်ချင်တယ်ဆို။ ပြောလေ– ဘယ်လိုလဲ သားသား"

ကျွန်တော်၏ ဖေဖေသည် ရန်ကုန်မြို့မှ ဘားအံမြို့သို့ အစိုးရလုပ်ငန်းတာဝန်အရ ပြောင်းရွှေ့လာရ၏။ ကျွန်တော်နှင့် မေမေသည် ဖေဖေနှင့် အတူ လိုက်ပါလာရ၏။ ကျွန်တော်သည် ရန်ကုန်မြို့တွင် ရန်ကင်းအစိုးရ မူလတန်းကျောင်းမှ တတိယတန်းစာမေးပွဲကို အောင်မြင်ခဲ့ ပါသည်။ ယခုကျောင်းဖွင့်ချိန်တွင် စတုတ္ထတန်း၌ သင်ကြားရမည်ဖြစ်ပါသည်။ ယခုအခါ ကျောင်းဖွင့်ချိန် ဖြစ်၍ ကျွန်တော့်ကို ကျောင်း သွား ရန် ဖေ ဖေ က ချော့မော့ပြောဆိုလျက်ရှိ၏။

"သားသား ဒီမြို့ ကလေးမှာ မနေချင်ဘူး ဖေဖေ။ ဘာမှလဲ ပျော်စရာမရှိဘူး။ ရန်ကုန်မှာလို အောင်နီတို့၊ ငတိုးတို့၊ ငယ်ငယ် တို့လို ကျောင်းသွားဖော်သူငယ်ချင်းလဲ မရှိဘူး။ ဒီမှာနေရတာ သားသားသိပ်ပျင်းတာဘဲ"

ကျွန်တော်သည် စိတ်ထဲမှာရှိသမျှ မထိန်ချန်ပဲ ပြောလိုက်ပါသည်။ မျက်စိထဲ တွင်လည်း အောင်နီ၊ ငတိုး၊ ငယ်ငယ်တို့နှင့် အတူ ယခုကဲ့သို့ မိုးဦးကျစ အချိန်တွင် ကျွန်တော်တို့အိမ်ဘေး မြေကွက်လပ်ကြီး၌ ဘောလုံးကစားခဲ့ကြသည်ကို ပြန်၍ မြင်ယောင်နေမိပါသည်။

ဖေဖေသည်ကျွန်တော်ပြောသမျှကို ဂရုစိုက်၍ နားထောင်လျက်ရှိ၏။ ပြီးနောက် –

"အေးလေ၊ သားသားက ရန်ကုန်လို မြို့ကြီးကိုမှ အထင်ကြီးချင်တာကိုးကွဲ့။ ဒီမြို့မှာလဲ ပျော်စရာအများကြီးရှိပါတယ်။ ဖေဖေပြောတာ မှန်တယ် မမှန်ဘူးဆိုတာ သားသား တနေ့ကျတော့ သိမှာပါဘဲလေ"ဟုပြောရင်း ကျွန်တော့်အပါးမှ ထွက်ခွာသွားလေသည်။

တနေ့နံနက်ခင်းတွင်အသက်ခပ်ကြီးကြီး မိန်းမတဦးနှင့် ကျွန်တော့်အရွယ် လူငယ်သုံးဦး အိမ်သို့ ရောက်လာပါသည်။ ဖေဖေက ပြောပြသဖြင့် ထိုမိန်းမကြီးသည် ကျွန်တော်တို့ နေထိုင်သောရပ်ကွက် အစိုးရမူလတန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီးဖြစ်ကြောင်းသိရပါသည်။ ပြီးနောက် ဆရာမကြီးက သူနှင့်အတူပါလာသူ တပည့်သုံးဦးနှင့် ကျွန်တော့်အား မိတ်ဆက်ပေးပါသည်။

"ကဲ– သားသား၊ ဆရာမကြီးနဲ့သားသား အဖော်တွေက ကျောင်းသွားဘို့ လာခေါ်နေကြပြီ၊ လိုက်သွားလေ"ဟု ဖေဖေက ကျွန်တော့်ကို တိုက်တွန်းလျက်ရှိ၏။ ကျွန်တော့် သူငယ်ချင်း သစ်များ ဖြစ်ကြသည့် အောင်ဘု၊ အုံးမောင်နှင့် ကျော်

ကျော် တို့ကလည်း ကျွန်တော့်ကို ကျောင်းသွားရန် ဖော်ရွေစွာဖြင့် ဖိတ်ခေါ် လျက်ရှိ၏။

•

"ကဲ- မောင်မောင်၊ လာပါသူငယ်ချင်း ဘာမှ အားငယ်စရာမလိုပါဘူး။ ရန်ကုန်မှာလို ဒီမြို့မှာလဲ ပျော်စရာကောင်းပါတယ်ကွာ"ဟု ပြောကြပြီး ကျွန်တော့်လွယ်အိတ်ကို ဆွဲသူကဆွဲ၊ ကျွန်တော့် ဦးထုပ်ဆောင်းပေးသူကဆောင်းပေး ကြ၏။ အလွန်ချစ်စရာ ခင်မင်စရာကောင်းသည့် သူငယ်ချင်းများ ဖြစ်ကြ၏။ သို့ဖြင့် ကျွန်တော်သည် သူတို့နှင့် အတူ ကျောင်း သို့ လိုက်ပါသွား၏။

ထိုနေ့အဖို့ ကျွန်တော် အလွန် ပျော်ပါသည်။ ဆရာမကြီးသည် ကျွန်တော်၏ အတန်းဖြစ် သော စတုတ္ထ တန်း မှ ကျောင်းသား ကျောင်းသူများနှင့် မိတ် ဆက် ပေး ပါ သည်။ မောင်မောင်၊ မောင်မောင်နှင့် ကျွန်တော့်ကို ဖော်ဖော်ရွေရွေ နှုတ်ဆက်ကြပါသည်။ နေ့လယ်အားလပ် ချိန်တွင် အောင်ဘ၊ အုံးမောင်၊ ကျော် ကျော် နှင့် ကျွန်တော်သည် မုံ့အတူတူ ဝယ်စားကြပါသည်။ ညနေပိုင်းတွင် ဆရာမကြီးက ကျွန် တော့် ကို ပုံပြောခိုင်းပါသည်။ ကျွန်တော်က ပုံပြင်တခုကို ပြော ပြ ရာ ကျောင်းသူ ကျောင်းသားတိုင်းက "မောင်မောင် ပုံပြောတော်တယ်"ဟု ဆိုကာ လက်ခုပ်တီး၍ အားပေးကြပါသည်။

ညနေ ကျောင်း ဆင်း ချိန် အိမ်သို့ အပြန်တွင် အောင်ဘ၊ အုံးမောင်နှင့် ကျော်ကျော်တို့က ကျွန်တော့်ကို အိမ် အ ရောက် လိုက်ပို့ပေးကြပါသည်။ အိမ်အဝတွင် ဖေဖေနှင့် မေ မေ သည် ကျွန်တော့်အား ပြုံး၍ ဆီးကြိုနေပါသည်။ ကျွန်တော်သည် သူငယ်ချင်းများအား နှုတ်ဆက်၍ ဖေဖေနှင့် မေမေထံသို့ပြေးသွားပါသည်။ ဖေဖေက ကျွန်တော့်ကို ဆီး၍ ဖက် ထား လိုက် ပါ သည်။

"ဒီမြို့မှာလဲရန်ကုန်မှာလိုဘဲ ပျော်စရာ ကောင်းပါတယ် ဖေဖေ။ သားသားသူငယ်ချင်း သစ်တွေက သားသားကို သိပ်ခင်ကြတာဘဲ။ စာသင် ရတာလဲ ပျော်စရာ ကောင်းပါတယ် ဖေဖေ"

"အေးဟုတ်ပြီ။ ဖေဖေ့သား ခုလို သဘော ပေါက် လာတာ ဖေဖေရော မေမေပါ ဝမ်းသာတယ်။ တကယ်တော့ ဗမာပြည် ဘယ်အရပ်မှာနေနေ ဖေဖေတို့ တိုင်းရင်းသား လူမျိုးအားလုံးဟာ အခုလိုဘဲ ခင် မင် စ ရာ ကောင်းတာဘဲကွဲ့။ ဒီတော့သားသား အတွက် သူငယ်ချင်းတွေဟာ နေရာတိုင်းမှာ ရှိတာပေါ့ကွယ်"

ကျွန်တော်သည် ဖေဖေ၏ ပြောစကားကို နားထောင်ရင်း ပျော်ရွှင်လျက်ရှိပါသည်။

## မပုကြွယ်ပုံပြင်

မပုကြွယ် ကျောင်းသူလေး၊
စာမရလို့မှိုင်ကာတွေး။

နွေးနွေး လေးလေး ခရုငယ်၊
ခရီးသွားနေဂယ်။

မပုကြွယ် မြင်မြန်တော့၊
စိတ်ပျက်မိရှာပေါ့။

ဘယ်တော့မှဂွယ် ခရုငယ်၊
ပန်းတိုင်ရောက်ပါမယ်။

မပုကြွယ် အသာတွေး၊
သစ်ပင်ဘေးမှာမှေး။

တရေးနိုးတော့ ခရုငယ်၊
ဘယ်ဆီရောက်နေတယ်။

မပုကြွယ် အံ့ပါရော့၊
သစ်ပင်ထိပ်မှာပေါ့။


ဖြေးဖြေးမလျှော့ ခရီးနှင်၊
ပန်းတိုင်ရောက်မည်ပင်။

အသိတွင် စိတ်မှတ်စွဲ၊
အောင်မြင်ရမလွဲ။ ။

ခမောင်လှိုင်သွင်



# ဝံပုလွေ



ဝံပုလွေသည် ခွေးမျိုးစုတွင် ပါဝင်သော သားစားနို့တိုက်သတ္တဝါ ဖြစ်သည်။ အသွင်အပြင်မှာ ပိန်သော ခြေတံရှည်ခွေးနှင့် ဆင်ဆင်တူသည်။ နဖူးပြင်ကားပြီး နှာခေါင်း ရှည်ကာ နှုတ်သီးချွန်သည်။ သန်မာ တောင့်တင်းသော မေးရိုးရှိသည်။ ယင်း၏အမြီးမှာ အမွေးထူထဲစွာရှိပြီး အမြဲအောက်သို့ ညွတ်ကျနေလေ့ ရှိသည်။ နားရွက်များမှာ အဖျားချွန်လျက် အမြဲထောင်နေလေ့ ရှိသည်။

ရာသီဥတု ကိုလိုက်၍ ဝံပုလွေ၏ အရောင်သည်လည်း အမျိုးမျိုးရှိသည်။ မြောက်ပိုင်း ရေခဲဒေသများတွင် နေထိုင်ကျက်စားသော ဝံပုလွေများ၏ အမွေးအရောင်မှာ ဖြူဖွေးဖွေး ဖြစ်သည်။ ဥရောပတိုက်နှင့် မြောက်အမေရိက တိုက်ရှိ ဝံပုလွေများမှာ နီကြင့်ကြင့်အရောင် ဖြစ်သည်။

အရွယ်ရောက်ပြီး ဝံပုလွေတကောင်၏ ကိုယ်ထည်အလျားမှာ ခေါင်းမှအမြီးဖျားအထိ ငါးပေကျော်ခန့် ရှည်လျားပြီး၊ ခြေပြင်မှ ပခုံးထိပ်အထိ အမြင့်မှာ နှစ်ပေခွဲခန့်ရှိသည်။ ကိုယ်အလေးချိန်ပေါင် ၁၀၀ ကျော်ခန့်ရှိသည်။

ဝံပုလွေများသည် မြေကျင်းများ၊ ကျောက်လိုဏ်ဂူများတွင် နေထိုင်လေ့ရှိသည်။ တကြိမ်လျှင် သားခုနစ်ကောင်အထိ ပေါက်ဖွားသည်။

ဝံပုလွေများသည် အများအားဖြင့် အုပ်ဖွဲ့၍ နေကြသည်။ အုပ်ဖြင့် အမဲလိုက်လေ့ရှိပြီး ရရှိသော အစာကို ဝေမျှစားကြသည်။ ယုန်၊ ကြွက် စသည့် သားကောင်ငယ်များ သာမက သိုး၊ နွား၊ မြင်း စသည့် သားကောင်ကြီးများကိုပါ တိုက်ခိုက်သတ်ဖြတ် စားသောက်လေ့ရှိသည်။

ဆိုဗီယက် ယူနီယံသည် ကမ္ဘာပေါ်တွင် ဝံပုလွေ အပေါများဆုံး နိုင်ငံဖြစ်သည်။ ဝံပုလွေကို ယဉ်ပါးအောင် မွေးမြူ လေ့ကျင့်၍ ရသည်။

ရဲမြင့်






ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကြော်ငြာလွှတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၄၊ အမှတ် ၄၈။

# ရွှေသွေး ဂျာနယ်

၁၃၃၄ ခု၊ တန်ဆောင်မုန်းလဆုတ် ၅-ရက်
(၂၅-၁၁-၇၂)




စနေနေ့တိုင်းထုတ်ဝေသည်။

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-နုထွေး








ဘုရင်ကြီးသည် နန်းတော်သို့ ပြန်ရောက်လျှင် မိမိကတိကို မမေ့မလျော့ပဲ ထို နွားကျောင်း သားအား နယ်စားခန့်စာ ပို့လေသည်။




ရွာသူရွာသားများက ချစ်ခင် အားထားနေ သော နွားကျောင်းသားသည် နယ်စားကြီး ဖြစ်လာသဖြင့်–



နွားများကို ရွာများတွင် ခွဲအပ်ထားပြီး နယ် စား ဝတ်တရား များကို ထမ်းဆောင် နိုင်ရန် ဘုရင့်ထံမှ ရထားသော လှည်းယာဉ်ဖြင့် နယ် လှည့် ထွက်ရ၏။





လှည်းယာဉ်ပေါ်၌ သေတ္တာကြီး တလုံးတင်၍ အမြဲတမ်း ဂရုပြုနေသည်ကိုလည်း တွေ့ရ၏။






သူ့ကို ချစ်ခင်သောသူများ ရှိသလို– မလိုမုန်း တီးသူအချို့လည်း ရှိလေသည်။




မလိုလားသူများက မမှန်သတင်းများ လုပ်ကြံ၍ တီးတိုးသတင်းဖြန့်ကြလေသည်။


ထိုသတင်းသည် များမကြာမီ ဘုရင့် ရွှေနား တော်သို့ ပေါက်ကြားသွားလေသော်–
ဘုရင်ကြီးသည် ကိုယ်တိုင်ကြွလာပြီး –
လိုသူရော– မလိုလားသူ များပါ ထိုသေတ္တာ အကြောင်းသိလိုကြ၍ ဝိုင်းကြည့်ကြစဉ်–



ဖြုန်း




ဒီလိုဆိုရင်-ကျွမတို့ မြလုံးကိုပါ ခေါ်ခဲ့ရမလား ဦးလေး။
ဟား-ဟား-ခေါ်ခဲ့ပါကွာ၊ မြလုံးလည်း မင်းတို့နဲ့ အတူတူ လူစွမ်းကောင်းလုပ်တဲ့ အထဲမှာ ပါတာကိုး မဟုတ်လား။

# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဖေ ကျော်ကျော်



## ရှော်ဂျာပိုကော့


ကနေဒါ အနောက်ပိုင်းရှိ ဖို့မက်လီယော့မြို့မှ မက္ကဆီကိုအထိ မိုင်သုံးထောင်ခရီးကို မြင်းဖြင့် စီးနင်းသွားရခြင်းသည် မည်သူ့အတွက်ပင်ဖြစ်စေ အလွန်ကြီးမားသော စွန့်စားမှုသာ ဖြစ်ပေလိမ့်မည်။ သို့သော် ရှော်ဂျာပိုကော့အမည်ရှိ လူငယ်တယောက်မှာကား ထိုသို့သော စွန့်စားမှုကြီးကို ထမင်းစားရေသောက်ပမာ ပေါ့ပေါ့တန်တန် သဘောထားကာ ပြုလုပ် ခဲ့ပေသည်။

ရှော်ဂျာပိုကော့သည် ရဲ၊ ဟရားဟောဆရာ၊ သတင်းထောက် စသည်ဖြင့် အလုပ်အစုံ လုပ်ကိုင်ဘူး၏။ သူသည် ငယ်ငယ်ရွယ်ရွယ်ဖြင့် ဘဝစုံခဲ့သူဖြစ်ပေသည်။ ထိုအလုပ်များမှ အနားယူလိုက်သောအခါ စွန့်စားသွားလာမှုတခုခုကို ပြုလုပ်ပြီး စံချိန်တင်ရန် ကြံစည်စိတ်ကူးလျက်ရှိ၏၊ သို့သော် အခြားသော စွန့်စားမှုများကို ပြုလုပ်မည်ဆိုလျှင် ငွေကြေးရှိရန် လိုအပ်ပေသည်။ ထို့ကြောင့် ငွေကြေးမကုန်ကျပဲ ကိစ္စပြီးနိုင်သော မြင်းစီး၍ စွန့်စားသွားလာခြင်းအလုပ်ကို ရွေးချယ်လိုက်လေသည်။

၁၈၉၉ ခု ဇွန်လ ၂၈ ရက်နေ့နံနက်တွင် ရှော်ဂျာပိုကော့သည် ဖို့မက်လီယော့မှ စတင်ထွက်ခွာလာခဲ့၏။ တောင်အရပ်ဆီသို့ ဦးတည်ကာ ထွက်ခွာလာခဲ့ရာ လမ်းခရီးတွင် တွေ့ရှိသူများအနက် အချို့က သူ့ကို ပြောင်လှောင် သရော်ကြပြီး အချို့ကမူ အားပေးချီးကျူးကာ အကြံဉာဏ်လည်း ပေးကြ၏။



သူသည် ရော့ကီးတောင်တန်း၏ အရိပ်ကို ခိုကာ မြင်းဖြင့် ခရီးနှင်လာရာ ဇူလိုင် လဆန်း တွင်



ကနေဒါနှင့် အမေရိကန်နယ်စပ်ကို ကျော်ဖြတ်မိလေပြီ။ ဇူလိုင်လ ၄ ရက်နေ့တွင် မွန်တားနားပြည်နယ်အတွင်း ဖြတ်သွားနေစဉ် ပွဲတော်ကျင်းပနေသော အင်ဒီးယန်းလူမျိုးများကို တွေ့ရ၏။ ထိုနေ့ကား လွတ်လပ်ရေးနေ့ဖြစ်လေသည်။ ရော်ဂျာပိုကော့သည် ထိုနေရာတွင် တညအချိန်ဖြုန်းနေပြီး နောက်တနေ့တွင် ဆက်လက်ထွက်ခွာလာခဲ့၏။


လမ်းခရီးတွင် သားရဲတိရစ္ဆာန်များနှင့်လည်း မကြာခဏ ရင်ဆိုင်တွေ့ရသည်။ သားရဲတိရစ္ဆာန်များက သူ့ကိုအန္တရာယ်ပြုသောအခါတခါတရံတွင် ယှဉ်ပြိုင်တိုက်ခိုက်ရပြီး တခါတရံတွင်မူ လွတ်အောင် ရှောင်တိမ်း ပြေးခဲ့ရလေသည်။


တခါတရံ အလွန် ပူပြင်းခြောက်သွေ့သော သဲကန္တာရအတွင်း သွားလာရပြီး တခါတရံတွင်ကား မြစ်ချောင်းအင်းအိုင်များကို ကူးဖြတ်ကာ နှစ်ရက်သုံးရက် ရေစိုခံ၍ သွားလာရပေသည်။ ''သေမင်းတောင်ကြား'' ဟု တင်စား ခေါ်ဝေါ်ကြသော ဂရင်းကင်ညွှန် ချောက်ကမ်းပါးကြီးသို့ ရောက်သောအခါတွင်ကား သူသည် အသက်ဆံဖျား စွန့်စားခဲ့ရပြန်၏။


ထို့နောက် မျှားမကြာမီ ယူးတားပြည်နယ်သို့ ရောက်လာခဲ့ပေသည်။ ထိုဒေသကား သူခိုး၊ ဓားပြ၊ ဝရမ်းပြေးနှင့် သောင်းကျန်းသူများ ကြီးစိုးသော ဒေသဖြစ်၏။ ခြောက်လုံးပြူးကို ခါးတွင်ချိတ်ကာ လှည့်ပတ် သွားလာနေကြသော ကောင်းဘွိုင်များကိုလည်း ရော်ဂျာပိုကော့ တွေ့မြင်ရပေသည်။

ရော်ဂျာပိုကော့သည် ထိုသူများနှင့် မိတ်ဆွေဖွဲ့ကာ သူတို့နှင့်အတူ ခေတ္တ တည်းခိုနေထိုင်ခဲ့လေသည်။ ထို့နောက် သူ၏ခရီးဆုံးသို့ ဆက်လက် ထွက်ခွာလာခဲ့ပြန်၏။

အန္တရာယ်အသွယ်သွယ်ကို ကျော်လွှားခဲ့ပြီးနောက် ၁၉၀၀ ပြည့်နှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် မက္ကဆီကိုသို့ ရောက်ရှိလေသည်။ သူသည် မိုင်ပေါင်း ၃၆၀၀ ခရီးကို ရက်ပေါင်း ၂၀၀ မျှဖြင့် သွားရောက် နိုင်ခဲ့ခြင်းဖြစ်၏။ ပျမ်းမျှ တရက် လျှင် ၁၈ မိုင်နှုန်း ဖြစ်၏။ ထိုခရီးအတွက်မြင်းသုံးကောင် အပြင် လမ်းတွင် ဝယ်ယူရရှိသည့် ကျွဲနွား စသည့် အခြား တိရစ္ဆာန် ကိုးကောင် ကိုလည်း အသုံးပြု စီးနင်း ခဲ့ရသည်ဟု ရော်ဂျာ ပိုကော့က မှတ်တမ်းတင် ခဲ့ပေသည်။





ဇာတ်လမ်းမြေရိုင်း ပန်းချီတင်ဝင်း
တခါက ခြံကြီးတခြံထဲတွင် ကြက်ငှက်ဘဲများ ရှိကြသည်။ သူတို့ကို လယ်သမားကြီးက အစာကျွေးသည်။
ရေကန်ထဲတွင် ဘဲအချို့ရေကူးနေကြသည်။
စပါးစေ့ တွေတော့အားလုံး ကုန်ပြီကွ—
ဟေ့—ငါက ငှက်ထဲမှာတော့ အလှဆုံးပဲကွ— အမြီးကလဲ လှတယ်၊ အောက် အီအီး အွတ်လဲ အော်တတ်သေးတယ်၊ ဟဲ—ဟဲ—
ဟား—ဟား—ရှင်က အော်သာ အော်နိုင်တယ် ကျမ တို့လို—ဥမဥ နိုင်ပါဘူးတော်—
အို—အို—ညည်းသာဥနိုင်တာ မဟုတ်ပါဘူး၊ ကျုပ်တို့ကလဲဥနိုင်တယ်၊ ရေလဲ ကူးနိုင်တယ်၊ ကျုပ်သာအလှဆုံး အသုံး ကျ ဆုံး တော့—







အားလုံးသော ငှက်အပေါင်းတို့သည် ခြံစည်းရိုးပေါ်မှ အရောင်မျိုးစုံနှင့် လှပသော ဒေါင်းကြီးကို ငေးကြည့်နေကြသည်။




ဟား
ဟား
ပြေးကြ
ဟေ့
သူတို့သည် စပါးကျီထဲသို့ ရောက်သွားကြပြီး အားလုံး မောဟိုက်နေကြသည်။
ကဲ-မင်းတို့ဖြင်းခုံနေကြတယ် မဟုတ်လား ငါချောတယ် ငါလှတယ်၊ သူ့အသုံးဝင်တယ် ငါအသုံးဝင်တယ်နဲ့-အခုတော့ မြေခွေးကို ဘာလို့ မောင်းမထုတ်နိုင်ကြသလဲ-
ဟောဗဲ
ဟောဗဲ
ငန်းဖြူကြီးက တည်ငြိမ်စွာ ပြောနေသည်။
မင်းတို့ငါတို့ဟာ သူ့နည်းနဲ့သူ လှပြီး အသုံးဝင်ကြတာပဲ၊ ခုလိုရန်သူလာတဲ့အခါ တို့အားလုံးဟာ ငှက်မျိုးလို့ယူဆပြီး စည်းစည်းလုံးလုံးနဲ့ ရန်သူကို ခုခံရမယ်-
ထို့နောက် သူတို့အားလုံး စပါးကျီထဲမှ တန်းစီ၍ ထွက်လာကြပြီး-
စုပေါင်းတိုက်ခိုက်ကြသဖြင့် မြေခွေးကြီး ထွက်ပြေးရလေသည်။
ထို့နောက်တွင်ကား အားလုံးသော ငှက်အပေါင်းတို့သည် ညီညွတ်ချစ်ခင်ပျော်ရွှင်စွာ အတူတကွ နေထိုင်ကြလေသတည်း။




# ကရူဂါ အမျိုးသား ဥယျာဉ်

တောရိုင်း တိရစ္ဆာန်များအား လွတ်ငြိမ်းခွင့် ပြုထားသော ဤဥယျာဉ်ကြီးသည် စတုရန်းမိုင် ၈၀၀၀ ကျယ်ဝန်းသဖြင့် ကမ္ဘာ့အကြီးဆုံးဥယျာဉ်ဟု ခေါ်နိုင်ပေသည်။ ကရူဂါ အမျိုးသားဥယျာဉ်သည်တောင်အာဖရိက သမတ နိုင်ငံ၏ မြို့တော် ပရီတိုးရီးယား အရှေ့မြောက်ဖက် မိုင် ၂၃၀ အကွာတွင်ရှိသည်။ ၁၉၈၉ ခုတွင် တောင်အာဖရိက၏ သမတ ဖြစ်လာသူ ပေါလ်ကရူဂါက ဆားဗီကြိုးဝိုင်းဟု စတင် ခေါ်ဝေါ် ဖွင့်လှစ်ခဲ့သော်လည်း ၁၉၂၆ ခုနှစ်သို့ ရောက်သော် ကရူဂါကို ဂုဏ်ပြုသောအားဖြင့် ကရူဂါ အမျိုးသားဥယျာဉ်ဟု အမည်ပြောင်းခဲ့သည်။

မော်တော်ကား လမ်း မိုင် ၁၂၀၀ ရှိသော ဤဥယျာဉ်ကြီးထဲသို့ မော်တော်ကားများ မောင်းဝင်ပြီး လွတ်လပ်စွာသွားလာနေကြသော တောရိုင်းတိရစ္ဆာန်များ၏ သဘာဝကို လေ့လာ အကဲခပ်နိုင်ပေသည်။ ဤဥယျာဉ်၌ ဆင်၊ ခြင်္သေ့၊ ကျားသစ်၊ သစ်ကုလားအုပ်၊ ကျွဲ၊ မြင်းကျား၊ မျောက်မောင်းမ၊ ရေမြင်း၊ မိကျောင်း စသော တောင်အာဖရိကတိုက် တိရစ္ဆာန်များနှင့် အပူပိုင်းဒေသ ငှက်အမျိုးမျိုးကို တွေ့ရှိနိုင်သည်။ ခြင်္သေ့များသည် မော်တော်ကားလမ်းပေါ်တွင် အေးဆေးလွတ်လပ်စွာ သွားလာနေသည်ကို တွေ့ရတတ်သည်။

ဥယျာဉ်ကို နှစ်စဉ် ဇွန်လလယ်မှ အောက်တိုဘာ လလယ်ထိ ဖွင့်လှစ်ပေးထားသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)



စိမ်း၊ ပြာ၊ နက်၊ ဝါ ဆေးရောင်ခြယ်ပါ။

# ကျွန်တော့် စုံထောက်

မောင်ဆောင်းဦး
(ရှင်ဝါလင်း)



"အငယ် – ဘာဖြစ်လို့ မှိုင်နေတာလဲကွ။ လာကွာ ဧတူးဆီ သွားရအောင်"

"မလိုက်ချင်ဘူးကွာ။ ငါ သိပ်စိတ်ညစ်နေတယ်"

"ဘာများ စိတ်ညစ်စရာ ရှိလို့လဲကွာ။ ငါ့ကိုလဲ ပြောစမ်းပါအုံး၊ ကူညီနိုင်စရာရှိယင် ကူညီရတာပေါ့"

"မနေ့က အတန်း ထဲမှာ ဖောင်တိန်ပျောက်တဲ့ ကိစ္စပေါ့ကွာ။ ဆရာမက ငါယူတယ်လို့ စွပ်စွဲနေတယ်"

"စွပ်စွဲရအောင် ဘာ အထောက်အထားရှိလို့လဲကွာ"

"ဖောင်တိန်ပျောက်တဲ့ နေ့က အတန်းထဲမှာ ငါရယ်၊ ခင်မြဝင်းရယ် နှစ်ယောက်ထဲ ရှိတယ်ကွ။ခဏကြာတော့ ခင်မြဝင်းက အတန်းအပြင် ထွက်သွားတယ်။ သူထွက်သွားလို့မကြာခင်မှာဘဲ ငါလဲ ဧတူးဆီထွက်သွားတယ်။ ငါပြန်လာတော့ခင်မြဝင်းဖောင်တိန်ပျောက်တယ် ဆိုပြီး ငါယူတာဖြစ်ရမယ်လို့ ဆရာမကို တိုင်တာပါဘဲကွာ"

"မင်းက ဆရာမကို ရှင်းမပြဘူးလား"

"ရှင်းပြပါတယ်ကွာ၊ ဒါပေမဲ့ ငါက အတန်းထဲမှာ မျက်နှာငယ်ရတဲ့ ဘဝဆိုတော့ စွပ်စွဲခံရတာပေါ့"

အငယ်သည် ကျွန်တော်တို့ အတန်းထဲတွင် စာအတော်ဆုံး ဖြစ်၏။ သို့သော် သူ့အဖေမှာ စက်ထဲမှ ကူလီကြီး ဖြစ်သောကြောင့် မျက်နှာငယ်ရပါသည်။ ကျွန်တော်၏ အချစ်ဆုံး သူငယ်ချင်း အကြောင်းကို ကျွန်တော် ကောင်းကောင်း သိပါသည်။ အငယ်သည် ခိုးတတ်သူ မဟုတ်ပါ။ သို့သော် ယခုကိစ္စတွင် အငယ် မခိုးကြောင်း သက်သေ ပြနိုင်မှသာ အစွပ်စွဲခံဘဝမှ ကင်းလွတ်နိုင် ပါမည်။ အငယ်အတွက် ကျွန်တော်၏ အကောင်းဆုံးလက်ဆောင် အဖြစ် ဤဖောင်တိန် ပျောက်မှု အမြန်ဆုံး ပေါ်အောင် စုံစမ်းပေးရန် ဆုံးဖြတ်မိပါသည်။

ညနေတွင် ကျွန်တော်သည် ခင် မောင် ထွေး ထံ သွား၍ တိုင်ပင်ပါသည်။

"ဖောင်တိန်ပျောက်တဲ့ နေ့က အတန်းထဲမှာ အငယ်အပြင် ဘယ်သူရှိသေးလဲ ဆိုတာ သိရယင် သိပ်ကောင်းမယ်ကွ"

"ဟာ – နေအုံးကွ ကိုကို၊ ငါခုမှ တွေးမိတယ်။ အဲဒီနေ့က အတန်းထဲကို ငါဝင်သွားတော့ မောင်ဝင်းတယောက် အတန်းထဲက ထွက်သွားတာ ငါမြင်လိုက်တယ်။ အဲဒီ အချိန်က အတန်းထဲမှာ ဘယ်သူမှ မရှိကြဘူး"

"မောင်ဝင်းတော့ ဖြစ်နိုင်မယ် မထင်ပါဘူးကွာ။ဒီကောင်က သူဌေးသားဘဲ"

"ဒီကောင်က လမ်းသူရဲကွ။ ငွေမရှိလို့ ကြံတာဖြစ်နိုင်တယ်။ နောက်ပြီးဒီကောင်က ကျောက်ဒိုးလဲ သိပ်ရိုက်တယ်"

"ဟုတ်ပြီ ခင်မောင်ထွေး၊ မင်းပြောတာ ဖြစ်နိုင်တယ်ကွ။ ဒီမောင်ဝင်းရိုက်တဲ့ ကျောက်ဒိုးဝိုင်းကို သွားစုံစမ်းရအောင်"

ကျွန်တော်နှင့် ခင်မောင်ထွေး ကျောက်ဒိုးဝိုင်း အနီးသို့ ရောက်သောအခါ မောင်ဝင်းကို တွေ့ရပါသည်။ ကျွန်တော်တို့ ကြည့်နေစဉ် မောင်ဝင်းမှာ ပွဲတိုင်း ရှုံးသောကြောင့် ထွက်သွားပါသည်။ မောင်ဝင်း ထွက်သွားသောအခါ ကျွန်တော်က ကျောက်ဒိုး ရိုက်သော လူကြီး တယောက်ကို မေးပါသည်။

"ဦးလေး မောင်ဝင်း အမြဲ ရှုံးတာဘဲလား"

"ရှုံး တာ တော့ မပြောနဲ့ တော့ကွာ၊အမြဲရှုံးတာဘဲ။ဒါလဲ မမှတ်ဘူးကွ။ဖောင်တိန်တောင် ပေါင်ရိုက်တယ်"

ကျွန်တော်တို့လည်း ကျောက်ဒိုးဝိုင်းမှ ထွက်ခဲ့ကြပြီး —

"မောင်ဝင်းပေါင်တဲ့ ဖောင်တိန်ဟာ ခင်မြဝင်း ဖောင်တိန် ဖြစ်နိုင်တယ်ကွ"

"ဟုတ်နိုင်တယ်။ အဲဒါ ဒို့ ဘယ်လို စုံစမ်းမလဲကိုကို"

"စုံစမ်းဘို့ကတော့ မလွယ်ပါဘူး။ ဒါပေမဲ့ အကြောင်းစုံကို ဆရာ ဦးဘသွင်ကို ပြောပြမယ်။ နောက်ပြီး ဆရာ့ကို အပေါင်ဆိုင်မှာ စုံစမ်းဘို့ ပြောမယ်ကွာ"

"အေး — ဒီအကြံ ကောင်းတယ်ကွ"

ကျွန်တော် တို့သည် ဆရာ ဦးဘသွင် အိမ် သို့ ဝင် ကာ အကြောင်းစုံ ပြောပြပါသည်။

နောက်တနေ့ နံနက်တွင် အပေါင်ဆိုင်သို့ ဆရာ ဦးဘသွင် သွားရောက် စုံစမ်းသော အခါ ခင်မြဝင်းနာမည်ရေးထားသော ဖောင်တိန်ကို တွေ့ရပါသည်။ မောင်ဝင်းကို ဆရာကြီးက စစ်သော အ ခါ မောင် ဝင်း က ကျောက်ဒိုးရိုက်ရန် ပိုက်ဆံမရှိသဖြင့် ခင်မြဝင်းဖောင်တိန်ကို ခိုးမိကြောင်း ဝန်ခံသည်။

အ ကြောင်း စုံ ရှင်းသွားသောအခါ အငယ်သည် ကျွန်တော်နှင့် ခင်မောင်ထွေးရှိရာသို့ လာ၍ —

"မင်းတို့ကို သိပ်ကျေးဇူးတင်တာဘဲကွာ။မင်းတို့ကြောင့် ငါနာမယ်မပျက်တာ"

"ဒို့ တ တွေ ဟာ သိပ်ခင်တဲ့ သူငယ်ချင်း တွေဘဲ ကွာ။ တယောက်ကိုတယောက် ကူညီရမှာပေါ့"

ထိုစဉ် ခင်မြဝင်းက အငယ်အား သူစွပ်စွဲမိသည်ကို စိတ်မဆိုးရန် လာရောက် တောင်းပန်ပါသည်။ကျန်သောကျောင်းသား များက ကျွန်တော်နှင့် ခင်မောင်ထွေးကိုကျောင်းသားတင်မောင်ဆွေဟု ခေါ်ကြပါသည်။ ကျောင်းကောင်စီ အစည်းအဝေးတွင်လည်း ကျွန်တော်တို့အား ကျောင်းသား စုံထောက်ကလေးများအဖြစ်ဂုဏ်ပြုပါသည်။ ကျွန်တော်၏စိတ်ထဲတွင်မူ အငယ်တယောက် အစွပ်စွဲခံ မျက်နှာငယ်ဘဝမှ လွတ်ကင်းရခြင်းကိုပင် ဝမ်းသာမဆုံး ဖြစ်နေမိပါသည်။

## ဗိုလ်မင်းရောင်

အရေးကြီးယင်
သေးစည်းကြကွဲ၊
ရှေးနည်းအရမြန်တိုင်းဘောင်။

ညီညီညာညာ ဖြိုလှာမနှေးပ၊
စုကာဝေးကြ
မြင်းမဏိတောင်။

နယ်ခွဲကုလားဖြူ
ခေါင်းလျှင်ဖြုတ်လို့၊
မောင်းနှင်ထုတ်စို့ညီကြမောင်။


သူကျွန်မခံ အလံမလှဲပ၊
အားမာန်ခဲလို့
ကြိုးအားနှောင်။

သမိုင်းရာဇဝင် ဂုဏ်သတင်းမှာ၊
ထုံပျံ့သင်းခဲ့ တို့ခေါင်းဆောင်
ဗိုလ်မင်းရောင် ရွှေလရောင်။ ။

မောင်လှ(ကျောက်မော်)။



R. 517



ယနေ့ကမ္ဘာတွင် အမြင့်ဆုံးတိရစ္ဆာန် ဖြစ်သည်။ အချို့သစ်ကုလားအုပ်များသည် ၁၈ ပေ မကမြင့်မားကြသည်။ သို့သော် ယင်း၏ လည်ပင်းရိုးမှာ အခြား နို့တိုက်သတ္တဝါများ နည်းတူ အရိုးဆစ်ခုနစ်ဆစ်သာ ရှိသည်။ မွေးကင်းစ သစ်ကုလားအုပ်ကလေးများသည်ပင် ခြောက်ပေခန့် မြင့်မားကြသည်။

သစ်ကုလားအုပ်များသည် လည်ပင်းရှည်၍ အရပ်မြင့်ကြသဖြင့် သစ်ပင်ထိပ်များမှ အရွက်များကို လှမ်း၍ ကိုက်ဖြတ် စားသောက်နိုင်သည်။ မြေပြင်တွင် ပေါက်လျက်ရှိသော မြက်များကိုလည်း အလွယ်တကူ ကိုက်ဖြတ် စားသောက်နိုင်သည်။ ကြီးမားပြူးကျယ်သော မျက်လုံးများရှိခြင်းကြောင့် အဝေးမှ အန္တရာယ်ကို ကြိုတင်မြင်နိုင်စွမ်းသည်။ ကြီးမားသော နားရွက်များကြောင့် နားကြား ပါးလိမ္မာမည်ဟု ယူဆရသည်။

ကိုယ်လုံးကိုယ်ထည်ကြီးမားသော်လည်း သစ်ပင်များအကြားတွင် ရောက်နေပါက ရုတ်တရက်မြင်ရန်မလွယ်ပေ။ သစ်ကုလားအုပ်များ၏ရန်သူကား ခြင်္သေ့များပင်ဖြစ်သည်။ တကောင်ချင်းဖြစ်လျှင် ခုခံကာကွယ်နိုင်သော်လည်း ခြင်္သေ့များ အုပ်ဖွဲ့၍ စုပေါင်းတိုက်ခိုက်လျှင် ခုခံရန်မလွယ်ပေ။

သစ်ကုလားအုပ်၏ နားရွက်များအကြားတွင် ဦးချိုငယ်များ ပေါက်လျက်ရှိသည်။ ယင်းဦးချိုများမှာ အမွေးများ ဖုံးအုပ်လျက်ရှိပြီး များစွာ အသုံးမဝင်လှပေ။

တကြိမ်လျှင် သားငယ်တကောင်သာ ပေါက်ဖွားသည်။ သားငယ်သည် မွေးပြီး တနာရီအတွင်း လမ်းလျှောက်နိုင်သည်။ နှစ်ရက် သုံးရက်ကြာလျှင် ကောင်းစွာ ပြေးလွှားနိုင်သည်။

ခြေထောက်များတွင် ခွာများရှိပြီး လျင်မြန်စွာ ပြေးလွှားနိုင်သည်။ အမွေးအရောင်မှာ အညိုရောင်ဖြစ်ပြီး မညီညာသော ဖြူဖြော့ဖြော့အကွက်များရှိသည်။

အာဖရိကတိုက် တိရစ္ဆာန်သက်သက်ဖြစ်ပြီး၊ ခြောက်သွေ့သော မြက်ခင်းလွင်ပြင်များတွင် ကျက်စားကြသည်။ အသံမြည်လေ့မြည်ထမရှိသဖြင့် လုံးဝအသံမပြုနိုင်ဟု ယူဆကြသော်လည်း၊ တခါတရံ ကျယ်လောင်စွာ အသံပြုနိုင်ကြောင်း သိရှိရသည်။

# သစ်ကုလားအုပ်

ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ ၄၊ အမှတ် ၄၉။

# ရွှေသွေး ဂျာနယ်

၁၃၃၄ ခု၊ တန်ဆောင်မုန်းလဆုတ် ၁၂ ရက်
(၂-၁၂-၇၂)

## ဒေါင်းသား

ပန်းချီ-ဦးသာကြည်
ဇာတ်လမ်း- စန္ဒရဝင်း



စနေနေ့တိုင်း ထုတ်ဝေသည်။


မောင်ကြီး နှမ-လှ ရဲ့လား
တခါက မြို့တမြို့တွင် လိုလေသေးမရှိ ဝတ်စား သုံးဖြုန်းနိုင်စွမ်းရှိသော သူဌေး ဇနီးမောင်နှံ နှစ်ဦး ရှိ၏။
သူဌေး ကတော်လေးသည် အဆန်း ဆိုသမျှ ဝယ်ယူ ဆင်မြန်းရုံမက အစားအစာများကို လည်း ကြိုကြိုဖန်ဖန် စားသောက်လိုစိတ် ရှိ၏။
သူဌေးကြီးကလည်း အလိုလိုက်၏။ သားသမီး ကလည်းမရှိ။ သို့သော် သူဌေးကတော်လေး မှာကျေနပ်မှုမရှိချေ။
တနေ့သော် သူဌေးကြီးက ဇနီးသည်လေး၏ စိတ်ကို စမ်းသပ်လိုသဖြင့် —



နောက်တနေ့တွင် သူဌေးကြီး စေခိုင်းသဖြင့်
လူယုံတော်တပည့်က ထိုည သန်းခေါင်အချိန်တွင် အောင်မြင်စွာ ခိုးယူနိုင်ခဲ့လေသည်။
သူဌေးကတော်လေးသည် နံနက်ခိုးလျှင်ခိုးချင်း မေးမြန်းကာ စားသောက်လေ၏။
ရက်မှားမကြာမီ မြို့တော်ကြီး၌ ကြေညာချက် မောင်းသံကြားရလေတော့သည်။
ထိုသတင်းကြောင့် တနေ့လုံး စိတ်ကူးယဉ်ပြီး
နောက်တနေ့တွင် ဘုရင်ခြေတော်ရင်းရောက်ကာ —


ဇနီးသည်၏အကြံ ရိပ်စားမိသဖြင့် သူဌေးကြီး လည်း အချိန်မီ နန်းတော်သို့ ရောက်လာ၍–
ထိုအခါ ဘုရင်ကြီးသည် အမျက်ထွက်လျက်
အိမ်း
ပြီး


တယ်ပဲ့ထွက်ပါလား
ဇာတ်လမ်း/ကြည်ထွန်း
သရုပ်ဖော်/အောင်ရှင်
အင်း၊ တူးမောင်နဲ့ သံလုံးတို့ မျှားတဲ့ နေရာမှာသွား မျှားမှဘဲ
ကျောင်းပိတ်ရက် တနေ့တွင် ဖိုးထောင်တယောက် မြောင်းကြီးသို့ ငါးမျှားထွက်လာစဉ်-
မင်း အဲဒီ ဒုတ်တံကြီးနဲ့ မျှားလို့ ဘာငါးမှ ရမှာ မဟုတ်ဘူး
အာ ထိုက်တဲ့ ကောင်
ဟား ဟား
ဟားဟား ဒယ်အိုးကြီးဟေ့ မင်း ငါးက ဘယ်ဆိုးလို့လဲ တူးမောင်ရဲ့
အာရေးထဲ ဒီ ဒယ်အိုး စုတ်ကလဲ သွားကွာ
ဒီမှာလဲ ကြည့်ပါဦးကွာ
တူးမောင်နှင့် သံလုံးတို့သည် အတော် စိတ်ပျက်သွားကြ၏။
ဟေ့ ငါးမိနေပြီ ထင်တယ်၊ အလေး ကြီးကွ
ဆွဲတင် မြန်မြန်ဆွဲ သတိထားကွ


ဟား ဟား
ဟာ
ဖိုးထောင် အကြံတခုရသွား၏။
ဖိုးထောင်သည် သူလိုသည့် ပစ္စည်းများကို အိမ်သို့ပြန်၍ ရှာဖွေယူလာခဲ့သည်။
ဟား ဟား ဒီကြိုးတွေနဲ့ မင်းက ငါးမျှားမလို့လား
ဖိုးထောင်သည် ပထမနေရာသို့ သွားမျှား၏။
ဟိုက်! တယ်လေးပါလား
ဖိုးထောင်သည် ဆက်၍ မျှားပြန်သည်။
ဟား ဟား
မကြာမီ ရေထဲမှရသော ပစ္စည်းများ စုပုံနေတော့သည်။


ဖိုးထောင်သည်သူ၏ပစ္စည်းများကို လက်တွန်း လှည်း
ပေါ်တင်လိုက်ပြီး –
မင်း၊ ဒါတွေ ဘာလုပ်ဖို့တုံး
အမှိုက်တွေ အိမ်သယ်သွား မလို့တဲ့၊ တယ်ကြောင်တာဘဲ
စောင့်ကြည့်ကြပေါ့ကွာ
သူ၏လှည်းကို ပစ္စည်းဟောင်း ရောင်းသောဆိုင်သို့ ဦးတည်၍ တွန်းလာသည်။
ဖေ
ကုလားကြီးက ဖိုးထောင်၏ ပစ္စည်း
အားလုံး ကို ဝယ်လိုက်သည်။
ရော့– ငွေ တဆယ်
ပစ္စည်းဟောင်း ရောင်းနိုင် ဝယ်နိုင်
သူသည် ရသောပိုက်ဆံဖြင့်တရုတ်ဆိုင်မှငါးကင်
ဝယ်သည်။ ပိုက်ဆံအပိုလည်း ကျန်သေးသည်။
အား
မွှေးလိုက်တာ
ဟေ့ ဖိုးထောင်ပါလား
မင်း ဒီငါးကင် ဘယ်က ရတာလဲ
ငါ့ ပိုက်ဆံနဲ့ ဝယ်တာပေါ့ကွ ဟဲဟဲ
ဟေ
ဖိုးထောင်က ရှင်းပြလိုက်သည်။
ခုနပစ္စည်း အဟောင်းတွေ ရောင်းလို့ ရတဲ့ ပိုက်ဆံနဲ့ ဝယ်တာကွ၊
ရတဲ့ငွေ တဆယ်ထဲက ငါးကင်ဖိုး သုံးကျပ်နှုတ်လိုက် ခုနစ်ကျပ် တောင် ကျန်သေးတယ်
တယ်ဟုတ်ပါလား



# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဖေ    ကျော်ကျော်


## အမ်မီလီယာ အားဟတ်


အမ်မီလီယာ အားဟတ်ကား ကမ္ဘာကျော် အမျိုးသမီးလေသူရဲဖြစ်ပေသည်။ သူ့ကို ၁၈၉၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ကင်းဆပ်ပြည်နယ် အက်ချီဆင်မြို့တွင် မွေးဖွားခဲ့သည်။ မိဘတို့၏အိမ်ထောင်ရေး အဆင်မပြေမှုများကြောင့် ငယ်စဉ်က ကသီလင်တ ဖြစ်ခဲ့ရ၏။ အရွယ်ရောက်သော် ကိုလံဗီယာတက္ကသိုလ်တွင် ပညာသင်ကြားသည်။ တက္ကသိုလ်မှ ထွက်သော် လူမှုရေးဝန်ထမ်းအဖြစ် နှစ်နှစ်ခန့်မျှ အမှုထမ်းခဲ့သေး၏။

တနေ့တွင် လေယာဉ်ပြပွဲတခုသို့ သွားရောက်ကြည့်ရှုရာမှ လေကြောင်းပျံသန်းမှုလုပ်ငန်းများကို အလွန်အမင်း စိတ်ဝင်စားလာပြီးလျှင် အမျိုးသမီးလေသူရဲ ဖြစ်ရမည်ဟု သန္နိဋ္ဌာန်ချလိုက်လေတော့သည်။

ထို့နောက် တပတ်ရစ်လေယာဉ်ပျံတစီးကို ဝယ်လိုက်ပြီး ဆရာများ ငှားရမ်းကာ လေယာဉ်အမောင်းနှင့် လေယာဉ်စက်ပြင်ပညာများကို အပြင်းအထန် လေ့ကျင့်သင်ကြားလေသည်။ သို့ဖြင့် လေယာဉ်ပျံမောင်းခြင်းနှင့် စက်ပြင်ခြင်းများကို တတ်မြောက်လာ၏။

၁၉၂၈ ခုနှစ်တွင် ဝီလမာစတားဆိုသူလေသူရဲတဦးနှင့် လူးဝစ်ဂေါဒင်ဆိုသူ လေယာဉ်စက်ဆရာတဦးတို့သည် အတ္တလန္တိတ်သမုဒ္ဒရာပေါ်တွင် ပျံသန်းကြမည်ဖြစ်ရာ အမ်မီလီယာ အားဟတ်အား အဖော်အဖြစ်လိုက်ပါလိုက လိုက်ပါရန် စကားကမ်းလှမ်းလာ၏။ အမ်မီလီယာ အားဟတ်မှာ ထိုကမ်းလှမ်းချက်ကို ချက်ချင်းလက်ခံလိုက်သည်။ သူတို့သည် အတ္တလန္တိတ်သမုဒ္ဒရာ






ပေါ်တွင် အောင်မြင်စွာ ပျံသန်းနိုင်ခဲ့ကြသည်။ အမ်မီလီယာ အားဟတ်အဖို့မူ အတွေ့အကြုံ များစွာ ရရှိ လိုက်လေသည်။ ထိုခရီးမှအပြန်တွင်ဂျော့ပါလမား ပွတ်နမ်ဆိုသူ စာအုပ် ထုတ်ဝေသူတဦးနှင့်လက်ထပ်လိုက်လေသည်။

အမ်မီလီယာ အားဟတ်ကား အတ္တလန္တိတ် သမုဒ္ဒရာ ပေါ်တွင်လေယာဉ်ပျံဖြင့် ခရီးသည်အဖြစ် ပထမဆုံး ပျံသန်းဘူးသော အမျိုးသမီး ဖြစ်နေပေပြီ။ သို့သော် ထိုမျှဖြင့် မကျေနပ်သေး။ သူတဦးတည်း လေယာဉ်ပျံကို ပဲ့ကိုင်မောင်းနှင်ကာ အတ္တလန္တိတ်သမုဒ္ဒရာပေါ်တွင် ဖြတ်ကျော်ပျံသန်းရန်အတွက် ကြံစည်ကြိုးစားလျက်ရှိ၏။

သူ၏အကြံအစည်ကား ၁၉၃၂ ခုနှစ်တွင် အကောင်အထည်ပေါ်လေတော့သည်။ ထိုနှစ် မေလ ၂၀ ရက်ည ခုနစ်နာရီအချိန်တွင် ကနေဒါနိုင်ငံ နယူးဖေါင်လန်မှထွက်ခွာ၍ အတ္တလန္တိတ် သမုဒ္ဒရာပေါ်ကို ကန့်လန့်ဖြတ် ဦးတည်ကာ ပျံသန်းလာခဲ့၏။ အတ္တလန္တိတ်သမုဒ္ဒရာအပေါ် တိမ် မည်းမှောင်များအကြားတွင် တဦးတည်းပျံသန်းလာသော အမ်မီလီယာ အားဟတ်ကား အံ့ဘွယ်သူရဲပင် ဖြစ်ပေ၏။ ရာသီဥတုမှာ အလွန်ဆိုးရွားလှပေရာ အခြေအနေကို ကြည့်၍ နိမ့်ချည် တခါ မြင့်ချည်တလှည့်ပျံသန်းလာရ၏။ နောက်ဆုံးတွင် အတ္တလန္တိတ်သမုဒ္ဒရာကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ပြီး မေလ ၂၁ ရက်နေ့တွင် အိုင်ယာလန်မြေပေါ်သို့ ခြေချမိလေတော့သည်။

ထိုသို့ဖြင့် အမ်မီလီယာ အားဟတ်ကား အတ္တလန္တိတ်သမုဒ္ဒရာပေါ်တွင် လေယာဉ်ဖြင့် တဦးတည်း အောင်မြင်စွာ ဖြတ်ကျော်ပျံသန်းနိုင်ခဲ့သူ ပထမဆုံး အမျိုးသမီးလေသူရဲ အဖြစ် ကမ္ဘာက အသိအမှတ်ပြု ကောင်းချီး ပေးခြင်းခံရလေသည်။

သို့သော် သူသည် ထပ်ဆင့်စွန့်စား နေချင်သေးသူပီပီ ၁၉၃၇ ခုနှစ်တွင် ကမ္ဘာပတ်ရန် ရည်ရွယ်ချက်ဖြင့် ထွက်ခွာသွားရာမှ ပျောက်ဆုံးသွားခဲ့ရာ သတင်း အစအနပင် မကြားရတော့ချေ။ လေယာဉ်ပျံ ပျက်ကျကာ သေဆုံးရခြင်း ဖြစ်မည်ဟုသာ အများက ယူဆထားကြလေသည်။





ခွေးကလေးမဲညိုသည် မွေးကတည်းက မိခင် ဆုံးသွားပြီးနောက် မွေးချင်း များကလည်း တကွဲတပြားဖြစ်ကာ တကောင်ကြွက် အနေ ခက်နေလေ၏။
ဒီအမှိုက်ပုံကလေးက စားကောင်း သောက်ဖွယ်တွေပေါ်သားဘဲ
ဆိုစဉ်
အမယ်ဟိုငတိက ကျူးကျူးကျော်ကျော်ငါ့ ပိုင်နက်မှာလာခေါက်ကား တယ်
ကဲ ဖွတ်သား
မဲညိုသည် ပြေးရင်း လွှားရင်း ခြံကြီး တခြံသို့ ရောက်လာသည်။
ဟိုခွေးကြီးကတော့အစာတွေရှေ့ရှေ့ အသင့်နဲ့ပါလားအားကျစရာဘဲ
မဲညိုသည် ခြံထဲသို့မဝံ့မရဲဝင်ပြီး—
သူ့ဆီမှာက ပညာခံရယင် ငါလည်းသူလိုစားရမှာဘဲ
ဟေ့.ဒါ.ဒါဘာ လုပ်တာလဲ
အဖေ့ထံမှာက ပညာ ခံပါရစေ အစာအနိုင်ယ် ရှာနိုင်ကြပါအစာငတ်နေတာ နှစ်ရက်ကျော်ပါပြီ
အေး ချွန်သွားသည်ဆို တော့ကူညီရမှာ ပေါ့ဒါပေမဲ့ မင့် ကိုဘယ်လိုခေါ်ရ မှာလဲ


မဲညိုက သနားစဖွယ်တောင်းပန်သဖြင့်
ကောင်းပြီ စမ်းသပ်တဲ့အနေနဲ့ ခြံထဲမှာတော့ မအိပ်ရဘူး ငါ့သခင်အပေါ်မှာ ငါကဲ့သို့သစ္စာရှိရမယ်
ကျေးဇူးတင်ပါတယ်
တနေ့တွင် အိမ်ရှင်က ဟင်းချက်ရန် အမဲသား များ ဝယ်လာရာ→
ဟိုက်! ဟင်းကောင်းချက်တော့မယ်-ငါ ဉာဏ်ဆင်ပြီးစားမှပဲ
ဘာဖြစ်နေတာလဲ
ထို့နောက်
လာ - ရွှေထီပိုက ကျားဗိုလ်တို့နဲ့သွားပြီး နယ်ခံပိုလာရအောင်
ဆရာ - ကျနော်ဝမ်းကိုက်နေလို့ ဒီနေ့မလိုက်ပါရစေနဲ့ဗျာ
သို့ဖြင့် အိမ်ရှင်ထွက်သွားသဖြင့်
အဲ အိမ်ရှင်လဲ အိမ်ရှေ့ထွက်သွားလေရဲ့ နောက်ဖေးတံခါးလဲ ပွင့်လို့ အသာပင်ဗျ
အထဲသို့ရောက်သော်
ဟင်းအိုးတော့တွေ့ပြီ ဖွင့်စားရုံပဲ အိမ်ရှေ့မှာလဲ လူရိပ်တောင်မတွေ့ဘူး
အကွက်တော့ဝင်ပြီ
ဟင်းဖတ်များကို မြိန်ရေရှက်ရေ စားနေစဉ်
ဂျိုင်း
ဟိုက်! နောက်ဖေးတံခါး ပိတ်သွားပြီ


လေတိုက်လို့လားရန်သူလားဘဲမထူးဘူး အိမ်ရှေ့ကိုပြေးမှ
အိမ်ရှေ့တွင် အိမ်ရှင်နှင့် တိုးနေပြီး –
ဟဲဟဲ မင်းကိုတမင်အကွက်ထွင်ပြီးချောင်းနေတာ - ငါထင်တဲ့အတိုင်းပဲ
ကိန်
ငိန်
ကိန်
မဲညိုခမြာ မထနိုင်ပဲ လဲရှာလေ၏။
သခင်မဲ့တဲ့ခွေးကိုတော့ ရက်စက်ရတယ်ကွ
ကိန်ငိန်ငိန်-အမလေး နာလိုက်တာ
အိမ်ခွေးပြန်ရောက်လာသောအခါ....
ကျုပ်အဖြစ်နဲ့ကျုပ် ခံရတာပါဆရာရယ်
ခွေးမှန်ရင် သခင်ရှိရတယ်ကွ
အခုငါနားပြီး သခင်မဲ့တဲ့သူတွေကိုဘယ်သူမှ ခွင့်မလွှတ်နိုင်ဘူးဆိုတာ သိပြီမဟုတ်လား အဲဒါမှတ်ထား
အသက်သခင်ကျေးဇူးရှင် ကိုသခင်ဖဲ့မိလို့ဘဲ
ပြီး

ဂျရုးဆလမ် မြို့ဟောင်း၌ ကိုက် ၄၀ ခန့် ရှည်လျားသော အုတ်နံရံမြင့်ကြီးတခုရှိသည်။ ထိုအုတ်နံရံမြင့်ကြီးကို ငိုကြွေးမြည်တမ်းရာ အုတ်နံရံ သို့မဟုတ် ကျိုးမျက်ရည် အုတ်နံရံဟု ခေါ်ဝေါ်ကြပြီး ဆော်လမွန်ဘုရင်၏ ရှေးဟောင်း ဘုရားကျောင်းကြီးတခု၏ အစိတ်အပိုင်း အုတ်နံရံ ဖြစ်သည်ဟု အများက ယုံကြည်ကြသည်။

ဤနေရာသို့ ဂျူးလူမျိုး ဘုရားဖူးများ လာရောက်၍ ဆုတောင်းခြင်း၊ တိုရာခေါ် ဘုရားကျမ်း




# ဂျရုးဆလမ်မှ ဘုရားကျောင်းနံရံ

စာများကို ဖတ်ခြင်းနှင့် ဂျရုးဆလမ်မြို့ကြီးနှင့်တကွ ဤဘုရား ကျောင်းကြီး ပျက်စီးခဲ့ရခြင်းအတွက် နှမြောတမ်းတ ငိုကြွေးမြည်တမ်းခြင်းများ ပြုလုပ် ကြသည်။ ဤသို့ လာရောက် ငိုကြွေးမြည်တမ်းခြင်း ကိုအကြောင်းပြု၍ ဤအုတ်နံရံကြီးကို ငိုကြွေးမြည် တမ်းရာအုတ်နံရံဟု အမည်ပေးခဲ့ခြင်း ဖြစ်၏။

ရှေးဟောင်း သမ္မာကျမ်းစာအရ ဆော်လမွန်ဘုရားကျောင်းကြီးတွင် တန်ဆောင်း ဝင်ပေါက်များ၊ လှေကားများ၊ အတွင်းဆောင်များ ပါရှိခဲ့ကြောင်းသိရသည်။ ဤဘုရား ကျောင်းကြီးမှာ အကြိမ်ကြိမ် ဖျက်ဆီးခြင်း ခံရပြီး အကြိမ်ကြိမ်ပြန်လည် တည်ဆောက်ခဲ့ သော်လည်း ယနေ့တွင် အနောက်ဖက်မုတ်ရှိ ဤအုတ်နံရံကြီး တခုသာ ကျန်ရှိတော့သည်ကို တွေ့မြင်ကြရပေသည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

## စက္ကူလက်ကောက်ကလေး လုပ်ရအောင်




ထို့နောက် ပုံတွင်ပြထားသည့်အတိုင်းထပ်ကပ်ပြီး ရောင်စုံစက္ကူဖြင့် ရစ်ပတ်၍ကပ်ပါ။




စာမေးပွဲပြီးရန်ကာလမျှသာ လိုပါတော့သည်။ ရုပ်ရှင်ဇာတ် ကား ကလည်း ကောင်းသော ကြောင့် ရုပ်ရှင်ကြည့်ရန် ကျွန် တော် အစ်ကို ထံ ခွင့် တောင်း ကြည့်ပါသည်။

“စာမေးပွဲ ဒီလောက်နီးနေ ပါတယ်ဆိုမှ မင်းက ရုပ်ရှင် ကြည့်ချင်ရသေးသလားကွ”

အစ်ကိုက ကျွန်တော့်ကို ငေါက်ပါသည်။

ကျွန်တော် ဒီတခါနောက် ဆုံးပါဘဲ အကိုရာ။ ဇာတ်ကား ကလဲ ကောင်းလို့ပါ”

“သာသာ ဒီ ဇာတ် ကား ကောင်းလို့ပါဟုတ်လား။ ဇာတ် ကား မကောင်း တော့ ကော မကြည့်ဘဲနေလို့လား။ မင်းဟာ အခု လေးတန်းကွ။ လေးတန်း ဆိုတာ ဘုတ်စစ်၊ သုံးတန်းလို ပေါ့ ပေါ့ ဆ ဆနဲ့ အောင် မှာ မဟုတ်ဘူး။ လေးတန်းနဲ့ တန် အောင် ကြိုးစားမှ အောင်မယ် ကွ။ ဒီလိုသာ ရုပ်ရှင်တွေ ခဏ ခဏ ကြည့်နေလို့ကတော့ ဘယ် တော့မှ အောင်မှာမဟုတ်ဘူးကွ မှတ်ထား”

ကျွန် တော် သည် အစ်ကို ပြောသမျှကို ငြိမ်ရှ်နားထောင် နေပါသည်။ အတန်ကြာမှ အစ် ကိုကပြောပြန်ပါသည်။

“ငါ့ညီက–မင်း အခုမှ လေး တန်း ရှိ ပါ သေး တယ်။ ရုပ်ရှင် ဇာတ်ကား ကောင်းလို့ ကြည့် ချင်ရတာနဲ့၊ တော်ကြာ ဖောင် တိန်ကောင်းကောင်း ကိုင်ချင်ရ တာနဲ့ဟိုဟာပူဆာ ဒီဟာပူဆာ နဲ့ မင်းဒီလောက်မှုရုပ်ရှင်ကြည့် ချင်ယင်လဲ အကို မတားပါဘူး ကွာ။ ရော့ရော့ ငွေတကျပ်ယူ သွား”

အစ်ကိုက ပြောရင်း ဆိုရင်း ကျွန်တော့်ကို ‚ကျပ်တန်တရွက် ထုတ် ပေး ပါ သည်။ တဆက် တည်းမှာပင် –

“မင်း အခုနှစ် လေးတန်း အောင်လို့ရှိယင် ရုပ်ရှင်လဲ မင်း ကြည့် ချင် သလောက် ပြမယ်။ အင်္ကျီ ပုဆိုး အသစ်လဲဝယ်ပေး မယ်။ မင်းကိုင်ချင်တဲ့ဖောင်တိန် လဲ ဝယ် ပေး မယ်။ အဲဒီ လက် ဆောင်တွေလိုချင်ယင် စာမေးပွဲ အောင် အောင် ကြိုး စား ပေါ့ ကွာ။ ကဲကဲ သွားတော့”

ည ခုနစ်နာရီ ထိုးနေပြီ ဖြစ် ပါသည်။ ရုပ်ရှင်ပြရန် နာရီဝက် သာ လိုတော့ပါသည်။ ထမင်း စားပြီး အင်္ကျီ ပုဆိုးလဲ၍ သူငယ် ချင်း မြင့်လွင်အိမ်သို့ ထွက်ခဲ့ပါ သည်။ မြင့်လွင်နှင့်အတူ ရုပ်ရှင် ကြည့်ရန် ဖြစ်ပါသည်။

မြင့်လွင်အိမ်ရောက်သောအ ခါ မြင့်လွင်စာကြည့်နေသည်ကို တွေ့ရပါသည်။

“ဟေ့ကောင် မြင့်လွင်၊ ရုပ် ရှင်သွားကြည့်ရအောင်ကွာ။ ဒီ ဇာတ် ကားက သိပ် ကောင်း တယ်ကွ”

ကျွန် တော် က မဲ့ဆွယ် ၍ ပြောပါသည်။

“ငါ မ ကြည့် ချင် ဘူး ကွာ၊ စာမေးပွဲ နီးပြီကွ။ ဒို့ဖေဖေက စာမေးပွဲအောင်ယင် ဖောင်တိန် ရယ်၊ အင်္ကျီ ပုဆိုးရယ် ဝယ်ပေး မယ်တဲ့။ လေးတန်းဆိုတာ ဘုတ်

စစ်ဆိုတော့ အရေးကြီးတယ်တဲ့ကွ။ ဒါကြောင့် ရုပ်ရှင်မကြည့်ဘဲ စာကြည့်နေတာကွ”

ကျွန်တော်မြင့်လွင်အိမ်ပေါ်က ဆင်းခဲ့ပါသည်။ ကျွန်တော် ရုပ်ရှင်ရုံသို့မသွားတော့ပါ။ အိမ်သို့ ပြန်လာခဲ့ပါသည်။ လမ်းတလျှောက်လုံး၌ အစ်ကို ပြောသော စကားများကို ကြားယောင်နေပါသည်။

“လေး တန်း ဆိုတာ ဘုတ်စစ်၊ သုံးတန်းလို ပေါ့ပေါ့ ဆဆ နဲ့အောင်မှာ မဟုတ်ဘူး။ လေးတန်းနဲ့ တန်အောင် ကြိုးစားမှ အောင်မယ်ကွ။ ဒီလိုသာ ရုပ်ရှင် ခဏ ခဏ ကြည့် နေ လို့ ကတော့ ဘယ်တော့မှ အောင်မှာ မဟုတ်ဘူး မှတ်ထား။ မင်း ဒီ လက်ဆောင်တွေလိုချင်ယင် စာမေးပွဲ အောင်အောင် ကြိုးစားပေါ့ကွာ”

ကျွန်တော်သည် ခြေလှမ်းကို ခတ်ကျဲကျဲ လှမ်းခဲ့ပါသည်။ လက်ဆောင်တွေ ရအောင် စာကို ကြိုးစားမယ်ဟုဆုံးဖြတ်ချက်ချ လိုက် ပါ သည်။ အိမ် ရောက်သောအခါ စာကြည့် စားပွဲတွင် ထိုင်၍ စာကြည့်ပါသည်။ ည ၁၁ နာရီထိုးမှ အိပ်ပါသည်။

× × ×

စာ မေး ပွဲ အောင် စာ ရင်း ထွက် သော နေ့ ဖြစ် ပါ သည်။ ကျွန်တော်သည် မြင့်လွင်နှင့်အတူ အောင်စာရင်းသွားကြည့်ပါသည်။ အောင်စာရင်း၌ ကျွန်တော့်နာမည် မပါပါ။ မြင့်လွင်နာမည်သာ ပါသည်။ ဂုဏ်ထူးလည်း နှစ်ဘာသာ ပါသည်။ မြင့်လွင်က ပျော်ရွှင်နေပါသည်။

“မင်းစာမေးပွဲနားနီးမှ ရုပ်ရှင်ကြည့်လို့ စာမေးပွဲရှုံးတာ” အစ်ကိုက ငေါက် ပါ သည်။ ကျွန်တော်တရှုပ်ရှုပ်နှင့်ငိုနေရပါသည်။

နောက်တနေ့ နံနက်၌ မြင့်လွင် ကျွန်တော့်အိမ်သို့ ရောက်လာ ပါ သည်။ အင်္ကျီ အ သစ် ပုဆိုး အ သစ် ကို ဝတ် ထား ပါ သည်။ အိတ် ကပ် တွင် လည်း ဖောင်တိန်အသစ်ကို ချိတ်ထားပါသည်။ လွယ်အိတ်အသစ်တွင် စာအုပ် အသစ်များကို ထည့်၍ လွယ်ထားပါသည်။ မြင့်လွင်ကို ကြည့်ကာ ကျွန်တော် ရှက်လာပါသည်။ ထို့ကြောင့် ရှိုက်၍ ငိုလိုက်သောအခါ အိပ်ရာမှ လန့်နိုးသွားပါသည်။ အိပ်မက်မက်နေ မှန်း သိ သော အ ခါမှ စိတ် ပျော် ရွှင် လာ ပါ သည်။ ကျွန်တော် အိပ်မပျော်တော့ပါ။

အိပ်မက်ထဲမှ မြင့်လွင်ကဲ့သို့ အင်္ကျီ လုံချည် အသစ်များကို ဝတ် ချင် ပါ သည်။ ဖောင်တိန် အသစ်လည်း ချိတ်ချင်ပါသည်။ လွယ်အိတ်အသစ်ထဲတွင်စာအုပ် အသစ်များထည့်၍ လွယ်ချင်ပါသည်။

အစ်ကိုပေးမည့် အထက်ပါ လက်ဆောင်များကို လိုချင်ပါသည်။ ထို့ကြောင့် စာမေးပွဲ အောင်ရန် စာကို မှန်မှန်ဖတ်ပါတော့သည်။

## အောင်ပွဲနေ့

ဒေါင်းလံတွေ ဝင့်ဝင့်ကြွား၊
အမျိုးသားစိတ်ဓာတ်
တဖွားဖွား။

ကြေးကြော်သံများ မိုးထိတိုင်၊
လက်ရုံးဆန့်လို့ သံပြိုင်ပြိုင်။
ခိုင်မာဇွဲနဲ့ ချီသလေ့၊
သပိတ်မှောက်တဲ့ ဒီတနေ့။

မမေ့နိုင်ဘူ ဂုဏ်ယူကာ၊
အောင်ပွဲ အောင်ပန်း
ဆွတ်ခူးလာ။

ကျွန်ပညာကို ဖျက်ချေမှုန်း၊
လဆုတ်ဆယ်ရက်
တန်ဆောင်မုန်း။

တက္ကသိုလ် ကြည်မာ



R. 517

# သားပိုက်ကောင်



ကင်ဂရူး သားပိုက်ကောင်သည် သားငယ်ကို ဝမ်းပိုက်ရှိ အရေပြားအိတ်ဖြင့် လွယ်ပိုးသယ်ဆောင်သော တိရစ္ဆာန်မျိုးများထဲတွင် အကြီးဆုံး အမျိုးဖြစ်သည်၊ အနီရောင် ကင်ဂရူး အထီးကြီးတကောင်၏ အမြင့်မှာ ခုနစ်ပေခန့်အထိ မြင့်သည်၊ အရောင်ဖြူမွဲမွဲ အမျိုးကား ထိုမျှမကြီးထွားလှပေ။

ကင်ဂရူး သားပိုက်ကောင်များသည် ဩစတြေလျ၊ နယူးဂီနီနှင့် အနီးအနားကျွန်းများတွင်သာ နေထိုင်ကျက်စားကြသည်။ အချို့ မျိုးစုများမှာ သစ်တောများနှင့်တောင်ကုန်းများတွင်ရင်း၊ အချို့မှာ ကွင်းပြင်များတွင်ရင်း နေထိုင် ကျက်စားကြသည်။ ယင်းတို့သည် သမင်နှင့် တောင်ဆိတ်များကဲ့သို့ မြက်ကို အဓိကအစာအဖြစ် စားသုံးကြသည်။ မြက်များကို ကိုက်ဖြတ်စားသုံးသည့်အခါ မြေပြင်နှင့် ကပ်လျက်ရှိသော မြက်ပင်အရင်းမှ ကိုက်ဖြတ်စားသဖြင့် ယင်းတို့သည် လယ်သမားများအဖို့ အဖျက်တိရစ္ဆာန် စာရင်း ဝင်သွားလေတော့သည်၊ အထူးသဖြင့် သိုးမွေးမြူသော လယ်သမားများက ယင်းတို့ကို များစွာ မကျေနပ်ကြပေ။

ကင်ဂရူး သားပိုက်ကောင်များတွင် သန်မာရှည်လျားသော နောက်ခြေထောက်တစုံနှင့် သန်မာတုတ်ခိုင်သော အမြီးတချောင်းရှိပြီး၊ သေးငယ် တိုတောင်းသော ရှေ့ခြေတစုံပါရှိသည်။ နောက်ခြေထောက်များနှင့် အမြီးကို အားပြု၍ ရပ်နေလေ့ရှိပြီး၊ စတင် ခုန်လွှားသောအခါ နောက်ခြေထောက်နှင့် အမြီးကိုပင် အားပြု၍ ခုန်လွှားသည်။ ခုန်လွှားပြေးနေစဉ် အမြီးကို အထိန်းအဖြစ် အသုံးပြုသည်၊ တကြိမ်ခုန်လွှားတိုင်း မြေပြင်မှ ငါးပေ ခြောက်ပေခန့်အထိ မြင့်၍ အလျားလိုက် ၂၆ ပေခန့်အထိ ခုန်နိုင်သည်။ တနာရီလျှင် ၂၅ မိုင်နှုန်းခန့်ဖြင့် ခုန်လွှားပြေးနိုင်သည်။

အုပ်စုဖွဲ့၍ သွားလာ ကျက်စားလေ့ရှိပြီး၊ အုပ်စုတိုင်းတွင် အကြီးအကဲတကောင်က ဦးဆောင်သည်။

ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၄၊ အမှတ်-၅၀၊

# ရွှေသွေး ဂျာနယ်

လက်ရာအကောင်းဆုံးသော ပန်းချီဆရာ

ဓါတ်လမ်း ၉




၁၃၃၄-ခု၊ နတ်တော်လဆန်း ၄-ရက်(၉-၁၂-၇၂)




စနေနေ့တိုင်းထုတ်ဝေသည်။


တနေ့သောအခါ မောင်ဘကျော်ဝင်းသည်
ပါစမ်းပါကွာ - ပါစမ်းပါ -
ဟုတ်ပြီ - ဟုတ်ပြီ -






မောင်ဉာဏ်ဝင်းနှင့်ပန်းချီဆရာသုံးဦးတို့သည် အခန်းကြီးထဲတွင်သော့ဖွင့်ပိတ်ပြီး ပန်းချီဆွဲကြသည်။ မည်သူ့ကိုမျှ အတွေ့မခံကြ။ အစားအသောက်များကိုပင် သူတို့ထံ ပို့ဆောင်ရသည်။
ရက်ပေါင်းသုံးဆယ်ကုန်လွန်ခဲ့ပေပြီ။ သုံးဆယ့်တစ်ရက်မြောက်သောနေ့တွင်—
ပုံတွေဘယ်လိုနေသလဲ ကြည့်ရတော့မှာလား။
ခေါ်ပါတယ် မပြီးပြတ်သေးလို့ ခေတ္တစောင့်ပါအုံး မြို့စားမင်း။
ဒေါက်
ဒေါက်
ဒေါက်
ရက်ပေါင်းလေးဆယ်ကြာသောအခါ—
ဘယ်လိုလဲဟ — မပြီးသေးဘူးလားကွ။
မပြီးသေးသေးကြောင်းပါခင်ဗျ သည်းခံပါအုံး အရှင်မြို့စားမင်း။
ဒုန်း
ဒုန်း
ဒုန်း
ရက်ပေါင်းငါးဆယ်ကြာမြင့်သောအခါ—
မင်းတို့ပန်းချီကားတွေက မပြီးနိုင်သေးဘူးလား ဒီတခါတော့ အတင်းဝင်ကြည့်ရမှာပဲ— ကဲကွာ—
အရှင်မြို့စားမင်း ဝင်လာတာနဲ့ ကျွန်တော်တို့တံခါးဖွင့်တာနဲ့ ကြုံသွားတာပါ—ဟီး—ဟီး—
အမယ်မယ် လေးဗျာ—


ဒါတွေဘာတွေလဲ ငါ့လိုပုံတူတွေ ချက်ချင်းပြလော့-
ဟုတ်ကဲ့ပါ မြို့စားမင်း၊ သို့သော် အခြားသူများကိုလဲ ရေးပါအုံး၊
လာကြဟေ့ - လာကြ - မင်းတို့ပုံတူတွေ ကြည့်ကြတော့ကွ၊
ထို့နောက်ခန်းဆီးကိုဆွဲဖွင့်လိုက်သောအခါ၊ မြို့စားမင်းနှင့်မှူးမတ်ပေါင်းများ၊ မည်သို့မျှ မမြင်နိုင်ပါ။ ဆွဲမထားသောကြောင့်ပင်ဖြစ်သည်။



# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဇေ ကျော်ကျော်




## ကက်ပတိန်ဝက်

သူ၏ နာမည် အပြည့်အစုံမှာ ကက်ပတိန် မက်သယူးဝက် ဖြစ်၏။ မက်သယူးကို ၁၈၄၈ ခု ဇန်နဝါရီလ-၁၉-ရက်နေ့တွင် အင်္ဂလန် နိုင်ငံ ရှရော့ရှိုင်ယာ နယ်၌ မွေးဖွားသည်။ သူသည် ခုနစ်နှစ်သား အရွယ်တွင် ရေကူးသင်ခဲ့၏။ ၁၄နှစ်သားအရွယ်မှစ၍ ကုန်သွယ်ရေကြောင်း ပညာများကိုသင်ကြားခဲ့ပြီး ၂၈ နှစ်အရွယ်ရောက်သော်ဗြိတိသျှကုန်သွယ်ရေကြောင်း ဌာနတွင် အရာရှိ တယောက် ဖြစ်လာပေသည်။


သူသည် အင်္ဂလန်နိုင်ငံ လစ်ဗာပူးမြို့မှ အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ကူးချည် သန်းချည်ပြုလုပ်နေသူဖြစ်ရာ အတ္တလန္တိတ်ရေကြောင်းခရီး အတွေ့အကြုံ ကြွယ်ဝ နေသူဖြစ်၏။ တခါက နယူးရောက်မှ လစ်ဗာပူးသို့ အပြန်လမ်းခရီးတွင် ရေထဲသို့ လိမ့်ကျသွားသူ တဦးကို ဒိုင်ဗင်ထိုး၍ ကယ်ဆယ်ခဲ့ရပေသည်။ ကက်ပတိန်ဝက်သည် ရေတွင်စွန့်စားလိုသူပီပီ အင်္ဂလိပ် ရေလက်ကြားကို ကန့်လန့်ဖြတ် ကူးရန်အတွက် စိတ်အား ထက်သန် နေခဲ့၏။ ထို့ကြောင့် ၁၈၇၅ ခုနှစ်မှ စ၍လေ့ကျင့်မှုများကို အပြင်းအထန်ပြုလုပ်ခဲ့ပေသည်။

ထို့နောက်သူသည် ဒိုဗာမှ ဗန့်ဗျိုင်အထိ ၁၁ မိုင်ခရီးကိုဎင်း၊ ဒိုဗာမှရမ်းဂိတ်အထိ၁၈ မိုင် ခရီးကိုဎင်း၊ ဗလက်ဝေါမှ ဂရွေဆင်းအထိ ၁၉ မိုင်ခရီးကိုဎင်း အောင်မြင်စွာကူးခပ်နိုင် ခဲ့ပေသည်။ ထိုမျှဝေးလံသောခရီးကို တော်တော်တန်တန် ရေကူးသမားများမကူးနိုင်ကြပေ။

ကက်ပတိန်ဝက်သည် ၁၈၇၅ ခု ဩဂုတ်လ-၁၂-ရက်နေ့တွင် အင်္ဂလိပ် ရေလက်ကြားကို ကူးရန်အတွက် ပထမဆုံးအကြိမ် ကြိုးစားခဲ့၏။ သို့သော် မအောင်မြင်ခဲ့ပေ။ ဩဂုတ်လ ၂၄-ရက်နေ့တွင် ဒုတိယအကြိမ် ထပ်မံ၍ ကြိုးစားပြန်၏။



ကက်ပတိန်ဝက်သည် အရပ်အမြင့် ၅ပေ ၈ လက်မနှင့် ရင်အုပ်အကျယ် ၄၃ လက်မရှိ၏။ ကိုယ်အလေးချိန်မှာ ၂၀၃ ပေါင်ရှိသည်။ သူ၏ပခုံး၊ လက်မောင်းနှင့် ခြေထောက်များကိုလင်းပိုင်ဆီလိမ်းထားလေသည်။ လှေနှစ်စင်းမှာ ကက်ပတိန်ဝက်ကို လိုက်လံ စောင့်ရှောက်ရန်အတွက် အသင့် ဖြစ်နေလေသည်။ ထိန်းသိမ်းကြပ်မရန် ဒိုင်လူကြီးတဦးလည်း ပါလေသည်။ ကမ်းပါး



ပေါ်တွင် လာရောက်ကြည့်ရှုကြသူများနှင့် စည်ကားလျက်ရှိ၏။ သတင်းထောက်များလည်း ပါသည်။

တိုနေ့ မွန်းလွဲ ၁၂ နာရီ ၅၆ မိနစ်အချိန်တွင် ကက်ပတိန်ဝက်သည် လက်နှစ်ဖက်ကို မြှောက်ပြီး ဗိုင်မင်ထိုးချကာ ဒိုဗာဆိပ်ကမ်းမှ စတင်ကူးခဲ့၏။ အနောက်တောင်အရပ်မှ စီးလာသော ရေစီးကြောင်းတခုကြောင့် ကက်ပတိန်ဝက်မှာ ပို၍ အဆင်ပြေစွာ ကူးခပ်နိုင်ပေ၏။ ငါးကြီးဆီနှင့် ကော်ဖီပူပူကို အသင့်အတင့် သောက်ထားသောကြောင့်လည်း သက်လုံကောင်းနေသည်။

တမိနစ်လျှင် အကြိမ် ၂၀ လက်များ လှုပ်ရှားကူးခပ်ပြီး၊ တမိနစ်ပြည့်တိုင်း တကြိမ် အသက်ပြင်းပြင်းရှူသောနည်းဖြင့် ဇွဲမလျှော့ပဲကူးလာရာ နောက်ဆုံးတွင် ပြင်သစ်ကမ်းခြေ၏ သဲပြင်ကို ကက်ပတိန်ဝက်၏ ခြေထောက်များက ထိတွေ့နိုင်တော့သည်။ ထိုနေရာကား ပြင်သစ်နိုင်ငံ ကဲလေးဆိပ်ကမ်းမှ အနောက်ဖက် ကိုက် ၂၀၀ ဝေးသောနေရာဖြစ်၏။ အချိန်ကား ဩဂုတ်လ ၂၅–ရက်နံနက် ၁၀နာရီ ၄၁ မိနစ်ဖြစ်၏။

- ၁၈၇၅ ခု ဩဂုတ်လ–၂၄–ရက် မွန်းလွဲ ၁၂ နာရီ ၅၆ မိနစ်မှ ဩဂုတ်လ–၂၅–ရက်နံနက် ၁၀ နာရီ ၄၁ မိနစ်အချိန်ထိ ၂၁ နာရီ ၄၅ မိနစ်အတွင်း အင်္ဂလန်မှ ပြင်သစ်ထိ ၃၉ မိုင်ခရီးကိုကက်ပတိန်ဝက်သည် အောင်မြင်စွာ ကူးခပ်နိုင်ခဲ့လေသည်။


၁၈၈၃ ခု ဇူလိုင်လ–၂၄–ရက်နေ့တွင် ကက်ပတိန်ဝက်သည် နိုင်အာဂရာ ရေတံခွန်သို့ သွားရောက်ကူးခပ်ပြန်၏။ ရေတွင် ကျွမ်းကျင်သူသည် နောက်ဆုံး ရေမှာပင် အသက်ဆုံးရမြဲဖြစ်ရာ ကက်ပတိန်ဝက်မှာလည်း နိုင်အာဂရာ ရေတံခွန်အတွင်း အသက်စွန့်ခဲ့ရရှာလေသည်။









အလှည့်ဟူသည်ရှိစမြဲ
ဇာတ်လမ်း = ကြည်ထွန်း
အောင်ဇင် (အရုပ်ရေး)
မြေခွေးတို့သည်ကား အမြဲ ကောက်ကျစ်စဉ်းလဲပြီး ပါးနပ်လွန်းသည်ဟု အဆိုရှိ၏။ ရိုးမနှင့် ဆက်လျက်ရှိသော တောင်ငယ်များ အကြားတွင် ''ညောင်ကျပ်'' ဟူသော ရွာတရွာရှိ၏။ ထိုရွာ အနီးအနားတွင် ''မြေခွေးညို'' တကောင် ကျက်စားနေ၏။ ထောင်ချောက် အမျိုးမျိုးဖြင့် ထောင်သော်လည်း ထိုမြေခွေးကို မမိပေ။
တနေ့တွင် အမဲလိုက်သူတစုနှင့် အမဲလိုက်ခွေးများကို မြေခွေးညို ရင်ဆိုင်ရလေသည်။ မြေခွေးညိုသည် ပြေးလမ်းရှိသော ရွာဖက်သို့ အသက်လု၍ ပြေးရရှာလေ၏။
ငါဒီအတိုင်း ပြေးနေယင် သူတို့ ငါ့ကို မိတော့မယ် တနည်းကြံမှ
မြေခွေးညိုသည် ရေမြောင်းထဲသို့ ပြေးဝင်ကာ တဖက်မှ ထွက်လာသည်။
နောက်မှ လိုက်လာသော ခွေးများမှာ အနံ့ပျောက်သွားသောကြောင့် ဆက်၍ မလိုက်နိုင်တော့ပေ။



တနေရာသို့ရောက်သောအခါ....
ဒီခွေးလေး ငါ့ကို ထောင်ထားတဲ့ ကြိုးကွင်းထဲမှာ မိနေပါလား၊ အစာလဲ မစားရ သေးဘူး ထင်ပါရဲ့
မြေခွေးညိုသည် ကြိုးကို ကိုက်ဖြတ်ရန် ကြိုးစားသော်လည်း မရသဖြင့် လက်လျှော့ကာ ခွေးကလေးစားရန် အတွက် အစာရှာပေးပြီး....
ကျေးဇူးတင် လှပါပြီ၊ မိတ်ဆွေကြီးရယ်
အင်း၊ ဒီလယ်ကြွက် တကောင်ဆိုယင်၊ ဘို ဝကောင်းပါရဲ့
ခွေးကလေး အစာ စားနေသည်ကို ဘေးမှ ကြည့်နေသည်။
ဂေါ့-ဂုတ်ကြား ဂုတ်ကြား
ဟိုက်-လစ်မှ
လူကြီးသည် ချုံထဲသို့ ပြေးဝင်သွားသော မြေခွေးကို မြင်သွားသည်။ သို့သော် ဂုတ်ကျားစားနေသော ကြွက်သေကို မြင်သောအခါ....
လာကစသတ်တော့ မြေခွေး က၊ ဂုတ်ကြားကို ဆောင့် ကိုက်ခဲ့တာကိုး
တနေ့တွင် မြေခွေးညိုသည် ယုန်ကလေးများကို ချောင်းနေစဉ် လယ်သမားတဦးက မြင်သွားကာ ခွေးများဖြင့် ရှူးတိုက်သဖြင့် ခြေကုန်သုတ်၍ ပြေးရရှာသည်။


ရွာထဲသို့ ရောက်သည့်တိုင် လိုက်သူများက သဲသဲမဲမဲလိုက်ဆဲပင်။
မြေခွေးညိုသည် ဝက်တဲတတဲ၏ အမိုးမှတဆင့် စပါးပုတ်ကြီးတခုပေါ်သို့ ပြေးတက်ခဲ့လေသည်။
အပြင်ဖက်မှ ဆူညံသံများကြားသဖြင့် ဂုတ်ကျား၏ သခင်သည် တံခါးကို ဖွင့်ကြည့်သောအခါ အမဲလိုက်သူများကို မြင်ရသည့်နည်းတူ စပါးပုတ်ထဲမှ မြေခွေးညိုကိုလည်း လှမ်းမြင်ရ၏။
သို့သော် မြေခွေးညို၏ စေတနာကို မမေ့သောကြောင့် မသိချင်ယောင် ဆောင်နေသဖြင့် အမဲလိုက်သူများ မတွေ့နိုင်တော့ပဲ လက်လျှော့၍ ပြန်သွားရသည်။
အေးချမ်းသွား၍ မြေခွေးညိုသည် စပါးပုတ်ပေါ်မှ ဆင်းလာရာ ဝမ်းသာအားရ နှုတ်ဆက်သော ဂုတ်ကျားနှင့် တွေ့ဆုံလေ၏။
ထို့နောက် ပါးနပ်သော မြေခွေးညိုသည် ရွာအပြင်သို့ ချမ်းသာစွာ ထွက်လာခဲ့လေသည်။



ဗုဒ္ဓဘာသာဝင် နိုင်ငံများတွင် ဂေါတမ ဘုရားရှင်၏ ရုပ်ပွားတော်ပေါင်း များစွာရှိသည့်အနက် ဂျပန်နိုင်ငံ ကမာကူရရှိ ဒိုင်ဗုစု ကြေးသွန်း ဘုရားကြီးသည်လည်း ကျော်စောထင်ရှားသည့် ဘုရားကြီးတဆူ ဖြစ်လေသည်။ ဘုရားကြီး၏ ဥာဏ်တော်မှာ ၄၂ ပေခွဲရှိပြီး ကိုယ်တော် အလေးချိန်တန် ၁၀၀ ကျော်သည်။ နဖူးတော်ရှိ ငွေရောင် မျက်ရှင်တော်လုံး ပင်လျှင် အလေးချိန် ပေါင် ၃၀ မျှ ရှိသည်ဆိုသည်။

ကမ္ဘာ့ဌာန်းတရား စီးဖြန်းနေပုံ ရုပ်ပွားတော် ကြီး၏ ကိုယ်နေဟန်ထားမှာ အလွန်မှ သပ္ပါယ်လှပြီး ကြေး သွန်း လောင်းမှုလက်ရာမှာ အလွန်သပ်ရပ်သေချာလှသည်။ ဤကမာ

## ဒိုင်ဗုစုဘုရားကြီး

ကူရဘုရား(သို့မဟုတ်) ဒိုင်ဗုစုကြေးသွန်းဘုရားကြီးကို ၈၂၅၂ ခုက သွန်းလုပ်ခဲ့သည်။ ထိုစဉ်က ကမာကူရမြို့သည် သက်ဦးဆံပိုင်ဘုရင် ယိုရိတိုမို မီနာ့မိုတို၏ အဆက်အနွယ်များ အုပ်စိုးသည့် မြို့တော်ကြီးတခု ဖြစ်လေသည်။


ဂျပန်နိုင်ငံတွင် ကမာကူရမြို့ရှိ ဤဒိုင်ဗုစုဘုရားကြီးထက် နာရာမြို့ရှိ ဘုရားကြီးနှင့် ကျိုတိုမြို့ရှိ ဘုရားကြီးများမှာ ပိုမိုကြီးကျယ်ခမ်းနားသော်လည်း ဒိုင်ဗုစု ဘုရားကြီးသာလျှင် လက်ရာ ပိုမိုမြောက်ကြောင်း အများက အသိအမှတ် ပြုကြသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

## ထူးဆန်းသော ပန်းချီကားချပ်ကလေး



ပုံကြီးကို မျဉ်းစက်များ အတိုင်းဖြတ်၍ပုံငယ်တွင်ပြထားသည့်အတိုင်း ဆက်ကြည့်ပါ။ လူသုံးယောက်သာ ကျန်၍ ပုံများလည်း ပြောင်းသွားသည်ကို တွေ့ရမည်။



# မာမာ့ကိုခေါ်ပါမည်

အောင်ဇော်မြေး



ကျွန်တော်တို့ သူငယ်ချင်း တစုသည် မာမာ့ကို ကြည့်၍ မရကြပါ။ မာမာသည် အလွန် လူကြီးဆံသောကြောင့် ဖြစ်ပါသည်။

အ ထူး သ ဖြင့် ကျွန် တော် သည် မာမာ့ကို ကြည့်၍ မရဆုံး ဖြစ်ပါသည်။ အ ဘယ် ကြောင့် ဆိုသော် မာမာသည် ကျွန် တော့်အပေါ် တွင် အမြဲတမ်း ဆရာလုပ်သည်။ ဩဇာပေးတတ် သည်။ ကျွန်တော် ဘာကိုပဲ လုပ်လုပ် မကျေနပ်သည့် မျက်နှာနှင့်သာ အပြစ်ရှာဘို့ ကြည့် နေသူဟု ထင် ပါ သည်။ ထို့ ကြောင့် မာမာ့ကို ကျွန်တော် မခေါ်ပဲ နေသည်မှာ အတော် ကြာပါပြီ။

"ဟော– အမယ်– မယ် အောင်မင်းဦးတို့က ဒီမှာလာပြီး ဇိမ်ကျနေကြတာကိုး။ အေး– အေး နင်တို့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆေး လိပ် ခိုး သောက် နေ ကြ တယ်ပေါ့။ မုန့်စား ကျောင်းပြန် တက်မှ ဆရာမ ဒေါ် ခင်ထားနဲ့ တိုင်ပြောမယ် သိလား"

မာမာသည် မုန့်စားဆင်းချိန် တွင် ဆေးလိပ်ခိုးသောက်နေကြ သော ကျွန်တော်တို့ကို တွေ့ သွားသဖြင့် အပြစ်တင်၍ ကြိမ်း မောင်းသွားခြင်းဖြစ်ပါသည်။

ကျွန်တော်တို့မှာ ခိုးထုပ် ခိုး သည်နှင့် အမိခံရသည့် တရားခံ လို ဖြစ်နေကြသဖြင့် ဘာလုပ်၍ ဘာကိုင်ရမှန်းပင် မသိတော့ပါ။ ကျောင်းဖက်သို့ထွက်သွားသော မာမာ့ကိုသာ ငေး၍ ကြည့်နေ မိကြပါသည်။

မာမာသည် ပြောသည့်အ တိုင်း လုပ်တတ်သူဖြစ်သည်။ ထို့ ကြောင့် ကျွန်တော်သည် ဘာ လုပ် သင့် သည်၊ ဘာ ကိုင် သင့် သည်ကို မတွေးတော့။ ကျွန် တော် တွေးနေသည်က ဆရာမ ဒေါ် ခင်ထားအကြောင်းပင် ဖြစ် ပါသည်။

ဆရာမသည် အပြစ် တစုံ တရာတွေ့လျှင် အရမ်းရိုက်နှက် လေ့မရှိပေ။ အရမ်းလည်း မဆူ တတ်ပေ။ အကျိုးအကြောင်း ဆက်စပ်၍ ပြောဆို ဆုံးမတတ် ၏။ ပြောဆိုသည့်စကားကို ငြိမ် ငြိမ် သက်သက် နားထောင်မှ ကြိုက်၏။ ဂရုတစိုက် နားမ ထောင်လျှင် စိတ်ဆိုး၏။ တချိန် လုံး မတ်တတ်ရပ်၍ လက်ပိုက် နေ ခိုင်း တတ် ၏။ ထို့ ကြောင့် ကျွန်တော်သည် ဆရာမဒေါ် ခင် ထားကို အလွန်ကြောက်သူ တ ဦးဖြစ်ပါသည်။

"ကဲ–အောင်မင်းဦး၊ ကျင် ထွန်းနဲ့ တာတူး၊ မတ်တတ်ရပ် ကြစမ်း။ မင်း တို့ သုံး ယောက် နေ့လယ်က မုန့်စားဆင်းချိန်မှာ လမ်းထိပ်က ကွမ်း ယာ ဆိုင် မှာ ဆေးလိပ်ခိုးသောက်နေကြတယ် ဆို၊ ဟုတ်လား"

"ဟုတ်–ဟုတ်ကဲ့ ဆရာမ"

ကျွန်တော်တို့မှာ အ ပြစ် ရှိ နေ၍ ထစ်ထစ်ငေါ့ငေါ့ဖြစ် နေ ကြ၏။

"အေး– ကိုယ့် အ ပြစ် ကို

ကိုယ် ရဲရဲဝံ့ဝံ့ ဝန် ခံ တာ မျိုး မှ ဆရာမက သဘောကျတာ။ ဒီလို ကိုယ့်အပြစ်ကိုကိုယ် ဝန်ခံတတ်တဲ့ စိတ်ဓာတ်မျိုးဟာ မွန်မြတ်တဲ့စိတ်ထားကွဲ့။ ကြားလား။ ကြုံကြိုက်တုန်း အားလုံး ကို ပါ ဆေး လိပ် သောက် တာ ဟာ ကောင်း မကောင်းဆိုတာ ဆရာမ လက်တွေ့ပြမယ်”

ဆရာမသည် ပြောပြော ဆိုဆို ကျောင်းသားတယောက်ကို ဆေးလိပ်တလိပ် ဝယ်ခိုင်းလိုက်သည်။ ဆေးလိပ်ဝယ်လာသောအခါ မီးညှိ၍ ဖွာပြီး မိမိ လက်ကိုင်ပုဝါအဖြူပေါ် သို့ မီးခိုးငွေ့ကို မှုတ် ထုတ် လိုက် ၏။ ထို အ ခါ လက်ကိုင်ပုဝါပေါ် ၌ နီကြင့်ကြင့်အရောင်များ စွန်းထင်းနေသည်ကို အံ့သြဘွယ် တွေ့ကြရပါသည်။

“ကဲ – တွေ့ လား၊ အဲ ဒါ ဆေးလိပ်ထဲမှာပါတဲ့ ဆေးဂျီးတွေဘဲ။ ဒီ ဆေးဂျီးတွေဟာ လူကို ဥပါဒ် ပေးတတ်တယ်။ အများအားဖြင့် အဆုတ် ကင်ဆာရောဂါ ဖြစ်စေတတ်တယ်။ ဒါတွင်ဘဲလားဆိုတော့ မဟုတ်သေးဘူး။ ဆေးလိပ်ထဲမှာ နီကိုတင်ခေါ် တဲ့ ဓာတ်တမျိုးလဲ ပါ သေးတယ်။ နီကိုတင်ဓာတ်ဟာ နှလုံးသွေးအားနဲ့တဲ့ရောဂါ ဖြစ်စေ တတ် တယ်။ နှလုံး သွေး ကြောပိတ်တဲ့ ရောဂါလဲ ဖြစ်စေတတ်တယ်ကွဲ့။

အဲ–အနီးစပ်ဆုံးပြောရမယ်ဆိုယင် ဆေးလိပ်သောက်တဲ့ အ တွက် ဦးနှောက်ဟာ ကြည်ကြည် လင်လင် မရှိဘူး။ ထိုင်းထိုင်း မှိုင်း မှိုင်း ဖြစ် နေ တတ်တယ်။ နောက်ပြီး အမောမခံနိုင်ဘူး။ အပင်ပန်း မခံနိုင်ဘူး။ ဒါ့ကြောက် အားကစားသမားတွေဟာဆိုယင် များသောအားဖြင့် ဆေးလိပ်ကို ရှောင်ကြဉ်ကြတယ်”

ဆရာမသည် ကျွန်တော်တို့အား စိတ်ရှည် လက်ရှည် ရှင်းပြ၏။ စေတနာအပြည့်အဝထား၍ ရှင်းပြ၏။ ကျွန်တော်တို့မှာ ဆေး လိပ် သောက် ခြင်း ၏ မကောင်းကျိုးများကို သိလာရသည်။ အပြစ်များကို မြင်လာရ သည်။ ဆေး လိပ် ကို လည်း မသောက်ဝံ့တော့ပါ။

ထို့ ကြောင့် ဆေး လိပ် ခိုး သောက် သည် ကို တိုင် ပြောသော မာမာ့ကို ကျွန်တော်စိတ်မဆိုးတော့ပါ။ တွေးရင်း တွေးရင်း မာမာ့ကို ကျေးဇူးတင်၍ မဆုံး ဖြစ်မိပါသည်။ မာမာ့ စေတနာနှင့် မာမာ့သဘောထားကို သိလာပါသည်။ အမှန်မူ မာမာသည် သူငယ်ချင်းကောင်း ပီသလွန်းသူတဦး ဖြစ်ပါသည်။

ထို့ကြောင့် မာမာ့ကို ကျွန်တော် တောင်းပန်ရပါမည်။

“မာမာ့ကို စိတ်မဆိုးတော့ပါ။ မမုန်းတော့ပါ။ မာမာ့ကို ခေါ်ပါတော့မည်” ဟု။

× × × ×

# လှနတ်တော် စာဆိုပွဲ

ဂမုန်းသဇင် ဆင်းကြည်လန်းရဲ့၊
နှင်းရည်ဖျန်းတဲ့ လရာသီ။

ဆောင်းပန်းမာလာ
မြူပြာအဖူးမှိ၊
သူငါခူးလို့ ပန်ကြမြီ။

ဟိုရှေးပဝေ ယခင်စနစ်ပါ့၊
ဘုရင်ခေတ်က ခုချိန်ဆီ။

ရတုရကန် နုနုအတွေးနဲ့၊
ပြုစုရေးတဲ့ စာဆိုအမည်။

ဘွဲ့နာမည်တော် တံဆိပ်ပေးလို့၊
အတိတ်ရှေးမှီ ချီးမြှင့်သည်။

ယခုအခါ ခေတ်သစ်ဦးမို့၊
စံနစ်သစ်အထူးနဲ့ ကျင်းပပြီ။

အမျိုးသားစာပေ
ဆုမည်ပေးသမို့၊
ပြုစီရေးစို့ ထုံးဖွဲ့သီ။

ဟောသည်ပြောသည်
ဖြာဝေအတွေးနဲ့၊
စာပေရေးရဲ့ အောင်ပွဲရည်။


နွှဲမည်–နွှဲမည်။ ။

မုံရွာ ဝင်းမေ



R. 517

# ကုလားအုပ်



ကုလားအုပ်ကို သဲကန္တာရသင်္ဘော ဟုခေါ်ကြသည်။ အစာရှား ရေရှားသော သဲကန္တာရထဲ၌ ခရီးသွားလာ နိုင်ခြင်းကြောင့် ဖြစ်သည်။ ကုလားအုပ် များသည် အစာမစား ရေမသောက်ပဲ ရက်ပေါင်းများစွာ ခရီးသွားနိုင်သည်။ အစာနှင့် ရေကို သိုလှောင်ထားနိုင်ခြင်းကြောင့်ဟု ယူဆခဲ့ကြသည်။ သို့သော် ကုလားအုပ်တွင် ရေသိုလှောင်ရန် နေရာသီးသန့်မရှိပေ။ တကြိမ်လျှင် ရေ ၁၅ ဂါလံမှ ဂါလံ ၃၀ အထိ သောက်ပြီး၊ ယင်းရေများသည် ကိုယ်ခန္ဓာအနှံ့သို့ စိမ့်ဝင်သွားလေသည်။ ထို့ကြောင့် ရေငတ်ခံနိုင်ခြင်း ဖြစ်သည်။ ကုလားအုပ် ၏ပို့ထဲတွင် အဆီများကို သိုလှောင်နိုင်စွမ်း ရှိခြင်းကြောင့် အစာမစားပဲ ကြာကြာနေနိုင်သည်။


ကုလားအုပ်တကောင်သည် ပေါင် ၆၀၀ ခန့်အလေးချိန်ရှိသော ကုန်ပစ္စည်းများကို သယ်ဆောင်နိုင်သည်။ တနာရီလျှင် ခုနစ်မိုင်နှုန်းခန့်သွားနိုင်သည်။

မွေးမြူအသုံးပြုလျက်ရှိသော ကုလားအုပ်နှစ်မျိုးအပြင်၊ ဂိုဘီသဲကန္တာရထဲ၌ တွေ့ရသော ကုလားအုပ်ရိုင်းများလည်း ရှိသေးသည်။ အာရေဗျကုလားအုပ်မျိုးကို အာရေဗျနှင့် မြောက်အာဖရိကတိုက်တွင် တွေ့ရပြီး၊ ပို့တလုံးတည်းသာ ရှိသည်။ ဧအေးသော အလယ်ပိုင်းအာရှနိုင်ငံများတွင် တွေ့ရသော ဗက်ထရီယန်ကုလားအုပ်မျိုးတွင်မူ ပို့နှစ်ပို့ပါရှိသည်။ ဗက်ထရီယန်ကုလားအုပ်မျိုးမှာ အာရေဗျ ကုလားအုပ်မျိုးထက် တုတ်ခိုင်ပြီး သွားလာရာတွင် လေးလံသည်။ ကုန်ပစ္စည်းတင်ရန် ပို၍ အသုံးဝင်သည်။

ကုလားအုပ်များတွင် ကြမ်းတမ်းသောနှုတ်ခမ်းများနှင့် သန်မာသော သွားများရှိခြင်းကြောင့် ရွက်ခြောက်များနှင့် ဆူးရှိအရွက်များကိုပင် စားသောက်နိုင်သည်။ နွားများကဲ့သို့ စားမြုံ့ပြန်လေ့ရှိသည်။ သဲမုန်တိုင်းထဲတွင် ကြံ့ကြံ့ခံနိုင်ရန်အတွက် နှာပေါက်ဝတွင် ပိတ်ဖွင့်နိုင်သော အရေပြားရှိပြီး၊ ရှည်လျားသော မျက်တောင်များလည်းရှိသည်။ သဲပေါ်တွင် လျှောက်နိုင်သော ခွာကျယ်ကျယ်ရှိသည်။

တကြိမ်လျှင် သားငယ်တကောင်သာ မွေးဖွားသည်။ သုံးနှစ်အရွယ်မှ စတင်လေ့ကျင့်ယူရသည်။ ၄ါး နှစ်အရွယ်တွင် ကြီးရင့်ပြီဟု ယူဆသည်။ သက်တမ်း ၅၀ ခန့်အထိနေနိုင်သည်။

ရဲမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၂၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၄။ အမှတ်-၅၀။

# ရွှေသွေး ဂျာနယ်

၁၃၁၄ ခု၊ နတ်တော်လဆန်း-၁၁ ရက်-(၁၆-၁၂-၅၂)

အလိုမရှိ

ပန်းချီ- ဦးဘကြည်
ဇါတ်လမ်း- မောင်ထက်မြား



စနေနေ့တိုင်းထုတ်ဝေသည်။



ဖိုးရေ.... ဟေ့ ဖိုး
တိုးရယ်.. နင့်အကိုကလဲ လစ်ခနဲ ဆိုရင် ဘယ်ပျောက်သွားလဲ မသိဘူး
မုဆိုးမကြီး ဒေါ်မယ်ခတွင် ဖိုးနှင့် တိုးခေါ် သားနှစ်ယောက်ရှိ၏။
ဒေါ်မယ်ခ အသက်ကြီးလာသောအခါ သားငယ် တိုးက ပိုင်းဝန်းလုပ်ကိုင်ပေးသည်။
ဒေါ်ကြီး တောင်းက တယ်လေး ပါလား
တိုးရေ - အိမ်ကို ခဏလာခဲ့ အုံးနော်
အေးပါ တိုးရယ် မင်းပင့်ပေး ပေလို့သာ ပေါ့
တိုးသည် ကူညီပေါင်းသင်းတတ်၍ ရပ်သူရွာသားများက ချစ်ခင်ကြ၏။
သားကြီး ဖိုးမှာကား ကက်ဆွဲ ဖဲရိုက်ဖြင့် သာ အချိန်ကုန်လေ့ရှိသည်။
ကြက်ပွဲတွင်လည်း သူအမြဲရှိသည်။
မကြာမကြာလည်း အရက်မူး ရမ်းကားနေ၍ ညီငယ်က ထိန်းရသေး၏။


××× အင်း - အသက်ကြီးလာတော့ - ဘာမှလဲ - ပတ်တိ ပတ်တိ မလုပ်နိုင်တော့ပါလား ....
သားကြီး - ငနိုး ဏလဲ မိုက်တုန်းတေတုန်းအဲ ××× ကံဆိုးလိုက်တာနော် ××××× 
ဒေါ်မယ်ခမှာ အသက်ကလည်း ကြီးလာ သားကြီးကိုလည်း ဆုံးမ၍ မရသဖြင့်
အမေ - ဆံပြုတ်လေး နဲ့နဲ့ သောက်လိုက်ပါအုံးလား။ တော်တော်ကြာ - လေရှူနေအုံးမယ် - အားလဲဖြစ်တာပေါ့
အေး ကွယ် - သောက်ကြည့်ရတာပေါ့
စိတ်ထိခိုက်ကာ မကျန်းမမာဖြစ်ပြီးတနေ့တွင် အိပ်ရာထဲ၌ မှုံးမှုံးလဲလေတော့၏။
ဆရာကြီး - ကျွန်မ့ အမေ နေမကောင်းလို့ - အိမ်ကို လိုက်ကုပေးပါ...
အေး - လိုက်တာပေ။ ငွေကြေး ငွေ ၂၀/- ပါလား
ဗျာ
မပါလိုယင်လဲ သွားပြန်ယူအုံးကွဲ
ငတိုးသည် မိခင်ကြီးကို ဆေးကုသလိုသဖြင့် ရွာထိပ်ရှိ ဆေးဆရာကြီးထံ သွားရာ
အမေရယ် - ဆေးဆရာကြီး သွားပင့်ပါတယ်... ငွေကြေး ငွေ ၂၀/- ပါမှ လာမဲ့တဲ့။ သား ငွေရှာပါ့မယ်။ အခုတော့ ရှိတဲ့လျက်ဆားလေးတဲ့ သောက်နှင့်အုံးပေါ့
နေပါစေ သားရယ်၊ အမေ့ရောဂါ က ကြီးတာ မှမပျောက်တဲ့။
ငတိုးမှာ စိတ်မကောင်းစွာဖြင့် အိမ်ပြန်လာပြီး မိခင်ကြီးကို ပြုစုနေရလေ၏။
ထိုနေ့မှစ၍ ငတိုးသည် မိခင်ကြီးကို ဆေးကုသလိုသောကြောင့် အရပ်ထဲ၌ ရေခပ်၊ ထင်းခွဲ၊ မြေပေါက်လုပ်ငန်းများ လုပ်ကာ ငွေရှာ၍ စုဗူးဖြင့် စုထား၏။


ထနေ့တွင် စုဗူးကိုခွဲ၍ စုထားသော ငွေများကို ရေတွက်ကြည့်ရာ—
ထိုအခိုက် အရက်မူးပြီး ပြန်လာသော အစ်ကို ငဖိုး၏အသံကို ကြားရသဖြင့်—
မရှိပါဘူး ကိုဖိုးရယ်
အဟွတ်
အဟွတ်
ဟင် - အမေ ဘာဖြစ်ပါလိမ့်
ပြောပြော ဆိုဆိုနှင့် ငတိုးသည် မိခင်ထံ
အမေ - အမေ....
အမေ - ဘာဖြစ်လဲ....
အဟွတ် အဟွတ်
အပြေးလေး သွားပြီး မေးမြန်းရှာလေသည်။


ရော့ - အမေ - ရေ ကျက်အေး လေး
သား ရယ် - အဟွတ် - အဟွတ် အမေ တော့ - အဟွတ် - ဒီတောင်ကို မကျော်နိုင်တော့ဘူး ထင်တယ် - အဟွတ် - အား... ဘုရား - ဘုရား - သားကြီး - ဒေါ်ကော်ကွယ် - အဟွတ် -
မိခင်အားရေကျက်အေးတခွက်ယူပေးခိုက်....
ဟာ - ခက်ပြီ - ဒုက္ခပါဘဲ အကိုဒိုး ကလဲ ပျောက်နေ၊ သိ သွားယင်လဲ - အမေ ရင်ဆို့ သွားလိမ့်မယ်၊ လှဲ ပြောရမှာဘဲ
ကိုဒိုး အပြင် ခဏ သွားတယ် အမေ..... ခဏနေ ပြန်လာပါ လိမ့်မယ်
သားကြီး ကိုတောင် - မသေခင် တွေ့ရပါ့ မလား ကွယ်.
အဟွတ်
အဟွတ်
အမေ့ ရောဂါ သက်သာမှာပါ၊ ကျနော်ရထားတဲ့ ငွေ - ၂၀/- ကျော် တောင်ရှိပြီ.... ဆရာကြီး ကို အရ သွားပင့် လိုက်အုံး မယ်
အဟွတ်
အဟွတ်
ဟင် - ကိုဒိုး မရှိပါလား၊ အရေးထဲ ဘယ် များ သွားပြန်ပါလဲ မသိဘူး၊ တော်ပါသေးရဲ့ - ဘူသာ အိပ်ရာပေါ် အိပ်နေယင် - ငွေ ယူရခက်မှာ -
ဟင် - ငွေတွေ ဝါ ဘယ်မှာ ဖွက်ထားပါလိမ့်၊ ကမန်းကတန်း နဲ့ ဖွက်တာ ဘဲ၊ ဒီဖျာအောက်မှာဘဲ ထင်တာဘဲ၊ ယခု မတွေ့ ပြန်ဘူး
ဝတိုးသည် ဖျာအောက်၌ ဝှက်ထားခဲ့သော ငွေကို ယူရန်သွားရာ-
အဟွတ် အဟွတ် အဟွတ်
ရှူး - ဟွတ် ဟွတ်
ဟောဟဲ ဟောဟဲ
ဟွတ်
အမေ အမေ
သား လေး - ဝတိုး လေး
ဟင်
အမေ
အမေ
အမေ
ရှာမရသည့်အဆုံး၌ ထူပူပြီး မိခင်ထံပြန်သွားကြည့်ရာ၊ ဒေါ်မယ်ခမှာ ဆက်တိုက်ချောင်းဆိုးပြီး နောက်ဆုံး၌ အသက်ပါ ပါသွားတော့သည်ကို တွေ့ရလေ၏။


ငတိုးမှာ ယူကျုံးမရဖြစ်ကာ တစာစာ ငိုကြွေးရှာ၏။
ထိုအခိုက် ငဖိုး ပြန်ရောက်လာပြီး–
အသံကြားရာ အခန်းထဲ ထိုးဝင်လိုက်စဉ် တံခါးကျည်းပေါင်နှင့် တိုက်မိလေ၏။
ထိုအသံကြားမှ ငတိုးမှာ သတိရပြီး လှည့်ကြည့်လိုက်ရာ ငဖိုးကို တွေ့သဖြင့်–
ငဖိုးလည်း ငိုင်ကျသွားတော့ကာ……


မျက်စိထဲတွင် ရီဝေဝေဖြစ်သွားပြီး
ခေါင်းငိုက်စိုက်ချလျက်....
ဟင်
တော်ပြီ ... တော်ပြီ....
အမေရယ် - ဒီနေ့က စပြီး
သား ကောင်း ကောင်း
သို့ဖြင့် ရွာသူ ရွာသားတို့၏ အကူအညီဖြင့် အသုဘကိစ္စ ပြီးဆုံးလေသော်—
ထိုအခါမှ နောင်တရကာ ညီငယ် တိုးနှင့်အတူ လုပ်ကိုင်စားသောက်၍ နေလေသတည်း။




# စူးစမ်းရှာဖွေသူများ မုံရွာဝင်းဇေ / ကျော်ကျော်

## ပရိဂျီမဲလ်စကီး

ပရိဂျီမဲလ်စကီးသည်ရုရှလူမျိုး မြေတိုင်းပညာရှင်တယောက် ဖြစ်သည်။ နာမည်အပြည့်အစုံမှာ နီကိုလိုင် မစ်ခေလိုဗစ်ချ် ပရိဂျီမဲလ်စကီး ဖြစ်၏။ သူ့ကို ဆိုက်ဗီးရီးယားမှ အာဖဂန်နစ္စတန်နယ်စပ်ထိ တိုင်းတာလေ့လာမှုများ ပြုလုပ်ရန်အတွက် ရုရှသိပ္ပံအကယ်ဒမီက တာဝန်ပေးအပ်လိုက်သည်။ ထိုနယ်မြေများသည် သဲကန္တာရ နယ်မြေများ ဖြစ်၏။

ပထမဦးစွာ ဂျီမဲလ်စကီးသည် ခဇက်စတန်၏ပြည်နယ်၏ မြို့တော်ဖြစ်သော အယ်လမာအတာမြို့သို့ သွားရောက်ခဲ့လေသည်။ အယ်လမာအတာမြို့သည် ဇာဘုရင်များလက်ထက်က နယ်ခြားစောင့်တပ်များရှိရာမြို့ ဖြစ်၏။ နိုင်ငံရေးအကျဉ်းသားများကို ထိုမြို့သို့ ပို့လေ့ရှိသည်။ အယ်လမာအတာမြို့နှင့် မျက်နှာချင်းဆိုင်တွင် တီယန်ရှန်တောင်ရှိ၏။ တီယန်ရှန်တောင်၏ ဟိုမှာဖက်တွင် ကျယ်ဝန်းလှသော ဂိုဗီသဲကန္တာရကြီး တည်ရှိပေသည်။ ဂိုဗီသဲကန္တာရကား ပရိဂျီမဲလ်စကီး စွန့်စားသွားရောက်ရမည့် ဒေသပင် ဖြစ်၏။

ပရိဂျီမဲလ်စကီးသည် တီယန်ရှန်တောင်၏ တောင်ထွတ်ကြီးများကို မြင်ရတိုင်း ငေးမောကြည့်ရှုကာ သက်ပြင်းချမိပေသည်။ ထိုတောင်ထွတ်ကြီးများကို ကျော်ဖြတ်နိုင်မှသာလျှင် ဂိုဗီသဲကန္တာရသို့ ရောက်ရှိမည် မဟုတ်ပါလား။



ဂျီမဲလ်စကီးသည် သူ၏လုပ်ငန်းစဉ် အောင်မြင်ရမည်ဟု လုံးဝယုံကြည်စိတ်ချထား၏။ အခက်အခဲများနှင့် ရင်ဆိုင် ကြုံတွေ့ရမည်ဖြစ်သော်လည်း ကျော်လွှားနိုင်ရမည်ဟု အားခဲ ထားပေသည်။ ထိုအ





တောအတွင်း သူသည် ဂိုဗီသဲကန္တာရ အကြောင်း စုံစမ်းမှုများ ပြုလုပ်ရာဂိုဗီသဲကန္တာရသို့ ရောက်ဘူးသော ကုလားအုပ်ဆွဲသမားများက သဲကန္တာရအတွင်း၌ လေမုန်တိုင်း နှင့်အတူ လွင့်ပါလာသည့် ဖုံလုံးကြီးများအကြောင်း၊ ကြောက်မက်ဘွယ် အော်မြည် တတ်သော အသံကြီးများအကြောင်း စသည်တို့ကို ပြောပြကြ၏။ သို့သော် အသေးစိတ် မေးမြန်းသည့် အခါတွင်ကား တိတိကျကျ မဖြေနိုင်ကြပေ။

သူသည် လိုအပ်သော ဝန်တင်လား များ၊ အလုပ်သမားများနှင့် လှည်းများကို ငှားရမ်းပြီးလျှင် ကူလဂျာဒေသသို့ စတင် ခရီးထွက်ခဲ့သည်။ ကူလဂျာသည် အယ်လမာအတာ မြို့၏ အရှေ့မြောက်အရပ်တွင် တည်ရှိ၏။ ထိုနေရာမှ တဆင့် တီယန်ရှန်တောင်ကို ကျော်ဖြတ်ရမည် ဖြစ်ပေသည်။

ထိုဒေသတွင် ရာသီဥတုသည် အလွန်အေးမြပေရာ တခါတရံ အပူချိန်သည် သုညဒီဂရီ အောက်သို့ပင် ကျရောက်နေ၏။ ပရီကို့မဲလ်စကီးတို့အဖွဲ့သည် အအေးဒဏ်ကို ကြံ့ကြံ့ခံရင်း ခရီးနှင်ခဲ့ကြရာ မကြာမီ ကူလဂျာသို့ ရောက်ရှိကြသည်။ ထို့နောက် တီယန်ရှန် တောင်ကို ခက်ခဲ ပင်ပန်းစွာ တက်ကြရပြန်သည်။ လမ်းဟူ၍ မရှိပဲ ကျောက်တုံး ကျောက်ခဲ ထူထပ်၍ အလွန် မတ်စောက်သော တောင်တက်ခရီးကို တက်ကြရသဖြင့် အချို့သော အလုပ်သမား များမှာ စိတ်ဓာတ်ကျဆင်းကာ ပြန်လှည့်လိုကြပေသည်။ သို့သော် ပရီကို့မဲလ်စကီး သည် စိတ်ဓာတ် ကျဆင်းနေသူများကို အားပေးပြီးလျှင် တီယန်ရှန် တောင်ကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ ပေသည်။

ပရီကို့မဲလ်စကီးသည် ဂိုဗီသဲကန္တာ ရအတွင်း လှည့်လည် သွားလာကာ အစာ ငတ်ပြတ်ခြင်းဒဏ်၊ ရာသီဥတုဒဏ်နှင့်သဲမုန် တိုင်းဒဏ်များကို ကြံ့ကြံ့ခံရင်း မိမိ အစီ အစဉ် အောင်မြင်သည်အထိ နယ်မြေတိုင်း တာမှု များနှင့် လေ့လာမှုများကို ပြီးစီး အောင်ဆောင်ရွက်ခဲ့၏။ ထို့နောက် ရုရှသို့ ပြန်လာခဲ့လေသည်။





အကြွားပိုသော
ငန်း
ကာတွန်း
ဆောင်းဥတုတနေ့တွင် ငန်းမကြီးတကောင်သည် ချမ်းသဖြင့် အတောင်များကို ခါလိုက်စဉ်–
ဒီ-ဆီးနှင်းတွေဟာ ငါ့ရဲ့အမွေးအတောင်တွေလို့ မသိနားမလည်တဲ့ ဆော်ဝိုက်ကလေးတွေကို ငါကြွားမှာဘဲ
ဟေ့-ရွှေဝါကောင်းကင်ကိုမော့ကြည့်စမ်း ငါ့အမွေးတွေ ဘယ်လောက် ဖွားသလဲ
ဟေ့-ငနီကောင်းကင်က အမွေးတွေ ယံ ကျ လာတာတွေလား
ဒါလောက်ဖွားတဲ့ အမွေးတွေဘယ်က ကျလာတာလဲ-ကွ
ဟဲ-ဟဲ-ဟဲ-ငါ့ဆီ ကဟို့ငါခါလိုက် လို့ အမွေးတွေ ကောင်းကင်ယံ တက်ပြီး၊ ပြန်ကျ လာတာလေ
ရွှေဝါရေ-ငန်းမ ကြီးလိုငါလဲခါ ကြည့်တာ၊ ငါ့ အမွေးတွေ မကျတာပါလား
ငါလိုတော်တဲ့ငန်းမှ ခါလို့ရ တာကွ-
ဟေ့-ဟိုမှာဒေါ် ကြက်မ လာနေတယ်၊ သူ့ကိုလဲ ငါပြော ရအုံးမယ်


မိုးပေါ်ကိုကြည့်စမ်း၊ ကျွန်မကိုယ်ကခါလိုက်လို့ မြန်ကျလာတဲ့ အမွေးတွေ
အို-အမောင်းကြီး ဘဲ၊ အံ့ဩစရာ ပါလား-
ကျွန်မရှင့်လို ဒါကြည့်တဲ့အမွေးနှစ် ချောင်းလောက်ပါ ကျွတ်တယ်
ကျွန်မလိုတော့ ငန်းမှ ဒီလိုလုပ်လို့ ရတာရှင့်-
ဟေ့-သိုးကလေးကောင်းကင် ပေါ်က ကျလာတာတွေ ဟာ၊ ငန်းမကြီး အမွေးတွေပေါ့
ငန်းမကြီး အမွေးတွေ ဟာ၊ သိပ်များ တာဘဲ-
ဦးခေါင်းနက်ကြီး ကောင်းကင်ကို ကြည့်စမ်းပါအုံး၊ ကျွန်မကိုယ်က ခါလိုက်တဲ့အမွေး အတောင် တွေလေ.
ထိုအချိန်တွင် သိုးကျောင်းနေသော ခွေးနက်ကြီး ရောက်လာသဖြင့်။
ဒါ အသက်ဆယ်နှစ် ရှိပြီ၊ ဒီဆီးနှင်း တွေကိုတွေ့ဘူးတာ ဘဲ၊ ငန်းမကြီး အ ကြွားပိုတာကို ငါမ သိသလိုနေလိုက် မှဘဲ--
အမယ်လေး အေးလိုက်တာ
ဟုတ်တယ်ခင်များ အမွေးတွေက သိပ်အေးတာဘဲ
ဆီးနှင်းများကား တဖြည်းဖြည်းကျဆဲပင် ဖြစ်၏။


ဟဲ့-ဒေါ်ငန်းမကြီး၊ ခင်ဗျား အမွေးတွေကိုဖြန့်သိမ်းမှာ ကျုပ်တို့ အေးလှပြီ
ဟုတ်တယ်
ဆီးနှင်းတွေကို ငန်းအမွေးတွေလို့ အကြွားပိုကြီးတဲ့ ဒေါ်ငန်းမကြီး နေထွက်မှ သိမယ်
ကဲ-ဒေါ်ငန်းမကြီး-ခင်ဗျားရဲ့ အမွေးတွေ ကျလာတာကိုရပ်လိုက်ပါ၊ မရပ်ယင် ခင်ဗျားကို ကိုက်ရလိမ့်မယ်
ရပ်ပါ
ထိုအချိန်တွင် အရှေ့ဖက် မိုးကောင်းကင်မှ နေထွက်ပြူလာရာ-
အင်း-ဆီးနှင်းတွေ အရည်ပျော်ကုန် ပြီ၊ ငါလိမ်လို့ရတော့ လိမ့်မယ်မဟုတ်ဘူး၊ ငါ့အကြွားပိုတာတွေ ပေါ်တော့မယ်၊ ဒီနေရာက ငါလစ် မှဖြစ်မယ်
ဟေ့-ချာတိတ် တွေ၊ ဆီးနှင်းတွေ ကိုငန်းအမွေး လို့ကြွားပြောတာ-
တွေ့လား-နေထွက်လာလို့ ဆီးနှင်းတွေ ပျော်ကျကုန်ပြီ၊ သူ့ကိုယ်မှာ မရှိတော့ဘူး
ငန်းကြွားကြီး လစ်ပြီ-ဟေ့
ဟီး-ဟီး-ဟီး

# ဖူဂျီယာမာ




ဂျပန်နိုင်ငံ တိုကျိုမြို့၏ အနောက်ဖက် မိုင် ၇၀ တွင် ထင်ရှားကျော်ကြားလှသော ဖူဂျီယာမာ မီးတောင်သေကြီးတခု ရှိသည်။ ''ဖူဂျီယာမာ''မှာ ''မီးထွက်သောတောင်'' ဟုဆိုလိုသည်။ ဂျပန်လူမျိုးတို့က ဤတောင်ကို လည်း ''ဖူဂျီစံ'' ဟု ခေါ်ကြသည်။

ဖူဂျီယာမာသည် ရှေးယခင်ကမီးတောင်ဖြစ်ခဲ့သော်လည်း ၁၇၀၇ ခုနှစ်က အစပြု၍ပေါက်ကွဲခြင်း လုံးဝမရှိတော့ပဲ မီးသေတောင်ကြီး အဖြစ် ယနေ့တိုင် ရပ်တည် နေဆဲဖြစ်သည်။ တောင်၏ အမြင့်မှာ ၁၂,၃၉၅ ပေ၊ ထိပ်ဝအဝန်းမှာ နှစ်မိုင်နှင့် အတွင်းသို့ စောက်ပေ ၅၀၀ ရှိသည်။

ဖူဂျီယာမာ၏ ထိပ်ပိုင်းသည် ဆောင်းရာသီတွင် ဆီးနှင်းများဖြင့် ဖုံးလျက်ရှိပြီး နွေရာသီ တလျှောက်လုံး၌လည်း အများအားဖြင့် ဆီးနှင်းဖုံးနေတတ်သောကြောင့် အလွန်လှပ ကြည်နူးသောရှုခင်းတကွက်ဖြစ်သည်။ ဖူဂျီယာမာ တောင်သည် ဂျပန်နိုင်ငံ၏ အထွတ်မြတ်ဆုံး သဘာဝအလှတခု ဖြစ်ခြင်းကြောင့် ဂျပန်တမျိုးသားလုံးက အလေးအမြတ်ထားကြသည်။ တောင်၏ ဘေးပတ်လည်တွင် ဘာသာရေးဆိုင်ရာ အဆောက်အအုံများရှိပြီး ဂျပန်လူမျိုးတို့ တနှစ်တခေါက် လာရောက်ဝတ်ပြုလေ့ရှိသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)



(က)

## ဆင်ရုပ်ကလေး

ပုံ(က)ကို ညှပ်ထုတ်ပြီး ကပ်စက္ကူထူပေါ်တွင် ကပ်ပါ။ ထို့နောက် ဖောက်ပါ ဆိုသည့်နေရာ၌ ဖောက်ထုတ်၍ ပုံ (ခ) မှာ အတိုင်း မိမိ လက်ညှိုးဖြင့် ဆင်နှာမောင်း လုပ် ကာ ကစားပါ။



ကာတွန်း မြေဇာ

# ဝမ်းသာမိပါသေးသည်

ဒေါ်တာလဝင်း



ယနေ့ ခင်လတ် ကျောင်းမလာပါ။ ခွင့်လည်း မတိုင်ပါ။ ထို့ကြောင့် ကျွန်တော် သူ့အတွက် စိတ်ပူမိပါသည်။

ထိုစဉ် ဆရာကြီးက အခေါ်လွှတ်သဖြင့် ဆရာမလည်း အရေးတကြီး ထွက်သွားပါသည်။

သိပ်မကြာပါ။ ဆရာမ ပြန်ရောက်လာပါသည်။ ပြီးနောက် ဆရာမက အားလုံးကို ဝမ်းနည်းစွာ ပြောပြပါသည်။

“ဆရာမပြောရမှာကတော့ မင်းတို့ စိတ်မကောင်းဖြစ်ရမယ့် သတင်းဘဲ။ ခင်လတ် ကားတိုက်ခံရလို့တဲ့။ အခုဘဲ ရဲက အကြောင်းကြားတယ်။ ဒဏ်ရာနဲနဲများလို့ ဆေးရုံတင်ထားရတယ်။ စိုးရိမ်စရာတော့ မရှိဘူးတဲ့။ ဆရာမ ညနေကျယင် သူ့ဆီသွားတွေ့မယ်။ လိုက်ချင်တဲ့လူ လိုက်ခဲ့ကြပေါ့”

ကျွန်တော်တို့ တစ်တန်း လုံး ငြိမ်သက် သွားပါသည်။ အားလုံးပင် စိတ်မကောင်းကြပါ။ ခင်လတ်ကို သနား နေကြပါသည်။

“ခင်လတ်ကို ဒို့ သွား တွေ့ယင် မကောင်းဘူးလားကွာ”

အတန်ကြာ လျှင် ကျွန်တော့် အကြံကို အောင်ဇော်အား ပြောပြပါသည်။

“အေး – ကောင်းတယ်၊ ငါလဲသူ့ကို တွေ့ချင်တယ်ကွာ”

“ကဲ–ဒါဖြင့် ကျောင်းဆင်းယင် ဒို့ဆရာမနဲ့အတူ လိုက်သွားကြရအောင် ဟုတ်လား”

ညနေ ကျောင်းဆင်းသော် ဆရာမနှင့်အတူ ကျွန်တော်တို့ ဆေးရုံကြီးသို့ လိုက်သွားကြပါသည်။ ခင်လတ်၏ မိဘများလည်း ရောက်နေကြပါသည်။ ခင်လတ်ကို ကုတင်ပေါ်တွင် သနားစဖွယ် တွေ့ရပါသည်။ ကျွန်တော်တို့ကို မြင်လျှင် သူအလွန် အားတက် သွားပါသည်။

“မင်းတို့ကို အခုလို တွေ့ရတာ ငါဝမ်းသာလိုက်တာ”

ခင် လတ် က ခပ် တိုး တိုး ပြောပါသည်။

“ဖြစ်မှဖြစ်ရလေ ခင်လတ်ရာ၊ မင်း အ တွက် ဒို့စိတ် မကောင်းလိုက်တာ။ မင်း အခု သက်သာရဲ့လားကွာ”

ကျွန်တော့် အ မေး ကို ခင်လတ်ကခေါင်းညိတ်ပြရှာသည်။

“ကဲ– မင်းကို ဒို့ အကူအညီပေးရအောင် လာခဲ့တာဘဲ သူငယ်ချင်း။ မင်းလိုတဲ့ အကူအညီကိုသာ ပြောကွာ”

ကျွန်တော်တို့က ပြောပါသည်။

“ဒီဒဏ်ရာတွေ မပျောက်မချင်း ငါ ဆေးရုံက ဆင်းနိုင်လိမ့်မယ် မထင်ဘူး။ ငါ့စာတွေ ကျောင်းစာတွေနောက်ကျကုန်တော့မယ်။ ဒီအတွက်မင်းတို့လာမှ တတ်နိုင်မှာမဟုတ်ဘူး”

ခင်လတ်က သူ့စိုးရိမ်စိတ်ကို ဖွင့်ပြောပါသည်။

“မင်းကလဲ အားမလျှော့ပါနဲ့ကွာ။ စာနောက်ကျမှာ မပူပါနဲ့၊ ဒို့တာဝန်သာထား။ ဒို့မင်းကို စာလိုက်ကူးပေးမှာပေါ့ကွာ။ မင်းမသိတာရှိယင်လဲ ဒို့ကို မေးနိုင်

တာဘဲမဟုတ်လား။ အေး – အရေး ကြီးတာက မင်းဒဏ်ရာတွေ မြန်မြန် သက်သာလာဘို့ဘဲ”

ကျွန်တော်တို့က ခင်လတ်အား နှစ်သိမ့်စကားပြောကြပါသည်။ ပြီးနောက် နှုတ်ဆက်၍ ပြန်ခဲ့ကြပါသည်။

တပတ်ခန့် ကြာသည့်တိုင်အောင် ခင်လတ် ဆေးရုံက မဆင်းနိုင်သေးပါ။ ကျွန်တော်တို့လည်း သူ့ထံ မကြာမကြာသွားတွေ့ကြပါသည်။ သူ စာအုပ်များကိုယူ၍ ကျွန်တော်တို့ စာကူးပေးကြပါသည်။ သူသိလို၍ မေးလျှင်လည်း ကျွန်တော်တို့ သိသမျှ ရှင်းပြကြပါသည်။ သူသည် ရသမျှအချိန်ကို အားခဲ၍ စာကျက်ပါသည်။ အကယ်၍ အချိန်မီ ဆေးရုံမှ ဆင်းနိုင်လျှင် သူစာမေးပွဲကို ဖြေဆိုနိုင်မည် မဟုတ်ပါလော။

စာမေးပွဲကြီးလည်း နီးလာပါပြီ။ ကျွန်တော်တို့ အပြင်းအထန် စာကျက်နေရချိန် ဖြစ်ပါသည်။ ခင်လတ်ရှိရာ ဆေးရုံကြီးသို့ ကျွန်တော်တို့ မသွားနိုင်တော့ပါ။

ယနေ့ကား ကျွန်တော်တို့ စာမေးပွဲ စတင်ဖြေဆိုကြရမည့်နေ့ဖြစ်ပါသည်။ ခင်လတ်မှာ ဆေးရုံမှ မဆင်းရသေးပါ။ သူ စာမေးပွဲ မဖြေရမည်ကို ကျွန်တော်တို့ အထူးစိုးရိမ်မိပါသည်။ သူစာမေးပွဲမဖြေရလျှင် မည်မျှ အားငယ်နေရှာမည်နည်း။ သို့သော် ကျွန်တော်တို့ ဘာမျှ တတ်နိုင်မည် မဟုတ်ပါ။

မကြာမီ စာမေးပွဲ ဖြေရတော့မည်မို့ ဆရာမ အတန်းထဲ ဝင်လာပါသည်။

“ကိုင်း–မင်းတို့ကို ဝမ်းသာစရာသတင်းတခု ဆရာမ ပြောရအုံးမယ်။ တခြားတော့မဟုတ်ဘူး။ ကျောင်းအုပ်ဆရာကြီးနဲ့ တကွ သက်ဆိုင်ရာ လူကြီးများရဲ့ စီစဉ်ချက်ကြောင့် ခင်လတ် စာမေးပွဲ ဖြေခွင့် ရသွားတယ်။ အခု မင်းတို့လိုဘဲ သူလဲ ဆေးရုံကြီးမှာ စာမေးပွဲ ဖြေရတော့မယ်။ ကဲ– မင်းတို့ ဝမ်းမသာကြဘူးလား”

ဆရာမ စကားကြောင့် ကျောင်းသားအားလုံးမှာ ,ဟင်ကနဲ၊ ဟာကနဲ ဖြစ်သွားကြပါသည်။

“အေး –ဆရာမ ဆက်ပြောရအုံးမယ်။ အခုလို ခင်လတ် ဆေးရုံတက်နေတုန်း စာကျက်နိုင်အောင် ကူညီသူတွေကိုကော မင်းတို့ မသိချင်ကြဘူး လား။ သူတို့ကတော့ အောင်အောင်နဲ့ အောင်ဘော်တို့ဘဲကွဲ”

အားလုံး ဝမ်းသာမဆုံး ဖြစ်နေကြပါသည်။ အားလုံးထဲတွင် ဝမ်းအသာဆုံးမှာ ကျွန်တော်နှင့် အောင်ဘော်ပင် ဖြစ်မည်ထင်ပါသည်။ ထိုထက်ပို၍ ဝမ်းသာနေမည့်သူကား ခင်လတ်သာ လျှင် ဖြစ်ပေတော့မည် မုချတည်း။

## အားကစားလ

အားကစားလ ဒီဇင်ဘာ၊
ရောက်တဲ့သည့်ချိန်ခါ။

ကျေးရွာအနှံ့ တပြည်လုံး၊
နွဲကြပျော်မဆုံး။


ဘောလုံး, ကြက်တောင်
ပြေး-ပစ်-ခုန်၊
ဘော်လီဘောမျိုးစုံ။

ကြိုးခုန်, လမ်းလျှောက်
လက်ဝှေ့ထိုး၊
စုပေါင်းထုပ်ဆီးတိုး။

လူမျိုးနိုင်ငံ ဖွံ့ဖြိုးရန်၊
ကျန်းမာရေး အခြေခံ။


အန္တရာယ်စုံ ဝေးစေရှား၊
ထူးတဲ့အားကစား။

ကြည်ညို



R. 517

# ခြင်္သေ့



ရှေးယခင်က ဗြိတိန်ကျွန်း၊ ဥရောပတောင်ပိုင်း၊ အာရှတောင်ပိုင်းနှင့် အာဖရိကတိုက်တို့တွင် ခြင်္သေ့များ ရှိကြသည်။ ယခုအခါတွင်မူ အိန္ဒိယ အနောက်ပိုင်းရှိ တောမဲ့တောနှင့် အာဖရိကတိုက်တွင်သာ ရှိတော့သည်။ အာဖရိကတိုက်တွင်ပင် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ခန့်ကကဲ့သို့ များများ စားစား မရှိတော့ပေ။

ခြင်္သေ့သည် ကြောင်မျိုးရင်းတွင် ပါဝင်သောအကြီးဆုံးကြောင်မျိုးဖြစ်သည်။ အာဖရိကတိုက်ရှိ ခြင်္သေ့များသည် မြင်းကျားများ၊ တောဆိတ်များကို ဖမ်းဆီးစားသောက်ကြသည်။ သားကောင်များကို ဖမ်းဆီးနိုင်စွမ်း မရှိသည့်အခါ၊ လူကိုပင် တိုက်ခိုက်စားသောက်တတ်သည်။ အချို့သောခြင်္သေ့များသည် အိမ်မွေးတိရစ္ဆာန်များကို ဖမ်းဆီးစားသောက်တတ်သဖြင့် လယ်သမား၏ ရန်သူဖြစ်လာသည်။ ထို့ကြောင့်လူတို့သည် ကိုယ့်ကိုယ်ကို ကာကွယ်ရန်အတွက်၎င်း၊ အပျော်တမ်း အမဲလိုက်ဝါသနာကြောင့်၎င်း ခြင်္သေ့များကို လိုက်လံပစ်ခတ်ခဲ့ကြသည်။

ခြင်္သေ့အထီးမှာ လည်ဆံမွေးထူထပ်စွာ ပေါက်လျက်ရှိပြီး အလွန်ခန့်ညားသည်။ အမတွင်လည်ဆံမွေး မရှိပေ။ အထီးသည် အမထက် အလုံးအထည် ကြီးမားသည်။ ခြင်္သေ့အထီး၏ ကိုယ်ထည်အလျားမှာ ခြောက်ပေခန့်ရှိပြီး၊ အမြီးမှာ သုံးပေခန့်ရှိသည်။ အရပ်မှာလေးပေခန့်မြင့်သည်။ ခြင်္သေ့သည် အပြေးမြန်ပြီး ပေ ၄၀ ခန့် ခုန်လွှားနိုင်ကာ၊ ၁၂ ဆပမြင့်သော ကမ်းပါးယံ ပေါ်သို့ခုန်တက်နိုင်ကြောင်းတွေ့ရသည်။

ခြင်္သေ့များသည် မိသားစု အလိုက်သော်၎င်း၊ မိသားစုသုံးလေးစု အုပ်ဖွဲ့၍သော်၎င်း နေထိုင်ကာ၊ စုပေါင်းအမဲလိုက်လေ့ရှိသည်။ အစာစားပြီးပါကကြောင်များကဲ့သို့ အိပ်စက်အနားယူလေ့ရှိသည်။ ဆာလောင်လာလျှင် အစာထပ်ရှာသည်။

မွေးကင်းစ ခြင်္သေ့ငယ်သည် ခြောက်ရက်ခန့်ကြာမှ မျက်စိမြင်နိုင်၍ သုံးလသားအရွယ်တွင် နို့ခွဲသည်။ အသက် ငါးနှစ်တွင် အကောင်းဆုံးအရွယ်သို့ ရောက်ရှိသည်။ တိရစ္ဆာန်ရုံများအတွင်းရှိ ခြင်္သေ့များသည် အနှစ် ၃၀ အထိ အသက်ရှည်သည်ကို တွေ့ရသည်။ အရိုင်းဘဝတွင်မူ ထိုမျှလောက် အသက်ရှည်စွာ မနေနိုင်ကြပေ။

ရဲမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၅၀ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၄၊ အမှတ် ၅၂

# ရွှေသွေး ဂျာနယ်

၁၃၃၄ ခု နတ်တော်လဆုတ် ၃ ရက် (၂၃-၁၂-၇၂)


## ကျားကြီးရာဇါ နှင့် ဖိုးရွှေယုန်

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-ပျဉ်းမနား မောင်နီသင်း




စနေနေ့တိုင်း ထုတ်ဝေသည်။


... ငါ - ကိုယ်တော်မြတ်သည် - ဤမဟာမြိုင် တောသာမက၊ ယခုအခါက - ရေကြည်မြိုင် တောကိုပါ အုပ်ချုပ်မင်းလုပ်လိုတဲ့စိတ် ဆန္ဒ ပြင်းပြ တော်မူသည် - မောင်မင်း များ
လွန်စွာ လျော်ကန်သင့်မြတ်တဲ့ - ဆန္ဒ တော်ကြီး ဖြစ်ကြောင်းပါ ဘုရား
... ကိုင်း ... ပညာရှင် - မှူးကြီး မတ်ကြီးများ သဘောတူညီကြသည်နှင့်အညီ ....
ဆက်လက်ထမ်း ဆောင်ရန် .... အမတ်စစ်ဖွဲ့နှင့် အမတ်ထုံထိုင်း တို့ ရှေ့တိုး ခ-စားစေ များ
ရေကြည်မြိုင်တောကို ပိုင်သော - ဘုရင်လေးထံ သွားရောက်၍ ဤရာဇသံ ဆက်စေ.... မောင်မင်း များ .... ... ...
ရာဇသံ
... အဲ - အဲ - ခဏနေကြအုံး ......
ကျွတ် ကျွတ်
ကျားကြီး ရာဇာသည် ပြောပြော ဆိုဆိုနှင့် နှုတ်ခမ်းမွေးတပင် ဆွဲနုတ်လိုက်ပြီး ....
.... အဲ ... ရာဇသံ - ကို ဖတ်စေပြီးလျှင် ငါ ကိုယ်တော်မြတ်၏ အင်အားကိုသူတို့ သိရလေအောင် ... ရော့ ... ဤ နှုတ်ခမ်း မွေးတော်ကြီးကို ပြလိုက် .... သည်တော့ မှ - နှုတ်ခမ်းမွေးပိုင်ရှင် ကျားဘုရင်သည် - အင်အား မည်မျှကြီး သည်ကို - ဒင်းတို့သိလိမ့် မည် ........
သို့ဖြင့် ကျားအမတ်နှစ်ဦးသည် ရေကြည်မြိုင် တောဆီသို့ ချီတက်သွားလေ၏။


ပျော်တယ် - ပျော်တယ် -
ရှိုး - ပျော်တယ် - -
ဖိုးပေါ်က - ပပဝင်း၊ ဒွ /
ဖိုးလမင်းရယ်
ထိုအချိန်တွင် ရေကြည်မြိုင် တောမှ ပန်းခူး ထွက်လာသော ဖိုးရွှေယုန်သည် အမှတ်မထင် နယ်စပ်တောသို့ ရောက်လာ၏။
ပန်းချုံ တခုနားရောက်သောအခါ ပန်းပွင့် အဆန်းများကို မြင်ရသဖြင့် ....
အင့်ဟင် .. ဒီပန်းမျိုး - မတွေ့ဘူး သေးပါဘူး ....
ဈေးတွန်း ချူးသွားမှဘဲ
ဗဖြူးနဲ့ ရှုပ်
ပန်းကို လှမ်းခူးလိုက်ရာ—ပန်းက သူ့လက်ကို ဆွဲထားပြီး အသံထွက်လာ၏။
... ဒါပေမယ့် - မကြောက်ပါနဲ့ - ဟဲ - ဟဲ - နင့်ကိုဘာမှ မလုပ်ပါဘူး ---- ... ငါတို့ ဘုရင့်ရဲ့ - ရာဇသံ - ပေးဖို့လာတယ်။ နင်တို့ ဘုရင် - ဘယ်မှာလဲ ---- ပြော ...
ကျွန်တော်တို့မှာ - ဘုရင်ရယ်လို့ - မရှိပါဘူး၊ အချင်းချင်း စုဝေးတိုင်ပင်ပြီး သင့်သင့်မြတ်မြတ် နေကြတာဘဲ
ဟဲ - ရှိရှိ - မရှိရှိ။ ငါတို့ ဘုရင့်ရဲ့ - ရာဇသံ - ပါတယ်။ နင်တို့အချင်းချင်း သွားတိုင်ပင်။ ပြီး တော့ - ဒီကိုလာခေါ်ပြန်။ ရော့ - ရာဇသံ။ ရော့ - ရွှတ်ခမ်း မွှေးတော်ကြိုး ....
ဟုတ် - ဟုတ်ကဲ့
မြန်မြန်လဲ ပြန်လာခဲ့။ ကြာနေလို့ — ငိုဆာနေမင်တော့ နင့်ကိုဘဲ - စားရမယ်။


ကဲ - အားလုံး စုံလောက်ပါပြီ။ တောလုံးကျွတ် အစည်းအဝေးကြီး စတင်ပါတော့မယ်။ သဘာပတိအနေနဲ့ ပြောချင်တဲ့ ကိစ္စကတော့ .... မဟာမြိုင်တောက - ကျားဘုရင်က ကျုပ်တို့တောကို [ရာဇသံ] ပို့လိုက်ပါတယ်။ ဒါကို - ဖိုးရွှေယုန်က ဖတ်ပြပါလိမ့်မယ် ခင်ဗျား ....
မဟာမြိုင်တောကြီးသခင် - ရာဇါဘုရင် ကျားကြီး မဟာက - အမိန့်တော်ပေးလိုက်သည်။ ရေကြည်မြိုင်တောထဲမှ သတ္တဝါ အကောင်ငယ်လေးများသည် - ငါ၏ထံသို့ စားတော်ခေါ်ရန် အားငါးများ နေ့စဉ် ဆက်သရမည်။ မဆက်ပါက - ချက်ချင်းလာ၍ တောကို သိမ်းမည်။ ----- ငါ့ကိုကြောက်ကြ။ ငါ့နှုတ်ခမ်းမွှေးတော်ကြီးကို ကြည့်ပြီး ငါဘယ်လောက် အင်အားကြီးမည်ကို ခန့်မှန်းကြလော့..........
တောကောင်ကြီးများ နည်းပါးသော ရေကြည်မြိုင် တောတွင်း၌ ဖိုးရွှေယုန်၏ နှိုးဆော်ချက်ကြောင့် တောလုံးကျွတ်ညီလာခံကြီး ကျင်းပနိုင်လေသည်။
---- ဒီ ရာဇသံ-နဲ့ အတူ ဒီ နှုတ်ခမ်းမွှေးတော်ကြီး ကိုပါ ပို့လိုက်ပါတယ် ...
တောကောင်ငယ် များသည် နှုတ်ခမ်းမွှေး တော်ကြီးကို မြင်လျှင် တုန်လှုပ် ချောက်ချား ကြကုန်၏။
မခံဘူး၊ ဖြန် ချမှာပေါ့၊ ဘဲ့နှယ်လဲ
အမယ်လေး သေကုန်မှာ ပေါ့။ မြေးမှ ဖြစ်မယ်
ချမယ်
အနည်းစုဝက်ဝံများက မခံမရပ်နိုင် ဖြစ်ကြသော်လည်း အများစုကမူ ....
ကျားဆိုတာ - အားကြီးတယ်။ ဒေါသကြီးတယ်၊ ရက်စက်တယ်၊ မြန်တယ်၊ ဒီသွားယင် - ခုပါ မကျန်စားတတ်သတဲ့ ရှင်မရဲ့
ကဲတော် အခုဘဲ - ပြေးကြ ပါစို့လား ရှင့်
ပြေးကြ
ကဲ - ကဲ - အရေးတော့ ပေါ်နေပြီ။ ခေါင်း အေးအေးထားပြီး - ဝိုင်းစဉ်းစားယင် အကြံဉာဏ်ပေါ်နိုင်ပါတယ်။ ငြိမ်ကြပါ၊ တွေးကြပါ၊ အဖြေရှာကြပါ
သဘာပတိကြီးက သတိပေး၏။


ကျုပ်နောက်ကျသွားတယ်ဗျာ...
ထိုအချိန်တွင် ဦးငွေဖြူဆိုသူ ဖြူအိုကြီးတကောင် ရောက်လာသဖြင့် ....
ဖိုးရွှေယုန်သည် အကြံတခုရပြီး ....
အကြံတခုတော့ရတယ်
မဆိုးဘူး
ကျန် တောကောင်ငယ်များကို သဘာပတိကြီးက တီးတိုး အသိပေး၏။
ဦးလေးဖြူ... ဦးလေးကိုယ်က ဖြူဆူးတချောင်းလောက် ပေးပါလား
ရပါတယ် - ကြိုက်တာနှုတ်သွားပေါ့
နှုတ်ပြီနော်, ဦးလေးဖြူ
ဖြူဆူးတချောင်း နှုတ်ယူပြီးသောအခါ ....


အရေးတော်ပုံ အောင်ပါစေ
အရေးတော်ပုံ အောင်ပါစေ
အရေးတော်ပုံ အောင်ပါစေ
အရေးတော်ပုံ အောင်ပါစေ
အရေးတော်ပုံ
အောင်ပါစေ
ထို့နောက် ဖိုးရွှေယုန်သည်ဖြူဆူးကြီးကိုထမ်းလျက် တောနယ်စပ်သို့ ထွက်သွားလေ၏။
ကျားတို့နှင့် တွေ့ဆုံခဲ့သည့် နေရာသို့ရောက်လျှင် ကျားများကို မတွေ့သဖြင့် ကျားခြေရာများကို ကုန်း၍ကြည့်ရာ ကိုင်ထားသော ဖြူဆူး ထောင်တက်သွားပြီး ....
အား
သစ်ပင်ထက်မှ အသံနှင့်အတူ တစုံတခုပြုတ်ကျ လာလေသည်။
ဘယ်သူလဲကွ - ဘာလုပ်တာလဲ-ဒါ၊ ကျွတ်ကျွတ် နာလိုက်တာ
ဟင် ... ယုန်ရုတ်ယုန်ပဲ-
ခုန်သွားတာကျောလို့ - သစ်ကိုင်းပေါ်တက် မှိန်းနေပါတယ် ... ဘာနဲ့ ဖင်ကိုလှမ်းထိုး ရတာလဲ ...
သေဖို့သာပြင်ပေတော့
ဟဲဟဲဟဲ ရှုပ်ပါလိမ့်မယ် ဟင်း
ပြောပြောဆိုဆိုနှင့် ကျား အမတ်မင်းများ ခုန်ဆင်းလာပြီး ဖမ်းတော့၏။


ရှူး ကျွတ် ကျွတ်
ဒီ ယုန် နွားသနားကောင်လေးကို
[ရာဇသံ] ကိုင်ခိုင်း မြန်မြန်မေးပြီး
ကိုက် စားမှ ထင်တယ် ကျွတ်ကျွတ်
ကိုင်း - ဆိုစမ်း - နင်တို့ ဘုရင်က ဘာတဲ့လဲ
ကျ - ကျ - ကျနော်တို့ မှာ - ဘုရင်မရှိပေမယ့် ခေါင်းဆောင်ကြီးတော့ ရှိပါတယ်။ သူက ခင်များတို့ ဘုရင့်စကားကို သိပ်စိတ်ဆိုးတယ်.
ဆိုးတော့ - ဘာဖြစ်သလဲ
ဆိုးတော့ - ခေါင်းဆောင်ကြီးက သူ့နှုတ်ခမ်းမွှေးတော်ကြီးကို နှုတ်ပေးလိုက်တယ်။ ဘယ်သူ့ကိုမှ မမှုဘူးတဲ့။ ကျနော် ကိုင်ထားတာ ခေါင်းဆောင်ကြီးရဲ့ - နှုတ်ခမ်းမွှေးတော်ကြီး ပါဘဲခင်များ
ဟေ... ဒါနင်တို့ ခေါင်းဆောင်ရဲ့ နှုတ်ခမ်းမွှေး
ဟုတ်လား
ဟုတ်ပါ့များ၊ ဒါတောင် အသေးဆုံး အငယ်ဆုံး နှုတ်ခမ်းမွှေးဘဲ ရှိသေးတယ်
ဘုရား - ဘုရား လစ်မှဘဲ ထင်တယ်
ထိုအခိုက် ရေကြည်မြိုင် တောဘက်မှ ရူးရူး ရှရှ အသံကြီး ပေါ်ထွက်လာရာ
ရှူး ဝါး ရှူး ရှူး
ဟဲ့ဟဲ့ - ဘာသံလဲဟဲ့
ကျုပ်တို့ ခေါင်းဆောင်ကြီး သီချင်းဆိုတဲ့ အသံပေါ့များ၊ ဘယ်လောက် ကောင်းသလဲ
အမယ်လေး... မြန်မှ ... မြန်မှ ခေါင်းဆောင်ကြီးကို ပြောလိုက်တော့ ဟေ့ နင်တို့ ရေကြည်မြိုင်ကို - မလာတော့ဘူး လို့...
ကျား နဲ့ ရှင်ဆိုင် - ဖြိုင်ကြရာဝယ် - တခါးကိုတွန်း၊ မပြေးရ၊ ဘက်တူတူ စည်းဝေး လို့ရယ်
ကြိုတင် စီစဉ်ထားသည့်အတိုင်း ညီညီညာညာ တပြိုင်နက် အသံတုပြုလုပ်လိုက်ကြသော တောကောင်ငယ်များသည် ကျားများထွက်ပြေးသည်ကို မြင်လျှင် ပျော်မဆုံးဖြစ်၍ နေလေသတည်း။

ပြီး

နိုင်ငံတကာ စာအုပ်နှစ်

# စာအုပ်စာပေ လူ့မိတ်ဆွေ ကာတွန်းပြိုင်ပွဲ




ပထမ မောင်မောင်လေး



ဒုတိယ မောင်မောင်စိုး


စာအုပ်စာပေ လူ့မိတ်ဆွေ




တတိယ ရွှေယမင်းသား

၁၉၇၂ ခု၊ နိုင်ငံတကာစာအုပ်နှစ် အထိမ်းအမှတ်အတွက်
အလင်္ကာကျော်စွာ ကာတွန်းပိဋကာ ဦးဘဂျမ်းအား ဂုဏ်ပြုသော-












အပိုဆုရများ






ရန်ကုန်မြို့ (အောက် ၁၃လမ်း) တန်ဆောင်တိုင်မီးထွန်းပွဲ
စာအုပ်စာပေ လူ့မိတ်ဆွေ ကာတွန်းပြိုင်ပွဲမှ ဆုရ ကာတွန်းများ


ဒီလိုဆိုတော့လဲ
ဇာတ်အိမ်း-မောင်ကြည်သစ်
သရုပ်ဖော်/
နောက်၊ ကျောင်းချိန်နီးပြီ၊ ကစားမနေနဲ့ဟင်၊ ဒီလိုဘဲ အရိုက်ခံရမယ်မှတ်
ကျွန်တော်သည် ကျောင်းချိန်နီးသည်ထိ ကစားမက်နေသဖြင့် မေမေကရိုက်ပါသည်။ သူငယ်ချင်းများရှေ့တွင် အရိုက်ခံရသဖြင့် ကျွန်တော် ရှက်မိပါသည်။
ကျောင်းရောက်ပြန်တော့လည်းကျောင်းချိန်နောက်ကျသဖြင့် ဆရာမက ဒဏ်ပေးပြန်ပါသည်။
အိမ်ကတော့ ကျောင်းကို အချိန်မီ လွှတ်မှာပေါ့၊ မင်းလမ်းမှာဝင်ဆော့နေလို့သာ နောက်ကျတာ ဖြစ်မှာပဲ၊ ခုံပေါ်တက် မတ်တတ်ရပ်နေ
ဟား ဟား ဟား
အပြစ်ဒဏ်မှ လွတ်သော်လည်း ကျွန်တော်သည် တမနက်လုံး မကျေမနပ် ဖြစ်နေပါသည်။
တကယ်တော့၊ မေမေနဲ့ ဆရာမဟာ- ဘာမဟုတ်တဲ့ အပြစ်ကလေးကို ရေးကြီးခွင်ကျယ် လုပ်ကြတယ်၊ ငါ့ကို မုန်းနေကြ ပြီထင်တယ်
တွေးလေတွေးလေ ကျွန်တော့စိတ်ထဲတွင် မခံမရပ်နိုင် ဖြစ်လာပါသည်။ ထို့ကြောင့် နေ့လယ် မုန့်စားဆင်းချိန် ကျောင်းမှ တိတ်တိတ်ထွက်ခဲ့ပါသည်။
မေမေလဲ ငါ့ကို မချစ်ဘူး၊ ဆရာမလဲ ငါ့ကို မချစ်ဘူး၊ ဒီတော့ ကျောင်းနေလို့လဲ အပိုဘဲ၊ တခြားကို ထွက်သွားမယ်
ကျွန်တော်သည် ကျောင်းနှင့် မနီးမဝေး ရေကန်ကြီးအနားရှိ သစ်ပင်ကြီး တပင်အောက်သို့ ရောက်လာပါသည်။
ခုနေ ငါ့ကိုသာ ဆရာမ-တွေ့ရင် ထုံးစံအတိုင်း ရိုက်ဦးမှာဘဲ၊ မေမေ့အဖို့လဲ ငါ့ကို ရိုက်ဖို့ အပြစ်တခုရသွားတာပေါ့


ဒီခု၊ ငါဘယ်သွားမလဲ၊ ခုမှ အိမ်ပြန်ယင်လဲ-ကျောင်းပြေးလို့ အရိုက်ခံရဦးမှာဘဲ
ကြာသော် မည်သို့မျှမစဉ်းစားတတ်တော့သဖြင့် အရွက်ဖားဖြင့် တပင်လုံး အုပ်ဆိုင်းနေသော သစ်ပင်ကြီးပေါ်သို့ တက်ခဲ့ပါသည်။
အောက်ကကြည့်ယင် ငါ့ကို ဘယ်သူမှ မြင်မှာမဟုတ်ဘူး
ကျွန်တော်သည် သစ်ပင်ကြီးကို မှီကာ အမျိုးမျိုးတွေးတောနေမိသည်။
ကျွန်တော်သည် သစ်ပင်ပေါ်မှ ဟိုဟို သည်သည်ကြည့်ရင်းအချိန်ဖြုန်းနေစဉ်
သူတို့သည် စကားထပြောပြောနှင့် ကျွန်တော်ရှိရာ သစ်ပင်ကြီးအောက်သို့ လျှောက်လာကြသည်။
ဟိုက်၊ ချေးပုနဲ့အောင်ဝဦးပါလား၊ ဒီကောင်တွေကျောင်းမသွားသေးဘဲ ဘယ်သွားကြမလို့ပါလိမ့်
အေးလေ၊ ဒီကောင် ဒဏ်ပေးခံရတာနဲ့ ရှက်ပြီးအိမ်ပြန် ပြေးတာဖြစ်မှာပေါ့
ဆရာမလဲစိတ်ပူနေပြီ၊ ခု သူ့အိမ်မှာ မတွေ့ယင် သူ့အမေလဲ စိတ်ပူမှာဘဲ
ဘယ်တတ်နိုင်မလဲ၊ ဆရာမက သွားကြည့် ဆိုလို့ လိုက်လာရတာဘဲ
ဟော့၊ ဒီမှာကော်ဖော့လွယ်အိတ်နဲ့ ဖိနပ်တွေ၊ ကျန်စောင်းက တွေ့တာ
ဟော၊ ဒါဖြင့် ဒီနားမှာရှိမှာဘဲ
ကျွန်တော်သည် လာစက ကန်စောင်းတွင် ထိုင်နေခဲ့ရာ ခုမှ လွယ်အိတ်နှင့် ဘိနပ်မေ့ထားခဲ့ကြောင်း သတိရပါတော့သည်။
ကျွန်တော် ကျောင်းမှ ထွက်ပြေး သည်ကို ဆရာမ သိသွားပြီး သူတို့ကို ကျွန်တော့် အိမ်သို့ သွားရှာ ခိုင်းဟန် တူပါသည်။
ဖော်ဖော် ဝေ
ဟေ ဖော်ဖော်


သူတို့သည် ကျွန်တော့်နာမည်ကို တကြော်ကြော် ခေါ်နေကြပါသည်။ ကျွန်တော့်တွင် အကြိတခု ပေါက်လာ၍ ပြန်မထူးပါ။
ဒီကောင် စိတ်ညစ်ပြီး ရေထဲခုန်ချပြီ ထင်တယ်
ဟော
သူတို့သည် ကျောင်းဖက်သို့ ပြန်ပြေးသွားကြပါသည်။ မကြာမီ ဆရာမ၊ ဆရာကြီးနှင့် ကျောင်းသားအချို့ ရောက်လာကြသည်။
ဖေဖေရေ၊ ဆရာကြီး ရှာပါဦး၊ ကျွန်မတပည့်လေး ရေနစ်ပြီထင်တယ်
မကြာမီ မေမေလဲ ရောက်လာပါသည်။ အိမ်သို့ အကြောင်း ကြားလိုက်ဟန် တူပါသည်။
ဟိုက်! ဗုဒ္ဓေါ
ငါ့ကို အားလုံးက ရေနစ်သေပြီထင်ပြီး စိတ်ပူနေကြပါလား ဒီလိုဆိုတော့လဲ ငါ့ကိုချစ်ကြသားဘဲ
သားလေးရေ သား-သား အဖြစ်ဆိုးလှ ချည်လားကွယ်
မနေသာတော့သဖြင့် ကျွန်တော်အောက်သို့ ဆင်းလာခဲ့ပါသည်။
မေမေ၊ ဆရာမ၊ ကျွန်တော် ရေမနစ်ပါဘူး၊ စိတ်မပူကြပါနဲ့
တော်ပါသေးရဲ့
ဟင်၊ ဘာလို့ ပုန်းနေရတာလဲ- သားရယ်
မေမေရော၊ ဆရာမပါ၊ ကျွန်တော့်ကို မုန်းနေကြတယ်ထင်ပြီး၊ ကျွန်တော် ရေနစ်သေတယ်ဆိုရင် ဝမ်းသာကြမလားလို့ ခုတော့ ကျွန်တော့်အတွက် အားလုံးစိတ်ပူနေတာတွေ့ရတော့ အထင်လွဲမိတာတွေ ဝန်ခံပါရစေ
သာဓုကွယ် သာဓု-သာဓု
ပြီး

## ကမ္ဘာ့အကြီးဆုံးကျောက်တောင်

ဩစတြေးလီးယားနိုင်ငံ၏ အလယ်တွင် ငါးမိုင်ရှည်လျားပြီး ပေ ၁၁၀၀ မြင့်သည့် ကမ္ဘာ့အကြီးဆုံးကျောက်တောင်ကြီးတခုရှိသည်။ ထိုကျောက်တောင်ကြီးကို ဒဗလျူ ဂျီဂေါ့(စ်)ဆိုသူ ဗြိတိသျှ လေ့လာရေးသမား တဦးက ၁၈၇၃ ခု ဇူလိုင်လတွင် စတင်တွေ့ရှိခဲ့ပြီး၊ တောင်ဩစတြေးလီးယားဘုရင်ခံ ဆာဟင်နရီ အိုင်းယားကို ရည်စူး၍ အိုင်းယားကျောက်တောင်ဟုအမည်ပေးခဲ့သည်။

ကျောက်တောင်၏ အနားစွန်းများသည် မတ်စောက်လျက်ရှိပြီး လေတွင် ပါသောသဲမှုန်များတိုက်စားမှုကြောင့် ယင်း အနားစွန်းများတွင် လိုဏ်ဂူများ ဖြစ်လျက်နေသည်။ တောင်ခြေတွင် မိုးရေများဖြင့် ပြည့်နေသည့် ချိုင့်ခွက်ကလေးပေါင်း များစွာရှိသည်။ ချိုင့်ခွက်များအတွင်းရှိ ထိုမိုးရေကြည်များမှာ တောင်ပေါ် ရေအိုင်များမှ စီးဆင်းလာခဲ့ခြင်း ဖြစ်၏။

ရှေးယခင်က ဤကျောက်တောင်ကြီးမှာ ပင်လယ်ရေအောက်တွင်ရှိခဲ့ပြီး၊ နောင်တွင် ကျွန်းအဖြစ် ပေါ်တက်လာခဲ့သည်ဟု အယူရှိကြသည်။ ထိုမှ ပထဝီအနေအထားတစတစပြောင်းလဲခဲ့ပြီး ကျွန်းကြီးအဖြစ်မှကျောက်တောင်ကြီးတခုအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဩစတြေးလီးယားနိုင်ငံ၌ အစောဆုံး နေထိုင်ခဲ့ကြသော လူမျိုးတို့သည် ဤကျောက်တောင်ကြီးကို ကိုးကွယ်ခဲ့ကြလေသည်။



မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)


### သိပ္ပံနည်းဖြင့် မျက်လှည့်ပြရအောင်



ပုံတွင် ပြထားသည့်အတိုင်း စာအုပ်ထူ နှစ်အုပ်ပေါ်၌ မှန်ထူတချပ်ကို တင်ပါ။ အောက်တွင် စက္ကူကို ညှပ်ထားသော အရုပ်ကလေးများ ချထားပြီး အပေါ်မှ ခြောက်သွေ့သော အဝတ်ဖြင့် ပွတ်တိုက်ပေးပါ။ အရုပ်ကလေးများ အသက်ဝင် လှုပ်ရှားလာသည်ကို တွေ့ရမည်။ ယင်းကို တည်ငြိမ် လျှပ်စစ်ဓာတ် ထုတ်လုပ်နည်းဟု ခေါ်သည်။

# အမှားအမှန်

ထူးလွင် (လပွတ္တာ)



ကျွန်တော် တခါမျှကျောင်း မပြေးဘူးပါ။ ယနေ့ ကျွန်တော်တို့အတန်း၏ နောက်ဆုံးနှစ်ချိန်ဆက်သည် ပထဝီ ဘာသာချိန် ဖြစ်သည်။ ပထဝီဆရာ ကျောင်း မတက်ပါ။ ထို့ကြောင့် နှစ်ချိန် ဆက်အားနေပါသည်။ကျောင်းသား အချို့မှာ အိမ်ပြန် သွားကြသည်။ ကျွန်တော် လည်း အိမ် အလွန် ပြန် ချင် သည်။ သို့သော် မပြန်ရဲပါ။ ထိုအချိန်တွင် ဖုန်းအောင်က သူတို့အိမ်၌ မုံ့ဟင်းခါးလုပ်စား၍ လိုက်စားရန် ပြော၏။ မုံ့ဟင်းခါး လိုက်စားလျှင် မုံ့စားအပြီးနှင့် ကျောင်း အဆင်းအနေတော်ဖြစ်ပေမည်။ ထို့ကြောင့် ကျွန်တော် သည် ဖုန်းအောင်နှင့်အတူ အတန်းထဲမှ လစ်ထွက်ခဲ့၏။

မြှော်လင့်ထားသည့်အတိုင်း မုံ့စားအပြီးနှင့် ကျောင်းအဆင်းအနေတော်ဖြစ်နေသည်။ ကျွန်တော်လည်း ဂူနွေ့မပျက် အိမ်သို့ပြန်ခဲ့သည်။ အိမ်ရောက်လျှင် အဝတ် အစား လဲ လျက် ဘောလုံးကန်ရန် ထွက်ခဲ့သည်။ ဘောလုံးကန်ရာ လမ်းထိပ် မြေကွက်လပ်သို့ ရောက်သော် တင်ဝင်းနှင့်တွေ့၏။ တင်ဝင်းသည် ကျွန်တော့်ထံသို့ ပြေးလာပြီး –

“မင်းအတွက် ကျောင်းက တိုင်စာ ပါလာတယ်။ မင်းတို့ ပြန်သွားပြီး တအောင့်လောက် ကြာတော့ ဆရာကြီး ကိုယ်တိုင် နာမယ်စာရင်း လာခေါ်တယ်။ အခု ဒီတိုင်စာကို ဆရာကြီးက မင်းတို့အိမ်ကိုပေးဘို့ ငါ့ကို ပေးလိုက်တာ” ဟု ပြောသည်။

ကျွန်တော် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင် ဖြစ်သွား၏။ တင်ဝင်းလက်တွင်းမှ တိုင်စာကို ကြည့်ရင်း –

“တင်ဝင်း–ငါတော့ ခက်ပြီကွာ။ အိမ်ကိုပေးယင်လဲ ငါ ကောင်းကောင်း အရိုက်ခံရမှာ အဆူခံရမှာ သေချာတယ်ကွ။ ငါဘာလုပ်ရမှာလဲကွာ”

“မင်းကလဲ ခက်လိုက်တာ မှတ်လို့။ ဆိုက်ကားသမား တယောက်ဖြစ်ဖြစ်၊ အလုပ်သမား တယောက်ဖြစ်ဖြစ် ပိုက်ဆံပေးပြီး ခေါ်သွားပေါ့ကွာ။ ဆရာကြီးက မင်းမိဘတွေကို မြင်ဘူးတာမှ မဟုတ်ဘဲ”

ကျွန်တော် သည် အိမ် တိုင်စာရွက်ကို လက်တွင်းဝယ် ဆုတ်လျက် တွေဝေငေးမောနေမိပါသည်။

ယနေ့ည ကျွန်တော် စာကျက်၍ မရပါ။ အိပ်ရာထဲ ရောက် ပြန် လျှင် လည်း တော်တော်နှင့် အိပ်၍မပျော်ပါ။ နက်ဖန်ရင်ဆိုင်ရမည့်အရေးကို တွေးနေမိသဖြင့် ညဉ့်နက်မှ အိပ်ပျော်သွားပါသည်။

နံနက် မိုးလင်းသောအခါ စာဖတ်ချင်စိတ် လုံးဝမရှိပဲ ဝတ်တရားကြေ စာကျက်ပါသည်။ ထို့နောက် ရေချိုးထမင်းစားပြီး ကျောင်းသို့ စောစောထွက်ခဲ့ပါသည်။ လမ်းထိပ် ရောက်သော် မပု အကြော်တဲနားဝယ် ဆိုက်ကားတစီးကို တွေ့ရသည်။ တဲအတွင်း၌ ဆိုက်ကားသမားကြီး

ဦးလှသွင်သည် အကြော်နှင့် ရေနွေးကြမ်းသောက်နေ၏။ ဦးလှသွင်သည် ကျွန်တော်တို့အိမ်နှင့် သုံး လေး အိမ် ကျော် တွင် နေသည်။ စိတ်သဘောထားအလွန်ကောင်းပြီး ကျွန်တော်တို့မိသားစုနှင့်လည်း ခင်မင်သူ ဖြစ်၏။

"ဦးလေး၊ ကျွန် တော့် ကို အကူ အညီ တခု ပေး ပါ လား ဗျာ"

"ဆိုစမ်းပါဦး ငါ့တူ။ ဦးလေးက ဘာအကူအညီ ပေးရမှာလဲ။ အဖေတု ဦးလေးတုအနေနဲ့ မင်းတို့ကျောင်းကိုလိုက်ပြီး မင်းတို့ဆရာကြီးနဲ့ သွားတွေ့ပေးရမှာလား"

ဦးလှသွင်၏ စကားကြောင့် ကျွန် တော် အံ့ အား သင့် သွားမိပါသည်။

"ဟုတ် – ဟုတ်ပါတယ် ဦးလေး။ ကျွန် တော် တ ခါမှ ကျောင်း မ ပြေး ဘူး ပါဘူး ခင်ဗျာ။ ကျောင်းကလဲ မိဘအုပ်ထိမ်းသူ မပါယင် လက်မခံဘူး။ အိမ်က အဖေနဲ့အမေကိုလဲ ကျွန်တော်မပြောရဲဘူး။ ကျွန်တော်ကြောက်တယ် ဦးလေး"

ကျွန်တော်က မျက်နှာငယ်ကလေးနှင့် ဖြေသည်။ ထိုအခါ ဦးလှသွင်သည် ကျွန် တော့် ကို စေ့စေ့ကြည့်ပြီး –

"ကျောင်း သား တွေ ဦးလေးဆီလာပြီး မကြာခဏ ခုလို အကူအညီမျိုး လာတောင်းဘူးတယ်။ ဒါပေမဲ့ ဦးလေး လူမိုက်အားပေး တခါမှ မလုပ်ခဲ့ဘူး။ ဦးလေးအနေနဲ့ မင်းကို ကူညီလိုက်ယင် ငါ့တူ ကြီး မှာ ပြဿနာ တခုကို ရင်ဆိုင်ရဲတဲ့ သတ္တိတွေ နောက်ကိုရှိလာတော့မှာ မဟုတ်ဘူး။ ကိုယ့် အဖေအရင်း ကိုယ့်ဦးလေး အ ရင်း မ ဟုတ်ဘဲနဲ့ အဖေအစား ဦးလေးအစား ခေါ်တယ်ဆိုတာ ဘယ်လောက်ရှက်စရာကောင်းသလဲ။ မင်းအခု ဦးလေးကို လူစား အဖြစ် ခေါ် သွားမယ်ဆိုယင် မင်းရဲ့ မိဘတွေကိုလဲ စော်ကားရာ ကျတယ်။ မင်းတို့ရဲ့ ဆရာကြီးကိုလဲ စော်ကားရာကျတယ်။ အိုကွာ– ဦးလေးကိုပါ စော်ကားရာ ကျတယ်ပေါ့၊ မဟုတ်လား။ အေး– ဒီတော့ ကိုယ့်အမှားကို သတ္တိရှိရှိ ဝန် ခံ စမ်း ပါ။ နောက် ကို လဲ ကျောင်းစည်းကမ်းကို လိုက်နာပေါ့။ ကဲ – မင်းမိဘတွေကို ဦးလေး ကိုယ်တိုင် မင်း အဆူမခံရအောင် လိုက်ရှင်းပြမယ်။ လာ သွားကြရအောင်။ မပု – ကျွန်တော့်ဆိုက်ကား ခဏကြည့်ထားလိုက်ပါဗျာ"

ဦးလှသွင်သည် မပုကို လှမ်းမှာရင်း ကျွန်တော့်လက်ကို ဆွဲကာ အကြော်ဆိုင်ထဲမှ ထွက်ခဲ့သည်။ ကျွန်တော်လည်း အမှားထဲမှ အမှန်ကို တွေ့ခဲ့ပေပြီ။ ကွန်ပါဗူးထဲ ထည့်ထားသောတိုင်စာစာရွက်ကိုထုတ်လျက် အမေနှင့် အဖေကိုရဲရဲဝံ့ဝံ့ပြသရန် လက်ထဲ၌ ခပ်တင်းတင်း ဆုတ်ထားလိုက်မိပါသည်။

# ကြက်တောင်ရိုက်မယ်

ဆေးလိပ်တိုတွေ စုကာထားလို့၊
ဖင်စီခံများ ထုတ်ယူမယ်။

ငှက်တောင်ဖြူဖြူ ထိုးကာစိုက်လို့၊
ကြက်တောင်ရိုက်ဖို့ လုပ်ကြကွယ်။

ထင်းရှူးသေတ္တာ အပျက်ကလေးက၊
ပျဉ်ချပ်သေးသေးဖြတ်လို့ရယ်။

လက်ကိုင်စရာ ခုတ်ကာလှီးလို့၊
ကိုကိုကြီးက လုပ်ပေးတယ်။


အတွဲညီညီ ရိုက်သံပေးတော့၊
လေမှာပြေးတဲ့ ကြက်တောင်ငယ်။

အရှုံးအနိုင် ဂရုမထားနဲ့၊
အားကစားသာ အဓိကကွယ်။

ကျောင်းကအပြန် အချိန်အားတော့၊
ရိုက်ကစားလို့ ပျော်ကြမယ်။

ရိုက်ကွယ် – ရိုက်မယ်။ ။

သူရဇော်



R. 517



# ရေမြင်း


ရေမြင်းကြီးတကောင်၏ ကိုယ်ထည်မှာ ရေစည်သဏ္ဌာန် ရှည်မျောမျောဖြစ်ပြီး ၁၄ ပေခန့် ရှည်လျားသည်။ ကိုယ်အလေးချိန် လေးတန်ခန့်ရှိသည်။ အရေပြား ကြမ်းတမ်းသည်။ ခြေချောင်းလက်ချောင်းများ တုတ်ခိုင်ပြီး ပုတိုတိုဖြစ်သည်။ ဦးခေါင်းအလွန်ကြီးမားသည်။ မျက်လုံးအစုံမှာ သေးငယ်၍ ပြူးထွက်နေဟန်ရှိသည်။ နားရွက်များ သေးငယ်သည်။ ပိတ်နိုင်ဖွင့်နိုင်သော နှာခေါင်းပေါက်တစုံရှိသည်။ နှာခေါင်း၊ မျက်လုံးနှင့် နားရွက်များကို ရေပေါ်တွင်ဖော်လျက် ရေစိမ်နေလေ့ရှိသည်။ ရေအောက်တွင် ငါးမိနစ်ခန့် ငုပ်နေနိုင်သည်။

ဒေါသထွက်လျှင်၊ တိုက်ခိုက်လိုလျှင် ပါးစပ်ကို ကျယ်စွာ ဟလိုက်သည်။ ထိုအခါ ချွန်ထက်ကြီးမားသော အစွယ်များကို တွေ့ရသည်။ တရှူးရှူးနှင့်အော်မြည်တတ်သေးသည်။ ရေမြင်းအထီးများသည် တကောင်နှင့်တကောင် ပြင်းပြင်းထန်ထန် တိုက်ခိုက်လေ့ရှိသည်။

ရေမြင်းများသည် မြစ်အတွင်း သဲသောင်ပေါသောနေရာများတွင် အုပ်ဖွဲ့၍ နေထိုင်ကြသည်။ ညဥ့်အချိန်၌ ကုန်းပေါ်သို့တက်ကာ မြက်များကို စားသောက်လေ့ရှိသည်။

ရေမြင်းကို အခြားနိုင်ငံများတွင် မတွေ့ရပဲ အာဖရိကတိုက်တွင်သာ တွေ့ရသည်။ ရေမြင်းသည် ဝက်နှင့် အမျိုးချင်းနီးစပ်လေသည်။

ရဲမြင့်





ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၄ အမှတ်-၅၃

# ရွှေသွေး ဂျာနယ်

## ဉာဏ်ပညာ

ဓါတ်လမ်း-လှမြင့်

-ပထမပိုင်း-

သရုပ်ဖော်-ကချ

၁၃၃၄ ခု၊ နတ်တော်လဆုတ် ၁၀ ရက် (၃၀-၁၂-၇၂)




စနေနေ့တိုင်း ထုတ်ဝေသည်။


ရှေးအခါက သာယာရွှေပြည်တွင် နန္ဒဘုရင်ကြီး အုပ်စိုးလျက် ရှိ၏။
ချမ်းသာ ရွာကလေးတွင်မူ မောင်ပညာခေါ် နွားကျောင်းသားလေးတဦး ရှိ၏။
မောင်ပညာသည် ဆရာတော်ထံမှ ပညာကို သင်ယူပြီး
လူကြီးသူမများထံမှ ဗဟုသုတများကို နာယူမှတ်သား၏။
နွားကျောင်း နေစဉ်၌လည်း စာဖတ်၍ သာ နေလေ့ရှိ၏။
လသာသော ညတွင်
နန္ဒ ဘုရင်ကြီးသည် မင်္ဂလာ ရေကန်တော်သို့ ထွက်၍ ရှုစားလျက်ရှိစဉ်....


အလို
ရေကန်အလယ်၌ လေမတိုက်ပဲ လှုပ်နေသော ကြာဖူးကြီးကို မြင်လေသော် အလွန်အံ့ဩသွားပြီး
မင်းချင်းတို့၊ ကျွဲကြာငုံကြီးသည် လေမတိုက်ဘဲနှင့် အဘယ်ကြောင့် လှုပ်နေရသနည်း၊ အသင်တို့ သိလျှင် သံတော်ဦးတင်လော့
ခက်တော့တာဘဲ
ကျုပ်လဲ မသိဘူး
ဘယ်လို တင်ရပါ့
မင်းချင်းတို့မှာ ပညာရှိမဟုတ်၍ မဖြေတတ်ပဲ ရှိလေ၏။
နောက်နေ့တွင် ဘုရင်ကြီးသည် ညီလာခံ၌ ဤ ပြဿနာကိုထပ်၍ မေးမြန်းပြန်၏။
မင်းကြီးတို့သိကြလျှင် သံတော်ဦးတင်ကြပါကုန်လော့
အမတ် ပညာရှိတို့ သည်လည်း အဖြေကို မည်သို့မျှ ကြံဆ၍မရသဖြင့် ဆိတ်ဆိတ်သာ နေကြလေ၏။
ထိုအခါ ဘုရင်ကြီးသည် ပညာရှိအမတ်ကြီးများပင် မဖြေဆိုနိုင်သည့် ပြဿနာကို အလွန်သိလိုသဖြင့်


ကိုင်း မင်းကြီးများ၊ ကျွန်ုပ်ပြဿနာကို ဖြေဆိုနိုင်သူအား အသပြာ တထောင် ချီးမြှင့်တော်မူမည်၊ နေပြည်တော် တခွင် မောင်းကြေးနင်းခတ်စေများ
အမိန့်တော်မြတ် အတိုင်းပါဘုရား
မောင်းကြေး နင်း ခတ် ရသော ပြဿနာကို မောင်ပညာ ကြားလေသော်
ဘိုးဘိုး၊ ဘိုးဘိုး၊ ကြာဖူးကြီးကို ကျွန်တော်ကိုယ်တိုင် လေ့လာခွင့်ရရင် ပြဿနာကို ကျွန်တော်ဖြေဆိုနိုင်ပါတယ်ဘိုးဘိုး
ဟေ
ဟုတ်မှလဲလုပ်ပါသူငယ်ရာတော်တော် ကြာ ဆုငွေမရဘဲထောင်နန်းစံနေရ ပါအုံးမယ်ကွာ -
ဟုတ်ပါတယ်ဘိုးဘိုး ကျွန်တော်တကယ်ဘဲ ဖြေတတ်ပါခင်ဗျာ
ကိုင်း ဒါဖြင့်၊ မင်္ဂလာရေကန်ကိုသာ တခါတည်းလိုက်ခဲ့ပေတော့သူငယ်
ဟုတ်ပြီ
ငါတွေးတဲ့အတိုင်း မှန်နေပြီ---
မောင်ပညာသည် ကြာဖူးကြီးကို အသေအချာ လေ့လာ၍ အဖြေကို တွေးဆ ရရှိသောအခါ
ဘုရင်ကြီးထံဝင်၍ ခစားလေသည်။
ကိုင်း သူငယ်-- အဖြေကိုသိလျှင် အမြန် သံတော်ဦးတင်စေ



မှန်လှပါ၊ ပဒုမ္မာကြာဖူးကြီးသည် နေရောင်လာ၍ ပွင့်အာနေသောအချိန်၌ ပိတုန်းတကောင်သည် ဝင်၍ဝတ်ရည်ကို သောက်သုံးပါသည် အရှင်မင်းကြီး
ပိတုန်းကောင်သည် အစာကို မက်မောနေသဖြင့် နေဝင်သွားသည်ကို မသိဘဲနေပါသည်၊ နေရောင်ပျောက်ပြီး လရောင်လာသောအခါ ကြာပွင့်ကြီးသည် ပြန်၍ငုံသွားသဖြင့် –
အထဲတွင် ပိတုန်းကောင် ပိတ်မိနေပါသည်၊ ထိုပိတုန်းကောင်၏လှုပ်ရှားရုန်းကန်မှုကြောင့် ကြာဖူးကြီးသည် လေမတိုက်ဘဲလှုပ်နေရခြင်း ဖြစ်ပါသည် အရှင်မင်းကြီး
ဟိုက်
ဘုရင်ကြီးသည် မင်းချင်းတဦးကို စေလွှတ်၍ ကြည့်ခိုင်းရာ မောင်ပညာ ပြောသည့်အတိုင်း ဟုတ်မှန်နေသဖြင့်
ဘုရင်ကြီးသည် မောင်ပညာအား အသပြာတထောင် ချီးမြှင့်သည့်အပြင်
ပညာရှိအမတ် ခန့်အပ်လိုက် လေသတည်း။
ပြီး


ပိန်ပိန်
နှင့်
ကြူ့ကြူ့
ဇါတ်လမ်း မောင်သဲရူ
လူရှည်တောင်တန်း
ဖိုးယဉ်
တခါက ပိန်ပိန်နှင့် ကြူ့ကြူ့တို့ သန့်ရှင်းရေးလုပ်ကြရာ—
ထွန်ခြစ်ကို အဲဒီလိုမထားနဲ့လေ သူများတွေ နင်းမိဦးမယ်
ဒါကြီးတခုလုံးတောင်မမြင်ယင် နင်းပလေ့စေ
ထိုစဉ် သူတို့ရှို့ထားသော မီးအပူရှိန်ကြောင့် ချုံတခု မှ မြွေတကောင် ရုတ်တရက် ထွက်လာသဖြင့်—
မြွေကြီးပါလား ပြေး_ပြေး_အားစူးပဟ....
ကြူ့ကြူ့စကားနားမထောင်မိလို့ ခုလို ဖြစ်ရတာပါကွာ



သူများအကျိုးဆောင်
ကိုယ့်အကျိုးအောင်
ဖော်လေးနှင့်ဖွေးလွှင်တို့ သူငယ်ချင်းနှစ်ယောက်သည် ဗိုက်ဆာနေလေသည်-
ဒို့အိမ်ပြန်-ထမင်းစားရအောင်
ထမင်းစားချိန်မှ မဟုတ်သေးတာ-ငါ့ အမေက-ကျွေးမှာ မဟုတ်ဘူး
အဲ့-ဟုတ်သားဘဲ ဒို့အိမ်လဲ ဒီလိုဘဲ-
သို့ကြောင်း-ဖော်လေးနှင့်ဖွေးလွှင်သည် ဗိုက်ဆာဆာနှင့်ပင် သစ်ပင်ရိပ်၌ထိုင်နေ၏။ ထိုစဉ်--
ကလေးတို့ရယ် ဒီပစ္စည်းလေးတွေ ကူသယ်ပေးပါလား အဒေါ်မနိုင်လို့ပါ-ဟိုလမ်းထိပ်က-အိမ်တင်ပါကွယ်--
ဟုတ်ကဲ့ ဒေါ်ဒေါ် ပေးပေး-ကျနော် ကူသယ်ပေးမယ်
မင်းဖါသာ မင်းသယ်ပေါ့ သာရတဲ့ကြားထဲ
ဖော်လေးသည်မဆိုင်းမတွကူညီတတ်၏-
အတန်ကြာသော် ဖော်လေးရောက်လာ၏
ဒီမှာကြည့်စမ်း ဖွေးလွှင်--
ကောက်ညှင်းထုပ်တွေ ပါလား--
ခုန အဒေါ်ကြီး ပေးတာ
မင်းက-မကူညီဘဲကိုးကွ-- သူများအကျိုးဆောင်ယင်- ကိုယ့်အကျိုးအောင်တာဘဲကွ- ကဲ-ရော့-မင်းနဲ့ငါနဲ့မျှစားမယ်
အေးကွာ

# စူးစမ်းရှာဖွေသူများ



## မုံရွာဝင်းဖေ ဖေကျော်ကျော်


### ဖရစ်ဂျော့နန်ဆင်


ဖရစ်ဂျော့နန်ဆင်သည် နော်ဝေအမျိုးသားတယောက် ဖြစ်၏။ သူကား မြောက်ဝင်ရိုးစွန်းသို့ စွန့်စား သွားရောက်ခဲ့သူ ဖြစ်ပေသည်။

ဖရစ်ဂျော့နန်ဆင်သည် ၁၈၆၁ ခုနှစ်တွင် ဖွားမြင်သည်။ အရွယ်ရောက်သော် အော့စလိုတက္ကသိုလ်တွင် ပညာသင်ကြားသည်။ သတ္တဗေဒပညာကို အထူးပြု လေ့လာသင်ကြားခဲ့ပေသည်။ ၁၈၈၂ ခုနှစ်တွင် သတ္တဗေဒဆိုင်ရာ လေ့လာမှုများ ပြုလုပ်ရန် ခရီးထွက်ခဲ့သေး၏။ ထိုနှစ်မှာပင် သဘာဝသမိုင်းပြတိုက်၏ ပြတိုက်မှူး အဖြစ် အလုပ်ရရှိခဲ့သည်။ သူတွင် ဂရင်းလန်ကျွန်း၏ ရေခဲပြင်များကို ဖြတ်သန်းကာ စူးစမ်း ရှာဖွေရန်အတွက် အကြံအစည် ရှိခဲ့၏။

တနေ့တွင် ဖရစ်ဂျော့နန်ဆင်သည် တံငါလှေတစင်းဖြင့် လိုက်ပါခဲ့ရာ ဂရင်းလန်ကမ်းခြေသို့ ဆိုက်ရောက်ခဲ့၏။ ထိုနေရာသည် မြောက်ဝင်ရိုးစွန်းနှင့် အလွန်နီးကပ်သည်ဖြစ်ရာ ရာသီဥတု အလွန်အေး၏။ ကျွန်းတခုလုံးမှာ ရေခဲပြင်ကြီးပမာ ရှိလေသည်။ ရေခဲတုံးတို့နှင့် တိုက်မိသော သင်္ဘောမှန်သမျှမှာ နစ်မြုပ်ပျက်စီးကြရပေသည်။ ဖရစ်ဂျော့ နန်ဆင်သည် စူးစမ်း လေ့လာမှု အနည်းငယ်ပြုလုပ်ပြီး ဂရင်းလန်ကျွန်းမှ ပြန်လာခဲ့သည်။

ထို့နောက် နောက်လိုက် အနည်းငယ်နှင့်အတူ ဂရင်းလန်သို့ ထပ်မံခရီးထွက်ခဲ့ပြန်ရာ ဂရင်းလန်ကျွန်းကြီး၏ အရှေ့ဖက်ကမ်းခြေသို့ ရောက်ခဲ့၏။ ဖရစ်ဂျော့နန်ဆင်သည် ဂရင်းလန်ကျွန်း၏အရှေ့ဖက်







ကမ်းခြေမှသည် အနောက်ဖက် ကမ်းခြေအထိ ခရီးပေါက်အောင်သွားခဲ့လေသည်။

ဂရင်းလန်ကျွန်း၏ ရာသီဥတုမှာ အလွန်အေးမြပြီး တခါတရံ ဆီးနှင်းမုန်တိုင်းဒဏ်ကို အလူးအလဲခံရ၏။ ဖရစ်ဂျော့နန်ဆင်နှင့် သူ့လူများသည် ဂရင်းလန်ကျွန်း အနောက်ဖက် ကမ်းခြေ ဗိုတပ်မြို့တွင် ဆောင်းရာသီ ကုန်ဆုံးသည်အထိ စောင့်ချနေကြရသည်။ အက်စကီးမိုးလူမျိုးများနှင့်အတူ ရေခဲအိမ်ထဲတွင် နေထိုင်ကြရ၏။ ဆောင်းတွင်း၌ နေကို မမြင်ရလောက်အောင် ပင် ညတာရှည်လျားလှသည်၊ ထိုဒေသ၌ တနှစ်လျှင် လေးလမျှ မှောင်နေတော့၏။

ဖရစ်ဂျော့နန်ဆင်သည် အက်စကီးမိုးလူမျိုး၏ ဓလေ့စရိုက်အကြောင်းကို စုံလင်စွာရေးမှတ်ခဲ့၏။ မည်သူမျှ မရောက်ဘူးသေးသော မြောက်ဖက်အစွန်ဆုံး ၈၆ ၊ ၁၄° လတ္တီတွဒ်သို့ပင် ရောက်ရှိခဲ့လေသည်။

မြောက်ဝင်ရိုးစွန်းမှ ပြန်လာပြီးနောက် ဖရစ်ဂျော့ နန်ဆင်သည် အဏ္ဏဝါဗေဒ ပါမောက္ခအဖြစ် အမှုထမ်းလေသည်။ ၁၉၁၀ ပြည့်နှစ်တွင် ဖရစ်ဂျော့ နန်ဆင်သည် အတ္တလန္တိတ်သမုဒ္ဒရာ မြောက်ပိုင်းသို့ လေ့လာရေးခရီးထွက်ခဲ့ပြီး ရှာဖွေတွေ့ရှိချက်များကို ရေးသားထုတ်ဝေခဲ့သည်။




သူသည် ပင်လယ်ပြင်ဆိုင်ရာ လေ့လာစူးစမ်းမှုများကို ဆက်လက်ပြုလုပ်ရန်အတွက် ပြင်ဆင်နေစဉ်ပထမကမ္ဘာစစ်ကြီးဖြစ်ပွားသဖြင့် ရပ်နားလိုက်ရသည်။ ပထမကမ္ဘာစစ် အတွင်းတွင်မူ ငြိမ်းချမ်းရေး ရရှိရေး လုပ်ငန်းများအတွက် ဆောင်ရွက်ခဲ့၏။ ၁၉၂၂ ခုနှစ်တွင် နိုဗယ်ငြိမ်းချမ်းရေးဆုကို ရရှိခဲ့သည်။

ဖရစ်ဂျော့နန်ဆင်သည် ၁၉၃၀ ပြည့်နှစ်တွင် နော်ဝေနိုင်ငံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်ပေသည်။




ဗိုးထူးတို့ရွာတွင် ယခုနှစ် သုံးရေ လောက်ပင် မှုလုံစေ ရန်အကွက် ရွာထိပ်၌ ရေတွင်းသစ်တခု တူးကြသည်။
သူတို့ကြောင့်
ရေတွင်း အာတာန်ဝယ် နက်သော် ရေကို စတင်တွေ့ရပြီ။ သို့သော် ရေမှာ ထူးထူး ခြားခြား အနက်ရောင် တောက်နေသဖြင့် နမ်းကြည့်ကြရာ....
တယောက်စကား တယောက်ကြားပြီး ဤသတင်းမှာ တရွာလုံးသို့ ပြန့်နှံ့သွား လေသည်။
သူကြီးကိုယ်တိုင်ကလည်း သတင်းမပေါက်ကြား စေရန် ရွာသားများကိုခေါ်၍ ပြောလေသည်။


ရွာသားများမှာ စိုးရိမ်သဖြင့် သတင်းကို လျှို့ဝှက်ထားကြသည်။ သို့သော် ဖိုးထူးနှင့် တိုးမောင်မှာမူ....
ရေနံဟာ ရှေးလောကတုန်းက ဖြစ်ရှိတယ်လို့ ဆရာမက ပြောဘူးတယ်ကွ
အေးကွ၊ ရေနံက ရေနံဆီတို့ ဓါတ်ဆီတို့ ဖယောင်းတိုင်တို့စတဲ့ ပစ္စည်းတွေ ထုတ်လုပ်နိုင်တယ်တဲ့
ဒီလိုဆိုယင် ဒို့ရွာက ရေနံတွင်းတွေဖြိုး ဘာမှ အသုံးမပြုနိုင်အောင် လျှို့ဝှက်ထားတာဟာ ဘာ အိုးတန်တဲ့ မြေတွေကို ဘာလကား ဖြုန်းတီးရာ ရောက်တာပေါ့
ဒါကတော့ သက်ဆိုင်ရာက သိယင်တော့ ရွာလုံးပြောင်းပေးရမှာစိုးတာကိုးကွ
ပြောင်းပေးရအုံးတော့ ဒို့အတွက် နေရာ အစားပြန်ရမှာပေါ့ကွာ၊ ဘာဘဲဖြစ်ဖြစ်ပါတော့ ဘာ ဖိုးတန် မြေတွေကို ဘာလကား မဖြစ်စေချင်ဘူးကွာ
နောက်နေ့တွင် ရွာနှင့်နှစ်မိုင်ခန့်ဝေးသော မြို့ရှိ ကျောင်းသို့ ကျောင်းတက်လာရင်း ဖိုးထူးနှင့် တူးမောင်သည် ဆုံးဖြတ်ချက်တခုကို ခိုင်မာစွာ ချလိုက်ကြသည်။
ဒို့တော့ တနည်းနည်းနဲ့ စွန့်စားကြမယ်ကွာ၊ ကျောင်းကပြန်ယင် ×××××ဝဝ××
အေး
ကျောင်းမှအပြန်တွင် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ဌာနသို့ဝင်ပြီး ....
ဘာကိစ္စရှိလို့လဲ ဟေ့ ချာတိတ်တို့
ဒီလိုပါဦး ကျွန်တော်တို့ရွာက ×××ဝဝ+++ ဘဲဒါ× ××ဝဝ×
ဟေ.. ဟုတ်လား
ဒီသတင်းကို ကျွန်တော်တို့ လာပြောတယ်လို့ မပြောပါနဲ့ဦး၊ ရွာကလူတွေသိယင် ကျွန်တော်တို့ ဘာရိုက်ခံရမှာစိုးလို့ပါ-
အေး- အေး-


မကြာမီ ဖိုးထူးတို့ရွာသို့ အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် လုပ်ငန်းဆိုင်ရာ ပညာရှင်များ ရောက်လာကာ ....
ဒီရွာမှာ ရေနံကြော ရှိတယ် သေချာပြီ.
ထိုနောက် သူကြီးအိမ်တွင် လူများကိုစုရုံးစေပြီး....
ဒီရွာမှာ ရေတွင်းတူးရာက ရေနံတွေ့တယ်ဆိုတဲ့ သတင်းကိုတော့ တရွာလုံး သိပြီးပါပြီ ဒီသတင်းကို သက်ဆိုင်ရာက သိသွားယင် တရွာလုံး ပြောင်းပေးရမှာစိုးတဲ့အတွက် အထူးလျှို့ဝှက်ထားကြတယ်.
ဒါပေမဲ့ တာဝန်သိပြီး ခေတ်ပညာ အခြေခံရှိတဲ့ ကျောင်းသားလေးနှစ်ယောက်ရဲ့ သတင်းပေးချက်အရ ကျွန်တော်တို့ စမ်းသပ်တဲ့အခါ အမှန်တကယ် ရေနံကြောရှိတာကို သိရပါတယ်.
ရေနံက တိုင်းပြည်အတွက် အသုံးဝင်တဲ့ ကုန်တွေ ထုတ်လုပ်နိုင်တယ်ဆိုတာကိုတော့ တရွာလုံးသိပြီးသားမို့ အကျယ်ချဲ့ ပြောပြဖို့ မလိုတော့ပါဘူး
ဒါပေမဲ့ သက်ဆိုင်ရာက သိသွားယင် တရွာလုံး ပြောင်းပေးရမယ်ဆိုတဲ့ အယူအဆကတော့ မှားနေပါတယ်၊ မပြောင်းရတဲ့ အပြင် ရေနံချက်စက်ရုံကြီးတွေ ဆောက်ပြီး ထုတ်လုပ်ဖို့ လုပ်အားတွေ လိုလာမယ်.
ဒီအခါ ရွာမှာရှိတဲ့ အလုပ်လက်မဲ့တွေလဲ ပြေလည်မယ်၊ ပြီးတော့ ရွာကလေးကနေ ရွာကြီး မြို့ကြီးအဖြစ် တိုးတက်စည်ပင်လာမှာမို့ ရွာသားတွေအတွက် အထူးပျော်ရွှင်စရာ ဖြစ်လာပါလိမ့်မယ်.
ရွာမှလူများ သဘော ပေါက်သွားကြသည်။ ဖိုးထူးတို့မှာလည်း တိုင်းပြည်အတွက် တဖက်တလမ်းမှ စွန့်စားလိုက်ရသဖြင့် ပျော်ရွှင်နေကြလေ၏။
ရွာကလူတွေ ဒို့ကို မဆူဘူးကွ.

# ကျွန်ုပ်တို့အစားအစာကို
# ဘာကြောင့်ချက်ပြုတ်စားသောက်ကြသနည်း



ကမ္ဘာဦးလူတို့သည် အစားအစာကို အစိမ်း စားကြသည်။ ယဉ်ကျေးသောအခါကျမှ လူတို့သည် အစားအစာကို ချက်ပြုတ် စားသောက်လာတတ်ကြသည်။ အစားအစာကို ချက်ပြုတ် စားသောက်ခြင်းဖြင့် အောက်ပါ အကျိုးကျေးဇူးကိုရရှိနိုင်သည်။

၁။ ချက်ပြုတ်ခြင်းဖြင့် အစားအစာထဲရှိ အန္တရာယ်ပြုနိုင်သော ပိုးမွှားများကို သေကျေပျက်စီးစေနိုင်သည်။ ထို့ကြောင့် ရောဂါကူးစက်မှုကို ဟန့်တားနိုင်သည်။


၂။ ချက်ပြုတ်ခြင်းကြောင့် အနံ့အရသာ ပိုမိုကောင်းလာသဖြင့် စားသောက်ရာတွင် ပို၍မြိန်ရှက်မှုရှိသည်။

၃။ ချက်ပြုတ်ထားသော အစားအစာသည် အစာစိမ်းထက်ပို၍ နူးညံ့ပြီး အစာကျေလွယ်သည်။


တင်လှဦး

## ဉာဏ်ရှိသူ ကူညီပါ

ကျော်ကျော်နှင့် မော်မော်သည် မျိုးပင် ၁၉ ပင်ကို အတန်းကိုးတန်းစိုက်ရန်နှင့် မည်သည့်ဖက်မှ ကြည့်ကြည့် တတန်းလျှင် ငါးပင်စီ ရှိစေရန် စိတ်ကူးဉာဏ်ထုတ်ကြရာ အခက်အခဲတွေ့နေသည်။ သင်ကူညီနိုင်ပါ့မလား။



# ပေါက်ပေါက်နှင့် ပတ်ဝန်းကျင်



တက္ကသိုလ် ကျော်ဝင်းမောင်

ပေါက်ပေါက်တို့ အိမ်သည် သူတို့ နေသော ရပ်ကွက်ထဲတွင် အကောင်းဆုံးဖြစ်သည်။ ပေါက်ပေါက်တို့ ရပ်ကွက်တွင် အများအားဖြင့် လက်လုပ် လက်စားဆင်းရဲသားများသာ နေကြ၍ အိမ် အများစုမှာ အိမ်ငယ်ကလေးများသာ ဖြစ်၏။ ပေါက်ပေါက်၏ မိဘများမှာမူ ချောင်ချောင်လည်လည် ရှိကြပြီး သွပ်မိုးပျဉ်ထောင်အိမ်ကြီးနှင့်နေနိုင်သည့်ပြင် ဂျစ်ကား အစိမ်းပုတ်ရောင်လေး တစင်းပင် ရှိလိုက်သေးသည်။

ထို ရပ်ကွက်ထဲ ရှိ အလယ်တန်းကျောင်းတွင် ပေါက်ပေါက်သည် ပဥ္စမတန်း၌ ပညာသင်နေ၏။ စာကိုကြိုးစားသည့်ပြင် သူ့ဖခင်ကပါ စာ ပြပေးသဖြင့် ပေါက်ပေါက်မှာ စာ အလွန်တော်လေသည်။ ဆရာများကလည်း သူ့ကိုချစ်ကြသည်။ ထို့ကြောင့် ပေါက်ပေါက်သည် တနေ့တခြား ဘဝင်မြင့်လာလေသည်။ အတန်းထဲရှိ ကျောင်းသားများမှာ သူ့ကို ခေါ်ချင် ပြောချင်ကြသော်လည်း သူက အဖက်မလုပ်ပဲ နေသည်။ နေ့စဉ် ကျောင်းသွား ကျောင်းပြန်ကို သူ့ဖခင်က ကားဖြင့်လိုက်ပို့ပေး၏။ ထို့ကြောင့် အတန်းသားများနှင့် တွေ့ဆုံချိန် မရှိချေ။ အတန်းထဲမှာလည်း ပေါက်ပေါက်သည် တယောက်တည်း စာဖတ်၍ နေတတ်သည်။

ကျောင်းမှာ သန့်ရှင်းရေး လုပ်ငန်းနှင့် အခြား လုပ်အားပေးများ လုပ်သည့်အခါ ပေါက်ပေါက်သည် ညစ်ပတ်ပေရေကုန်မည်စိုးသဖြင့် မလုပ်ပဲ နေတတ်သည်။ ဆရာကပြောသောအခါကျမှ ဝတ်ကြေတမ်းကြေ ဝင်လုပ်တတ်၏။

ကြာသော် သူ့ကို အတန်းသားများက ရှောင်လာကြသည်။ သို့သော် သူက ဂရုမစိုက်ချေ။ ယခုကဲ့သို့ ပတ်ဝန်းကျင်နှင့် ကင်းကွာနေသည်ကို ဆရာက သိသဖြင့် သူ့ကို ဆုံးမစကား ပြောတတ်သည်။ သို့သော် ဆရာ့ကို ကြောက်သဖြင့် ဆရာ့ရှေ့တွင် "ဟုတ်ကဲ့"ဟု ဝန်ခံလိုက်ပြီး၊ နောင်ရက်များတွင် ယခင်အတိုင်းပင် တယောက်တည်း နေလေတော့သည်။

တနေ့တွင် ပေါက်ပေါက်တို့ ပဥ္စမတန်းသို့ ကျောင်းအုပ်ဆရာကြီး ရောက်လာပြီး ပညာရည်ချွန်ဆုပေးပွဲ လုပ်မည့် အကြောင်းနှင့် အတန်းထဲရှိ ထူးချွန်သည့် ကျောင်းသားကိုလည်း စံပြဆု ပေးမည့်အကြောင်း ကြေညာလေသည်။ တတန်းလုံးက ပေါက်ပေါက်ရလိမ့်မည်ဟု ထင်နေကြသည်။ ပေါက်ပေါက်ကိုယ်တိုင်ကလည်း "ငါတော်တာဘဲ၊ ငါ့မိဘတွေက ပစ္စည်းလဲရှိတယ်၊ ဒီကျောင်းက ဆရာတွေနဲ့လဲ ရင်းနှီးတယ်၊ ဒီတော့ ငါဘဲ အရွေးခံရမှာ"ဟု ကျိန်းသေတွက် ထားလေသည်။

သို့သော် သီတင်းကျွတ်လ ဆရာကန်တော့ပွဲနှင့်အတူ ပညာရည်ချွန် စံပြ ကျောင်းသားဆုပေးပွဲ ကျင်းပသောအခါ ပဥ္စမတန်းမှ စံပြကျောင်းသား ရွေး

ရာ၌ ပေါက်ပေါက်မပါချေ။ သူ့အ ထင် သေး နေ သော ပဲပြုတ်သည်မကြီး ဒေါ် အေး၏ သား မောင်ပြုံးချိုက ရသွားသည်။

မောင်ပြုံးချိုသည် ပေါက်ပေါက်လိုပင် စာတော်၏။ စာ မေး ပွဲ များ တွင် သူ တို့ နှစ်ယောက်မှာ ပထမ၊ ဒုတိယဆင့်များကို တလှည့်စီရတတ်သည်။ ဤသို့ အရည်အချင်းအတူတူမှာ မောင်ပြုံးချိုကိုမှ ဆု ပေးသည့်အ တွက် ပေါက် ပေါက် သည် ရှက်လည်းရှက်၊ ဝမ်းလည်းနည်းသဖြင့် ဆု ပေး ပွဲ ခန်း မ အပြင်ထွက်ပြီး ငိုလေတော့သည်။ သူတို့ အတန်းပိုင်ဆရာသည် သူငိုနေသည်ကိုတွေ့သောအခါ ချက်ချင်းပင် နားလည်လိုက်၏။ ထို့ကြောင့် ပေါက်ပေါက်ကို ရုံးခန်းသို့ ခေါ်သွားပြီးလျှင် –

"ငါ့တပည့် ဘာကြောင့် ငိုရတာလဲ။ ဘာလဲ စံပြကျောင်းသားဆုကို မင်းမရလို့လား" ဟု မေးသည်။ ပေါက်ပေါက်က ဝန်ခံ၏။ ဆရာသည် ပေါက်ပေါက်ပခုံးနှစ်ဖက်ကို ကြင်နာစွာဆုတ်ကိုင်လိုက်ပြီး

"ဒီမှာ ပေါက်ပေါက်၊ စံပြကျောင်းသားဆိုတာ စာတော်တိုင်း ရတာမဟုတ်ဘူးကွဲ့။ ပတ်ဝန်းကျင်နဲ့လဲ အဆင်ပြေအောင်နေတတ်ရမယ်။ လူ ဆိုတာက ပတ်ဝန်းကျင်နဲ့ ကင်းကွာလို့ မရဘူး။ အများ အကျိုးဆောင် ကိုယ့် အ ကျိုး အောင် ဆို တဲ့ ဆောင်ပုဒ်လေးကို မင်းလဲ သိသားဘဲ တပည့်ရယ်။ မင်းကို ဆရာတို့က ကြိုးစားပြီး ပြုပြင်ပေးတယ်။ ဒါပေမယ့် ဆရာတို့ ရှေ့မှာသာ မင်းက ဟုတ်ကဲ့လို့ ဝန်ခံပြီး ဆရာတို့ မျက်ကွယ်ကျတော့ မင်းတယောက်ထဲဘဲ ဖာသိဖာသာနေတတ်တယ် မဟုတ်လား။

"အေး မင်းအခုသိပြီမဟုတ်လား။ ဒီ လို ပတ် ဝန်း ကျင် နဲ့ ဆက်ဆံနေရတဲ့ အလုပ်မျိုးဟာ မင်း လူကြီးဖြစ်တဲ့အထိ လုပ်သွားရမှာဘဲကွဲ့။ ဒီတော့ စာကြိုးစားရုံအပြင် မင်းနဲ့ သက်ဆိုင်တဲ့ တာဝန်တွေကိုလဲ ကျေပွန်ပစေ။ အခု စံပြကျောင်းသားရွေးတာလဲ ဆရာ့တယောက်ထဲသဘောမဟုတ်ဘူးကွဲ့။ တခြားဆရာတွေပါဝိုင်းပြီး ဆုံးဖြတ်ရွေးချယ်တာ"

ဆရာက ဤသို့ ရှည်လျားစွာ ဆုံးမစကား ပြောပြီးသောအ ခါ တွင် ပေါက် ပေါက် သည် မငိုတော့ပေ။ သူ့အပြစ်ကို သူကောင်းကောင်း သိသွားပေပြီ။ ထိုနေ့မှစ၍ ပေါက်ပေါက်သည် သိသိသာသာ ပြောင်း လဲ သွားသည်။ အ တန်း သား များ နှင့် ချစ် ခင် ရင်း နှီး စွာ ဆက်ဆံပြီး၊ ကျောင်း လုပ် ငန်း များ တွင် လည်း ဝင် ရောက် လုပ် ကိုင် လာသည်။

ပေါက်ပေါက်သည် ပတ်ဝန်းကျင်ကို ချစ်တတ်လာပြီ ဖြစ်၍၊ ပတ် ဝန်း ကျင် က လည်း သူ ကို ပြန်၍ချစ်လာလေပြီ။

## ရေကူးသင်ပါမောင်

ရေကူးတတ်အောင်
သင်ကြမောင်၊
ဇွဲနဲ့ သတ္တိပြောင်။
ဂုဏ်ထူးဆောင်တဲ့ ညောင်ဦးဖီး၊
ဟိုရှေးရှေးက နာမည်ကြီး။
ကမ်းပါးကြီးက ပြေးဆင်းတာ၊
ကူးပေါ့ မြစ်ရော။
အောင်သာဖက်ကို လက်ပစ်ကူး၊
ခြေမထောက်တော့ဘူး။
မနားဘူးကွဲ့ ပြန်လှည့်ကာ၊
ကုန်းပေါ် ပြေးတက်လာ။
လူကျန်းမာလို့ စိတ်ရွှင်လန်း၊
ထွားကျိုင်း သန်မာစွမ်း။
အားကျစမ်းကွဲ့ မောင်တို့ရာ၊
သမိုင်းသင်တော့ သိကြမှာ။
နော်ရထာက ဘွဲ့ဆုပေး၊
လူစွမ်းကောင်းတဲ့
ဇာနည်သွေး။ ။

ဗန္ဓုရဝင်း



R. 517



# ဝက်ဝံဖြူ

အလွန်အေးသော အာတိတ်သမုဒ္ဒရာ ကမ်းတလျှောက်ရှိ ရေခဲများ၊ နှင်းခဲများအကြားတွင် ဝင်ရိုးစွန်းဝက်ဝံခေါ် ဝက်ဝံဖြူများ နေထိုင်ကျက်စားကြသည်။ ဝက်ဝံဖြူဟုခေါ်သော်လည်း အမွေးရောင်မှာ နို့ဆီရောင်ဖြစ်သည်။ ယင်းအမွေးရောင်ကြောင့်ပင် ဝက်ဝံဖြူများသည် ရေခဲတုံးများပေါ်တွင် ကိုယ်ပျောက်နေတတ်သည်။

ကမ္ဘာပေါ်တွင် ဒုတိယ အကြီးဆုံး ဝက်ဝံမျိုး ဖြစ်သည်။ ဝက်ဝံညိုနှင့် ဝက်ဝံနက်များထက် လည်ပင်းပိုရှည်သည်။ နားရွက် ပို၍သေးသည်။ ထူထဲသော အမွေးများကြောင့် အအေးဒဏ်ကို ခံနိုင်ပြီး၊ ခြေဖဝါး၊ လက်ဖဝါးများတွင် အမွေးများ ပေါက်လျက်ရှိခြင်းကြောင့် ရေခဲတုံးများပေါ်၌ မြဲမြဲစွာ သွားလာနိုင်သည်။

ပင်လယ်ဖျံများကို အဓိက အစာအဖြစ် ဖမ်းယူ စားသောက်ကြသည်။ ပင်လယ်ငှက်များ၊ ငှက်ဥများ၊ ငါးများကိုလည်း စားသောက်သည်။ ကမ်းစပ်သို့ ရောက်လာတတ်သော ဝေလငါးအသေကောင်မှ အသားများကိုလည်း စားသောက်ကြသည်။

ဝက်ဝံအမသည် ဆောင်းတွင်း၌ ရေခဲဂူငယ်ပြုလုပ်၍ ဇန္နဝါရီလတွင် သားပေါက်သည်။ တခါကြိမ်လျှင် နှစ်ကောင် ပေါက်ဖွားသည်။ မွေးစ သားငယ်မှာ ကိုယ်အလျား ၁၀ လက်မခန့်ရှိပြီး၊ အလေးချိန် နှစ်ပေါင်ခန့် လေးသည်။ လေးလသားခန့် အရွယ်သို့ ရောက်သောအခါ နေရောင်လည်းရလာပြီ ဖြစ်သဖြင့် မိခင်နှင့်အတူ လိုက်ပါကြ လေသည်။ မိခင်က သားငယ်များကို အစာရှာဖွေဖမ်းယူနည်းများ သင်ပြပေးသည်။ တနှစ်သား အရွယ်တွင် မိခင်နှင့်ခွဲကာ သီးခြား အစာရှာကြ လေတော့သည်။

ရဲမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

# ရွှေသွေး ဂျာနယ်

## ပေါင်းချုပ်



အတွဲ-၄။ အမှတ် ၂၇-မှ ၅၃ ထိ

Read more Shwe Thway Journals at




Click below link

https://www.facebook.com/shwethwayjournal/